# နတ်နွယ်



## မိမိနှင့်စာပေလှိုင်းဂယက်များ

(တောအကြောင်း၊ တောင်အကြောင်း-၂)



စိတ်ကူးချိုချိုစာအုပ်

# နတ်နွယ်

# မိမိနှင့် စာပေလှိုင်းဂယက်များ

## (တောအကြောင်း၊ တောင်အကြောင်း-၂)

၂၀၀၈ ခုနှစ်၊ မေလ
ပထမအကြိမ်

မိမိနှင့် စာပေလှိုင်းဂယက်များ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၂၅၀၁၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၉၀၀၂၀၈ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို m.s.o ပြုလုပ်ပြီး ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄လမ်း၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော် ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈၊ မေလတွင် တန်ဖိုး ၁၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် · ကိုမြင့်

# မာတိကာ

## အပိုင်း–က
## မိမိနှင့် မိုးဝေမဂ္ဂဇင်း


| | | |
|---|---|---|
| ၁။ | မိုးဝေကို ခုတ်ထစ်ကိုက်ဖဲ့နေကြခြင်း | ၃ |
| ၂။ | မိုးဝေဇာတ်လမ်း လက်တန်းလှန်ရလျှင် | ၆ |
| ၃။ | ရေခံမြေခံ | ၁၀ |
| ၄။ | အသွင်ပြောင်းလဲခြင်း | ၁၃ |
| ၅။ | အလှည့်အပြောင်းများ | ၁၉ |
| ၆။ | ပြန်လည်ပျိုးထောင်ခြင်း | ၃၀ |
| ၇။ | ပုံစံသစ် လမ်းကြောင်းသစ် | ၃၆ |
| ၈။ | ကျောထောက်နောက်ခံ အသိုင်းအဝိုင်း | ၄၃ |
| ၉။ | မိုးဝေကဗျာ ဥယျာဉ်မှူးများ | ၄၉ |
| ၁၀။ | ထုတ်လုပ်မှုအပိုင်း | ၅၆ |
| ၁၁။ | မထင်မှတ်သောတစ်ကွေ့ | ၆၅ |
| ၁၂။ | ဗာဒံပင်စခန်း | ၇၃ |

၁၃။ စာပေမဂ္ဂဇင်းပုံစံနှင့် ပုံသဏ္ဍာန် ၇၉
၁၄။ မန္တလေးလမ်းမှာ ခဏတာ ၈၄
၁၅။ စာပေမဂ္ဂဇင်းဟုဆိုရာဝယ် ၈၉
၁၆။ မိမိနှင့် တော်လှန်ကဗျာ ၁၀၅

## အပိုင်း–ခ
## မိမိနှင့် တောအကြောင်း တောင်အကြောင်း

၁။ ပင်တိုင်ဆောင်းပါး (လှမြင့်နှင့် နတ်နွယ်) ၁၁၃
၂။ မူလဘူတ ၁၂၀
၃။ နွယ်သစ် ၁၂၈
၄။ မိမိနှင့် မန္တလေး – ၁ ၁၃၅
၅။ ဘိတိအင်ကျောင်း (မန္တလေး – ၂) ၁၄၃
၆။ ဒီဘိုးကိုးတာ စာကြည့်သင်း (မန္တလေး – ၃) ၁၅၆
၇။ အထက်မြန်မာနိုင်ငံ ကလောင်သစ်အဖွဲ့ (မန္တလေး – ၄) ၁၆၅
၈။ မလှကျော့နှင့် မိတ်ဆွေများ ၁၇၃
၉။ မိမိနှင့် လူထု (မန္တလေး – ၅) ၁၇၉
၁၀။ အညာစာရေးဆရာများ (မန္တလေး – ၆) ၁၈၈
၁၁။ ကျွန်းပြန်ဆရာကြီးများ
(ဗန်းမော်တင်အောင်၊ မြသန်းတင့်) ၁၉၇
၁၂။ မိုးဝေဘာလဲ၊ မိုးဝေဘယ်လဲ – ၁ ၂၀၃
၁၃။ မိုးဝေဘာလဲ၊ မိုးဝေဘယ်လဲ – ၂ ၂၁၂
၁၄။ မိုးဝေဘာလဲ၊ မိုးဝေဘယ်လဲ – ၃ ၂၂၀
၁၅။ မန္တလေးမှာ အနှစ် ၇၀ (မန္တလေး – ၇) ၂၂၉

## အပိုင်း – ဂ
## မိမိနှင့် စာရေးဆရာများ

၁။ ပြန်လည်ဆုံတွေ့ကြရာဝယ် (ဇဝန) ၂၄၃
၂။ ကိုမြတ်ခိုင် ကောင်းတာလေးတွေ ၂၄၉
(အထောက်တော် လှအောင်၊ မြတ်ခိုင်)
၃။ မိမိနှင့် မြတ်လေး ၂၅၅

## အပိုင်း –ဃ
## မိမိနှင့် ပန်းချီဆရာများ

၁။ ဦးကိုလေး ၂၆၇
၂။ ဦးစန်းလွင်၊ ဦးအုန်းလွင် ၂၇၅
၃။ ဦးဘရင်ကလေး ၂၈၁
၄။ ဗဂျီအောင်စိုး ၂၈၇
၅။ လှစိုးလေး၊ ပေါ်ထွန်း၊ မြမောင်၊
ပန်းချီမောင်ငွေထွန်း ဘလွင် ၂၉၇

မိမိနှင့် မိုးဝေမဂ္ဂဇင်း

# မိုးဝေကို ခုတ်ထစ်ကိုက်ဖဲ့နေကြခြင်း

တစ်လောက ဖြစ်သည်။ သိပ်မကြာသေးဟု ဆိုရသော်လည်း သုံးလေးလ တော့ ရှိပြီ။ စာပေဂျာနယ် ဒုတိယအချီ မထွက်မီကဖြစ်သည်။ အောင် ရတနာလမ်းရှိ နွယ်နီမဂ္ဂဇင်းတိုက်သို့ ကဗျာဆရာ အောင်ဝေး ရောက်လာ သည်။ သူရောက်လာသည်မှာ ကဗျာပေးရအောင်တော့ မဟုတ်ပါ။ နွယ်နီက ယခုအထိတော့ ကဗျာမထည့်ပါ။ သို့သော် သူလာသည်က ကဗျာနှင့်တော့ ပတ်သက်နေသည်။ မိုးဝေကဗျာကိစ္စ ဖြစ်သည်။

သူက...

"စာပေဂျာနယ် ပြန်ထွက်တော့မယ်"

"ကြားတယ်"

"ဆရာ့သွေးက စာမူတောင်းခိုင်းလိုက်တယ်"

သူက မောင်သွေးသစ်စာကိုပေးသည်။ စာမှာ တိုတိုပင် ဖြစ်သည်။ သူ ဒူးနာနေ၍ မလာနိုင်ပါ။ စာပေဂျာနယ် ပြန်ထုတ်မည်၊ စာမူပေးပါ။ မိုးဝေကဗျာအကြောင်း ရေးပေးပါ။

မိမိက စာပြန်မရေးပါ။ ကိုအောင်ဝေးကို နှုတ်ဖြင့်ပဲ ပြောလိုက် သည်။ စာမူပေးပါမည်။ လောလောဆယ်တော့ မပေးနိုင်သေးပါ။ ပြီးတော့ မိုးဝေကဗျာအကြောင်း မရေးချင်ပါ။ အခြားစာမူ ပေးမည်။

သည်တော့ ကိုအောင်ဝေးက . . .

"မိုးဝေကဗျာအကြောင်း ဆရာရေးစေချင်တယ်၊ ကျွန်တော်တို့ တိုင်ပင်ကြတယ်၊ မိုးဝေကဗျာအကြောင်း ဆရာရေးရင် ကောင်းမယ်၊ အခု လူတော်တော်များများက မိုးဝေကဗျာအကြောင်း ပြောနေကြတယ်၊ အမျိုးမျိုး ပြောနေကြတယ်"

"ကျွန်တော် မရေးချင်ပါဘူး၊ ကျွန်တော် ကာယကံရှင်တစ်ဦး ဖြစ်နေတယ်၊ ကျွန်တော် ဘာမှဝင်မပြောတာ ကောင်းပါတယ်၊ သူတို့ ပြောချင်ရာ ပြောကြပါစေ"

သည့်အရင်တစ်လောကလည်း ကဗျာဆရာတစ်ဦးနှင့် တွေ့သည်။ သူက ယခုတစ်လော မိုးဝေကဗျာ အကြောင်းကို ပြောသည်။ မိမိကို ရေးရန် ပြောသည်။ မိမိက မရေးလိုဟု ပြောသောအခါ သူရေးချင်သည် ဟုပြောသည်။ သည်တုန်းက မိမိလက်ထဲမှာ စံပယ်ဖြူ ရှိသည်။ သို့သော် မိမိက စံပယ်ဖြူမှာလည်း မိုးဝေကဗျာ ဓာတ်ပြားကို မဖွင့်ပါ။ အပ်ကြောင်း တွေထပ်မည်ကို မလိုလားပါ။

သို့သော် မိုးဝေကဗျာအကြောင်း ပြောနေကြသည်ကတော့ အမှန်ပင် ဖြစ်သည်။ အချို့က မိုးဝေကဗျာရှိသည်ဟု ဆိုကြသည်။ အချို့က မိုးဝေ ကဗျာဆိုတာ မရှိဟု ငြင်းကြသည်။ မိုးဝေကဗျာ ရှိသည်ဟုဆိုဆို၊ မရှိ ဘူးဟု ပြောပြော သည်အကြောင်း ပြောနေကြသည်တော့ အမှန်ပင်။

ယခုနောက်ပိုင်း အင်တာဗျူးများနှင့် တွေ့ဆုံမေးမြန်းခြင်း ခံရသူ များသည် အသက် ၄၀ ကျော်၊ ၅၀ အတွင်း လူလတ်ပိုင်းများ ဖြစ်သည်။ သူတို့သည် လွန်ခဲ့သော အနှစ် ၂၀ ကျော်ကကမူ လူငယ်များ ဖြစ်ကြသည်။ သူတို့ ဖြတ်သန်းရသည့်ခေတ်တွင် သွေးသောက်၊ ရှုမဝ၊ ငွေတာရီ၊ မိုးဝေ ဟူသော မဂ္ဂဇင်းများ ရှိသည်။ သူတို့အထဲမှ တချို့သည် (အများစုလည်း ဖြစ်နိုင်သည်) မိုးဝေ စာမျက်နှာများပေါ်တွင် ဖြတ်သန်းခဲ့ကြသူများ ဖြစ်သည်။

သူတို့၏ အပြောစကားများတွင် မိုးဝေအကြောင်း တစ်နည်းမဟုတ် တစ်နည်း ပါရှိပါသည်။ မေးမြန်းသူကလည်း မိုးဝေကဗျာကို ထည့်သွင်းပြီး မေးတတ်ပါသည်။ သည်မှာ အချို့က မိုးဝေကဗျာဘက်က အခိုင်အမာရပ်တည်ပြီး ပြောသွားကြသည်။ အချို့က မိုးဝေကို မထိခလုတ် ထိခလုတ် ပြောသွားကြသည်။ အချို့သော အဖြေစကားများတွင် ရိုးသားပွင့်လင်းမှုများ တွေ့ရပြီး အချို့သော အဖြေစကားများတွင် ဝိုးတဝါး ဖုံးကွယ်မှုများ တွေ့ရသည်။

တစ်ခါတစ်ခါတော့လည်း အံ့ဩရသည်။ အမြစ်အကြောင်းကို ထည့်မပြော၊ ပင်စည်အကြောင်းကိုလည်း ထည့်မပြောဘဲ အကိုင်းအခက်တွေ ဝေစည်သည့်အကြောင်း ပြောနေကြသည်။

သူတို့သည် မိုးဝေဟူသော မဂ္ဂဇင်း သို့မဟုတ်၊ မိုးဝေမဂ္ဂဇင်းတွင် ပါသော စာများ သို့မဟုတ်၊ မိုးဝေမဂ္ဂဇင်းတွင်ပါသော ကဗျာများကို ပိုင်းခြားစိတ်ဖြာ နေကြခြင်းမဟုတ်ဘဲ ခုတ်ထစ်ကိုက်ဖဲ့နေကြဟန် ရှိသည်။

မိုးဝေမဂ္ဂဇင်းနှင့် အများဆုံး ပတ်သက်ခဲ့သော မိမိက ဘာပြောရမည်နည်း။

❒

# မိုးဝေဇာတ်လမ်း လက်တန်းလှန်ရလျှင်

ကောင်းပြီ။ ကြည့်ကြရအောင်။

မြန်မာမဂ္ဂဇင်းသမိုင်းတွင် မိုးဝေဟူသော မဂ္ဂဇင်းတစ်စောင် ရှိခဲ့သည်။ ကာလအတန်ကြာအောင် ရှိခဲ့သည်။ ၁၉၆၀ ခုနှစ်များ နှောင်းပိုင်းမှသည် ၁၉၈၀ ခုနှစ်များ နှောင်းပိုင်းအထိ ထွက်ခဲ့သည်။ ယခု ခေတ္တမျှ ရပ်နားနေသည်ဟု ဆိုရမည်။

သည်ကာလများအတွင်း မိုးဝေမဂ္ဂဇင်း အမှတ် ၁၀၀ ပြည့်နှင့် အမှတ် ၂၀၀ ပြည့်တို့ကို ထုတ်ဝေခဲ့သည်။

မဂ္ဂဇင်းမျက်နှာဖုံးတွင် **"စာပေမဂ္ဂဇင်း"**ဟု တံဆိပ်ခတ်နှိပ်ပြီး စာပေမဂ္ဂဇင်းအမည်ကို ခံယူခဲ့သည်။ သို့ သော် မျက်နှာဖုံးတွင် တံဆိပ်တပ်ရုံနှင့် စာပေမဂ္ဂဇင်းဟု မဆိုနိုင်ပါ။ အတွင်းတွင်ပါရှိသော စာများကို ကြည့်ရပါမည်။ စာပေမဂ္ဂဇင်းတွင် မည်သည့်သွင်ပြင် လက္ခဏာများ ပါရှိပါသနည်း။

မိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာအဖွဲ့ အပြောင်းအလဲများ ရှိခဲ့ပါသည်။ အဘယ်ကြောင့်နည်း၊ ဘယ်နှကြိမ် ရှိခဲ့သနည်း။

မိုးဝေမဂ္ဂဇင်းကို ငွေကြေးစိုက်ထုတ်ပြီး တာဝန်ခံလုပ်ကိုင်သူများ အပြောင်းအလဲ ရှိခဲ့သည်။ ဘယ်နှကြိမ် ရှိပါသနည်း။ အကြမ်းဖျင်း ပြော

ရလျှင် အတော်ကလေးများပါသည်။ အဘယ်ကြောင့်နည်း။

မိုးဝေမဂ္ဂဇင်းကို တာဝန်ခံရိုက်နှိပ်သော ပုံနှိပ်တိုက်နှင့် မိုးဝေမဂ္ဂဇင်းတိုက်တည်နေရာ အကြိမ်ကြိမ် ပြောင်းလဲခဲ့ပါသည်။ အဘယ်ကြောင့်နည်း။

အယ်ဒီတာ အပြောင်းအလဲ၊ ထုတ်ဝေသူ အပြောင်းအလဲ၊ ပုံနှိပ်တိုက် အပြောင်းအလဲ၊ တည်နေရာအပြောင်းအလဲများ ဖြစ်ပေါ်ရာတွင် မည်သည့်အတွင်းရေးများ ရှိခဲ့ပါသနည်း။

ထားတော့။

မိမိနှင့် မိုးဝေမဂ္ဂဇင်း မည်သို့ ပတ်သက်သနည်း။

မိမိမှာ ဘာတွေပြောစရာ ရှိသနည်း။

မိမိ ဘာတွေ ပြောပြီးပြီနည်း။

ဘာတွေ ချန်ထားသနည်း။

တစ်ခုရှိသည်။

အမှန်ဖြစ်သည်။

မိုးဝေမဂ္ဂဇင်းသည် စုံထောက်မဂ္ဂဇင်းကို အမည်ပြောင်းလဲထုတ်ဝေသော မဂ္ဂဇင်း ဖြစ်သည်။

**စာရေးဆရာ မိုးဝေ**သည် **စုံထောက်မဂ္ဂဇင်း**ကို တည်ထောင်သူတစ်ဦး ဖြစ်သည်။ ထုတ်ဝေသူ **ဦးဆန်နီ (ခေတ်ပြိုင်စာပေ)**နှင့် တိုင်ပင်တွဲဖက် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

မိုးဝေသည် စုံထောက်မဂ္ဂဇင်း၏ အယ်ဒီတာချုပ် ဖြစ်ခဲ့သည်။ တာဝန်ခံ အယ်ဒီတာများမှာမူ အပြောင်းအလဲ ရှိခဲ့သည်။ မိမိသည် နောက်ဆုံးတာဝန်ခံ အယ်ဒီတာ ဖြစ်သည်။

မိုးဝေ ကွယ်လွန်သောအခါ တာဝန်ခံ အယ်ဒီတာဖြစ်သော မိမိသည် မိုးဝေ၏မိသားစု၊ မိုးဝေ၏မိတ်ဆွေများနှင့် တိုင်ပင်ပြီး စုံထောက်မဂ္ဂဇင်းကို မိုးဝေမဂ္ဂဇင်းအမည်သို့ ပြောင်းလဲခဲ့သည်။

မိမိသည် မိုးဝေမဂ္ဂဇင်း တည်ထောင်သူလော။

စာရေးဆရာ မိုးဝေ ကွယ်လွန်သွားသောအခါ မိမိသည် စုံထောက်မဂ္ဂဇင်း၏ အယ်ဒီတာချုပ် တာဝန်ကို ယူခဲ့ရသည်။ မိုးဝေမဂ္ဂဇင်းအဖြစ်သို့ ပြောင်းသောအခါတွင်လည်း မိမိသည် ပထမဆုံး အယ်ဒီတာချုပ် ဖြစ်ခဲ့ရသည်။

အယ်ဒီတာချုပ်၏ တာဝန်သည် ဘာတွေနည်း။

မိုးဝေမဂ္ဂဇင်းနှင့် ပတ်သက်ပြီး မိမိ ဘာတွေလုပ်ခဲ့သနည်း။ မည်သူတွေက မည့်သည့်အခန်းက ပါဝင်ခဲ့ကြသနည်း။

မိမိ အဘယ်ကြောင့် မိုးဝေကို ပထမအကြိမ် စွန့်လွှတ်ခဲ့သနည်း။ အဘယ်ကြောင့် ဒုတိယအကြိမ် ပြန်လုပ်ရသနည်း။ အဘယ်ကြောင့် ဒုတိယအကြိမ် စွန့်လွှတ်ရပြန်သနည်း။

မိမိလက်ထက်တွင် မည်သူတွေ တာဝန်ခံ အယ်ဒီတာ ဖြစ်ခဲ့သနည်း။ မိမိလက်ထက်တွင် ကဗျာတွေကို မည်သူတွေက တာဝန်ခံ ရွေးချယ်ခဲ့သနည်း။

အဘယ်ကြောင့် မိုးဝေကဗျာဟု ပြောကြသနည်း။

အဘယ်ကြောင့် မိုးဝေကဗျာဆိုသည်ကို အငြင်းပွားကြသနည်း။

သေသေချာချာ စဉ်းစားကြည့်လိုက်တော့ မိုးဝေမဂ္ဂဇင်းအကြောင်း၊ ကဗျာအကြောင်း၊ မိမိ ဘာမျှ ဟုတ်တိပတ်တိ မပြောဖူးသေးပါ။

မိမိမှာ မိုးဝေမဂ္ဂဇင်းအကြောင်း၊ မိုးဝေကဗျာအကြောင်း ရေးသားရန် စိတ်ကူးရှိခဲ့ပါသည်။

**မိမိနှင့် မိုးဝေမဂ္ဂဇင်း။**

မိမိ၏ဘဝကို မိုးဝေမဂ္ဂဇင်းတွင် ပင်ပန်းကြီးစွာနှင့် ခါးသီးစွာ မြှုပ်နှံခဲ့ရပါသည်။

မိမိမှာ အတွေ့အကြုံများစွာ ရရှိခဲ့သည်။ မိမိမှာ ပြောစရာတွေ ရင်နှင့်အပြည့် ဖြစ်ခဲ့ရပါသည်။

သို့သော် မိမိ မပြောဖြစ်ခဲ့ပါ။

မရေးဖြစ်ခဲ့ပါ။

ငှဲကွက်စရာတွေ၊ ထိမ်ချန်စရာတွေ ရှိနေသောကြောင့် ဖြစ်ပါသည်။

ငှဲကွက် ထိမ်ချိန်ပြီးရေးသော အကြောင်းအရာတစ်ခုသည် အမှန်တရား မဖြစ်နိုင်ပါ။

သို့သော် မိမိတို့သည် အမှန်တရားကို လိုလားသည်ဆိုလျှင်တော့ မိုးဝေမဂ္ဂဇင်းအကြောင်း ရေးရာတွင် လက်တန်းကိုလှန်ပြီး ရေးရပါမည်။

မိမိ တကယ်ရေးတော့မည်လား။

❑

# ရေခံမြေခံ

မိုးဝေမဂ္ဂဇင်းသည် စုံထောက်မဂ္ဂဇင်းကို အမည်ပြောင်းလဲ ထုတ်ဝေသော မဂ္ဂဇင်းဖြစ်ကြောင်း ပြောခဲ့ပြီ။

သို့ဖြစ်ရာ မိုးဝေမဂ္ဂဇင်းအကြောင်း ဆက်မပြောမီတွင် မြစ်ဖျားခံရာ စုံထောက်မဂ္ဂဇင်းနှင့် စုံထောက်မဂ္ဂဇင်း၏ ရေခံမြေခံအကြောင်း အနည်းငယ် ပြောဆိုရပါမည်။

စုံထောက်မဂ္ဂဇင်းကို ခေတ်ပြင်စာပေမှ ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ခေတ်ပြင်စာပေဟူသည် အဘယ်နည်း။

ခေတ်ပြင်စာပေ ထုတ်ဝေသူမှာ ဦးဆန်နီ ဖြစ်သည်။ ဦးဆန်နီကို စုံထောက်ကြီး ဦးဆန်နီဟုလည်း သိကြသည်။ ခေတ်ပြင်စာပေတိုက် တည်ရာမှာ ယခု ဘိုကလေးဈေးလမ်း အမှတ် (၂၉)ဖြစ်သည်။ ဟိုတုန်းက ဘရွတ်ကင်းလမ်း ဖြစ်သည်။

ခေတ်ပြင်စာပေဟူသော အမည်ကို စာရေးဆရာ ရဲခေါင် (မင်းလတ် ရဲခေါင်)က ပေးခဲ့ခြင်း ဖြစ်သည်။ "ခေတ်ကိုပြင်မည်"ဟူသော အဓိပ္ပာယ် ဖြစ်သည်။ ရဲခေါင်သည် ထိုစဉ်က ခေတ်ပြင်စာပေတိုက်မှာပင် နေသည်။ ခေတ်ပြင်စာပေမှ ဂျစ်ကားကို သူကိုယ်တိုင် မောင်းနှင်သည်။

ခေတ်ပြင်စာပေ၏ အဓိက စာရေးဆရာနှစ်ဦးမှာ ရဲခေါင်နှင့် မိုးဝေ ဖြစ်သည်။ သန်းဆွေ၊ မင်းရှင်နှင့် ဘုန်းကြွယ်တို့မှာလည်း လူရင်းများ ဖြစ်ကြသည်။

ခေတ်ပြင်စာပေသည် ရဲခေါင်နှင့် မိုးဝေ ဝတ္ထုများကြောင့် စာဖတ်သူများ အသိအမှတ်ပြုရသော စာပေတိုက်တစ်တိုက် ဖြစ်သည်။ ခေတ်ပြင်မှ ဂီတနက်သန်ကိုစောညိန်း၏ ဝတ္ထုတစ်ပုဒ်လည်း ထွက်သည်။ ထို့အပြင် ဂျူးလိယက်ဖူးချစ်၏ "ကြိုးစင်ပေါ်မှ မှတ်စုများ" စာအုပ်သည်လည်း ထိုခေတ်အခါက တိုးတက်သောလူငယ်များ လက်စွဲပြုရသော စာအုပ်ဖြစ်သည်။ ယင်းစာအုပ်တွင် ဘာသာပြန်သူ၏အမည် ဖော်ပြမထားသော်လည်း ရဲခေါင်ပြန်ဆိုကြောင်း အတွင်းလူများ သိရှိကြသည်။

ခေတ်ပြင်စာပေမှ "သစ်ဆန်းစာစောင်" ထုတ်ဝေခဲ့သည်။ ထိုခေတ်က လူငယ်စာရေးဆရာများ၏ ဆန်းသစ်သောအတွေးနှင့် အရေးများကို တွေ့ရှိရသည်။ သစ်ဆန်း၏ တာဝန်ခံအယ်ဒီတာမှာ ရဲခေါင် ဖြစ်သည်။

ထို့နောက် ခေတ်ပြင်စာပေသည် မိုးဝေ၏ စိတ်ကူးဖြစ်သော **"စုံထောက်ဝတ္ထုမဂ္ဂဇင်း"**ကို ထုတ်ဝေခဲ့သည်။ ၁၉၅၁ ခု မတ်လတွင် စတင် ထုတ်ဝေသည်။

မဂ္ဂဇင်းအမည်မှာ နောက်ပိုင်းတွင် လူအများ သိရှိသလို စုံထောက်မဂ္ဂဇင်း မဟုတ်ပါ။ **စုံထောက်ဝတ္ထု မဂ္ဂဇင်း** ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ စုံထောက်ဝတ္ထုများကိုသာ စုစည်းထုတ်ဝေသော မဂ္ဂဇင်းဟု ဖြစ်သည်။ အင်္ဂလိပ်လို The Detective Stories Magazine ဟု ဖော်ပြထားပါသည်။ ၁၉၈၀ လွန်နှစ်များတွင် ခေတ်စားခဲ့သော ဝတ္ထုမဂ္ဂဇင်းများ၏ ရှေ့ပြေး ဖြစ်ပါသည်။

စုံထောက်ဝတ္ထုမဂ္ဂဇင်း ထွက်ကာစ စုံထောက်၊ စွန့်စားခန်း၊ သည်းထိတ်ဖို၊ စိတ္တဗေဒ၊ အလှည့်စသည့် ဝတ္ထုများသာ ထည့်ပါသည်။

ဆောင်းပါးပင် မထည့်ပါ။ နောက်မှ စုံထောက်နှင့်ပတ်သက်သော ဆောင်းပါးများ၊ မှူခင်းဆောင်းပါးကို ထည့်သွင်းပါသည်။ သို့သော် မဂ္ဂဇင်းတစ်ခုလုံး၏ အသွင်သဏ္ဌာန်သည် စုံထောက်နှင့် လျှို့ဝှက်သည်းဖို သာ ဖြစ်သည်။

စုံထောက်ဝတ္ထု မဂ္ဂဇင်းတွင် ထိုခေတ်က နာမည်ကြီး စုံထောက် ဝတ္ထုရေးဆရာများ ဖြစ်ကြသော ရွှေဥဒေါင်း၊ ဒဂုန်ရွှေမှူး၊ မဟာဆွေ၊ ဇေီရာ၊ မိုးဝေစသူများ အားလုံးလောက်ပင် ပါဝင်ရေးသားကြသည်။ တင့်ဆန်း၏ ကပ္ပိယ စုံထောက်ဝတ္ထုများ၊ ဂျာနယ်ကျော် တင့်ဆွေ၏ သိပ္ပံဝတ္ထုများ၊ နန္ဒ၏ စိတ္တဗေဒနှင့် သမိုင်းနောက်ခံ ဝတ္ထုများမှာလည်း အထူး လူကြိုက်များသည်။

ခင်မောင်သန်း (မိတ္တီလာ)၊ တက္ကသိုလ် တင်မြင့်၊ စစ်ကိုင်း အေးလွင်၊ မောင်သက်နောင်နှင့် မိမိတို့မှာ ရေးအားကောင်းသော ကလောင်သစ်များ ဖြစ်ကြသည်။

သို့ဖြင့် စုံထောက်ဝတ္ထုမဂ္ဂဇင်းသည် အောင်မြင်ပြီး၊ မြန်မာနိုင်ငံ တွင် တစ်ခုတည်းသော စုံထောက်မဂ္ဂဇင်း ဖြစ်ခဲ့သည်။

မိမိက ၁၉၅၁၊ နိုဝင်ဘာလထုတ် စုံထောက်မဂ္ဂဇင်း အမှတ် ၉ တွင် စတင်ရေးသားခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ရန်ကုန်သို့ ရောက်ရှိသောအခါ အယ်ဒီတာအဖွဲ့ဝင် ဖြစ်ခဲ့ရသည်။

ထိုအချိန်မှာပင် စုံထောက်ဝတ္ထုမဂ္ဂဇင်း၏ အသွင်သဏ္ဌာန်နှင့် အခန်းကဏ္ဍတို့သည်လည်း ပြောင်းလဲစ ပြုတော့သည်။

❑

# အသွင်ပြောင်းလဲခြင်း

ဤတွင် မိမိအရင်ရှိခဲ့သော အယ်ဒီတာအဖွဲ့အကြောင်း ပြောရပေဦးမည်။ အယ်ဒီတာချုပ်မှာ မိုးဝေဖြစ်ကြောင်း အထူးပြောဖွယ်ရာ မဟုတ်တော့။ သို့သော် အခြားတိုက်သားများ အကြောင်းကိုကား အနည်းငယ် သိသင့်ပါသည်။ တာဝန်ခံအယ်ဒီတာမှာ ဝင်းနိုင်ဖြစ်သည်။ ဝင်းနိုင်မှာ ထိုအချိန်က ဂုဏ်ဝင်း၊ နောင်တို့နှင့်အတူ ရှုမဝတွင် ကဗျာများ ရေးနေသူဖြစ်သည်။ တစ်နည်းပြောရလျှင် ကဗျာဆရာဖြစ်သည်။ ကဗျာဆရာက စုံထောက်မဂ္ဂဇင်းတွင် တာဝန်ခံဖြစ်ရသလောဟု စောကြောစရာရှိသည်။ သူက တခြား ကလောင်ဝှက်တစ်ခုဖြင့် စုံထောက်ဝတ္ထုများ ရေးနေပါသည်။ သူက စုံထောက်နှင့် လျှို့ဝှက်သည်းဖို ဝတ္ထုများကို ကောင်းစွာ ရေးတတ်သူတစ်ဦး ဖြစ်ပါသည်။ ထိုအချိန်က စုံထောက်တွင် နာမည်ဝှက်ဖြင့် စုံထောက်ဝတ္ထုများ ရေးနေသော ကဗျာဆရာသုံးဦး ရှိပါသည်။ ၎င်းတို့မှာ ဒေါင်းနွယ်ဆွေ၊ ဂုဏ်ဝင်းနှင့် ဝင်းနိုင်တို့ပင် ဖြစ်ပါသည်။

နောက်တစ်ကြောင်းက ကိုဝင်းနိုင်သည် ရဲခေါင်၏ တူအရင်း ဖြစ်ပါသည်။ သူ့မိခင်က ရဲခေါင်၏ အစ်မအရင်း ဖြစ်သည်။ သို့ဖြင့် ရဲခေါင်နှင့်ပတ်သက်ပြီး စုံထောက်မဂ္ဂဇင်းတွင် သူ အလုပ်လုပ်ခြင်း ဖြစ်သည်။ ထိုစဉ်က တက္ကသိုလ်ဝင်တန်း အောင်ပြီးနောက် ကာကွယ်ရေး

ဝန်ကြီးဌာန၊ ငွေစာရင်းဌာနတွင် စာရေးလုပ်ရင်း သက်ကြီး တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားနေပါသည်။ သူသည် ရုံးတွင်လုပ်ရင်း ကျောင်းတက်ရင်းနှင့် ရပ်တည်မှုအတွက် မဂ္ဂဇင်းတိုက်တွင် ဝင်လုပ်နေခြင်း ဖြစ်ပါသည်။ ဘွဲ့ရရှိပြီး ရုံးတွင်လည်း ရာထူးတစ်ဆင့် တက်သောအခါ စုံထောက်မှ ထွက်သွားပါသည်။

သြော်... သူ့အကြောင်း တစ်ခုပြောစရာ ကျန်သေးသည်။ စုံထောက်တွင် အယ်ဒီတာလုပ်သွားသော ကဗျာဆရာ ဝင်းနိုင်ဆိုသည်က နောင်တွင် မြန်မာ့အသံ ကျော်မင်း ဖြစ်ပါသည်။ ယခုမူ နိုင်ငံခြား အသံလွှင့်ဌာန တစ်ခုတွင် လုပ်ကိုင်လျက် ရှိပါသည်။

ကိုဝင်းနိုင် တာဝန်ခံအယ်ဒီတာ ဖြစ်စဉ်မှာပင် ကိုတင့်ဆန်းသည် အယ်ဒီတာအဖွဲ့ဝင် ဖြစ်ခဲ့သည်။ ကိုဝင်းနိုင် ထွက်သွားသောအခါ ကိုတင့်ဆန်းက တာဝန်ခံအယ်ဒီတာ ဖြစ်လာရပါသည်။

ထိုစဉ်က စုံထောက်မဂ္ဂဇင်း တိုက်အုပ်မှာ ကိုခင်ဝင်း ဖြစ်သည်။ လူငယ်တစ်ယောက်ဖြစ်ပြီး သဘောကောင်းသည်။ ဦးဆန်နီ၏ ယောက်ဖ ဖြစ်သည်။ သူက စာလည်းရေးတတ်သည်။ ခင်ဝင်းအမည်ဖြင့်ပင် ရေးသည်။ သို့သော် သူက စာရေးပျင်းသည်။ စာရေးရန် တိုက်တွန်း၍ မရပါ။ သူက စာရင်းအင်းကိုသာ ကိုင်သည်။ လိုအပ်မှသာ ပရုဖ် ဝင်ဖတ်သည်။ ဒမ္မီ ချသည်။

နောက် စာတည်းအဖွဲ့ဝင်တစ်ဦးက မျိုးဝင်း ဖြစ်သည်။ မျိုးဝင်းမှာ တခြားသူ မဟုတ်ပါ။ တိုက်ပိုင်ရှင် ဦးဆန်နီပင် ဖြစ်သည်။ သူက စကားပြောကောင်းသည်။ စာဖတ်သည်။ အထူးသဖြင့် တရုတ်ဘာသာနှင့် ရေးသည်များကို ဖတ်သည်။ ပြီးလျှင် ဘာသာပြန်သည်။ သို့မဟုတ် မှီငြမ်းပြုသည်။ သို့သော် သူကိုယ်တိုင် ရေးသည်တော့ မဟုတ်။ နှုတ်မှ ပြောပြပြီး တစ်ယောက်ယောက်က လိုက်ရေးပေးရသည်။ အများအားဖြင့် ကိုခင်ဝင်းက ရေးပေးရသည်။ မျိုးဝင်းနာမည်ဖြင့် စုံထောက်မဂ္ဂဇင်းတွင်

ဝတ္ထုတိုများ ပါသလို လုံးချင်းဝတ္ထုများလည်း အမြောက်အမြား ထွက်ခဲ့ပါသည်။ ယခုအခါ သူသည် စာဆိုတော်နေ့တွင် အကန်တော့ခံ သက်ကြီးစာပေ ပညာရှင်တစ်ဦး ဖြစ်သည်။

ထို့အပြင် ထိုစဉ်က စာရေးဆရာမ ခင်နွယ်တင်သည် မဂ္ဂဇင်းတိုက်သို့ နေ့စဉ်လာကာ မဂ္ဂဇင်းလုပ်ငန်းများကို ဝိုင်းလုပ်ပေးနေပါသည်။ သို့သော် အယ်ဒီတာလစာ မယူပါ။ ထို့အတူ ဂျာနယ်ကျော် တင့်ဆွေသည်လည်း မဂ္ဂဇင်းတိုက်သို့ နေ့စဉ်လာပြီး လစဉ်ရေးသားလျက် ရှိသည်သာမက မဂ္ဂဇင်းနှင့်ပတ်သက်ပြီး အကြံဉာဏ်များ ပေးပါသည်။ အကြံပေး အယ်ဒီတာဟု ဆိုနိုင်ပါသည်။

မဂ္ဂဇင်းတိုက်သို့ နေ့စဉ် မှန်မှန်ရောက်သော အခြား စာရေးဆရာများမှာ မင်းဒင်၊ သူရိန်၊ တင်အေး၊ မြတ်သာဇင်နှင့် တင့်ထူးတို့ ဖြစ်ကြသည်။

စုံထောက်မဂ္ဂဇင်း အသိုင်းအဝိုင်းသို့ မိမိနှင့် မရှေးမနှောင်းဆိုသလို ရောက်ရှိလာကြသူများမှာ မောင်သက်နောင်နှင့် လူအောင်တို့ ဖြစ်ကြသည်။ လူအောင်က ထိုစဉ်က လူအောင် မဖြစ်သေး။ တင်တင်မြင့် ကလောင်အမည်ဖြင့် ရေးနေချိန်ဖြစ်သည်။ ကမ္ဘာစာပေညီလာခံတွင် ကလောင်အမည် တံဆိပ်ဆွဲချိတ်ရတော့မှ လူအောင်အမည်သို့ ပြောင်းလဲလိုက်ခြင်း ဖြစ်သည်။

ဤအခြေအနေ ဤကာလမှာပင် မိမိသည် စုံထောက်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင် ဖြစ်ခဲ့ရသည်။ သို့သော် စုံထောက်မဂ္ဂဇင်းတွင် အယ်ဒီတာ မဖြစ်ခင် အခြား မဂ္ဂဇင်းတစ်ခုတွင် အရင်လုပ်ခဲ့ရသေးသည်။ ယင်းမှာ "ရုပ်ရှင်ဝတ္ထုမဂ္ဂဇင်း" ဖြစ်သည်။ အင်္ဂလိပ်လို "Movie Stories Magazine" ဖြစ်သည်။

သည်လို မိမိက ရန်ကုန်မှာ ကျောင်းတက်ရင်း အလုပ်လုပ်ချင်သည် ဆိုသောအခါ ကိုမိုးဝေက "ဟာ... ဒါဆို ဟန်ကျတာပဲ၊ ကျွန်တော်တို့ မဂ္ဂဇင်းအသစ်တစ်စောင် ထုတ်မလို့၊ အဲဒီမှာ ခင်ဗျား တာဝန်ခံ

အယ်ဒီတာလုပ်"ဟု ဆိုပြီး ဦးဆန်နီနှင့် ကိုတင့်ဆန်းကလည်း ထောက်ခံသဖြင့် မန္တလေးတွင် ကျောင်းမဂ္ဂဇင်း၊ အဖွဲ့အစည်း မဂ္ဂဇင်းများတွင်သာ မတောက်တစ်ခေါက် ဝင်လုပ်ခဲ့ဖူးသော မိမိသည် နေ့ချင်းညချင်းပင် ရန်ကုန်မြို့မှ ထုတ်ဝေသော မဂ္ဂဇင်းကြီးတစ်စောင်တွင် တာဝန်ခံအယ်ဒီတာဖြစ်သွားရပါသည်။ အသက်က (၂၀) မျှသာ။

ရုပ်ရှင်ဝတ္ထုမဂ္ဂဇင်း ဆိုသည့်အတိုင်း နိုင်ငံခြားရုပ်ရှင် ဝတ္ထုများကိုသာ အများစုထည့်ပြီး နိုင်ငံခြား ရုပ်ရှင်မင်းသာ မင်းသမီးများအကြောင်း ဆင့်လောင်းထားပါသည်။ ပြည်တွင်း ရုပ်ရှင်နှင့် ပြည်တွင်း မင်းသား၊ မင်းသမီးများအကြောင်းကား မပါသလောက်ပင်။

သို့သော် မိမိတို့ စိတ်ကူးကပင် စောလွန်း၍လား၊ မိမိတို့ကပင် စာဖတ်ပရိသတ်၏အကဲကို မဖြတ်တတ်၍လားမသိ၊ ရုပ်ရှင်ဝတ္ထု မဂ္ဂဇင်းမှာ သုံးလမျှသာ ခံပါသည်။

ရုပ်ရှင်ဝတ္ထုမဂ္ဂဇင်း ပြုတ်သွားသောအခါ မိမိမှာ စုံထောက်ဝတ္ထုမဂ္ဂဇင်းတွင် အယ်ဒီတာ အဖွဲ့ဝင်အဖြစ် သောင်တင်ရတော့သည်။

သို့သော် မိမိ စုံထောက်တွင် အလုပ်ဝင်ပြီး မကြာမီမှာပင် ကိုတင့်ဆန်း နေမကောင်း၍ ဆေးရုံတက်ရသဖြင့် မိမိမှာ စုံထောက်မဂ္ဂဇင်းယာယီတာဝန်ခံအယ်ဒီတာ ဖြစ်ရတော့သည်။

ကိုတင့်ဆန်း ဆေးရုံမှ ပြန်ဆင်းလာသောအခါတွင်လည်း ကိုမိုးဝေနှင့် ကိုတင့်ဆန်းတို့က မိမိကို လုပ်ပိုင်ခွင့် အများအပြား ပေးထားသဖြင့် မိမိသည် မဂ္ဂဇင်း အပြင်အဆင်ပြောင်းလဲခြင်း၊ အခန်းအသစ်များ တိုးချဲ့ခြင်းနှင့် စာပေအင်အားသစ်များ ဖြည့်တင်းခြင်းတို့ကို စိတ်ကြိုက် လုပ်ဆောင်နေပါသည်။ မိမိ တင်ပြသည်များကို ကိုမိုးဝေနှင့် ကိုတင့်ဆန်းတို့က အနည်းငယ်မျှ ဖြည့်စွက်အကြံဉာဏ်ပေးပြီး သဘောတူညီကြသည်က များပါသည်။

မိမိသည် ကျောင်းသားလူငယ် အဖွဲ့အစည်းများ၊ စာပေနှင့် ငြိမ်းချမ်း

ရေးအဖွဲ့အစည်းများတွင် ပါဝင်နေသဖြင့် မိမိနှင့်ပတ်သက်သော မိတ်ဆွေများ၊ ရဲဘော်များလည်း စုံထောက်ဝတ္ထု အသိုင်းအဝန်းသို့ ရောက်ရှိလာကြပါသည်။

ထို့အပြင် စာရေးဆရာအသင်းသည် ပြန်ကြားရေးဌာနတွင် အသင်းတည်ရာ ပြုလုပ်ထားရာမှ ဖယ်ပေးရသောအခါ လောလောဆယ် နေရာမရှိသဖြင့် ထိုအချိန်က စာရေးဆရာအသင်း အမှုဆောင်များ ဖြစ်ကြသော ကိုမိုးဝေနှင့် ဂျာနယ်ကျော်တင့်ဆွေတို့က အသင်းတိုက် တည်ရာကို စုံထောက်မဂ္ဂဇင်းတိုက်သို့ သယ်လာကြပါသည်။

မဂ္ဂဇင်းတိုက်တွင် စာရေးဆရာအသင်း တည်ရာ ဖြစ်လာသောအခါ စာပေသမားများ၊ စာပေလှုပ်ရှားသူများ ပိုမို ရောက်ရှိလာကြပါတော့သည်။

စုံထောက်မဂ္ဂဇင်းတွင်လည်း မိမိနှင့်ပတ်သက်၍ လည်းကောင်း၊ မိမိ၏တောင်းခံမှုကြောင့်သော်လည်းကောင်း၊ လင်းယုန်နီ၊ တင်စိုး၊ ပါရဂူ၊ လင်းယုန်တင့်ဆွေ၊ လင်းယုန်သစ်လွင်၊ လင်းယုန်ချန်ထွန်း၊ တက္ကသိုလ်ကျော့ရှင်း၊ နေသွေးနီ၊ စောလင်း၊ တက္ကသိုလ်ဝင်း စသည်ဖြင့် အများအပြားဝင်ရောက်ရေးသားလာကြပါသည်။

ယူဂိုဆလားဗီးယား (ယခင်)မှ ပြန်လာသော ထီလာစစ်သူကလည်း သူ၏ အတွေ့အကြုံများကို လစဉ်ရေးပါသည်။

မြစ်ဝကျွန်းပေါ်တွင် ကျောင်းဆရာ သွားလုပ်ရာမှ ပြန်လာသော တက္ကသိုလ်နန္ဒမိတ်လည်း စုံထောက်တွင် စတည်းချပါသည်။

နေသွေးနီ၊ မြင့်သြ၊ ကြည်ညိုတို့ ဦးဆောင်သော ကဗျာဆရာများလည်း စုံထောက်တွင် စုရုံးကြပါသည်။ **ကဗျာမြို့တော်** အုပ်စုဖြစ်သည်။

ထိုမျှမကပါ။ မြတ်လေး၊ စန္ဒရားချစ်ဆွေ၊ ကိုမင်းနောင်တို့လည်း ပေါင်းစည်းမိလာကြပါသည်။

စုံထောက်မဂ္ဂဇင်းသည် ကျောင်းသားလူငယ်၊ စာပေနှင့် ငြိမ်းချမ်း

ရေး လှုပ်ရှားမှုများ၏ စည်းရုံးရေးစခန်းတစ်ခုလို ဖြစ်လာရပါသည်။

သည်အချိန်တွင် တာဝန်ခံစာတည်း ကိုတင့်ဆန်း၏ အကြံပြု ချက်အရ စုံထောက်တွင် ကဗျာများ စတင်ထည့်သွင်းပြီး မိမိ၏ အကြံ ပြုချက်အရ စုံထောက်တွင် ဘဝရုပ်ဖော် ဝတ္ထုများနှင့် စာပေဆောင်းပါးများ စတင် ထည့်သွင်းပါတော့သည်။

ယင်းသို့ဖြင့် အခြေအနေ အချိန်အခါနှင့် အစုအဝန်း၏ တောင်းဆို ချက်အရ စုံထောက်ဝတ္ထုမဂ္ဂဇင်းသည် စုံထောက်ဝတ္ထု မဂ္ဂဇင်းသက်သက် အဖြစ်မှ စာပေရသစုံ မဂ္ဂဇင်းအဖြစ်သို့ တဖြည်းဖြည်းချင်း အသွင်ပြောင်း လာခဲ့တော့သည်။

ဤတွင် စုံထောက်တွင် စာပေရသနှင့် တိုးတက်သော အတွေး အခေါ်များ ထည့်သွင်းလာသည်ကို အားပေးကြိုဆိုသူများရှိသလို စုံထောက် နှင့်မဆိုင်သည်များ ထည့်သည်ဆိုပြီး ပြစ်တင်ကန့်ကွက်သူများလည်း ရှိပါသည်။

သို့သော် ထိုအချိန်မှစပြီး စုံထောက်ဝတ္ထု မဂ္ဂဇင်းအသွင် ပြောင်းလဲ လာသည်ကား အမှန်ပင်။ စုံထောက်တွင် နယ်ချဲ့ဆန့်ကျင်ရေးနှင့် ငြိမ်းချမ်းရေးကို တောင်းဆိုသော စာညွှန့်များ၊ ကဗျာများ၊ ဝတ္ထုများ နေရာယူလာကြပါသည်။ အနာဂတ် မိုးဝေစာပေ မဂ္ဂဇင်း၏ သန္ဓေတည်စ ကာလဟုပင် ဆိုရချေမည်လား။

❑

# အလှည့်အပြောင်းများ

စုံထောက်မဂ္ဂဇင်းမှ မိုးဝေမဂ္ဂဇင်းသို့ မပြောင်းမီတွင် အလှည့်အပြောင်းကလေးတွေ ရှိသည်ကို အရင်ပြောရပါဦးမည်။

ပထမဆုံးအချက်မှာ စုံတောက်မဂ္ဂဇင်းနှင့် ရန်ကုန်ကို ကျောခိုင်းပြီး မန္တလေးသို့ မိမိ ပြန်သွားသည့်အကြောင်းပင် ဖြစ်သည်။

၁၉၅၅ ခုနှစ်မှာ မိမိ အိမ်ထောင်ကျသည်။ ရုံးမှာ လက်ထပ်သည်။ လက်ထပ်ပြီး နောက်တစ်နေ့မှာပင် မိမိတို့ မန္တလေးသို့ သွားကြသည်။ အဲဒီတုန်းကတော့ "ရွှေမန်းမေ"နှင့် ဖြစ်သည်။ လက်ထပ်ပြီး နောက်တစ်နေ့တွင် ခရီးထွက်ခြင်းသည် "ပျားရည်ဆမ်းခရီး"ဟု ခေါ်နိုင်သော်လည်း အမှန်တော့ ပျားရည်ဆမ်းခရီးထွက်ခြင်း မဟုတ်ပါ။ ဇနီးသည်ကိုခေါ်ပြီး မိမိ မိဘများရှိရာ အရပ်သို့ ပြန်ခြင်းသာဖြစ်သည်။

အမှန်တော့ မိမိအနေနှင့် မန္တလေးသို့ မပြန်ချင်ပါ။ မိမိက စာပေလောကသို့ ဝင်ရောက်ရန် ရန်ကုန်သို့ ပြောင်းခဲ့ခြင်း မဟုတ်ပါလား။ စုံထောက်မဂ္ဂဇင်းတွင် အယ်ဒီတာ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး လစဉ် မှန်မှန် ရေးနေသဖြင့် ခြေကုပ်ရနေပြီဟုလည်း ဆိုနိုင်သည် မဟုတ်ပါလား။

သို့သော် စောစောပိုင်းကတည်းကပင် အမေနှင့် ကျောင်းသားလုငယ်အသိုင်းအဝိုင်းက ရဲဘော်များက မိမိကို မန္တလေး ပြန်စေချင်ကြ

သည်။ အမှန်အားဖြင့် ဆိုရလျှင် ကျောင်းသားရဲဘော်များကဆိုလျှင် မိမိ ရန်ကုန်ဆင်းလာသည်ကို သဘောမကျပါ။

"ကိုနတ်နွယ် မန္တလေးမှာ နေဖို့ပဲ ကောင်းတယ်၊ ရန်ကုန်မှာက ရဲဘော်တွေ အများကြီးပဲ၊ မန္တလေးမှာ လူနည်းတယ်"ဟု ထိုအချိန်က ကျောင်းသားခေါင်းဆောင် တစ်ဦးဖြစ်သော ကိုဘကောင်းက မိမိကို ပြောခဲ့ပါသည်။ သို့သော် စာပေလောကသို့ ဝင်ရောက်ရန် မိမိ ဆန္ဒပြင်းပြနေသည်ကိုလည်း သူတို့ နားလည်ကြပါသည်။

၁၉၅၃ ခုနှစ်တွင် ကျောင်းသားအရေးနှင့် ပတ်သက်ပြီး မိမိ အဖမ်းခံခဲ့ရသည်။ အချုပ်မှလွတ်သောအခါ စုံထောက်မဂ္ဂဇင်းတွင် အလုပ် ပြန်ဝင်သည်။ ထို့နောက်မှ အိမ်ထောင်ကျခြင်း ဖြစ်သည်။

မိမိ လွတ်သည့်အချိန်တွင် မန္တလေးမှ ရဲဘော်များက အဖမ်းခံနေ ရဆဲ ဖြစ်သည်။ ထို့ကြောင့် ရဲဘော်များက မိမိကို မန္တလေးသို့ ပြန်စေလို ခြင်း ဖြစ်သည်။ မန္တလေးရှိ သတင်းစာတိုက် တစ်တိုက်တွင် အလုပ်ဝင် လုပ်ပြီး ရန်ကုန်စာနယ်ဇင်းများတွင် စာဆက်ပြီး ရေးနိုင်သည်ဟု သူတို့ က ဆိုကြသည်။

မိဘများကလည်း တစ်ဦးတည်းသော သားဖြစ်သဖြင့် အိမ်ထောင် ကျပြီဆိုသောအခါ အိမ်သို့ ပြန်လာစေချင်ကြသည်။

ယင်းသို့ဖြင့် မန္တလေးသို့ မိမိ ပြန်ဖြစ်ရခြင်း ဖြစ်သည်။

သို့သော် မန္တလေးရောက်တော့ မိမိ တွက်ဆထားသည်များ တစ်ခုမျှ ဖြစ်မလာပါ။ တစ်အချက်က မိမိ မျှော်မှန်းထားခဲ့သော သတင်း စာတိုက်တွင် အလုပ်မရပါ။ အခြား သတင်းစာတိုက်တစ်တိုက်က သူတို့ တိုက်တွင် လုပ်ရန်ခေါ်သည်။ မိမိက ထိုတိုက်တွင် အလုပ်မလုပ်ချင်ပါ။ သူတို့တိုက်က အာဏာရပါတီတစ်ခုနှင့် ဆက်နွယ်နေသည်။ ထို့ကြောင့် မန္တလေးမှာ မိမိ အလုပ်မရှိဘဲ ကလယ်ကလယ် ဖြစ်နေသည်။ မန္တလေးက နေပြီး ရန်ကုန်မဂ္ဂဇင်းသို့ စာမူလှမ်းပို့ရသည်မှာလည်း အံမကျလှပါ။

အိမ်ထောင်ကျပြီး အလုပ်မရှိဘဲ ခုနစ်လ ရှစ်လခန့် မိဘထံ ကပ်စားနေရသောအခါ မိမိ ဘဝင်မကျနိုင်တော့ပါ။ ထိုအချိန်မှာပင် "ငြိမ်း" စာပေမှ ထုတ်ဝေသော မိမိ၏ "အပြာ"လုံးချင်း ထွက်လာသည်။ ကံအားလျော်စွာပင် စာအုပ်က အတော်ကလေး ရောင်းရသည်။ စာဖတ်သူများကလည်း အတော်ကလေးပင် နှစ်သက်လက်ခံကြသည်။ သို့ဖြင့် မိမိ ရန်ကုန် ဆင်းသွားသည်။ တစ်ယောက်တည်း ဖြစ်သည်။ အခြေအနေ စုံစမ်းရန်ဖြစ်သဖြင့် ကိုယ်လေးလက်ဝန် ရှိနေပြီဖြစ်သော ဇနီးသည်ကို မိဘအိမ်မှာ ထားခဲ့ရသည်။

ရန်ကုန်ရောက်သောအခါ "ငြိမ်း" စာပေတိုက်ကို တည်ထောင်စပြုနေသော စာရေးဆရာ တင်စိုးက မိမိကို ရန်ကုန် ချက်ချင်းပြန်လာရန် ပြောသည်။ သူကပင် စရိတ်ထုတ်ပေးသည်။ ကိုမိုးဝေကလည်း ခေါ်သည်။

မိမိလည်း သူတို့၏ အားပေးမှုကြောင့် ဇနီးသည်ကို ခေါ်ရန် မန္တလေးသို့ ချက်ချင်း ပြန်သွားသည်။ ဇနီးသည်ကို ခေါ်ပြီး ရန်ကုန်သို့ ချက်ချင်းပြန်ရန်ပင် ဖြစ်သည်။ ရန်ကုန်မှာက စာပေ အခွင့်အလမ်းတွေ ရှိနေပြီ မဟုတ်ပါလား။ ကိုတင်စိုးက ပုံနှိပ်စက်ထောင်ထားသည်။ စာအုပ်တွေ ရိုက်မည်။ သူ၏ စာအုပ်တိုက်ကို မိမိပဲ ကြီးကြပ်ရမည်။

မန္တလေးသို့ ရောက်သောအခါ မမျှော်လင့်သော အခက်အခဲတစ်ခုနှင့် ကြုံရသည်။ ယင်းမှာ ဇနီးသည်သည် သားဦးကလေး မီးဖွားရန် မန္တလေး ဆေးရုံကြီးတွင် တက်ရောက်နေခြင်းပင် ဖြစ်သည်။ ချက်ချင်းပင် ဆေးရုံသို့ မိမိ လိုက်သွားသည်။ တာဝန်ကျ ဆရာဝန်မှာ မမလှဲ့ (တက္ကသိုလ်ကျော်ရှင်း၏ အစ်မ ဒေါက်တာ ဒေါ်လှဲ့လှဲ့ဝင်း) ဖြစ်သည်။ မမလှဲ့နှင့် ဆရာဝန် ဆရာမများက မိမိ၏ဇနီးသည်သည် ရက်ပိုင်းအတွင်း မီးဖွားတော့မည် ဖြစ်၍ မီးရထားနဲ့ပဲဖြစ်ဖြစ် ရန်ကုန်သို့ ခေါ်မသွားသင့်ကြောင်း ပြောကြသည်။ မိဘနှင့် မိတ်ဆွေ ရဲဘော်များကလည်း မီးဖွားပြီးမှ သွားစေချင်ကြသည်။ သို့သော် မီးဖွားပြီးဆိုလျှင် သွေးနုနု သားနုနုကြောင့် ရက်အတော်ကြာ

နေရပေဦးမည်။ ဇနီးသည်ကို မေးသည်။ အခု ပြန်မလား၊ ပြန်မည်။ ရထားပေါ်မှာ မွေးချင်မွေးပါစေ။

သို့ဖြင့် မိမိတို့သည် အားလုံးတားနေသည့်ကြားက ဆေးရုံမှ လက်မှတ်ထိုးပြီး ဆင်းခဲ့ကြသည်။ နောက်တစ်နေ့ မီးရထားဖြင့် ရန်ကုန်သို့ ပြန်ခဲ့ကြသည်။ အကြောင်းအားလျော်စွာပင် မိမိ၏ သားကြီးကို ရထားပေါ်တွင် မမွေးဖွားဘဲ ရန်ကုန် ဂျမခါနာ (အမျိုးသမီး) ဆေးရုံကြီးတွင် ဖွားမြင်ခဲ့ပါသည်။

ရန်ကုန်ရောက်သောအခါ မိမိသည် ငြိမ်းစာပေကို ကြီးကြပ်လုပ်ကိုင်ပါသည်။ ငြိမ်းစာပေမှ 'အပြာ'၊ 'ချစ်သောကြောင့်'၊ 'မျက်ဝါးထင်ထင်' နှင့် 'နှစ်ကြီးသမား' စသည့် စာအုပ်များ ဆက်တိုက်ထွက်ခဲ့ပါသည်။ ထိုမျှမကပါ။ တက္ကသိုလ်ကျော်ရှင်း ထုတ်ဝေသော **"ဆန္ဒ"** အပတ်စဉ် ဂျာနယ်နှင့် စာတိုက်ဦးထွန်း ထုတ်ဝေသော **"လူထုတက်လမ်း"** အပတ်စဉ် စာစောင်တို့ကိုလည်း ကိုတင်စိုးနှင့် ပူးတွဲပြီး လုပ်ကိုင်ခဲ့ပါသည်။ ကိုတင့် ဆန်းလည်း စုံထောက်တွင် မလုပ်တော့ဘဲ ငြိမ်းစာပေတွင် လုံးချင်းရေးပြီး **"ဆန္ဒ"** ဂျာနယ်တွင် ဝိုင်းဝန်းလုပ်ဆောင်ခဲ့ပါသည်။

ဤအချိန်တွင် စုံထောက်မဂ္ဂဇင်း၏ တာဝန်ခံ အယ်ဒီတာမှာ ကိုစောလင်း ဖြစ်သည်။ ကိုစောလင်းမှာ စုံထောက်ဝတ္ထုနှင့် ဆောင်းပါးများကိုသာ ရေးသူဖြစ်သည်။ သူ့လက်ထက်တွင်လည်း စုံထောက်မဂ္ဂဇင်းသည် ရသစုံ လမ်းကြောင်းကိုပင် လိုက်ခဲ့သည်။ ကိုမိုးဝေကား ထုံးစံအတိုင်း တိုက်သို့ ခေတ္တခဏမျှသာသွားပြီး သူ၏ စာမူများကို ရေးပေးရုံမျှသာ ဖြစ်သည်။ မိမိလည်း စုံထောက်တွင် လစဉ် မှန်မှန်မရေးဖြစ်တော့။ မှတ်မှတ်ရရ ပြောရလျှင် "၂၉ ဘရွတ်ကင်းလမ်း" (၂၉ ဘိုကလေးဈေးလမ်း) အခန်းဆက် ဆောင်းပါးနှင့် ဝတ္ထုတိုတစ်ပုဒ်သာ ရေးဖြစ်ပါသည်။

များမကြာမီမှာပင် ဦးဆန်နီက စုံထောက်မဂ္ဂဇင်း ထုတ်ဝေမှုကို

ကိုမိုးဝေအား လွှဲပေးလိုက်ရာ ကိုမိုးဝေကလည်း စုံထောက်မဂ္ဂဇင်း ထုတ်လုပ်ဖြန့်ချိမှု အရပ်ရပ်ကို ရန်ကုန်ဘဆွေသို့ လွှဲအပ်လိုက်ပါသည်။ ထိုအချိန်က ရန်ကုန်ဘဆွေသည် **"မီးဒုတ်"** သတင်းစာကို ထုတ်ဝေပြီး စုံထောက်မဂ္ဂဇင်းကို ပူးတွဲထုတ်ဝေပါသည်။ အယ်ဒီတာချုပ်မှာ တက္ကသိုလ် နန္ဒမိတ် ဖြစ်သည်။ ကိုမိုးဝေက တက္ကသိုလ်နန္ဒမိတ်ကို ခင်မင်သည်က တစ်ကြောင်း၊ ကူညီလိုသည်က တစ်ကြောင်းကြောင့် အယ်ဒီတာချုပ် အမည်ကို သူမယူဘဲ တက္ကသိုလ်နန္ဒမိတ်ကို ပေးခဲ့ပါသည်။

သို့သော် သန့်ရှင်းတည်မြဲ နိုင်ငံရေးတိုက်ပွဲကလည်း ပြင်းထန်နေချိန် ဖြစ်ပြီး ရန်ကုန်ဘဆွေမှာလည်း စာပေအနုပညာသမားတစ်ဦးသာ ဖြစ်ပြီး ငွေရှင်၊ ကြေးရှင်၊ လုပ်ငန်းရှင် မဟုတ်သဖြင့် "မီးဒုတ်"ရော စုံထောက်ရော ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်ခဲ့ရသည်။ နောက်ဆုံးတွင် စုံထောက်မဂ္ဂဇင်းသည် ခေတ္တမျှ ရပ်ဆိုင်းသွားရပါသည်။

ဤတွင် မိမိနှင့် စုံထောက်မဂ္ဂဇင်း ပြန်လည်ဆုံစည်းရန် အကြောင်း ဖန်လာပါတော့သည်။

ကြားထဲတွင် တစ်ခုကြားဖြတ်ပြီး ပြောစရာ ရှိပါသည်။ မိမိသည် အကြောင်းအားလျော်စွာ နောက်ပိုင်းတွင် စုံထောက်မဂ္ဂဇင်းတွင် မရေးဖြစ်တော့သော်လည်း ကိုမိုးဝေနှင့်ကား အဆက်ပြတ်ခြင်း မရှိပါ။

၁၉၅၈ ခုနှစ်တွင် ကိုတင်စိုး အထိန်းသိမ်းခံရသဖြင့် ငြိမ်းစာပေ ထုတ်ဝေမှုကို ရပ်ဆိုင်းလိုက်ရပါသည်။ ကိုတင့်ဆန်းနှင့် မိမိနေထိုင်ရာ အလုံကွက်သစ်မှာလည်း ဖျက်သိမ်းခံရပြီး မိမိတို့သည် မြေကွက်ရရှိသော်လည်း ငွေကြေးအခက်အခဲကြောင့် အိမ်ကို အပြီးသတ်အောင် မဆောက်နိုင်ပါ။ သစ်တစ်ချောင်းချ၊ ပျဉ်တစ်ချပ်ချရှာပြီး ဆောက်လုပ်ကြရပါသည်။ ဤကာလတွင် ဘဝသစ် ကိုအောင်ကျော်နှင့် ကိုဟုတ်လှိုင်တို့က ကားနှင့် သစ်တစ်တန် ပို့ပေးသည်ကို မည်သည့်အခါတွင်မျှ မမေ့မည်မဟုတ်ပါ။ သူတို့က "ဘဝသစ်" အလွတ်ပညာသင်ကျောင်း ဖွင့်လှစ်ကာ အတော်

ကြီးပင် အောင်မြင်မှု ရရှိနေကြပါသည်။

ဤအချိန်တွင် လင်းယုန်သစ်လွင်သည် ကိုတင်အောင်– မစန်းစာပေတွင် ကြီးကြပ်လုပ်ကိုင်နေသဖြင့် မိမိကိုလည်း ကိုတင်အောင်နှင့်တွေ့ပေးကာ လုံးချင်းများ ရေးစေပါသည်။ ကိုတင်အောင်– မစန်းစာပေမှ ပထမဆုံးထွက်သော မိမိ၏ဝတ္ထုမှာ "မြေအောက်သဇင်" ဖြစ်ပါသည်။ ထို့နောက် ဆယ်တန်းအတွက် ကျောင်းသုံးပြဋ္ဌာန်းသော "သန္တာကျွန်း"၊ "ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်"နှင့် "ရတနာလိုဏ်ဂူ"တို့ကို ထုတ်ဝေရာ ဈေးကွက်တွင် အောင်မြင်မှု ရရှိပါသည်။ အထူးသဖြင့် "ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်"မှာ အထူး အရောင်းရသွက်ပါသည်။ စောင်ရေ တစ်သောင်းကျော် ရောင်းရပါသည်။ ထိုခေတ်က စောင်ရေ တစ်သောင်းကျော်ဆိုသည်မှာ အတော်များသော စောင်ရေပင် ဖြစ်ပါသည်။

ထို့နောက် "အဝါ"ကို ထုတ်ဝေပါသည်။ "အဝါ"မှာလည်း "အပြာ" အတိုင်းပင် အောင်မြင်မှုရရှိပါသည်။ သို့သော် စောင်ရေမှာ နှစ်ထောင်မျှသာ ဖြစ်သည်။

ဤတွင် ကိုတင်အောင်နှင့် မိမိတို့ တစ်ခု တိုင်ပင်မိကြသည်။ "ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်"မှာ ခုနစ်ဆယ့်ငါးပြားတန် ဖြစ်သည်။ ယင်းကြောင့် ပြာခြောက်ဆယ်တန် လုံးချင်းစာအုပ်များ ထုတ်ဝေရန် ဆုံးဖြတ်ကြသည်။ မိမိ၏ ပထမဆုံး ပြားခြောက်ဆယ်တန်မှာ "အပျိုသင်စ" ဖြစ်သည်။ ၁၉၆၀ ပြည့် အောက်တိုဘာလတွင် ထုတ်ဝေသည်။ စောင်ရေ ၃၀၀၀ မှာ နှစ်ရက် သုံးရက်အတွင်းမှာပင် ကုန်သွားသည်။ သို့ဖြင့် မိမိ၏ ပြားခြောဆယ်တန် လုံးချင်းများ ကိုတင်အောင်–မစန်းစာပေမှ တစ်လ တစ်အုပ်ဆိုသလို ထွက်လာပါသည်။

ကိုတင်အောင်သည် သူ၏ စာအုပ်ထုတ်ဝေရေး အလုပ်ကို မိမိအား လွှဲထားသဖြင့် မိမိသည် သူ့တိုက်မှ ပြားခြောက်ဆယ်တန် စာအုပ်များ အရှိန်အဟုန်နှင့် ထွက်ရှိနိုင်ရေးအတွက် မိမိ၏ ရေးဖော်များကို

အကူအညီ တောင်းရသည်။ သို့ဖြင့် ကိုမိုးဝေ၊ ကိုတင့်ဆန်း၊ ရွှေဓား၊ ယုဇနမောင်ခိုင်၊ စစ်ကိုင်အေးလွင်၊ မြဝဇီ စသူတို့၏ ပြားခြောက်ဆယ်တန်များလည်း ကိုတင်အောင်–မစန်း စာပေမှ လစဉ်မှန်မှန် ထွက်ကြပါသည်။ မိမိတို့သည် ယခင်ကလို စာအုပ်ထွက်ရက်ကို လဆန်းဟူ၍ သတ်မှတ်မထားတော့ဘဲ ရိုက်ပြီးထွက် စနစ်ဖြစ်သဖြင့် သုံးလေးရက်လျှင် တစ်အုပ်လောက် ထွက်ပါသည်။

ကိုမိုးဝေသည် ရေးအားကောင်းသူ ဖြစ်သဖြင့် ကိုတင်အောင်–မစန်း စာပေကိုသာမက အခြား စာပေတိုက်များကိုပါ ရေးပေးရာ သူ၏ လုံးချင်းများသည် တစ်လလျှင် လေးငါးအုပ်မျှ ဖြစ်ပါသည်။

သူသည် အခြားတိုက်များသို့ပါ ရေးပေးတတ်သော်လည်း မိမိရှိရာ ကိုတင်အောင်–မစန်း စာပေကို ဦးစားပေးပါသည်။ ညနေဆိုလျှင် ၉၆ လမ်းသို့ သူ ရောက်လာသည်။ တိုက်မှ ကြွေရာစားပွဲတွင် ထိုင်ပြီး လက်စ မသတ်သေးသည်များကို ရေးသည်။ ထို့နောက် မိမိတို့လူစုနှင့်အတူ မြန်မာ့ဂုဏ်ရည်လမ်းထောင့်မှ စားသောက်ဆိုင်သို့ သွားကြပါသည်။ နေ့တိုင်းလောက်ပင် ဖြစ်သည်။

ထိုအချိန်တွင် ကိုတင်အောင်–မစန်း တိုက်မှ ထုတ်ဝေသော ကာတွန်းဘလောက်များကို ပြုလုပ်ပေးနေသူမှာ ကိုခင်ဦး (နောင်လှို့ဝှက်သည်းဖို ကိုခင်ကျော်) ဖြစ်သည်။ သူ့အလုပ်တိုက်က ရေကျော်တွင် ဖြစ်သည်။ သူ့တိုက်မှ မီးရထားသံလမ်းကို ဖြတ်လိုက်လျှင် ကိုတင်အောင် တိုက်သို့ ရောက်သည်။ သူက နေ့စဉ်ပင် မိမိတို့တိုက်သို့ လာသည်။ မိမိတို့ကလည်း သူ့တိုက်သို့ သွားပြီး "မောင်အေး" လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည် သောက်ကြသည်။ စမူဆာ စားကြသည်။

ထိုအချိန်တွင် စုံထောက်မဂ္ဂဇင်းကလည်း ပြည်လမ်းသို့ ရောက်နေပြီး လိမ့်လိမ့်လဲလဲ ရှိနေပါသည်။ ကိုမိုးဝေ ကိုယ်တိုင်ပင် စုံထောက်နှင့် အဆက်ပြတ်သလောက် ရှိနေသည်။ ဤတွင် ကိုခင်ဦးက စုံထောက်

မဂ္ဂဇင်းလို မဂ္ဂဇင်းတဲစ်အုပ် ထုတ်ချင်သည်ဟု ဆိုပါသည်။ ထိုအခါ မိမိတို့ တိုင်ပင်ကြသည့်အခါတွင် "လျှို့ဝှက်သည်းဖို"ဟူသော အမည်ကို ရပါသည်။ ထုံးစံအတိုင်းပင် ကိုမိုးဝေက အယ်ဒီတာချုပ် ဖြစ်သည်။ မိမိက တာဝန်ခံအယ်ဒီတာ ဖြစ်သည်။ သို့သော် ကိုမိုးဝေသည် စုံထောက်မဂ္ဂဇင်းတွင် အယ်ဒီတာချုပ် အမည်ခံထားသဖြင့် "လျှို့ဝှက်သည်းဖို"တွင် အယ်ဒီတာချုပ်အမည်ကို "ခင်မောင်ကြီး" ကလောင်အမည်ဖြင့် ခံယူပါသည်။ မိမိက နာမည်မခံချင်သဖြင့် နာမည်မခံပါ။

ထိုစဉ်က နှစ်ကျပ်တန် လုံးချင်းဝတ္ထုများသည် ၁၆ ချိုးအရွယ် စာမျက်နှာ ၂၄၀ ပတ်ဝန်းကျင်တွင် ဖြစ်သည်။ မိမိတို့က "လျှို့ဝှက်သည်းဖို" ကို သာမန်မဂ္ဂဇင်းများ ပုံစံအတိုင်း ရှစ်မျက်နှာအရွယ် စာမျက်နှာ ၁၆၀ မလုပ်ဘဲ ယင်းကို ထက်ပိုင်းချိုးကာ ၁၆ မျက်နှာအရွယ် စာမျက်နှာ ၃၆၀ ထုတ်ရန် ဆုံးဖြတ်ကြသည်။ မိမိတို့ မဂ္ဂဇင်းသည် သာမန်လုံးချင်း ဝတ္ထု စာအုပ်ထက် စာမျက်နှာ၁၂၀ ပိုနေသဖြင့် စာအုပ်မှာလည်း ထူနေပြီး စာဖတ်ပရိသတ်ကလည်း တန်သည်ဟု ယူဆနိုင်ပါသည်။ ထို့ပြင် ကိုခင်ဦးကလည်း ဘလောက်တိုင်ပိုင်ရှင်ဖြစ်သဖြင့် ဘလောက်လက်မကို တွက်မနေဘဲ ကြိုက်သလောက်သုံးရန် ပြောပါသည်။ ထိုအခါ ရုပ်ပြဇာတ်လမ်း သုံးလေးပုဒ်အထိ ထည့်ရန်ဆုံးဖြတ်ကြသည်။

လျှို့ဝှက်သည်းဖို မဂ္ဂဇင်းအမှတ် ၁ ကို ၁၉၆၁ ခုနှစ် ဇွန်လတွင် ... စက်တင်ဘာလတွင် စတင်ထုတ်ဝေလိုက်သောအခါ ပရိသတ်က အံ့သြဖွယ်ရာပင် အားပေးသည်ကို တွေ့ရသည်။ တစ်လလျှင် စောင်ရေ နှစ်ထောင်သုံးထောင် ဆိုသလို ခုန်တက်သဖြင့် တစ်နှစ်အတွင်းမှာပင် စောင်ရေ တစ်သောင်း ကျော်သွားပါသည်။ မိမိတို့ကလည်း စောင်ရေ တက်သည်နှင့် စာမျက်နှာ ကို တိုးပြီးထုတ်ရာ နောက်ဆုံးတွင် စာမျက်နှာ ၄၀၀ (ဖောင်အစိတ်) ဖြစ်သွားသည်။

"လျှို့ဝှက်သည်းဖို"ကို ထုတ်သောအခါ မိမိနှင့် ကိုမိုးဝေသာမက

ယခင် စုံထောက်မဂ္ဂဇင်း ပင်တိုင်စာရေးဆရာများ အားလုံးလည်း ပြန်လည် စုစည်းမိကြသည်။

သို့သော် ၁၉၆၂ ခုနှစ်တွင် "အမျိုးသားနေ့စဉ်"၌ တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်နေသော ဂျာနယ်ကျော်တင့်ဆွေက မိမိကို ခေါ်သည်။ မိမိလည်း အပြောင်းအလဲအဖြစ် သတင်းစာတွင် လုပ်ကိုင် လိုသဖြင့် လျှို့ဝှက်သည်းဖိုကို ထားခဲ့ပြီး "အမျိုးသား"သို့ ရောက်သွားသည်။ အမျိုးသား သတင်းစာတွင် "တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ" ဝတ္ထုကို အခန်း ဆက်ရေးဖြစ်သည်။ ယင်းဝတ္ထုသည် သုံးကျပ်တန် လုံးချင်းခေတ်တွင် အစောဆုံးထုတ်ဝေသော လုံးချင်းတစ်အုပ် ဖြစ်ပါသည်။

မိမိ အမျိုးသား သတင်းစာတွင် လုပ်ကိုင်နေစဉ် မိမိတို့လူစုသည် မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ်ကို တည်ထောင်မိကြသည်။ စာပေလုပ်ငန်းများကို အားစိုက်လုပ်ဆောင်ကြသည်နှင့်အညီ မင်းကျော်၊ မောင်နေဝင်းနှင့် မိမိတို့မှာလည်း တွဲမိလာကြသည်။ မင်းကျော်၏ ညီ မောင်ချော (မောင်ကိုဦး)က ပုဂံစာအုပ်တိုက်ကို စတင် ထူထောင်သည်။ မိမိတို့သည် ပုဂံစာအုပ်တိုက်တွင် စုမိကြပြီး လုံးချင်းများရေးရန် အခွင့် အလမ်း သင့်လာကြပြန်သည်။ သို့ဖြင့် မိမိ အမျိုးသားမှထွက်ပြီး လုံးချင်း ဝတ္ထုများနှင့် စာနယ်ဇင်းများတွင် ဝတ္ထု၊ ဆောင်းပါးများရေးရန် စိတ်ကူး မိသည်။

သို့သော် ထိုအချိန်မှာပင် အလှည့်အပြောင်းကြီးတစ်ခု ဖြစ်လာ တော့သည်။ နှစ်လကြာမျှ ရပ်နားထားသော စုံထောက်မဂ္ဂဇင်းကို မြစာပေ မှ ထုတ်ဝေမည်ဟူ၍ ဖြစ်သည်။ မြစာပေသည် ထိုအချိန်က အရှိန်တက်စ ပြုနေသော စာပေတိုက်တစ်တိုက် ဖြစ်သည်။ တက္ကသိုလ်ဘုန်းနိုင် ၏အုပ်များ အရှိန်အဟုန်ဖြင့် ထွက်လာသည်။ မိုးဝေ၏ စာအုပ်များလည်း တစ်လတစ်အုပ်။

စုံထောက်မဂ္ဂဇင်းကို အင်အားရှိသော စာပေတိုက်တစ်တိုက်က

ထုတ်ဝေမည်ဖြစ်ပြီး ကိုမိုးဝေ ကိုယ်တိုင်ပင် ပြန်လည်ဦးစီးမည်ဆို၍ ဝမ်းသာရသည်။ အယ်ဒီတာအဖွဲ့မှာလည်း တောင့်တင်းလှသည်။ ကိုမိုးဝေနှင့် ကိုတင်အောင် (တက္ကသိုလ် နန္ဒမိတ်)အပြင် တာဝန်ခံ အယ်ဒီတာက ကိုလေးမြင့် ဖြစ်သည်။ ကိုလေးမြင့်မှာ မဂ္ဂဇင်းလုပ်တတ်သူ ဖြစ်သည်။ သူ့လက်အောက်တွင်လည်း အယ်ဒီတာနှစ်ယောက် ရှိသေးသည်ဟု သိရသည်။

စုံထောက်မဂ္ဂဇင်းကို ၁၉၆၃ ခုနှစ် ဇွန်လမှာ စတင်ထုတ်ဝေမည်ဟု ကြော်ငြာတွေ ထွက်နေသည်။ စတင် ရိုက်နှိပ်နေပြီဟုလည်း ကြားနေရသည်။ သို့သော် မိမိနှင့် အဆက်အသွယ်မရှိခဲ့။

တစ်နေ့တွင် အနော်ရထာလမ်းအတိုင်း လျှောက်သွားစဉ် အပေါ်ဘက်သို့ မော့ကြည့်လိုက်ရာ မြစာပေဟူသော ဆိုင်းဘုတ်ကို တွေ့ရသည်။ ပြတင်းပေါက်တွင် ကိုမိုးဝေ ရပ်နေသည်ကို တွေ့ရသည်။ သူကလည်း မိမိကို မြင်သဖြင့် လက်ယပ်ပြီး ခေါ်သည်။

မြစာပေရှိရာ ပထမထပ်သို့ မိမိ တက်သွားသောအခါ ကိုမိုးဝေက ခရီးရောက်မဆိုက်ပင်...

"ခင်ဗျားနဲ့တွေ့ရတာ အတော်ပဲ"

"စုံထောက်ပြန်လုပ်နေတယ် ကြားတယ်၊ ကျွန်တော်လည်း မအားလို့ မလာတာ၊ ဘာရေးပေးရမလဲ"

"ရေးပေးရမှာ မဟုတ်ဘူး"

"ဘာ..."

"ခင်ဗျား တာဝန်ခံအယ်ဒီတာ လုပ်ရမယ်"

"မဟုတ်တာဘဲ၊ ကိုလေးမြင့် ရှိတာပဲ"

"ကိုလေးမြင့်က လူငယ်ရေးရာမှာ အလုပ်လျှောက်ထားတာ ရသွားလို့ မလုပ်နိုင်တော့ဘူး၊ အခု ဘယ်သူမှမရှိလို့ ကျွန်တော်နဲ့ ကိုတင်အောင် ညနေတိုင်း ပုံနှိပ်တိုက်ကို ပြေးနေရတယ်၊ အဲဒါ ခင်ဗျားလုပ်မှ ဖြစ်မယ်"

"တခြား အယ်ဒီတာတွေ ရှိသေးတယ် မဟုတ်လား"

"သူတို့က လက်သင်တွေပဲ၊ ဘာမှ မလုပ်တတ်ဘူး"

ထိုအချိန်တွင် အခန်းတွင်းမှ တက္ကသိုလ်နန္ဒမိတ်နှင့် မြစာပေ ထုတ်ဝေသူ ဦးသန်းကြွယ်တို့ ထွက်လာရာ...

"ကိုသန်းကြွယ် ဟောဒီမှာ ကိုနတ်နွယ်၊ စုံထောက်မှာ သူ တာဝန်ခံ အယ်ဒီတာ လုပ်လိမ့်မယ်"

ဟု သူက ယတိပြတ် ပြောလိုက်ပါသည်။

❑

# ပြန်လည်ပျိုးထောင်ခြင်း

မြစာပေမှ တာဝန်ယူထုတ်ဝေသော စုံထောက်မဂ္ဂဇင်းသို့ မိမိသည် တာဝန်ခံ အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ရသည် ဆိုသော်လည်း အစပထမတွင်မူ ဖောင်ကိုင် အယ်ဒီတာမျှသာ ဖြစ်သည်။ စာမူများကို ကိုမိုးဝေနှင့် ဦးတင်အောင် (တက္ကသိုလ်နန္ဒမိတ်)တို့က ဖတ်ကြမည် ဖြစ်သည်။ ကိုမိုးဝေက စုံထောက်ဝတ္ထုများကိုဖတ်ပြီး ကိုတင်အောင်က စုံထောက်မဟုတ်သော ဝတ္ထုများ၊ စာပေဆောင်းပါးများနှင့် ကဗျာများကို ဖတ်မည်ဖြစ်သည်။ မဂ္ဂဇင်း အယ်ဒီတာအဖွဲ့တည်ရာ မြစာပေတိုက်သည် မြို့ထဲတွင် ဖြစ်သော်လည်း ပုံနှိပ်တိုက်က တောင်ဥက္ကလာပတွင် ဖြစ်သည်။ မိမိက ပုံနှိပ်တိုက်ကို တာဝန်ယူရမည် ဖြစ်သည်။ လက်ထောက်အယ်ဒီတာနှစ်ဦးရှိရာတွင် အောင်ကျော်ကို မြို့ထဲတိုက်တွင် တာဝန်ယူစေပြီး မောင်ရဲကျော်ကို မိမိအား ကူညီရန် ပုံနှိပ်တိုက်သို့ ပို့ထားသည်။ လက်တွေ့လုပ်ကြည့်သောအခါ အောင်ကျော်ရော၊ မောင်ရဲကျော်ရော ပုံနှိပ်လုပ်ငန်းနှင့် အယ်ဒီတာလုပ်ငန်းတွင် အတွေ့အကြုံ မရှိကြသူများ ဖြစ်သည်။

ပုံနှိပ်စက်သို့ မိမိ ရောက်ရှိသွားချိန်တွင် လေးငါးဖောင်မျှ ရိုက်ပြီးနေပြီဖြစ်သည်။ မိမိကို ရိုက်ပြီးဖောင်များ၊ ပြုလုပ်ပြီး ဘလောက်များနှင့် ထည့်သွင်းရန် ရွေးချယ်ထားသော စာမူများကို လွှဲပေးသည်။ မဂ္ဂဇင်းဖွဲ့

စည်းမှု ပြုလုပ်သော ဒမ္မီစာအုပ် မရှိပါ။ ထိုခေတ်က အသုံးပြုလေ့ရှိသည့် အတိုင်း ရိုက်နှိပ်မည့် ဖောင်အတိုင်း စက္ကူအဖြူများကို ခေါက်ထားသော စာအုပ်ပုံကြမ်းသာ ရှိပါသည်။ ထိုစဉ်က နှစ်ကျပ်တန် မဂ္ဂဇင်းကြီးများ၏ စံနှုန်းသည် ၂၅ ဖောင် (စာမျက်နှာ ၂၀၀) ဖြစ်သဖြင့် စက္ကူအဖြူ ၂၅ ဖောင်ကို ကလစ်ညှပ်ပြီး စာမျက်နှာ နံပါတ်များ ၁ မှ ၂၀၀ အထိ ထိုးထားပါသည်။ ယင်း ဒမ္မီကို ကြည့်သောအခါ သွင်းထားသော စာဖောင်များမှာ ဟိုတစ်ကွက် ဒီတစ်ကွက်ဖြစ်ပြီး စာမျက်မှာ အညွှန်းတွေကလည်း ပွနေသည်။ ဘလောက်များကလည်း (လက်မ ၃၀၀၀ သုံးမည်ဟူသာ မူအရ) ကြီးမားလွန်းလှပြီး စာမျက်နှာနှင့် အချိုးမကျ ဖြစ်နေကြပါသည်။ သို့သော် ပထမတစ်အုပ်ဖြစ်သော အမှတ် (၁)ကိုကား ဤအတိုင်း ဆက်လုပ် သွားရပေမည်။

မိမိသည် **လှျို့ဝှက်သည်းဖို** မဂ္ဂဇင်းကို စတင် တည်ထောင်စဉ် ကတည်းက ဝန်ကျယ်သော စာအုပ်ပုံစံတူ ဒမ္မီကို မသုံးဘဲ ဗလာစာအုပ်တွင် စာမျက်နှာ နံပါတ်များကို ရေးထိုးပြီး အသုံးပြုသည့်နည်းကို အသုံးပြု ခဲ့ပါသည်။ **လှျို့ဝှက်သည်းဖို** လုပ်စဉ်ကဆိုလျှင် ဗလာစာရွက် တစ်ရွက် တွင် ဒမ္မီချပြီး အင်္ကျီအိတ်ထဲတွင် ခေါက်ထည့်ထားသဖြင့် ဒမ္မီ ရှိသည်ဟုပင် မထင်ရပါ။ "ကိုနတ်နွယ်၊ ခင်ဗျား ဘယ်လိုလုပ်ပြီး ဒမ္မီချသလဲ"ဟုပင် မြေမှီသစ္စာက မေးဖူးပါသည်။

မြန်မာမဂ္ဂဇင်းများသာမက နိုင်ငံခြား မဂ္ဂဇင်းများမှာပင် (ယခု အချိန်အထိ) စာမျက်နှာ အညွှန်းများ ပါရှိသော်လည်း မိမိသည် အညွှန်း စနစ်ကို မကြိုက်လှပါ။ ဖတ်ရတာ အရသာပျက်ပါသည်။ ဖတ်ကောင်း တုန်း အညွှန်းကို လိုက်ရှာရသည်မှာ အရှိန်လျော့သွားပါသည်။ ထို့အပြင် ယင်းစာမူသည် ဖတ်၍ မကောင်းခဲ့လျှင်လည်း စာဖတ်သူသည် အညွှန်း **တို** အပင်ပန်းခံပြီး ရှာမနေတော့ပါ။ ဆက်မဖတ်တော့ပါ။ သို့သော် **အမှတ်** (၁)တွင်မူ ဘယ်လိုမျှ မတတ်သာသဖြင့် အညွှန်းတွေ အများကြီး

ပါရှိသွားပါသည်။ အမှတ် (၂) ကျမှသာ မိမိ စိတ်ကြိုက် လုပ်နိုင်ပါတော့သည်။

အမှတ် (၂) မှစပြီး ဘလောက်အတိုင်းများကိုလည်း မိမိ ပေးမည်ဟု ပြောရသည်။ သို့သော် ပန်းချီအပ်သူမှာ တစ်ဦးဖြစ်နေသဖြင့် စိတ်တိုင်းမကျရသည်များ ရှိပါသည်။ အမှန်တော့ ပန်းချီအပ်ကတည်းက လိုက်ဖက်မည့် ပန်းချီဆရာ၊ ပုံအကြီးအသေးတို့ကို ချင့်ချိန်ရမည် ဖြစ်သည်။

ပုံနှိပ်တိုက် တစ်တိုက်သို့ရောက်လျှင် စာစီ၊ စာပြင်၊ ဖိုမင်၊ စက်ဆရာတို့နှင့် အပေးအယူသင့်ဖို့က အများကြီးလိုပါသည်။ လူကောင်းဖို့လည်း လိုသည်။ လူတော်ဖို့လည်း လိုသည်။ ပေကတ်ကတ်လုပ်သူများနှင့် တွေ့လျှင် အင်မတန် စိတ်ညစ်ရပါသည်။ တောင်ဥက္ကလာပ ပုံနှိပ်တိုက်မှ အလုပ်သမားများ အားလုံး သဘောကောင်းကြပါသည်။ သို့သော် မဂ္ဂဇင်း လုပ်ဖူးသော အတွေ့အကြုံ မရှိကြပါ။ သို့ဖြင့် မိမိလိုချင်သည့် ပုံစံဖြင့် ဖောင်သွင်းနိုင်ရန် ဖောင်ဖွဲ့သော စတုံပေါ်နှင့် စက်ကြီး ပလ္လင်ပေါ်ထိ လိုက်ပြီး လုပ်ဆောင်ရပါသည်။ လုပ်ပြီးသား ဘလောက်အချို့ကိုလည်း တူတစ်လက်၊ လွှတစ်ချောင်းဖြင့် ပြန်လည် ပြုပြင်ရပါသည်။

မည်သို့ဆိုစေ အမှတ် (၁) ထွက်လာသောခါ မြစာပေ၏ အရှိန်၊ အယ်ဒီတာအဖွဲ့နှင့် ပါဝင်ရေးသားသူများ၏ အမည်၊ ကြော်ငြာအားကောင်းမှုတို့ကြောင့် ရိုက်နှိပ်သော စာအုပ်စောင်ရေ ၃၀၀၀ မှာ ကုန်သလောက်နီးနီး ရှိပါသည်။ နယ်မှ ပြန်လာသည်များ၊ ရန်ကုန်နှင့် မန္တလေးမှ ပြန်သိမ်းသည်များနှင့်ပေါင်းလျှင် တစ်ရာ နှစ်ရာလောက်ပဲ လက်ကျန် ရှိပါသည်။ သို့သော် အကုန်အကျ များသဖြင့် ရှုံးပါသည်။

အမှတ် (၂)ကို ရိုက်နှိပ်သောအခါ မိမိက စောင်ရေ ၅၀၀၀ ရိုက်ရန်နှင့် ဖောင် ၃၀ (စာမျက်နှာ ၂၄၀) ရိုက်ရန် အကြံပေးပါသည်။ အားလုံး လက်တွန့်နေကြပါသည်။ စောင်ရေ ၃၀၀၀ မကုန်သေးသဖြင့် အကယ်၍ တိုးရိုက်လျှင်လည်း ၃၅၀၀၊ ဒါမှမဟုတ် အများဆုံး ၄၀၀၀ လောက်သာ

ရိုက်လိုကြပါသည်။ ဖောင်တိုးရန် (စာမျက်နှာတိုးရန်)လည်း မရဲကြပါ။ ၅၀၀၀ လုံးကုန်မှ အရင်းလောက်သာ ရှိပါမည်။

မဂ္ဂဇင်းလောကသို့ အင်နှင့်အားနှင့် ထိုးဖောက်လိုလျှင် ဖောင် ၃၀ ရိုက်ရန် လိုအပ်ကြောင်း မိမိက ပြောပါသည်။ **လျှို့ဝှက်သည်းဖို** လုပ်ခဲ့သည့်ပုံစံ အောင်မြင်ကြောင်းနှင့် **မြဝတီမဂ္ဂဇင်း**က ဖောင် ၃၀ ထုတ်နေသည့် အကြောင်းကို နမူနာပြပါသည်။ မိမိတို့ ကြည့်ရမည်မှာ **မြဝတီ** ဖြစ်ကြောင်း ပြောပါသည်။ စောင်ရေကိစ္စမှာ ဇွတ်နစ်စွန့်စားခြင်း၊ ပြုရမည်ဖြစ်ကြောင်း၊ စောင်ရေ ၆၀၀၀ ကုန်လျှင် အမြတ်ရပြီဖြစ်ကြောင်း ပြောပါသည်။ နောက်ဆုံးတွင် ငွေကြေး တာဝန်ခံဖြစ်သော ဦးသန်းကြွယ်က မိမိ၏စီမံချက်ကို လက်ခံပါသည်။ သူက စွန့်စားလိုသူလည်းဖြစ်ပြီး အောင်မြင်နေသည့် အချိန်လည်း မဟုတ်ပါလား။

သို့ဖြင့် မြစာပေက ထုတ်ဝေသော စုံထောက်မဂ္ဂဇင်းကို နောက်ပိုင်းတွင် ၃၂ ဖောင်အထိ စာမျက်နှာ တိုးထုတ်ခဲ့ပြီး စောင်ရေ ၈၀၀၀ အထိ ရောက်ခဲ့ပါသည်။

မိမိသည် အသစ်ထုတ်ဝေသော မဂ္ဂဇင်း အမှတ် ၁၊ ၂၊ ၃ အထိ ဖောင်ကိုင်အယ်ဒီတာအဖြစ်သာ ဆောင်ရွက်ခဲ့ပါသည်။ နောက်တွင် မိမိ နေထိုင်ရာ မြောက်ဥက္ကလာပမှ ပုံနှိပ်စက်ရှိရာ တောင်ဥက္ကလာပသို့ မီးရထားဖြင့် သွားပါသည်။ ပုံနှိပ်တိုက်တွင် နေ့လယ် ၂ နာရီခန့်အထိ အလုပ်လုပ်ပါသည်။ အချိန်အားရှိလျှင် ၁၆ ရပ်ကွက် လင်းယုန်သစ်လွင် အိမ်သို့ သွားပါသည်။ အိမ်သို့ လမ်းလျှောက်သွား၍ ရပါသည်။ သိပ်မဝေးလှပါ။

ပုံနှိပ်တိုက်မှ အလုပ်ပြီးလျှင် ဘတ်စကားဖြင့် မြို့ထဲသို့ လာပါသည်။ ၁၀၇ လမ်းရှိ ပုဂံစာအုပ်တိုက်သို့ ဝင်ပါသည်။ ညနေ ၅ နာရီလောက်မှ မြစာပေသို့ သွားပါသည်။ တစ်ခါတစ်ရံ ပုဂံအဖွဲ့သားများနှင့် ကမ်းနားလမ်း နန်းသီတာဆိုင်သို့ သွားလျှင် မြစာပေသို့ မရောက်တော့ပါ။

ယင်းကို မြစာပေ ထုတ်ဝေသူများက သိပ်မဘောမကျပါ။ ပုံနှိပ်တိုက်ပြီးလျှင် မြစာပေသို့ လာစေလိုသည်။ မြစာပေတွင် လုပ်စရာရှိသည်တို့ကို လုပ်စေလိုသည်။ ကိုမိုးဝေက စာမူများ ကူဖတ်ရန် ပြောသည်။ သို့သော် မိမိက မိမိတာဝန်မှာ ဖောင်ကိုင်ရန်သာ ဖြစ်သည်ဟု ယူဆထားပါသည်။ စာမူများကို ဦးတင်အောင်က ဖတ်နေသဖြင့် မိမိ ဝင်မဖတ်ချင်ပါ။ သဘောထားချင်း မတိုက်ဆိုင်မည်ကို စိုးရိမ်၍ ဖြစ်သည်။

သို့သော် တာဝန်ခံ အယ်ဒီတာအဖြစ် တာဝန်ပြည့် လုပ်ဆောင်ရမည့်အခြေအနေ မမျှော်လင့်ဘဲ ပေါ်ပေါက်လာပါသည်။ ယင်းမှာ ဆရာနန္ဒမိတ်သည် ၎င်း၏ ကိုယ်ရေးကိုယ်တာအရ သံတွဲသို့ပြန်ရန် ဆုံးဖြတ်လိုက်သောကြောင့် ဖြစ်သည်။ မိမိတို့အားလုံးက နန္ဒမိတ်ကို နယ်မပြန်ရန် တားကြသည်။ သို့သော် သူ၏ ရပ်တည်ရေးနှင့် ဆိုင်နေသဖြင့် နန္ဒမိတ်သည် ရန်ကုန်စာပေလောကကို မခွဲချင်ဘဲနှင့် ခေတ္တ ကျောခိုင်းရတော့မည်။ နယ်မှ စာမူများ ပို့ပေးမည်ပြောသည်။ ပထမ တစ်လနှစ်လ လောက်သာ စာမူများ လာသည်။ နောက် မလာတော့။

ကျောင်းဆရာ လုပ်နေသည်။ အရက်လည်း တော်တော်ကလေး သောက်နေသည်ဟု ကြားရ၍ မိမိတို့ စိတ်မကောင်း ဖြစ်ကြရသည်။ သူ ရန်ကုန်စာပေလောကသို့ နောက်တစ်ကျော့ ပြန်လာသောအခါ မိမိနှင့် ပတ်သက်၍ပင် ဖြစ်သည်။ သူ၏ အောင်မြင်သော "မြန်မာပြည် စစ်မြေပြင်"ကို သာဘာပြန်ဆိုရန် မိမိကပင် တိုက်တွန်းခဲ့ပြီး ယင်း စာအုပ်ကို ပုဂံစာအုပ်တိုက်မှ ထုတ်ဝေရန် မင်းကျော်နှင့် မိမိကပင် စီစဉ်ပေးခဲ့ခြင်း ဖြစ်သည်။

နန္ဒမိတ် သံတွဲသို့ ပြန်သွားသောအခါ မိမိမှာ မလွှဲမရှောင်သာ စာမူများ ဖတ်ရတော့သည်။ ပထမတွင် နန္ဒမိတ် တာဝန်ယူသော စာပေ၊ ဝတ္ထု၊ ဆောင်းပါးများနှင့် ကဗျာများကိုသာ ဖတ်ရန် ဖြစ်သည်။ သို့သော် ကိုမိုးဝေသည် တစ်လလျှင် လုံးချင်းသုံးလေးအုပ်ကို တစ်ပြိုင်တည်းရေးနေ

သဖြင့် သူ တာဝန်ယူထားသော စုံထောက်နှင့် သည်းထိတ်ဖို စာမူများကိုလည်း အချိန်မီ ဖတ်မပေးနိုင်ဘဲ ရှိသဖြင့် မိမိကပင် ဖတ်ပေးရတော့သည်။

သို့ဖြင့် ကိုမိုးဝေသည် အယ်ဒီတာချုပ် အမည်ခံထားပြီး အကြံများပေးခြင်းမှတစ်ပါး မဂ္ဂဇင်းတစ်အုပ်လုံး၏ တာဝန်သည် မိမိအပေါ် ကျရောက်လျက် ရှိတော့သည်။

❑

# ပုံစံသစ် လမ်းကြောင်းသစ်

စုံထောက်မဂ္ဂဇင်း ၃၂ ဖောင်အထိ စာမျက်နှာ တိုးတက်ပြီး၊ စောင်ရေ ၈၀၀၀ အထိ ရောက်ခဲ့ပါသည်။ မိမိသည် တာဝန်ခံတစ်ဦးအနေနှင့် စောင်ရေတိုးရေး (Circulation drive)ကို ဆောင်ရွက်နေရာ မကြာမီ စောင်ရေ ၁၀,၀၀၀သို့ ရောက်ရှိသွား မည်ဟု မှန်းထားပါသည်။ သို့သော် သည်အတွင်း မမျှော်လင့်သော အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာသည်။ မြစာပေ၏ ပြဿနာဖြစ်သည်။

မြစာပေသည် အောင်မြင်နေသော စာပေတိုက် တစ်တိုက်ဖြစ်သည်။ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်များသည် မြန်မာနိုင်ငံတွင် စောင်ရေအများဆုံး ဖြစ်နေပြီး မြစာပေနှင့် တက္ကသိုလ်ဘုန်းနိုင်သည် အတွဲလိုက် အောင်မြင်နေပါသည်။ ထိုမျှမကပါ။ မြစာပေမှထုတ်ဝေသော အခြားစာအုပ်များလည်း အမျိုးအစားအလိုက် စောင်ရေ ကောင်းမွန်ပါသည်။ အနည်းဆုံး စောင်ရေမှာ ၃၀၀၀ ဖြစ်ပါသည်။ မြစာပေမှ တာဝန်ယူထုတ်ဝေသော စုံထောက်မဂ္ဂဇင်းလည်း အလားတူပင် အောင်မြင်နေပါသည်။ တကယ်တွင် ဆိုခဲ့သည့်အတိုင်း စောင်ရေ ၈၀၀၀သို့ ရောက်နေပြီဖြစ်သည်။ သို့သော် မြစာပေတွင် ပြဿနာပေါ်ပေါက်လာသည်။ ငွေရေး၊ ကြေးရေး ပြဿနာဖြစ်သည်။ စာအုပ်ရေ ဤမျှရောင်းနေရသည့်ကြားက ငွေမလည်ပါ။

အဘယ်ကြောင့် ငွေမလည်သည်ကိုကား မိမိ သေသေချာချာ မသိပါ။ မြစာပေ၏ အတွင်းရေးပြဿနာ ဖြစ်သည်။ မိသားစုပြဿနာ ဖြစ်မည်ဟု ထင်ရသည်။ မြစာပေ မိသားစုများအားလုံးကို မိမိသိပါသည်။ ခင်မင်ပါသည်။ သို့သော် မည်သူကိုမျှ မမေးပါ။ လုပ်ငန်းသဘောအရ မိမိတို့နှင့် တိုက်ရိုက်ဆက်သွယ်ရသည်မှာ ဦးသန်းကြွယ် ဖြစ်သည်။ နောက်ဆုံးတွင် ဦးသန်းကြွယ်က ငွေရေး၊ ကြေးရေး၊ အခြေအနေအရ စုံထောက်မဂ္ဂဇင်းကို ဆက်မထုတ်နိုင်တော့ကြောင်း ပြောပါသည်။ ငွေကြေးစိုက်ထုတ် လုပ်ကိုင်သူက မလုပ်နိုင်တော့ဟု ဆိုသောအခါ မိမိတို့မှာ ဆက်လက် ရှင်သန်ရေး တစ်မျိုးတစ်ဖုံ ဆက်လက်လုပ်ဆောင်ရန်သာ ရှိတော့သည်။

ကိုမိုးဝေနှင့် မိမိ တိုင်ပင်ကြသည်။ မိမိတို့နှင့် အဆက်အသွယ်လည်းရှိပြီး၊ မဂ္ဂဇင်းတစ်စောင်ကိုလည်း ထုတ်နိုင်သော တိုက်ကို စဉ်းစားကြသည်။ မိမိတို့နှင့်ရင်းနှီးပြီး မိမိတို့၏ စာအုပ်များကိုလည်း လက်ရှိထုတ်ဝေနေသော တိုက်များကို စဉ်းစားကြသည်။ ထိုအထဲတွင် ယမုံနာစာပေ၊ ဦးဘရီနှင့် သမီးများစာပေ၊ ပုဂံစာအုပ်တိုက်နှင့် ကိုတင်အောင်–မစန်း စာပေတို့ ပါဝင်ပါသည်။ နောက်ဆုံးတွင် ကိုတင်အောင်–မစန်း စာပေနှင့် ဆက်လက်ထုတ်ဝေရန် ဆုံးဖြတ်လိုက်ကြသည်။

ကိုတင်အောင်သည် ကျူမဲမှ ရန်ကုန်သို့ ရောက်ရှိလာပြီး လမ်းဘေးပလက်ဖောင်း စာအုပ်ရောင်းသူဘဝမှ ဂလုပ်ရုံ (ဂုဏ်ရုံ)အောက်တွင် ဆိုင်ခန်းနှင့် ရောင်းသည်။ ထိုမှတစ်ဆင့် ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း)တွင် တိုက်ခန်းနှင့် စာအုပ်တိုက်ပိုင်ရှင်ကြီးအဖြစ် လည်းကောင်း၊ ခြေနင်းပုံနှိပ်စက်ကလေးမှ လေစက်များအသုံးပြုသော ပုံနှိပ်တိုက်ပိုင်ရှင်ဘဝသို့ လည်းကောင်း၊ ကာတွန်းစာအုပ်များထုတ်ရာမှ ဝတ္ထုစာအုပ်၊ ကျမ်းစာအုပ်များ ထုတ်ဝေသူအဖြစ်သို့ လည်းကောင်း၊ ကိုယ်ထူးကိုယ်ချွန်ကာ ကြီးပွားလာသူ ဖြစ်သည်။ သဘောကောင်းပြီး ဖြောင့်မတ်သော်လည်း

အလုပ်လုပ်ရာတွင် လက်တွေ့ကျသည်။

သူက စုံထောက်မဂ္ဂဇင်းကို ဖောင်အစိတ်နှင့် စောင်ရေခြောက်ထောင်သာ ရိုက်နှိပ်မည်ဟု ဆိုသည်။ ၃၂ ဖောင်နှင့် ၈၀၀၀ မှာ စောင်ရေများသည်နှင့်အတူ အကုန်အကျလည်း များသဖြင့် တွက်ရေးမကိုက်ဟု ဆိုသည်။ ထို့ပြင် မိမိတို့၏ မဂ္ဂဇင်းသည်လည်း နောက်ပိုင်း တစ်လနှစ်လတွင် အခြအနေအရ ထွက်ရက် နောက်ကျသဖြင့် စောင်ရေလည်း အနည်းငယ်ကျလာပါသည်။ မဂ္ဂဇင်းထွက်ရက် နောက်ကျခြင်းသည် စောင်ရေကို ချက်ချင်းပင် ထိခိုက်စေပါသည်။ ထို့မျှမကသေးပါ။ မဂ္ဂဇင်းကို စတင်ထုတ်ဝေရသည့် အချိန်သည် အရောင်းထိုင်းသော ကာလအစလည်း ဖြစ်နေပါသည်။ ထိုစဉ်က စာအုပ်ရာသီမှာ မိုးတွင်းသာ ဖြစ်ပြီး ပြက္ခဒိန်များထွက်သော ဆောင်းဦးကာလနှင့် စာမေးပွဲနီးသော နွေဦးကာလနှင့် သင်္ကြန်ဝန်းကျင်လများသည် စာအုပ်အရောင်းကျပါသည်။

ယခုလည်း သည်သဘောတရား ရှိနေဆဲ ဖြစ်ပါသည်။ သူက လက်တွေ့သမား ဖြစ်သဖြင့် ခြေနိုင်လက်နိုင် လုပ်ကိုင်လိုခြင်းဖြစ်၍ မိမိတို့ သဘောတူရပါသည်။ စောင်ရေ တက်လာလျှင် တိုးရိုက်ရန်သာ ဖြစ်ပါသည်။

နောက်တစ်ခု ပြောင်းလဲသည်မှာ လုပ်ပုံလုပ်နည်းဖြစ်သည်။ မဂ္ဂဇင်းစတင်ထုတ်ဝေခဲ့သော ခေတ်ပြင်စာပေမှသည် မြစာပေအထိ ငွေကြေးစိုက်ထုတ်သူများ၊ မဂ္ဂဇင်း ထုတ်လုပ်မှုဆိုင်ရာ ငွေရေး ကြေးရေးပိုင်းကို အားလုံးတာဝန်ယူရပါသည်။ ဆိုလိုသည်မှာ စက္ကူဝယ်ခြင်း၊ ပုံနှိပ်ခြင်း၊ အယ်ဒီတာလစာပေးခြင်း၊ စာမူခပေးများ အားလုံးပင် ဖြစ်သည်။ ကိုတင်အောင်ကမူ စက္ကူကိစ္စ၊ ပုံနှိပ်ခြင်းကိစ္စ၊ ဖြန့်ချိရောင်းချခြင်းကိစ္စများကို တာဝန်ယူသည်ဖြစ်သော်လည်း အယ်ဒီတာအဖွဲ့နှင့် စာမူခကိစ္စကို မိမိတို့နှစ်ဦးအား တာဝန်လွှဲကာ ပုတ်ပြတ်ပေးပါသည်။ အဓိပ္ပာယ်မှာ အယ်ဒီတာအဖွဲ့ လစာနှင့် စာမူခအတွက် သတ်မှတ်ထားသော ငွေကြေးကို

ပေးပြီး မိမိတို့က ခွဲဝေပေးရမည်ဖြစ်သည်။ အယ်ဒီတာကို ဘယ်လောက်၊ တာဝန်ခံအယ်ဒီတာချုပ်ကို ဘယ်လောက်၊ ဝတ္ထုရှည် ဘယ်လောက်၊ ဝတ္ထုတို ဘယ်လောက် ဆိုသည်ကို သူက မပြောပါ။ သူက အားလုံးအတွက် ကြိတ်နှုန်းပေးပါသည်။ တစ်လကို နှစ်ထောင်ဟု ထင်သည်။

သို့ဖြင့် ကိုမိုးဝေနှင့် မိမိတို့ တစ်မျိုး စီစဉ်ရသည်။ ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာစာမူခများ၊ ပန်းချီနှင့် ကာတွန်းခများကို သတ်မှတ်ရသည်။ ထိုစဉ်က အဆင့်အမျိုးမျိုး ရှိပါသည်။ ဝတ္ထုရှည်ဆိုလျှင် နှစ်ရာ၊ သုံးရာ၊ လေးရာ။ ဝတ္ထုတိုဆိုလျှင် လေးဆယ်၊ ငါးဆယ်၊ ခုနစ်ဆယ့်ငါးကျပ်၊ တစ်ရာ။ ကာတွန်းဆိုလျှင် တစ်ဆယ့်ငါးကျပ်၊ သုံးဆယ်၊ ငါးဆယ်၊ ပန်းချီဆိုလျှင် နှစ်ဆယ့်ငါးကျပ်၊ လေးဆယ်၊ ငါးဆယ် စသည်ဖြင့် ဖြစ်သည်။ ယင်းသို့ အမျိုးအစားသတ်မှတ်ရာတွင် အယ်ဒီတာနှင့် စာရေးဆရာများ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ မကြာခဏ ပြဿနာဖြစ်ရသည်။ အယ်ဒီတာများ အဆုံးအဖြတ်မှားသည်များ၊ တမင်နှိမ်ပေးသည်များရှိသလို စာရေးဆရာများ၊ ပန်းချီဆရာများကလည်း အယ်ဒီတာများအပေါ် အထင်အမြင် မှားကြသည်။

မိမိတို့သည် လက်ထောက်အယ်ဒီတာဖြစ်သော အောင်ကျော်အတွက် ပုံမှန်လစာ သတ်မှတ်ပေးသည်။ ထို့နောက် လစဉ် စာမူခနှင့် ပန်းချီကာတွန်းခများ သတ်မှတ်တွက်ချက်ပေးသည်။ တစ်လတစ်လ မတူပါ။ စာမူအရေအတွက် အနည်းအများနှင့် စာမူအမျိုးအစား ကွဲပြားမှုအပေါ်မူတည်ပြီး ငွေအရေအတွက် ကွဲပြားခြားနားလေ့ရှိသည်။ စာမူခပေးပြီး ကျန်ရှိသောငွေကို ကိုမိုးဝေနှင့်မိမိ အညီအမျှခွဲယူပါသည်။ သို့ဖြင့် မိမိတို့၏လစာမှာ တစ်လနှင့်တစ်လ မတူညီဘဲ နည်းလိုက်များလိုက် ဖြစ်နေပါသည်။ သို့ဖြင့် စာမူတွေတိုးပြီး အရေအတွက်များလျှင် "ဒီလတော့ ကျုပ်တို့အတွက် ကျန်တော့မှာ မဟုတ်ပါဘူး"ဟု ကိုမိုးဝေက ရယ်မောပြောဆိုတတ်ပါသည်။ သို့သော် ပျမ်းမျှကြေးပြောရလျှင်မူ ကိုမိုးဝေနှင့်

မိမိတို့သည် မြစာပေမှာတုန်းက ရသည်ထက် ကိုတင်အောင်–မစန်း စာပေတွင် ပို၍ ရရှိကြပါသည်။

ကိုမိုးဝေက ငွေရေးကြေးရေး တာဝန်ကို မိမိအား လွှဲထားသည်။ မိမိက ကိုတင်အောင်ထံမှ ငွေထုတ်ရမည်။ စာမူခ၊ ပန်းချီခများတွက်ပြီး ပေးရသည်။ ကျန်ရှိသော ငွေကို နှစ်ယောက်ခွဲရသည်။ ကိုမိုးဝေက ငွေ လိုလျှင် ကိုတင်အောင်ထံမှ ကြိုထုတ်ခိုင်းသည်။ ရံဖန်ရံခါတွင် မိမိက ကြိုထုတ်ထားသောငွေ များနေပြီဟု ပြောရသည်။ ထိုအခါ ကိုမိုးဝေသည် အောင်ကျော်နှင့် စာရေးပေးပြီး ကိုတင်အောင်ထံမှ တိုက်ရိုက်ထုတ်သည်။ သို့ဖြင့် အချို့လများတွင် မဂ္ဂဇင်းအတွက် ကျန်စာမူခများပေးရန် ရှိသော အခါ ငွေမလောက် ဖြစ်ရသည်။ ထိုအခါ ကိုမိုးဝေနှင့် မိမိက ကိုတင် အောင်ထံမှ မိမိတို့ လုံးချင်းစာရင်းမှ ပေးပါဟု ထုတ်ယူရပြီး ဖြည့်ထည့် ကြရသည်။ မိမိမှာ မဂ္ဂဇင်းစာရင်း၊ မိမိ၏ လုံးချင်းစာမူခစာရင်း၊ ကို မိုးဝေ၏ စာရင်းများနှင့် လုံးထွေးနေရတော့သည်။ ကိုတင်အောင်ကလည်း "ခင်ဗျားတို့နှစ်ယောက် စာရင်းလုပ်ရတာ ကျွန်တော် မျက်စိလည်နေပြီ။ ကြာရင် ရှုံးရလိမ့်မည်" ဟု ညည်းသည်။ သို့သော် မိမိတို့ ငွေထုတ်လျှင် တစ်ခါမျှ ငြင်းလေ့မရှိပါ။ သူ့ထံမှ မိမိတို့ယူထားသည်မှာ အမြဲတမ်း ပိုနေတတ်ပါသည်။

ကိုတင်အောင်–မစန်းစာပေသို့ ရောက်ရှိသောအခါ ကိုမိုးဝေသည် လုံးချင်းလေးငါးပုဒ် တစ်ပြိုင်တည်း ရေးရခြင်း၊ အပေါင်းအသင်းများနှင့် စားသောက်ဆိုင်များတွင် အထိုင်များခြင်း၊ မိမိအပေါ်တွင် ယုံကြည်ခြင်း တို့ကြောင့် စုံထောက်မဂ္ဂဇင်း ကိစ္စအဝဝကို မိမိနှင့်သာ လွှဲထားပါသည်။ အချို့သူများက မိမိလုပ်ပုံကိုင်ပုံများကို မကျေနပ်၍ တိုင်လျှင် "ကျွန်တော် သူ့ကိုယုံလို့ လွှဲထားတာပါ၊ သူလုပ်တာ ကျွန်တော်ဘာမှ ဖျက်စရာ မရှိဘူး" ဟု ပြန်ပြောလေ့ရှိပါသည်။

မိမိမှာလည်း သူကယုံကြည်စိတ်ချစွာ လွှဲထားသဖြင့် အထူးတာ

ဝန်ကြီးပါသည်။ မဂ္ဂဇင်း၏ မူဝါဒမှာသည် မဂ္ဂဇင်းအပြင်အဆင်၊ စောင်ရေ အတက်အကျတို့ကို တာဝန်ခံရပါတော့သည်။ စုံထောက်မဂ္ဂဇင်းဟူသော အမည်ကို ခံယူထားသည့်အလျောက် စုံထောက်နှင့် သည်းထိတ်ရင်ဖို ဝတ္ထုများကို မှန်မှန်ဖော်ပြလျက် ရှိသော်လည်း စာပေဆောင်းပါးများနှင့် ဘဝသရုပ်ဖော် ဝတ္ထုများနှင့် မျက်မှောက်ခေတ်ကို ထင်ဟပ်သော ကဗျာများကိုလည်း တိုးချဲ့ဖော်ပြပါသည်။

ဤနေရာတွင် မျက်မှောက်ခေတ်ကို ထင်ဟပ်သော ကဗျာများဟု မိမိအသုံးပြုထားသည်ကို စာဖတ်သူများ သတိပြုမိပါလိမ့်မည်။ စကားလုံးကို တိုတိုသုံးရလျှင် မျက်မှောက်ခေတ် ကဗျာများဟု ဆိုနိုင်ပါသည်။ အကျယ်ကိုဆိုရလျှင် မျက်မှောက်ခေတ် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး တို့ကို ထင်ဟပ်သောကဗျာများ ဖြစ်ပါသည်။

ထိုစဉ်က အခြားမဂ္ဂဇင်းများတွင် ဖော်ပြနေသော ကဗျာများမှာ အချစ်၊ အလှ၊ အလွမ်း၊ ရာသီဘွဲ့တို့သာ များပါသည်။

မိမိမဂ္ဂဇင်းတွင် ပါရှိသော ကဗျာများက ပြည်သူလူထု ကြုံတွေ့နေရသော စားဝတ်နေရေး ပြဿနာ၊ လူတန်းစား ကွာဟမှုမှ ဖြစ်ပေါ်လာသော ပဋိပက္ခများ၊ နိုင်ငံတကာတွင် ထိုစဉ်က ရှေ့တန်းရောက်နေသော ငြိမ်းချမ်းရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးတို့ဖြစ်သည်။ မိမိမဂ္ဂဇင်းမှ ကဗျာများသည် တောင်ဗီယက်နမ်မှ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲနှင့် တောင်အာဖရိကမှ အသားအရောင် ခွဲခြားရေးတို့ကို အင်နှင့်အားနှင့် ဒေါနှင့်မာန်နှင့် ထောက်ခံခဲ့ကြပါသည်။ ယင်းကဗျာများကို ရေးဖွဲ့ရာတွင်လည်း အားမာန်ပြည့်ဝစေရန် ကာရန်အထိန်းအချုပ်များကို လျှော့ပေါ့ပေးခဲ့ပါသည်။ အကြောင်းအရာနှင့် လျော်ညီသော ကာရန်သစ်များကို သုံးစွဲဆခဲ့ပါသည်။

ယင်းကဗျာများသည် နောင်အခါ လူအများက “မိုးဝေကဗျာ”၊

"ခေတ်ပေါ်ကဗျာ"၊ "တော်လှန်ကဗျာ" ဟုခေါ်သော ကဗျာခေတ်တစ်ခေတ်၏ မူလအစပင် ဖြစ်ပေလိမ့်မည်။

မိုးဝေကဗျာကို လေ့လာလျှင် ၁၉၆၀ ပြည့်လွန် နှစ်ဝက်ပိုင်းလောက်က စုံထောက်ကဗျာများမှ စတင်ကြည့်ရှုမှသာလျှင် ဆင့်ကဲဆင့်ကဲ တိုးတက်ဖြစ်ထွန်းလာမှုများကို တွေ့ရှိရပါသည်။

၁၉၆၇ ခု၊ ဩဂုတ်လတွင် စာရေးဆရာမိုးဝေ ကွယ်လွန်သဖြင့် သူ့ကို ဂုဏ်ပြုသောအားဖြင့် သူပြုစုပျိုးထောင်ခဲ့သော စုံထောက်မဂ္ဂဇင်းကို ၁၉၆၈ ခု၊ ဖေဖော်ဝါရီတွင် သူ၏အမည် "မိုးဝေ" ဖြင့် ထုတ်ဝေသော **မဂ္ဂဇင်းသည်** စာပေမဂ္ဂဇင် တစ်စောင်အဖြစ် ရုတ်ခြည်းပေါ်လာခြင်း **မဟုတ်ဘဲ ကိုမိုးဝေ** မကွယ်လွန်ခင်ကတည်းကပင် စုံထောက်မဂ္ဂဇင်းတွင် အစပျိုး သန္ဓေတည်ခဲ့ခြင်း ဖြစ်ပါသည်။

❑

# ကျောထောက်နောက်ခံ အသိုင်းအဝိုင်း

မြန်မာမဂ္ဂဇင်း ဂျာနယ်များတွင် ယခင်ကရော ယခုအထိပါ တကယ် အလုပ်လုပ်သောနှင့် အမှန်တကယ် လစာရရှိသော အယ်ဒီတာအဖွဲ့ဝင်ဟူ၍ အလွန်ဆုံး လေးငါးယောက်မျှသာဖြစ်သည်။ အချို့ မဂ္ဂဇင်းများဆိုလျှင် တစ်ယောက်တည်း သို့မဟုတ် အကူတစ်ယောက်ယောက်နှင့် လုပ်ကိုင်နေကြပါသည်။ အချို့ဆိုလျှင် အယ်ဒီတာရုံးခန်း မဆိုထားဘိ။ အယ်ဒီတာစားပွဲဟူ၍ပင် မည်မည်ရရမရှိဘဲ လွယ်အိတ်တစ်လုံးနှင့် ကြုံရာစားပွဲတွင် လုပ်ကိုင်ကြရပါသည်။ သို့သော် အယ်ဒီတာချုပ်၊ တာဝန်ခံအယ်ဒီတာ၊ အမှုဆောင်အယ်ဒီတာ၊ အုပ်ချုပ်မှုအယ်ဒီတာ၊ အယ်ဒီတာအဖွဲ့ဝင် စသည်တို့ကိုမူ မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် မြင်တွေ့နေကြရပါသည်။

အချို့မဂ္ဂဇင်း ဂျာနယ်များတွင်မူ သားသမီးဆွေမျိုးများ၊ အပေါင်းအသင်း မိတ်ဆွေများ၏ နာမည်များကို ဟိုတာဝန်ခံ၊ သည်တာဝန်ခံအဖြစ် ထည့်းကောင်း ဖော်ပြထားကြပါသည်။ နိုင်ငံခြားမဂ္ဂဇင်းများတွင် အယ်ဒီတာအဖွဲ့ဝင်စာရင်းနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်စာရင်းများ တစ်လျှောက်ကြီးပါရှိသည်ကို အားကျ၍ဖြစ်ပေမည်။ အမှန်ကိုဝန်ခံရလျှင် မိမိတို့လည်း တစ်ကြိမ်က အမည်ခံ အယ်ဒီတာအဖွဲ့ဝင် စာရင်းကို ဖော်ပြခဲ့ဖူးပါသည်။ ၁၉၅၃ ခုနှစ်က ဖြစ်သည်။ "ရှုမ်ုရှင်ဝတ္ထု" မဂ္ဂဇင်းကို ထုတ်ဝေသောအခါ

စုံထောက်ဝတ္ထုမဂ္ဂဇင်းတွင် ပါဝင်ရေးသားနေသူများ၊ စုံထောက်မဂ္ဂဇင်း၊ ခေတ်ပြင်စာပေတိုက်တို့နှင့် အဆက်အသွယ်ရှိသူများ အားလုံးကို အယ်ဒီတာ အမည်အမျိုးမျိုးတပ်ကာ မဂ္ဂဇင်းနောက်ကျောဖုံးအပြည့် ဖော်ပြခဲ့ပါသည်။ သည့်နောက်တွင်လည်း "မော်ကွန်း" သတင်းမဂ္ဂဇင်းဆိုသည် ထွက်လာသောအခါ အယ်ဒီတာအမည် လှည်းတစ်စီးတိုက်မျှ ဖြစ်ပါသည်။

စုံထောက်မဂ္ဂဇင်းကို မြစာပေမှ စတင်ထုတ်ဝေတော့ အမှန်တကယ် အယ်ဒီတာအဖွဲ့ဝင် ငါးဦးရှိပါသည်။ မိုးဝေ၊ တက္ကသိုလ် နန္ဒမိတ်၊ မိမိ၊ အောင်ကျော်၊ ရဲကျော်တို့ဖြစ်ပါသည်။ နောင်တွင် တက္ကသိုလ်နန္ဒမိတ်နှင့် ရဲကျော်တို့ ထွက်သွားကြသောအခါ မိုးဝေ၊ မိမိနှင့် အောင်ကျော်တို့ သုံးဦးသာ ကျန်ရှိသည်။ ယင်းသုံးဦးပင် အယ်ဒီတာလစာ ခွဲဝေယူပုံကို လည်း ဖော်ပြခဲ့ပြီ။ ကိုမိုးဝေ ကွယ်လွန်သောအခါ မိမိနှင့် အောင်ကျော် နှစ်ဦးသာ ကျန်ရှိပါသည်။ သို့သော် အောင်ကျော်မင်းအမည်ကို အယ်ဒီတာ အဖွဲ့စာရင်းတွင် ထည့်သွင်းဖော်ပြလိုက်သောအခါ အယ်ဒီတာသုံးဦး ပြန်ဖြစ်သွားပါသည်။

အမှန်မှာ ဦးအောင်ကျော်မင်းသည် အစက အယ်ဒီတာအဖွဲ့ဝင် မဟုတ်ပါ။ ပုံနှိပ်တိုက်မှ အလုပ်သမားတစ်ဦးသာ ဖြစ်ပါသည်။ ပုံနှိပ် တိုက်အနေနှင့် စာပြင်ဆရာ တစ်ဦးထားပေးရန် မိမိက ကိုတင်အောင်ကို ပြောသောအခါ ကိုတင်အောင်က လူရှာရန်ပြောပါသည်။ ထိုအခါ ဦး အောင်ကျော်မင်းသည် ကိုတင့်ဆန်းနှင့် ပတ်သက်ပြီး မိမိတို့အသိုင်း အဝိုင်းသို့ ရောက်လာပါသည်။ တာဝန်မှာ စာပြင်ရန်ဖြစ်ပါသည်။ လစာ ကို ပုံနှိပ်တိုက်မှ ပေးပါသည်။ စုံထောက်နှင့် မပတ်သက်ပါ။ သို့သော် သူ၏အဓိတာဝန်မှာ စုံထောက်မဂ္ဂဇင်း ပရုဖ်များကို ပြင်ပေးရန် ဖြစ်ပါသည်။

ဦးအောင်ကျော်မင်းနှင့် ထိတွေ့ဆက်ဆံရသောအခါ ခင်မင်လေး စားဖွယ်ရာ ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ရိုးသားသည်။ စိတ်ထားကောင်းသည်။ အလုပ်ကို လေးစားသည်။ မိမိထက် အသက်ကြီး

သဖြင့် ဦးတပ်ပြီး ဦးအောင်ကျော်မင်းဟု ခေါ်ပါသည်။ သူက စာလည်း ရေးသည်။ စာရေးဆရာတစ်ဦးပင် ဖြစ်သည်။ မြန်မာစာပေနှင့် ယဉ်ကျေးမှု ရေးရာများကို ရေးသည်။ စုံထောက်မဂ္ဂဇင်းတွင် သူ့စာများ ပါပါသည်။ သူက မဂ္ဂဇင်းနှင့် ပတ်သက်သည်များကိုလည်း တတ်နိုင်သမျှ ဝိုင်းဝန်း လုပ်ဆောင်ပေးသည်။ စာရေးဆရာအချို့ထံမှ စာမူတောင်းပေးသည်။ နယ်မှလာသော စာမူများကိုလည်း ဝိုင်းကူဖတ်ပေးသည်။ သို့ဖြင့် မိမိက သူ့ကို စုံထောက်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့တွင် ထည့်သွင်းလိုက်သည်။ သူ့အတွက် လစာကို မဂ္ဂဇင်းမှ "ဆောင်း" ပေးသည်။ အဓိပ္ပာယ်မှာ သူ့ကို ပုံနှိပ်တိုက်မှလည်း လစာပေးပြီး မဂ္ဂဇင်းမှလည်း တတ်နိုင်သမျှ ထပ်ဖြည့်ပေးခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် စုံထောက်မဂ္ဂဇင်း၊ နောင်တွင် မိုးဝေ ၊ဂ္ဂဇင်း၌ အယ်ဒီတာသုံးဦး ရှိပါသည်။

သို့သော် စုံထောက်မဂ္ဂဇင်း (နောင်တွင် မိုးဝေမဂ္ဂဇင်း)တွင် အမည်မခံသော အယ်ဒီတာများ ရှိနေသည်ကို ပြောရပါမည်။ သို့မှသာ လျှင် ထိုပုဂ္ဂိုလ်များ၏ ကူညီမှုကို အသိအမှတ်ပြုရာ၊ ကျေးဇူးတင်ရှိရာ ကျပါမည်။ ထိုပုဂ္ဂိုလ်များမှာ မိမိ၏ ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည့် မင်းကျော်၊ မောင်နေဝင်း၊ ကျော်အောင်နှင့် ညွန့်ကြူးတို့ပင် ဖြင်ကြပါသည်။

မိမိအကြိမ်ကြိမ် ရေးခဲ့ဖူးသည့်အတိုင်းပင် မင်းကျော်နှင့် မောင် နေဝင်းတို့သည် မိမိနေ့စဉ် တွေ့နေကြသူများပင် ဖြစ်သည်။ မနက်မိုးလင်း လျှင် ဖုန်းအဆက်အသွယ် လုပ်ကြသည်။ နေ့ခင်းကျလျှင် မဂ္ဂဇင်းတိုက် သို့ သူတို့လာကြသည်။ ညနေကျလျှင် တစ်နေရာသို့ သွားကြသည်။

ကိုကျော်အောင်၊ ကိုညွန့်ကြူးတို့နှင့်လည်း နေ့စဉ်အဆက်အသွယ် ရှိနေပါသည်။ သူတို့က မင်းကျော်နှင့် တစ်ရုံးတည်းဖြစ်သဖြင့် မင်းကျော် သည် ကျော်အောင်၊ ညွန့်ကြူးတို့နှင့် မိမိ၊ မောင်နေဝင်းတို့၏ ဆက်သွယ် ရေးအရာရှိပင် ဖြစ်ပါသည်။ သူတို့မှာစရာရှိလျှင် မင်းကျော်နှင့် မှာလိုက်

သည်။ မိမိတို့ချင်းလည်း နေ့စဉ်ပင် ဖုန်းအဆက်အသွယ်ရှိသည်။ လူချင်းလည်း တစ်ပတ်လျှင် အနည်းဆုံး တစ်ခါလောက်တော့ တွေ့ကြသည်။ မိမိနှင့် မောင်နေဝင်း ဖုန်းဆက်ပြီး မင်းကျော်၏ရုံးသို့ သွားကြသည်။ ဤတွင် ကိုကျော်အောင်တို့၊ ကိုညွန့်ကြူးတို့နှင့် စကားပြောကြသည်။ ပြီးလျှင် မိမိတို့သုံးယောက် မြို့ထဲသို့ အတူလာကြသည်။ မကြာမကြာလည်း တစ်အိမ်အိမ်၊ တစ်ဆိုင်ဆိုင်တွင် ချိန်းပြီးတွေ့ကြပါသည်။

မိမိတို့သည် စာပေအဖွဲ့အစည်းများတွင် အတူပါဝင်ခဲ့ကြသည်။ စာရေးဆရာအသင်း၊ စာရေးဆရာ စာပေကလပ်နှင့် စာရေးဆရာ သမဂ္ဂတို့တွင် အတူလုပ်ဆောင်ခဲ့ကြပါသည်။ အဖွဲ့အစည်းများ မရှိသောအခါတွင်လည်း စာပေရေးရာများနှင့် စာပေလှုပ်ရှားမှုများကို အမြဲပင် အမြင်ချင်းဖလှယ်ပြီး လုပ်စရာရှိသည်တို့ကို လုပ်ကြသည်။ ရေးစရာရှိသည်များကို ရေးကြသည်။

မိမိတို့သည် နိုင်ငံတကာ စာပေမဂ္ဂဇင်းများ၊ နိုင်ငံတကာ စာပေလှုပ်ရှားမှုများ၊ ခေတ်သစ်နှင့် ဂန္ထဝင်စာအုပ်များကို ထိတွေ့ဖတ်ရှုနေကြရသဖြင့် မြန်မာစာပေလောကတွင် ပြန်လည်ဖြန့်ဝေ လိုကြပါသည်။ မိမိတို့၏ စာပေအမြင်၊ စာပေအတွေ့အကြုံများကို ဖော်ပြလိုကြပါသည်။

စစ်ပြီးခေတ်တွင် တာရာမဂ္ဂဇင်း၊ စာပေသစ်မဂ္ဂဇင်း၊ လင်းယုန်၊ မြန်မာစာပေမဂ္ဂဇင်းတို့ မရှိသည့်နောက်တွင် တိုးတက်သော စာပေသဘောတရား၊ နိုင်ငံတကာ စာပေလှုပ်ရှားမှုနှင့် ခေတ်သစ်နိုင်ငံတကာ စာပေတို့ကို တင်ပြပေးသော မဂ္ဂဇင်းဟူ၍ မရှိတော့သည့်အခါတွင် မိမိတို့သည့် စာပေမဂ္ဂဇင်းတစ်စောင် ထုတ်ဝေလိုစိတ် အားသန်နေခဲ့ကြပါသည်။ စုံထောက်မဂ္ဂဇင်းတွင် စာပေဆောင်းပါးများ ရေးသားခဲ့ကြသော်လည်း "စုံထောက်" ဟူသော အမည်က အနည်းငယ် အတားအဆီး ဖြစ်နေပါသည်။

သို့ဖြင့် ကိုမိုးဝေ ကွယ်လွန်သောအခါ သူ့ကိုဂုဏ်ပြုသောအား

ဖြင့် မဂ္ဂဇင်းအမည်ကို "မိုးဝေ" သို့ ပြောင်းလဲသလို၊ မဂ္ဂဇင်း၏ ဘောင်ကိုလည်း ကိုမိုးဝေသည် စုံထောက်နှင့် လျှို့ဝှက်သည်းဖိုဝတ္ထုများ သာမက ဘဝသရုပ်ဖော်ဝတ္ထုများကို ရေးသားသူ၊ နိုင်ငံတကာ ဂန္ထဝင်စာပေများကို ဘာသာပြန်ဆိုခဲ့သူ ဖြစ်သည့်အလျောက် စာပေမဂ္ဂဇင်းအဖြစ်သို့ ချဲ့ထွင်ခဲ့ပါသည်။

မိုးဝေကို စာပေမဂ္ဂဇင်းအဖြစ် ဖောင်ဆောင်ရာတွင် မင်းကျော်၊ မောင်နေဝင်း၊ ကျော်အောင်၊ ညွန့်ကြူးတို့သည် မိမိနှင့် အမြဲတမ်း တိုင်ပင်ဆွေးနွေးပြီး အကြံဉာဏ်များ ပေးကြသည်။ လိုအပ်သည်များကို ဝိုင်းလုပ်ပေးကြပါသည်။ စာပေနှင့် ယဉ်ကျေးမှုဆောင်းပါးများကို တာဝန်ခွဲပြီး ရေးကြပါသည်။ ထို့မျှမက မိုးဝေခေါင်းကြီးကိုလည်း ဝိုင်းကူရေးကြသည်။ မိုးဝေကဗျာ ခေါင်းကြီးကိုလည်း ဝိုင်းကူရေးကြသည်။ မိမိတို့ ငါးယောက်သည် "နွယ်သစ်" အမည်ဖြင့် စာပေဝေဖန်ရေး လုပ်ခဲ့ကြသေးသည် မဟုတ်ပါလား။

သို့ဖြင့် မိုးဝေစာပေမဂ္ဂဇင်းကို မိမိတာဝန်ခံ ထုတ်ဝေရာတွင် မင်းကျော်၊ မောင်နေဝင်း၊ ကျော်အောင်နှင့် ညွန့်ကြူးတို့သည် မိမိ၏ ကျောထောက်နောက်ခံ အသိုင်းအဝိုင်းဖြစ်ပါသည်။ သို့မဟုတ် အမည်မခံသော အယ်ဒီတာများ ဖြစ်ကြပါသည်။ အမှန်တကယ်ပင် သူတို့သည် မိုးဝေ၏ အရေးကြီးသော စာမူများကို ဝိုင်းကူဖတ်ရှု တည်းဖြတ်ပေးခဲ့ကြပါသည်။ သူတို့သည် အယ်ဒီတာလစာကို မယူကြရုံမျှမက ရံဖန်ရံခါတွင် စာမူခကိုပင် အပြည့်အဝ မယူကြပါ။

သူတို့သည် မိုးဝေ၏ ကျောထောက်နောက်ခံ အသိုင်းအဝိုင်း သို့မဟုတ် အရိပ်အယ်ဒီတာအဖွဲ့ ဖြစ်သည်ဟုဆိုသော်လည်း မိုးဝေ၏ ကောင်းကျိုး ဆိုးကျိုးများကိုကား မိမိကသာ တာဝန်ခံရမည် ဖြစ်ပါသည်။ အကြောင်းမှာ နောက်ဆုံး အဆုံးအဖြတ်ကို မိမိက လုပ်ဆောင်သောကြောင့် ဖြစ်ပါသည်။ ရံဖန်ရံခါတွင် ၎င်းတို့သဘောမတူဘဲနှင့် မိမိဘာသာ

လုပ်ဆောင်ခဲ့သည်များလည်း ရှိပါသည်။

မည်ကဲ့သို့ဖြစ်စေ၊ ၎င်းတို့၏ ဝိုင်းဝန်းကူညီမှုကိုကား မိမိအစဉ်အသိအမှတ်ပြုနေပြီး ထာဝရ ကျေးဇူးတင်ရှိနေပါသည်။

အလားတူပင် မိုးဝေ ကဗျာလမ်းကြောင်းကို ဖော်ဆောင်ရာတွင်လည်း မိမိကို ဝိုင်းဝန်းကူညီခဲ့သော နောက်ခံအသိုင်းအဝိုင်း ရှိပါသည်။ ၎င်းတို့အကြောင်း ထည့်သွင်းပြောဆိုခြင်း မပြုလျှင် မိုးဝေမဂ္ဂဇင်းအကြောင်း၊ မိုးဝေကဗျာအကြောင်းတို့သည် ပြည့်စုံမည် မဟုတ်ပါ။

❐

## မိုးဝေကဗျာ ဥယျာဉ်မှူးများ

ထိုစဉ်က မဂ္ဂဇင်းများတွင် ပါဝင်သော စာပေအမျိုးအစားများမှာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာဟူ၍ဖြစ်သည်။ တချို့က စာညွန့်ဟူ၍ ဖြည့်ထည့်သည်။ ဘာသာပြန်လည်း တစ်ပုဒ်စနစ်ပုဒ်စ ထည့်ကြသည်။ မဂ္ဂဇင်းဖွဲ့စည်းမှုပုံစံမှာလည်း မာတိကာပြီးလျှင် ကဗျာ၊ ပြီးလျှင် ဆောင်းပါး၊ ပြီးလျှင် ဝတ္ထုဖြစ်သည်။ ဝတ္ထုရှည်ကို နောက်ဆုံးတွင် ထားလေ့ရှိကြသည်။

မိုးဝေလည်း သည်ပုံစံပင်ဖြစ်သည်။ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ သို့မဟုတ် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ ဝတ္ထုရှည်ဟူ၍ပင် ဖြစ်ပါသည်။ သို့သော် ဆောင်းပါးများကို ဖော်ပြရာ၌ သုတနှင့် စာပေအနုပညာဟူ၍ ရှိရာတွင် စာပေအနုပညာ ဆောင်းပါးများကို အဓိကထား၍ ဖော်ပြပါသည်။ စာပေအနုပညာနှင့် ပတ်သက်သော အသိပညာပေး ဆောင်းပါးများ၊ သဘောတရားရေးရာ ဆောင်းပါးများ၊ မော်ကွန်းမှတ်တမ်း ဆောင်းပါးများ၊ အကဲဖြတ်ဝေဖန်ရေး ဆောင်းပါးများဟူ၍ ဖြစ်ပါသည်။ စာပေမဂ္ဂဇင်းဟု အမည်ခံသည်နှင့်အညီ စာပေသဘောတရား၊ စာပေဝေဖန်ရေး ဆောင်းပါးများကို ပို၍ဦးစားပေးပါသည်။

ဝတ္ထုနှင့်ကဗျာများကို ဖော်ပြရာတွင်လည်း ဇာတ်လမ်း ဇာတ်ကွက်နှင့် ကာရန် အချိတ်အဆက်တို့ကိုသာ အဓိကထားသော ပုံစံများထက်

ခံစားမှုနှင့် အတွေးအမြင်ကို ဖော်ကျူးသော ဖန်တီးမှုများကိုသာ အဓိက ထားဖော်ပြပါသည်။ အကြောင်းအရာပိုတွင်လည်း ပုဂ္ဂလိကခံစားမှု ထက် ပြည်သူအများ မျက်မှောက် ကြုံတွေ့နေရသည်တို့ကို အလေးထား ပါသည်။

သို့ဖြင့် မိုးဝေမဂ္ဂဇင်းတွင် ပါရှိသောဝတ္ထု၊ ဆောင်းပါး၊ ကဗျာ တို့သည် ခေတ်ပြိုင် အခြားမဂ္ဂဇင်းများတွင် ပါရှိသော ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများနှင့် အနည်းနှင့် အများဆိုသလို ခြားနားလျက်ရှိသည်ကို တွေ့ ရပါသည်။ အကြောင်းအရာ ခြားနားသည်နှင့်အမျှ အရေးအဖွဲ့တို့လည်း ခြားနားကြတော့သည်။

မိမိသည် မဂ္ဂဇင်းတစ်ခုကို ပုံစံသွန်းလောင်းရာတွင် မိမိလိုချင် သော စာမူများရရှိရေးအတွက် ကျွမ်းကျင်သော စာပေပညာရှင်များထံ တွင် ချဉ်းကပ်တောင်းဆိုရသလို မဂ္ဂဇင်းသို့ ပေးပို့သော စာမူများအနက် မှလည်း စိစစ်နှိုက်ထုတ်ရပါသည်။

မိမိသည် လိုချင်သောနှင့် ကောင်းမွန်သော စာမူများကို စိစစ်နှိုက် ထုတ်ရာတွင် အားလုံးကို မိမိဘာသာ ကိုယ်တိုင်ပြုလုပ်လိုပါသည်။ သို့သော် လက်တွေ့တွင် မလွယ်ကူပါ။ စာမူတွေ များလာသောအခါ တစ်ယောက်တည်း နှစ်ယောက်တည်းနှင့် မနိုင်ပါ။

မဂ္ဂဇင်းတိုက်များ ပုံစံအရဆိုလျှင်လည်း လက်ထောက်အယ်ဒီတာ များ၊ အယ်ဒီတာအဖွဲ့ဝင်များက စာမူများကို ပထမအဆင့် ဖတ်ရှုကြရပါ သည်။ ထို့နောက် မှတ်ချက်ရေးသားပြီး အထက်အယ်ဒီတာသို့ တင်ပြရ ပါသည်။ မှတ်ချက်များကိုကြည့်ပြီး၊ လိုအပ်ပါက စာမူကို ထပ်ဖတ်ပြီး၊ အယ်ဒီတာချုပ် သို့မဟုတ် တာဝန်ခံအယ်ဒီတာက ရွေးခြင်းပယ်ခြင်း ပြုရပါသည်။

မိမိသည် ဝတ္ထုစာမူအချို့ကို အောင်ကျော်နှင့် အောင်ကျော်မင်း တို့အား အရင်ဖတ်ရန် ခွဲပေးပါသည်။ သို့သော် ဆောင်းပါးများနှင့်

ကဗျာများကိုကား မိမိကိုယ်တိုင် အားလုံးဖတ်ရှုပါသည်။ ဆောင်းပါးများမှာ စာပေဆောင်းပါးများ၊ သဘောတရားရေး ဆောင်းပါးများဖြစ်သဖြင့် အထူးဂရုစိုက်ပြီး ဖတ်ရပါသည်။ ဆောင်းပါးတွေ သိပ်များနေသောအခါတွင် မင်းကျော်နှင့် မောင်နေဝင်းတို့က ရှံဖန်ရံခါတွင် ကူဖတ်ပေးကြပါသည်။

ကဗျာများကိုမူကား တစ်လစာစုထားပါသည်။ စာမူပိတ်သည့်နေ့သည် လစဉ် (၁၅)ရက်နေ့ဖြစ်လျှင် (၁၆)ရက်နေ့မှ (၁၅)ရက်နေ့အထိ ရောက်ရှိလာသော ကဗျာများကိုဖတ်သည်။ ကဗျာများကို အိမ်သို့ယူသွားလေ့ရှိပါသည်။ များသောအားဖြင့် မိမိသည် စာမူများကို အိမ်မှာသာ ဖတ်လေ့ရှိပါသည်။ အေးအေးဆေးဆေး အာရုံစိုက်ပြီး ဖတ်နိုင်ရန်ဖြစ်သည်။

တစ်နေ့လျှင် ကဗျာအပုဒ် နှစ်ဆယ် သုံးဆယ်ခန့်ရောက်ရှိတတ်ရာ တစ်လလျှင် ကဗျာအပုဒ် (၇၀၀)ကျော် (၁၀၀၀)ခန့်အထိ ရှိပါသည်။ ကဗျာများကို ဖတ်ရာတွင် ပထမအဆင့်အဖြစ် ကောင်းမွန်သော ကဗျာများကို ရွေးထုတ်ပါသည်။ အပုဒ်လေးငါးဆယ်ခန့် ရတတ်ပါသည်။ ထိုအထဲကမှ အသုံးပြု၍ ဖြစ်နိုင်သော (အငြိအစွန်းကင်းသော) ကဗျာများနှင့် အသုံးပြုနိုင်သော ကဗျာများကို ဆန်ခါတင် ရွေးချယ်ရသည်။

ထိုခေတ်က ကဗျာများကို ရှေ့ဘက်တွင် ပုံဖြင့်ဖော်ပြပြီး၊ စာမူခ ဆးသော ရှေ့တန်းကဗျာနှင့် နောက်ပိုင်းတွင် နေရာလွတ်သော အခါတွင်မှ သုံးပြီး စာအုပ်လက်ဆောင်သာပေးသော အဖြည့်ကဗျာဟူ၍ နှစ်မျိုးရှိပါသည်။ သို့ဖြင့် ရွေးထားသော ကဗျာများအနက်မှ ရှေ့တန်းတွင် အသုံးပြုသင့်သော ကဗျာများကို ရွေးထုတ်ရပြန်သည်။ သို့သော် ယင်းမှာ အမြဲတမ်း ပြဿနာဖြစ်တတ်ပါသည်။ အချို့သော ရှေ့တန်းကဗျာများသည် နောက်တန်းကဗျာများလောက် မကောင်းဘဲ အချို့သောအဖြည့်ခံ နောက်တန်းကဗျာများက ရှေ့တန်းကဗျာများထက် ပိုကောင်းနေတတ်ခြင်းပင် ဖြစ်သည်။

မိမိသည် နောက်ပိုင်းတွင် ကဗျာများ ရွေးချယ်အသုံးပြုရာတွင်

ပြုပြင်ပြောင်းလဲမှုများ အဆင့်ဆင့်ပြုလုပ်ခဲ့ပါသည်။ ပထမအဆင့်မှာ ကဗျာကို အဖြည့်ခံအဖြစ် မထည့်တော့ဘဲ နေရာပေးပြီး တစ်မျက်နှာပြည့် ဖော်ပြခြင်းဖြစ်သည်။ အဖြည့်ခံသဘောမှာ ဆောင်းပါးတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ် အဆုံးမှာ နေရာလစ်လပ်နေလျှင် ဘယ်နှကြောင်းခန့် နေရာလွတ်နေသည် ကိုကြည့်ပြီး၊ လိုအပ်သော စာကြောင်းရေနှင့် ညီမျှသည့်ကဗျာကို ထည့် သွင်းခြင်းဖြစ်သည်။ သို့ဖြင့် ကောင်းမွန်သော ကဗျာများသည် ကိုက်ညီ သော နေရာလွတ်မရှိသဖြင့် နှစ်လသုံးလမျှ ဖြည့်မထည့်နိုင်ထဲ ကျန်ရှိ နေတတ်ပါသည်။

သို့ဖြင့် မဂ္ဂဇင်းဖွဲ့စည်းပုံကို ပြင်ဆင်ကတည်းကပင် ရှေ့ဘက်တွင် ဘယ်နှမျက်နှာ၊ နောက်ဘက်တွင် ဘယ်နှမျက်နှာထည့်မည်ဟု လျာထား ခဲ့သည်။

နောက်တစ်ဆင့် ပြုလုပ်ခြင်းကတော့ နောက်ဘက်တွင် ပါဝင်သော ကဗျာများအတွက် စာမူခပေးခြင်းပင်ဖြစ်သည်။ မိုးဝေတွင်ပါရှိသော စာမူများအားလုံး စာမူခပေးရမည်ဟူသော မူအရ ကဗျာအားလုံးကို စာမူခ ပေးခဲ့ပါသည်။ ကဗျာကို အဖြည့်သဘောမထည့်ဘဲ နေရာသတ်မှတ် ၍ ထည့်ခြင်းနှင့် ပါသမျှကဗျာအားလုံးကို စာမူခပေးခြင်းတို့သည် မိုးဝေ မဂ္ဂဇင်းမှ စတင်ခဲ့ကြောင်း ထိုစဉ်က ကဗျာရေးသူများ၊ မဂ္ဂဇင်းလေ့လာသူ များအားလုံး သိရှိပါသည်။ ကဗျာစာမူခတွင်လည်း သူ့ခေတ် သူ့အခါ အလိုက် အမြင့်ဆုံးကို ပေးခဲ့ပါသည်။

ကဗျာများကို ဖတ်ရှုရာတွင် ပထမအဆင့် ဖတ်ရှုရာတွင်လည်း ကောင်း၊ ဒုတိယအဆင့် ဆန်ခါတင် ရွေးချယ်ရာတွင်လည်းကောင်း၊ တချို့ကဗျာများကို တစ်ခေါက် နှစ်ခေါက်မက အခေါက်ခေါက်အခါခါ ဖတ်ရသည်များ ရှိပါသည်။ သို့ဖြင့် ကဗျာများကို စုပြီးဖတ်ရာတွင် တစ် ရက် နှစ်ရက် သုံးရက် စသည်ဖြင့် ကြာတတ်ပါသည်။

ကဗျာတွေကို ဖတ်ရာတွင် မိမိမနိုင်မနင်း ဖြစ်နေသည်ကို သိရှိပြီး

စေတနာအရ ကူညီဖတ်ပေးရန် ပထမဆုံး ကမ်းလှမ်းလာသည့်သူမှာ ကဗျာဆရာ မောင်လေးအောင်ပင် ဖြစ်ပါသည်။

မောင်လေးအောင်သည် စုံထောက်မဂ္ဂဇင်းခေတ်ကတည်းပင် ကဗျာတွေရေးခဲ့ပြီး၊ နောက်ပိုင်းတွင် သူ့ကဗျာတွေ မိုးဝေမဂ္ဂဇင်းက လစဉ်လိုလို ပါရှိခဲ့သည်။ အကြောင်းမှာ သူ့ကဗျာတွေမှာ အထူးကောင်းမွန်ပြီး မိမိအထူးနှစ်ခြိုက်သဖြင့် ဖြစ်ပါသည်။

ထို့ပြင် မောင်လေးအောင်သည် ကဗျာလှုပ်ရှားမှု၊ စာပေလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်ရာ မိမိနှင့် ပုဂ္ဂိုလ်ချင်း ခင်မင်ရင်းနှီးမှုရှိပါသည်။ သူသည် နေ့စဉ်လိုလိုပင် မိုးဝေမဂ္ဂဇင်းတိုက်သို့ လာရောက်တတ်ပါသည်။ တိုက်သို့လာသော အခြားကဗျာဆရာများ၊ စာရေးဆရာများနှင့် စာပေကိစ္စများ ဆွေးနွေးတတ်သည်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်သည်။ စစ်တုရင်ထိုးသည်။ အချို့အချိန်များတွင် မိမိနှင့် နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောလေ့ရှိသည်။

တစ်နေ့တွင် သူက –

"ကိုနတ် အလုပ်တွေများနေတယ်၊ စာမူတွေဖတ်တာ မနိုင်ရင် ကျွန်တော် ကူဖတ်ပေးမယ်။ ကဗျာတွေ ကျွန်တော် ဖတ်ပေးရမလား။ နောက်ဆုံးပိတ် ရွေးတာပယ်တာကတော့ ကိုနတ်လုပ်ပေါ့"

သူနှင့် မိမိနှစ်ယောက်တည်း ပြောဆိုကြစဉ်များတွင် မိုးဝေတွင် ပါသော ကဗျာများအကြောင်း၊ မိုးဝေတွင် ရေးသားနေသူများ၏ အခြားကဗျာများအကြောင်းတို့ကို သူနှင့်မိမိ ဆွေးနွေးလေ့ရှိကြသည်။ သဘောချင်း တူညီကြသည်ကလည်း များသည်။ သို့ဖြင့် ကဗျာဖိုင်ကြီးကို သူ့လက်ထဲသို့ ထည့်လိုက်သည်။

သူက လူရှင်းသည့် အချိန်များတွင် ကဗျာများကို ဖတ်လေ့ရှိသည်။ သူနှစ်သက်သော ကဗျာများကိုရွေးပြီး မှတ်ချက်များရေးထားသည်။ ကဗျာစာရင်းပိတ်ပြီး နောက်တစ်နေ့တွင် မိမိလက်ထဲသို့ ကဗျာအပုဒ်

လေးငါးဆယ် ထည့်လိုက်သည်။ မိမိက သူရွေးထားသော ကဗျာများကို အိမ်တွင်ဖတ်ပြီး ဆန်ခါတင်ရွေးသည်။ နောက်တစ်နေ့တွင် ဘယ်ကဗျာများကို ရွေးထားကြောင်း၊ ဘယ်ကဗျာများကို ဘာကြောင့်မရွေးကြောင်း သူ့ကို အသိပေးသည်။ ထိုအခါ သူက မိမိမရွေးဘဲထားသည့် ကဗျာထဲမှ ဘယ်ကဗျာများကို ရွေးသင့်ကြောင်း ထပ်ပြောတတ်သည်။ ထိုအခါ သူနှင့်မိမိ ဆွေးနွေးပြီး ထပ်မံရွေးချယ်လိုက်ကြသည်။

ယင်းသို့ဖြင့် မောင်လေးအောင်သည် မိုးဝေမဂ္ဂဇင်းတွင် အမည်မခံသော ကဗျာအယ်ဒီတာ ဖြစ်လာသည်။ လခမယူသော အယ်ဒီတာလည်း ဖြစ်သည်။ သူက အသုံးလိုသော အခါများတွင်သာ အနည်းအပါး တောင်းယူတတ်သည်။ သူ့မှာ သုံးစရာဟူ၍လည်း ညနေဘက်တွင် ပုဇွန်တောင်ဆိုင်သို့ သွားရန်သာရှိသည်။

ထိုစဉ်က မိုးဝေမဂ္ဂဇင်းတိုက်တွင် ကဗျာဆရာများ၊ စာရေးဆရာများ အများဆုံး စုဝေးသည့်ကာလဟု ဆိုရပါမည်။ တစ်နေ့တစ်နေ့တွင် ကဗျာဆရာများ၊ စာရေးဆရာများ အနည်းဆုံး နှစ်ဆယ် သုံးဆယ်ခန့် လာရောက်ကြသည်။ မိုးဝေသို့လာသော ကဗျာဆရာများသည် ကဗျာကိစ္စများကို ဆွေးနွေးကြသည်။ မိုးဝေတွင်ပါသော ကဗျာများ၊ မိုးဝေတွင် ရေးသားနေသော ကဗျာဆရာများအကြောင်း ပြောကြဆိုကြသည်။ သို့ဖြင့် သူတို့သည် ကဗျာအယ်ဒီတာအဖွဲ့ဝင်များ ထင်ရသည်။ သူတို့ ဘွင်းဘွင်း ဝေဖန်ကြသည်။ တချို့ကဗျာများကို ဘွင်းဘွင်းဆွေးနွေးပြီး မိုးဝေတွင် သုံးသင့် မသုံးသင့် ဆွေးနွေးကြသည်။

မိုးဝေသို့ ဝင်ထွက်နေသော ကဗျာဆရာများတွင် ကဗျာဆရာလေးငါးဆယ်ယောက်သည် ကဗျာအရေးလည်း ကောင်းကြသည်။ ကဗျာစည်းရုံးရေးလည်း ကောင်းကြသည်။ နယ်မှ ကဗျာဆရာများနှင့် အမြဲတမ်းလိုလို အဆက်အသွယ်ရှိကြသည်။

သူတို့သည် ကဗျာကိစ္စများကို ဆွေးနွေးပြီးသော် မိုးဝေတွင်

ထည့်သင့်သောကဗျာများကို မိမိထံပေးကြသည်။ မိမိနှင့် တိုက်ရိုက်ထိတွေ့သူ နှစ်ဦးမှာ မောင်လေးအောင်နှင့် မောင်သင်းခိုင်ဖြစ်သည်။

မောင်သင်းခိုင်မှာ မိမိနှင့် နဂိုကတည်းက ခင်မင်ရင်းနှီးသူဖြစ်သည်။ မိမိသည် ပျဉ်မနား စာပေသမားများနှင့် ခင်မင်ရင်းနှီးရာ မောင်သင်းခိုင်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ သို့ဖြင့် မောင်သင်းခိုင်မှာလည်း မိုးဝေမဂ္ဂဇင်းတွင် အမည်မခံသော ကဗျာအယ်ဒီတာတစ်ဦး ဖြစ်လာတော့သည်။

မောင်လေးအောင်နှင့် မောင်သင်းခိုင်တို့သည် အချိန်ကာလတစ်ခုတွင် မိုးဝေမဂ္ဂဇင်း၏ အဆုံးအဖြတ်ပေးသော၊ ပုံစံသွန်းလောင်းပေးသော ဥယျာဉ်မှူးများ ဖြစ်ကြသည်။ နောင်တစ်ချိန်တွင် အကြောင်းကိစ္စတစ်ခုဖြင့် မိုးဝေမှ သူတို့ထွက်ခွာသွားကြချိန်အထိ ဖြစ်သည်။

မိုးဝေမဂ္ဂဇင်းတွင် ကဗျာအယ်ဒီတာ သုံးဦးရှိခဲ့သည်ဟုပြောလျှင် မောင်လေးအောင်နှင့် မောင်သင်းခိုင်တို့ ပြီးလျှင် မောင်သွေးသစ်ပင်ဖြစ်ပါသည်။ အံ့ဩစရာကောင်းသည်ကတော့ သူတို့နာမည်တွေအားလုံး “မောင်” နှင့် စကြသည်။

မောင်သွေးသစ်မှာ တရားဝင်အယ်ဒီတာတစ်ဦး ဖြစ်သည်။ လခစားဖြစ်သည်။ မိုးဝေကို ဒုတိယအကြိမ် တည်းဖြတ်သောအခါ သူ့ကိုတာဝန်ခံအယ်ဒီတာအဖြစ် ခန့်အပ်ခဲ့သည်။ တာဝန်ခံအယ်ဒီတာ၏ တာဝန်ထဲတွင် ကဗျာရွေးချယ်ခြင်းလည်း ပါဝင်ခဲ့သည်။ သူလည်း မောင်လေးအောင်နှင့် မောင်သင်းခိုင်တို့လိုပင် ကဗျာများကို ပဏာမဖတ်ပြီး မိမိထံပေးသည်။ မိမိက သူနှင့်ညှိနှိုင်းပြီး အပြီးသတ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မည်သို့ဆိုစေ မိုးဝေကဗျာဆိုသည်မှာ ရှိခဲ့လျှင် မိုးဝေကဗျာလမ်းကြောင်းကို ဖော်ထုတ်ရာတွင် မိမိကို ကူညီလုပ်ဆောင်ခဲ့သူ သုံးဦးမှာမောင်လေးအောင်၊ မောင်သင်းခိုင်နှင့် မောင်သွေးသစ်တို့သာလျှင် ဖြစ်ပေသည်။

❐

# ထုတ်လုပ်မှုအပိုင်း

မိုးဝေမဂ္ဂဇင်း၏ ထုတ်လုပ်မှုအပိုင်းသည် နည်းလမ်းမကျသည်နှင့် အမျှ ရှုပ်ထွေးလှပါသည်။ သည်အတွက် မိုးဝေကို ပုံဖော်ခဲ့သော မိမိမှာ ကသိကအောက်များဖြစ်ပြီး များစွာမှပင် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရပါသည်။ အယ်ဒီတာတစ်ဦးအနေနှင့် အားထုတ်ရမှုများတွင် ခလုတ်ကန်သင်းများစွာ ရှိခဲ့ရပါသည်။

တကယ်တော့ မိမိသည် မိုးဝေမဂ္ဂဇင်း၏ အယ်ဒီတာချုပ်တစ်ယောက်သာ ဖြစ်သည်။ မိမိအနေနှင့် အယ်ဒီတာတစ်ဦး၏ တာဝန်ကိုသာ ထမ်းဆောင်ရပါမည်။ သို့သော် ထိုသို့မဟုတ်ခဲ့ပါ။ မိမိနှင့်မဆိုင်သော ထုတ်ဝေမှုအပိုင်းတွင် ကန့်လန့်ကန့်လန့်နှင့်ပါဝင်ခဲ့ရပါသည်။ သို့သော် မိမိသည် ထုတ်ဝေသူလား ဆိုလျှင်လည်း မဟုတ်ပါ။

မိုးဝေမဂ္ဂဇင်း၏ တရားဝင်ထုတ်ဝေသူမှာ မိုးဝေ၏ဇနီး ဒေါ်ခင်ညွန့် ဖြစ်ပါသည်။ ထုတ်ဝေသူ မှတ်ပုံတင်ကတ်ပြားကို ကိုင်ဆောင်ထားသူမှာ ဒေါ်ခင်ညွန့်ဖြစ်သည်။ ဒေါ်ခင်ညွန့်ကို ထုတ်ဝေသူ ကတ်ပြားရရှိအောင် မိမိကပင် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါသည်။

စုံထောက်မဂ္ဂဇင်းကို အမှန်တကယ် ငွေကြေးစိုက်ထုတ်ပြီး ထုတ်ဝေခဲ့သူမှာ ခေတ်ပြင် ဦးဆန်နီဖြစ်သည်။ အားလုံးအသိပင် ဖြစ်သည်။

သို့သော် ဦးဆန်နီက ထုတ်ဝေသူ မှတ်ပုံတင်ကတ်ပြားတွင် ၎င်း၏အမည် မခံဘဲ ကိုမိုးဝေ အမည်ခံစေခဲ့သည်။ အမည်ရင်း ဦးခင်မောင်ကြီးဖြင့် ဖြစ်သည်။ သို့ဖြင့် စုံထောက်မဂ္ဂဇင်း၏ တရားဝင်ထုတ်ဝေသူမှာ ဦးခင် မောင်ကြီး (မိုးဝေ) ဖြစ်နေသည်။ သို့ဖြင့် ကိုမိုးဝေကွယ်လွန်သောအခါ စုံထောက်မဂ္ဂဇင်း၏ ထုတ်ဝေသူကို ဇနီးဖြစ်သူက ဆက်ခံနိုင်ရန် ရုံးတွင် မိမိလိုက်လံ ဆောင်ရွက်ပေးခဲ့ပါသည်။

ယင်းအတွက် စုံထောက် ဦးဆန်နီက မိမိအပေါ် မကျေနပ်ခဲ့ပါ။ သူက မိမိနှင့်တွေ့ပြီး ကန့်ကွက်စကား ပြောခဲ့သည်။ စုံထောက်မဂ္ဂဇင်း ကို သူပိုင်ဆိုင်ကြောင်း ပြောခဲ့ပါသည်။ မိမိက ဥပဒေကြောင်းဖြင့် ပြောခဲ့ သဖြင့် သူလက်လျှော့သွားရသည်။ ဦးဆန်နီသည် ယင်းကိစ္စအတွက် မိမိ ကို မကျေမနပ်ဖြစ်ခဲ့သော်လည်း အာဃာတတော့ ထားခဲ့ပုံမရပါ။ နောက် ပိုင်း လမ်းတွင်ကြုံကြိုက်၍ တွေ့သောအခါများတွင် မိမိကို ယခင်က အတိုင်းပင် ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ပြောဆိုနှုတ်ဆက်ပါသည်။ မိမိ ၏ စီးပွားရေးနှင့် ကျန်းမာရေး အခြေအနေများကို မေးမြန်းပါသည်။ အထူးသဖြင့် ကျန်းမာရေး အထူးဂရုစိုက်ရန် သတိပေးပါသည်။ (စုံ ထောက်မဂ္ဂဇင်းကို မိုးဝေမဂ္ဂဇင်းအဖြစ် ပြောင်းလိုက်ပြီးသည့် နောက်ပိုင်း တွင် ဦးဆန်နီသည် စုံထောက်မဂ္ဂဇင်း ထုတ်ဝေမှုကို ရုံးတွင် ပြန်လည် လျှောက်ထားပါသည်။ ရုံးမှခွင့်ပြုသဖြင့် စုံထောက်မဂ္ဂဇင်းအမည်ဖြင့် ထုတ်ဝေခဲ့ရာ အောင်မြင်ပါသည်။ စောင်ရေ တစ်သောင်းအထိ ရောက် သည်ဟု ထင်ပါသည်။ အယ်ဒီတာချုပ်မှာ စောညိုဖြစ်သည်။ နောင်တွင် မဂ္ဂဇင်း၊ ဂျာနယ်အတော်များများ ထုတ်ဝေမှုရပ်စဲသောအခါ စုံထောက် မဂ္ဂဇင်းလည်း ပါသွားခဲ့ပါသည်။ ယခုအခါမှာ ဦးဆန်နီသည် ဘာသာရေး စာစောင်တစ်ခုကို ထုတ်ဝေလျက်ရှိပါသည်)

ဒေါ်ခင်ညွန့်မှာ စုံထောက်မဂ္ဂဇင်း (နောင်မိုးဝေမဂ္ဂဇင်း)၏ တရား ဝင်ထုတ်ဝေသူ ဖြစ်လာခဲ့သည်။ ကိုယ်တိုင်ထုတ်ဝေခဲ့ခြင်းမရှိ။ အကြောင်း

မှာလည်း အရင်းအနှီး မရှိသောကြောင့် ဖြစ်သည်။ သို့ဖြင့် တစ်လျှောက်လုံးပင် မှတ်ပုံတင် ငှားစားခဲ့ရသည်။ ထိုစဉ်က မဂ္ဂဇင်းထုတ်ဝေခွင့် အသစ်ရရန် ခဲယဉ်းပြီး ထုတ်ဝေခွင့်ရပြီး မဂ္ဂဇင်းကလည်း နည်းပါးလှသဖြင့် ထုတ်ဝေခွင့်ငှားလိုသူများ ပေါများလှပါသည်။ ယင်းအတွက်လည်း မိုးဝေမဂ္ဂဇင်းသံသရာရှည်ကြာစွာ လည်ခဲ့ရသည်ဆိုလျှင်လည်း မမှားပါ။

စုံထောက်မဂ္ဂဇင်းကို မြစာပေမှနေ၍ ကိုတင်အောင်–မစန်းစာပေသို့ ပြောင်းထုတ်သည့်အကြောင်း၊ ကိုတင်အောင်က ပုံနှိပ်ထုတ်ဝေမှု လုပ်ငန်းအားလုံးကို ငွေရင်းစိုက်ထုတ် တာဝန်ယူသော်လည်း အယ်ဒီတာခနှင့် စာမူခကိုမူ ကိုမိုးဝေနှင့် မိမိအား ပုတ်ပြတ်ပေးကြောင်း ပြောခဲ့ပါပြီ။ သို့ဖြင့် ကိုမိုးဝေ ကွယ်လွန်သောအခါတွင်လည်း ကိုတင်အောင်က ယင်းစနစ်အတိုင်း ဆက်လက် လုပ်ဆောင်ပါသည်။ ထိုအခါ မိမိကလည်း ယခင်အတိုင်းပင် စာမူခနှင့် အောင်ကျော်အတွက်ပေးပြီး ကျန်ငွေကို တစ်ဝက်ခွဲကာ ကိုမိုးဝေကို ပေးသည့်အတိုင်း ဒေါ်ခင်ညွန့်ကို ပေးရပါသည်။ ကိုမိုးဝေ၏ စာမူအဟောင်းများ လစဉ်ပြန်ထည့်ပြီး စာမူခကိုလည်း ပေးရသည်။ သို့ဖြင့် ဒေါ်ခင်ညွန့်သည် ထိုစဉ်က ထုတ်ဝေသူမှတ်ပုံတင် ငှားခသဘောမျိုး မရဘဲ ယခင်အတိုင်း ကိုမိုးဝေ၏ လခနှင့် စာမူခတို့ကိုသာ ရရှိနေပါသည်။

ဤတွင် စုံထောက်မဂ္ဂဇင်း၏ စောင်ရေကိစ္စကို ပြောရပါသည်။ ကိုတင်အောင်–မစန်းစာပေသို့ ပြောင်းစဉ်က စောင်ရေ (၆၀၀၀)ထုတ်ဝေခဲ့ရာ ကုန်သည်ဟု ဆိုရပါမည်။ စောင်ရေတိုးရန်ပင် စိတ်ကူးခဲ့ကြပါသည်။ သို့သော် ထင်သလိုဖြစ်မလာဘဲ စောင်ရေမှာ တအိအိ လျော့ဆင်းသွားခဲ့ပါသည်။ အကြောင်းမူ ကိုမိုးဝေသည် ဆိုင်တွေမှာအထိုင်များပြီး လုံးချင်းများကိုသာ ဖိရေးနေသဖြင့် စုံထောက်အတွက်စာမူကို အင်တိုက်အားတိုက် ရေးပေးနိုင်ခြင်း မရှိပါ။ ထို့ပြင် မိမိကလည်း စုံထောက်တွင် ကဗျာများ၊ စာပေဆောင်းပါးများနှင့် ဘဝသရုပ်ဖော် ဝတ္ထုများကို ဖိထည့်နေသဖြင့်

ပရိသတ်နှင့် အနည်းငယ် အံချော်သလို ဖြစ်လာပါသည်။ စာပေနှင့် ဘဝ သရုပ်ဖော်တွေ များလာသဖြင့် စုံထောက်ဝတ္ထု ပရိသတ်များ စွန့်ခွာသွားကြသည်။ သို့သော် မဂ္ဂဇင်းအမည်က စုံထောက်ဖြစ်နေသဖြင့် ဘဝသရုပ်ဖော်နှင့် စာပေပရိသတ်ကိုလည်း ကောင်းကောင်းမဆုပ်မိဘဲ ရှိနေပါသည်။ သို့ဖြင့် တအိအိဖြင့် စောင်ရေ (၅၀၀၀)သို့ ရောက်သွားပါသည်။

မိုးဝေမဂ္ဂဇင်းအဖြစ်သို့ ပြောင်းလိုက်သောအခါ စောင်ရေ (၅၀၀၀) သာ ရှိပါသည်။ မဂ္ဂဇင်းအမည်ကို မိုးဝေသို့ ပြောင်းလိုက်ပြီး နောက်ပိုင်းတွင်ကား စုံထောက်နှင့် လျှို့ဝှက်သည်းဖိုဝတ္ထုများ မပါတော့သလောက်ပင် ဖြစ်သွားပြီး စာပေဆောင်းပါးနှင့် ဘဝသရုပ်ဖော်ဝတ္ထုများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးကို ဦးတည်သော ကဗျာများသာ ဖုံးလွှမ်းလာတော့သည်။ ထိုအခါ စောင်ရေမှာ ထပ်ပြီး အိဆင်းလာပါသည်။ သို့သော် မိမိသည် စာပေမဂ္ဂဇင်းတစ်စောင်အဖြစ် ရပ်တည်နိုင်ရန် မဂ္ဂဇင်းကို ကြိုးပမ်းလုပ်ဆောင်ရာ စောင်ရေဆက်မကျရန် ထိန်းထားနိုင်ပါသည်။ အရှိန်ရလာသောအခါ စောင်ရေပြန်တက်လာမည်ဟု မျှော်လင့်ရပါသည်။

သို့သော် ထိုအချိန်မှာပင် ကိုတင်အောင်ဘက်မှ ပြဿနာပေါ်လာပါသည်။ ပြဿနာက ဘာပြောရမည်နည်း။ မိမိနှင့် ပတ်သက်၍လည်း မဟုတ်။ မိုးဝေနှင့် ပတ်သတ်၍လည်းမဟုတ်။ အမှန်အတိုင်း ပြောရရင်တော့ "သမဂ္ဂစာပေ" နှင့် ပတ်သက်၍ပဲဟု ဆိုရပါမည်။

ဤတွင် မိမိနှင့် ကိုတင်အောင်၏ ဆက်ဆံမှုနှင့် လူချင်းခင်မင်မှုတို့ကို အနည်းငယ် ဆက်ပြောရမည်နှင့် တူသည်။ ရှေ့ပိုင်းတွင် ကိုတင်အောင်–မစန်းစာပေမှ မိမိလုံးချင်းစာအုပ်များ ထုတ်ဝေခဲ့ကြောင်း။ သူ၏ ထုတ်ဝေရေးလုပ်ငန်းတွင် မိမိအနေနှင့် အကြံဉာဏ်များ ပေးခဲ့ရကြောင်းနှင့် မိုးဝေမဂ္ဂဇင်းကို သူထုတ်လုပ်ပေးသည့် ပုံစံအကြောင်းတို့ကို ပြောခဲ့ပြီ။

ကိုတင်အောင်သည် (၉၆)လမ်းတွင် အိမ်ကလေးတစ်လုံး ဝယ်

သည်။ ထိုအိမ်ကလေးက တိုက်ဖြစ်လာသည်။ ပထမတွင် ပုံနှိပ်စက်ကြီး တစ်လုံး ရှိသည်။ နောက် လေစက်နှစ်လုံး ထပ်ဝယ်သည်။ ထို့နောက် ဘေးချင်းကပ်အိမ်ကို ထပ်ဝယ်ပြီး တိုက်ဆောက်သည်။ ထိုတိုက်သစ်တွင် အပေါ်ထပ်၌ သူ့ညီနေပြီး အောက်ထပ်နှစ်ခန်းတွင် တစ်ခန်းကို စာအုပ်ချုပ် လုပ်ငန်းလုပ်ကာ တစ်ခန်းကို မိမိတို့ အယ်ဒီတာအဖွဲ့အား ပေးထားပါ သည်။ ထို့နောက် တစ်ခါ (၃၉)လမ်းထဲတွင် အခန်းတစ်ခန်း ထပ်ဝယ် ပြန်သည်။ ပုံနှိပ်စက်တစ်လုံး ထည့်သည်။ ယင်းပုံနှိပ်စက်ကို ကိုတင်အောင် ၏ ယောက္ခမ ဦးဘယဉ်က ကြီးကြပ်သည်။ ဦးဘယဉ်က သဘောကောင်း သည်။ စကားပြော ချိုသာသည်။ ရိုးကုမ္ပဏီတွင် လုပ်ကိုင်ခဲ့သဖြင့် စာရင်းအင်း နိုင်နင်းသည်။ သို့သော် ပုံနှိပ်လုပ်ငန်းနှင့် ထုတ်ဝေရေးလုပ် ငန်းတွင်ကား ကျွမ်းကျင်ခြင်းမရှိ။

ကိုတင်အောင်က မိမိကို လွတ်လွတ်လပ်လပ်နှင့် ကျယ်ကျယ် ဝန်းဝန်း နေနိုင်ရန်ဆိုပြီး (၃၉)လမ်းသို့ ပို့သည်။ ထိုမှာ စုံထောက် (နောင် မိုးဝေ)မဂ္ဂဇင်းနှင့် လုံးချင်းများ စီရိုက်သည်။ ဦးဘယဉ်က ငွေကြေး ကိစ္စများလောက်သာ ကိုင်တွယ်ပြီး မိမိကပင် စာစီသမား၊ စက်သမား တို့ကို တိုက်ရိုက်ပြောဆို လုပ်ကိုင်ရသည်။

နေရာထိုင်ခင်း ကျယ်သည်ကတစ်ကြောင်း၊ မဂ္ဂဇင်းတိုက် ဖြစ် သည်ကတစ်ကြောင်း၊ မိမိတို့သည် အဖွဲ့အစည်းများတွင် လုပ်ကိုင်ခဲ့သူ များ ဖြစ်သည်က တစ်ကြောင်းကြောင့် ဧည့်သည်များလှသည်။ စစ်တု ရင်ဝိုင်းရှိသဖြင့် ပိုပြီးစည်ကားသည်။ မဂ္ဂဇင်းတိုက်သို့ လာသူများသည် စာပေကိစ္စများသာမက တိုင်းရေးပြည်ရေးတို့ကိုလည်း အပြန်အလှန် ငြင်းခုံ ဆွေးနွေးတတ်ကြသည်။

ထိုအချိန်တွင် မိမိတို့က သမဂ္ဂစာပေတိုက်ကို ထူထောင်ကြသည်။ သမဂ္ဂစာပေ၏ ရည်ရွယ်ချက်မှာ သမဝါယမထုတ်ဝေရေးတွင် ရှေ့ပြေး ဖြစ်သည်။ ထိုအချိန်က ကမ္ဘာတစ်ခုလုံးတွင် ဆိုရှယ်လစ်အလဲ လွှင့်ထူ

လျက်ရှိသဖြင့် မိမိတို့မှာလည်း သမဝါယမထုတ်ဝေရေးကို မျှော်မှန်းနေကြသည်။ ထို့နောက် နိုင်ငံတော်ထုတ်ဝေရေး၊ အဓိကက ပုဂ္ဂလိက ထုတ်ဝေရေးကို တိုက်ခိုက်ရန်ဖြစ်သည်။ တစ်နည်းထပ်ပြောရလျှင် အရင်းရှင်စနစ်ကို ပြိုလဲစေရန်ဖြစ်သည်။ လက်ရှိ ထုတ်ဝေသူများသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖြစ်သဖြင့် မိမိတို့စာရေးဆရာများကို ခေါင်းပုံဖြတ်နေသည်ဟု ယူဆသည်။ မိမိတို့ စာရေးဆရာများကိုယ်တိုင် စုပေါင်းထုတ်ဝေကြရမည်ဟု ခံယူထားကြသည်။

သို့သော် အစုရှယ်ယာများခေါ်ပြီး ပုံနှိပ်ထုတ်ဝေရေး သမဝါယမတစ်ခုဖွဲ့ရန် အခြေအနေ မပေးသေးသဖြင့် ပုံစံတစ်ခုဖြင့် စတင်ထုတ်ဝေကြရန်ဖြစ်သည်။ ယင်းမှာ စာရေးဆရာတစ်ယောက်သည် သူပိုင်အရင်းအနှီးဖြင့် သူ၏စာအုပ်ကို သူ့ဘာသာသူ ထုတ်ဝေမည်။ သမဂ္ဂစာပေက ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်းတို့ကို ဝန်ဆောင်ပေးမည်။ ယင်းအတွက် ဝန်ဆောင်ခ (၁၀)ရာခိုင်နှုန်း ယူမည်။

သမဂ္ဂစာပေကို မောင်နေဝင်း၊ မင်းကျော်နှင့် မိမိတို့သုံးဦးက စတင်တည်ထောင်ပြီး တာဝန်ယူလုပ်ဆောင်သွားမည်။ မိမိတို့နှင့် ရင်းနှီးသူများ၊ အခြား စာရေးဆရာများကို မိမိတို့ သမဂ္ဂစာပေမှ ထုတ်ဝေရန် စည်းရုံးမည်။

သို့သော် စာရေးဆရာ အများစုသည် အရင်းအနှီးရှိကြသည် မဟုတ်။ ကိုယ့်စာအုပ် ကိုယ်ထုတ်နိုင်ရန် မလွယ်ပါ။ ထုတ်နိုင်သည့်သူ ရှိလျှင်လည်း နည်းပါးလှပေမည်။ ထို့ကြောင့် သမဂ္ဂစာပေမှ စာအုပ်ထုတ်ဝေလိုသူ စာရေးဆရာတစ်ဦးသည် စက္ကူထုပ်ဖိုးကိုသာ ရှာပေးပြီး အတွင်းပုံနှိပ်ခြင်း၊ မျက်နှာဖုံးပုံနှိပ်ခြင်း၊ စာအုပ်ချုပ်လုပ်ခြင်း စသည်တို့ကို မိမိတို့က တာဝန်ခံပြီး (အကြွေးခံပြီး) လုပ်ပေးမည်။ မိမိလုပ်ပေးသည့်နည်းမှာလည်း ကိုတင်အောင်ကို ရိုက်ပေးချုပ်ပေးရန် ပြောမည်။ ပုံနှိပ်ခနှင့် စာအုပ်ချုပ်ခတို့ကို စာအုပ်ဖြန့်ချိပြီးမှ ရှင်းပေးမည်။

တစ်နေ့တွင် မိမိက –

"ကိုတင်အောင် ညနေအားလား၊ ခင်ဗျားနဲ့ ဆွေးနွေးစရာရှိပါတယ်"

"အားပါတယ်၊ ဘာပြောမလို့လဲ"

"တစ်နေရာမှာ သွားပြောရအောင်"

သို့ဖြင့် မိမိတို့သည် သူ၏ကားကလေးဖြင့် အင်းလျားလိတ်ဟိုတယ်သို့ သွားကြသည်။ ထိုစဉ်က အင်းလျားလိတ်မှာ ဖွင့်ကာစသာ ရှိသေးသည်။ မြန်မာများ အထူးသဖြင့် လူလတ်တန်းစားများ အသွားအလာနည်းကြသေးသည်။ ကိုတင်အောင်အနေဖြင့် ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်သည်။ သူတော်တော် သဘောကျသွားသည်။ နောက်ပိုင်းတွင် သူသည် အင်းလျားလိတ်မှာ အခန်းငှားပြီးပင် သွားနေခဲ့သည်။

မိမိတို့ ဘီယာသောက်ရင်း စကားပြောကြသည်။ စာအုပ်များ ထုတ်ဝေလိုကြောင်း၊ သို့သော် မိမိတို့အနေနှင့် စက္ကူဖိုးသာ ပေးထားနိုင်မည်ဖြစ်ကြောင်း၊ စာအုပ်ဖြစ်အောင် ကိုတင်အောင်က စိုက်ပြီး ရိုက်ပေးပါရန် ပြောသည်။

"ဟာ–ခင်ဗျားတို့ လုပ်မယ်ဆိုရင် ကျွန်တော်က ဘာမကူညီနိုင်စရာ ရှိသလဲ၊ လုပ်ကြပါ။ (၃၉)လမ်းတိုက်ကို ကျွန်တော် ကိုနတ်နွယ်နဲ့ လွှဲထားတာပဲ။ ခင်ဗျားတို့ ကြိုက်သလို လုပ်ကြပါ"

သူက ဝမ်းသာအယ်လဲပင် ပြောသည်။ သူက မိမိကို မိတ်ဆွေလို သဘောထားသည်။ မိတ်ဆွေများကို သူကူညီလိုသည်။ မိတ်ဆွေများ ကြီးပွားသည်ကို သူမြင်လိုသည်။ ဒါက သူ့စေတနာဖြစ်သည်။ သို့သော် မိမိတို့၏ လုပ်ချင်သည့် နိုင်ငံရေး ရည်ရွယ်ချက်မှာ ဆိုရှယ်လစ်ဦးတည်ချက် ရှိနေပြီး၊ အဖွဲ့အစည်းတစ်ပိုင်း လုပ်ငန်းဖြစ်သည်ကို သူမသိချေ။

သို့ဖြင့် မိမိတို့၏ စာအုပ်များ၊ သမဂ္ဂစာပေမှ ထွက်လာသည်။ သမဂ္ဂစာအုပ်များကို ကိုတင်အောင်က အကြွေးရိုက်ပေးသည်။ သူ၏

ပုံနှိပ်တိုက်မှာပင် ရိုက်သည်။ မိမိက (၆၂)ဖောင်ရှိသော မြန်မာပြည် မြောက်ပိုင်း အတွဲ-၁ကို ဒုတိယအကြိမ် ပြန်ရိုက်သည်။

"ကိုတင်အောင်ရေ ကျွန်တော်ကတော့ စက္ကူဖိုးလည်း ပေးစရာမရှိဘူး၊ ခင်ဗျားပဲ စိုက်ရိုက်ပေးပါ"

"ခင်ဗျား ပြောစရာလားဗျာ"

(၃၉)လမ်းတိုက်သည် မိုးဝေမဂ္ဂဇင်းတိုက် ဖြစ်သလို သမဂ္ဂစာပေတိုက်လည်း ဖြစ်လာသည်။ သမဂ္ဂစာပေမှ စာအုပ်တစ်အုပ်ပြီး တစ်အုပ် ထွက်လာသည်။ သို့သော် အချို့စာအုပ်များမှာ အရောင်းထိုင်း၍တစ်ကြောင်း၊ နယ်မှငွေများ (ထုံးစံအတိုင်း) ပြန်မလာ၍တစ်ကြောင်း ကိုတင်အောင်ကို ပေးစရာအကြွေး (ပုံနှိပ်ခအကြွေး)တွေ ထပ်လာသည်။ သို့သော် ဒါကို မပြောပါ။

ဘာကို ပြောသနည်း။

သမဂ္ဂစာပေ ရည်ရွယ်ချက်ကို သူသိလာသည်။ မိမိတို့စာအုပ်များတွင် ရေးသားသော အမှာစာများတွင်လည်း ပုဂ္ဂလိက ထုတ်ဝေရေးကို ဖျက်သိမ်းပြီး သမဝါယမ ထုတ်ဝေရေးလုပ်ရန် လှုံ့ဆော်ထားသည်။ ထုတ်ဝေသူများက စာရေးဆရာများအပေါ် ခေါင်းပုံဖြတ်ကြောင်း ရေးသားတိုက်ခိုက်ထားသည်။

တစ်နေ့တော့ သူက -

"ခင်ဗျားတို့အလုပ်က ကျွန်တော့်ကို တိုက်နေတာပဲ၊ ကျွန်တော့်တိုက်မှာ ကျွန်တော့်ငွေရင်းနဲ့ လုပ်ပြီး ကျွန်တော့်ကို ပြန်တိုက်နေကြတာပဲ"

"ကိုတင်အောင့်ကို တိုက်တာ မဟုတ်ပါဘူး၊ ထုတ်ဝေသူတွေကို အားလုံးခြုံပြီး ပြောတာပါ"

"ဘာထူးလဲဗျ၊ ကျွန်တော်က ထုတ်ဝေသူပဲ၊ ကျွန်တော်က ခင်ဗျားတို့ပြောတဲ့ အရင်းရှင်ပဲ၊ အဲဒီတော့ ခင်ဗျားတို့ သမဂ္ဂစာအုပ်တွေကို ကျွန်တော် ထုတ်မပေးနိုင်တော့ဘူး"

ကျွန်တော် သူ့ကို အမျိုးမျိုး ရှင်းပြသည်။ ရှင်းပြ၍ မရတော့ပါ။

"ခင်ဗျား မိုးဝေကိုလည်း ခင်ဗျားဟာခင်ဗျား တစ်နေရာမှာ ရိုက်တော့ဗျာ၊ အခု ခင်ဗျားတို့ ဖောင်ပိတ်တော့မယ် မဟုတ်လား၊ ဒီစာအုပ်ကို အားလုံးချုပ်ပြီးတဲ့အထိ လုပ်ပေးလိုက်မယ်၊ အဲဒီစာအုပ်တွေအားလုံး ခင်ဗျားယူသွားပြီး ခင်ဗျားဟာ ခင်ဗျားဖြန့်၊ အဲဒီကရတဲ့ပိုက်ဆံနဲ့ ခင်ဗျား ဆက်ပြီး ထုတ်ပေါ့။ ခင်ဗျားကို ကျွန်တော် လူချင်း အခင်အမင်မပျက်ပါဘူး၊ ခင်ဗျားစာအုပ် ကျွန်တော့်ဆီက ထုတ်ချင်ရင် အချိန်မရွေးလာထုတ်ပါ၊ ဒါပေမဲ့ သမဂ္ဂစာအုပ်တွေနဲ့ မိုးဝေကို ကျွန်တော် မလုပ်ချင်တော့ဘူး"

သို့ဖြင့် မိုးဝေမဂ္ဂဇင်းသည် ကိုတင်အောင်–မစန်းစာပေမှ ခွဲခွာခဲ့ရပါတော့သည်။

(မိမိနှင့် ကိုတင်အောင်ကား သူကွယ်လွန်ချိန်အထိ လူချင်းခင်မင ကြပါသည်။ သူ၏ မိသားစုနှင့်လည်း ယခုအချိန်အထိ ခင်မင်လျက်ရှိပါသည်။ ကိုတင်အောင်သည် မိမိ၏ မိတ်ဆွေကောင်း တစ်ယောက်နှင့် မိမိ၏ အစ်ကိုကြီးတစ်ယောက် ဖြစ်ခဲ့သည်ကို မှတ်တမ်းတင်ရပါမည်)

❒

# မထင်မှတ်သော တစ်ကွေ့

မြစာပေနှင့် ခွဲခွါရသောအခါ မည်သည့်ထုတ်ဝေသူနှင့် လက်တွဲ လုပ်ဆောင်ရလျှင် ကောင်းမည်နည်းဟု မိမိနှင့် ကိုမိုးဝေ တိုင်ပင်ဆွေးနွေးသောအခါ ယမုံနာစာပေ၊ ဦးဘရီနှင့် သမီးများ၊ ပုဂံစာအုပ်တိုက်နှင့် ကိုတင်အောင်–မစန်းစာပေတို့ ပါဝင်ကြောင်း ပြောခဲ့ပြီ။

ယခု ကိုတင်အောင်–မစန်းစာပေနှင့် ခွဲခွာရမည် ရှိပြန်သောအခါ မည်သည့်ထုတ်ဝေသူနှင့် လက်တွဲလုပ်ဆောင်ရမည်ကို စဉ်းစားရပြန်သည်။ ဤတစ်ခါတွင် မိမိတစ်ယောက်တည်း စဉ်းစားရပါသည်။ ယမုံနာစာပေနှင့် ဦးဘရီနှင့် သမီးတို့သည် ကိုမိုးဝေနှင့် ပိုမိုရင်းနှီးသည်ဖြစ်၍ ၄င်းတို့ကို မိမိ မစဉ်းစားတော့ပါ။ ထိုအခါ ပုဂံစာအုပ်တိုက်သာ ကျန်ရှိနေသည်။ သို့သော် အခြေအနေအရ ပုဂံနှင့် မဖြစ်နိုင်ပါ၊ မောင်ချောက မိုးဝေကို ထုတ်ဝေရန် သူစိတ်ဝင်စားသော်လည်း အင်အားမရှိဟု ဆိုပါသည်။ တကယ်တော့ သူလုပ်မည်ဆိုလျှင် လုပ်နိုင်ပါသည်။ သူ့မှာ ပုံနှိပ်စက်ရှိသည်။ ဘာမှန်းတော့ မိမိမသိပါ။ မှန်းဆကြည့်လျှင်လည်း မိမိ၏ စိတ်အထင်သာ ဖြစ်ပေလိမ့်မည်။

ထားတော့ အခြေအနေအရ တစ်ယောက်ယောက်နှင့် မိမိ လက်တွဲရပါလိမ့်မည်။ မိမိ စဉ်းစားသည်။ မိမိနှင့် ခင်မင်ရင်းနှီးသော ထုတ်ဝေသူ

များ၊ ပုံနှိပ်တိုက် ပိုင်ရှင်များကို တစ်ယောက်ပြီးတစ်ယောက် စဉ်းစားသည်။ လက်တွဲ၍ ရနိုင် မရနိုင် သုံးသပ်သည်။

ဖြုန်းခနဲဆို မိမိခေါင်းထဲတွင် လူတစ်ယောက်ပေါ်လာသည်။ မိမိကိုယ်တိုင်ပင် အံ့အားသင့်သွားသည်။ သူက ပုံနှိပ်တိုက်ပိုင်ရှင်နှင့် ထုတ်ဝေသူတစ်ဦး ဖြစ်သည်။ သို့သော် သူ့ကို မိမိစဉ်းစားစိတ်ကူးမိသည်ကတော့ အံ့သြစရာပင်။ သူက အခြားမဟုတ်ပါ။ နံ့သာ ကိုသန်းဆွေ ဖြစ်သည်။

သည်လို။ ထိုအချိန်က အနေအထားအရဆိုလျှင် သူနှင့်မိမိ လုပ်ငန်းတစ်ခု ဆက်စပ်လုပ်ကိုင်စရာအကြောင်း ဘယ်လိုမှ မရှိပါ။ သူနှင့်မိမိမှာ အနေဝေးပြီး အခြေအနေအရ အနေစိမ်းနေကြသူများလည်း ဖြစ်သည်။

သည်လိုလေ။ သူ့ကိုမိမိ သိကျွမ်းခင်မင်ရသည်က မောင်ချောနှင့် ပတ်သက်ပြီး ဖြစ်သည်။ ပုဂံနှင့် ပတ်သက်ပြီး ဖြစ်သည်။

ပုဂံစာအုပ်များကို မောင်ချော စတင်ထုတ်ဝေတော့ (၅၁)လမ်းက စံပယ်ပုံနှိပ်တိုက်နှင့် မျက်နှာချင်းဆိုင် တရုတ်လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။ ထိုစဉ်ကတည်းကပင် ညနေဘက် ရုံးဆင်းချိန်တွင် မောင်ချောထံ လာရောက်သော အသားဖြူဖြူ၊ အရပ်ပုပုနှင့် ရုံးဝန်ထမ်းတစ်ယောက်ကို တွေ့ရသည်။ ကိုသန်းဆွေ ဖြစ်သည်။ ရံဖန်ရံခါတွင် ကိုချောနှင့် ကိုသန်းဆွေတို့ တိုးတိုး တိုးတိုး ပြောနေတတ်ကြပြီး ကိစ္စရှိသည်ဆိုကာ အပြင်သို့ ထွက်သွားတတ်ကြသည်။ သည်တုန်းက သူတို့နှစ်ယောက် ဘာတွေကြံနေသည်ကို မိမိတို့ မသိပါ။

နောက်မှသိရသည်မှာ ကိုသန်းဆွေက ပုံနှိပ်စက်ထောင်ပြီး မောင်ချောက သူ၏ စာအုပ်များကို ကိုသန်းဆွေ၏ ပုံနှိပ်တိုက်တွင် ရိုက်ကာ သူ၏ ပုဂံစာအုပ်တိုက်ကိုလည်း ကိုသန်းဆွေ၏ ပုံနှိပ်တိုက်မှာပင် ထားလေသည်။

ကိုသန်းဆွေ၏ ပုံနှိပ်တိုက်က နံ့သာဖြစ်ပြီး မင်္ဂလာတောင်ညွန့် (၁၀၇)လမ်းတွင် ဖြစ်သည်။ သို့ဖြင့် မိမိတို့လည်း ပုဂံစာအုပ်တိုက်နှင့် နံ့သာပုံနှိပ်တိုက်ရှိရာ (၁၀၇)လမ်းသို့ ရောက်ကြရသည်။ သို့ဖြင့် မိမိတို့သည် ကိုသန်းဆွေသာမက ကိုသန်းဆွေ၏ဇနီးနှင့် မရီးတို့ကိုလည်းကောင်း၊ ကိုသန်းဆွေ၏ သမီးကလေးနှစ်ယောက်ကို လည်းကောင်း ခင်မင်ရင်းနှီးကြရသည်။

ဤသို့ဖြင့် တစ်နေ့တွင် မိမိတို့သည် မမျှော်လင့်သော သတင်းတစ်ခုကို ကြားကြရပြန်သည်။ မောင်ချောက သူပိုင်ပုံနှိပ်တိုက်ထောင်ပြီး နံ့သာနှင့် လမ်းခွဲတော့မည်ဟု ဖြစ်သည်။ အပြင်တွင်မူ မောင်ချောနှင့် ကိုသန်းဆွေ ကွဲကြပြီဟု ပြောနေကြသည်။

မြန်မာ့ဂုဏ်ရည်လမ်းတွင် ကုမာရပုံနှိပ်စက် တည်ထောင်ပြီး ပြောင်းရွှေ့သွားသောအခါ မိမိတို့လည်း ပါသွားကြသည်။

ကိုသန်းဆွေက နံ့သာစာပေတိုက်ကို တည်ထောင်သည်။ စာအုပ်များ ထုတ်ဝေသည်။ သူ၏ စာအုပ်များမှာလည်း သပ်ရပ်ပြီး ပုဂံစာအုပ်များလိုပင် ကောင်းမွန်ပါသည်။ ထိုအခါတွင် နံ့သာ၌ စုစည်းကြသူများမှာ လင်းယုန်မောင်မောင်၊ ဂုဏ်ထူးသိန်းနိုင်နှင့် ကိုမိုးကြည်တို့ ဖြစ်ကြသည်။

အပြင်ကမူ ပုဂံအုပ်စု၊ နံ့သာအုပ်စုဟု ဆိုကြသည်။ ပုဂံတွင် ရေးနေသော စာရေးဆရာများသည် ကိုသန်းဆွေနှင့် အဆက်အသွယ် မပြတ်သော်လည်း မိမိမှာမူ မောင်ချော၏အစ်ကို မင်းကျော်နှင့် အထူး ခင်မင်ရင်းနှီးသူ ဖြစ်သဖြင့် အနည်းငယ် အနေဝေးနေသလို ရှိပါသည်။ အချို့ကလည်း မိမိကို မောင်ချော၊ မင်းကျော်တို့နှင့် အတူတူလို တွက်ဆထားကြပါသည်။ ဤကြားထဲတွင် နံ့သာမှထုတ်ဝေသော ချင်းတွင်းဂျာနယ်ကိုလည်း မိမိ ပြင်းပြင်းထန်ထန် ဝေဖန်ထားပါသည်။ ("ချ" ထားသည်ဟုလည်း ဆိုနိုင်ပါသည်)

ဤအခြေအနေမျိုးတွင် မိမိက မိုးဝေမဂ္ဂဇင်းကို ကိုသန်းဆွေနှင့်

ပူးတွဲလုပ်ဆောင်ရန် စဉ်းစားမိသည်မှာ အံ့သြစရာ မကောင်းပါလား။

တကယ်တော့ မိမိနှင့် ကိုသန်းဆွေ လူချင်းမတွေ့ကြရုံမျှမက အဆက်အသွယ် မရှိကြသည်မှာလည်း ကြာတောင်းကြာလှပေပြီ။

သို့သော် မိမိသည် အခြေအနအရ အကြောင်းကိစ္စတစ်ခုကို ဆောင်ရွက်ရန်ရှိလျှင် အများထင်မှတ်သော အစဉ်အလာလမ်းကြောင်းမှ ဖောက်ထွက်ပြီး အခြေအနေသစ်များကို ရှာဖွေတတ်သည့်အတိုင်း ကိုသန်းဆွေအကြောင်း စိတ်ကူးမိသည်ကို မင်းကျော်တို့ မောင်နေဝင်းတို့အား မပြောဘဲ တစ်နေ့တွင် နံ့သာတိုက်သို့ ဖုန်းဆက်လိုက်ပါသည်။ သူတို့ကို တိုင်ပင်လျှင်လည်း သူတို့က ဖျက်ကြမည်မှာ အမှန်ပင်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ဖုန်းကိုင်သူမှာ ကိုသန်းဆွေ။ သူ့အသံကို မိမိကောင်းစွာ မှတ်မိသည်။ သူ့အသံဖျက်ပြီး ပြောသည်ကိုပင် မိမိမှတ်မိပါသည်။ မိမိ၏ မိတ်ဆွေများထဲမှ တယ်လီဖုန်းကောက်ပြီး၊ အသံဖျက်ပြီး ထူးတတ်သူ နှစ်ဦးရှိပါသည်။ တစ်ဦးက ကိုဝင်းဦး၊ သူက အခြားကိုင်မည့်သူမရှိ၍ ဖုန်းကိုင်ရလျှင် သူမှန်းမသိစေရန် (ရုပ်ရှင်မင်းသားဝင်းဦးမှန်း မသိစေရန်) အသံဖျက်ပြီး ထူးခြင်းဖြစ်ပါသည်။ ကိုသန်းဆွေကတော့ သူမတွေ့ချင်သူများနှင့် မတွေ့စေရန် အသံဖျက်ပြီး ထူးလေ့ရှိပါသည်။

ထိုနေ့က သူ့အသံမှာလည်း ခပ်သြသြ။ စကားပြောခွက်နားပါးစပ်ကပ်ပြီး ပါးဖောင်းဖောင်းနှင့် ထူးသည့်အသံ။

"ကိုသန်းဆွေ ကျွန်တော်ပါ"

မိမိက တန်းပြီးပြောလိုက်သည်။ သူ့ထံမှ ခေတ္တ အသံပြတ်သွားသည်။ အံ့သြသွားဟန် ရှိသည်။ ထို့ပြင် "ကျွန်တော်" မည်သူဆိုသည်ကိုလည်း စဉ်းစားနေဟန် ရှိသည်။

မိမိက ဆက်မပြောဘဲ သူ့ထံမှ တုံ့ပြန်မှုကို စောင့်ဆိုင်းနေသည်။

"ဘယ်သူပါလိမ့်"

အတန်ကြာမှ သူ့အသံ ထွက်ပေါ်လာသည်။

မိမိပြုံးလိုက်ပြီး ...

"နတ်နွယ်ပါ၊ မှတ်မိသလား၊ ဟိုတုန်းက နံ့သာကို ရောက်ဖူး..."

"ဟာ ကိုနတ်ကြီးလား၊ ဘယ်ကဆက်တာလဲ၊ ဘာကိစ္စရှိလို့လဲ"

သူ့ထံမှ ဝမ်းသာမှုနှင့် စိတ်လှုပ်ရှားမှု ရောနေသော အသံများ တရစပ် ထွက်ပေါ်လာသည်။

"ဘီယာ တိုက်မလား"

"သိပ်တိုက်တာပေါ့၊ ကိုနတ် အခုဘယ်က"

"ကျွန်တော် အိမ်က ဆက်တာပါ"

"ကျွန်တော် လာခေါ်ရမလား"

"ကျွန်တော် လာခဲ့မယ်"

သူဘာမျှ ပြန်မပြောနိုင်ခင် မိမိဖုန်းချလိုက်သည်။ ထို့နောက် သုံးဘီးကားတစ်စီးငှားပြီး မင်္ဂလာတောင်ညွန့်သွားသည်။ ထိုခေတ်က သုံးဘီးခေတ်။

မိမိရောက်သွားသောအခါ သူဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။ သူ့ဇနီး ဒေါ်ဂျော့အင်က အံ့ဩမပြေသေးဟန် ရှိသည်။

"ကိုနတ်တို့ အခုမှပဲ လာတော့တယ်"

အခု သူတို့က ထုတ်ဝေရေးလုပ်ငန်းနှင့် ပုံနှိပ်စက်လုပ်ငန်းများကို ဦးစီးလုပ်ကိုင်နေကြသည်။ မသီတာနှင့် စိုးစိုးတို့က မျက်လုံးကလေးတွေ ကလယ်ကလယ်နှင့် တကယ့် ကလေးငယ်ကလေးတွေပဲ ရှိသေးသည်။

"ကိုသန်းဆွေက ဘီယာတိုက်မယ်ဆိုလို့ လာတာ"

မိမိက ဖြေလိုက်သည်။

"တိုက်ရမှာပေါ့ဗျာ၊ လာသွားကြမယ်"

ကိုသန်းဆွေက အသင့်ပြင်ထားဟန် ရှိသည်။

"ပြီးတော့ သွားတာပေါ့၊ အခုနည်းနည်း စကားပြောကြရအောင်"

သူနည်းနည်း အံ့ဩသွားဟန်ရှိသည်။ သို့သော် မိမိလာရောက်သည်မှာ ဘီယာသောက်ရန်သက်သက် မဟုတ်ပဲ။ ကိစ္စတစ်ခုရှိ၍ ဖြစ်တန်ရာသည်ဟုလည်း သူတွက်ဆထားပြီး ဖြစ်ပါသည်။

"ဒါဖြင့်လာ"

မိမိတို့ သူ့စားပွဲမှာ ထိုင်ကြ သည်။ ဒေါ်ဂျော့အင်နှင့် ကလေးများ အပေါ်ထပ်သို့ တက်သွားကြသည်။

"ဆို ... ကိုနတ် ဘာပြောစရာရှိလို့လဲ"

"မိုးဝေ ... ခင်ဗျားဆီမှာ ရိုက်ချင်တယ်၊ ရိုက်ပေးမလား"

မိမိက အသွယ်အဝိုက်မရှိဘဲ ပြောလိုက်သောအခါ သူသိသိသာသာကြီး အံ့ဩသွားသည်။ သို့သော် ချက်ချင်းပင် ... .

"ဟာ ... ရိုက်ပေးတာပေါ့၊ သိပ်ရိုက်ပေးတာပေါ့၊ ကိုနတ် ကျွန်တော်တို့စက်မှာ ကြိုက်သလိုရိုက်"

သူ့ထုံးစံအတိုင်း ကိုယ်ဟန်လက်ဟန်ဖြင့် အားရပါးရပြောသည်။

သည်တော့မှ မိမိ ကိုတင်အောင်နှင့် ပြဿနာကို ရှင်းပြလိုက်သည်။

"ကိုနတ်စိတ်ချ၊ ကိုနတ်ကြိုက်သလို ဖြစ်စေရမယ်၊ နေရာလည်း အကျယ်ကြီးပဲ၊ ကိုနတ်ကြိုက်တဲ့ နေရာမှာနေ"

"နေရာတော့ ကျွန်တော် ဒီအနီးအနားမှာ အခန်းတစ်ခု ငှားနေချင်တယ်"

"ဟာ ... ဘာဖြစ်လို့လဲ"

"ပုံနှိပ်တိုက်တစ်ခု ပြောင်းရင် နေရာတစ်ခါ ပြောင်းရတာ မဖြစ်ချင်လို့"

"ဟာ ... ကိုနတ်ကလည်း၊ ကိုနတ် သဘောပေါ့"

"ဟုတ်ပြီ၊ ဒါဖြင့် သွားကြရအောင်၊ ကိုစံတိုးကို ဝင်ခေါ်သွားရအောင်"

ထိုအချိန်က ပန်းချီစံတိုးနှင့် စန္ဒရားချစ်ဆွေတို့က (၁၀၈)လမ်းမှာ နေကြသည်။ ထင်သည့်အတိုင်းပင် မိမိတို့နှစ်ယောက်ကို မြင်သောအခါ ကိုစံတိုး ပါးစပ်အဟောင်းသား ဖြစ်နေသည်။

"ဟာ ...ကိုနတ်ကြီး ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ၊ ကိုသန်းဆွေနဲ့ ဘယ်လိုတွေ့တာလဲ"

"ကိုသန်းဆွေက ဘီယာတိုက်မယ်ဆိုလို့ လာခဲ့တာ၊ အခု ခင်ဗျားကို လာခေါ်တာ"

"ဟာ ခင်ဗျားတို့ဟာကလည်း တစ်မျိုးကြီးပဲ"

သို့သော် သူကချက်ချင်းပင် အဝတ်အစားလဲပြီး လိုက်လာပါသည်။ ထိုနေ့က မိမိတို့ လဝ္ဗာလမ်း (လသာလမ်း)ရှိ အွန်လောက်ဟိုတယ်သို့ သွားကြပါသည်။

စားပွဲတွင် ထိုင်မိကြသောအခါ ကိုစံတိုးက အံ့သြမပြေသေးဟန်ဖြင့် ...

"ကိုနတ် ... ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ"

"မိုးဝေ ... ကိုသန်းဆွေဆီမှာ ရိုက်မလို့"

"ဗျာ ... တကယ်လား"

သူက ကျွန်တော်တို့နှစ်ယောက်ကို မယုံကြည်ဟန်ဖြင့် ကြည့်သည်။ ကိုသန်းဆွေက ရယ်မောရင်း ...

"တစ်နေ့ကျရင် ကိုနတ်နဲ့ လက်တွဲရမယ်ဆိုတာ ကျွန်တော်သိတယ်"

မိုးဝေ နံ့သာတွင် ရိုက်မည်ဆိုသည့်အတွက် ကိုစံတိုးသာမကပါ၊ ကြားရသူအားလုံးပါ အံ့သြကြသည်။ မောင်ချော၊ မင်းကျော်၊ မောင်နေဝင်းနှင့် ပုဂံတွင် ရေးနေသူများ မယုံကြည်နိုင်လောက်အောင်ပင် ရှိသည်။

သို့သော် နံ့သာတွင် မိုးဝေရိုက်နှိပ်သည့်အတွက်၊ မိမိ၏ စေ့စပ်ပေးမှုအတွက် ခပ်တန်းတန်း ခပ်စိမ်းစိမ်း ဖြစ်နေခဲ့ကြသော မောင်ချော၊

မင်းကျော်နှင့် ကိုသန်းဆွေတို့ ပြန်လည်ပေါင်းစည်းမိကြခြင်းပင် ဖြစ်ပါသည်။

ယင်းသို့ဖြင့် ကိုစံတိုး ရှာဖွေပေးသည့် (၁၀၉)လမ်းအခန်းသို့ မိုးဝေ ပြောင်းရွှေ့ခဲ့ပါသည်။ ရှေ့တွင် ဗာဒံပင်ရှိသဖြင့် "ဗာဒံပင်စခန်း" (နှုတ်ကျိုးနေသော အခေါ်အရ "ဗန်ဒါပင်စခန်း")တွင် မိုးဝေတစ်ခေတ် လှုပ်ရှားခဲ့ကြပါသည်။

❒

# တဒံပင်စခန်း

၁၀၉ လမ်း အခန်းမှာ ရှစ်ပေပတ်လည်ခန့်ရှိသော အိမ်တစ်အိမ်၏ ထောင့်ခန်းကလေး ဖြစ်သည်။ ဝင်သည့် တံခါးပေါက်ရှိသည်။ လမ်းမကြီးဘက်တွင် ပြတင်းပေါက်တစ်ပေါက် ရှိသည်။ သို့သော် နောက်ဖေးသို့ထွက်သည့် တံခါးပေါက်မရှိပါ။ နံရံသုံးဖက်ပိတ် ဖြစ်သည်။ အဓိပ္ပာယ်မှာ အပေါ့အပါးသွားရန် မရှိပါ။ အပေါ့အပါးသွားလိုလျှင် နှစ်လမ်းမျှခြားသော (၁၀၇)လမ်းရှိ နံ့သာတိုက်သို့ သွားလျှင်သွား၊ သို့မဟုတ် လမ်းမကြီးတစ်ဖက်ရှိ တရုတ်သင်္ချိုင်းထဲသို့ သွားလျှင်သွား။ (ဤဒုက္ခမှာ ယနေ့အထိ ကုန်ဆုံးသေးဟန် မတူပါ။ နွယ်နီအတွက် ၃၄ လမ်းအခန်းကို ငှားသောအခါ အိမ်ရှင်က အိမ်သာသုံးခွင့်ပြုသော်လည်း အိမ်နောက်ပိုင်းတွင် အမျိုးသမီးတစ်ဦးနှစ်ဦးသာ ရှိတတ်သဖြင့် အားနာပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်ဖက်ရှိ ဘုတာကြီးအတွင်းမှ အခပေးအိမ်သာသို့ ပြေးရသည်။ မိမိမှာ ဆီးခဏခဏ သွားတတ်သဖြင့် တစ်နေ့လျှင် ကျပ်တန်လေးငါးခြောက်ရွက်ခန့် ဆောင်ထားရပါသည်)

(၁၀၉)လမ်းသို့ ပြောင်းမည်ဆိုသောအခါ ပရိဘောဂ လိုလာပါသည်။ မိမိတို့တွင် ဘာမျှမရှိပါ။ (၃၉)လမ်းမှ စားပွဲ၊ ကုလားထိုင်များသည် ကိုတင်အောင်တို့၏ ပစ္စည်းများဖြစ်သည်။ သို့ဖြင့် အခန်းအနေအထားကို

ကြည့်ပြီး မိမိနှင့် အောင်ကျော်အတွက် စားပွဲသေးသေးနှစ်လုံးနှင့် ကျောမှီကြိမ်ကုလားထိုင် နှစ်လုံးဝယ်ရသည်။ စာအုပ်တွေနှင့် စာမူတွေတင်ရန် စာအုပ်စင်ကလေးတစ်လုံး ဝယ်ရသည်။ ထို့နောက် ဧည့်သည်များအတွက် လေးထောင့်ခေါက် စားပွဲတစ်လုံးနှင့် ခေါက်ကုလားထိုင်လေးလုံး ဝယ်ရသည်။ ယင်းပစ္စည်းများကို အခန်းထဲတွင် ချလိုက်သည့်အခါ ပြည့်သွားသည်။ လူနေစရာ မရှိတော့ပါ။ တော်ပါသေးသည်။ အခန်းရှေ့တွင် ဗာဒံပင်တစ်ပင် ရှိသည်။ သို့ဖြင့် ဗာဒံပင်အောက်တွင် ခေါက်စားပွဲနှင့် ကုလားထိုင်လေးလုံးကို ချထားလိုက်ရသည်။ ယင်းသို့ဖြင့် ဗာဒံပင်စခန်း ဖြစ်သွားသည်။

နံနက်ဘက်နှင့် နေ့လယ်ဘက်တွင် အိမ်ရိပ်နှင့် ဗာဒံပင်ရိပ်ရှိသော်လည်း ညနေဘက်တွင်ကား နေထိုးပါသည်။ ထိုအခါ စားပွဲနှင့် ကုလားထိုင်များကို ရွှေ့ရပြောင်းရပါသည်။ သို့သော် မိုးဝေသို့လာသော ဧည့်သည်များ (စာရေးဆရာများနှင့် ကဗျာဆရာများ)သည် ဖြစ်သလို ထိုင်ကြသည်။ ကုလားထိုင်က လေးလုံးသာရှိပြီး လူကလေးငါးယောက် ဖြစ်နေသောအခါ အချို့က ကုလားထိုင်တစ်လုံးတွင် နှစ်ယောက်၊ အချို့က အိမ်ရှေ့အုတ်ခုံပေါ်တွင်၊ အချို့က နေရိပ်ရာမြေကြီးပေါ်တွင် ဖိနပ်ဖင်ခုပြီး ထိုင်ကြသည်။

သည်မှာပင် သူတို့သည် စစ်တုရင်ထိုးကြသည်။ စာအကြောင်း၊ ပေအကြောင်း၊ တိုင်းပြည်အကြောင်း၊ နိုင်ငံရေးအကြောင်း၊ ဟိုအကြောင်း၊ သည်အကြောင်းများ ပြောကြဆိုကြသည်။ တိုင်ပင်ကြ၊ ငြင်းခုံကြသည်။

နေဦး။ မိုးဝေအဖွဲ့သားများကလည်း နည်းသည် မဟုတ်ပါ။ သမဂ္ဂစာပေလည်း ရှိနေသေးသဖြင့် မိုးဝေပြောရာတွင် သမဂ္ဂစာပေသည်လည်း ပါလာသည်ဟု ဆိုရပါမည်။ မိုးဝေနှင့် သမဂ္ဂစာပေ ထုတ်လုပ်ရေး၊ ဖြန့်ချိရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အဖွဲ့သားသုံးယောက် ရှိပါသည်။ ဦးသန်းထွန်း၊ ကိုငြိမ်းနှင့် ကိုတင်ဦးတို့ဖြစ်သည်။ သို့သော်

စာအုပ်ထုပ်သည့်နေ့တွင်ကား စာရေးဆရာ၊ ကဗျာဆရာများ ဝိုင်းဝန်း လုပ်အားပေးကြပါသည်။ လစဉ်ပင် (၁၀)ယောက်ပတ်ဝန်းကျင် ရှိပါ သည်။ အထုပ်ကြီးများကို ကျွမ်းကျင်စွာထုပ်တတ်သော မောင်မြတ်ခေါင် က ထုပ်ပေးပါသည်။

နယ်မှ စာရေးဆရာများ၊ ကဗျာဆရာများ ရောက်လာလျှင်လည်း ဗာဒံပင်စခန်းသို့ပင် ရောက်လာတတ်ပါသည်။ ငွေကြေးချောင်လည်သူ များဖြစ်လျှင် ရန်ကုန်မှ ရဲဘော်များကို ပြုစုတတ်ပါသည်။ အခြေအနေ မကောင်း၍ နယ်မှ ထွက်ခွာလာရသူများဆိုလျှင် ရန်ကုန်မှ ရဲဘော်များက စုပေါင်း၍ တာဝန်ယူကြပါသည်။

လက်ဖက်ရည်ဆိုင်က (၁၀၇)လမ်းထိပ်မှာ ရှိသည်။ အဲဒီမှာလည်း ဗာဒံပင်ရှိသည်။ သို့ဖြင့် ဗာဒံပင်စခန်း၏ ပုံစံအလိုကို ပေါ်လွင်နေပါ သည်။ တစ်ခါက မိမိလူရေကြည့်ရာ ဗာဒံပင်ဝိုင်းနှစ်ခုတွင် လူငါးဆယ် ကျော်ပါသည်။

ဤကား ထိုအချိန်က မိုးဝေမဂ္ဂဇင်း၏ ပြင်ပအနေအထား ပုံပန်း သဏ္ဌာန်။

မိုးဝေမဂ္ဂဇင်းသည် ဤအနေအထား ပုံပန်းသဏ္ဌာန်မှာပင် အခြေ တည်ပြီး ရုန်းကန်လှုပ်ရှားခဲ့ရသည်။ ရုန်းကန်လှုပ်ရှားရာတွင် အဓိက အပိုင်းနှစ်ပိုင်းရှိသည်။ တစ်ပိုင်းက မိုးဝေမဂ္ဂဇင်း လစဉ်ထွက်နိုင်ရေးအ တွက် ပုံနှိပ်ရေးနှင့် ဖြန့်ချိရေး၊ နောက်တစ်ပိုင်းက မိုးဝေမဂ္ဂဇင်း စာပေ မဂ္ဂဇင်းတစ်စောင် ပီသရေးအတွက် ပုံဖော်ရမှု။

နှစ်ပိုင်းစလုံးပင် ပင်ပန်းပါသည်။ မိမိပင်ပန်းသလို မိမိ၏ ရဲဘော်များနှင့် မိတ်ဆွေများလည်း ပင်ပန်းကြပါသည်။ သို့သော် အားလုံး ပင် ကိုယ်တတ်နိုင်သည့်ဘက်က ဝိုင်းဝန်းလုပ်ဆောင် ပေးကြပါသည်။ သို့သော် အခက်အခဲနှင့် အကျပ်အတည်းများ ဝိုင်းဝိုင်းလည်နေပါသည်။

ပထမဆုံး ထုတ်လုပ်ရေးပိုင်းကို ကြည့်ရအောင်။

မိမိပြောခဲ့သည့်အတိုင်းပင် မိုးဝေမှာ ထုတ်ဝေသူ မရှိခြင်းပင်။ ထုတ်ဝေသူဆိုသည်က ငွေပင်ငွေရင်း စိုက်ထုတ်သော ထုတ်ဝေသူကို ဆိုလိုပါသည်။ ကိုတင်အောင်–မစန်းမှာတုန်းက ကိုတင်အောင်ကို ထုတ်ဝေသူဟု ခေါ်နိုင်ပါသည်။ သူက လိုအပ်သော ငွေကြေးကို စိုက်ထုတ်သည် မဟုတ်ပါလား။ မဂ္ဂဇင်းတစ်အုပ်လုံး ပြီးစီးအောင်ပြုလုပ်ပြီး ဖြန့်ချိပေးသည် မဟုတ်ပါလား။

သို့သော် (၁၀၉)လမ်းသို့ ပြောင်းလာသောအခါတွင်ကား ငွေရင်းစိုက်ထုတ်သော ထုတ်ဝေသူ မရှိတော့ပါ။ ပိုင်ရှင် ဒေါ်ခင်ညွန့်ကလည်း ငွေရင်း မစိုက်ပါ။ တခြားမည်သူ တစ်ဦးတစ်ယောက်ကမျှလည်း မစိုက်ထုတ်ပါ။

ကောင်းပြီ။ ယင်းသို့ဆိုလျှင် မိုးဝေကို ဘယ်ပုံစံနှင့် ထုတ်ဝေသနည်း။

ကိုတင်အောင်က မဂ္ဂဇင်းတစ်လရိုက်ပြီး ပေးလိုက်သည်။ ယင်းရိုက်ပြီး တစ်လစာကို မိမိတို့ဘာသာ ဖြန့်ချိပြီး ရသည့်ငွေကို ယူပေတော့။ ကောင်းပြီ၊ ကြည့်ရအောင်။ မဂ္ဂဇင်းစောင်ရေက (၄၀၀၀)အုပ်။ ရောင်းဈေးက နှစ်ကျပ်။ သို့သော် ထိုခေတ်က ကော်မရှင်ပေးရသည်။ ရန်ကုန်မှာ (၂၅ %)ပေးရသည်။ တစ်အုပ်လျှင် တစ်ကျပ်ခွဲသာရသည်။ ထားလိုက်တော့။ မဂ္ဂဇင်း (၃၅၀၀)ကျော် ရောင်းရလျှင် (၅၀၀၀)ခန့် ရပါသည်။ ယင်းရငွေမှ စာမူခပေးသည်။ အယ်ဒီတာခနှင့် အလုပ်သမားလစာ ပေးရသည်။ စောစောကပြောခဲ့သော အလုပ်သမားသုံးယောက်ကို ပေးရသည်။ မိုးဝေက တစ်ယောက်၊ သမဂ္ဂစာပေမှ တစ်ယောက် ပေးရသည်။ ကျန်ငွေမှာ မိုးဝေ၏ အရင်းအနှီးဖြစ်သည်။ အခြေအနေအရ မိမိက ထိုအရင်းအနှီးကို ထိန်းသိမ်းပြီး မဂ္ဂဇင်းကို ဆက်ထုတ်ရသည်။ အမှန်တော့ မိမိက ဂေါပကထုတ်ဝေသူ၊ အကျိုးဆောင် ထုတ်ဝေသူ။

ကောင်းပြီလေ၊ လုပ်ကြည့်ရအောင်။ ထိုငွေ (၅၀၀၀)လောက်ကို

တစ်ခါတည်း ရသည်မဟုတ်။ ထုံးစံအတိုင်းပင် အချို့နယ်မှ ပိုက်ဆံများ က တစ်လနစ်လကြာမှရသည်။ တစ်ဖန် ရန်ကုန်ပိုက်ဆံမှာလည်း ပြဿနာ ပေါ်သေးသည်။

ဒေါ်စန်း။

"ကိုတင်အောင်–မစန်းစာပေ" တွင် တိုက်ထိုင်သူက ဒေါ်စန်း။ မိုးဝေဖြန့်သောအခါ ငွေမချေပါ။ ကြွေးနှင့် ခုနှိမ်ပါသည်။ သူမ၏ဖခင် ဦးဘယဉ်က မိုးဝေပုံနှိပ်ခများ မရသေးကြောင်း စာရင်းပို့ထားသည်။

ထိုအခါ ကိုတင်အောင်ထံ မိမိဖုန်းဆက်ရသည်။

ကိုတင်အောင် ဖြေရှင်းပုံက လွယ်လွယ်လေး။

"သူတို့နှိမ်ထားတဲ့ ပိုက်ဆံကို ပေးလိုက်ပါ၊ အဲဒီပိုက်ဆံကို ကျွန်တော် ပေးပါ့မယ်၊ ကျွန်တော့်ဆီကို ကိုအောင်ကျော် လွှတ်လိုက်"

သို့ဖြင့် ဒေါ်စန်းတို့က ပုံနှိပ်ခအကြွေးအတွက် သုံးလဖြတ်ပါသည်။ သို့သော် ထိုငွေကို ကိုတင်အောင်က ဒေါ်စန်းမသိအောင် မိမိတို့အား ပြန်ပေးပါသည်။

ထားတော့။ ထိုငွေလေးငါးထောင်နှင့် မဂ္ဂဇင်း ဆက်ထုတ်ရသည်။ ယင်းငွေမှာလည်း တစ်ခါတည်း ရသေးသည်မဟုတ်။ ရသည်အထိက လည်း စာမူခနှင့် အယ်ဒီတာခတွေ ပေးလိုက်ရပြီး အခန်းငှားခ စပေါ်နှင့် ပရိဘောဂဖိုးတွေ ပေးလိုက်ရသည်။ နောက်တစ်လထွက်ဖို့က အချိန်မီ ရိုက်နှိပ်ရမည်။

ဘယ်လိုလုပ်သနည်း။

ဘယ်ငွေနှင့် စက္ကူဝယ်မည်နည်း။

ဘလောက် ဘယ်လိုလုပ်မည်နည်း။

ပုံနှိပ်ခကိုတော့ ကိုသန်းဆွေက စာအုပ်ထွက်ပြီးမှ ပေးရန်ပြောထား ပြီးပြီ။

သို့ဖြင့် မိမိသည် ကိုသန်းဆွေကိုခေါ်ပြီး ဘသစ်နှင့်ညီများ ဘ လောက်တိုက်သို့ သွားရသည်။ ယင်းဘလောက်တိုက်က နီးသည်။ အ

လုပ်သဘောအရ အဆင်ပြေသည်။ ဘသစ်နှင့်ညီများနှင့် မိမိရင်းနှီးပါသည်။ ပုဂံနှင့် နံ့သာအလုပ်များကို ၄င်းတို့ထံတွင် အပ်နှံနေသဖြင့် အမြဲတမ်းတွေ့ဆုံနေပြီး ရင်းနှီးနေခြင်း ဖြစ်ပါသည်။ ၄င်းတို့ကလည်း မဂ္ဂဇင်းထွက်မှပေးရန် ပြောသည်။ ဒါဆိုလျှင် အတော်ဟုတ်သွားပြီ။

သို့သော် စက္ကူက အရေးကြီးသည်။ စက္ကူ၊ စက္ကူကို ဘယ်လိုဝယ်ရမည်နည်း။ မိမိမှာလည်း စက္ကူဝယ်ရန် ငွေမရှိပါ။

ကိုသန်းဆွေကို ပြောသောအခါ သူက–

"ကိုနတ် ဘာမှမပူပါနဲ့။ စက္ကူကိစ္စက လွယ်ပါတယ်၊ ကျွန်တော် လုပ်ပေးမယ်" သူက "အိန္ဒိယ" တွေကို စက္ကူဝယ်ခိုင်းလိုက်သည်။ မိမိတို့ရမည့် စက္ကူက အထုပ် (၁၀၀)ဆိုပါတော့။ တိုက်ကို အထုပ် (၈၀) ရောက်လာသည်။ အထုပ် (၂၀)က သူတို့စိုက်ထုတ်ရသည့် ငွေအတွက် ပေးလိုက်ရသည်။ နောက်လိုသည့် အထုပ် (၂၀)ကို နောက်မှ ဝယ်ထည့်ရမည်။ နယ်ကငွေရမှ ဝယ်ပေါ့။ ပထမတော့ ဘယ်ဆိုးလို့လဲဟု တွက်မိသည်။ သို့သော် နောက်ကျတော့ တွက်မိသည်မှာ သူတို့ကို စက္ကူအထုပ် (၂၀) ရောင်းလိုက်တော့လည်း ပေါက်ဈေးထက် နည်းသည်။ စက္ကူအထုပ် (၂၀) ပြန်ဝယ်တော့လည်း သူတို့ထံမှပင် ပြန်ဝယ်ရသည်။ ပေါက်ဈေးပေးရသည်။ စက္ကူပြန်ဝယ်ရန် စက္ကူမရှိသောအခါ စာအုပ်မထွက်နိုင်ဘဲ ဖြစ်နေသည်။ (ယင်းပြဿနာကြောင့်ပင် နောင်တွင် မိုးဝေ ရေတိမ်နစ်သွားရခြင်း ဖြစ်သည်)

စာအုပ်ထွက်သောအခါ ပုံနှိပ်ခနှင့် ဘလောက်ခများကို ပေးရာတွင် ပထမတစ်လနှစ်လတော့ ပုံမှန်သည်။ သို့သော် တဖြည်းဖြည်းနှင့် ငွေမပြည့်သဖြင့် ကြွေးကျန်လာသည်။

ယင်းကြွေးတွေကို မည်သူက ဆပ်မည်နည်း။

ဒေါ်ခင်ညွှန့် မဆပ်နိုင်ပါ။ မိမိလည်း မဆပ်နိုင်ပါ။ သို့သော် မိမိက တာဝန်ခံပြီး ထုတ်နေသဖြင့် မိမိအပေါ်တွင် ပုံကျလာပါတော့သည်။

❒

# စာပေမဂ္ဂဇင်း ပုံစံနှင့် ပုံသဏ္ဍာန်

မိုးဝေမဂ္ဂဇင်းကို စာပေမဂ္ဂဇင်းတစ်ခုအဖြစ် ပုံဖော်ရာတွင် မိမိသည် ကျော်အောင်၊ ညွန့်ကြူး၊ မင်းကျော်၊ မောင်နေဝင်းတို့နှင့် တိုင်ပင်ပြီး လုပ်ခဲ့ကြောင်း၊ ၄င်းတို့၏ အကူအညီရရှိခဲ့ကြောင်း၊ ကဗျာကိစ္စတွင် မောင်လေးအောင်၊ မောင်သင်းခိုင်၊ မောင်သွေးသစ်တို့၏ ကူညီမှုများ ရရှိခဲ့ကြောင်းကို ပြောခဲ့ပြီးချေပြီ။

ထို့ပြင် ပါရဂူ၊ တင့်ဆန်း၊ လင်းယုန်သစ်လွင်၊ ဆင်ဖြူကျွန်းအောင်သိန်းတို့ကလည်း အထူးကူညီခဲ့ကြောင်း ချန်လှပ်ထား၍ မရနိုင်ပါ။ ၄င်းတို့၏ အကြံဉာဏ်များ၊ ဝေဖန်မှုများသည် များစွာမှ တန်ဖိုးရှိပါသည်။

မိုးဝေကို မိမိပုံဖော်လုံးပန်းနေချိန်တွင် ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ မြသန်းတင့်နှင့် ဂျာနယ်ကျော် မမလေးတို့ အပြင်တွင် မရှိပါ။ စာပေမဂ္ဂဇင်းအနေနှင့် အတော်ကလေး အရှိန်ရလာချိန်တွင်မှ ဒဂုန်တာရာနှင့် ဂျာနယ်ကျော် မမလေးတို့ အပြင်ပြန်ရောက်လာပါသည်။ သူတို့ကို မိမိတို့ ချက်ချင်းပင် သွားတွေ့ပြီး မိုးဝေမဂ္ဂဇင်းအကြောင်း ရှင်းပြသည်။ မိုးဝေတွင် ရေးရန်ပြောသည်။

ဒေါ်မမလေးက ရေးမည်ဖြစ်ကြောင်း အားရပါးရပြောပါသည်။ သို့သော် မရေးဖြစ်ပါ။ မအားလပ်သောကြောင့် တစ်ကြောင်း ဖြစ်ပါလိမ့်

မည်။ ဒဂုန်တာရာက အင်တိုက်အားတိုက် ရေးပါသည်။ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ ပန်းချီတို့နှင့် ပတ်သက်ပြီး ကလောင်နာမည် သုံးလေးမျိုးဖြင့် လစဉ်ရေးပါသည်။ တစ်ခုပဲရှိသည်၊ စာမူရအောင်တော့ ပြောရသည်။ သူက ခင်ဗျားတို့ ဘယ်တော့ဖောင်ပိတ်မှာလဲဟု မေးတတ်သည်။ သူက ဖောင်ပိတ်ကာနီးမှ ရေးတတ်သည်။ သူ့စာမူများကို နောက်ဆုံး စောင့်ထည့်ရသောစာမူ ဖြစ်စေချင်သည်။

သူ၏ စာမူတစ်ပုဒ်ကို မိမိက မိုးဝေမူနှင့် မကိုက်ညီသဖြင့် ပြန်ပေးချိန်အထိ သူရေးခဲ့ပါသည်။ နောက်ပိုင်း မိုးဝေတွင် သူမရေးတော့သော်လည်း မိမိတို့နှင့် အဆက်အဆံ မပျက်ပါ။ မိုးဝေကို လစဉ်မှန်မှန် မေတ္တာလက်ဆောင်ရယူပြီး ဖတ်ပါသည်။

သို့သော် တစ်နေ့တွင် မောင်သင်းခိုင်က ဒဂုန်တာရာအတွက် စာအုပ်တောင်းရာတွင် မိမိက မိုးဝေမှာ မရေးတဲ့လူတွေကို မေတ္တာလက်ဆောင် မပေးတော့ဘူးဗျာဟု ပြောလိုက်မိသည်။ ဤတွင် ဂယက်ထပြီး ပြဿနာတင်းမာသွားသည်ဟု ထင်ပါသည်။

အချို့က မိမိနှင့် မိုးဝေကို ဆန့်ကျင်တိုက်ခိုက်မှုများ ပြုလာကြသည်။ အချို့က မိုးဝေတွင် မရေးတော့ဟု ဆိုကြပါသည်။ မဂ္ဂဇင်းတစ်စောင်တွင် ရေးသည် မရေးသည်မှာ စာရေးသူတစ်ဦး၏ လွတ်လပ်ခွင့်ဖြစ်ပါသည်။ မဂ္ဂဇင်းသို့ ပေးပို့သောစာမူများကို ထည့်သည်၊ မထည့်သည်မှာလည်း အယ်ဒီတာ၏ လုပ်ပိုင်ခွင့် ဖြစ်ပါသည်။

ထို့နောက် ဗန်းမော်တင်အောင်နှင့် မြသန်းတင့်တို့လည်း အပြင်ရောက်လာကြသည်။ ချက်ချင်းပင် မိမိသွားတွေ့ပါသည်။ မိုးဝေအကြောင်းရှင်းပြပြီး စာမူတောင်းပါသည်။ သူတို့နှစ်ယောက်စလုံးကပင် ရေးရမှာပေါ့ဟု ဆိုကြသည်။ သို့သော် လက်တွေ့တွင်မူ မရေးကြပါ။

သို့သော် မိမိသည် မိုးဝေ၏ မူနှင့်ပုံစံကိုထိန်းကာ စာပေမဂ္ဂဇင်းပုံသဏ္ဍာန်သစ်တစ်ခုကို ဆက်လက် ဖော်ဆောင်ခဲ့ပါသည်။

မိမိသည် တာရာမဂ္ဂဇင်း၊ စာပေသစ်မဂ္ဂဇင်း၊ လင်းယုန်စသော စာပေမဂ္ဂဇင်းတို့ကို နှစ်သက်လေးစားခဲ့သော်လည်း မိုးဝေကို ယင်းမဂ္ဂဇင်းများ ပုံစံအတိုင်း လိုက်လုပ်ရန် မရည်ရွယ်ခဲ့ပါ။

ထို့အတူပင် Soviet Literature, Chinese Literature, အာရှ၊ အာဖရိက စာရေးဆရာများအသင်းက ထုတ်ဝေသော Lotus တို့ကိုလည်း ပုံတူကူးချရန် စိတ်မကူးခဲ့ပါ။

ထို့အပြင် စာပေမဂ္ဂဇင်းတွင် ရုပ်ပုံမလို၊ အပြင်အဆင်မလို၊ အရောင်အသွေးမလို၊ စာကောင်းဖို့သာ အဓိကဟူသော အဆိုကိုလည်း လက်မခံလိုပါ။

မည်သည့်အကြောင်းအရာကို ဖော်ဆောင်သော မဂ္ဂဇင်းဖြစ်စေ၊ အမျိုးအမည်၊ ဒေသ၊ အရောင်အသွေး၊ အဆင်အပြင်တော့ ရှိရမည်ဟု ယနေ့တိုင် မိမိလက်ခံထားဆဲ ဖြစ်ပါသည်။ မဂ္ဂဇင်းတစ်စောင်ကို ဖော်ဆောင်ရာတွင် ပုံစံအရေးကြီးသလို ပုံသဏ္ဌာန်သည်လည်း အရေးကြီးပါသည်။

သို့ဖြင့် မိမိသည် မိုးဝေကို ပုံဖော်ရာတွင် မျက်နှာဖုံးပုံစံကိုသော်လည်းကောင်း၊ ကဗျာသရုပ်ဖော်နှင့် ဝတ္ထုသရုပ်ဖော်ကိုသော် လည်းကောင်း၊ အထားအသို အစီအစဉ်ကိုသော်လည်းကောင်း၊ အခန်းကဏ္ဍပိုင်းခြားမှုကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ ပညာရှင်များနှင့် တိုင်ပင်ပြီး တစ်မျိုးတစ်မည် စီစဉ်ခဲ့ပါသည်။

မျက်နှာဖုံးတွင် မာတိကာ ရိုက်ခဲ့သည်။ မျက်နှာဖုံးကို ကတ်ထူဖုံးလုပ်ခဲ့သည်။ ဆီဆေးပုံ သုံးခဲ့သည်။ အော့ဖ်ဆက်ဖြင့် ရိုက်ခဲ့သည်။ (မြန်မာမဂ္ဂဇင်းများတွင် အစောဆုံးဟု ထင်သည်။ ပုံနှိပ်စက်လောကတွင် ရွှေစင်ပုံနှိပ်တိုက်က စတင်စမ်းသပ်နေချိန် ဖြစ်သည်။ နောက်မှ စန္ဒာက အော့ဖ်ဆက်အဖုံးများ သုံးခဲ့ခြင်းဖြစ်သည်) ကဗျာကဏ္ဍ၊ တိုင်းရင်းသားဘဏ္ဍာ၊ နိုင်ငံတကာစာပေကဏ္ဍဟူ၍ သီးခြားကဏ္ဍများကို မဂ္ဂဇင်းကြီးထဲ

က မဂ္ဂဇင်းလေးတစ်ခုပမာ စီစဉ်ခဲ့သည်။

သို့သော် မိမိစိတ်ကူးရှိသည်များကို ကြိုးစားပုံဖော်ရာတွင် စိတ်ထဲရှိတိုင်း မလုပ်ဆောင်နိုင်သည်များ၊ တစ်ဖက်က ကြိုးပမ်းလုပ်ဆောင်နေရင်း နောက်ဆံတင်းရသည်များ ရှိပါသည်။ ယင်းမှာ ထုတ်ဝေရေးပြဿနာပင် ဖြစ်သည်။ ငွေရေးကြေးရေး ပြဿနာပင်ဖြစ်သည်။

စောစောက ပြောခဲ့သည့်အတိုင်းပင် ထုတ်ဝေသူမရှိဘဲ၊ အရင်းအနှီးမရှိဘဲ ထုတ်ဝေနေသည်မှာ မည်သို့ သဘာဝကျပါမည်နည်း။ မည်သို့ အောင်မြင်ပါမည်နည်း။

ကြွေးတွေ တဖြည်းဖြည်း တက်လာသည်။ ဘလောက်တိုက်ကြွေး၊ ပုံနှိပ်စက်ကြွေး၊ စက္ကူကြွေး၊ နောက်ဆုံး စာမူခများကိုပင် မှန်အောင် မပေးနိုင်တော့။ မိမိမှာလည်း အယ်ဒီတာခလည်း မရ၊ စာမူခလည်း မရ။ မဂ္ဂဇင်းအတွက် အရင်းအနှီး မစိုက်ရသော်လည်း မိမိအိမ်သုံးစရိတ်ကိုမူ လုံးချင်းရေးပြီး ရှာနေရပါသည်။

သို့သော် ကြွေးကိစ္စများ ရှင်းနေရသဖြင့် လုံးချင်းလည်း ကောင်းကောင်း မရေးနိုင်၊ မဂ္ဂဇင်းအတွက်ပင် မှန်မှန်မရေးနိုင် ဖြစ်လာသည်။ ကြွေးရှင်များကလည်း အိမ်အထိ လိုက်တောင်းလာကြသည်။

နောက်ဆုံးတွင် ဤပုံစံဖြင့် (သဘာဝမကျသော ပုံစံဖြင့်) ဆက်ပြီး စခန်းသွားရန် မဖြစ်တော့ကြောင်း သဘောပေါက်ရသည်။ မိတ်ဆွေများကို ထုတ်ဖော်ပြောရသည်။ ထုတ်ဝေသူတစ်ဦး ရှာဖွေရန် ဆုံးဖြတ်ရသည်။

ထိုအခါ ကိုကျော်အောင်က ထုတ်ဝေသူတစ်ဦး ရှာပေးပါသည်။ အခြားသူ မဟုတ်ပါ။ ကိုစောလွင် (မြန်မာအမျိုးသမီး) ဖြစ်ပါသည်။ သူ့မှာ ပုံနှိပ်တိုက်ရှိသည်။ မြန်မာအမျိုးသမီး မဂ္ဂဇင်းကို လုပ်ခဲ့သည်။ ဆိုဗီယက်-မြန်မာ ချစ်ကြည်ရေးအဖွဲ့တွင် အတွင်းရေးမှူး လုပ်ခဲ့သည်။ စစ်ပြီးခေတ် ကျောင်းသားလူငယ် ခေါင်းဆောင်များတွင် တစ်ယောက်အပါအဝင် ဖြစ်သည်။

တစ်ညနေတွင် ကိုကျော်အောင်၏ အိမ်မှာ တွေ့ကြသည်။ စိုစို ပြည်ပြည် ဘီယာဝိုင်းကလေးဖြစ်သည်။ မဂ္ဂဇင်းအကြောင်း အထူးပြော စရာမရှိပါ။ မူအကြောင်း၊ ပုံစံအကြောင်း ပြောရန်မလိုပါ။ မိမိက မဂ္ဂဇင်းကို ဖန်တီးပြီး သူက ထုတ်လုပ်သွားရန်ပင် ဖြစ်သည်။

ထိုဝိုင်းတွင် ထုံးစံအတိုင်းပင် မိမိ၊ မင်းကျော်၊ မောင်နေဝင်းနှင့် ညွှန့်ကြူးတို့လည်း ပါရှိသဖြင့် စိတ်ကူးသစ်များလည်း ပေါ်ထွက်လာကြ သည်။

သို့ဖြင့် –

မိုးဝေသည် ၁၀၉ လမ်း ဗာဒံပင်စခန်းမှသည် မန္တလေးလမ်း၊ မြောင်းကြီးဘေးသို့ ရောက်ရှိသွားပါတော့သည်။

**(ရွှေဝတ်မှုန်၊ ဇန်နဝါရီမှ ဒီဇင်ဘာ ၁၉၉၅)**

□

# မန္တလေးလမ်းမှာ ခဏတာ

မန္တလေးလမ်းသို့ ပြောင်းရမည်ဆိုသောအခါ မိမိခေါင်းထဲမှာ အတော်ကြီး ပေါ့သွားပါသည်။ သဘာဝမကျသော ထုတ်လုပ်မှုပုံစံတွင် မိမိအနေနှင့် ပတ်သက်မိနေရာမှ ထုတ်လုပ်မှုတာဝန်များကို လွှဲပြောင်းယူ မည့် ထုတ်ဝေသူတစ်ဦး ရရှိသောကြောင့်ဖြစ်သည်။

မိမိအနေနှင့် မိမိတာဝန်ဖြစ်သော အယ်ဒီတာအလုပ်ကိုသာ အာရုံ စူးစိုက်ပြီး လုပ်ရတော့မည် ဖြစ်သဖြင့် စိတ်ကူးများထုတ်ရသည်။ မဂ္ဂဇင်း အရည်အသွေးကောင်းမွန်ရေး မိတ်ဆွေများနှင့် တိုင်ပင်ရသည်။ မိမိကိုယ် တိုင် လုပ်ရမည်များကို လုပ်ရမည်။

ထို့အပြင် ကိုစောလွင်နှင့် လက်တွဲလုပ်ဆောင်ရမည် ဖြစ်သဖြင့် အားရှိမိသည်။ သူက သာမာန် ထုတ်ဝေသူတစ်ဦး၊ သာမန် ပုံနှိပ်တိုက် ပိုင်ရှင်တစ်ဦး မဟုတ်ပါ။ ရဲဘော်ရဲဘက်တစ်ဦးဖြစ်သည်။ မိမိ၏ အသိုင်း အဝိုင်းသည် သူ၏ အသိုင်းအဝိုင်းပင်ဖြစ်ပြီး၊ သူ့၏ အသိုင်းအဝိုင်းသည် လည်း မိမိ၏ အသိုင်းအဝိုင်းပင်ဖြစ်သည်။

သူ၏ အသိုင်းအဝိုင်း၊ ထိုမျှမကပြောရလျှင် သူ့အိမ်သို့ ဝင်ထွက် နေသူများနှင့် ရင်းရင်းနှီးနှီး ဝိုင်းဖွဲ့နေသူများတွင် ကိုအုံးမြိုင်လည်း ပါ ဝင်သည်။ ကိုအုံးမြိုင်ဆိုသည်က အခြားမဟုတ်ပါ။ စက္ကူနှင့် ပုံနှိပ်ကိရိယာ

ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအုံးမြိုင်ပင် ဖြစ်ပါသည်။

ကိုအုံးမြိုင်ကို မိမိမန္တလေးမှာကတည်းက သိခဲ့သည်။ မိမိအိမ်မှာ သူနေဖူးသည်။ အိပ်ဖူးသည်။ စားဖူးသောက်ဖူးသည်။

သို့သော် မိမိနှင့်သူ၏ ဆက်ဆံရေးက ညီနှင့်အစ်ကို ဆက်ဆံရေးမျိုး ဖြစ်သည်။ ကိုစောလွင်နှင့် သက်တူရွယ်တူ သူငယ်ချင်းတွေ ဖြစ်သဖြင့် ပြောမနာ ဆိုမနာတွေ ဖြစ်ကြသည်။ သို့ဖြင့် မိမိသည် စက္ကူကိစ္စ၊ မင် ကိစ္စတို့တွင်လည်း ခေါင်းခဲစရာ မရှိတော့။

ကိုစောလွင်သည် နိုင်ငံရေး အစဉ်အလာရှိသူတစ်ဦး ဖြစ်ရုံမျှမက လုပ်ငန်းတွင် အခြေခံအကျဆုံးဖြစ်သော စီးပွားရေး အတွေ့အကြုံ၊ ပုံနှိပ် တိုက် အတွေ့အကြုံရှိသူတစ်ဦး ဖြစ်သဖြင့် ငွေရေးကြေးရေးကိစ္စတို့တွင် လည်း ဘာမျှပူပန်စရာ မရှိတော့ပါ။ မကြာမီကာလအတွင်း စောင်ရေ တက်လာပြီး လုပ်ငန်းများအားလုံး အဆင်ပြေချောမွေ့သွားမည်ဟု ယုံကြည် ထားပါသည်။

သို့သော် မန္တလေးလမ်းတွင် မိုးဝေသိပ်မကြာပါ။ ခေတ္တခဏသာ ကွန်းခိုသလို ဖြစ်ခဲ့ရသည်။ လပိုင်းအတွင်းမှာပင် အခြားထုတ်ဝေသူ တစ်ဦးက တာဝန်ယူပြီး အခြားတစ်နေရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

အဘယ်ကြောင့်နည်း။

လူချင်း အဆင်မပြေ၍လား၊ လုပ်ငန်းတွင် အဆင်မပြေ၍လား၊ တစ်ခုမျှ မဟုတ်ပါ။

လူချင်း အဆင်မပြေစရာ ဘာအကြောင်းမျှ မရှိပါ။ ကိုစောလွင် နှင့် မိမိသည် ယခုအချိန်အထိ ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြ ပါသည်။ သူက စကားပြောလျှင် ပြုံးပြုံးပြုံးပြုံးနှင့် တစ်ဖက်သားကို လေးလေးစားစား ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံတတ်ပါသည်။ သူ၏ဇနီး နှင့် သူ၏ မိသားစုတို့သည် မန္တလေးလမ်းပြောင်းမှ သိရသော်လည်း သူတို့နှင့် ခင်မင်ရင်းနှီးရပါသည်။ မိမိတို့ လွတ်လွတ်လပ်လပ် ဝင်ထွက်

သွားလာဖို့ ပြောကြပါသည်။ ထမင်းစားစဉ်တွင် ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့ခဲ့ကြပါသည်။ ညနေဘက်တွင် ကိုအုံးမြိုင်၊ ကိုအေးမောင်၊ ကိုလွန်းဝေ၊ ကိုလှဝင်း၊ ကိုကျော်အောင်တို့ ရောက်လာလျှင်လည်း ဝိုင်းဖွဲ့ကြပါသည်။ ထို့အပြင် မိမိတို့ တြိဂံအဖွဲ့ဝင် ကိုနေဝင်းမှာလည်း ကိုစောလွင်နှင့်တင်မဟုတ် မိသားစုနှင့်ပါ ရင်းနှီးခင်မင်သူ ဖြစ်ပါသည်။

လုပ်ငန်းနှင့် ပတ်သက်၍လည်း ဘာမျှပြဿနာ မရှိပါ။ စောင်ရေမှာ နေ့ချင်းညချင်းဆိုသလို တက်မလာသော်လည်း သူ့အရှိန်နှင့်သူ ရှိနေပါသည်။ သူက ဘယ်ရွှေ့ဘယ်မျှ ရှုံးသည်ဟု မပြောပါ။ စာမျက်နှာလျှော့ပါ၊ ဘလောက်လက်မ လျှော့ပါဟု မပြောပါ။ ဘယ်စာမူထည့်ပါ၊ ဘယ်စာမူ မထည့်ပါနဲ့ဟု မပြောပါ။

ယင်းသို့ဆိုလျှင် ဘာဖြစ်သနည်း။ အကြောင်းတစ်ခုတော့ ရှိရမည်။

အကယ်၍ အကြောင်းတစ်ခုရှိသည်ဆိုလျှင် နေရာထိုင်ခင်းကိစ္စတစ်ခုပဲ ဖြစ်တန်ရာပါသည်။

ပုံနှိပ်တိုက်က အိမ်နှင့် တွဲနေပါသည်။ တစ်ခန်းက လူနေသည်။ တစ်ခန်းက ပုံနှိပ်တိုက်။

ပုံနှိပ်တိုက်ဘက်တွင် ပုံနှိပ်စက်ရှိသည်။ ခာစီခုံတွေ ရှိသည်။ ရိုက်ပြီး စာဖောင်တွေ ရှိသည်။ စက္ကူဖြတ်စက် ရှိသည်။ အလုပ်သမားတွေ ရှိသည်။ မိမိတို့ကို အလယ်ဗဟိုလောက်တွင် နေရာလုပ်ပေးပါသည်။ စားပွဲနှစ်နေရာစာ ပေးသည်။

သို့ဖြင့် မိမိတို့သည် ဗာဒံပင်စခန်းမှ မန္တလေးလမ်းသို့ ပြောင်းသောအခါ စာရေးစားပွဲနှစ်လုံးနှင့် ကုလားထိုင်လေးလုံးသာ သယ်ဆောင်သွားပါသည်။ ခေါက်စားပွဲနှင့် ခေါက်ကုလားထိုင်များကို အောင်ကျော်အား ပေးလိုက်သည်။ အောင်ကျော် သူ့အိမ်သို့ သယ်သွားသည်။

သို့ဖြင့် မန္တလေးလမ်းသို့ ရောက်သောအခါ စစ်တုရင်ဝိုင်း ပျောက်သွားပါသည်။ စစ်တုရင်ထိုးသူများ ဘုံပျောက်သွားပါသည်။ ညှော်သည်

အတွက် ထိုင်ခုံနှစ်လုံးသုံးလုံးသာ ပေးနိုင်သဖြင့် နေ့စဉ်စုဝေးနေကျ ကဗျာဆရာနှစ်ဆယ်၊ သုံးဆယ်တို့ နေရာပျောက်သွားကြပါသည်။ တစ်ခုဆိုးသည်က တိုက်ရှေ့တွင်လည်း စုဝေးရန် နေရာမရှိပါ။ တိုက်ရှေ့တွင် ရေမြောင်းကြီးရှိသဖြင့် လမ်းက ကားတစ်စီး သွားလာရုံမျှသာ ဖြစ်သည်။ လက်ဖက်ရည်ဆိုင်ကလည်း အလှမ်းဝေးသည်။ လမ်းထိပ်တွင်သာ ရှိသည်။ လူအိုရုံလမ်းထိပ်တွင် ကုလားလက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှိသည်။ သို့သော် စုဝေး၍ မကောင်းပါ။ မြန်မာ့ဂုဏ်ရည်လမ်းထိပ်တွင် တစ်ဆိုင်ရှိသည်။ ပုဂံစာအုပ်တိုက်ဘေးက တရုတ်လက်ဖက်ရည်ဆိုင် ဖြစ်သည်။ ထိုဆိုင်မှာပဲ စုဝေးကြရသည်။ စတည်းချကြရသည်။ ပုဂံစာအုပ်တိုက် ပရိသတ်နှင့် ရောနေသည်။

ပုံနှိပ်တိုက်ဘက်တွင် တံခါးမကြီးရှိသော်လည်း ဖွင့်မထားပါ။ မိသားစုနေထိုင်ရာဘက်မှ လှည့်ပြီးဝင်ရပါသည်။ ယင်းတံခါးမှာလည်း လူနေအိမ်တံခါး ဖြစ်သဖြင့် ရန်ကုန်ထုံးစံအတိုင်း စေ့ထားပါသည်။ ရုံဖန်ရံခါ သော့ခလောက် ချိတ်ထားပါသည်။ လူတွေက အိမ်နောက်ဖေးတွင် ရောက်နေတတ်သဖြင့် လုံခြုံမှုအရ တံခါးပိတ်ထားခြင်း ဖြစ်ပါသည်။ သို့ဖြင့် မိမိတို့က ဝင်ထွက်သူများအနေဖြင့် အားနာရပါသည်။

သို့ဖြင့် အခါတိုင်း မိမိတို့အယ်ဒီတာအဖွဲ့နှင့် လုံးထွေးနေသူများ မိမိတို့နှင့် ကွာလှမ်းသွားသလို ဖြစ်ရသည်။

မိမိ၊ မင်းကျော်၊ မောင်နေဝင်း၊ ကိုကျော်အောင် စသောလူကြီးဝိုင်းသည် အိမ်ရှင်တို့နှင့်ရင်းနှီးသဖြင့် အားလုံးအဆင်ပြေသော်လည်း လူချင်းမရင်းနှီးသော လူငယ်များအဖို့ အဝင်အထွက် အသွားအလာ ကျဉ်းကျပ်ကြရသည်။ သည်အတွက် မိမိစိတ်မကောင်းပါ။ လိပ်ပြာလည်း မသန့်ပါ။ အထူးသဖြင့် မိမိတစ်ဖက်ခန်းကဝိုင်းတွင် သွားထိုင်နေလျှင် ရဲဘော်များနှင့် လုံးဝအဆက်ပြတ်သွားသလို ဖြစ်နေပါသည်။

ဤအချိန်တွင် မိုးဝေကို တာဝန်ခံ ထုတ်လုပ်လိုသူတစ်ဦး ပေါ်

လာသည်။ သူကမိုးဝေတွင် စုရုံးနေသော လူငယ်စာရေးဆရာ အသိုင်းအဝိုင်းထဲမှပင် ဖြစ်သည်။ မင်းသစ် ဖြစ်သည်။

သူတို့လူငယ်တွေ အရင်ဆွေးနွေးပြီးမှ မိမိထံတင်ပြလာခြင်း ဖြစ်သည်။ မင်းသစ်က စာရေးကောင်းသလို အပြောကောင်းသည်။ သူ့မှာ ငွေရှိသည်ဟု ဆိုသည်။ သူ့မှာ အသိုင်းအဝိုင်းရှိသည်ဟု ဆိုသည်။ လောလောဆယ်တွင် သူက မိုးဝေအသိုင်းအဝိုင်းထဲက ဖြစ်သည်။ မောင်လေးအောင်တို့၊ မောင်သင်းခိုင်တို့နှင့် နေ့စဉ်ဝိုင်းဖွဲ့နေသူ ဖြစ်သည်။ သူတို့မှာ လူငယ်လူရွယ်များ ဖြစ်သည်နှင့်အညီ စိတ်ကူးသစ်များလည်း ရှိသည်။ သူတို့က မိုးဝေကို အင်နှင့်အားနှင့် အုံနှင့်ကျင်းနှင့် လုပ်ချင်ကြသည်။

သို့ဖြင့် မိမိသည် လူငယ်များ ပိုမိုအဆင်ပြေစေရန်၊ သူတို့အနေနှင့် ပါဝင်လှုပ်ရှားနိုင်ကြစေရန် မင်းသစ်နှင့်လုပ်ရန် ဆုံးဖြတ်လိုက်သည်။

နောက်ပြီး တစ်ခုစဉ်းစားသည်မှာ ကိုစောလွင်သည် မိုးဝေကို သူ၏အကျိုးစီးပွားအတွက် လုပ်သည်မဟုတ်ဘဲ ကိုကျော်အောင် စသောရဲဘော်များ၏ လုပ်ငန်းတစ်ခုကို ကူညီခြင်း၊ သူ၏ပုံနှိပ်တိုက်မှ မိုးဝေထွက်ခွာသွားသည့်အတွက် သူ့တွင်ဘာမျှ ထိခိုက်နစ်နာစရာ အကြောင်းမရှိခြင်း၊ ထို့ပြင် သူသည် မိုးဝေကို လပိုင်းမျှသာ လုပ်ရသေးသဖြင့် သိသိသာသာ ငွေရင်း နစ်မြုပ်ဝင်နေမှုမှာလည်း မရှိသေးသည်ကိုလည်း မိမိထည့်တွက်ပါသည်။

သို့ဖြင့် မိုးဝေကို တခြားတစ်နေရာသို့ ပြောင်းရွှေ့လုပ်ကိုင်တော့မည်ဖြစ်ကြောင်း ကိုစောလွင်ကို ကိုကျော်အောင်မှတစ်ဆင့်ပင် အသိပေးလိုက်ရပါသည်။

ဤနည်းဖြင့် မန္တလေးလမ်းမှ ခွဲခွာခဲ့ရပါတော့သည်။

(တော်ဝင်ဂျာနယ်၊ မတ် ၁၉၉၆)

□

# စာပေမဂ္ဂဇင်းဟု ဆိုရာဝယ်

## (က)

တစ်နေ့တွင် ကိုမိုးဝေ၏ဇနီး ဒေါ်ခင်ညွန့်နှင့် သမီး စန်းစန်းဝေတို့ မိမိအိမ်သို့ ရောက်ရှိလာကြသည်။ မိုးဝေမဂ္ဂဇင်း ကိစ္စပင်ဖြစ်သည်။

မိမိတွင် အစ်မကြီးလေးယောက် ရှိသည်ဟုဆိုရမည်။ ၎င်းတို့မှာ ကိုတင့်ဆန်း၏ဇနီး ဒေါ်ခင်စိန်၊ ကိုသစ်လွင် (လင်းယုန်သစ်လွင်)၏ဇနီး ဒေါ်ခင်ကြည်၊ ကိုတင်စိုး၏ဇနီး ဒေါ်တင်တင်နှင့် ကိုမိုးဝေ၏ဇနီး ဒေါ်ခင်ညွန့်တို့ပင် ဖြစ်ပါသည်။

စာပေလောကနှင့် ရန်ကုန်မြေတွင် မိမိခြေချရန် ကြိုးပမ်းခဲ့စဉ်က အထက်ပါစာရေးဆရာ လေးယောက်သည် မိမိကိုအများဆုံး ကူညီခဲ့ကြသူများ ဖြစ်ပါသည်။ မိမိ၏ ဆရာများဆိုလျှင် ဟုတ်ပါသည်။ မိမိ၏ အစ်ကိုကြီးများဆိုလျှင်လည်း ဟုတ်ပါသည်။

ထိုအခါ သူတို့၏ ဇနီးများသည်လည်း မိမိ၏အစ်မကြီးများ ဖြစ်ကြရတော့သည်။ သူတို့၏အိမ်များသည် မိမိ၏ စားအိမ်သောက်အိမ်များပင် ဖြစ်ပါတော့သည်။

မိမိကို အစစအရာရာ ကူညီခဲ့သူတစ်ဦး ရှိပါသေးသည်။ သို့သော် ထိုအစ်ကိုကြီးတွင်ကား ယခုထက်တိုင် အစ်မကြီးတစ်ဦး မရှိသေးပါ။

သူကား အခြားသူမဟုတ်၊ ပါရဂူပင်ဖြစ်ပါသည်။

ထားတော့။

ဒေါ်ခင်ညွန့်နှင့် စန်းစန်းဝေတို့က မဂ္ဂဇင်းကိစ္စပြောသည်။ လက်ရှိအခြေအနေနှင့် အနေအထားကို ပြောသည်။ မိမိကို ပြန်လုပ်ပေးရန်ပြောသည်။

မိမိစဉ်းစားသည်။

သည်တစ်ကြိမ်တွင် မိမိ စဉ်းစားရသည်။

မိမိ၏ ဘဝကို တစ်ကြိမ်မြှုပ်နှံခဲ့ပြီးပြီ။ မိမိတွင် ထိခိုက်နစ်နာမှုများ ရှိခဲ့ရသည်။ မိမိ၏ စေတနာနှင့် ကြိုးပမ်းအားထုတ်မှုများကို မိမိ၏အနီးတွင် ရှိနေသူအချို့က ချေဖျက်ခဲ့ကြသည်။ မယုံကြည်နိုင်စရာများကို မိမိ တွေ့မြင်ခဲ့ရသည်။

သို့သော် ...

မိုးဝေ၏အမည်ကို ကမ္ဘာတည်သရွေ့ တည်စေရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ထုတ်ဝေခဲ့သော မိုးဝေမဂ္ဂဇင်း ပျောက်ပျက်သွားမည်ကိုတော့ မည်သည့်အချိန်တွင်မျှ၊ မည်သည့် အခြေအနေတွင်မျှ မိမိ မလိုလားပါ။

နောက်တစ်နည်း ...

မြန်မာစာပေလောကတွင် သူ့အတိုင်းအတာနှင့်သူ တည်ရှိခဲ့ပြီဖြစ်သော မဂ္ဂဇင်းတစ်စောင် ဆိတ်သုဉ်းသွားမည်ကိုလည်း မည်သူမျှလိုလားနိုင်မည် မဟုတ်ပါ။

တစ်ဖန် ...

မိမိ၏ ကျေးဇူးရှင်အစ်မကြီးတစ်ယောက်နှင့် လူမမည်တစ်ယောက်တို့ကို အချိန်မရွေးကူညီဖို့ မိမိတွင် တာဝန်ရှိနေသည်။

သို့ဖြင့် ...

မိုးဝေမဂ္ဂဇင်းကို အသစ်တစ်ဖန် ပြန်လည်မွေးဖွားရန် မိမိဆုံးဖြတ်လိုက်သည်။

(ခ)

ပထမဆုံး မိမိ၏ မိသားစုနှင့် ညှိနှိုင်းတိုင်ပင်ရသည်။ ထို့နောက် မိမိစာပေရဲဘော်များနှင့် ညှိနှိုင်းတိုင်ပင်ရမည်။ ထို့နောက် မိမိ၏ရင်းနှီးသော မိတ်ဆွေများနှင့် ညှိနှိုင်းတိုင်ပင်ရမည်။ သူတို့၏အကူအညီ မရရှိဘဲနှင့် သည်လုပ်ငန်းကို မိမိတစ်ဦးတည်း လုပ်ဆောင်နိုင်မည် မဟုတ်ပါချေ။

သည်တွင် ချင်းတွင်းစာပေနှင့် ပတ်သက်ရပြန်တော့သည်။

ချင်းတွင်းစာပေနှင့် မိမိတို့သည် စာပေလုပ်သား မဂ္ဂဇင်းကို တာဝန်ယူ ထုတ်လုပ်နေကြရသည်။ အားသွန်ခွန်စိုက် ကြိုးပမ်းနေကြရသည့် ကာလဖြစ်သည်။

သည်အချိန်တွင် မိုးဝေကိစ္စဝင်လာခြင်း ဖြစ်သည်။

မဂ္ဂဇင်းတစ်စောင် ထုတ်လုပ်ရသည့် တာဝန်က ကြီးမားလှသည်။

မိုးဝေကိစ္စ ချင်းတွင်းနှင့် ပြောရသည်။

ချင်းတွင်းစာပေသည် မိုးဝေမဂ္ဂဇင်းကို တစ်ချိန်က ထုတ်လုပ်ဖြန့်ချိခဲ့ဖူးပြီ ဖြစ်သည်။ နောက်ပိုင်းတွင်လည်း ရင်းနှီးသူတစ်ဦး၊ နှစ်ဦးက ထပ်မံလုပ်ဆောင်ရန် ကမ်းလှမ်းခဲ့သည်။ သို့သော် တာဝန်ကြီးမားလှသဖြင့် ဝမ်းနည်းစွာပင် ငြင်းပယ်ခဲ့သည်။

ထိုစဉ်က ချင်းတွင်းအနေနှင့် ရုပ်ရှင်သတင်းစဉ်၊ ရုပ်ရှင်မဂ္ဂဇင်း၊ စစ်ပြန်မဂ္ဂဇင်းနှင့် စာပေလုပ်သားမဂ္ဂဇင်းတို့ကို ထုတ်လုပ်ဖြန့်ချိနေရသဖြင့် တာဝန်ကြီးမားလှသည်။

သို့သော် မိမိအနေနှင့် မိုးဝေမဂ္ဂဇင်းကို ပြန်လည်လုပ်ဆောင်ရမည်ဆိုသောအခါ ချင်းတွင်းအနေနှင့်လည်း မငြင်းသာတော့၊ မိုးဝေမဂ္ဂဇင်းကို ပြန်လည်လုပ်ဆောင်ရန် မဆိုင်းမတွပင် တာဝန်ယူပါသည်။

သို့ဖြင့် မိမိတို့သည် မိုးဝေမဂ္ဂဇင်း ပြန်လည်မွေးဖွားရေးကို စတင်လုပ်ဆောင်ကြရတော့သည်။ သို့သော် စတင်လုပ်ဆောင်သည်ဟု ဆိုသော်

လည်း လက်တွေ့လုပ်ငန်းများကို ချက်ချင်း ဆောင်ရွက်နိုင်ကြသည် မဟုတ်ပါ။

မိုးဝေမဂ္ဂဇင်းကို မဂ္ဂဇင်းအသစ် တစ်စောင်အဖြစ်နှင့် ထုတ်ဝေခြင်းလည်း မဟုတ်ပါ။ ကာလအတန်ကြာ ရပ်ဆိုင်းထားသော မဂ္ဂဇင်းကို ပြန်လည်ထုတ်ဝေခြင်းလည်း မဟုတ်ပါ။ အဆက်မပြက် ထုတ်ဝေနေသော မဂ္ဂဇင်းတစ်စောင်ကို ဆက်လက် ထုတ်ဝေခြင်းသာ ဖြစ်သည်။ လွှဲပြောင်း ထုတ်ဝေခြင်းသာ ဖြစ်သည်။

ထိုအခါတွင် မိမိတို့၌ သတိပြုရမည့် အချက်တစ်ခုရှိသည်။ ယင်းမှာ မိုးဝေမဂ္ဂဇင်းကို လက်ရှိ လုပ်ဆောင်နေသူများရှိသည်။ ထိုသူများနှင့် မိမိတို့အကြားတွင် ပြဿနာမရှိပါ။ ထိုသူများနှင့် မိမိတို့ ပတ်သက်ခြင်း မရှိပါ။

မိမိတို့သည် မိုးဝေမဂ္ဂဇင်း ထုတ်ဝေသူ ဒေါ်ခင်ညွန့်နှင့်သာ ပတ်သက်သည်။ သူတို့သည်လည်း ဒေါ်ခင်ညွန့်နှင့် ပတ်သက်ကြပေသည်။

သို့ဖြင့် သူတို့နှင့် ငြိစွန်းခြင်း မဖြစ်စေရန် မိမိတို့ ဆင်ခြင်ရသည်။ စာပေလောကတွင် အချင်းချင်း စောင့်ထိန်းကြရမည်။ သူ့စည်း ကိုယ့်စည်း ရှိကြရမည်။

သူတို့နှင့် နားလည်မှုရှိကြောင်း၊ ပြေပြေလည်လည်ရှိကြောင်း ဒေါ်ခင်ညွန့်တို့က ပြောသည်။ သူတို့သည် မိုးဝေမဂ္ဂဇင်းကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ လုပ်ဆောင်ခဲ့ကြသည် ဖြစ်သည်။

သူတို့နှင့်ပတ်သက်၍ မိမိတွင် ဘာမျှပြောရန် မရှိပါ။ သည့်ထက်ပို၍ပြောလျှင် သူတို့ဆိုသည်မှာ သုံးယောက်ဖြစ်သည်။ မဂ္ဂဇင်း စာမျက်နှာပေါ်တွင် ဖော်ပြထားသော အယ်ဒီတာသုံးယောက်ဖြစ်သည်။ ထိုသုံးယောက်အနက် တစ်ယောက်ကိုသာ မိမိသိသည်။ နှစ်ယောက်ကို မိမိမသိပါ။ ဖြူသည်၊ မည်းသည်ပင် မမြင်ဖူးပါ။

ထိုသုံးယောက်နှင့် ပတ်သက်၍ မိမိတွင် ဘာပြဿနာမျှ မရှိခဲ့ပါ။

သူတို့အကြောင်းသော် လည်းကောင်း၊ သူတို့တည်းဖြတ်သော မဂ္ဂဇင်း အကြောင်းသော် လည်းကောင်း၊ ကောင်းသည်၊ ဆိုးသည် မိမိမပြောခဲ့ဖူး ပါ။ စာပေဆွေးနွေးပွဲများတွင် သူတို့ထုတ်လုပ်သော မိုးဝေအကြောင်း မေးမြန်းလာလျှင်လည်း ပြောဆိုရန် မိမိငြင်းဆန်ခဲ့သည်။

ယခုလည်း မိုးဝေမဂ္ဂဇင်းကို ပြန်လည်လုပ်ဆောင်ရန် ရှိသောအခါ သူတို့နှင့် ဒေါ်ခင်ညွန့်တို့ ပြေလည်ပြီးပြတ်သည်အထိ မိမိတို့ စောင့်ဆိုင်း ခဲ့သည်။

မေလထုတ် မဂ္ဂဇင်းအတွက် ပေးရန်ရှိသော စာမူခများ၊ ပန်းချီခ များကို သူတို့ထုံးစံအတိုင်း လဆန်း (၁၀)ရက်နေ့တွင် ပေးသည်။ ထို့ နောက် ပုံနှိပ်ခ၊ ဘလောက်ခတို့ကို ပေးသည်။ ပြည်လုံးကျွတ်ဖြန့်ချိသူနှင့် စာရင်းရှင်းသည်။ ယင်းကိစ္စများအားလုံး ပြီးပြတ်သောအခါတွင်မှ ပုံနှိပ် တိုက်အပြောင်းအလဲ ပြုလုပ်ကြရသည်။ ထိုအခါ လတစ်ဝက်ကျိုးနေပေ ပြီ။ တိတိကျကျပြောရလျှင် မေလ (၁၆)ရက်နေ့ဖြစ်သည်။

ထိုအခါတွင်မှ မိမိတို့သည် ဇွန်လထုတ် မဂ္ဂဇင်းအတွက် အပူ တပြင်း လုပ်ဆောင်ကြရသည်။ ကြော်ငြာထည့်ရသည်။ ကိုယ်စားလှယ် များသို့ အကြောင်းကြားရသည်။ စာမူ တောင်းရသည်။ ပန်းချီအပ်ရသည်။ ပုံနှိပ်တိုက်တွင် နေ့ရောညရော ရိုက်နှိက်ရသည်။

အားလုံးကိုပင် ကျေးဇူးတင်ရမည် ဖြစ်သည်။

မိုးဝေအပေါ်တွင် စေတနာရှိသော၊ မိမိတို့ကို ခင်မင်ရင်းနှီးသော စာရေးဆရာများနှင့် ပန်းချီဆရာများသည် ရက်ပိုင်းအတွင်းမှာပင် စာမူများ ရေးပေးကြသည်။ ပန်းချီပုံများ ဆွဲပေးကြသည်။

အံ့သြစရာကောင်းသည်ကတော့ တစ်ပတ်အတွင်းမှာပင် မိမိတို့ လက်ထဲ၌ သုံးလစာ စာမူနှင့်ပန်းချီများ စုဆောင်းပြီး ဖြစ်သွားသည်။

ယင်းသို့ဖြင့် မိမိတို့သည် မိုးဝေမဂ္ဂဇင်းကို ဇွန်လမှ အစပြု၍ ပြန် လည်တည်းဖြတ် ထုတ်ဝေခဲ့သည်။

တစ်လ၊ နှစ်လ၊ သုံးလ။

တစ်လပြီးတစ်လ မဂ္ဂဇင်းလုပ်ငန်းများတွင် နစ်မြုပ်ခဲ့ကြရသည်။ မဂ္ဂဇင်းကို ပြန်လည်ပျိုးထောင်နေရသည့် အချိန်ဖြစ်သဖြင့် နေ့ရောညပါ မဂ္ဂဇင်းလုပ်ငန်းတွင် နစ်မြုပ်နေကြရသည်။

ယင်းသို့ဖြင့် စာဆိုတော်ရာသီသို့ ရောက်ရှိလာသည်။ စာပေဟော ပြောပွဲများ ပြုလုပ်ကြသည်။ စာရေးဆရာများ အနယ်နယ်အရပ်ရပ်သို့ ထွက်ကြသည်။

မိမိမှာ ဘယ်မှမထွက်နိုင်။ ဖိတ်ကြားလာသမျှကို ဝမ်းနည်းစွာနှင့် ငြင်းပယ်ရသည်။ အနူးအညွတ် တောင်းပန်ရသည်။ နောင်တွင် လိုက်ပါ မည်ဟု ကတိပြုရသည်။

နောက်ဆုံးတွင် ညောင်တုန်းတစ်မြို့တည်းသို့သာ လိုက်ပါဖြစ် သည်။

(၈)

ညောင်တုန်းသို့ လိုက်ဖြစ်သည့် အကြောင်းနှစ်ကြောင်း ရှိပါသည်။ တစ်ကြောင်းကတော့ မဂ္ဂဇင်းကိစ္စနှင့် အဘယ်မျှပင် အလုပ်များသည်ဖြစ် စေ၊ ခရီးတိုကလေးတစ်ခုတော့ စတိသဘောသွားမည်ဟု စိတ်ကူးထား သောကြောင့်ပင် ဖြစ်ပါသည်။ ၁၉၅၈ ခုနှစ် စာရေးဆရာ စာပေကလပ် ကာလကတည်းက နယ်များသို့ စာပေကိစ္စဖြင့် သွားရောက်သည်ဖြစ်ရာ ယခုဆိုလျှင် အနှစ်နှစ်ဆယ်ကျော်၍ အနှစ်အစိတ်သို့ပင် နီးကပ်လာပြီဖြစ် သည်။ တစ်နှစ်မှ နယ်မသွားသည်ဟူ၍ မရှိပါ။ သည်အစဉ်အလာကလေး မပျက်ချင်ပါ။

နောက်တစ်ကြောင်းကတော့ ကြွေးဆပ်ခြင်း ဖြစ်ပါသည်။ ၁၉၇၉ ခုနှစ်က ညောင်တုန်းသို့လိုက်ရန် မိမိကတိပြုပြီးဖြစ်သည်။ သို့သော် အချိန်နီးကပ်သော အခါတွင်မှ အကြောင်းကိစ္စတစ်ခု ပေါ်လာသဖြင့်

မလိုက်ဖြစ်ခဲ့။ သည်တွင် ညောင်တုန်းက ထပ်ပြောလာသောအခါ လိုက်ရန် ဆုံးဖြတ်လိုက်သည်။

တစ်ညအိပ်ခရီးဖြစ်သည်။ သောကြာနေ့နံနက် သွားရမည်။ စနေနေ့ နံနက် ပြန်ရောက်မည်။ တစ်ရက်တည်း အလုပ်ပျက်သည်။

အတူသွားရမည့်သူများက မင်းကျော်၊ သုမောင်နှင့် မောင်ဆွေတင့် တို့ဖြစ်သည်။ ခရီးသွားရာတွင် ခရီးဖော်များ အရေးကြီးသည်။

လူတစ်ယောက်၏ အတွင်းစိတ်ကို အရက်မူးသောအခါတွင်လည်း သိနိုင်သည်။ ဖဲရိုက်သောအခါတွင်လည်း သိနိုင်သည်။ ခရီးသွားသောအခါ တွင်လည်း သိနိုင်သည်။

သာမန်သိကျွမ်းသူများ ခရီးအတူသွားမှ ပိုပြီးရင်းနှီးရသလို တစ် ယောက်၏သဘောကို တစ်ယောက်မနှစ်သက်သဖြင့် နောင်အခါတွင် ဝေးဝေးက ရှောင်ကြသည်လည်း ဖြစ်တတ်သည်။

လူတွေမှာ အတ္တကလေးတွေ ရှိသည်။ မာနကလေးတွေ ရှိသည်။ အချို့က လွန်ကဲသည်။ တစ်ပါးသူကို ထိခိုက်စေသည်။

မင်းကျော်နှင့်ကား မိမိခရီးသွားဘက်။ သုမောင်နှင့်လည်း သွားဖူး သည်။ မောင်ဆွေတင့်နှင့်ကား တစ်ခါမျှ ခရီးအတူမသွားဖူး။ တစ်နှစ်လျှင် တစ်ယောက် နှစ်ယောက်ဆိုသလို လူသစ်များနှင့် တွဲကြည့်ရခြင်းသည် စိတ်ဝင်စားဖွယ်ရာပင်။

ညောင်တုန်းမှမိတ်ဆွေများ တစ်ရက်ကြိုပြီး ရောက်လာသည်။ ဒီဇင်ဘာလ (၁၈)ရက်နေ့ နံနက်အစောကြီးတွင် မိမိတို့လေးယောက်ကို ကားဖြင့်ခေါ်ပြီး အင်းစိန်သို့သွားသည်။ ညောင်တုန်းသင်္ဘောကို အင်းစိန်မှ စောင့်ပြီး စီးကြသည်။

ညောင်တုန်းသို့ မိမိတစ်ခေါက်မျှ မရောက်ဖူး၊ အဖျောက်သို့ သွားသည့်အခါများတွင် မအူပင်မှအလွန်တွင် ညောင်တုန်းမြို့ကို လက်ဝဲ ဘက်တွင် ညိုညို့ကလေးသာ တွေ့မြင်ရသည်။

ရန်ကုန်ဆိပ်ကမ်းမှ နံနက် (၆)နာရီတွင် ထွက်လာသော သင်္ဘောသည် ကြည့်မြင်တိုင်တွင် စခန်းတစ်ထောက်နားပြီး အင်းစိန်သို့ (၈)နာရီတွင် ရောက်သည်။ အင်းစိန်တွင် သင်္ဘောမဆိုက်ပါ။ ဆိပ်ခံမရှိပါ။ သင်္ဘောကို ရေလယ်တွင် ရပ်ထားပြီး သမ္ဗန်ဖြင့် ကူးကြရသည်။

သည်တွင် မောင်ဆွေတင့်အကြောင်း သိရသည်။ သူက ရေကူးတတ်သော်လည်း ရေကြောက်သည်။ သူ့မှာ လေခေါင်းအုံကလေး ပါလာသည်။ သို့သော် မိမိတို့လူစု အခက်အခဲ တစ်စုံတစ်ရာမရှိဘဲ သင်္ဘောပေါ်သို့ ရောက်ရှိသွားကြသည်။

သင်္ဘောစုံပေါ်တွင် လူပြည့်ရုံမျှသာ ဖြစ်သည်။ ကြောက်မက်ဖွယ်ရာ လူတွေပြည့်ကျပ်မနေပါ။ သင်္ဘောစီးရသည်မှာ စိတ်ချမ်းသာသည်။ မိမိတို့ အေးအေးလူလူပင် စကားပြောပြီး လိုက်ပါသွားကြသည်။ သင်္ဘောပေါ်မှာပင် နံနက်စာစားရသည်။ သင်္ဘောပေါ်မှာပင် နေ့ခင်းကော်ဖီသောက်ရသည်။ နေ့နှစ်နာရီတွင်မှ ညောင်တုန်းသို့ ရောက်ရှိသည်။

ညောင်တုန်းဆိပ်ကမ်းမှာ လှပသည်။ သဲသောင် ပြန့်ပြူးသည်။ ငွေရောင်ဖွေးသည်။ အညာလှေကြီးများ မြင်ရသည်။ အဝေးတွင် ပျပျကလေး မြင်ရသော ရွာတစ်ရွာကို မိတ်ဆွေများက ပြသည်။

"အဲဒါ ဆရာလင်းယုန်သစ်လွင်ရဲ့ **ဓမ္မဝိလာသ** ထဲက စက္ကော့ရွာကြီးပေါ့"

စာရေးဆရာတစ်ဦးသည် မိမိ၏ဇာတိမြေအကြောင်း ဝတ္ထုတစ်ပုဒ်ရေးဖွဲ့နိုင်ခြင်းသည် အောင်မြင်ခြင်းတစ်ခုပင် ဖြစ်ပါသည်။

မိမိတို့ ခရီးရောက်မဆိုက်ပင် ကားဖြင့်မြို့ကို လှည့်ကြည့်သည်။ မီးကြီးလောင်ကျွမ်းပြီးနောက် ပြန်လည်ထူထောင်ထားသော မြို့သစ်ကြီးကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် အထင်ကရဖြစ်သော ရွှေဟင်္သာတောရကျောင်းတိုက်သို့ ဝင်ရောက်ပြီး ဆရာတော်ကြီးကို ဖူးမြော်ကြသည်။ ရွှေဟင်္သာ

တောရကျောင်းသည် ငြိမ်းအေးချမ်းမြေ့လှသည်။

ဟောပြောပွဲက ည (၇)နာရီတွင် ဖြစ်သည်။ တော်ဝင်ထွန်းရုပ်ရှင်ရုံတွင် ဖြစ်သည်။ ပရိသတ် ပြည့်လျှံနေသည်။ ပရိသတ်ကောင်းသည်။ ည (၁၁)နာရီတွင် ဟောပြောပွဲပြီးသည်။

သည့်နောက်တွင်ကား ထုံးစံအတိုင်းပင်။ မိမိတို့တည်းခိုသော ဧည့်ရိပ်သာတွင် စာပေဆွေးနွေးပွဲ ဆက်လက်ပြုလုပ်သည်။

ထိုအခါတွင် ဒေါင်ဒေါင်မြည် စာပေသမားများနှင့် တွေ့ရသည်။ သူတို့က စာဖတ်သည်။ သူတို့၏ ရင်ထဲတွင် မရှင်းသည်များကို မေးကြသည်။ ဆွေးနွေးကြသည်။ ဝေဖန်ကြသည်။

အကြောင်းအားလျော်စွာပင် မိမိတို့လေးယောက်တွင် သုံးယောက်က မဂ္ဂဇင်းအယ်ဒီတာများ ဖြစ်နေကြသည်။ မင်းကျော်က စာပေလုပ်သား၊ မောင်ဆွေတင့်က ရှုမဝ၊ မိမိက မိုးဝေ။

စာပေလုပ်သားမဂ္ဂဇင်းနှင့် ရှုမဝအကြောင်း မေးမြန်းကြသည်။ ဆွေးနွေးကြသည်။ မင်းကျော်နှင့် မောင်ဆွေတင့်တို့က အကျေအလည် ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် မိုးဝေ။

မိုးဝေအကြောင်းလည်း အတော်ကလေး ဆွေးနွေးကြသည်။ ထိုအထဲတွင် မိမိမျှော်လင့်ထားပြီးဖြစ်သော မေးခွန်းတစ်ခု ပါရှိလာသည်။

"မိုးဝေကို အရင်က စာပေမဂ္ဂဇင်းလို့ပြောပြီး အခု ဆရာတို့ ပြန်လုပ်တဲ့အခါမှာ ဘာဖြစ်လို့စာပေကို ဖြုတ်လိုက်ရတာလဲ၊ မိုးဝေမဂ္ဂဇင်းကို ဆရာနတ်နွယ်ပဲ စတင်တည်ထောင်ခဲ့တယ်လို့ ကျွန်တော်တို့ နားလည်ထားပါတယ်၊ အခု မိုးဝေဟာ စာပေမဂ္ဂဇင်း မဟုတ်တော့ဘူးလား၊ တချို့က မိုးဝေဟာ လျှို့ဝှက်သည်းဖိုမဂ္ဂဇင်း ဖြစ်သွားပြီလို့ ပြောပါတယ်၊ ဆရာ့အနေနဲ့ ရှင်းလင်းပြောပေးပါလို့ တောင်းပန်ပါတယ်"

မိမိ ပြုံးလိုက်မိသည်။

သည်ပြဿနာက တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မလွှဲမရှောင် ရှင်းရမည့် ပြဿနာဖြစ်သည်။

"စာပေမဂ္ဂဇင်းကိစ္စကို ကျွန်တော် သိပ်မပြောချင်ဘူး၊ ကနေ့အထိလည်း မပြောခဲ့ဘူး၊ မပြောတာကတော့ တချို့ပုဂ္ဂိုလ်တွေနဲ့ ငြိစွန်းမှာစိုးလို့ပါပဲ၊ စာပေမဂ္ဂဇင်းကိစ္စကို ပြောမယ်ဆိုရင် အဖြစ်မှန်တွေကို ပြောရမယ်၊ ခုအချိန်က ပြောဖို့နည်းနည်း စောနေသေးတယ်လို့ ကျွန်တော်ထင်တယ်၊ ဒါပေမဲ့ စာပေမိတ်ဆွေများ ရှင်းသွားအောင် နည်းနည်းပါးပါးတော့ ကျွန်တော် ပြောပါ့မယ်၊ သဘောလောက်ပေါ့"

## (ဃ)

အချိန်အခါနှင့် အခြေအနေသည် အစဉ်သဖြင့် ပြောင်းလဲလျက်ရှိသည်။ အရာရာသည်လည်း အချိန်အခါနှင့် အခြေအနေအရ လိုက်လျောညီထွေစွာ ပြောင်းလဲရသည်။ သည်သဘောကို မည်သူမှ ဆန့်ကျင်၍ မရပါ။

ဟုတ်ကဲ့။ မိမိတို့သည် ဒဂုန်တာရာ၏ တာရာမဂ္ဂဇင်းကို တွေ့မြင်ခဲ့ကြရပါသည်။ စာပေသစ်မဂ္ဂဇင်း ထွက်ပေါ်လာသည်။ ထို့နောက် ဗန်းမော်တင်အောင်၏ မြန်မာစာပေမဂ္ဂဇင်း။

စာရေးဆရာအသင်းမှ "စာပေ" မဂ္ဂဇင်း ထုတ်ဝေခဲ့သည်။ စာရေးဆရာသမဂ္ဂမှ "စာပေ" မဂ္ဂဇင်း ထုတ်ဝေခဲ့သည်။ ယခု စာပေလုပ်သားအဖွဲ့မှ "စာပေလုပ်သား မဂ္ဂဇင်း"။

သွေးသောက်နှင့် ရှုမဝတို့သည် ယနေ့တိုင် ငွားငွားစွင့်စွင့် ပွင့်လန်းနေသော မဂ္ဂဇင်းကြီးများ ဖြစ်ကြသည်။ ပြန်ကြားရေးဌာနမှ ထုတ်ဝေသော မြဝတီနှင့် ငွေတာရီတို့သည်လည်း အစဉ်မပျက်ရှိသည်။

အဖွဲ့အစည်းများမှ ထုတ်သော အခြားမဂ္ဂဇင်းများလည်း ရှိပေသည်။ စစ်ပြန်၊ ရုပ်ရှင်နှင့် ဂီတပဒေသာ။

တစ်သီးပုဂ္ဂလ မဂ္ဂဇင်းများတွင်မူ စန္ဒာနှင့် သပြေသည် ထိပ်ဆုံးမှ ဖြစ်ကြသည်။ ထို့နောက် သိပ္ပံမဂ္ဂဇင်း။

မိုးဝေနှင့်အတူ ပြန်လည်မွေးဖွားသော အခြားမဂ္ဂဇင်းတစ်စောင်ကား ပေဖူးလွှာ၊ ပေဖူးလွှာသစ်၏ အရှိန်အဟုန်သည် ကြီးမားလှသည်။

ယနေ့ မဂ္ဂဇင်းများကို စစ်တမ်းကောက်လျှင် စုစုပေါင်းမဂ္ဂဇင်းကြီး (၁၂)စောင်ရှိသည်။ အစိုးရနှင့် အဖွဲ့အစည်းများက ထုတ်ဝေသောမဂ္ဂဇင်း (၆)စောင်၊ တစ်သီးပုဂ္ဂလ (၆)စောင်။

သင့်ဘဝ၊ သောင်းပြောင်းထွေလာ၊ တိုင်းရင်းမေ၊ ယုဝတီ၊ ရုပ်ရှင်မျက်မှန်၊ ရုပ်ရှင်အောင်လံ စသည့် မဂ္ဂဇင်းလတ်များလည်း ရှိသေးသည်။

ပညာပဒေသာ၊ သုတပဒေသာ၊ ရတနာမွန်စသည့် မဂ္ဂဇင်းများလည်း ရှိသေးသည်။

ကောင်းပြီ။ သည်ကနေ့ထွက်နေသော မဂ္ဂဇင်းကြီးများ၊ မဂ္ဂဇင်းလတ်များ၊ ပညာရပ်ဆိုင်ရာ မဂ္ဂဇင်းများ၊ မဂ္ဂဇင်းငယ်ကလေးနှင့် စာစောင်များကို ကြည့်ပါ။

လွန်ခဲ့သည့် အနှစ် (၃၀)နှင့် မတူတော့ပါ။

လွန်ခဲ့သည့် အနှစ် (၂၀)နှင့် မတူတော့ပါ။

လွန်ခဲ့သည့် (၁၀)နှစ်နှင့်ပင် မတူတော့ပါ။

အစစ အရာရာ ပြောင်းလဲတိုးတက်လျက် ရှိကြပါသည်။

မဂ္ဂဇင်း ဖွဲ့စည်းတည်ဆောက်မှု အတတ်ပညာလည်း တိုးတက်လာသည်။ ပုံနှိပ်စက်၊ ဘလောက် စသော စက်မှုလက်မှု အတတ်ပညာပိုင်းလည်း တိုးတက်လာသည်။ ဘလောက်တိုက်များတွင် မှန်အစား ဖလင်ပြားများ သုံးလာကြပြီး ပုံနှိပ်တိုက်များတွင် ဇင့်ဘလောက်များအစား ပလိပ်ပြားများကို အသုံးပြုလာကြလေပြီ။

စက်မှုပစ္စည်းများ တိုးတက်လာသဖြင့် ပန်းချီဆရာများသည်လည်း သူတို့၏ သရုပ်ဖော်ပုံများကို ယခင်ကလို မှန်ရိုက်ပြီးမှ အရောင်ခြယ်ခြင်း

မပြုတော့ဘဲ တစ်ကြိမ်တည်းမှာပင် လိုချင်သည့် အရောင်များကို စုံလင်ပြည့်ဝစွာ ရေးခြယ်ပေးကြသည်။

အယ်ဒီတာများမှာလည်း အချိန်အခါနှင့် အခြေအနေများ ပြောင်းလဲလာသည့်အလျောက် မိမိတို့၏ မဂ္ဂဇင်းများကို ခေတ်နှင့်လျော်ညီစွာ ဖွဲ့စည်းတည်ဆောက်ကြရသည်။ ပြင်ဆင်မွမ်းမံကြရသည်။

ယင်းကြောင့်လည်း စစ်ကြိုခေတ်က ထုတ်ဝေခဲ့သော ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းတို့နှင့် စစ်ပြီးစတွင် ထုတ်ဝေသော မဂ္ဂဇင်းများ မတူညီကြခြင်း ဖြစ်သည်။

ထို့အတူပင် ယနေ့မဂ္ဂဇင်းများသည်လည်း စစ်ပြီးစက ထုတ်ဝေသော မဂ္ဂဇင်းများနှင့် မတူညီကြတော့ချေ။

သူ့ခေတ်နှင့် သူ့အခါဆိုသည်ကို သတိပြုအပ်ကြသည်။

## (င)

လပြည့်ကျော် (၇)ရက် ဖြစ်သည်။ လပြည့်ကျော် (၈)ရက်၊ လမင်းသန်းခေါင်ထွက်ဟု ဆိုသည်။ အချိန်က သန်းခေါင်ကျော်နေသည်။ ညှို့ရိပ်သာ ညှို့ခန်းပြတင်းပေါက်များကို ဖွင့်ထားသည်။ အပြင်ဘက်တွင် ငွေလရောင် ဝင်းပနေသည်။ ငွေနှင်းမှုန်ကလေးများလည်း မှိုင်းနေသည်။

ညသည် အပြင်တွင် ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။ ဒီဇင်ဘာညမို့ အေးမြခြင်းလည်း ရှိသည်။ သို့သော် ညှို့ရိပ်သာအတွင်း ရှိနေသော မိမိတို့ကား လှုပ်ရှားတက်ကြွလျက် ရှိကြသည်။ စာရေးသူနှင့် စာဖတ်သူများ ဒူးချင်း တိုက်နေကြသည်။

မိမိက မေးခွန်းရှင်ရှိရာဘက်မှ စာပေမိတ်ဆွေများကို ကြည့်လိုက်ပြီး ...

"စုံထောက်မဂ္ဂဇင်းကို မိုးဝေမဂ္ဂဇင်းအဖြစ် ပြောင်းတုန်းက စာပေမဂ္ဂဇင်းလို့ တပ်ရတာကတော့ ရှင်းပါတယ်၊ ကျွန်တော်တို့က သူတည်

ထောင်ခဲ့တဲ့ မဂ္ဂဇင်းကို သူကွယ်လွန်တဲ့အခါမှာ သူ့ကိုဂုဏ်ပြုတဲ့အနေနဲ့ သူ့နာမည်နဲ့ ပြောင်းလဲထုတ်ဝေခဲ့တာပါပဲ၊ ဒါပေမဲ့ ကျွန်တော်တို့မှာ စေတနာလေးနည်းနည်း ပိုလွန်ခဲ့တယ်၊ ကိုမိုးဝေဟာ စုံထောက်နဲ့ လျှို့ဝှက်သည်းဖိုဝတ္ထုတွေ ရေးခဲ့သလို နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေးကို ဦးတည်တဲ့ ဘဝသရုပ်ဖော် ဝတ္ထုတွေကိုလည်း ရေးခဲ့တယ်၊ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့ အချစ်မေတ္တာဘွဲ့ဝတ္ထုတွေလည်း ရေးခဲ့တယ်၊ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုကြီးတွေနဲ့ မျက်မှောက်ခေတ် ကမ္ဘာ့ဝတ္ထုကြီးတွေကိုလည်း ဘာသာပြန်ခဲ့တယ်၊ အခြား နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံနဲ့ သုတပဒေသာ စာအုပ်တွေကိုလည်း ရေးခဲ့တယ်၊ ဒါကြောင့်မို့လို့ သူ့ကို အမှတ်တရပြုပြီး ထုတ်ဝေတဲ့မဂ္ဂဇင်းမှာ သူရေးသားခဲ့တဲ့ စာပေကဏ္ဍမျိုးစုံအောင် ပါစေချင်တယ်"

"ဒါပေမဲ့ မိုးဝေဟာ အရင်က စုံထောက်မဂ္ဂဇင်းပဲလို့ ပရိသတ်က မြင်နေတယ်၊ မိုးဝေမှာ စုံထောက်နဲ့ လျှို့ဝှက်သည်းဖို မဟုတ်တဲ့ ဘဝသရုပ်ဖော်ဝတ္ထုတွေ၊ အချစ်ဝတ္ထုတွေထည့်တာကို လက်မခံချင်ကြဘူး၊ စာပေရေးရာ ဆောင်းပါးတွေပါတာကိုလည်း ဘဝင်မကျချင်ကြဘူး၊ ကိုမိုးဝေဟာ စာမျိုးစုံ ရေးခဲ့တယ်ဆိုပေမဲ့ စုံထောက်ဝတ္ထုလိုင်းမှာ ပိုမိုအောင်မြင်တယ် ဆိုတာကိုလည်း ကျွန်တော်တို့ မေ့ထားလို့မရဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ စေတနာလေး အထမြောက်ချင်တာနဲ့ မိုးဝေမဂ္ဂဇင်းကို ပြောင်းတဲ့အခါမှာ 'စာပေမဂ္ဂဇင်း' ဆိုတဲ့ ခေါင်းစီးကိုပါ တပ်ပေးကြရတော့တာပဲ"

အေးမြသောလေတွင် သင်းပျံ့သော ရနံ့ကလေးများ ပါလာသည်။

"ဒီလိုနဲ့ပဲ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်ကြာအောင် အခက်အခဲအမျိုးမျိုးကြားကနေ ကြိုးစားပြီး တည်ဆောက်တဲ့အခါကျတော့မှ မိုးဝေမဂ္ဂဇင်းကို ကျယ်ပြန့်တဲ့ စာပေမဂ္ဂဇင်း တစ်စောင်အဖြစ်နဲ့ လက်ခံလာကြတယ်၊ အားပေးလာကြတယ်၊ အားထားလာကြတယ်၊ အဲဒီအချိန်မှာပဲ

မဂ္ဂဇင်း အရှိန်ရလို့ (၆)နှစ်ကျော် (၇)နှစ်အတွင်း ရောက်တဲ့အချိန်မှာ အကြောင်း ကြောင်းကြောင့် မိုးဝေကို ကျွန်တော်တို့ စွန့်လွှတ်ခဲ့ကြရတယ်၊ မိုးဝေဟာ ကျွန်တော့်လက်ထဲကနေ (၆)နှစ်လောက် ကင်းကွာသွားခဲ့ရတယ်၊ အဲဒီ (၆)နှစ်အတွင်းမှာ အချိန်အခါနဲ့ အခြေအနေများဟာလည်း အများကြီး ပြောင်းလဲသွားပါတယ်၊ (၆)နှစ်ကျော် ကင်းကွာသွားတဲ့ မဂ္ဂဇင်းကို ပြန်လည် လုပ်ဆောင်ပေးဖို့ တာဝန်ရှိလာတဲ့အခါမှာ ဘယ်ပုံသဏ္ဍာန်နဲ့ ဘယ်နည်း ဘယ်ဟန်နဲ့ လုပ်ရမယ်ဆိုတာကို အများကြီး တွက်ချက်စဉ်းစားရပါတယ်”

## (စ)

မိမိတို့သည် ရုံဖန်ရံခါတွင် အစွဲအလမ်း ကြီးတတ်ကြသည်။ အချိန်အခါနှင့် အခြေအနေကို သတိမေ့လျော့တတ်ကြသည်။

မိမိတို့သည် ရုံဖန်ရံခါတွင် တိမ်းစောင်းတတ်ကြသည်။ မြောက်ဘက်သို့ တိမ်းစောင်းနေသဖြင့် တည့်မတ်ရသည်။ သို့သော် တောင်ဘက်သို့ တမ်းစောင်းသွားပြန်သည်ကို တော်တော်နှင့် သတိမပြုမိဘဲ ရှိတတ်သည်။

မိမိတို့သည် ရုံဖန်ရံခါတွင် မိမိတို့ အခြေအနေကို သတိမေ့လျော့တတ်သည်။ မိမိတို့ စာရေးခြင်းသည် မိမိတို့ကိုယ်တိုင် ပြန်ဖတ်ဖို့မဟုတ်။ မိမိတို့၏ စာဖတ်သူများ ဖတ်ဖို့ဖြစ်သည်။ လုပ်သားပြည်သူများ ဖတ်ဖို့ ဖြစ်သည်။ မဂ္ဂဇင်း ထုတ်ဝေခြင်းမှာလည်း သည်သဘောပဲဖြစ်သည်။ မိမိတို့အတွက်မဟုတ်၊ စာဖတ်သူများအတွက်ပင် ဖြစ်သည်။ လုပ်သားပြည်သူများအတွက် ဖြစ်သည်။

သို့တစေ မိမိတို့သည် ရုံဖန်ရံခါတွင် စာဖတ်သူများကို မေ့လျော့နေတတ်သည်။ လုပ်သားပြည်သူများကို မေ့လျော့နေခြင်းပင် ဖြစ်သည်။ မိမိတို့နှင့် စာဖတ်သူများ ဆက်စပ်ခြင်းရှိမရှိကို သတိမေ့လျော့နေတတ်သည်။ မိမိတို့နှင့် စာဖတ်သူများ ကင်းကွာလာသောအခါ မိမိကိုယ်ကို ဝေဖန်ရန် မစဉ်းစားမိဘဲ စာဖတ်သူများကို အထင်သေး အပြစ်တင်တတ်

ကြသည်။ မိမိတို့၏ စာပေနှင့် မဂ္ဂဇင်းက အဆင့်အတန်းမြင့်ပြီး စာဖတ်သူများက အဆင့်အတန်း နိမ့်ကျသည်ဟု မှတ်ယူတတ်ကြသည်။

မိမိတို့သည် စည်းရုံးရေးသမားများ ဖြစ်သည်ကို မေ့လျော့နေတတ်သည်။ စာဖတ်သူများကို စည်းရုံးရမည်ကို မေ့လျော့နေတတ်သည်။ မိမိတို့သည် စာဖတ်သူများ၏ နောက်မြီးဆွဲများ မဟုတ်ဟူသော ဆင်ခြေဖြင့် ကိုယ့်ကိုကိုယ် ကာကွယ်တတ်ကြသည်။

ယင်းသို့ဖြင့် မိမိတို့သည် စာဖတ်သူများနှင့် တစ်စစ ကင်းကွာရသည်။ လုပ်သားပြည်သူများနှင့် ကင်းကွာရသည်။ နောက်ဆုံးတွင် ခေတ်နှင့် ကင်းကွာရသည်။

ထားဦးတော့။

ဝေါဟာရတစ်ခု၏ အနက်အဓိပ္ပာယ်သည် လက်ရှိဖြစ်ရပ်များအပေါ် မူတည်ပြီး အနက်အဓိပ္ပာယ် ဖြစ်ပေါ်တတ်သည်။

သည်သို့ပင် ဝေါဟာရ၏ အနက်အဓိပ္ပာယ်များ ပြောင်းလဲတတ်သည်။ အများပြည်သူတို့၏ လက်ခံနားလည်မှုပင် ဖြစ်သည်။

စာပေမဂ္ဂဇင်း။

မိုးဝေမဂ္ဂဇင်းကို မိမိတို့ပြန်လည် မွေးရသည့်အချိန်တွင် စာပေမဂ္ဂဇင်း၏ အနက်အဓိပ္ပာယ်ကို စာဖတ်သူများက အဓိပ္ပာယ်တစ်မျိုး ကောက်ယူနေကြသည်။

စာပေမဂ္ဂဇင်းဟူသည်မှာ ကြည့်ရှုချင်ဖွယ်ရာ ဝေဝေဆာဆာမရှိ။ သရုပ်ဖော်ပုံများ၊ ဓာတ်ပုံများ၊ အရောင်များ မပါရှိဘဲ စာသားအနက်များ ပိန်းပြည့်နေရမည်။

စာပေရေးရာ ဆောင်းပါးများမှာလည်း စာဖတ်သူများ အလွယ်တကူ နားလည်နိုင်ခြင်းမရှိ။ စာဖတ်သူများနှင့် ထိတွေ့ဆက်စပ်ခြင်းမရှိ။ ခက်ခဲနက်နဲရမည်။

ဝတ္ထုကဗျာများမှာလည်း စာဖတ်သူများနှင့် တသီးတခြားရှိသည်။

ပညာတတ်၊ စာတတ်များသာ နားလည်ခံစားနိုင်ရမည်။

စာပေမဂ္ဂဇင်းဟူသည်မှာ "ပေါ့ပေါ့တန်တန်" မဟုတ် "လေးလေးလံလံ" ကြီး ဖြစ်သည်။ မိမိတို့နှင့် လားလားမျှ မထိုက်တန်။ စာကြီးပေကြီး ပညာရှိကဝိကြီးများ၏ အရာသာဖြစ်သည်ဟု စာဖတ်သူ လုပ်သားပြည်သူများက မှတ်ယူနေကြဟန်ရှိသည်။

သို့ဖြင့် .... သို့ဖြင့် ....

အစဉ်ပြောင်းလဲနေသော အချိန်အခါနှင့် အခြေအနေတို့အရ စာဖတ်သူ လုပ်သားပြည်သူများအတွက် ထုတ်ဝေရမည်ဖြစ်သော မိုးဝေမဂ္ဂဇင်းတွင် စာပေမဂ္ဂဇင်းဟူသော တံဆိပ်နာမကို အကြောင်းအားလျော်စွာ ချန်လှပ်ထားခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

## (ဆ)

သို့သော် ...

အချိန်အခါနှင့် အခြေအနေများ ပြောင်းလဲနေသော်လည်း မည်သည့်အခါတွင်မှ မပြောင်းလဲသည့် ထာဝရအရာတစ်ခု ရှိပါသည်။ ယင်းကား စာပေသည် ပြည်သူ့အတွက်ဟူသည့် အချက်ပင်ဖြစ်သည်။

မိုးဝေသည် ပြည်သူ့အတွက်ပင် ဖြစ်သည်။

**(မိုးဝေ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီ ၁၉၈၂)**

❐

## မိမိနှင့် တော်လှန်ကဗျာ

**တော်လှန်ကဗျာ အနှစ်နှစ်ဆယ်။**

တစ်နေ့က စာရေးဆရာတစ်ယောက်၏ အတ္ထုပ္ပတ္တိကို သိလိုသဖြင့် မလိခ၏ မြန်မာစာပေ အဘိဓာန်ကို လှန်လှောရာတွင် အမှတ်မထင်ဆိုသလို ခေါင်းစဉ်တစ်ခုကို တွေ့မြင်လိုက်ရသည်။ "တော်လှန်ကဗျာ (၁၉၆၉)" ကဗျာအယူအဆများ တင်ပြဆွေးနွေးချိန်တွင် ထွက်လာသော ကဗျာတစ်အုပ် ....။

"အို–တော်လှန်ကဗျာ ထွက်ခဲ့တာတောင် ဘာလိုလိုနဲ့ အနှစ်နှစ်ဆယ် ရှိလာပြီပဲ"

အတန်ကြာ ငေးမောနေမိသည်။

အပြင်ဘက်တွင် လေတဝုန်းဝုန်း တိုက်ခတ်နေသည်။ မိုးထစ်ချုန်းနေသည်။ လျှပ်ပန်းလျှပ်နွယ်များ ပြတင်းကွက်မှန်ပေါ်တွင် ပြေးလွှားလှုပ်ရှားနေကြသည်။ စားပွဲပေါ်မှ ကဗျာစာမူများကို ကြည့်လိုက်သည်။ ယခုလရရှိသော ကဗျာများဖြစ်သည်။ တစ်ရွက်ပြီးတစ်ရွက် လှန်လှောမိပြန်သည်။ မတွေ့ဖူးသော လက်ရေးများ၊ မကြားဖူးသော နာမည်များ၊ ထို့နောက် မျက်မှန်းတန်းမိနေပြီဖြစ်သော အမည်များ။ ဟော–သူပါလား၊ တောလှန်ကဗျာမှာ ရေးတဲ့သူတစ်ယောက်၊ သည့်နောက် အသစ်အသစ်များ၊

ဟော–တွေ့ပြန်ပြီ၊ တော်လှန်ကဗျာထဲက တစ်ယောက်။ တစ်ယောက် မဟုတ်ဘူး၊ နှစ်ယောက်၊ ဟုတ်တယ်၊ မနေ့က သူတို့နှစ်ယောက် အတူတူ လာပေးသွားကြတာပဲ။ သူတို့နှင့်အတူ လူငယ်လေးတစ်ယောက်လည်း ပါသည်။ စိတ်ကူးသစ်ကလေးတွေနှင့် ရေးတဟ်သည့် ကဗျာဆရာအသစ် ကလေး တစ်ယောက်ပဲပေါ့။ သူ့ကဗျာက "မနက်ဖြန်နှင့် ရန်ဖြစ်ခြင်း"

မိမိ၏ စိတ်အာရုံများ အတိတ်ဆီသို့ လွင့်မျောသွားကြပြန်သည်။

၁၉၆၉။

သည်တုန်းက ကဗျာအယူအဆများ လှုပ်ခတ်လျက်ရှိသည်။ ခေတ်ပေါ်ကဗျာနှင့် မြို့ပြခံစားမှု။ ကျေးလက်အာရုံနှင့် မော်ဒန်ပေါ်ယဲ့ထရီ၊ ကာရန်နှင့်အသံ စီးဆင်းမှု၊ ရစ်သမ်နှင့် နရီစည်းချက်များ၊ ကဗျာလက်နက် ထက်မြက်ရေး၊ ကဗျာနှင့် လောကအမြင်၊ အစဉ်အလာနှင့် ကာရန်မဲ့၊ အနုပညာပုံသဏ္ဌာန်နှင့် အကြောင်းအရာ ကျယ်ပြန့်မှု။

ဤကာလမှာပင် တော်လှန်ကဗျာ ထွက်ပေါ်လာသည်။ လူငယ် ကဗျာဆရာဆယ်ဦး၏ ကြိုးပမ်းအားထုတ်မှု ဖြစ်သည်။ ဒဂုန်တာရာ အမှာရေးသည်။ ၁၉၆၉ ခု၊ ဒီဇင်ဘာလတွင် ထုတ်ဝေသည်။

အမှန်အားဖြင့်တော့ ၁၉၆၉ ခုနှစ်က "တော်လှန်" ဟူသော နာမဝိသေသနပါရှိသည့် စာအုပ်နှစ်အုပ် ထွက်ပေါ်ခဲ့သည်။ အခြားတစ် အုပ်က "တော်လှန်စာပေ" ဖြစ်သည်။ ၁၉၆၉ ခုနှစ်လောက်က ထုတ်ဝေ ခဲ့သည်။

တော်လှန်စာပေသည် မောင်နေဝင်း၊ နတ်နွယ်၊ မင်းကျော်တို့၏ စာပေသဘောတရား၊ စာပေအတတ်ပညာ၊ စာပေစည်းရုံးရေး ဆောင်းပါး များကို စုစည်းထုတ်ဝေထားခြင်း ဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် ဒုတိယ စာအုပ်ဖြစ်သော "တော်လှန်စာပေ အတွေးအမြင်" ကို ထုတ်ဝေခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ယင်းနှစ်အုပ်ကို ပေါင်းစည်းပြီး "တော်လှန်စာပေ အတွေးအမြင်၊ အတွေ့အကြုံ" အမည်ဖြင့် ထုတ်ဝေခဲ့သည်။

သို့ဖြင့် "တော်လှန်စာပေ" သည် အနှစ်နှစ်ဆယ် ပြည့်ပြီဖြစ်သည်။ သို့သော် ဤဆောင်းပါးသည် "တော်လှန်" စာပေအကြောင်း ပြောရန် မဟုတ်ပေ။

တော်လှန်ကဗျာတွင် ပါဝင်ရေးသားခဲ့ကြသော ကဗျာဆရာများ သည် အများအားဖြင့် ထိုစဉ်က မိုးဝေမဂ္ဂဇင်းတွင် အဓိကထား ရေးသားနေကြသူများ ဖြစ်သည်။ အကြောင်းမှာ သူတို့၏ ရှုးရဲသော အတွေးအမြင်၊ ခေတ်မီတိုးတက်သော အကြောင်းအရာ၊ တီထွင်ဆန်းသစ်သော အရေးအဖွဲ့တို့ကို ဖော်ပြပေးနေသော မဂ္ဂဇင်းဟူ၍လည်း ထိုစဉ်က မိုးဝေမဂ္ဂဇင်း တစ်စောင်လောက်သာ ရှိခဲ့တာကြောင့်ပင် ဖြစ်သည်။ ယင်းကြောင့်လည်း သူတို့၏ ကဗျာများကို "မိုးဝေကဗျာ" ဟု ယနေ့တိုင် ခေါ်ဝေါ်သုံးစွဲနေကြခြင်း ဖြစ်သည်။

သို့သော် အစဉ်အလာနှင့် ခြားနားသော၊ အစဉ်အလာမှ ခွဲထွက်သော ကဗျာများကို မနှစ်သက်သူများကမူ "ကာရန်မဲ့ကဗျာ" ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ သို့သော် မိမိတို့ကမူ ကာရန်မဲ့ဟူသော အသုံးအနှုန်းကို မည်သည့်အခါကမှ လက်မခံခဲ့ပါ။ အခါအခွင့်သင့်တိုင်းပင် ဆောင်းပါးများတွင်လည်းကောင်း၊ စာပေဆွေးနွေးပွဲများတွင် လည်းကောင်း ရှင်းလင်းခဲ့ကြသည်။

သို့သော် ပြည်သူများ၏ မျက်မှောက်ခံစားမှုများနှင့် ပုံရိပ်များကိုလည်းကောင်း၊ နိုင်ငံတကာဆိုင်ရာ တိုင်းတစ်ပါး ကျူးကျော်မှု ဆန့်ကျင်ရေး၊ အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးတို့ကို လည်းကောင်း ရေးဖွဲ့ရာတွင် ဝေါဟာရအသစ်များ၊ စကားလုံးတွဲစပ်မှု အသစ်များကို ဆိုလိုရင်းအဓိပ္ပာယ်ပေါ်လွင်အောင် အသုံးပြုရာတွင် အသံစဉ်မချောမွေ့ခြင်း၊ အဓိပ္ပာယ်ပျောက်ရှခြင်းများ အနည်းနှင့်အများဆိုသလို ဖြစ်ကြရသည်။ အတွေ့အကြုံ မပြည့်ဝသေးခြင်း၊ ဖန်တီးမှုအား မရင့်ကျက်သေးခြင်းတို့ကြောင့် ဖြစ်သည်။ ထိုအခါတွင် ကာရန်ကင်းမဲ့သလို အသံစဉ် မချောမွေ့

ခြင်းများ၊ အဓိပ္ပာယ်မကြည်လင်ခြင်းများ ဖြစ်ကြသည်။ ထို့အပြင် ရေးဖွဲ့သူ အချို့တို့ကလည်း ကာရန်ကိုပစ်ပယ်ကြောင်း ကြေညာပြီး ကာရန်မဲ့အဖြစ် ဂုဏ်ယူတတ်သောအခါ အခြေအနေများ မရှုပ်ထွေးသင့်ဘဲ ပိုမိုရှုပ်ထွေးခဲ့ကြရသည်။

သို့ဖြစ်၍ မိမိတို့သည် လောကအမြင် ကြည်လင်ရေးနှင့် အတတ်ပညာထက်မြက်ရေးကို အခါအခွင့်သင့်တိုင်း သတိပေးခဲ့ကြရသည်။

လူတိုင်းလူတိုင်းတွင် လောကအမြင်ရှိရမည်။ လောကအမြင်သည် ပတ်ဝန်းကျင်ရှိ အရေးအခင်း အဖြစ်အပျက်များကို သုံးသပ်ရာ၌ ထိုလူကို လမ်းညွှန်သော ယေဘုယျသဘောတရား ဖြစ်လေသည်။

> ကဗျာဆရာသည် အနုပညာရှင်ဖြစ်၏။ သူ၏လောကအမြင်ကို အနုပညာပြောင်မြောက်အောင် ထုတ်လုပ်သောကြောင့် အနုပညာရှင်ဟု သတ်မှတ်ခံရခြင်းဖြစ်သည်။ သူ၏ လောကအမြင်ကို အနုပညာဖြင့် မွမ်းမံဆင်ယင်ခြင်းသည် သူ၏လုပ်ငန်းကိုင်ငန်း သဘာဝပင်ဖြစ်သည်။
>
> ထို့ကြောင့် ကဗျာတွင် လောကအမြင်လည်း ရှိရမည်။ အနုပညာလည်း ရှိရမည်။ ကဗျာဆရာသည် လောကအမြင်တွင် အနုပညာကို ဆင်ယင်နိုင်စွမ်းရှိသူ ဖြစ်ရမည်။
>
> **(မိုးဝေခေါင်းကြီး၊ မတ်လ၊ ၁၉၇၀)**
>
> အကြောင်းအရာသည် အဓိကဟု ခံယူသည့်နောက် အကြောင်းအရာကို လောကအဖြစ်သနစ်မှ မည်သို့ထုတ်ယူသင့်သည်ကို ဆင်ခြင်သင့်သည်။ ပုံသဏ္ဍာန် (အတတ်ပညာ)သည် အကြောင်းအရာကို သယ်ဆောင်လာသောယာဉ်ဟု ခံယူသည့်နောက် ထက်မြက်သော အကြောင်းအရာနှင့် လိုက်လျောသော ပုံသဏ္ဍာန် (အတတ်ပညာသစ်)ကို ရှာဖွေရပေမည်။
>
> **(မိုးဝေခေါင်းကြီး၊ ဇူလိုင်လ၊ ၁၉၇၀)**

ကဗျာလှုပ်ရှားမှုလှိုင်း ပြင်းထန်လာသောအခါ တုံ့ပြန်မှုများလည်း များပြားလာတော့သည်။ ပထမတွင် အသိအမှတ်မပြုသည့်အနေဖြင့် ရေငုံနှုတ်ပိတ်ကာ နေခဲ့ကြသည်။ မသိကျိုးကျွန် ပြုခဲ့ကြသည်။ အရာမသွင်းဘဲ ထားခဲ့ကြသည်။ သို့သော် ပင်လယ်လှိုင်းလုံးကြီးများပမာ ဂယက်များ ရိုက်ခတ်လာသောအခါ မနေသာကြတော့ဘဲ ဆောင်းပါးများ ရေးလာကြသည်။ ဝေဖန်ရေးများ ပြုလုပ်လာကြသည်။ ကဗျာသဘောတရားများ ထုတ်ပြလာကြသည်။ စေတနာဖြင့် ရေးသားကြသည်များ ရှိသလို မနာလို မရှုဆိတ်သဖြင့် အမနာပ ပြောဆိုကြသည်များလည်း ရှိပေသည်။ သို့ဖြင့် မိမိတို့က အခြေအနေကို သုံးသပ်ရသည်။

ငြိမ်သက်ခဲ့သော ကဗျာလောကသည် ယနေ့ လှုပ်ရှားလာသည်။ ကဗျာအကြောင်း ရေးသားကြ၊ ပြောကြ ဆိုကြ၊ ငြင်းခုံကြနှင့် လှုပ်ရှားသည်။ ဤလှုပ်ရှားမှုသည် မျက်မှောက်ကဗျာ တိုးတက်ရေး အတွက် အထောက်အကူပြုမပြု ယနေ့အခြေအနေတွင် အတိအကျပြောရန် ခက်ပေသည်။ လှုပ်ရှားမှုတို့မည်သည် အပျက်ဘက် ကိုလည်း ဦးတည်ရွေ့လျားနိုင်သည်။ အပြုဘက်ကိုလည်း ဦးတည် ရွေ့လျားနိုင်သည်။ ပဲ့ကိုင်သူ၏ အလိုကိုလိုက်၍ ဖြစ်သည်။ ယနေ့ ကဗျာလောကကို ပဲ့ကိုင်နေသူများကား ကဗျာဆရာ၊ ကဗျာဝေဖန်ရေးသမားနှင့် ကဗျာဖတ်သူတို့ဖြစ်သည်။ ထိုသုံးဦး၏ စေတနာဖြူစင်မှု၊ ရိုးသားမှု၊ အမြင်ကျယ်မှု၊ ညီညွတ်မှုတို့သည် ကဗျာလောက တိုးတက်ရေး၊ ဆုတ်ယုတ်ရေးကို ပိုင်းဖြတ်ပေးနိုင်သည်။

**(မိုးဝေခေါင်းကြီး၊ မေလ၊ ၁၉၇၀)**

အချို့က ကြားဖျန်သည့် သဘောမျိုးဖြင့် လည်းကောင်း၊ နိယာမ သဘောတရားကို ပြောသည့်အနေမျိုးဖြင့် လည်းကောင်း ထိုစဉ်က အရှိန်အဟုန်ပြင်းထန်စွာ ပေါ်ပေါက်နေသော ကဗျာများသည် ခေတ္တခဏ ရေ

ပန်းစား ပေါပင်များသာဖြစ်ခဲ့လျှင် ပြည်သူလူထုက လက်ခံခြင်းမပြုဘဲ မကြာမီ ပျောက်ကွယ်သွားလိမ့်မည်။ သို့မဟုတ် ခေတ်၏လိုအပ်ချက်အရ ခေတ်နှင့်အညီ တိုးတက်ဖြစ်ပေါ်မှုဟုဆိုလျှင် ပြည်သူလူထု၏ လက်ခံမှုကို ရရှိပြီး၊ မြန်မာစာပေလောက၊ မြန်မာကဗျာလောကတွင် တည်တံ့နေပေလိမ့်မည်ဟု နိမိတ်ဖတ်ခဲ့ကြသည်။

မိမိတို့ကလည်း ယင်းအဆိုကို မငြင်းပါ။ စာဖတ်သူများ လက်ခံလျှင် တည်တံ့နေပြီး လက်မခံလျှင် ပျောက်ကွယ်သွားပေလိမ့်မည်။

ယခု အနှစ်နှစ်ဆယ် ကြာခဲ့လေပြီ။

မိမိရှေ့မှ ကဗျာစာမူများကို ကြည့်မိသည်။ စားပွဲပေါ်တွင်ရှိသော မဂ္ဂဇင်းများကို ဆွဲယူပြီး ကဗျာစာမျက်နှာများကို ကြည့်မိသည်။

ယနေ့ ကဗျာကို မဂ္ဂဇင်းတစ်ခု၏ အမည်ကိုတပ်ပြီး ပေဖူးလွှာကဗျာ၊ စန္ဒာကဗျာ၊ ချယ်ရီကဗျာ၊ နွယ်နီကဗျာ၊ စာပေဂျာနယ်ကဗျာ၊ အိပ်မက်ဖူးကဗျာ၊ ရနံ့သစ်ကဗျာဟူ၍ ပြော၍မရနိုင်တော့။ မဂ္ဂဇင်းအားလုံးတွင် တွေ့မြင်နေရသော ကဗျာများသည် အများအားဖြင့် ခေတ်နှင့်အညီဖြစ်သော အတွေးအမြင်၊ ယင်းအတွေးအမြင်ကို ပို့ဆောင်မည့် အတတ်ပညာ အရေးအဖွဲ့များနှင့် လှပကြွယ်ဝလျက် ရှိကြသည်။

မဂ္ဂဇင်းများအားလုံးပင် ကဗျာကို အထူးအရေးပေးပြီး ဖော်ပြကြသည်။ ကဗျာရှည်များကိုလည်း တခမ်းတနား ဖော်ပြကြသည်။

ကဗျာရေးဖွဲ့သူများကို ကြည့်လိုက်လျှင်လည်း အနှစ်နှစ်ဆယ်ကျော်ကာလကို မဆုတ်မနစ် ဖြတ်သန်းခဲ့သူများ၊ အသစ် ဖူးပွင့်ဝေဆာလာသူများ ....။

သည်တော့ ခေတ်ကဗျာ ဖြစ်ထွန်းမှုသည် မည်သည့်အခါတွင်မျှ ရပ်တန့်သွားမည် မဟုတ်ဘဲ အနှစ်နှစ်ဆယ်၊ အနှစ်လေးဆယ်မက အနှစ်ရာထောင် အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေလိမ့်မည်တကား။

**(နွယ်နီ၊ ဩဂုတ် ၁၉၈၉)**

❒

# မိမိနှင့် တောအကြောင်း တောင်အကြောင်း

# ပင်တိုင်ဆောင်းပါး (လှမြင့်နှင့် နှတ်နွယ်)

## (က)

ပြီးခဲ့တဲ့ "ရွှေဝတ်မှုန်" အမှတ် (၉)မှာ ဆရာဒဂုန်တာရာက "အယ်ဒီတာနှင့် စာပေအယူအဆ" ဆောင်းပါးမှာ သူဟာ သတင်းစာကော်လံ အရေးအသားမျိုးကို နှစ်ခြိုက်ကြောင်း၊ "သမာဓိ" သတင်းစာ၊ "လင်းယုန်" ဂျာနယ်နဲ့ "ရောင်ခြည်သစ်" ဂျာနယ်များမှာ "သတင်းထောက်တစ်ဦး"၊ "မောင်သစ္စာ" စတဲ့ ကလောင်အမည်တွေနဲ့ ဆောင်းပါးတွေရေးသားခဲ့ကြောင်း ဖွင့်ဟထားတာ ဖတ်လိုက်ရပါတယ်။

အဲဒီတုန်းက မိမိမန္တလေးမှာပဲ ရှိပါသေးတယ်။ အဲဒီဆောင်းပါးတချို့ကိုလည်း ဖတ်ရပါတယ်။ နောက်ပြီးတော့ ရေးတဲ့လူဟာ ဒဂုန်တာရာဆိုတာလည်း သိရပါတယ်။

မိမိဟာ သတင်းစာကော်လံ အရေးအသားမျိုးဖြစ်တဲ့ ပင်တိုင်ဆောင်းပါးတွေကို ငယ်ငယ်ကတည်းက နှစ်သက်ခဲ့ပါတယ်။ မိမိ အနှစ်သက်ဆုံး ဆောင်းပါးရှင် (Columnist)တွေကတော့ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာ ဦးသိန်းဖေမြင့်၊ ဆရာဇဝန၊ မိုးကြိုး (ဗမာ့ခေတ် ဦးအုန်းခင်)၊ အထောက်တော် ဦးအုံးမြင်းတို့ပဲ ဖြစ်ပါတယ်၊ သူတို့ရေးသားပုံတွေကို ကြိုက်တာပါ။ တင်ပြပုံ တင်ပြနည်းကို သဘောကျတာပါ။ သူတို့ အယူအဆတွေကို သဘောတူတယ်၊ လက်ခံတယ်လို့ပြောတာ မဟုတ်ပါဘူး။

ပြောရရင် အဲဒီတုန်းက မိုးကြိုးနဲ့ ဦးအုံးမြင့်တို့ရဲ့ သဘောထား အမြင်တွေကို သဘောမကျသလောက်ပါပဲ။ ဒါပေမဲ့ မိုးကြိုးရဲ့ "ဟဲ ...ဟဲ... ဟဲ" ဆိုတဲ့ အရေးအသားကိုတော့ အခုထိ စွဲနေတုန်းပါပဲ။

တခြားပင်တိုင် ဆောင်းပါးရှင်တွေရဲ့ ဆောင်းပါးတွေကိုလည်း ဂရုစိုက်ပြီး ဖတ်ပါတယ်။ ကြိုက်တာတွေလည်း အတော်ကလေး ရှိပါတယ်။ သိပ်မကြားဖူးတဲ့ ကလောင်အမည်တစ်ခုဖြစ်ရင် ဆောင်းပါးရှင် ဘယ်သူ လဲလို့ စူးစမ်းမိပါတယ်။ စိတ်ဝင်စားလို့ပါပဲ။

တချို့ကလည်း စာရေးသူအသစ်ရဲ့ ကလောင်အမည်သစ်ဖြစ်ပြီး၊ တချို့ကလည်း နာမည်ရှိပြီး စာရေးဆရာရဲ့ ကလောင်အမည်ခွဲဖြစ်တာကို တွေ့ရပါတယ်၊ ကလောင်အမည်ခွဲတွေကို ယေဘုယျအားဖြင့် လျှို့ဝှက် ထားတတ်ကြပေမဲ့ နောက်ကျတော့လည်း ဘယ်သူဘယ်ဝါဆိုတာ သိကြ ရတာပါပဲ။

## (ခ)

မိမိဟာ သဘောထားအမြင်ကို လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်း လင်း တင်ပြကြတဲ့ ပင်တိုင်ဆောင်းပါးတွေကို နှစ်သက်တဲ့အလျောက် စာစတင် ရေးသားကတည်းကပဲ ပင်တိုင်ဆောင်းပါး ရေးသားဖို့ အားထုတ် ခဲ့ပါတယ်။

ပထမဆုံးကတော့ ၁၉၅၂ ခုနှစ်က မန္တလေးမှာ မိမိတို့လူငယ်တွေ စုစည်းထုတ်ဝေခဲ့တဲ့ "ကလောင်သစ်" စာစောင်မှာ "ကလောင်သစ်နီနီ" ကလောင်အမည်နဲ့ "မိုးကြိုး သို့မဟုတ် ပြည်သူ့သစ္စာဖောက်" ဆိုပြီး ရေးသားခဲ့ပါတယ်။

မိုးကြိုးရဲ့ ဆောင်းပါးတစ်ပုဒ်ကို ပြန်လည်ချေပ ထားတာပါပဲ၊ ဒါပေမဲ့ အရေးအသားကတော့ မိုးကြိုးရဲ့ အရေးအသားပုံစံမျိုးပဲ ဖြစ်ပါ တယ်။ "ကလောင်သစ်" စာစောင်ဟာ တစ်ကြိမ်သာ ထုတ်နိုင်ခဲ့တဲ့

အတွက် ကလောင်သစ်နီနီဟာလည်း တစ်ပတ်နဲ့ပဲ နိဂုံးချုပ်ခဲ့ရပါတယ်။

နောက်တစ်ခါ ၁၉၅၆ ခုနှစ်က မန္တလေးမှာ ယုဝတီ ဂျင်းဖောမယ်၊ နှင်းဦးတို့ထုတ်တဲ့ "ရတနာပုံ" ဂျာနယ်မှာ "သတင်းလွှေတဲ့ ညတွေ့သူနှစ်ဦး" ဆိုပြီး အချေအတင်ပြောဟန်နဲ့ ပင်တိုင်ဆောင်းပါးတစ်ပုဒ် ရေးပြန်ပါတယ်။ အဲဒါလည်း တစ်ပုဒ်တည်းနဲ့ ရပ်သွားပါတယ်။

ရန်ကုန်ရောက်တဲ့အခါကျတော့ ၁၉၅၆–၅၇ မှာ "ပြည်တော်သစ်" ဂျာနယ်မှာ "ကျောက်တိုင်" ကလောင်အမည်နဲ့ ပင်တိုင်ဆောင်းပါးတွေ တစ်နှစ်လောက် ရေးဖြစ်ပါတယ်။

၁၉၇၂ ခုနှစ်လောက်က လင်းယုန်မောင်မောင်တို့ထုတ်တဲ့ "ပြည်သူ့ကြယ်" ဂျာနယ်မှာလည်း "အိပ်မက်တွင်တွေ့ဆုံခြင်း" ဆိုတဲ့ ခေါင်းစဉ်နဲ့ သုံးပတ်လောက် ရေးဖြစ်ပါတယ်။

ပင်တိုင်ဆောင်းပါးတွေကို အများဆုံးနဲ့ မှန်မှန်ရေးဖြစ်ခဲ့တာကတော့ "စုံထောက်" ဝတ္ထုမဂ္ဂဇင်းကို ၁၉၆၈ ခုနှစ်မှာ "မိုးဝေ" စာပေမဂ္ဂဇင်းအဖြစ် ပြောင်းလဲခဲ့ပြီးတဲ့ နောက်ပိုင်းမှာပဲ ဖြစ်ပါတယ်။

ပင်တိုင်ဆောင်းပါးတွေကို ရေးကြတဲ့နေရာမှာ တိုက်ရိုက်ပြောဆိုနည်း၊ အချေအတင် ပြောဆိုနည်း၊ ပေးစာရေးနည်း စသဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးကို အသုံးပြုကြပါတယ်။

မိမိဟာ "မိုးဝေ" မှာ "မာတူးသို့ပေးစာ" ဆိုတဲ့ခေါင်းစီးနဲ့ ပေးစာပုံသဏ္ဌာန်နဲ့လည်း ရေးခဲ့ပါတယ်။

မိမိရဲ့ ပင်တိုင်ဆောင်းပါးတွေထဲမှာ နှစ်ကာလ အရှည်ကြာဆုံးနဲ့ ပုဒ်ရေအများဆုံးကတော့ "တောအကြောင်း တောင်အကြောင်း" ပဲ ဖြစ်ပါတယ်။

## (ဂ)

"တောအကြောင်း တောင်အကြောင်း" ကို ပထမဆုံး စရေးတုန်းက "နတ်နွယ်" အမည်နဲ့ မဟုတ်ပါဘူး။ အဲဒီတုန်းက "နတ်နွယ်" အမည်

နဲ့ "မိမိနှင့် မိမိဝတ္ထုများ" အကြောင်းကို လဆက်ရေးနေပါတယ်။ ဒါကြောင့် "တောအကြောင်း" ကို "လှမြင့်" အမည်နဲ့ ရေးခဲ့ပါတယ်။ ဒဂုန်တာရာက တာရာမဂ္ဂဇင်းမှာ "ငွေးမြိုင်" အမည်ရင်းနဲ့ ရေးခဲ့တာကို အားကျလို့လည်း ဖြစ်ပါတယ်။

"တောအကြောင်း တောင်အကြောင်း" ဆိုတဲ့အတိုင်း အကြောင်း အရာမျိုးစုံကို ထောင့်မျိုးစုံကနေ ရေးသားသွားဖို့ စိတ်ကူးခဲ့ပါတယ်။ ပထမပိုင်းမှာ အကြောင်းအရာ အတိုကလေးတွေကို တစ်ပတ်မှာ လေးငါး ပုဒ်ဆိုသလို ရေးခဲ့ပါတယ်။

လှမြင့်အမည်နဲ့ မိုးဝေမဂ္ဂဇင်းမှာ ၁၉၇၁ ခု၊ မတ်လကနေ ၁၉၇၂ ခု၊ ဩဂုတ်လအထိ (၁၄)ပုဒ် ရေးခဲ့ပါတယ်။

"မိုးဝေ" မဂ္ဂဇင်းကို ဒုတိယအကြိမ် မိမိတာဝန်ယူတဲ့အခါမှာ တောအကြောင်း တောင်အကြောင်း ကဏ္ဍကို ပြန်ဖွင့်ခဲ့ပါတယ်။ ဒီတစ်ခါ မှာတော့ နတ်နွယ်အမည်နဲ့ပဲ ရေးခဲ့ပါတယ်။ "မိုးဝေ" မှာ ၁၉၈၁ ခု၊ ဩဂုတ်လကနေ ၁၉၈၅ ခုနှစ်၊ မေလအထိ (၄၂)ပုဒ် ရေးခဲ့ပါတယ်။

"တောအကြောင်း တောင်အကြောင်း" ကို ဒုတိယအကြိမ် ပြန်ရေးတဲ့ အခါမှာတော့ အကြောင်းအရာမျိုးစုံ အလျဉ်းသင့်သလို ရေးသားခဲ့သလို မိမိနဲ့ တစ်နည်းမဟုတ်တစ်နည်း ဆက်နွယ်ပတ်သက်ခဲ့ဖူးတဲ့ စာရေးဆရာ တွေ အကြောင်းကိုပဲ စိုက်လိုက်မတ်တတ်ဆိုသလို ရေးသားမိခဲ့ပါတယ်။

"မိမိနှင့် မင်းကျော်" ကစပြီး "မိမိနှင့် လင်းယုန်မောင်မောင်" အထိ စာရေးဆရာလေးဆယ်ရဲ့ အကြောင်းကို တစေ့တစောင်းကောက် ကြောင်း ခြစ်ခဲ့ပြီးပါပြီ။

"မိုးဝေ" မဂ္ဂဇင်းကို ၁၉၈၅ ခုနှစ်၊ မေလမှာ ဒုတိယအကြိမ် မိမိ စွန့်လွှတ်လိုက်တဲ့အခါမှာ "တောအကြောင်း တောင်အကြောင်း" ဟာ ခေတ္တမျှ ရပ်သွားပါတယ်။

"တောအကြောင်း" ကို မိမိရဲ့ စာပေသက်တမ်း နောက်ဆုံးအချိန်

အထိ ရေးသွားဖို့ ရည်ရွယ်ချက်ရှိပါတယ်။ "တောအကြောင်း" ကို စာဖတ်သူများက ဂရုပြုနေကြပြီဖြစ်သလို မိမိကိုယ်တိုင်ကလည်း သံယောဇဉ်ငြိတွယ်နေပြီ ဖြစ်ပါတယ်။ "မိမိနှင့် စာရေးဆရာများ" ရေးတဲ့နေရာမှာ မိမိထက်အရင် စာရေးဆရာဖြစ်နေကြတဲ့ ဆရာများနဲ့ ဆရာကြီးများအကြောင်း ရေးသားသလို၊ မိမိနဲ့ခေတ်ပြိုင် စာရေးဆရာများအကြောင်း ရေးသားသလို၊ မိမိတို့ရဲ့ နောက်မှာမှ ဖြစ်ထွန်းလာကြတဲ့ ညီငယ်၊ ညီမငယ် စာရေးဆရာများအကြောင်းလည်း ရေးစရာတွေ ရှိနေပါတယ်။

ဒါပေမဲ့ အလောတကြီးလည်း ဆက်ပြီး မရေးချင်သေးတာက တစ်ကြောင်း၊ ဘယ်မဂ္ဂဇင်းမှာ ရေးသားရမလဲလို့ စဉ်းစားနေတာက တစ်ကြောင်းကြောင့် လအနည်းငယ် ကြားပြတ်သွားပါတယ်။

၁၉၈၆ ခု၊ ဇန်နဝါရီလကျမှ "ချယ်ရီ" မဂ္ဂဇင်းမှာ ရေးဖြစ်သွားပါတယ်။

"တောအကြောင်း တောင်အကြောင်း" နဲ့ပတ်သက်တဲ့ မိမိနဲ့ "ချယ်ရီ" အကြောင်း အနည်းငယ်ပြောစရာ ရှိပါတယ်။

"ချယ်ရီ" ကို တာဝန်ခံထုတ်လုပ်တဲ့ ဦးသိန်းလွင်နဲ့ မိမိဟာ မိုးဝေနဲ့ပတ်သက်ပြီး အတော်ရင်းနှီးကြပါတယ်။ ဒါပေမဲ့ အယ်ဒီတာချုပ် မြတ်ထန်နဲ့တော့ ချင်းတွင်းစာပေတိုက်မှာ တွေ့နေကျမို့ သိကျွမ်းရုံလောက်ပါပဲ၊ တာဝန်ခံအယ်ဒီတာ အောင်ပြည့်နဲ့တော့ လူချင်းအတော်ကလေး ရင်းနှီးပေမဲ့ စာပေကိစ္စနဲ့ ဆက်စပ်ပြီး သိပ်ပြီး မပတ်သက်ဖူးပါဘူး။ နောက်ပြီးတော့ ကိုအောင်ပြည့်က တောင်းတဲ့အတွက် "ချယ်ရီ" မှာ တစ်ပုဒ်ပဲ ရေးဖူးပါတယ်။ ဝတ္ထုတိုရေးနည်း ကဏ္ဍမှာပဲ ....။

အဲဒီနေ့ကတော့ ညနေဘက်မှာ "ချယ်ရီ" တိုက်ဘက်ကို မိမိတစ်ယောက်တည်း လျှောက်သွားပါတယ်။ ရောက်တဲ့အခါမှာ ကိုအောင်ပြည့်ကို သူ့စားပွဲမှာ အဆင်သင့် တွေ့ရပါတယ်။ ထုံးစံအတိုင်း အလုပ်တွေ များနေပါတယ်။ တိုက်ထဲမှာ အခြားလူတွေလည်း ရှိနေပါတယ်။

မိမိမှာ ပြောစရာရှိတဲ့အတွက် ...

"ကိုအောင်ပြည့် ခဏလောက်အားမလား ..."

"အားပါတယ်ဆရာ၊ ဘာလုပ်မလို့လဲ ..."

"ပြောစရာတစ်ခုရှိလို့၊ အပြင်ခဏလောက် သွားရအောင်"

သူချက်ချင်းပဲ ထလိုက်လာတယ်။

တိုက်အပြင် သရက်ပင်အောက်ကို ရောက်တဲ့အခါ ...

"ဆရာ လက်ဖက်ရည်ဆိုင် သွားမလား"

ကိုအောင်ပြည့်က လက်ဖက်ရည်ဆိုင်ဘက် လမ်းမျှော်ရင်း မေးလိုက်ပါတယ်။

"မသွားတော့ပါဘူး၊ ဒီမှာပဲ ပြောတာပေါ့"

"ပြောပါဆရာ"

"တောအကြောင်း တောင်အကြောင်း ချယ်ရီမှာ ထည့်မလား"

"ကောင်းသားပဲဆရာ၊ ရေးပါ"

"ကိုအောင်ပြည့်တို့နဲ့ ပေါ်လစီမကိုက်တဲ့အခါ ကျွန်တော်နဲ့ ဆွေးနွေးတာပေါ့"

"မလိုပါဘူးဆရာ၊ စာပေစိစစ်ရေးမှူနဲ့ မငြိရင်ပြီးတာပဲ၊ ဆရာရေးချင်ရာ ရေးပါ"

ကိုအောင်ပြည့်က ဘလင့်ချက် (Blank Cheque) ပေးလိုက်တဲ့အတွက် "ချယ်ရီ" မှာ ရေးဖြစ်သွားပါတယ်။

မိမိကိုယ်တိုင် အယ်ဒီတာလုပ်ဖူးတဲ့အတွက် မဂ္ဂဇင်းမူဝါဒနဲ့ အယ်ဒီတာတို့ရဲ့ အဆုံးအဖြတ်ကို မိမိအမြဲလေးစားပါတယ်။ အယ်ဒီတာတွေမှာ တည်းဖြတ်ပိုင်ခွင့်ရှိတာကို မိမိအမြဲပဲ အသိအမှတ်ပြုပါတယ်။ မိမိနဲ့ ညှိနှိုင်းဖို့သာ တောင်းဆိုမိပါတယ်။

"ချယ်ရီ" မှာရေးသားစဉ် နှစ်ကြိမ်သာ ပြဿနာပေါ်ခဲ့တယ်။ တစ်ကြိမ်က ကပ်ဖကာ (Kafka) အကြောင်း ရေးပေးလိုက်စဉ်က ဖြစ်

တယ်။ အယ်ဒီတာချုပ် ဆရာမြတ်ထန်က မူတစ်ခုချထားတယ်။

အဲဒါကတော့ "ချယ်ရီ" မှာ နိုင်ငံခြားဝတ္ထုနဲ့ နိုင်ငံခြားစာပေအကြောင်း မထည့်ဖို့ဘဲ ဖြစ်တယ်။ မဂ္ဂဇင်းရဲ့ မူဝါဒဖြစ်တဲ့အတွက် "ကပ်ဖကာ" ဆောင်းပါးကို "မိမိနှင့် မိမိဝတ္ထုများ" စာမူနဲ့ လဲပေးလိုက်ပါတယ်။

မိမိဟာ "နွယ်နီမဂ္ဂဇင်း" ကို ၁၉၈၈ ခု၊ ဩဂုတ်လမှာ ထုတ်ဝေတဲ့အခါ "တောအကြောင်း တောင်အကြောင်း" ကို မိမိမဂ္ဂဇင်းကို ရွှေ့လိုပါတယ်။ ဒါပေမဲ့ မိမိဆောင်းပါးကို အလေးထားဖော်ပြတဲ့ "ချယ်ရီ" ကို ကျေးဇူးသိတဲ့အနေနဲ့ မရွှေ့ပြောင်းခဲ့ပါဘူး။

"ချယ်ရီ" က ကိုအောင်ပြည့် ထွက်သွားပြီး ဆက်လက်တာဝန်ယူထားတဲ့ အယ်ဒီတာများ ဖြစ်ကြတဲ့ အောင်ကျော်စည်၊ မောင်ပေါ်ထွန်းနဲ့ မောင်သွေးသစ်တို့ကလည်း ဆက်လက်ရေးသားဖို့ ပြောဆိုခဲ့ကြတဲ့အတွက် အလျှင်မပြတ်ဘဲ ရေးသားခဲ့ပါတယ်။ ဒါကြောင့် ချယ်ရီမှာ ၁၉၈၆ ခု၊ ဇန်နဝါရီလမှစပြီး ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလအထိ (၄၇) ပုဒ်တိတိ ရေးခဲ့ပါတယ်။

အခုနောက်ဆုံး "ချယ်ရီ" မှာ အယ်ဒီတာအဖွဲ့ အပြောင်းအလဲဖြစ်လို့ မိမိဆီမှာ စာမူဆက်ပြီး မတောင်းတဲ့အခါကျမှပဲ မိမိဘက်မှာ တာဝန်မရှိတော့ဘူးဆိုတဲ့ အနေနဲ့ ရွှေ့ပြောင်းလိုက်ရပါတယ်။

"ရွှေဝတ်မှုန်" အယ်ဒီတာအဖွဲ့က ပင်တိုင်ဆောင်းပါးရေးဖို့ ပြောဆို ဆွေးနွေးလာတဲ့အခါမှာ အမှတ် (၉၀)မြောက် "တောအကြောင်း တောင်အကြောင်း" ဆောင်းပါးကို ရေးသားကာ "စင်" ဖွင့်လိုက်ရပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**(ရွှေဝတ်မှုန်၊ မတ်-၁၉၉၁)**

❒

# မူလဘူတ

"ဘယ်လိုတုံးဗျ၊ စာမရေးနိုင်ဘူး၊ စာမရေးနိုင်ဘူးနဲ့ ခင်ဗျားဝတ္ထုအတွဲ (၃) ထွက်နေပါပကောလား"

မိတ်ဆွေတစ်ဦးက ပြောသည်။ မိမိက သူ့စကားကို နားမလည်။

"ခင်ဗျားပြောတာ ကျွန်တော် နားမလည်ပါဘူး"

"**ဗိုလ်တထောင် သတင်းစာ** မှာလေ"

"ဪ"

သည်တော့မှ သူ့စကားကို မိမိ သဘောပေါက်သည်။ သူဆိုလိုသည်မှာ **သိန်းဖေမြင့်** ၏ **မြစ်ဖျားရော ရောင်စုံဖြာ**။

✻

ယခုတစ်လော မိမိစာမရေးဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။ အတိုလည်း မထွက်။ အရှည်လည်း မထွက်။ ၁၉၇၀ ပြည့်နှစ်တွင် လုံးချင်းတစ်ပုဒ်သာ ထွက်သည်။ ယင်းဝတ္ထုကိုလည်း လေးလလုံးလုံး ရေးရသည်။ အချိန်ယူ၍ ရေးသည်မဟုတ်။ အချိန်မရ၍ မပြီးခြင်းဖြစ်သည်။ ယင်းဝတ္ထုအကြောင်း ဝေဖန်ချက်ပြီးခဲ့သည့် **မိုးဝေ** တွင် ပါရှိသည်။ ဝေဖန်ချက်ဆိုလိုရင်းချုပ်မှာ **မကြိုက်** ဟုတည်း။

ယခင်က မိမိနှင့်ပတ်သက်သော ဝေဖန်ချက်များ **မိုးဝေ** တွင် ထည့်လေ့မရှိ။ အကောင်းပြောသည် ဖြစ်စေ၊ အဆိုးပြောသည် ဖြစ်စေ။

စတန့်လုပ်သည်ဟု သူများတွေ မထင်စေချင်။ အကွက်ထောင်သည်ဟု သူများတွေ မယူဆစေချင်။

ပြီးခဲ့သည့်လကတော့ ထည့်လိုက်သည်။

ထိုဝတ္ထုအကြောင်း အနည်းငယ်ပြောစရာရှိ၍ ဖြစ်သည်။ ဝေဖန်သူကို ပြန်လည်ချေပရန် မဟုတ်။ မိမိဝတ္ထုဘက်မှ ခုခံကာကွယ်ရန် မဟုတ်။

ဝေဖန်ရေးသမားကို မိမိမဟန့်တားချင်။ မိမိတို့တွင် ဝေဖန်ရေးလိုအပ်နေသည်။ စေတနာရှိသလောက် ရေးပါစေ၊ မြင်သလောက် ရေးပါစေ၊ တတ်သလောက် ရေးပါစေ၊ မိမိတို့အဖို့ အရှုံးမရှိနိုင်ပါ။ စာဖတ်သူများအဖို့ အရှုံးမရှိနိုင်ပါ။ အနည်းဆုံး တစ်ခုနှစ်ခုတော့ အမြတ်ရနိုင်ပါသည်။ သည်တစ်ခါ မရလျှင် နောက်တစ်ခါတွင် ရနိုင်ပါသည်။

တစ်ခါက မိမိဝတ္ထုတစ်ပုဒ်ကို မန္တလေးက မိတ်ဆွေတစ်ဦးက သူ၏စာတမ်းတွင် ထည့်သွင်းဝေဖန်သည်။ သူ၏ ဝေဖန်ချက် မှားနေသည်။ မိမိဝတ္ထုတွင် မပါသည်ကို အပါပြုပြီး ဝေဖန်ထားသည်။ ကေန္တ သူမိမိဝတ္ထုကို မဖတ်။ စာတမ်းတင်လို့သာ တင်သည်။ သူသည် ဘယ်ဝတ္ထုကိုမှလည်း ဖတ်လေ့မရှိ။ အဲဒီအခါက သူ့ကိုမိမိပြန်ရေးလျှင် ချည်ပြီး တုပ်ပြီးဖြစ်သည်။ ကြိမ်နှင့် ကျောတစ်ရာ ရင်တစ်ရာ ရိုက်နိုင်သည်။ ဖြီးဦးဟာဖြီးဦးဟာဟု။ သို့သော် ကျွန်တော် မရေးခဲ့။ သုတေသန ကွန်ဂရက်တွင် လူချင်းတွေ့မှ သူသိအောင် ပြောပြသည်။

ထိုအခါ ဝေဖန်ရေးဆရာ စပ်ဖြီးဖြီး လုပ်နေသည်။

ယခု မိမိဝတ္ထုအကြောင်း ပြောချင်သည် ဆိုခြင်းက အမှန်ပင်။ ထိုဝတ္ထုအကြောင်း ပြောချင်ခြင်း ဖြစ်ပါသည်။ ဝေဖန်သူနှင့် မဆိုင်ပါ။ ထိုဝေဖန်ချက်ကိုနွယ်ပြီး ယနေ့ မြန်မာစာရေးဆရာများနှင့် မြန်မာဝတ္ထုများ၏ **ရုပ်ဝတ္ထုအခြေအနေ** ကို တင်ပြဆွေးနွေးလိုခြင်း ဖြစ်ပါသည်။

နောက်မှ ရေးမည်။

*

မိမိတွင် ထိုကဲ့သို့သော **နောက်မှရေးမည်များ** ခေါင်းထဲတွင် အပြည့် ဖြစ်သည်။ လက်က မရေးဖြစ်သောအခါ စိတ်ကတွေးခေါ်ထားသည်မှာ ခေါင်းထဲတွင် ပြွတ်သိပ်နေရတော့သည်။ ခေါင်းကြီး ကွဲထွက်မည်ပင် စိုးရိမ်မိသည်။

သည်ကြားထဲတွင် မန္တလေးက စာရေးဆရာတစ်ယောက်က ဘာမှအလိုက်ကမ်းဆိုးမသိ။ တစ်နေ့က သူ့စာအုပ် လာပေးသည်။ ထင်မြင်ချက်ကလေး ဘာလေးရေးပါဟု ဆိုသည်။ သည်မှာက ကိုယ့်ဟာကိုယ်ရေးစရာရှိတာတွေကို တစ်ခုမှ မရေးနိုင်။ မိမိရေးချင်သည်များတွင် သူ့အကြောင်းလည်း ပါပါသည်။ သူ့စာအုပ်အကြောင်းလည်း ပါပါသည်။

စာဆိုတော် ခရီးထွက်စဉ်က မန္တလေးမှာရော၊ မုံရွာမှာရော သူ့အကြောင်း ကြားရပါသည်။ သူတင်သော စာတမ်းအကြောင်း ကြားရပါသည်။

"အဲဒီစာတမ်းက ခင်ဗျားတို့နှစ်ယောက်ကို တိုက်ထားတာပဲ"

ထွန်းထွန်း (ဆေးသိပ္ပံ)က ဟောင်ဖွာဟောင်ဖွာနှင့် မိမိနှင့် မင်းကျော်ကို ပြောသည်။ မိမိ ပြုံးရသည်။

"သူ့ဂုဏ်ပြုပွဲမှာ ခင်ဗျားအကြောင်း အတော်ပြောကြတာပဲ"

မန္တလေးမှ စာအုပ်ကိုယ်စားလှယ်တစ်ဦးက မိမိကိုပြောသည်။ ဘေးမှ နားထောင်နေသော **ဆင်ဖြူကျွန်း အောင်သိန်း** မျက်တောင်မခတ်ရှိသည်။ ယခု သူပေးသောစာအုပ်မှာ မန္တလေးတွင် တင်လိုက်သောစာတမ်း။

မိမိခုတစ်လော ရေးချင်နေသည်။ သူ့အကြောင်း၊ မောင်သာနိုးအကြောင်း၊ **ဦးလေးလှ**တို့၊ **ဒေါ်ဒေါ်**တို့အကြောင်း၊ မန္တလေးအကြောင်း။

နောက်မှ ရေးဦးမည်။

*

ကျန်နှစ်နှစ်၊ သုံးနှစ်အတွင်းတွင် မိမိ ကကြီးခကွေးတွေ မရေးရဘဲ တစ်၊ နှစ်၊ သုံး၊ လေးတွေဘဲ ရေးနေရသည်။ စာရေးဆရာတွေ ဂဏန်း တွက်နေကြသည် ဆိုသည့်အထဲတွင် မိမိလည်းပါသည်။

မိမိတွင် ထုတ်ဝေခွင့် မှတ်ပုံတင်တစ်ခု ရှိသည်။ နွယ်နီစာပေ။ သို့သော် နွယ်နီစာပေကို ခုထိကျွန်တော် ဘာမှမလုပ်ရသေး။ နွယ်နီစာ ပေသည် ကိုယ်ပိုင်လုပ်ငန်း။ အရှုံးအမြတ် မိမိနှင့် ဆိုင်သည်။ သို့သော် မိမိ ဘာမှမလုပ်သေး။ နွယ်နီစာပေကို မိမိ၏ စီးပွားရေးလုပ်ငန်း ဖြစ်စေ ရန်လည်း တစ်ခါဖူးမျှ မရည်စူး။ ငွေကြေးထုတ်ဝေသူများ လက်တွန့် သော စာအုပ်များကို ကိုယ့်ဘာသာကိုယ်အရှုံးခံ ထုတ်ဝေရုံလောက်သာ စိတ်ကူးရှိသည်။ ယခုအထိတော့ ထိုစိတ်ကူး အကောင်အထည်မပေါ်သေး။ နွယ်နီစာပေမှ မိမိစာအုပ် တစ်အုပ်မျှ မထွက်သေး။ ယခုအထိ ထွက်ပြီး သမျှမှာ **သမဂ္ဂစာပေ**၏ အစိတ်အပိုင်းနှင့် မိတ်ဆွေများ၏ စုပေါင်းလုပ် ငန်းများသာ ဖြစ်သည်။

မိမိ နပန်းလုံးခဲ့ရသည်က **သမဂ္ဂ**နှင့် **မိုးဝေ**။

တစ်နေ့က **ကျော်အောင်**၏ **အရေးကြီးပြီ သွေးစည်းကြစို့** ကို ဖတ်သည်။ တံတားဆောက်သည့်အကြောင်း။ သူ့ဝတ္ထုကို ဖတ်ရင်းနှင့် မောင်နေဝင်း၊ ကိုမင်းကျော်တို့နှင့် သမဂ္ဂတည်ဆောက်သည့်အကြောင်း၊ မိုးဝေမဂ္ဂဇင်း ထုတ်သည့်အကြောင်းများကို လုံးချင်းတစ်ပုဒ် ရေးလိုစိတ် ဖြစ်မိသည်။

သမဂ္ဂနှင့် မိုးဝေလုပ်ငန်းများသည် လေးနှစ်ကျော် တည်ဆောက် ရသော သိန်း (၃၀)တန် စင်ရော်တံတားလုပ်ငန်းနှင့် ပခုံးချင်း ယှဉ်သည်။ သာချင်သာမည်။ မလျော့။

သမဂ္ဂနှင့် မိုးဝေမဂ္ဂဇင်းအကြောင်းရေးလျှင် ဇာတ်လမ်း ဇာတ် ကွက်တွေ အများကြီး။ လုပ်ငန်း အခက်အခဲတွေ အများကြီး။ အားပြိုင်မှု ဆွဲ အများကြီး။

*

ယခုတော့ မိုးဝေသည် စာပေမဂ္ဂဇင်း ဖြစ်လာချေပြီ။ အဖုံးမှတစ်ပါး ကရိကထများစရာ မရှိတော့။ အထဲတွင် အရောင်များမရှိတော့။ ဘလောက် အကြီးတွေ မရှိတော့။ အရောင်အသွေးနှင့် အဆင်အပြင်တို့တွင် နစ်မြုပ် နေစရာ မလိုတော့။

ဖြန့်ချိရေးကိုလည်း နံ့သာမှ လုပ်ပေးနေသည်။ အရင်ကလို လေ ဘယ် မရေးရတော့။ ဗွီပီ မရေးရတော့။ စာအုပ် မထုပ်ရတော့။ ရန်ကုန် မဖြန့်ရတော့။ စာတိုက်မှ ငွေမထုတ်ရတော့။ စာရင်းမသွင်းရတော့။ ဂဏန်း မပေါင်းရတော့။

သည်တော့ တည်းဖြတ်မှုလုပ်ငန်းပဲ ကျန်တော့သည်။

စာမူဖတ်ရသည်မှာလည်း တမော။

မိမိ စာဖတ်ချင်သည်။ စာဖတ်ဝါသနာပါသည်။ ကဗျာလည်း ဖတ်သည်။ ဝတ္ထုလည်း ဖတ်သည်။ ဆောင်းပါးလည်း ဖတ်သည်။ လဆန်းလျှင် မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ စာစောင်များအားလုံး လျှောက် ဝယ်ပြီး ကိုယ်ကြိုက်တာလေးတွေ ဖတ်သည်။ မြန်မာစာအုပ်များ၊ အင်္ဂလိပ် စာအုပ်များ ဖတ်သည်။ စာဖတ်ရသည့် အရသာနှင့် စာဖတ်ရသည့်တန်ဖိုး သည် ဖတ်ဖူးမှသိသည်။

သို့သော် ...

စာမူဖတ်ရသည်ကျတော့ သည်သို့မဟုတ်။ ကောင်းတာလေးမှ ဖတ်ချင်၍မရ။ ကောင်းလည်းဖတ်၊ မကောင်းလည်းဖတ်။ ကြိုက်လည်း ဖတ်၊ မကြိုက်လည်းဖတ်။

စာမူတွေကလည်း အများကြီး၊ ဖတ်လို့ မကုန်နိုင်။ ခေါင်းထဲတွင် အုံလာသည်၊ ဟုန်လာသည်။ ဖတ်ရုံနှင့် မပြီးသေး၊ ရွေးသည်ကို တည်း ရသည်။ ပယ်သည်ကို အကြောင်းပြရသည်။ အချို့ကို လူကိုယ်တိုင် ရှင်း ပြရသည်။ အချို့ကို စာပြန်ရသည်။ ထိုအခါ စာေဒကတက်ကြသည်။ စိတ်ဆိုးကြသည်။ ပြဿနာပေါ်ကြသည်။ ရှင်းရသည်။ ဆွေးနွေးရသည်။

ယခုတော့ မိတ်ဆွေများ၊ ရဲဘော်များက ဝိုင်းဝန်းကူညီကြသည်။ စာမူများကိုဝိုင်း၍ ကူ၍ဖတ်ကြသည်။ ထင်မြင်ချက် ပေးကြသည်။ ဆုံးဖြတ်ချက် ပေးကြသည်။ ပြန်စာရေးကြသည်။ ရှင်းပေးကြသည်။ ဆွေးနွေးပေးကြသည်။

စာပေမဂ္ဂဇင်း ဆိုသည်မှာ တစ်ဦးကောင်း နှစ်ဦးကောင်းလုပ်၍ ရနိုင်သည်မဟုတ်။ ဝိုင်းမှ၊ ဝန်းမှ။

ယခု ဝိုင်ကြ ဝန်းကြပြီ။

သည်တော့ မိမိ စာရေးနိုင်လောက်ပြီ။ ရေးလည်း ရေးသင့်ပြီ။ ရေးလည်း ရေးချင်လှပြီ။

*

ဘာကစ၍ ဘာကို ရေးမည်နည်း။ တစ်ခုကို ရေးမည်ဆိုလျှင် တစ်ခုတည်းမလာ။ ခေါင်းထဲတွင် ရှိနေသည်မှာ အားလုံးပြုံ၍ ထွက်လာသည်။

သည်ကြားထဲတွင် အဆိုးဆုံးမှာ တို့စိတို့စကလေးတွေ ဖြစ်သည်။ သူတို့သည် ဝတ္ထုတစ်ပုဒ်လည်း မဖြစ်၊ ဆောင်းပါးတစ်ပုဒ်လည်း မမည်၊ ကဗျာတစ်ပုဒ်လည်း မမြောက်။ အပိုင်းအစကလေးတွေ ဖြစ်သည်။ သူတို့ကို သင့်ရာဝတ္ထုဆောင်းပါးများတွင် အခါအခွင့်သင့်သလို ဥပမာရမည်။ သို့သော် သူတို့ကို ထိုအချိန်အထိ မွေးမထားချင်။

သင်းတို့သည် စာတစ်ပုဒ် ဖတ်နေရင်းလည်း ရောက်လာတတ်သည်။ စာတစ်ပုဒ် ရေးနေစဉ်တွင်လည်း ပေါ်လာတတ်သည်။

တောအကြောင်း တောင်အကြောင်းတွေ မစဉ်းစားပါဟုဆို၍ ခရ။ ဆက်စပ်နေတော့ ပေါ်လာကြသည်။ ဖြစ်လာကြသည်။

သည်တော့ ...

တောအကြောင်း တောင်အကြောင်းတွေ သတ်သတ်ရေးမှ။

*

ဥပမာ မိုးဝေတွင် **ဒဂုန်တာရာ**နှင့် **ဂျာနယ်ကျော်မမလေး**တို့ ဘာကြောင့် မရေးကြသနည်း ဆိုသည့်အကြောင်း။

မိတ်ဆွေများ၊ ရဲဘော်များက မေးကြသည်။ စကားစပ်မိသည့်အခါ၊ လူချင်းဆုံမိသည့်အခါ မေးကြသည်။

သူတို့ မိမိတို့က တစ်ချိန်က စာရေးဆရာအသင်း၊ စာပေကလပ်၊ စာရေးဆရာ သမဂ္ဂ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်တို့တွင် အတူတွဲခဲ့ကြသည်။ ပုဂ္ဂိုလ်ချင်း ခင်မင်ရင်းနှီးကြသည်ကိုလည်း လူတိုင်းသိသည်။ နယ်မှ စာဖတ်သူများပင် သိကြသည်။

သည်အကြောင်းတွေကို မိမိက စာတစ်စောင်၊ ပေတစ်ဖွဲ့ မလုပ်ချင်သေး။ လုပ်ရမည်ဆိုလျှင်လည်း တစ်ပုံတစ်ပင်ကြီး။ စစ်ပြီးခေတ် မြန်မာစာပေသမိုင်းပင် ဖြစ်သွားနိုင်သည်။

သူတို့က စာပေခေါင်းဆောင်ကြီးတွေ မဟုတ်လား။ မိမိတို့၏ ခေါင်းဆောင်ကြီးတွေ မဟုတ်လား။

လွန်ခဲ့သည့် လွန်ခဲ့သော အိန္ဒိယမှ မျက်လှည့်ဆရာတစ်ယောက် လာသည်။ ထိုမျက်လှည့်ဆရာနှင့် ပတ်သက်ပြီး မိမိတို့လူစုတွင် လက်သုံးစကားတစ်ခုရသည်။

"ဖရော်ဖက်ဆာ ဆော်ဒကား၊ ဘဲရီးဝမ်းဒါးဖူး အိုင်နဲဗားဆင်းဘီဖိုး"

*

ဓာခန်းဆီးများ လှုပ်ခတ်နေသော အခန်းသည် မူးယစ်ရီဝေလျက်ရှိသည်။ နိုင်ငံခြားအမျိုးသမီးသည် ဂါဝန်အနက်စကို နီကျင်ကျင် ဖြူလွလွပေါင်လယ်သို့ ဆွဲဆန့်ရင်း သူမ၏ဘေးမှလူကို မြန်မာလို မပွင့်တပွင့်ပြောသည်။

"ပထမဆုံး မြန်မာကာလပေါ် ဝတ္ထုအကြောင်း ပြောစမ်းပါ"

အမေးခံရသူမှာ **မလိခ**၊ မေးသူမှာ **မလှကြော့** ခေါ် **လျှနာဆော ပါဒိုးဗာ**။

*

**နေ့ပြော နောက်ကြည့်၊ ညပြော အောက်ကြည့်။**

❐

# နှယ်သစ်

နှစ်စဉ်နှစ်တိုင်းလောက်ပင် သကြံန်ရက်များကို အခြေပြုလျက် ခရီးရှည် ထွက်လေ့ရှိသော်လည်း သည်နှစ်တော့ ကလေးတွေ ရှင်ပြုနားသအလှူကိစ္စ ရှိနေသဖြင့် ဘယ်ကိုမှမသွားဖြစ်။ တြိဂံအဖွဲ့ဝင် တစ်ဦးဖြစ်သော မင်းကျော်က ဆည်မြောင်း တာတမံများ လေ့လာရန် မြေလတ်ဒေသသို့ ရောက်နေပြီး၊ ကျန်အဖွဲ့ဝင်တစ်ဦးဖြစ်သော မောင်နေဝင်းက သူ၏ ကမ္ဘာနာဖြစ်သော လက်ပြင်ငုပ် ကျောအောင့်ဝေဒနာဖြင့် မိန်းမအနီးတွင် "လဲ" နေသောကြောင့် မိမိတစ်ယောက်တည်း ဥက္ကလာပမြို့တော် မြောက်ပိုင်းတွင် နားအေးပါးအေး စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိနေပါသည်။ နွေရာသီ၏ ပူပြင်းသော အရသာကို ရာနှုန်းပြည့် ခံစားနေရပါသည်။

တစ်ခုတော့ကောင်းသည်။ ဤရက်များအတွင်း ကြွေးတစ်ခုကျေ သွားသည်။ မဖတ်ဖြစ်ဘဲရှိနေသော စာအုပ်များ။ စာအုပ်တော်တော် များများ ဖတ်ဖြစ်သည့်အနက် စာအုပ်နှစ်အုပ်အကြောင်း ပြောပြချင်စိတ် ဖြစ်မိသည်။ ယင်းစာအုပ်နှစ်အုပ်ကား အက်ဖ်ကင်ဒွန်ဝပ် (F. Kingdon Ward) ရေးသော **"မြန်မာနိုင်ငံ ရေခဲတောင်များ"** (Burma's Icy Mountains) စာအုပ်နှင့် လမ်းစဉ်ပါတီမှ ထုတ်ဝေသော တိုင်းရင်းသား လူမျိုးများ၏ **နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း** စာအုပ်ဖြစ်သည်။

*

မြန်မာနိုင်ငံ ရေခဲတောင်များစာအုပ်ကို ၁၉၄၉ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၊ အောက်စဖို့မြို့မှ ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေသည်။ ကျမ်းပြုသူသည် တော်ဝင် ပထဝီအသင်း၊ စကော့တလန် တော်ဝင်ပထဝီအသင်း၊ မန်ဆက်ချူးဆက်ဥယျာဉ်အသင်း၊ တော်ဝင်ဥယျာဉ်အသင်းတို့မှ ရွှေတံဆိပ်ဆုရရှိသော ပထဝီပညာရှင်နှင့် ဥယျာဉ်ပညာရှင်တစ်ဦး ဖြစ်သည်။ သူသည် ၁၉၃၇ ခုနှစ်က မြန်မာနိုင်ငံသို့ ရောက်ရှိပြီး၊ မြန်မာပြည်မြောက်ပိုင်းရှိ ရေခဲတောင်တန်းများအကြောင်း စူးစမ်းလေ့လာခဲ့သည်။ သူ၏စာအုပ်ကို ခရီးသွားမှတ်တမ်းအဖြစ် ရေးသားသော်လည်း စာရေးသူသည် ပထဝီပညာရှင်နှင့် ဥယျာဉ်ပညာရှင် ဖြစ်နေသောကြောင့် ယင်းဒေသရှိ တိုင်းရင်းသားလူမျိုးများ အကြောင်းထက် ယင်းဒေသတွင် တွေ့ရသော တောတောင်ရေမြေအကြောင်း၊ ရာသီဥတုအကြောင်း၊ ကျေးငှက်သတ္တဝါများအကြောင်း၊ သစ်ပင်ပန်းမန်များအကြောင်း အထူးပြုထားသည်။

သူတွေ့ရှိသော သစ်ပင်များနှင့် ပန်းမန်များသည် အမျိုးပေါင်းစုံလင်လှသည်။ အမည်များ ဆန်းလှသည်။ မိမိတို့ မြန်မာပြည်တွင် သည်အပင်မျိုး၊ သည်ပန်းမျိုး ရှိမည်မထင်ခဲ့။ သူရောက်ရှိသော ဒေသများကို မိမိလည်း ရောက်ဖူးပါသည်။ သူမြင်တွေ့သော သစ်ပင်ပန်းမန်များကို မိမိလည်း မြင်တွေ့ပါလိမ့်မည်။ သူ့လို အမည်နာမခွဲခြားပြီး မသိရှိခြင်းသာ ဖြစ်ပါလိမ့်မည်။ မိမိမျက်စိတွင် ဆန်းပြားသော သစ်ပင်များ၊ ပန်းမန်များအကြောင်း ဒေသခံတိုင်းရင်းသားများထံ မေးမြန်းစုံစမ်းသော အခါ သူတို့က သစ်ပင်ပန်းမန်များ၏ အမည်ကို ကောင်းစွာပြောနိုင်ပါသည်။ သို့သော် မြန်မာအမည် မဟုတ်ပါ။ အင်္ဂလိပ်အမည် မဟုတ်ပါ။ ဝေါဟာရများကို နားလည်လက်ခံသလို ယင်း သစ်ပင်ပန်းမန် အမည်များကိုလည်း တဖြည်းဖြည်း ရက္ခဗေဒဝေါဟာရ မဟုတ်ပါ။ ကချင်အမည်၊ ရှမ်းအမည်များသာ ဖြစ်ပါသည်။ ယခု **ရေခဲတောင်များ** စာအုပ်ကျမှ အင်္ဂလိပ်အမည်များဖြင့် သိမှတ်ရခြင်းဖြစ်ပါသည်။ ထိုသို့ မြန်မာပြည်

မြောက်ပိုင်းတွင် တွေ့ရှိရသော သစ်ပင်ပန်းမန်များကို အင်္ဂလိပ်အမည်ဖြင့် ရေးသားဖော်ပြသောအခါ ယင်းအမည်များသည် မိမိတို့အဖို့ အဆန်းမဟုတ်သည်ကို တွေ့ရသည်။ နိုင်ငံခြားဝတ္ထုများ၊ စာအုပ်စာတမ်းများတွင် မကြာမကြာ တွေ့ရှိနေရသော အမည်များဖြစ်ပါသည်။

ယင်းတို့ကို ဘာသာပြန်ဆိုရာတွင် မိမိတို့အဖို့ များစွာမှ ခေါင်းကိုက်ခဲ့ရပါသည်။ မြန်မာဝေါဟာရမရှိ၊ မြန်မာပြည်တွင် မရှိဟု လက်ခံထားကြသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် "မြက်ပင်တစ်မျိုး"၊ "အခေါက်ဖြူဖြူ အပင်တစ်မျိုး" စသည်ဖြင့် အသံလှယ်စနစ်ဖြင့် ဘာသာပြန်ခဲ့ကြရပါသည်။ ယခုတော့ ယင်းအပင်မျိုး တော်တော်များများ မိမိတို့နိုင်ငံတွင် ရှိကြသည်။ အပင်ရှိသည့်နည်းတူ အခေါ်လည်း ရှိပေသည်။ မြန်မာအမည် မဟုတ်သော်လည်း တိုင်းရင်းသားလူမျိုးများ၏ အခေါ်အမည်များ ဖြစ်ကြသည်။ ယင်းသို့ဆိုလျှင် မိမိတို့သည် ယင်းသစ်ပင်ပန်းမန်များကို ဘာသာပြန်ဆိုရာတွင် "အခေါက်ဖြူဖြူအပင်တစ်မျိုး" ဟု ပြန်မည့်အစား တိုင်းရင်းသားတို့၏ ဝေါဟာရကို မသုံးသင့်ပါသလော။ ထိုအခါ မြန်မာစာ မြန်မာစကားသည် တိုင်းရင်းသားတို့၏ ဝေါဟာရများဖြင့် ကြွယ်ဝလာပြီး ပြည်ထောင်စုစာ၊ ပြည်ထောင်စုစကားအဖြစ် အစစ်အမှန် ကျယ်ပြန့်လာမည် ဖြစ်ပေသည်။ ဒူဝါ၊ မနော၊ မချစ်ဥ ဟူသော ဝေါဟာရများကို နားလည်လက်ခံလာကြမည် ဖြစ်ပါသည်။ ပညာရှင်များက အင်္ဂလိပ် အခေါ်အဝေါ်နှင့် ဒေသခံတိုင်းရင်းသားတို့ အခေါ်အဝေါ်များကို ညှိနှိုင်းပေးဖို့သာ လိုပါသည်။

*

**တိုင်းရင်းသား လူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းစာအုပ်**ကို လမ်းစဉ်ပါတီ ပါတီစည်းရုံးရေး ဗဟိုကော်မတီ ဌာနချုပ်က ၁၉၇၁ ခု၊ ဇန်နဝါရီလတွင် ပထမအကြိမ် ထုတ်ဝေသည်။ ယင်းစာအုပ်နှင့် ပတ်

သက်ပြီး မိမိပြောချင်သော အချက်သည် အရေးကြီးသည်ဆိုလျှင်လည်း ဟုတ်ပါသည်။ အရေးမကြီးဘူးဆိုလျှင်လည်း ဟုတ်ပါသည်။ အကြောင်းမှာ အချက်အလက်မဟုတ်ဘဲ အသုံးအနှုန်းနှင့် ဆိုင်သောကြောင့် ဖြစ်ပါသည်။ ယင်းမှာ "အင်္ဂလိပ်-မြန်မာပထမစစ်"၊ "အင်္ဂလိပ်မြန်မာဒုတိယစစ်" ဟူသော အသုံးအနှုန်းများပင် ဖြစ်ပါသည်။ မိမိတို့တွင် ဘယ်လိုကြောင့် ဘယ်အချိန်ကတည်းက အကျင့်ပါလာသည်မသိ။ အခြားနိုင်ငံများ၊ အခြားလူမျိုးများနှင့် ယှဉ်တွဲ၍ ပြောရသောအခါတွင် အခြားနိုင်ငံနှင့် အခြားလူမျိုးတို့အမည်ကို ရှေ့မှထားပြီး ကိုယ်၏ "မြန်မာ" ဟူသောအမည်ကို နောက်မှထား၍ သုံးတတ်သည့် အလေ့ပင်ဖြစ်သည်။ အင်္ဂလိပ်-မြန်မာ စစ်ပွဲ၊ ယိုးဒယား-မြန်မာ မီးရထားလမ်း၊ ကုလား-ဗမာ အဓိကရုဏ်း စသည်ဖြင့်၊ ယင်းကြောင့်ပင် နှစ်နိုင်ငံ ချစ်ကြည်ရေးအသင်းများ ဖွဲ့ကြသောအခါ ဆိုဗီယက်-မြန်မာ ယဉ်ကျေးမှုအသင်း၊ တရုတ်-မြန်မာ ယဉ်ကျေးမှုအသင်း စသည်ဖြင့် သုံးစွဲခဲ့ရာ နှစ်အတော်ကြာမှ မြန်မာ-ဆိုဗီယက်၊ မြန်မာ-တရုတ်အဖြစ်သို့ ပြင်နိုင်ခဲ့ကြသည်။ မိမိတို့တွင် ကျဉ်းမြောင်းသည့် အမျိုးသားရေးအမြင် မရှိသော်လည်း နိုင်ငံတကာဆက်ဆံရေးနှင့် ခေါ်ဝေါ်သုံးစွဲမှုများတွင် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို အရင်ပြုသင့်ပါသည်။ အခြားနိုင်ငံများကလည်း ယင်းသို့ပင် ပြုကျင့်ကြပါသည်။

[ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား လူမျိုးအချင်းချင်း ခေါ်ဝေါ်သုံးစွဲရေးတွင်ကား အက္ခရာစဉ်ကို အသုံးပြုသင့်ပါသည်။ ကချင်ဗမာ၊ ဗမာရှမ်း၊ ရှမ်း စသည်ဖြင့် ]

*

မိုးဝေသည် စာဝေမဂ္ဂဇင်း ဖြစ်လာသည့် နောက်ပိုင်းတွင် ဝေဖန်ရေး အားနည်းလာသည်ဟု ပြောကြသည်။ ပြီးခဲ့သည့် လထုတ်ကို ရည်ညွှန်းကြဟန်ရှိသည်။ ဖေဖော်ဝါရီလနှင့် မတ်လများတွင် ဝေဖန်ရေး

ဆောင်းပါးရေးခဲ့သော နွယ်သစ်သည် ဧပြီလတွင် ငုပ်သွားသည်။ စာပေ ယဉ်ကျေးမှုနှင့် ပြည်သူ့အမြင်အခန်းလည်း ပျောက်နေသည်။ ယခု လထုတ်တွင်လည်း ဤနည်းအတိုင်းပင်။

ယင်းကိစ္စအတွက် အဖြေတစ်ခုမှာ စာအုပ်များ အထွက်နည်းခြင်းပင် ဖြစ်ပါသည်။ ဤရာသီမျိုးတွင် ထုတ်ဝေသူများ ငြိမ်နေတတ်ကြသည်။ ထုတ် ပြန်တော့လည်း အပေါစား စုံထောက်ဝတ္ထုများနှင့် အချစ်ဝတ္ထုများ။ ယင်း စာအုပ်များအကြောင်း ဆောင်းပါးတစ်ပုဒ်ရေးလျှင် လုံလောက်ပါသည်။ တစ်အုပ်ချင်းရေးရန် မလိုပါ။ အဆိပ်အတောက်စာပေများသာ ဖြစ်သည်။ ဘော်ချက်သော အလုပ်များသာဖြစ်သည်။ သို့သော် ရုပ်ရှင်ရုံများတွင် ဂျိမ်း စဘွန်းပုံစံများ တစ်ကားပြီးတစ်ကား ပြနေသောအခါ၊ အင်္ဂလိပ်ကိုယ်လုံးတီး စုံထောက်နှင့် အပေါစား အချစ်ဝတ္ထုများ ပလူပျံနေသောအခါ မိမိတို့က ဘော်ချက်နေကြသော မြန်မာဝတ္ထုများအကြောင်း ဘာပြောရမည်နည်း။

နောက်ပြီး တချို့စာရေးဆရာများသည် တစ်လတစ်အုပ်၊ နှစ်လ တစ်အုပ်ဆိုသလို ရေးနေကြရာ သူတို့စာအုပ်များထွက်တိုင်း ဝေဖန်နေရ လျှင် မိုးဝေသည် သူတို့စာအုပ်များကို ဝေဖန်ရန်သက်သက် ထုတ်ဝေနေ ရကဲ့သို့ ရှိပေလိမ့်မည်။ ထို့ကြောင့် စာရေးဆရာတစ်ယောက်ကို တစ်ခါ နှစ်ခါ ဝေဖန်ပြီးလျှင် နောက်ပိုင်းတွင် အင်မတန်ကြီး မထူးခြားဘဲနှင့် ဝေဖန်ရန် မသင့်တော့ပါ။

နောက်ပြီး အခုတစ်လော (အခုတစ်လောဆိုသည်မှာ ယခင်က အတိုင်း) နာမည်ကြီး စာရေးဆရာကြီးများသည် ဝေဖန်မခံကြပါ။ သူ တို့ကို နည်းနည်းဝေဖန်၍ များများပြန်လျှင် နံ့တတ်ကြသည်။ ဝေဖန်သူကို "နာမည်ကြီးလို၍ စတန့်ထွင်သူ"၊ "နားမလည်ဘဲ ဖြီးဖြန်းသူ"၊ နိုင်ငံရေးလက်ကိုင်ဒုတ်အဖြစ် ပြင်းပြင်းထန်ထန် တံဆိပ်ကပ် ထိုးနှက် တတ်ကြပါသည်။ ထိုအခါ စေတနာဖြင့် တတ်သရွေ့ မှတ်သရွေ့ မိမိ ရင်ထဲတွင်ရှိသည်တို့ကို ဖွင့်ဆိုကြသော စာဖတ်သူများနှင့် ဝေဖန်ရေးဆရာ

တို့သည် လက်တွန့်သွားကြပါသည်။ ဝေဖန်ချက်များကို ထည့်ပေးသော မဂ္ဂဇင်းများလည်း နောက်တွန့်သွားကြရပါသည်။ မဂ္ဂဇင်းများသည် ဈေးကွက်ကို အမှီပြုနေ ကြသဖြင့် နာမည်ကြီး စာရေးဆရာကြီးများနှင့် မကင်းနိုင်ကြပါ။

တခြားမကြည့်နှင့်။ မိမိတို့ နွယ်သစ်ပဲကြည့်။ နွယ်သစ်သည် စိန်ကလောင်အမည်နှင့် ဝေဖန်ချက်များ စတင်ရေးသားသည်။ နောက်မှာ အမည်တူရှိသဖြင့် နွယ်သစ်သို့ ပြောင်းသည်။ ရေးပါရေးပါဆိုသဖြင့် နွယ်သစ်လည်း ရေးသည်။ တကယ်ရေးတော့လည်း တကယ်မခံနိုင်ကြ။ အယ်ဒီတာကို တိုင်ကြ တောကြသည်။ စာမူမပေးဘဲ နေသည်။ ထိုအခါ အယ်ဒီတာက ဝေဖန်သူကို ဈေးဆစ်လာသည်။ နောက်ဆုံးတွင် နွယ်သစ်သည် သတင်းစာသို့ ရောက်သွားသည်။ သတင်းစာလောကသည် စာပေလောကနှင့် နီးကပ်သလို ဝေးကွာခြင်းလည်းရှိသည်။ သတင်းစာ အယ်ဒီတာသည် စာမူမရမှာ မပူရ။ စာရေးဆရာကို မကြောက်ရ။ သို့သော် အဝေဖန်ခံရသော စာရေးဆရာများသည် ကိုယ်နိုင်ရာ နိုင်ရာမှ ကိုင်ကြသည်။ စာရေးဆရာကြီးတစ်ယောက်သည် သူ့စာအုပ်ကို ဝေဖန်သည့်အတွက် သူပိုင်နိုင်သော သတင်းစာမှနေပြီး နွယ်သစ်ကို ကွန်မြူနစ်တံဆိပ် တပ်ပေးသည်။ အစိုးရနှင့် တိုက်ပေးသည်။ အရာရှိ စာရေးဆရာ တစ်ယောက်ကတော့ သူ့စာအုပ်မှ အက္ခရာစဉ် အမှားအယွင်းများကို ထောက်ပြသဖြင့် ကက်ကက်လန် ပြန်ပြီးရန်တွေ့သည်။ သူ၏ ရေးသားချက်များသည် နွယ်သစ်၏ ဝေဖန်ချက်ကို ချေပခြင်းမဟုတ်။ နွယ်သစ် ဘာမျိုးနွားမလည်း ဘဲနှင့် ရေးသည်ဟု စွပ်စွဲပုတ်ခတ်ခြင်းသာဖြစ်သည်။ ဤတွင် နွယ်သစ်က တာဝန်ရှိသဖြင့် အချက်အလက်များနှင့် ပြန်လည်ရေးသားသောအခါ ဘယ်လိုကဘယ်လို ဖြစ်သည်မသိ။ အယ်ဒီတာက အမြဲတမ်း ဆောင်းပါးရှင်၏ ရှင်းလင်းချက်ကို ထည့်မပေး။ ဝေဖန်ရေးဆရာသည် သူများ "အခွဲနွှာ" သည်ကို ခံလိုက်ရသည်။ သို့ဖြင့် နွယ်သစ်သည် သတင်းစာမှ

ခွာခဲ့ရပြန်သည်။ ထိုမျှမက များမကြာမီမှာပင် ထိုသတင်းစာတွင် စာပေဝေဖန်ရေးအခန်းပင် ပါမလာတော့ချေ။

ယခုတော့ နွယ်သစ်သည် မိုးဝေတွင် ထုံ့ပိုင်းထုံ့ပိုင်း လုပ်လာပြန်ချေပြီ။ ဆရာကြီးများကို မျှော့သွေးစမ်းနေသည်ထင့်။

*

ခုတစ်လော စိတ်ဝင်စားစရာ ကောင်းတာကတော့ ဂျာနယ်များပင်ဖြစ်သည်။ ဂျာနယ်တွေ ထုတ်နေကြသည့်အတွက် ဝမ်းသာစရာပင်။ ဂျာနယ်တွေ များလာသဖြင့် ဂျာနယ်သမားတွေလည်း များလာသည်။ သို့သော် တတ်လို့လုပ်ကြတာလည်းရှိမည်။ ဝေါ်လို့လုပ်ကြတာလည်းရှိမည်။ အချို့ဆိုလျှင် ဂျာနယ်သမားစစ်စစ် သတင်းစာဆရာကြီးတွေ။ ကွန်မြူနစ် ဆန့်ကျင်ရေးအကြောင်း ရေးရာတွင် အမေရိကန် တိုင်းမဂ္ဂဇင်း အယ်ဒီတာလား အောက်မေ့ရသည်။ အချို့ကျတော့ ရေးကွက်ရှာနေသော စာရေးဆရာတွေ။ စာရေးဆရာတိုင်း ဂျာနယ်နှင့်လိုက်ဖက်အောင် ရေးတတ်သည်တော့မဟုတ်။ ခတ်ကွင်းပြင်တာနှင့် ရွာသစ်ကြီး ရောက်နေတတ်သည်။ များသောအားဖြင့်တော့ နိုင်ငံရေးသမားတွေဖြစ်သည်။ အကြံကုန် ဂဠုန်ဆားချက်ကြသည်ဟုတော့ မဆိုသာ။ သူတို့သည် အရင်ကတည်းက စာပေဝါသနာပါခဲ့ကြသည်။ သမိုင်းဆောင်းပါးတွေရေး။ သမိုင်းဆိုတာကလည်း ဝေးဝေးမဟုတ်။ ကိုယ့်အကြောင်း ကိုယ်ရေးရုံပင်။

သည်အချိန်မျိုးတွင် မိမိတို့မိတ်ဆွေကြီး နိုင်ငံရေးသမား တစ်ယောက်ကတော့ ကိုယ်ရေးကိုယ်တာ သာရေးနာရေး သတင်းများတွင် ရျာန်ဝင်စားလျက် ရှိပေသည်။

❐

# မိမိနှင့် မန္တလေး-၁

မနေ့ကတည်းက စာရေးဖို့ဖြစ်သည်။ ကုန်ကြမ်းပြတ်နေ၍ စာမရေးရခြင်း ဖြစ်သည်။ ကျွန်တော်တို့ စာရေးဆရာတွေလည်း ဘယ်ဆိုးလို့တုံး။ ကုန်ကြမ်းပြတ်တယ်ဆိုတာ ခေတ်မီခြင်းတစ်ရပ်ပဲ။ ကုန်ကြမ်းမရှိသဖြင့် ပိတ်ထားရသော စက်ရုံ၊ အလုပ်ရုံများအကြောင်း သတင်းစာများတွင် မကြာခဏ ဖတ်ကြရသည်။ ဟော ခုတော့ မိမိတို့လည်း လက်တွေ့။

မိမိတို့ စာရေးဆရာတွေ စာရေးနိုင်ဖို့ ကုန်ကြမ်းနှစ်မျိုး လိုအပ်သည်။ တစ်မျိုးက အကြောင်းအရာကုန်ကြမ်း။ အကြောင်းအရာ ကုန်ကြမ်းကတော့ ရှိတယ်ဆိုလည်းဟုတ်၊ မရှိဘူးဆိုလည်းဟုတ်။ စာရေးခါစကတော့ ရေးရန်ကုန်ကြမ်းတွေ အလျှံအပယ်။ ကိုယ့်အကြောင်း၊ ကိုယ့်ဝန်းကျင်အကြောင်း။ တော်တော်ကလေး ရေးမိတော့ ခန်းစပြုလာသည်။ ကုန်ကြမ်းသစ် ရှာဖွေရသည်။ ဝန်းကျင်သစ်၊ ဒေသသစ်၊ လုပ်ငန်းသစ်။ တချို့က ပင်လယ်ကို ခရီးထွက်ရသည်။ တချို့က တော်ပေါ်ကို ခရီးဆန့်ရသည်။ တချို့က ယာဉ်မောင်းလုပ်သားတွေနှင့် လက်ပွန်းတတီး နေရသည်။ အချို့က ထန်းသမားတွေအကြားသို့ ဝင်ရသည်။ အချိန်မရှိ၍၊ ငွေမရှိ၍၊ အခြေအနေမပေး၍ မသွားနိုင် မလာနိုင်၊ မလေ့လာနိုင်ဘူးဆိုရင်တော့ ကုန်ကြမ်းခေါင်းပါးတာပေါ့။ လက်ကျန်ကုန်ကြမ်းနဲ့ပဲ ရှက်ကြမ်းရေကျို

ဖန်တီးရတာပေါ့။ တစ်ခါတစ်ခါကျတော့လည်း ရေးစရာအကြောင်းက ရှိသည်။ ဟိုင်ငဲ့ရ သည်ငဲ့ရနှင့်မို့ ဘာမှမလုပ်နိုင်ဘဲ ဖြစ်ရသည်။

ထားပါတော့။ စာရေးဆရာမှာ ရေးစရာအကြောင်းအရာ ကုန်ကြမ်း ရှိနေပြီ ဆိုပါတော့။ နောက်ထပ်လိုအပ်သော ကုန်ကြမ်းကတော့ ဖောင်တိန် ရယ်၊ မင်ရယ်၊ စက္ကူရယ်ပဲ ပေါ့။ အဲ စက္ကူ၊ စာရေးရန် စက္ကူ။

အရင်ကတော့ မိမိတို့တစ်တွေသည် ပုံနှိပ်ရန် စက္ကူအတွက် ပြဿနာ တက်ခဲ့ရသည်။ ခုတော့ ရေးရန်အတွက် ဗလာစာအုပ် အခက် အခဲ။

သည်ကိစ္စကတော့ စာရေးဆရာအားလုံးနှင့်တော့ ဆိုင်မည်မဟုတ် ပါ။ စာရေးဆရာတွေအားလုံး ဗလာစာရွက်နှင့် ရေးကြသည်မဟုတ်။ ဗလာစာရွက်နှင့်ရေးမှ စာတစ်ပုဒ် ဖြစ်သည်မဟုတ်။ ကိုယ်ကြိုက်ရာ စက္ကူအမျိုးအစား၊ အရွယ်အစားကို အသုံးပြုနိုင်သည်။ တချို့က စက္ကူကို သတ်သတ်မှတ်မှတ်မထား။ ရရာနှင့် ရေးကြသည်။ တချို့က ရုံးစာရွက် များနှင့် ရေးကြသည်။ တချို့က လျှောက်လွှာစာရွက်ကြီးတွေနှင့်။ တချို့ က စာရေးစက္ကူ ငယ်ငယ်ကလေးတွေနှင့်။ တချို့က ပုံနှိပ်စက္ကူကြမ်းတွေ ကို အသုံးပြုသည်။

မိမိလည်း အရင်ကတော့ လျှောက်လွှာစက္ကူသုံးသည်။ နောက်တော့ ကိုင်ရတွယ်ရတာ မကောင်းဟုဆိုပြီး ဗလာစာအုပ်ကို သုံးသည်။ ကိုင်ရ တွယ်ရ လွယ်ကူသည်။ ထားလို့သိုလို့ ကောင်းသည်။ ဝယ်လို့ခြမ်းလို့ လွယ်သည်။ လျှောက်လွှာစက္ကူက တကူးတကန့် ရှာနေရသည်။

ဟော ခုတော့ မမျှော်လင့်ဘဲနှင့် ပြဿနာပေါ်ရသည်။ ဗလာစာအုပ် မရှိ။ ဆိုင်တွေမှာ ဝယ်မရ။ ကျောင်းတွေကလည်း လုံလောက်အောင် မပေးသေး။ အိမ်မှာလည်း လက်ကျန်မရှိ။ သည်နှစ်မှပဲ တိုက်တိုက်ဆိုင် ဆိုင် အိမ်တွင် တစ်အုပ်မှမရှိဘဲ ဖြစ်ရသည်။

ပန်းချီဆရာတွေကို ပန်းချီကောင်စီက ကုန်ကြမ်းပေးသည်။ မိမိ

တို့ကို မည်သူက ပေးမည်နည်း။ ကျောင်းတွေကတော့ ပေးမည်မဟုတ်။ စာပေလုပ်သား အဖွဲ့ကလည်း အိပ်တုန်း။

ခါတိုင်းနှစ်တွေတုန်းက ဗလာစာအုပ် ပြဿနာမပေါ်ဘဲ သည်နှစ်ကျမှ အဘယ့်ကြောင့် ပေါ်ရသနည်း။ မိမိမသိ။ သို့သော် သိချင်သည်။ မိမိစာရေးဖို့ မရှိတာက ဒါလောက်အရေးမကြီး။ ဘာနှင့်ရေးရေး ဖြစ်ပါသည်။ ခက်သည်က ကလေးတွေအတွက်။ ယင်းကြောင့် မိမိသတင်းစာတွေကို ကမန်းကတန်း လှန်လှောရသည်။ မိမိမျှော်လင့်အားထားသည့် အတိုင်းပင် ပင်တိုင်ဆောင်းပါးရှင်များက ဗလာစာအုပ်အကြောင်း ရေးသားထားကြသည်။ ဘာမျှ စိုးရိမ်စရာမရှိ။ ဘာမျှ ပူပန်စရာမရှိ။ အားလုံး အလုံအလောက်။ အားလုံးစီစဉ်ပြီး။ သည်တော့မှ မိမိစိတ်အေးရသည်။

တိုင်းပြည်တွင် ပြဿနာတစ်ခု၊ အခက်အခဲတစ်ခု ပေါ်ပြီဆိုလျှင် ပင်တိုင်ဆောင်းပါးရှင်များ ရေးကြသည်ကို ဖတ်ရသည်။ သည်တော့မှ စိတ်အေးရသည်။ သူတို့ရေးတော့လည်း အဟုတ်သား။ ဘာမျှ အရေးမကြီး။ ဘာမျှ ပူပန်စရာမလို။ ဘာမျှမဖြစ်။ အားလုံးစီစဉ်ပြီး။ အားလုံး ပြည့်စုံပြီး။

*

ဤရက်များအတွင်း မိမိကိစ္စနှင့်မိမိ မြေပုံတွေ ဖတ်ဖြစ်သည်။ စာရေးဆရာတစ်ယောက်သည် နေရာဒေသတစ်ခုအကြောင်း အဘယ်မျှပင် ကိုယ်တွေ့မျက်မြင် လေ့လာထားပြီး ဖြစ်ပစေ၊ ယင်းဒေသအကြောင်း ရေးတော့မည်ဆိုလျှင် စနစ်တကျ ရေးဆွဲထားသော မြေပုံတစ်ခုကို အကိုးအကားပြုရလျှင် ဖြည့်အားပိုကောင်းသည်အမှန်၊ ရေးကွက်ပိုရှင်းသည်အမှန်။ အချက်အလက်များ တိကျမှန်ကန်မည် မုချ။

သို့သော် မိမိတွင် မြေပုံကောင်းကောင်းမရှိ။ ရှိသည့်မြေပုံများသည် ခေတ်မမီတော့။ နောက်တိုးမြို့ရွာများ မပါရှိ၊ မြေပုံပေါ်ရှိ အချို့မြို့ရွာများ

ယခု မရှိတော့။ အချို့သော ချောင်းမှာ ကောသွားပြီ။ အချို့မြစ်များ မြစ်ကြောင်း ပြောင်းသွားပြီ။ နောက်ပြီး မြို့ရွာမြစ်ချောင်း အမည်များလည်း မမှန်ကန်။ မိမိတို့သာ အင်္ဂလိပ်လိုရေးထားသော မြေပုံများကို အခြေပြုကြရသည်။ အင်္ဂလိပ်တွေက သူတို့နားကွင်ကြားသလို မှတ်သားသည်။ သူတို့အက္ခရာနှင့် အသံထွက်ရသလို ပေါင်းသည်။ ယင်းကို မြန်မာလိုပြန်သောအခါ လွဲလွဲချော်ချော်တွေ ဖြစ်ရသည်။

ယင်းကြောင့်ပင် တစ်လောက တက္ကသိုလ်မှထုတ်ဝေသော ပညာပဒေသာစာစောင်တွင် ပထဝီဝင်ဌာနမှ ဆရာမတစ်ဦးရေးသားသော ဆောင်းပါးတွင် ကျေးရွာအမည်များ အသံထွက်မှားသည့် ပြဿနာပေါ်ခဲ့ရခြင်း ဖြစ်၏။ သည်ဆရာမသည် ထိုဒေသကို မရောက်ဖူး။ မြေတိုင်းဌာနမှ ထုတ်ဝေသောမြေပုံကို ကိုးကားပြီး ရေးလိုက်ခြင်းဖြစ်သည်။ မြေတိုင်းဌာနကလည်း ကျေးရွာအမည်များကို အင်္ဂလိပ်မှ ပြန်ဆိုထားခြင်းဖြစ်သည်။ ကွင်းဆင်းလေ့လာခြင်း မပြုဘဲ စားပွဲတွင်ထိုင်၍ ပြန်ဆိုသောအခါ မှားပေမည်မှာမလွဲ။

ဥပမာ ရခိုင်ပြည်နယ်မှ မြစ်တစ်ခု။ အင်္ဂလိပ်လို Lemyo ဟု ပေါင်းထားသည်။ ယင်းက မြေပုံတစ်ခုတွင် လေးမြို့မြစ်ဟု ဖော်ပြပြီး၊ အခြားတစ်ခုတွင် လည်မျိုမြစ်ဟု ဆိုထားသည်။ တကယ်တော့ ဤကိစ္စသည် ခက်ခဲသည်မဟုတ်။ စစ်တွေဘက်က လူတစ်ယောက်နှင့် ညှိနှိုင်းလိုက်လျှင် ပြီးနိုင်သည်။ တစ်ပြည်လုံးရှိ မြို့ရွာအမည်များ အသံထွက်မှန်ကန်ဖို့အတွက် သက်ဆိုင်ရာ နယ်မြေများတို့တွင် ကွင်းဆင်းလေ့လာရပါမည်။ စာလုံးပေါင်း မှန်ကန်ဖို့။ အသံထွက်စနစ် မှန်ဖို့အတွက်မှု ပညာရှင်များ၏ တာဝန်ဖြစ်သည်။ ရံခါတွင် အမည်နာမတစ်ခုနှင့် ပတ်သက်ပြီး ဒေသခံအချင်းချင်း အယူအဆမတူကြပါ။ နောက်ခံ ရာဇဝင်ကိုလည်း တစ်မျိုးစီ ပြောတတ်ကြပါသည်။ ယင်းကို ပညာရှင်များက နှိုင်းချိန်စိစစ်ရပါမည်။ နောက်ပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာ

စကားဖြင့် ခေါ်ဝေါ်သုံးနှုန်း ထားသည်ကိုလည်း စနစ်တကျ အသံထွက်ဖို့ လိုပါသည်။ မြန်မာပြည် အရှေ့ပိုင်းဒေသတွင် **လွိုက်** ဟူသော အသုံးအနှုန်း ရှိပါသည်။ အဓိပ္ပာယ်မှာ တောင်ထိပ်ဖြစ်ပါသည်။ ယင်းကို အချို့က **လွိုင်** ဟုလည်းကောင်း၊ **လွယ်** ဟုလည်းကောင်း အသံထွက်ပါသည်။ အင်္ဂလိပ်လိုကား Loi ဟု ပေါင်းပါသည်။ အသံထွက်သည်ဆိုခြင်းမှာ သူ့အသံမှန်အတိုင်း ရေးနိုင်ဖို့ မဆိုလိုပါ။ အနီးစပ်ဆုံးနှင့် စနစ်အကျဆုံးဖြစ်ဖို့သာ လိုပါသည်။ လွိုက်ဆိုလျှင် အားလုံးလွိုက်ပြီး လွိုင်ဆိုလျှင် အားလုံး လွိုင်သင့်ပါသည်။ မြေပုံတစ်ခုထဲတွင် လွိုက်ကော်၊ လွိုင်လွင်၊ လွယ်လွန်း ဟု မဖြစ်သင့်ပါ။ ထို့ပြင် နန်းဖြစ်လိုက် နမ်းဖြစ်လိုက်လည်း မဖြစ်သင့်ပါ။

နောက်တစ်ခုကတော့ နှုတ်ကျိုးနေသော အမည်မှားများ ကိစ္စဖြစ်သည်။ ဥပမာ ပူတောင်း၊ မလိခ၊ အင်မိုင်ခ။ အင်္ဂလိပ်တွေ ရင်ဝွန်း၊ ဗက်ဆင်းဟု ရေးခဲ့သည်များကို ရန်ကုန်၊ ပုသိမ် စသည်ဖြင့် အမှန်ကို ထွက်နိုင်ခဲ့ကြသော်လည်း သမားဟုရေးသည်ကို ဆမားဟု အမှန်မပြင်နိုင်ဘဲ သမားဟုပဲ ရေးသားသုံးနှုန်းနေကြသည်။ ဆမားဒူဝါဆင်ဝါနောင်ကို တစ်နိုင်ငံလုံးက သိနေကြသော်လည်း သူ့ဇာတိကို သူ့မြေပုံတွင်လည်းကောင်း သမိုင်းစာအုပ်များတွင်လည်းကောင်း အင်္ဂလိပ် Thama မှ ဘာသာပြန်လျက်သမားဟုဘဲ ရေးနေကြသည်။ ကချင်ပြည်နယ်မှ လူများသည် ဆမားနှစ်ခုကို အရှေ့ဆမား၊ အနောက်ဆမားဟု ခွဲခြားခေါ်ဝေါ်ကြပါသည်။ တစ်ခုက ကျောက်စိမ်းနယ်တွင်ရှိပြီး တစ်ခုက မြန်မာတရုတ်နယ်စပ်တွင်ရှိပါသည်။ ထို့ပြင် အင်္ဂလိပ်က ပူတောင်းဟူသော ရှမ်းစကားကို Pu=ပူ၊ Tao=တောင်း ဟု ပေါင်းခဲ့သော်လည်း ကိုယ့်နိုင်ငံ ကိုယ့်အမည်ကို မသိသော မြန်မာ ပညာရှင်များက Pu=ပူ၊ Ta=တာ၊ O=အို၊ (ပူတာအို)ဟု ပြန်ဆိုခေါ်ဝေါ်ခဲ့ကြ သည်။ Mali Kha ကို မလိခဟု ထွက်ရမည့်အစား မေလိခဟုလည်းကောင်း၊ N, Mai Kha ကို အင်မိုင်ခအစား ဧမခဟု ကဗျာဆန်ဆန် ထွက်ဆိုခဲ့ကြသည်။ သို့သော် ကဗျာဆန်ဖို့ထက် မှန်ဖို့က

အဓိကဖြစ်ပါသည်။ ပဲရစ်ကို ပါရီဟု အမှန်အတိုင်း ပြောင်းလဲခေါ်ဝေါ်ရန် ကြိုးစားကြလျှင် ကိုယ့်တိုင်းရင်းသား အမည်များကိုလည်း အမှန်အတိုင်း ပြောင်းလဲခေါ်ဝေါ်ဖို့ ဝန်မလေးသင့်ကြပါပေ။ ထို့ပြင် ကချင်စကား Bum တောင်ထိပ်ဆိုသော စကားကိုလည်း Mကိုငဲ့လျက် ဘွမ်ဟုရေးသည် ထက် ဘွန်ဟုရေးသည်က ပို၍နီးစပ်လိမ့်မည် ထင်ပါသည်။ ဆွမ်ပရာဘွမ် ထက် ဆွမ်ပရာဘွန်က ကောင်းသည် ထင်ပါသည်။ အခြား ကယား၊ ကရင်၊ ချင်း စသည့် တိုင်းရင်းသား အခေါ်အဝေါ်များလည်း အများကြီး မှားနေပါသည်။ အချို့အမှားများသည် အဓိပ္ပာယ်တစ်မျိုးထွက်ပြီး စော်ကားသလိုပင် ဖြစ်နေတတ်ပါသည်။ ယင်းတို့ကို ဘာသာဗေဒ၊ ပထဝီဝင်နှင့် အခြားအတတ်ပညာရှင်များ စုပေါင်းညှိနှိုင်းလျှင် စုပေါင်း ကွင်းဆင်းလျက် အမှန်ဆုံးရောက်အောင်သာ လုပ်သင့်ကြပါသည်။

ကိုယ့်နိုင်ငံ၊ ကိုယ့်မြို့၊ ကိုယ့်နယ်မြေပုံများ စနစ်တကျနှင့် အမှန် အကန်ရှိဖို့ကား အထူးလိုအပ်ပါသည်။ ကိုယ့်ကိုယ်ကိုယ်မှ မသိလျှင် အခြားသူများကလည်း ကိုယ့်ကိုသိမည်မဟုတ်ပါ။

နောက်တစ်ချက်ကတော့ မြေပုံများ အဝယ်ရခက်ခြင်းပင် ဖြစ်ပါ သည်။ အထူးသဖြင့် ခရိုင်မြို့နယ်မြေပုံများ ရရှိရန် မလွယ်သလောက် ဖြစ်ပါသည်။ အသေးစိတ်မြေပုံများကို လုံခြုံရေးအတွက် မရောင်းဟု တစ်ဆင့်စကား ကြားမိပါသည်။ မှန် မမှန်မသိပါ။ လုံခြုံရေးကိစ္စ၊ စစ် ရေးကိစ္စကို ကျွန်တော်တို့ နားမလည်ပါ။ မပြောသာပါ။ ဖြစ်နိုင်လျှင်တော့ လုပ်သားပြည်သူများ လွယ်လွယ်ကူကူရရှိအောင် ဆောင်ရွက်ပေးသင့်ကြ ပါသည်။

*

မိတ်ဆွေတစ်ယောက်က မိမိကို "ခင်ဗျား မြစ်ကြီးနားသားလား၊ မန္တလေးသားလား" ဟု မေးသည်။ သူ ဘာအဓိပ္ပာယ်နှင့် မေးသည်မသိ။

မိမိ မော့မကြည့်။ သို့သော် ထင်စရာတစ်ခုရှိသည်။ စာစောပိုင်းက မိမိကို မန္တလေးသားဟု ယူဆထားကြဟန်ရှိသည်။ အကြောင်းမှာ မိမိ မန္တလေးမှာ ကျောင်းနေသည်။ မန္တလေးကျောင်းသား လူငယ်များလှုပ်ရှားမှုတွင် ပါဝင်သည်း မန္တလေးစာပေနှင့် ငြိမ်းချမ်းရေး လှုပ်ရှားမှုများတွင် အကျုံးဝင်ခဲ့သည်။ လူထုဂျာနယ်တွင် အများအပြား ရေးခဲ့သည်။ မန္တလေးမှ ရန်ကုန်သို့ ရောက်ခဲ့သည်။ မိမိ၏ စာစောပိုင်း ဝတ္ထုများသည် မန္တလေးကို အခြေခံသည်။ မန္တလေးတွင် မိမိ မိဘများရှိသည်။ မန္တလေးသို့ မိမိ မကြာခဏပြန်သည်။

သို့သော် **မြန်မာပြည်မြောက်ပိုင်း** ကို ရေးသောအခါ မိမိ အတ္ထုပ္ပတ္တိကို တစ်စွန်းတစ်စ ကြားသိကြရသောအခါ မိမိကို မြစ်ကြီးနားသားဟု သိလာကြသည်။ မိမိနှင့် မန္တလေး ဆက်စပ်မှု နည်းလာသည်။ အထူးသဖြင့် **စကားပြောတိုက်ပွဲ** နှင့် **ဓမ္မဗိမာန်တရားပွဲ** များတွင် မိမိပါဝင်သောအခါ မိမိကို မန္တလေးစာရင်းမှ ဖယ်ကြသည်။ တိုင်းနှင့်ပြည်နယ် အားကစားပြိုင်ပွဲများတွင် မိမိကို မန္တလေးတိုင်းဘက်ကမထား။ ကချင်ပြည်နယ်ဘက်ကထားသည်။ နောက်ဆုံးတွင် မိမိကို မြစ်ကြီးနားသားလား၊ မန္တလေးသားလားဟု မေးလာသည်အထိ ဖြစ်သည်။ သူဘာကို ဆိုလိုသနည်း။ မိမိဘာကို ဖြေရမည်နည်း။

မိမိဇာတိ မြစ်ကြီးနားဆိုသည်ကို မှတ်ပုံတင်ကတ်ပြားက သက်သေခံနေသည်။ သို့သော် မိမိ၏သက်တမ်းနှင့် နေထိုင်ခဲ့သည့် ဒေသများကို နှစ်ပိုင်းခြားပြီး တွက်ကြည့်လျှင် မြစ်ကြီးနားတွင် ဆယ်နှစ်၊ စစ်ကိုင်းတွင် သုံးနှစ်၊ မန္တလေးတွင် ခုနစ်နှစ်၊ ရန်ကုန်တွင် (၁၈)နှစ် ဖြစ်ပါသည်။

သို့သော် မိမိမန္တလေးတွင် နေခဲ့သော ခုနစ်နှစ်သည် မိမိဘဝတွင် အရေးကြီးသောနှစ်များ ဖြစ်ပါသည်။ မိမိဘဝကို အဆုံးအဖြတ်ပေးသော နှစ်များဟုလည်း ဆိုနိုင်ပါသည်။ တစ်နည်းဆိုလျှင် မန္တလေးက မိမိဘဝကို ဖန်တီးပေးလိုက်သည်ဟုပင် ပြောနိုင်ပါသည်။

မန္တလေးလောင်းရိပ်တွင် မိမိကြီးပြင်းခဲ့ရသည် မဟုတ်ပါလား။ အခြေခံပညာရေးကို မန္တလေးတွင် သင်ကြားခဲ့ရသည်။ အခြေခံလူမှုရေး၊ နိုင်ငံရေး လှုပ်ရှားမှုများကို မန္တလေးတွင် စတင်ပါဝင်ခဲ့ရသည်။ ထို့ထက်ပို၍ ပြောရလျှင် မိမိဘဝ၏ အဓိကလုပ်ငန်းဖြစ်သော စာရေးခြင်းအလုပ်ကို မန္တလေးမြို့ရှိ စာရေးဆရာကြီးများနှင့် စာပေမိတ်ဆွေများကြားတွင် သန္ဓေတည်ခဲ့ရသည် မဟုတ်ပါလား။ သူတို့၏ အသွန်အသင် အဆုံးအမ၊ သူတို့၏ အကူအညီ အတွဲအဖက်ဖြင့် "နတ်နွယ်" ဟူသော ကလောင်အမည် ရုပ်လုံးပေါ်ခဲ့ရသည် မဟုတ်ပါလား။

မိမိ၏ စာရေးဆရာအဖြစ်သို့ ကြိုးပမ်းအားထုတ်မှုများကို ရေးသားမည်ဆိုလျှင် မန္တလေးကိုပင် အခြေခံရပါမည်။

❐

# ဘီတီအင်ကျောင်း (မန္တလေး-၂)

## ဝိဇ္ဇာများနှင့် ဆွေးနွေးခြင်း

ဇွန်လ ပထမ တနင်္ဂနွေနေ့တွင် မိမိသည် သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ်ကို ဖြတ်ကျော်လျက်၊ ဟိမဝန္တာကို မသွားမရောက် ရပါဘဲလျက် ဝိဇ္ဇာဇော်ဂျီ တပသီများနှင့် တွေ့ဆုံဆွေးနွေးရပါသည်။ ဝဇ္ဇာတွေကြားထဲတွင် အမျိုးသမီးတွေလည်း တွေ့ရပါသည်။ သို့သော် ဆေးကြိမ်လုံးဖြင့် ဖန်ဆင်းထားသော သူယောင်မယ်များ မဟုတ်ကြပါ။ သူတို့ကိုယ်တိုင်မှာလည်း ဝိဇ္ဇာရင့်မာကြီးများ ဖြစ်ကြပါသည်။

အမှန်တော့ မိမိတွေ့နေရသူများသည် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်မှ မဟာဝိဇ္ဇာနောက်ဆုံးနှစ် ကျောင်းသူ၊ ကျောင်းသားများ ဖြစ်ကြပါသည်။ ကျောင်းသူ၊ ကျောင်းသားများဟု ဆိုရသော်လည်း လက်တွေ့တွင်မူ အများစုမှာ ဆရာ၊ ဆရာမများသာ ဖြစ်ကြပါသည်။ ဘွဲ့ရရှိပြီးနောက် တက္ကသိုလ်တွင် ဆရာလုပ်ရင်း ဘွဲ့လွန်သင်တန်း တက်နေကြသူများ ဖြစ်ပါသည်။

**မြန်မာပြည်မြောက်ပိုင်း** ကို မဟာဝိဇ္ဇာနောက်ဆုံးနှစ် (အပိုင်း ခ) တွင် ပြဌာန်းထားပါသည်။ ယခင်နှစ်ကတည်းက ဖြစ်ပါသည်။ မိမိ မိတ်ဆွေများ၏ ဝတ္ထုများလည်း ပါရှိပါသည်။

**ငါတို့ခေတ်နှင့် အပြိုင်၊ ရေရိုင်း မြေရိုင်း၊ နိဗ္ဗာန်ဘုံပျောက်ဆုံးခြင်း၊ ရေနံ့သာ ခင်ခင်ကြီး။**

မိမိတို့ ပြောခဲ့ကြပါသည်။ တက္ကသိုလ်သည် ရှေးဟောင်းတွင်သာ ဝဲလှည့်နေသည်။ ကျောင်းပရိဝုဏ်ထဲတွင်သာ နစ်မြုပ်နေသည်ဟု။

ယခုအခါ တက္ကသိုလ်သည် ရှေးဟောင်းဥခွံကို ဖောက်ထွက်လာပြီ ဖြစ်ပါသည်။ မျက်မှောက်ခေတ်စာပေကို ကြိုးပမ်းအားထုတ် လေ့လာခြင်း ပြုလာပြီဖြစ်သည်။ မျက်မှောက်ခေတ် စာပေများကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းပြဋ္ဌာန်းရုံသာမက မျက်မှောက်ခေတ် စာရေးဆရာများနှင့် တွေ့ဆုံရန်လည်း အားထုတ်လာကြပြီဖြစ်သည်။

ယမန်နှစ်က မြန်မာစာအသင်းက ပြင်ပမှ စာရေးဆရာများကို ဖိတ်ကြား၍ စာပေဟောပြောပွဲများ ပြုလုပ်သည်။ မိမိလည်း တစ်ပတ်သွား၍ ပြောရသည်။ **တက္ကသိုလ်နှင့် မျက်မှောက်ခေတ်စာပေ** အကြောင်း။

ယခုနှစ်တွင်လည်း မိမိကျောင်းသို့ တစ်ကြိမ် ရောက်ရပြန်ချေပြီ။ ယခု တစ်ကြိမ်ကား ဟောပြောပွဲမဟုတ်။ ဆွေးနွေးပွဲ။ မြန်မာစာဌာနက ပြုလုပ်သော ကျောင်းသူ၊ ကျောင်းသားများနှင့် ပြဇာတ်စာအုပ် ရေးသူများ တွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။

ယခုနှစ်အဖို့ ဆွေးနွေးပွဲ (၆)ကြိမ် ပြုလုပ်ရန် စီစဉ်သည်ဟု သိရသည်။ ဝတ္ထုအကြောင်း ဆွေးနွေးရန် မိမိနှင့်တစ်ယောက်၊ ပြဇာတ်အကြောင်း ဆွေးနွေးရန် ရန်ကုန်ဘဆွေနှင့် တစ်ယောက်၊ ကဗျာအကြောင်း ဆွေးနွေးရန် နေသွေးနီနှင့်တစ်ယောက် စသည်ဖြင့်။

မိမိကို ဖိတ်ကြားရန် ကိုခင်မောင်ထွန်းက တာဝန်ယူထားသည်ဟု ဆိုပါသည်။ သို့သော် ကိုခင်မောင်ထွန်းနှင့် မတွေ့မီ အခြားသူတစ်ဦးက ဆွေးနွေးပွဲအကြောင်း ကြိုတင်ပြောကြား သွားပါသည်။ ဆရာမ ဒေါ်စန်းမြင့် ဖြစ်ပါသည်။

မိမိနှင့် ကိုခင်မောင်ထွန်းတို့သည် ဗလစတွင် လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြပါသည်။ ကထိက ကိုဖိုးကျော်မြင့်နှင့်လည်း ထို့အတူပင်။ ကိုဖိုးကျော်မြင့်၊ ကိုခင်မောင်ထွန်းနှင့် မိမိတို့သည် တက္ကသိုလ်သို့လည်း တစ်နှစ်တည်း ရောက်ကြဟန် ရှိပါသည်။ တက္ကသိုလ်တွင် လူတော်တော်များများကို မိမိ မြင်ခဲ့တွေ့ခဲ့ ခင်ခဲ့မင်ခဲ့ ရပါသည်။ ထိုအထဲတွင် သူတို့နှစ်ယောက်လည်း ပါပါသည်။ သည့်နောက် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် မိမိတက္ကသိုလ်မှ ခွာခဲ့ပါသည်။

ယခုအခါတွင် တက္ကသိုလ်တွင် လူတော်တော်များများကို မိမိပြန်လည် တွေ့မြင်နေရပါသည်။ တချို့က အုပ်ချုပ်ရေးပိုင်းတွင်။ တချို့က သင်ကြားပြသသည့်ဘက်တွင်။ ထိုအထဲတွင် သူတို့နှစ်ဦးလည်း ပါသည်။ ကိုဖိုးကျော်မြင့်က မြန်မာစာ ကထိကဖြစ်ပါသည်။ ကိုခင်မောင်ထွန်းက ဆရာတစ်ပိုင်း၊ ကျောင်းသားတစ်ပိုင်း။

မိမိနှင့် ကိုခင်မောင်ထွန်းသည် မြို့ထဲတစ်နေရာတွင် မကြာမကြာ ဆုံမိတတ်ပါသည်။ ထို့ကြောင့် သူက မိမိကို တာဝန်ယူဟန် ရှိပါသည်။ သို့သော် ထိုရက်ပိုင်းအတွင်းက သူနှင့်ဆုံတတ်သည့်နေရာသို့ မိမိ မရောက်ဖြစ်။ ထို့ကြောင့် သူနှင့် မတွေ့ဖြစ်။

တက္ကသိုလ် ဘာသာပြန်ဌာနတွင် ဆရာကျော်အောင်တို့၊ ဆရာညွန့်ကြူးတို့၊ ဆရာမင်းကျော်တို့ ရှိကြသည်။ ရံဖန်ရံခါ မကြာမကြာ ဆိုသလို သူတို့တစ်တွေထံ “စကားစမြည်” ပြောရန် မိမိသွားရောက်လေ့ ရှိပါသည်။ တစ်နေ့ ထိုသို့အသွား ကိုကျော်အောင်၏ အခန်းတွင် ဆရာမ ဒေါ်စန်းမြင့်နှင့် ဆုံမိပါသည်။ ဒေါ်စန်းမြင့်က စာရေးဆရာတစ်ယောက်ကို လာရောက်ဖိတ်ကြားရင်း မိမိကိုလည်း သတင်းပေးသွားပါသည်။

ယင်းသို့ဖြင့် မိမိသည် ၁၉၇၁ခု၊ ဇွန်လ (၄)ရက်နေ့တွင် တောင်ငူဆောင်အပေါ်ထပ် မြန်မာစာဌာန ခန်းမဆောင်တွင် ဝိဇ္ဇာဇော်ဂျီ တပသီများနှင့် တွေ့ဆုံဆွေးနွေး ရပါတော့သည်။

မဟာဝိဇ္ဇာနောက်ဆုံးနှစ် သင်တန်းသားများသာ ဖြစ်သဖြင့် လူမများပါ။ သင်တန်းသားများအပြင် ၄င်းတို့၏ ဆရာများ (ကထိကနှင့် လက်ထောက်ကထိကများ)လည်း တက်ရောက်ကြပါသည်။ ဆရာဦးမြင့်ကြည်နှင့် မိမိမှာလည်း သိဟောင်းကျွမ်းဟောင်း ဖြစ်ကြပါသည်။ **မိုးဝေ** တွင် ကဗျာများ ရေးသားနေသော မောင်သာစိုးမှာလည်း မဟာဝိဇ္ဇာနောက်ဆုံးနှစ် သင်တန်းသားတစ်ဦးအနေနှင့် ဆွေးနွေးပွဲတွင် ပါဝင်နေသည်။

မြန်မာပြည်မြောက်ပိုင်းကို အခြေပြုပြီး "ဇာတ်ဆောင်နှင့် ဇာတ်လမ်းဆက်သွယ်မှု" အကြောင်းကို ဆွေးနွေးကြပါသည်။ ဤနေရာတွင် မလွဲသာ မရှောင်သာ သိန်းဖေမြင့်နှင့် စာရေးဆရာတစ်ဦးတို့၏ အယူအဆများ အကြောင်းကိုလည်း ထည့်သွင်းပြောဆိုရပါသည်။ သမိုင်းနောက်ခံ ဝတ္ထုများ၊ ယင်းဝတ္ထုများမှ ဇာတ်ဆောင်များနှင့် စုံထောက်ဝတ္ထုများပေါ်တွင် ထားရှိသော သဘောထားတွင်ကား မိမိနှင့် ထိုစာရေးဆရာ မတူညီကြပါ။ မတူညီကြောင်းလည်း မိမိရှင်းပြပါသည်။

သမိုင်းဝတ္ထုများနှင့် ယင်းဝတ္ထုများရှိ ဇာတ်ဆောင်များအကြောင်း မိမိ၏ အယူအဆကို ၁၉၇၁ ခု၊ မတ်လထုတ် **မိုးဝေ** ခေါင်းကြီးတွင် "ကိုယ်စားပြု ဇာတ်ဆောင်များ" ဟူသော ခေါင်းစဉ်ဖြင့် ရေးသားခဲ့ပါသည်။ စုံထောက်ဝတ္ထုများနှင့် ပတ်သက်သော မိမိ၏အယူအဆကို မောင်သိန်းဆိုင်၏ **ပုဂံမြို့သူ** အမှာစာတွင် ရေးသားခဲ့ပါသည်။

ဇာတ်ဆောင်နှင့် ဇာတ်လမ်းဆက်သွယ်မှုတွင် ထားရှိသော သိန်းဖေမြင့်၏ အယူအဆနှင့် မိမိ၏ အယူအဆကား တူမတူ ကွဲမကွဲ မပြောနိုင်ပါ။ တူသလိုလို ကွဲသလိုလို ဖြစ်နေပါသည်။ ယမန်နှစ်က မြန်မာစာဌာန ဟောပြောပွဲတွင် သိန်းဖေမြင့်၏ ပြောကြားချက်ကို ပုံနှိပ်ထားသော **ကျွန်တော့်ဝတ္ထုထဲမှ ကျွန်တော့်ဇာတ်ကောင်များ** စာအုပ်တွင် ဖတ်ရသည်မှာ မရှင်းလင်းလှပါ။ ဝတ္ထုရေးရာတွင် အကြောင်းအရာက အဓိကဖြစ်ကြောင်း၊ ဇာတ်ကောင်ကြောင့် ဇာတ်လမ်းမဖြစ်နိုင်ကြောင်း ဆိုထားပါသည်။

ဤအတိုင်းသာဆိုလျှင်တော့ ကွဲလွဲပါသည်။ သို့သော် အကြောင်းအရာနှင့် ပတ်သက်ပြီး သိန်းဖေမြင့်က သိပ်များများ ပြောမထားသဖြင့် အဓိပ္ပာယ်ကောက်ရန် ခက်နေပါသည်။ သူနှင့်တွေ့ပြီး မေးလိုက်ရလျှင်တော့ တူမတူ ကွဲမကွဲ သိရပေမည်။

ယခုတော့ ဇာတ်ဆောင်နှင့် ဇာတ်လမ်းနှင့် ပတ်သက်သော မိမိ၏ အယူအဆကိုသာ ရှင်းပြရပါသည်။ ဦးတည်ချက် (အကြောင်းအရာ)၊ ဇာတ်ဆောင်နှင့် ဇာတ်လမ်းအကြောင်း မိမိ (တို့) အတော်ကလေး ရေးခဲ့ပြီး ဖြစ်ပါသည်။ မိမိ (တို့)၏ ရေးသားချက်များကို ဖတ်လျှင် မိမိ (တို့) ၏ အယူအဆကို သိနိုင်ပါသည်။ ဆွေးနွေးပွဲတက်သူ အတော်များများမှာလည်း မိမိနှင့် မိမိ၏ရဲဘော်များ ရေးသားသည်များကို အထပ်ထပ်ဖတ်ရှုလေ့လာထားသူများ ဖြစ်ကြပါသည်။ မိမိတို့၏ အယူအဆနှင့် ကောက်ချက်များကို အတော်ကလေး သိနေကြပါသည်။ သို့သော် သူတို့စိတ်ထဲတွင် မရှင်းသည်များ ရှိနေကြပါသည်။ ယင်းကို မေးကြပါသည်။ ဆွေးနွေးကြပါသည်။

မိမိ၏ အယူအဆမှာ ဇာတ်ဆောင်ကြောင့်သာ ဇာတ်လမ်းဖြစ်ပေါ်ပါသည်။ လူရှိမှသာလျှင် လူ့အကြောင်း ဖြစ်ပေါ်နိုင်သည့် သဘောပင်ဖြစ်ပါသည်။ ဇာတ်ဆောင်တစ်ဦး သို့မဟုတ် ဇာတ်ဆောင်များ၏ ပြုမူလှုပ်ရှားမှုကြောင့် ဇာတ်လမ်း သို့မဟုတ် အဖြစ်အပျက်၊ အရေးအခင်းများ ဖြစ်ပေါ်ရပါသည်။ သို့သော် ဇာတ်ဆောင်များကြောင့် ဖြစ်ပေါ်သော အဖြစ်အပျက်၊ အရေးအခင်းများက ဇာတ်ဆောင်တစ်ဦး သို့မဟုတ် ဇာတ်ဆောင်များကို ပြန်လည်လွှမ်းမိုးခြင်း ပြုနိုင်ပါသည်။

သို့သော် ဝတ္ထုရေးရာတွင် အရေးအကြီးဆုံးနှင့် အဓိကအကျဆုံးသည် ဦးတည်ချက်ပင် ဖြစ်ပါသည်။ ဦးတည်ချက်မှာ ဝေါဟာရတစ်ခုသာ ဖြစ်ပါသည်။ စာရေးသူရေးလိုသော အကြောင်းအရာကို ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ စာရေးသူသည် အထ္ထုပ္ပတ္တိရေးခြင်း မဟုတ်ဘဲ ဝတ္ထုရေးခြင်း

ဖြစ်လျှင် လူတစ်ယောက်၏ အကြောင်းကို မရေးပါ။ ထိုလူပြုလုပ်သော အကြောင်းချင်းတချို့ကိုသာ ရေးပါသည်။ စာရေးသူသည် သမိုင်းရေးခြင်း မဟုတ်လျှင် လူအများ၏အကြောင်းကို မရေးပါ။ လူအများပြုလုပ်သော အကြောင်းချင်းတတစ်ခု သို့မဟုတ် အချို့ကိုသာ ရည်ရွယ်ချက်တစ်ခု (ဦးတည်ချက်တစ်ခု)ဖြင့် ရေးသားပါသည်။ လူတစ်ယောက် နှစ်ယောက် သို့မဟုတ် အချို့၏ အကြောင်းချင်းတတစ်ခုကို ရေးလျှင် ယင်းလူများကိုသာ အခြေပြုရပါမည်။ ဇာတ်ဆောင်များက အရင်ဖြစ်ပါသည်။ ဇာတ်လမ်းက နောက်ဖြစ်ပါသည်။

နယ်မြေဒေသ တစ်ခုနှင့်ဆိုင်သော သို့မဟုတ် နိုင်ငံတစ်ခုလုံးနှင့် ဆိုင်သော အရေးအခင်းတစ်ခုအကြောင်း ဝတ္ထုရေးမည် ဆိုပါကလည်း ဇာတ်ဆောင်ကသာလျှင် အရင်ဖြစ်ပါသည်။ အရေးအခင်းကြောင့် ဇာတ်ဆောင်များ ဖြစ်ပေါ်ရခြင်း မဟုတ်ပါ။

ဆိုကြပါဦးစို့။ မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုင်းရင်းသားလူမျိုးတို့၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုကြီးကို မိမိဝတ္ထုရေးမည် ဆိုပါတော့။ မိမိရေးမည့် အကြောင်းအရာကြောင့် ဇာတ်ဆောင်များ ဖြစ်ပေါ်လာကြသည် မဟုတ်ပါ။ ဇာတ်ဆောင်များ၏ ပြုမူလှုပ်ရှားမှုကြောင့်သာ မိမိရေးသည့်ဇာတ်လမ်း ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

မိမိဝတ္ထုမှ ဇာတ်ဆောင်များသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုင်းရင်းသား လူမျိုးများအားလုံး ဖြစ်သည်။ လူထုလူတန်းစား အားလုံးဖြစ်သည်။ မိမိရေးမည်က သူတို့၏ လှုပ်ရှားမှု။ သို့သော် တကယ်ရေးသောအခါ ဤသူများအားလုံးကို မိမိ၏ဝတ္ထုတွင် ဇာတ်ဆောင်အဖြစ် မထည့်နိုင်။ ထိုအခါ မိမိသည် ယင်းဇာတ်ဆောင်များကို ရွေးချယ်ရပါသည်။ မည်သူက မည်သည့်တိုင်းရင်းသားကို ကိုယ်စားပြုစေ၊ မည်သူက မည်သည့်

လူတန်းစားကို ကိုယ်စားပြုစေ၊ မည်သူက မည်သည့်လုပ်ငန်းကို ကိုယ်စားပြုစေ စသည်ဖြင့်။

ယင်းသို့ ကိုယ်စားပြုဇာတ်ဆောင်များ ရွေးချယ်ရခြင်းသည် အရေးအခင်း (သို့မဟုတ် ရေးသားမည့် အကြောင်းအရာ)မှ ဇာတ်ဆောင်ဖြစ်ပေါ်ခြင်း သဘောတရားမဟုတ်ဘဲ ဇာတ်ဆောင် အမြောက်အမြားကြောင့် ဖြစ်ပေါ်သော အရေးအခင်း (ဇာတ်လမ်း)ကို ဖော်ကျူးနိုင်ရန် ဝတ္ထုရေးသားမှု အတတ်ပညာအရ ကိုယ်စားပြုဇာတ်ဆောင်များ ရွေးထုတ်ခြင်းသာ ဖြစ်ပါသည်။

အခြေခံသဘာတရားနှင့် လုပ်ငန်းဆိုင်ရာ အတတ်ပညာကို ပိုင်းခြားနားလည်ဖို့ လိုပါသည်။ သို့မဟုတ်လျှင် အယူအဆနှင့် ကောက်ချက်များ ရောထွေးစွာ မှားကုန်နိုင်ပါသည်။

ဇာတ်ဆောင်နှင့် ဇာတ်လမ်းအကြောင်း အတော်ကလေး ဆွေးနွေးပြီးကြသောအခါ မိမိတို့သည် ကျေနပ်နှစ်သိမ့်သော ပင့်သက်ကလေးများဖြင့် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြပါသည်။

## ကျောက်ပေါက်မာနှင့် ဗလပျံ

အလုပ်မဆင်းရသော တနင်္ဂနွေနေ့ဖြစ်သဖြင့် မိမိတို့မိသားစု ရုပ်ရှင်ကြည့်ကြသည်။ ကားမစမီ သတင်းကားများနှင့် နမူနာကားများ ပြရာတွင် စိန်အောင်မင်းဇာတ်သဘင် မှတ်တမ်းတင်ကား ကြည့်ရသည်။

"အဲဒီ ဗလပျံနဲ့ ဖေဖေနဲ့ သိပ်ခင်တာ၊ ဟိုတုန်းက ဖေဖေတို့ တစ်အိပ်ရာထဲ အတူတူ အိပ်ခဲ့ကြတာ"

မိမိ၏နှုတ်မှ လွှတ်ခနဲပြောလိုက်သော စကားကြောင့် ဇနီးနှင့် သားသမီးများအားလုံး မျက်လုံးပြူးသွားကြကြောင်းကို မှောင်နေသော ရုပ်ရှင်ရုံထဲတွင် မိမိက အလိုလို သိလိုက်မိပါသည်။

ဗလပျံသည် အိုကြီးအိုမနှင့် ပိတ်ကားပေါ်တွင် ခုန်လိုက်ပျံလိုက်

ရှိနေသည်။ သူမတွင် အလှမရှိတော့။ ပညာသာ ရှိတော့သည်။ သို့သော် အနုပညာသည် တစ်ယောက်သည် မိမိ၏ပညာဖြင့် နိုင်ငံအကျိုးကို နောက်ဆုံးအချိန်အထိ သည်ပိုးသွားကြရစမြဲ ဖြစ်သည်။

ဗလပျံသည် မြန်မာ့အကပညာ စည်ပင်ဖွံ့ဖြိုးရေးအတွက် အကသင်ဆရာမအဖြစ် ဆောင်ရွက်နေရုံမက ကိုယ်တိုင်လည်း ဇာတ်အဖွဲ့တွင် ပါဝင်ကပြနေဆဲဖြစ်သည်။ သူမတွင် အလှမရှိတော့သောအခါ သဘာဝနှင့် အကပညာ မည်မျှကြွယ်ဝသည်ဖြစ်စေ ကြည့်ရသည်မှာ ပေါ့နေသည်။ အံ့ဖွယ်သော ပညာများကို မျက်စိဖြင့် မြင်နေရသော်လည်း ရင်ထဲတွင် လှုပ်ရှားမှုမရှိသလို ဖြစ်နေသည်။

မည်သို့ဆိုစေ။ မင်းသမီးတစ်ယောက်သည် ပညာပြည့်ဝဖို့လိုသလို ပျိုမြစ်လှပဖို့လည်း လိုပေသည်။

ဗလပျံသည် ဟိုတုန်းကလည်း လှသည်တော့မဟုတ်။

ဗလပျံကို လူတစ်ယောက်အဖြစ်နှင့်၊ မိန်းမတစ်ယောက် အဖြစ်နှင့် စတင်မြင်တွေ့ရစဉ်က ကျွန်တော်လုံးဝ အထင်မကြီးမိ။

"အဲဒါ မင်းသမီးကွဲ့၊ မင်းသမီးမှ နာမည်ကြီးမင်းသမီးကွဲ့"

ဒေါ်ဒေါ်မြင့် (ဒါရိုက်တာ စစ်ကိုင်းဝင်းအောင်၏ မိခင်)က ပြောသဖြင့် မိမိရှေ့မှ အမျိုးသမီးကို သေသေချာချာ ကြည့်မိသည်။ မျက်နှာတစ်ခုလုံး ကျောက်ပေါက်မာများဖြင့် ပြည့်နေသည်။ အသားကလည်း ညိုသေးသည်။ သည်လို ကျောက်ပေါက်မာတွေနှင့် အမျိုးသမီးတစ်ယောက်က နာမည်ကြီး မင်းသမီးတစ်ယောက် ဖြစ်သည်ဆိုခြင်းကို မိမိဘယ်မှာ လက်ခံယုံကြည် နိုင်ပါမည်နည်း။

အချိန်ကာလမှာ ၁၉၄၃။ မြစ်ကြီးနားမြို့ရှိ မိမိတို့အိမ်တွင် အောက်အရပ်မှ ကုန်ရောင်းကုန်ဝယ် လာသူများနှင့် ပြည့်နေသည်။

"ဟိုထောင့်က ကောင်မကလေး တွေ့လား"

ဒေါ်ဒေါ်မြင့်က အမျိုးသမီးတစ်ယောက်ကို မေးငေါ့ပြရင်း မေးမြန်း

သည်။ ထိုအမျိုးသမီးကိုကား တော်တော်လေးလှသည်ဟု စိတ်ထဲတွင် မှတ်ယူမိသဖြင့် ...

"သူကော မင်းသမီးပဲလား"

"သူက မင်းသမီးမဟုတ်ဘူးကွဲ့။ သူ့အဖေက နဲ့ဆရာကြီး။ နဲ့ဆရာကြီး ဦးကြင်ဆိုတာ နာမည်ကျော်ပေါ့၊ စိန်ဗေဒါနဲ့အတူ ကုလားပြည်သွားပြီး သီပေါမင်း ရှေ့တော်မှောက်မှာ အသုံးတော်ခံရတာ"

ဒေါ်ဒေါ်မြင့်တို့သည် စစ်ကိုင်းမြို့၊ လင်းဇင်းရပ်မှ ဖြစ်ကြသည်။ သူတို့သည် အဏ္ဏပတ်မျိုးနွယ်များ ဖြစ်ကြသည်။ မြန်မာဘုရင်လက်ထက်က လှေဘက်တွင်လည်း အမှုထမ်းကြရသည်။ သဘင်ဘက်တွင်လည်း အမှုထမ်းကြရသည်။ ဒေါ်ဒေါ်မြင့်၏ ပြောစကားအရမူ မိမိတို့အိမ်တွင် သနပ်ဖက်ဆေးလိပ်နှင့် ဆင်ချေးတုံး ဆပ်ပြာများရောင်းရန် ရောက်ရှိနေသူများအနက် တစ်ဝက်ကျော်ကျော်သည် သဘင်ပညာသည်များ ဖြစ်ကြသည်။ ထိုအထဲတွင် မိမိက ကျောက်ပေါက်မာနှင့် မင်းသမီးကို ပို၍ အမှတ်အသား ပြုမိနေပါသည်။ နာမည်ကလည်း ဆန်းသည်။ ဗလပျံ။

နောက်ပိုင်းတွင် မိမိသည် ဗလပျံကို မင်းသမီးအဖြစ် အသိအမှတ်မပြုသော်လည်း အဒေါ်တစ်ယောက်အနေနှင့် ခင်မင်သွားပါသည်။ သို့သော် ကျောက်ပေါက်မာ မင်းသမီးသည် သူ့ကို မိမိက ဒေါ်ဒေါ်ဟုခေါ်သည်ကို မနှစ်သက်။ သူ့ကိုယ်သူ မမဟူသောနာမ်စားကို သုံးပါသည်။ သို့ဖြင့် မိမိကလည်း မမ ရပါတော့သည်။

သည်လိုနှင့် ၁၉၄၄ ခုနှစ်တွင် မိမိတို့မိသားစု စစ်ကိုင်းသို့ ပြောင်းရွှေ့ခဲ့ကြရပါသည်။ လင်းဇင်းတွင် နေထိုင်ကြသည်။ သည်တွင် ဗလပျံကို မင်းသမီးအဖြစ်နှင့် မိမိမြင်တွေ့ရပါတော့သည်။

အလှူများ၊ မင်္ဂလာဆောင်များတွင် အငြိမ့်ပွဲများ ထည့်ကြသည်။ ရွှေမန်းတင်မောင်နှင့် ဗလပျံ၊ စိန်အောင်မင်းနှင့် ဗလပျံတို့ နှစ်ပါးသွားကကြသည်ကို မြင်ရသည်။ လင်းဇင်းမှ လူများသည် ရွှေမန်းတင်မောင်

တို့၊ စိန်အောင်မင်းထို့ကို ဆွေလိုမျိုးလို ရင်းနှီးစွာ ခင်မင်ကြသည်။ ထို မင်းသားများကိုလည်း မိမိက "လူ" ကိုပင် စတင်တွေ့မြင် သိရှိခဲ့ရပါ သည်။ မိမိသည် လူငယ်တစ်ဦး၏ အသိစိတ်ဖြင့် ရွှေမန်းတို့၊ စိန်အောင် မင်းတို့၏ ဆန်ကောဝိုင်းကဟန်သွားကို နှစ်သက်ခဲ့သည်။ ဗလပျံကိုမူ အထူးနှစ်သက်ခြင်း ဖြစ်ရသည်။ အကြောင်းမူ ဗလပျံသည် ဇာတ်ခုံပေါ် တွင် ဒိုင်ဗင်လည်း ထိုးသည်။ ကျွမ်းလည်း ထိုးသည်။ ကုလားမလေးလို လည်း ကသည်။ မှုန်နံ့သာများ ခြယ်လိုက်သောအခါ ကျောက်ပေါက်မာ များ ဘယ်ရောက်ကုန်သည်မသိ။ ကချေသည် အဆင်တန်ဆာများ ဝတ် လိုက်သောအခါ မြင်နေကျ "လူ" လို မဟုတ်တော့ဘဲ တကယ်ပင် "မင်း သမီးလေး" ဖြစ်လေသည်။

ထို့နောက် ဂျပန်တော်လှန်ရေး ကာလတွင် မိမိတို့မိသားစုလည်း လင်းဇင်းမှလူများနှင့်အတူ ဧရာဝတီမြစ် တစ်ဖက်ကမ်းရှိ မြေငူရွာသို့ တိမ်းရှောင်ကြရသည်။ ထိုအခါ ဗလပျံသည် မိမိတို့နှင့် တစ်အိမ်တည်း နေသည်။ မိမိနှင့်အတူ အိပ်သည်။

စစ်ပြီးသောအခါ မိမိတို့မိသားစု မန္တလေးသို့ ပြောင်းသည်။ ဗလပျံနှင့် လူချင်းမတွေ့တော့။ ဇာတ်စင်ပေါ်တွင် တစ်ခါနှစ်ခါ မြင်ရ သည်။ ထိုအခါ သူမ၏ပညာကို မိမိ ခံစားတတ်ချေပြီ။

ယင်းသို့ဖြင့် ဗလပျံ၏ ကျော်စောခြင်းသည် တစ်စစနှင့် လျှမ်းလျှမ်း တောက်လာသည်။ ယခုအခါ မြန်မာမင်းသမီးတို့၏ ထိပ်ခေါင်တင်တစ် ယောက်၊ မြန်မာဘာသာနှင့် သဘင်ပါရဂူတစ်ယောက်။

အဘွားကြီးသည် ပိတ်ကားပေါ်တွင် ဝေ့လိုက်ဝိုက်လိုက်နှင့် ကနေ သည်။ မကြာမီ ကန့်လန့်ကာ ကျလာသည်။ သတင်းကား ပြီးသွားသည်။ နောက်ထပ်ကားတို တစ်ခု နှစ်ခု ပြသပြီးနောက် ပင်မကား စသည်။

အိပ်ငိုက်နေသည့် ကလေးများ မျက်လုံးကျယ်လာကြသည်။ လက် ခုပ်တီးကြသည်။ ဝတ်လစ်စလစ်နီးပါးနှင့် လူးကာလွန့်ကာ ကနေသော

အနောက်တိုင်း ကချေသည်၏ ကိုယ်ပေါ်တွင် စာတန်းများ ပေါ်လာသည်။ ဂိမ်းစဘွန်း။

**မန္တလေး-၂**

၁၉၄၆ ခုနှစ်တွင် မိမိတို့ မိသားစု မန္တလေးသို့ ရောက်ပါသည်။ ဘီတီအင်ဟုလည်းခေါ်သော ဗုဒ္ဓသာသန နုဂ္ဂဟ အထက်တန်းကျောင်းတွင် မိမိ ကျောင်းနေရပါသည်။ မိမိတို့ကျောင်းကို တချို့က ဗုဒ္ဓဘာသာကျောင်းဟု ခေါ်ကြသည်။

ဗုဒ္ဓဘာသာကျောင်းသည် စစ်မဖြစ်မီက မန္တလေးမြို့တွင် အထူးပင် ထင်ရှားကျော်ကြားသည်။ ကျောင်း၏ ဂုဏ်သိက္ခာလည်း မြင့်မားလှပါသည်။ နိုင်ငံခြား သာသနာပြုကျောင်းများနှင့် ရင်ပေါင်တန်းနိုင်သည်။ အမျိုးသားရေး လှုပ်ရှားမှုများတွင်လည်း နေရှင်နယ်ကျောင်းနှင့် တစ်ပြေးတည်းဖြစ်သည်။ ကျောင်းသက်လည်း ရှည်လှပြီဖြစ်သည်။ ကျောင်းအုပ်ကြီးများနှင့် ဆရာများလည်း ထင်ရှားလှသည်။ သည်ကျောင်းမှ ထွက်သွားသော ကျောင်းသားဟောင်းများမှာလည်း ကျော်ကြားလှသည်။ သို့သော် ဒုတိယကမ္ဘာစစ်အပြီး ကျောင်းပြန်ဖွင့်သောအခါတွင်ကား ချည့်နဲ့လှသည်။ ညောင်စင်တန်းရှိ တိုက်ပျက်ကြီးတစ်ခုတွင် ကျောင်းဖွင့်ရသည်။ ကျောင်းဝင်းမရှိ။ ကျောင်းရှေ့လမ်းပေါ်တွင် ဘောလုံးကန်ကြရသည်။ အထက်တန်း ဆိုသော်လည်း အတန်းပြည့်မရှိ။ သူငယ်တန်းမှ စတုတ္ထတန်းအထိသာ သူ့အတန်းနှင့် သူရှိပြီး ယင်းအထက်တွင်ကား ပဥ္စမ၊ ဆဋ္ဌမနှင့် သတ္တမတန်းကတစ်တန်း၊ အဋ္ဌမ၊ နဝမနှင့် ဒသမတန်းဟူ၍ အတန်းများပေါင်းထားရသည်။ စုစုပေါင်း ကျောင်းသားဦးရေ (၆၈)ယောက်သာ ရှိသည်။ မိမိက စတုတ္ထတန်းတွင် စတင် သင်ကြားရပါသည်။ မိမိတို့ အတန်းတွင် ကျောင်းသားရှစ်ယောက်သာ ရှိသည်။ နိုင်ငံခြား သာသနာပြု

များက မိမိတို့ကျောင်းကို သူတို့ကျောင်းမှ အိမ်သာလောက်ပင်မကြီးဟု နှိမ့်ချပြောဆိုခဲ့ကြပါသည်။

မည်သို့ဆိုကြစေ မိမိအနေနှင့်ကား ကျောင်းတည်နေရာကိုလည်း သဘောကျသည်။ ကျောင်းကိုလည်း သဘောကျသည်။ ကျောင်းနေရာကို သဘောကျခြင်းကား အခြားကြောင့်မဟုတ်။ မိမိတို့ကျောင်း၏ အနောက်ဘက်တွင် ကပ်လျက်ရှိနေသော အိမ်ငယ်ကလေးသည် စာရေးဆရာကြီး မြမျိုးလွင်၏ အိမ်ဖြစ်နေခြင်းကြောင့်တည်း။ ထိုစဉ်က မိမိသည် စုံထောက်နှင့် စွန့်စားခန်း ဝတ္ထုများကိုသာ အဖတ်သန်သော်လည်း၊ ဆရာကြီး မြမျိုးလွင်၏ ဝတ္ထုများကို မစွဲမက်လှသော်လည်း၊ ထိုစဉ်က ထုတ်ဝေသော ဆရာကြီး၏ **မိန်းမလျှာ** ကိုဖတ်၍ အရသာမတွေ့လှသော်လည်း၊ ဆရာကြီးကိုကား စာရေးဆရာကြီး တစ်ယောက်အဖြစ်နှင့် လေးစားကြည်ညိုခြင်းရှိပါသည်။ ဆရာကြီးကို မြင်တွေ့လိုသဖြင့် အိမ်အတွင်းကို အမြဲလိုလို တစေ့တစောင်း ချောင်းမြောင်း ကြည့်ခဲ့ရပါသည်။ ဆရာကြီးအိမ်တွင်းသို့ ဘောလုံးကျသွားလျှင် ဆရာကတော်၏ အအော်အငေါက်ကိုခံလျက် မိမိသွားကောက်ပါသည်။

မိမိ ပီတိအဖြစ်ဆုံးကား ငွေနှင်းဖြူဖြူများ ပိတ်ဆိုင်းနေသော မန္တလေးမြို့၏ နံနက်ခင်းတွင် ဂရိတ်ကုတ်ခေါ် အနွေးထည်အင်္ကျီရှည်ကြီးကို ဝတ်လျက်၊ လက်တွင် တုတ်ကောက်ကြီးကိုင်လျက်၊ ပါးစပ်တွင် ဆေးတံကြီးခဲလျက်နှင့် ဆရာကြီး မြမျိုးလွင်အိမ်သို့ အလည်ရောက်လာတတ်သော ဆရာကြီး ရွှေဥဒေါင်းကို အနီးကပ် မြင်တွေ့ခွင့်ရခြင်းပင်ဖြစ်ပါသည်။

ကျောင်းကို နှစ်သက်ခြင်းကား ဆရာ၊ ဆရာမများ အသင်အပြကောင်းမွန်သောကြောင့် တစ်ကြောင်း၊ စာကြည့်တိုက်ရှိသောကြောင့် တစ်ကြောင်း ဖြစ်သည်။

စာကြည့်တိုက်မှာ ကျောင်းသားများ သမဂ္ဂမှ တည်ဆောက်ဖွင့်လှစ်

သော စာကြည့်တိုက်ဖြစ်သည်။ သမဂ္ဂနှင့် စာကြည့်တိုက်ကို ဦးစီးခေါင်းဆောင် လုပ်နေကြသော ကျောင်းသားကြီးများသည် စာပေဝါသနာ ပါကြသည်။ သူတို့တွင် ကိုယ်ပိုင်စာအုပ်လည်း အမြောက်အမြား ရှိကြသည်။ မိမိက ကျောင်းစာကြည့်တိုက်မှ စာအုပ်များကိုသာမက ကျောင်းသားကြီးများနှင့် သိကျွမ်းခင်မင်သွားသဖြင့် သူတို့ထံမှ စာအုပ်များကိုလည်း ငှားရမ်းဖတ်ရှုခွင့် ရပါသည်။

ယင်းကျောင်းသားကြီးများပင် ဦးစီးလျက် လက်ရေးစာစောင် ထုတ်ဝေသောအခါ မိမိမှာ ကလောင်သွေးခွင့် ရရှိပါတော့သည်။

ထို့ပြင် မိမိသည် ထိုကျောင်းသားကြီးများ ခင်းပေးသော စာပေလမ်းကြောင်းကိုသာမက နိုင်ငံရေးလမ်းကြောင်းကိုလည်း လိုက်လျှောက်ခဲ့ပါသည်။ မိမိတို့ကျောင်းမှ ကျောင်းသားကြီးများသည် ထိုစဉ်က မန္တလေးမြို့ ကျောင်းသားလှုပ်ရှားမှုများတွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြပါသည်။

ထိုကျောင်းသားကြီးများ၏ အားပေးညွှန်ကြားမှုဖြင့် မိမိသည် စုံထောက်နှင့် စွန့်စားခန်းဝတ္ထုများတွင်သာ အာရုံစိုက်နေရာမှ **တာရာမဂ္ဂဇင်း**ကို ဖတ်ရကောင်းမှန်း သိလာသည်။ အစဉ်အလာကြီးသော **ဂျာနယ်ကျော်**နှင့် မန္တလေးမြို့မှ ထုတ်ဝေသော **ရောင်နီဂျာနယ်**တို့ကို ဖတ်ရကောင်းမှန်း သိလာတော့သည်။

ယင်းကြောင့် မိမိတွင်ရှိနေသော စာပေမျိုးစေ့ကို ပထဆုံးမြေသြဇာလောင်းပေးသူမှာ ဗုဒ္ဓသာသန နုဂ္ဂဟ အထက်တန်းကျောင်းပင် ဖြစ်ပါတော့သည်။

❐

# ဒီဘိုးကိုးတာ စာကြည့်သင်း (မန္တလေး-၃)

## မိုးကောင်းခရီး

၁၉၇၁ ခု၊ နိုဝင်ဘာလ (၂၁)ရက်နေ့တွင် မိုးကောင်းမြို့၌ ကျင်းပမည့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဗန်းမော်မှ စာရေးဆရာတစ်ယောက်နှင့် ရန်ကုန်မှ မောင်နေဝင်း၊ မင်းကျော်နှင့် မိမိတို့ တက်ရောက်မည့်အကြောင်း မိုးဝေစာပေလှုပ်ရှားမှု အခန်းတွင် သတင်းပါရှိလာသောအခါ မိုးကောင်းစာဆိုတော်နေ့ ကျင်းပရေးကော်မတီကို ဝီရိယ ကောင်းလှသည်ဟုလည်း ချီးကျူးကြသည်။ မိမိတို့ တြိဂံအဖွဲ့ဝင်သုံးဦးကိုလည်း ခရီးယာယီ များလှချည်လားဟု ပြောကြသည်။

မိုးကောင်းစာပေကော်မတီ ဝီရိယကောင်းသည်ကိုတော့ မိမိကိုယ်တိုင်လည်း အံ့သြဝမ်းသာ ဖြစ်ကြရပါသည်။ အမှန်တော့လည်း ဤသို့ ကြိုတင်စီစဉ်နိုင်ခြင်းသည် အကောင်းဆုံး ဖြစ်ပေသည်။ ရက်ကပ်၍ ပြုလုပ်ရခြင်းသည် စီစဉ်ရသူများအဖို့လည်း မသက်သာ၊ သွားရောက်ရသူများအဖို့လည်း မသက်သာပေ။

ရန်ကုန်နှင့် မန္တလေးမှ စာရေးဆရာများကို ဖိတ်ကြားလျက် စာပေဟောပြောပွဲကျင်းပသော မြို့များ (ရွာများ) တစ်နှစ်ထက်တစ်နှစ် များပြား

လာနေသည်။ အချို့မြို့များသည် ဟောပြောပွဲကျင်းပသော သက်တမ်းရှည်ကြာပြီ ဖြစ်သဖြင့် စာရေးဆရာတော်တော်များများ ဟောပြောသည်ကိုလည်း ကြားဖူးကြပြီ။ စာရေးဆရာ တော်တော်များများနှင့်လည်း ဒူးတိုက်ဆွေးနွေးကြဖူးပြီ ဖြစ်သည်။ အဆိုးအကောင်းကိုလည်း အတော်ကြီးဝေဖန်ပိုင်းခြားတတ်နေကြပြီ ဖြစ်သည်။ အချို့မြို့များကား ယခုမှ စခါစ ဖြစ်သည်။ အချို့မြို့များကား စာရေးဆရာများကို ဖိတ်ကြားလျက် ဟောပြောပွဲများ ကျင်းပလိုသော်လည်း အတွေ့အကြုံမရှိခြင်း၊ အဆက်အသွယ်မရှိခြင်း၊ ငွေကြေးအခက် အခဲနှင့် အခြား အခက်အခဲများကြောင့် မပြုလုပ်နိုင်ကြသေးပေ။

အထူးသဖြင့် ရန်ကုန်–မန္တလေးနှင့် ဝေးလံသော မြို့နယ်များသည် စာရေးဆရာများ ဖိတ်ကြားရေးအတွက် ငွေကြေးနှင့် အချိန်အခက်အခဲဖြစ်ပေါ်ကြရသည်။ အချိန်အခက်အခဲမှာ စာရေးဆရာ အဖို့သာဖြစ်သည်။ ငွေအခက်အခဲမှာ နှစ်ဖက်စလုံးတွင် ဖြစ်သည်။ ခရီးဝေးလေ စရိတ်ပိုမိုကုန်ကျလေဖြစ်သည်။ ယင်းအခက်အခဲကို ကျော်လွှားနိုင်သည့်နည်းမှာ နီးစပ်ရာမြို့နယ်များ စုပေါင်း၍ ပြုလုပ်ခြင်းပင် ဖြစ်သည်။ ပြီးခဲ့သည့်နှစ်ကဆိုလျှင် "လက်ဆင့်ကမ်းစနစ်" မြေလတ်ဒေသနှင့် အထက်မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့ပြီး အောင်မြင်ခြင်းရှိသည်ကိုလည်း တွေ့ရသည်။ သွားရောက်ရသော စာရေးဆရာများအဖို့လည်း အချိန်ကုန်သက်သာသည်။ အထက်သွားလိုက်၊ အောက်သွားလိုက် စသည်ဖြင့် ခရီးထောင့်ခြင်းလည်း မဖြစ်တော့။

နောက်ထပ် ကျော်လွှားနိုင်သည့် နည်းလမ်းတစ်ခုမှာတော့ အစိုးရက ဘုရားပွဲများနှင့် အခြားကိစ္စရပ်များအတွက် ကြည်း၊ ရေ၊ လေ ယာဉ်နှုန်းများ လျှော့ပေါ့ပေးသည့်နည်းတူ စာပေခရီးသွားများအတွက်လည်း သင့်တင့်သော အထူးနှုန်းများ လျှော့ပေါ့သတ်မှတ်ပေးဖို့ပင် ဖြစ်သည်။

ထားတော့။ မိုးကောင်းသည် ဗန်းမော်မှ စာရေးဆရာတစ်ဦး

အတွက် မထောင်းတာလှသော်လည်း ရန်ကုန်မှ စာရေးဆရာသုံးဦးကို ဖိတ်ကြားရန်ကား တာဝန်ကြီးလေးသဖြင့် ယခုကဲ့သို့ သုံးလေးလမျှ ကြို တင်၍ စီစဉ်ခြင်းဖြစ်သည်။ စနစ်တကျနှင့် သေသေသပ်သပ် ရှိစေရန် အတွက် မိမိတို့ထံ ကြိုတင်စနည်းနာသည်။ ထို့နောက် အစည်းအဝေးတွင် ဆုံးဖြတ်ပြီး တရားဝင်ဖိတ်ကြားစာများ ပေးပို့သည်။

စာရေးဆရာများသည် ခရီးသွားရန် စိတ်အားထက်သန်ကြသည်။ ခရီးသွားရန် အခွင့်အလမ်းကိုပင် စောင့်ဆိုင်းနေတတ်ကြသည်။ မရောက် ဖူးသည့် ဒေသဆိုလျှင် ပြောစရာမရှိတော့။

ယခုလည်း မိုးကောင်းမှ ကမ်းလှမ်းသည်ဆိုလျှင်ပင် မိမိတို့သုံး ယောက်သည် မညှိနှိုင်းရဘဲနှင့် တစ်သဘောတည်း ဖြစ်နေကြသည်။ ချက်ချင်းပင် လက်ခံသည့်အကြောင်း စာပြန်လိုက်ကြသည်။

မောင်နေဝင်းသည် တောင်ပိုင်း ရှမ်းပြည်နယ်၊ မြောက်ပိုင်း ရှမ်း ပြည်နယ်တို့ကို နှံ့စပ်အောင် အကြိမ်ကြိမ် အထပ်ထပ် သွားဖူးသော်လည်း ကချင်ပြည်နယ်သို့ကား မရောက်ဖြစ်သေးချေ။ မိမိနှင့်အတူ လိုက်ပါရန် အကြိမ်ကြိမ် စီစဉ်ခဲ့သော်လည်း အဆင်မသင့်ခဲ့ချေ။

မင်းကျော်မူကား လွန်ခဲ့သည့် (၁၀)နှစ်ကျော် ဆယ့်ငါးနှစ်လောက် က မြစ်ကြီးနားသို့ တစ်ခါရောက်ဖူးသည်။ နောက်ပြီး မြစ်ကြီးနားသို့ ရထားနှင့် သွားဖူးသည်။ မိုးကောင်းကို အသွားတစ်ကြိမ်၊ အပြန်တစ်ကြိမ် ဖြတ်သွားရုံမျှသာ။

မိမိအဖို့မူ မိုးကောင်းသည် **ဘဝနောက်ခံမြေ**ပင် ဖြစ်တော့သည်။ မိုးကောင်းမြို့ပေါ်မှာလည်း ဆွေတွေမျိုးတွေရှိသည်။ အင်းတော်ကြီး တစ်ဝိုက်မှာလည်း ဆွေမျိုးအရင်းအချာတွေ ရှိသည်။ မိမိဆွေမျိုးများသည် လူမျိုးအရ "ရှမ်းဂနန်း" များ ဖြစ်ကြသည်။ ယင်းကြောင့်ပင် **မြန်မာပြည် မြောက်ပိုင်း**ကို ဂဒူးဂနန်းတို့ဒေသတွင် အခြေတည်ခဲ့ခြင်း ဖြစ်ပါသည်။

မိမိငယ်စဉ် မြစ်ကြီးနားတွင်နေစဉ်က မိုးကောင်းသို့ မကြာခဏ

အလည်ရောက်ပါသည်။ ကလေးအသိဖြင့် မိုးကောင်းတံတား၊ မိုးကောင်းကွမ်းကို စွဲခဲ့ပါသည်။ မြစ်ကြီးနားမြို့အဝင်မှ နန်းကွေ့ချောင်းတံတားလောက်ကိုသာ မြင်ဖူးသူ ကလေးတစ်ယောက်အဖို့ မိုးကောင်းတံတားသည် အကြီးကြီး ဖြစ်နေပါသည်။ မိုးကောင်းတံတားကြီးဟူသော အစွဲသည် ယခုထက်ထိ ကျွန်တော့်ခေါင်းထဲတွင် ရှိနေဆဲဖြစ်ပါသည်။ ယင်းအစွဲကို စစ်ကိုင်းတံတားကလည်း မချေဖျက်နိုင်ပါ။ ကမ္ဘာပေါ်ရှိ မည်သည့်တံတားကြီးများကလည်း ချေဖျက်နိုင်မည် မဟုတ်ပါ။

မိုးကောင်းကွမ်းသည် အရွက်ကြီးသည်။ ထူသည်။ ကြွမ်းသည်။ စပ်သည်ဟု မိမိစိတ်တွင် စွဲနေပါသည်။ ယင်းအစွဲသည်လည်း မည်သည့်အခါတွင်မှ ပျောက်ပျက်တော့မည် မဟုတ်ပါ။

မိုးကောင်းတံတားနှင့် မိုးကောင်းကွမ်းကို စွဲနေသမျှ မိုးကောင်းမြို့ကိုလည်း မိမိစွဲနေသည်မှာ သေချာသည်။

သို့သော် သေသေချာချာ တွက်ချက်၍ ကြည့်သောအခါ ၁၉၆၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၆၇ ခုနှစ်တွင် တစ်ကြိမ်၊ ကချင်ပြည်နယ်သို့ မိမိရောက်ရှိခဲ့သော်လည်း မိုးကောင်းကို ရထားလမ်းမှ ဖြတ်သွားရုံသာ ရှိခဲ့သည်။ မဝင်ဖြစ်ခဲ့။ မိမိ နောက်ဆုံးရောက်ခဲ့သည်မှာ ၁၉၆၆ ခုနှစ်က ဖြစ်သည်။

မိမိဖခင်နှင့်အတူ ရောက်ရှိခြင်းဖြစ်၍ အဆက်အသွယ်ဟောင်းများအားလုံးပြန်လည် ရရှိသည်။ ပြည်နယ်အစိုးရ၊ ပြန်ကြားရေးဌာနက ပေးလိုက်သော အဆက်အသွယ်များ ပါရှိသဖြင့် သွားရကျိုး၊ ရောက်ရကျိုးနပ်ပါသည်။

မိမိဖခင်သည် မိုးကောင်းကို အခြေပြုလျက် ကျောက်စိမ်းလုပ်ငန်းလည်း လုပ်ခဲ့ဖူးသည်။ မိုးကောင်းတွင် ရုပ်ရှင်ရုံတစ်ရုံဆောက်ပြီး ရုပ်ရှင်လည်းပြခဲ့ဖူးသည်။ မြစ်ကြီးနားခရိုင် တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ အဖြစ်နှင့်စည်းရုံးရေးလုပ်ငန်းများလည်း လုပ်ခဲ့ဖူးသဖြင့် မိုးကောင်းတွင် မိတ်ဟောင်း

ဆွေဟောင်း အတော်များများ ရှိပါသည်။

၁၈၉၀ တစ်ဝိုက် အင်္ဂလိပ်နယ်ချဲ့ကို ခုခံတိုက်စဉ် တောထဲတွင် မွေးဖွားခဲ့သော ဦးဘိုးခြံနှင့်တွေ့ရှိပြီး ၎င်း၏ဖခင် အမတ်ကြီး ဦးဖိုးစော (အဝေးရောက်ဗိုလ်စော)အကြောင်း မေးမြန်းရသည်။ အမတ်ကြီး ဦးဖိုးစော ၏ ရောင်းရင်းဖက် ဗိုလ်ရွှေထီး၏မြေး ဦးကြန်နှင့်လည်း တွေ့ဆုံခဲ့ရပါ သည်။ ထို့ပြင် ကျောက်ကုန်သည် ဦးဘကျော်တို့၏ ပြောပြချက်အရ နယ်ချဲ့ဆန့်ကျင်ရေး ခေါင်းဆောင်ကြီး နှစ်ဦးတို့၏ သမိုင်းမတင်ရသေး သော အချက်အလက်များ စုဆောင်းရရှိခဲ့ပါသည်။ အထူးသဖြင့် စန်းတား စောင်ဘွားကြီး၏ သမီး၊ အမတ်ကြီး ဦးဖိုးစောနှင့် ဝန်းသိုစော်ဘွား ဦး အောင်မြတ်တို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းသည် အထူးစိတ်ဝင်စားဖွယ် ကောင်းလှသည်။ သို့သော် လူအများ ကြည်ညိုလေးစားသော နယ်ချဲ့ ခေါင်းဆောင်ကြီးများ၏ အချစ်ရေး၊ အတွင်းရေး၊ ကိုယ်ရေးကိုယ်တာများ ဖြစ်နေသဖြင့် ရေးသင့် မရေးသင့်တော့ စဉ်းစားစရာဖြစ်သည်။

ထားတော့။

မိမိလည်း မိုးကောင်းသို့ မရောက်သည်မှာ ငါးနှစ်ရှိပြီဖြစ်၍ မိုး ကောင်းသို့ သွားရမည်ဆိုတော့ အထူးပင် စိတ်အားထက်သန်မိသည်။ မိမိ နောက်ခံဒေသတွင် ပြုလုပ်သော စာပေဟောပြောပွဲအတွက် မိမိတွင် တာဝန်များစွာရှိသည်ဟု ထင်မိသည်။

သို့ဖြင့် မိမိသည် မိုးကောင်းခရီးတွင် ဧည့်သည်တစ်ပိုင်း အိမ်ရှင် တစ်ပိုင်း ဖြစ်ရပေဦးတော့မည်။

မိမိတို့ခရီးသည် မိုးကောင်းတွင် တန့်ရပ်မည် မဟုတ်သေး။ ဆက်ရန် ရှိသေးသည်။ ကချင်ပြည်နယ်မှ အပြန်တွင် မြောက်ပိုင်း ရှမ်း ပြည်နယ်နှင့် ကယားပြည်နယ်တို့ကိုလည်း ဝင်ရောက်ကြပေဦးမည်။

## ကျောက်စာအကြောင်း ကိုယ့်အကြောင်း

ဇူလိုင် (၂၀)ရက်နေ့ နံနက် (၁၁)နာရီ (၄၅)မိနစ်အချိန်တွင် ဗိုလ်အောင်ကျော်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ဂန္ဓီခန်းမဆောင်သို့ မိမိရောက်ရှိသွားပါသည်။ အတ္တုပ္ပတ္တိ စာပေဆွေးနွေးပွဲရှိ၍ ဖြစ်ပါသည်။ ဆွေးနွေးပွဲမှာ (၁၂)နာရီတိတိတွင် စမည်ဖြစ်ပါသည်။ (၁၁)နာရီ (၄၅) မိနစ်တွင် ဆုံကြရန် ကြိုတင် ချိန်းဆိုထားခဲ့ကြသော်လည်း မင်းကျော်နှင့် ကျော်အောင်က ငါးမိနစ်နောက်ကျ၍လည်းကောင်း၊ ပုဂံမောင်ကိုဦးနှင့် နံ့သာကိုသန်းဆွေတို့က ဆယ်မိနစ်နောက်ကျ၍လည်းကောင်း၊ မောင်နေဝင်းက ဆွေးနွေးပွဲစပြီး ငါးမိနစ်လောက်ကြာမှလည်း ရောက်ရှိလာကြသည်။

သူတို့ နောက်ကျသည်ကို မိမိသတိမထားမိပါ၊ သတိမပြုအားပါ။ ဂန္ဓီခန်းမဆောင်အနီးသို့ ရောက်သည်ဆိုလျှင်ပင် မတွေ့ရတာကြာသော မိတ်ဆွေများကို တွေ့ရသည်။ အပေါ်ထပ် စည်းဝေးခန်းသို့ ရောက်သောအခါ နှုတ်ဆက်၍ပင် မနိုင်တော့ချေ။ အချို့ဆိုလျှင် မတွေ့တာ တစ်နှစ်နီးပါးရှိနေပြီဖြစ်သည်။ ထိုသူများအနက် တချို့ကို မတွေ့သော်လည်း ဘာတွေလုပ်နေသည်၊ ဘာတွေရေးနေသည်ဟု သတင်းကြားရသည်။ တချို့ကိုကား မတွေ့ရရုံသာမက ဘာသတင်းမျှပင် မကြားရ။ ယခုတွေ့မှပင် သူတို့ရှိသေးမှန်း သိရတော့သည်။ ဘာလုပ်၍ ဘယ်လိုနေထိုင် စာသောက်နေသည်ကို မေးရသည်။ သူတို့သည် လုံးချင်းများလည်း မရေးတော့။ အတိုအထွာများလည်း မရေးတော့။ စာအုပ်ဆိုင်ဖွင့်သူက ဖွင့်ထားသည်။ ပုံနှိပ်တိုက်ဖွင့်သူက ဖွင့်ထားသည်။ မိန်းမအလုပ်ကို ကူလုပ်သူက လုပ်နေသည်။ သားသမီးလုပ်စာကို ထိုင်စားသူက စားနေသည်။ ထိုသူများကို ကြည့်ရသည်မှာ အားမရှိ။ ပိန်ပိန်နဲ့နဲ့။ မပိန်မနဲ့လျှင် အသားအရေ မွဲခြောက်ခြောက်။

ဝဝဖြိုးဖြိုးနှင့် စိုစိုပြည်ပြည် မိတ်ဆွေဟောင်းများကိုကား မတွေ့တာ

ကြာပြီ ဖြစ်သော်လည်း မေးစရာမလို။ ရာထူးကြီး၊ ကားကြီးများနှင့် ဖြစ်ကြသည်။ မေးလျှင်လည်း အစည်းအဝေးတွေ တက်နေရလို့၊ မအားလို့ဟု ဖြေမည်မှာ မလွဲပေ။

မည်သို့ဆိုစေ မတွေ့တာကြာသူများကို တွေ့ရ၍ စိတ်လှုပ်ရှားရသည်။ စာပေနယ်မှလူများကို စာပေနှင့်ဆိုင်သော ပွဲသဘင်များ၊ အခမ်းအနားများတွင်သာ အများအပြား တွေ့ရှိနိုင်ပေသည်။ စာပေအဖွဲ့အစည်းများ မရှိတော့သည့် နောက်ပိုင်းတွင် အတွေ့နည်းခဲ့ကြရသည်။ အမျိုးသားစာပေဆုပေးပွဲတွင် ထမင်းစားရင်း၊ စာပေဗိမာန်မှ ပြုလုပ်သော နှီးနှောဖလှယ်ပွဲများတွင် လိမ္မော်ရည်သောက်ရင်းသာ တွေ့ဆုံခွင့်ရကြတော့သည်။

ပါရဂူ၏စာတမ်းသည် မြန်မာအတ္ထုပ္ပတ္တိ စာပေသမိုင်းကြောင်းဖြစ်၍ မြစေတီခေါ် ရာဇကုမာရ်ကျောက်စာမှ အစပြုထားသည်။ ထိုအခါ ဆွေးနွေးပွဲတွင် ကျောက်စာအကြောင်း ပါလာသည်။ ပါဠိနှင့် သက္ကတအကြောင်းများ ပါလာသည်။

သုတေသနကိစ္စရပ်များတွင် အချက်အလက် အကိုးအကား ခိုင်ခံ့ဖို့ လိုသော်လည်း အချက်အလက်နှင့် အကိုးအကား များပြားလွန်းလျှင် အရိုးကို အရွက်ဖုံးသွားတတ်သည်။ ကျောက်စာ ဆွေးနွေးပွဲကား သက္ကရာဇ်အကြောင်း နှီးနှောဖလှယ်ပွဲလားဟု ထင်မှတ်မိသည်။

ကိုယ်ဖတ်ဖူးသည်များ၊ ကိုယ်တွေ့ဖူးသည်များ၊ ကိုယ်ထင်မြင်သည်များ ထုတ်ပြရင်းနှင့် နောက်ဆုံးတော့ ဆွေးနွေးချက် တစ်ခုလုံးသည် ကိုယ့်အကြောင်းသာ ဖြစ်နေတော့သည်။

နှီးနှောဖလှယ်ပွဲ ငါးရက်စာရင်းချုပ်လိုက်သောအခါ (၇၃)ဦး ပါဝင်ဆွေးနွေးသော်လည်း အမှန်တော့ (၆၈)ဦးသာ ဖြစ်သည်။ ပုဂ္ဂိုလ်ငါးဦးသည် နှစ်ရက်ဆက်၍ နှစ်ကြိမ် ဆွေးနွေးကြခြင်း ဖြစ်သည်။ ထိုသူများသည် နှီးနှောဖလှယ်ပွဲတိုင်းမှာလည်း နှစ်ကြိမ် သုံးကြိမ်စီ ဆွေးနွေးတတ်ကြသူများ ဖြစ်သည်။ နှစ်ဦး သုံးဦးဆိုလျှင် စာတမ်းတိုင်းလောက်

နေ့တိုင်းလောက်ပင် ပါဝင်ဆွေးနွေးတတ်သည်။

မည်သို့ဆိုစေ အတ္တုပ္ပတ္တိ နီးနှောဖလှယ်ပွဲနှင့် အရင်က ကျင်းပခဲ့သော နီးနှောဖလှယ်ပွဲများတွင် အနုတ်လက္ခဏာများ ရှိသော်လည်း ခြုံလိုက်လျှင် အပေါင်းလက္ခဏာ ဖြစ်ပါသည်။

အနုတ်ပမာဏသည် တစ်ကြိမ်ထက်တစ်ကြိမ် သေးငယ်သွားပါစေဟုသာ။

## ဒီဘိုးကိုးတာ စာကြည့်သင်း (မန္တလေး-၃)

မန္တလေးတွင် ခုနစ်နှစ်တာ နေခဲ့ရစဉ်အတွင်း မိမိအတွက် စာပေစားကျက်မြေတစ်ခု တွေ့ရှိခဲ့ရပါသည်။ ပထမဆုံးတွေ့ရှိရသည့် စားကျက်မြေမှာ ဗုဒ္ဓသာသနနုဂ္ဂဟ အထက်တန်းကျောင်း ဖြစ်သည်။

ဒုတိယစားကျက်မြေမှာ ဒီဘိုးကိုးတာ စာကြည့်သင်း။

မိမိတို့မိသားစု မန္တလေးသို့ရောက်စက ဒီဘိုးလမ်းတွင် နေထိုင်ခဲ့သည်။ ထို့နောက် ဦးတာရဲဈေး အနောက်ဘက်ရှိ ပေါက်ပေါက်တန်း၊ ဒါရိုက်တာ မောင်မိုးသူတို့၏ ဥယျာဉ်တန်းတို့တွင် လေးငါးလစီလောက်နေခဲ့ပြီးနောက် ကိုးတာရပ်သို့ ရောက်ရှိခဲ့သည်။

မန္တလေးသူ၊ မန္တလေးသားများသည်ပင် ကိုးတာရပ်၊ ကိုးတာလမ်းဆိုသည်ကို အသိနည်းကြသည့် လမ်းတိုကလေးဖြစ်သည်။ လမ်းဟိုဘက်သည်ဘက် စုစုပေါင်း အိမ်ခြေနှစ်ဆယ်ကျော်လောက်ပဲ ရှိသည်။ ပဲလှော်ချောင်အနီး၊ မလွန်အနီး စသည်ဖြင့်ပြောမှ သိကြသည်။

မန္တလေးမြို့တွင် "ဝင်း" ဆိုသည်များ ရှိသည်။ လမ်းမကြီးလေးခု၏ အတွင်းဘက်တွင်ရှိသော ရပ်ကွက်ကို ခေါ်ခြင်းဖြစ်သည်။ ဒီဘိုးကိုးတာမှာလည်း ဒီဘိုးလမ်း၊ ကိုးတာလမ်း၊ မိကျောင်းတံတားလမ်း၊ မြောင်းပေါင်လမ်းအကြားရှိ ရပ်ကွက်ကို ခေါ်ခြင်းဖြစ်သည်။

၁၉၅၀ ဝန်းကျင်က မန္တလေးတွင် မြို့မစာကြည့်တိုက်သည် ထင်

ရှားသည်။ စာအုပ်များသည်။ စနစ်ကျသည်။ အသင်းဝင်များသည်။ ဤအချိန်တွင် ဒီဘိုးကိုးတာ စာကြည့်သင်းကို တည်ခဲ့သည်။ ဥက္ကဋ္ဌမှာ မိမိ၏ဖခင်ဖြစ်သည်။ တည်ခါစက စာအုပ် (၆၈)အုပ်သာရှိသည်။ အသင်းဝင်လည်း (၄၀)ကျော်မျှသာ။ လစဉ်ကြေးက တစ်မတ်။ တစ်လမှ မဂ္ဂဇင်းနှစ်အုပ်နှင့် လုံးချင်းနှစ်အုပ် အနိုင်နိုင်ဝယ်ရသည်။ သတင်းစာတစ်စောင်လည်း ယူရသေးသည်။

ဒီဘိုးကိုးတာ စာကြည့်သင်းသည် ဤအခြေအနေမှ တစ်နှစ်နှစ်နှစ် အတွင်းတွင် စာအုပ်သုံးလေးထောင် ဖြစ်လာသည်။ အသင်းဝင်သုံးလေးရာ ဖြစ်လာသည်။ ရွှေတချောင်းဘေးတွင် အဆောက်အအုံကြီးဖြစ်လာသည်။ လက်ရေးစာစောင် ထုတ်ဝေသည်။ စာပေဟောပြောပွဲကျင်းပသည်။ ပြိုင်ပွဲများ၊ ဆုပေးပွဲများ ပြုလုပ်သည်။

သို့ဖြင့် ဒီဘိုးကိုးတာ စာကြည့်သင်းသည် မိမိ၏ ဘဝတက္ကသိုလ်ဖြစ်ခဲ့သည်။ နောက်ဆုံးတွင် မန္တလေးမြို့၌ အထင်ရှားဆုံး စာကြည့်တိုက်တစ်ခု ဖြစ်လာသည်။ နောက်တော့လည်း နိုင်ငံရေးဂယက်ရိုက်လာပြီး စာကြည့်သင်း၏ ညီညွတ်သောလမ်းစဉ်က တဖြည်းဖြည်း ပြိုဆင်းခဲ့ရသည်။ အိမ်စောင့်အစိုးရ လက်ထက်တွင် စာကြည့်တိုက် အဆောက်အအုံ ပျောက်သွားသည်။

မည်သို့ဆိုစေ အထက်မြန်မာနိုင်ငံ၏ ကလောင်သစ် အဖွဲ့ချုပ်သို့ မိမိ ရောက်ရှိသွားရသည်မှာ ဒီဘိုးကိုးတာ စာကြည့်သင်း၏ ကိုယ်စားလှယ်အဖြစ်နှင့်။

အထက်မြန်မာနိုင်ငံ ကလောင်သစ်အဖွဲ့ချုပ် ဖွဲ့စည်းရန် လိုက်လံစည်းရုံးလှုံ့ဆော်သော မောင်သာနိုးနှင့် စတင် သိရှိရသည်မှာလည်း ဒီဘိုးကိုးတာ စာကြည့်သင်းမှာပင်။

❒

# အထက်မြန်မာနိုင်ငံ ကလောင်သစ်အဖွဲ့ (မန္တလေး-၄)

## ဆုပေးပွဲနှစ်ခု

ဇူလိုင်လ (၂၄)ရက်နေ့တွင် အတ္တုပ္ပတ္တိစာပေ နှီးနှောဖလှယ်ပွဲ ပြီးစီးသွားပြီးနောက် ဆုပေးပွဲနှစ်ခု ရှေ့ဆင့်နောက်ဆင့် ကျင်းပသည်ကို ကြုံရပါသည်။ တစ်ခုက ဇူလိုင်လ(၃၁)ရက်နေ့တွင် ကျင်းပသော မြဝတီ ဓာတ်ပုံပြိုင်ပွဲ ဆုနှင်းသဘင်ဖြစ်ပြီး၊ နောက်တစ်ခုက ဩဂုတ်လ (၂၂)ရက် နေ့တွင် ကျင်းပသော စာပေဗိမာန် စာပေဆုချီးမြှင့်ပွဲ ဖြစ်ပါသည်။

မြဝတီ ဓာတ်ပုံဆုပေးပွဲကို ပန်းဆိုးတန်း ပြန်ကြားရေးဌာနခွဲ စာကြည့်ခန်းမဆောင်တွင် ကျင်းပသည်။ နာရီပြန်တစ်ချက်တွင်မှ အခမ်း အနား စတင်မည်ဖြစ်သော်လည်း မတွေ့တာကြာပြီဖြစ်သော ဓာတ်ပုံဆရာ များ၊ သတင်းထောက်များနှင့် တွေ့လိုသဖြင့် နာရီဝက်ခန့်ကြိုပြီး ရောက် ရှိသွားပါသည်။

ပထမဆုံး ကဗျာဆရာတစ်ဖြစ်လည်း ကိုမြင့်ဩကို လှေကားရင်း ဘွင် ကင်မရာလေး လွယ်လျက်သားနှင့် တွေ့ရသည်။

တေဇဂျာနယ် အယ်ဒီတာ စာရေးဆရာ မောင်ကျော်သာ တံခါးဝမှ ဆီးကြိုသည်။

"ဟောဒီမှာ အစ်ကိုကြီး၊ ကိုနတ်နွယ် ရောက်လာပြီ"

ထွဏ်းနေနွယ်ကို လှမ်းပြောသည်။ သူတို့က ထွဏ်းနေနွယ်ကို အစ်ကိုကြီးဟု ခေါ်ကြသည်။

မြဝတီမဂ္ဂဇင်း အယ်ဒီတာချုပ် ထွဏ်းနေနွယ်နှင့်အတူ မြဝတီ ပုံနှိပ်တိုက် အုပ်ချုပ်ရေးမှူး ဦးဝင်းမောင် (မင်းယုဝေ) ရောက်ရှိလာပြီး မိမိကိုနှုတ်ဆက် နေရာချထားသည်။

အချိန်စောသေးသဖြင့် ကုလားထိုင်များ အားလုံးလောက် ရှင်းနေသည်။ စောစောရောက်နှင့်သော ဓာတ်ပုံဆရာအချို့၊ သတင်းထောက်အချို့နှင့် မြဝတီမှလူများလည်း ဟိုနားမတ်တတ်၊ ဒီနားမတ်တတ်နှင့် ရှိနေကြသည်။ ရှေ့တန်း ကုလားထိုင်တန်းတွင် ဆုချီးမြှင့်မည့် ညွှန်ကြားရေးဝန် ဦးအုန်းဖေ (တက်တိုး)နှင့် ဆရာဇေယျတို့ နှစ်ယောက်သာရှိသည်။

မိမိက ဆရာကြီးနှစ်ယောက်ကို ဂါရဝပြုရင်း –

"ဆရာ ကျွန်တော် ဖိတ်လို့သာလာတာ၊ ဓာတ်ပုံအကြောင်းတော့ ဘာမှ နားမလည်ဘူး"

"တို့လည်း နားမလည်ပါဘူးကွ"

ဆရာတက်တိုးက ရယ်မော၍ ပြောသည်။ ဆရာဇေယျက ဆေးပြင်းလိပ်ကို ပါးစပ်မှမချွတ်ဘဲ ပြုံးစိစိလုပ်နေသည်။

သူတို့နှင့် စကားအနည်းငယ် ပြောပြီးနောက် ပြိုင်ပွဲဆုရ ဓာတ်ပုံများ ခင်းကျင်းပြသထားရာသို့ လျှောက်သွားသည်။ ငွေတာရီ အယ်ဒီတာချုပ် ကိုဌေးမောင်နှင့် ပြိုင်ပွဲဆုရ တက္ကသိုလ်ကျော်စိန်တို့သည် ယခုမှပင် ပထမဆုံးအကြိမ် မြင်ဖူးသည့်အလား ဓာတ်ပုံများကို စိတ်အား ထက်သန်စွာ ကြည့်နေကြသည်။

တစ်စစနှင့် လူတွေများလာသည်။ ဓာတ်ပုံဆရာတို့ ပွဲဖြစ်၍ ကင်မရာ အမျိုးမျိုး မြင်တွေ့ရပါသည်။ တချို့မှာ လူတစ်ယောက်တည်း ကင်မရာ နှစ်လုံး သုံးလုံး လွယ်ထားသည်။ ပြန်ကြားရေးဌာနမှ ပုဂ္ဂိုလ်များ၊ အယ်

ဒီတာများ၊ စာရေးဆရာများလည်း တော်တော်စုံစုံ တွေ့ရသည်။

သတ်မှတ်ထားသည့်အတိုင်း တစ်နာရီတိတိတွင် အခမ်းအနားစသည်။ ထွဏ်းနေနွယ်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ မြဝတီအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတက်တိုးက မိန့်ခွန်းပြောသည်။ နောက်ဆုရွေးချယ်ရေးအဖွဲ့ဝင် တက္ကသိုလ် ခင်လေးမောင်က ဆုရွေးချယ်ပုံအကြောင်း အတော်ရှည်ရှည်ကလေး ရှင်းပြသည်။ ပြီး ဆုချီးမြှင့်သည်။ ဆုရရှိသူ သုံးဦး။ တက္ကသိုလ်ကျော်စိန်၊ ကိုသန်း (ကုန်သွယ်ရေး)၊ ဥက္ကလာထွန်းရွှေ။

သို့သော် ဆရာတက်တိုး ပြောသည်ကိုသာ ကောင်းစွာနားလည်လိုက်သည်။ ကျန်လူများ ဘာပြောသွားကြသည်ကို ကောင်းစွာ မသဲကွဲလိုက်။ အကြောင်းမှာ အခမ်းအနားများတွင် ဖြစ်လေ့ဖြစ်ထရှိသည့် အတိုင်းအသံချဲ့စက် အသံဝင်နေသောကြောင့် ဖြစ်သည်။ ဆရာတက်တိုး၏ မိန့်ခွန်းမှာမူ ကျောက်ပုံနှိပ်ထားပြီး ဝေငှထားသဖြင့် ပါးစပ်လှုပ်သည်ကို ကြည့်ပြီး အသံဖမ်းယူနိုင်ခြင်း ဖြစ်ပါသည်။

ကိုသန်း (ကုန်သွယ်ရေး) ပြောသည်ကို နားစွန်နားဖျား ကြားလိုက်မိသည်မှာ ပထမ၊ ဒုတိယ၊ တတိယ ဆုငွေသတ်မှတ်သည်မှာ ကွာခြားလွန်းသည်ဟု ဖြစ်သည်။ ပထမဆု (၁၀၀၀)၊ ဒုတိယဆု (၅၀၀)၊ တတိယဆု (၃၀၀)ဟုဖြစ်ရာ ပထမနှင့် ဒုတိယသည် ကွာခြားလွန်းလှသည်။ ထက်ဝက်ကြီး ကွာနေပါသည်။ တစ်ထောင်နှင့် ခုနစ်ရာ့ငါးဆယ်လောက်ဆိုလျှင် သင့်ပါမည်။ တတိယဆုကိုလည်း ငါးရာလောက် ထားသင့်သည်ဟု ပြောသွားသည်ဟု ထင်ပါသည်။ သဲကွဲစွာတော့ မကြားလိုက်ရပါ။

နောက်ဆုံး အစီအစဉ်မှာ အကျွေးအမွေးဖြင့် ဧည့်ခံခြင်း ဖြစ်ပါသည်။ ရန်ကုန်တွင် ကျွေးလေ့ကျွေးထရှိသော အုန်းနို့ခေါက်ဆွဲဖြစ်ပါသည်။ သို့သော် ထိုနေ့ကတော့ အုန်းနို့ခေါက်ဆွဲကို "သကြားခေါက်ဆွဲ" ဟု မိမိတို့ နောက်ပြောင် ပြောဆိုကြပါသည်။

အုန်းရည်များ၍ပဲလား။ အချိုမှုန့်များ၍ပဲလား။ ဒါမှမဟုတ် တကယ်ပဲ သကြားခတ်ထား၍လားမသိ။ ထိုနေ့က အုန်းနို့ခေါက်ဆွဲသည် ရှောက်ရည် အဘယ်မျှပင် ညှစ်ထည့်စေ၊ ငရုတ်သီးမှုန့် အဘယ်မျှပင်ထည့် စေ မြဝတီမှပုဂ္ဂိုလ်များ၏ မျက်နှာများပမာ အချိုကြီး "ချို" နေပါတော့ သည်။

## အထက်မြန်မာနိုင်ငံ

ဟိုတုန်းက ဆိုရိုးစကားတစ်ခု ရှိပါသည်။ အဖွဲ့အစည်းတစ်ခု ဖွဲ့လျှင် လူနှစ်ယောက်နှင့် တစ်ပိုင်းပဲ ရှိသည်ဖြစ်စေ၊ တစ်ယောက်တည်းဘဲ ရှိသည်ဖြစ်စေ ရန်ကုန်မြို့တွင် ဖွဲ့စည်းလျှင် "မြန်မာနိုင်ငံလုံးဆိုင်ရာ ဌာန ချုပ်" ဖြစ်ပြီး မန္တလေးမြို့တွင်ဖွဲ့လျှင် "အထက်မြန်မာနိုင်ငံလုံးဆိုင်ရာ ဌာနချုပ်ခွဲ" ပင် ဖြစ်တော့သည်။

ထို့ကြောင့် မိမိတို့လူ ဆယ့်ခြောက်ယောက်ဖြင့် ဖွဲ့ခဲ့သော စာရေး သင်စ လူငယ်များ၏ အဖွဲ့မှာလည်း "အထက်မြန်မာနိုင်ငံ ကလောင်သစ် လူငယ်များအဖွဲ့" ဟု ဆိုင်းဘုတ်တင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ ကလောင်သစ်လူငယ်များ အဖွဲ့ချုပ်ကို ရန်ကုန်မြို့၊ မော်တင်လမ်း၊ အမှတ် (၆၀)ရှိ စီးပွားရေး သတင်းစာတိုက်တွင် ဌာန ချုပ် ပြုလုပ်ထားပါသည်။ ယခုအခါ ကဗျာဆရာကြီးများ ဖြစ်နေကြသော နေသွေးနီနှင့် ဒေါင်းနွယ်ဆွေတို့လည်း ကလောင်သစ်အဖွဲ့ကို တည်ထောင် ကြသူများဖြစ်သည်။ ကလောင်သစ်အဖွဲ့ချုပ်တွင် အများဆုံး လှုပ်ရှားသူ တစ်ဦးမှာ စီးပွားရေးမြင့်ဦး ဖြစ်ပါသည်။ သူတို့သည် မြန်မာနိုင်ငံ စာရေးဆရာ အသင်းဝင်များလည်း ဖြစ်ကြသည်။ ကလောင်သစ်အဖွဲ့ချုပ် ကို မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် တရားဝင်ဆက်သွယ်ထားပါသည်။ လူကြီးများကလည်း တတ်အားသမျှ အားပေးကြပါသည်။ ၁၉၅၃ ခုနှစ် တွင် ပိုလန်နိုင်ငံ၊ ဝါဆောမြို့တွင် ကျင်းပသော ကမ္ဘာ့ကျောင်းသား

လှူငယ်ပွဲသဘင်သို့ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် တက်ရောက်ရန် ကလောင်သစ်အဖွဲ့ချုပ်က ရွေးချယ်စေလွှတ်သောအခါ စာရေးဆရာအသင်းက မိမိတို့နှစ်ယောက်ကို တစ်ယောက်လျှင် ခရီးစရိတ်ငါးရာကျပ်စီ ခရီးစရိတ်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရက နိုင်ငံကူးလက်မှတ် ထုတ်မပေးသဖြင့် စာရေးဆရာအသင်းသည် ငွေတစ်ထောင် သက်သာခဲ့ရပါသည်။

ထားတော့။ "အထက်မြန်မာနိုင်ငံ" အကြောင်းကို ပြန်ကောက်ရအောင်။

မန္တလေးခရိုင် ကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌ ကိုဘုန်းနိုင် (တက္ကသိုလ်ဘုန်းနိုင်မဟုတ်)နှင့် အတွင်းရေးမှူး ကိုသာနီးတို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ညီလာခံတက်ရောက်ရန် ရန်ကုန်မြို့သို့သွားရင်း ခရီးသွားဟန်လွှဲဆိုသလို မြန်မာနိုင်ငံ စာရေးဆရာအသင်း နှစ်ပတ်လည်ညီလာခံသို့ လေ့လာသူအဖြစ် သွားရောက်ခဲ့ကြသည်။ လင်းယုန်ဂျာနယ်တိုက်တွင် ရဲဘော်စာရေးဆရာများနှင့် တွေ့ဆုံခဲ့ကြသည်။ သူတို့နှစ်ဦးသည် တစ်ဖက်တွင် သတင်းထောက် လုပ်နေကြသဖြင့် စီးပွားရေးသတင်းစာတိုက်သို့ ရောက်ခဲ့ကြသည်။

သို့ဖြင့် သူတို့ရန်ကုန်မှ အဆက်အသွယ် ရခဲ့ကြသည်။ မန္တလေးတွင် ကလောင်သစ်လူငယ်ဖွဲ့ရန် တာဝန်ယူခဲ့ကြသည်။ မန္တလေးသို့ ရောက်သောအခါ တိုင်ပင်သင့်သူများနှင့် တိုင်ပင်ပြီး ပထမစည်းရုံးရေးကော်မတီဖွဲ့ခဲ့သည်။ ထိုမှတစ်ဆင့် အစည်းအဝေးခေါ်ယူသည်။

ယင်းမတိုင်မီက မန္တလေးတွင် အမျိုးသားလူငယ်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့သည်။ ယင်းအမျိုးသား လူငယ်ပွဲသဘင်တွင် ပျော်ပွဲရွှင်ပွဲပြေးခုန်ပစ်ပွဲနှင့် နီးနှောဖလှယ်ပွဲများအပြင် စာပေပြိုင်ပွဲလည်း ပါဝင်ခဲ့သည်။ အမျိုးသားလူငယ်ပွဲသဘင် စာပေပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သူများ အားလုံးထံသို့လည်း ကလောင်သစ်လူငယ် ဖွဲ့စည်းရေး အစည်း

အဝေးသို့ တက်ရောက်ရန် ဖိတ်ကြားစာ ပေးပို့ခဲ့သည်။ ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စွာ ဖိတ်ကြားခဲ့သော်လည်း အစည်းအဝေးကျင်းပသောအခါ လူဆယ့်ခြောက်ယောက်သာ တက်ရောက်လာသည်ကို တွေ့ရသည်။

ထို့ကြောင့် မိမိတို့သည် ရှိသမျှဖြင့်ပင် တတ်နိုင်သမျှ လုပ်ဆောင်ကြရသည်။ လူဆယ့်ခြောက်ယောက်ဖြင့်ပင် "အထက်မြန်မာနိုင်ငံ ကလောင်သစ်လူငယ်အဖွဲ့" ကို ဖွဲ့စည်းခဲ့ကြရသည်။ မိမိသည် အမှုဆောင်တစ်ယောက် ဖြစ်ခဲ့ရသည်။

မိမိသည် ထိုစဉ်က ၁၉၄၉ ခုနှစ် ပြည်တွင်းစစ် အရှိန်အဟုန်မြင့်မားစဉ် ယောင်လည်လည်ဖြင့် ပြင်ဦးလွင် ကျောက်တော်တိုက်ပွဲ၊ အင်းစိန်တိုက်ပွဲ၊ ရမည်းသင်းတိုက်ပွဲ၊ အစိုးရနယ်မြေ၊ အလံနီနယ်မြေ၊ ရဲဘော်ဖြူနယ်မြေ၊ ကရင်နယ်မြေ၊ ဗကပနယ်မြေများကို လှည့်လည်ဖြတ်သန်းခဲ့ပြီးနောက် မန္တလေးသို့ ပြန်ရောက်ကာ စာပေလောကသို့ ဝင်ရောက်ရန် အပြင်းအထန် အားထုတ်နေသော ကာလဖြစ်ပါသည်။

ရှုမဝမှ စာမူပယ်လိုက်ကြောင်း တင့်တယ်ထံမှ ပြန်ကြားသည့်စာ၊ သွေးသောက်မှ စာမူမရွေးချယ်နိုင်ကြောင်း ပြည့်စုံထံမှ ပြန်ကြားသည့်စာများကိုကြည့်ပြီး ပီတိဖြစ်နေသည့် ကာလလည်း ဖြစ်ပါသည်။ မိမိစာမူကို ရွေးသည် ပယ်သည်ဖြစ်စေ မဂ္ဂဇင်းအမှတ်အသား ပါရှိသော စာအိတ်၊ မဂ္ဂဇင်းစာရေးစက္ကူနှင့် နာမည်ကျော် စာရေးဆရာ အယ်ဒီတာများ၏ ပြန်ကြားချက်ကို ရရှိသောအခါ များစွာမှ ဝမ်းသာအားတက်မိပါသည်။

ပုံနှိပ်စာမူဟူ၍ သုံးခုသာ မြင်တွေ့ဖူးပါသေးသည်။ ပထမဆုံး မြင်တွေ့ရသော ပုံနှိပ်စာမူမှာ (၂၈၊ ၆၊ ၅၀)နေ့ထုတ် ဟံသာဝတီသတင်းစာ မဂ္ဂဇင်းကဏ္ဍတွင် ပါရှိသော "ကျောင်းသူမ" ကဗျာဖြစ်ပါသည်။ ဒုတိယမှာ (၃၊ ၇၊ ၅၀)နေ့ထုတ် ဟံသာဝတီမှ "ကျောင်းသူတဲ့လား" စာညွှန့်ဖြစ်ပါသည်။ သို့သော် ကံဆိုးချင်တော့ ယင်းစာမူတွင် ရေးသူအမည် ပါမလာပါ။ ကိုယ့်စာမူ ပါလာသော်လည်း ကိုယ့်အမည် ကျန်ရစ်သဖြင့်

ဝမ်းသာဝမ်းနည်း ဖြစ်ရပါသည်။ တတိယစာမူမှာ ၁၉၅၁ ခု၊ ဇူလိုင်လထုတ် ကလောင်စုံမဂ္ဂဇင်းအမှတ် (၄)တွင် ပါရှိသော "သေမင်းတမန်" ဝတ္ထုတိုလေး ဖြစ်ပါသည်။

ယင်းစာမူသုံးပုဒ် ပါရှိပြီးနောက် မိမိကိုယ်မိမိ တကယ့်စာရေးဆရာကြီးတစ်ယောက်ဟု အောက်မေ့နေစဉ် ကလောင်သစ် လူငယ်ဖွဲ့စည်းရေး အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားစာရရှိခြင်း ဖြစ်ပါသည်။ ကျင်းပပြီးစီးသွားသော အမျိုးသားလူငယ် စာပေပြိုင်ပွဲသို့ "ဝေသူ" ဟူသော ကလောင်အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သဖြင့် ဖိတ်စာတွင်လည်း "ကိုဝေသူ" ဟု လှပဝိုင်းစက်သော စာလုံးကလေးဖြင့် လိပ်စာတပ်ထားပါသည်။

နောက်မှသိရသည်မှာ ယင်းလက်ရေးသည် ကိုဘုန်းနိုင် လက်ရေးဖြစ်ပါသည်။

ဖိတ်စာလာပို့သူမှာ ကိုသာနိုး ဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်တော်သည် ဒီဘိုးကိုးတာ စာကြည့်သင်း အဆောက်အအုံနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော စာကြည့်သင်း အတွင်းရေးမှူး ကိုထွန်းမြင့်၏အိမ်တွင် ကိုထွန်းမြင့်နှင့် မြန်မာစစ်တုရင်ထိုးနေစဉ် ပိန်ခြောက်ခြောက် မည်းကပ်ကပ်လူနှစ်ယောက် ဘရိတ်မမိသော စက်ဘီးတစ်စီးဖြင့် ရောက်ရှိလာပြီး မိမိအတွက် ဖိတ်စာပေးသည်။ တစ်ယောက်က ကိုသာနိုး၊ နောက်တစ်ယောက်က ကိုသာနိုးတို့ အသိုင်းအဝိုင်းမှ စည်းရုံးရေးမှူးတစ်ဦးဖြစ်သော ကိုထွန်းစိန်။

အစည်းအဝေးကျင်းပသည့် ၁၉၅၁ ခု၊ အောက်တိုဘာလ (၇)ရက်၊ တနင်္ဂနွေနေ့ (၁၂)နာရီအချိန်တွင် အစည်းအဝေးကျင်းပမည့် ဂူဘ္ဘာခန်ရပ်ရှိ မန္တလေးခရိုင် ကျောင်းသားသမဂ္ဂရုံးခန်းသို့ ရောက်ရှိသွားသောအခါ မိမိနှင့် ငယ်စဉ်ကတည်းက သိကျွမ်းခဲ့သော ကျောင်းသားခေါင်းဆောင် ကိုဘဏ်၊ ဘီတီအင် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌဖြစ်ခဲ့ပြီး မိမိကို စာကောင်း

ပေကောင်းများ ရွေးချယ်၍ ဖတ်တတ်ရန် လမ်းညွှန်ခဲ့သော ကိုခင်မောင်၊ ယခုအခါ မန္တလေးမြို့တွင် လွတ်တော်ရှေ့နေကြီး ဖြစ်နေ သော ကဗျာဆရာ တက္ကသိုလ် မောင်ထွန်းဝေ၊ နောင်အခါ စာရေးဆရာ မင်းသူရိန်ဖြစ်လာမည့် ကာယပညာအုပ် ကိုညွန့်ဝေ စသူတို့ကို တွေ့ရသည်။

ကိုဉာဏ်နှင့် ကိုခင်မောင်တို့သာ အထက်မြန်မာနိုင်ငံ စာရေးဆရာ အသင်းတွင် အမှုဆောင်များ ဖြစ်ကြသည်။ ထိုအချိန်က မန္တလေးမြို့တွင် စာရေးဆရာအဖွဲ့အစည်း နှစ်ခုရှိနေရာ မိမိတို့က တစ်ခုထပ်ဖွဲ့လိုက် သောအခါ သုံးခုဖြစ်သွားတော့သည်။

ပထမတော့ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းတစ်ခုတည်း ရှိသည်။ ထင်ရှားသော စာရေးဆရာကြီးများ ဖြစ်ကြသည့် ရွှေဥဒေါင်း၊ မြမျိုးလွင် (ကွယ်လွန်)၊ ဦးလှ၊ ဒေါ်အမာ၊ ကြည်မြ (ယခု အတိုင်ပင်ခံ ကော်မတီဥက္ကဋ္ဌ)၊ နှင်းဦး၊ မာလာ၊ ရဲဘော်နေအောင် စသူတို့ အားလုံး ပါဝင်သည်။ သို့သော် အမှုဆောင်အဖွဲ့တွင် ပါဝင်လာသော လူငယ်များ၏ လုပ်ဆောင်ချက်များသည် “အနီ” ဆန်သည်ဟုဆိုပြီး မြမျိုးလွင်၊ ကြည်မြ၊ နှင်းဦး၊ မာလာ စသူတို့သည် “မန္တလေး စာရေးဆရာအသင်း” ဟူ၍ ခွဲထောင်ကြသည်။

သို့သော် မိမိတို့ ကလောင်သစ်အဖွဲ့မှ ကလောင်သစ်မဂ္ဂဇင်း ထုတ် ဝေသောအခါ ကြည်မြနှင့် နှင်းဦးတို့သည် လိုလိုလားလားပင် ဝတ္ထုစာမူများ ရေးပေးကြသည်။

မည်သို့ဆိုစေ မိမိအဖို့မူ အထက်မြန်မာနိုင်ငံ ကလောင်သစ် အဖွဲ့သည် စာပေရေးသားမှုနှင့် စာပေစည်းရုံးမှုတို့ကို ညွှန်ကြားသင်ပြပေး သော တက္ကသိုလ်တစ်ခုပင် ဖြစ်ပါတော့သည်။

❒

## မလှကျော့နှင့် မိတ်ဆွေများ

မလှကျော့သည် **တောအကြောင်း တောင်အကြောင်း** တွင် ဇာတ်ဆောင် တစ်ဦး ဖြစ်ပါသည်။ ၁၉၇၁ ခု၊ မတ်လထုတ်တွင် သူမကို တို့ကနန်း ဆိတ်ကနန်း ပြုခဲ့မိသည်။ ထိုစဉ်က သူမ၏အမည်ကို လျဲနာဇာပါဒိုးဇာ (မလှကြော့)ဟု စာလုံးပေါင်းခဲ့သည်။ မဂ္ဂဇင်းတစ်စောင်တွင် သူမရေးသား သော ဆောင်းပါးခေါင်းစီးမှ ရယူခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုသူမ၏ စာအုပ် **သမုဒ္ဒရာနှင့် ရေတစ်စက်** တွင်ကား လီယာနာဇဗာဒိုဗာ (မလှကျော့)ဟု ရေးထားသည်။

ထားတော့။ လျဲနာပဲဖြစ်စေ၊ လီယာနာပဲဖြစ်စေ၊ အရစ်ကြော့သည် ပဲဖြစ်စေ၊ အပင့်ကျော့သည်ပဲဖြစ်စေ၊ မလှကျော့ဆိုသော ရုရှားမကလေး တစ်ယာက်ဟုပဲ ‧ပြောကြပါစို့။

ထိုမည်သော မလှကျော့နှင့် မိမိ စတင်တွေ့ဆုံရသည်မှာ ရုရှား မိတ်ဆွေတစ်ဦး၏ အိမ်တွင်ဖြစ်သည်။ ထိုမိတ်ဆွေက မြန်မာစာရေးဆရာ လေးငါးဦးကို သူ့အိမ်တွင်ဖိတ်ပြီး အဖျော်ယမကာဖြင့် ဧည့်ခံသည်။ ရုပ်ရှင်ပြသည်။ မလှကျော့နှင့် မစိန်တင်မည်သော ရုရှားမကလေး နှစ်ဦး လည်း ယင်းဧည့်ခံပွဲတွင် ပါဝင်သည်။ သူတို့က စကားပြန်အဖြစ် ဆောင်

ရွက်ကြသည်။ တောင်တောင်မြောက်မြောက် ပြောဆိုကြရာတွင် စာအကြောင်း ပေအကြောင်းလည်း ပါရှိသည်။

ပထမဆုံး မြန်မာဝတ္ထုအကြောင်း၊ ဂျိမ်းလှကျော်အကြောင်း၊ **မောင်ရင်မောင် မမယ်မအကြောင်း**၊ မလိခအကြောင်း၊ **မြန်မာဝတ္ထု အညွှန်းအကြောင်း** သောင်းပြောင်းထွေလာ ဆက်စပ်မိရာ ပြောဆိုကြသည်။

သည့်နောက်။

၁၉၇၁ ခု၊ ဇန်နဝါရီလထုတ် ရှုမဝမဂ္ဂဇင်းတွင် သူမ၏ **ကာလပေါ် မြန်မာဝတ္ထု** ဆောင်းပါးပါလာသည်။ ယင်းဆောင်းပါးတွင် –

> ယခုအချိန်အထိ ဂျိမ်းလှကျော်၏ စာအုပ်ကို စာပေဝေဖန်ရေးရှုထောင့်အမျိုးမျိုးမှ ကြည့်ကြသည်။ စာပေဝေဖန်ရေးသမားများ၏ အဆို ပြုချက်မှာ စာရေးဆရာ၏ **မောင်ရင်မောင် မမယ်မ** ဝတ္ထုမှာ အလက်ဇင်ဒါဒူးမားအပေါ် တိုက်ရိုက်အမှီသဟဲ ပြုထားပါသည်ဆိုသော ဝန်ခံချက်ပေါ်တွင် အခြေပြုထားကြသည်။ သို့သော် မည်မျှအမှီသဟဲ ပြုထားပါသည် ဆိုသည်ကိုမူ မြန်မာဝတ္ထုအား ပြင်သစ်စာရေးဆရာ၏ ဝတ္ထုဖြင့် နှိုင်းယှဉ်ကြည့်ခြင်းဖြင့် သိနိုင်လေသည်။ ထိုနှိုင်းယှဉ်ချက်မှာ စာပေဂေဖန်ရေး လောကတွင် မရှိသေးသဖြင့် အလွန်လိုအပ်ပါသည်။

သည်တွင် မလိခက **ဂျိမ်းလှကျော်၏ ဝတ္ထုနှင့်ပတ်သက်၍** မည်သော ဆောင်းပါးတစ်စောင်ကို ၁၉၇၁ ခု၊ ဖေဖော်ဝါရီလထုတ် ရှုမဝတွင် ရေးသားခဲ့ပါသည်။ ယင်းဆောင်းပါးတွင် မလိခက မလှကျော့၏ ရေးသားချက်နှင့် ပတ်သက်ပြီး

> စင်စစ် **မောင်ရင်မောင် မမယ်မ** ဝတ္ထုနှင့်ပတ်သက်၍ ကျွန်တော်တို့သည် တစ်စုံတစ်ခုသော အတိုင်းအတာအားဖြင့် လေ့လာစူးစမ်းခဲ့ကြ၊ ဝေဖန်ဆွေးနွေးခဲ့ကြ၊ တင်ပြခဲ့ကြပြီးဖြစ်ပါသည်။ ထိုဝေဖန်ချက်၊ ဆွေးနွေးချက်များကို မလှကျော့ မတွေ့သဖြင့်သာ ယခုကဲ့သို့

ဆိုသည်ဟု သဘောရပါသည်။

ထို့နောက် ၁၉၁၈ ခုနှစ်ထုတ် မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ် အတွဲ (၈)၊ အပိုင်း (၁)၌ ဦးဖေမောင်တင် ရေးသားခဲ့သည်ကိုလည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် မြန်မာနိုင်ငံ သုတေသနအသင်း ဆွေးနွေးပွဲတွင် ဆရာဇော်ဂျီ တင်သွင်းခဲ့သော စာတမ်းကိုလည်းကောင်း ၁၉၆၈ ခု၊ မတ်လထုတ် မိုးဝေမဂ္ဂဇင်းတွင် မလိခ၏ ရေးချက်ကိုလည်းကောင်း ကောက်နုတ် ဖော်ပြထားပါသည်။

တစ်ဖန် ၁၉၇၁ ခု၊ မတ်လထုတ် ရှုမဝမဂ္ဂဇင်းမှာပင် မလိခအမည်ခံ ပညာရှင်တစ်ဦးက ဂျိမ်းလှကျော်၏ ဝတ္ထုနှင့်ပတ်သက်ပြီး မြန်မာပညာရှင်တို့ လေ့လာထားပြီးကြောင်း၊ မလိခ၏ တင်ပြချက် မပြည့်စုံသေးကြောင်း၊ ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ သုတေနအသင်း၏ နှစ်ပတ်လည် အစည်းအဝေး၌ ဆရာဇော်ဂျီ ဖတ်ကြားသော စာတမ်းမှ ရေးသားချက်များကို ကောင်နုတ် ဖော်ပြထားပါသည်။

သည်တွင် မလှကျော့နှင့် စပ်လျဉ်းပြီး မြန်မာစာပေနှင့် နိုင်ငံခြားသားများအကြောင်း မြန်မာစာနယ်ဇင်းများတွင် အတော်ကလေး အသံထွက်အောင် ရေးသားကြပါသည်။ ပင်တိုင်ဆောင်းပါးရှင် ဆရာတက်တိုးက အင်္ဂလိပ်ဘာသာထုတ် **လုပ်သားနေ့စဉ်** တွင်လည်းကောင်း၊ ပင်တိုင်ဆောင်းပါးရှင် နောက်တစ်ဦးကလည်း သူ၏ သတင်းစာကော်လံတွင် လည်းကောင်း၊ ခပ်စပ်စပ်ကလေး ရေးလိုက်ကြပါသည်။ ၁၉၇၁ ခု၊ ဧပြီလထုတ် **မိုးဝေ** မဂ္ဂဇင်းတွင်လည်း ယင်းစာရေးဆရာများ၏ ရေးသားချက်များကို အခြေပြုပြီး ခေါင်းကြီးပိုင်းမှနေ၍ **ကယ်တင်ရှင်များလက်မှ ကယ်တင်ကြပါကုန်** ဟု ရေးခဲ့သည်။

မိမိ၏ **တောအကြောင်း တောင်အကြောင်း** တွင်လည်း –

ဓာခန်းဆီးများ လှပ်ခတ်နေသော အခန်းသည် မှုးယစ်ရီဝေလျက်ရှိသည်။ နိုင်ငံခြား အမျိုးသမီးသည် ဂါဝန်အနက်စကို နီကျင်ကျင်

ဖြူလွလွ ပေါင်လယ်သို့ ဆွဲဆန့်ရင်း သူမ၏ဘေးမှလူကို မြန်မာလို မပွင့်တပွင့် ပြောသည်။

"ပထမဆုံး မြန်မာကာလပေါ် ဝတ္ထုအကြောင်း ပြောစမ်းပါ"

အမေးခံရသူမှာ မလိခ၊ မေးသူမှာ မလုကြော့ခေါ် လျုံနာဇာပါဒိုးဗာ။

ဤသို့ဖြင့်ပင် နောက်ဆုံး၌ မလုကျော့တစ်ယောက် ပြီးခဲ့သည့် ဧပြီလအတွင်းက မြန်မာနိုင်ငံမှ ပြန်သွားသည်။ ပြန်ကာနီးတွင် မြန်မာ မိတ်ဆွေများကို ဖိတ်ခေါ်ကာ ညှိခံပွဲကျင်းပသည်။ ယင်းနှုတ်ဆက်ပွဲ သို့ မိမိ မသွားဖြစ်လိုက်။

သူမအကြောင်း မေ့မေ့လျော့လျော့ ရှိခဲ့ရာမှ ၁၉၇၁ ခု၊ စက်တင်ဘာလ (၁)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် စိတ်ဝင်စားဖွယ်ရာ ကြော်ငြာတစ်ခု ပါလာသည်။

"မြန်မာစကားကို ပီပီသသ မပြောတတ်သူက မြန်မာစာပေကို ဝေဖန်ရမည်လား"

"ဓာခန်းဆီးနောက်ကွယ်မှ ဂါဝန်တိုတိုကို ဒူးဖော်ထိုင်ပြီး ဝိုင်အရက်သောက်ကာ မြန်မာစာပေကို ဝေဖန်သည်"

"မြန်မာစာရေးဆရာကြီးများ၏ နားရွက်ကို တံတွေးဆွတ်သူ"

စသည်ဖြင့် စာရေးဆရာတစ်စု၏ ဝေဖန်ကဲ့ရဲ့ခြင်းခံရသူ ရုရှားအမျိုးသမီး လီယာနာဇဗာဒိုဗာ ခေါ် မလုကျော့၏ ...

မလုကျော့နှင့် သူမ၏မိတ်ဆွေများစာအုပ် ကြော်ငြာပုံ မသင်းပါလား။ သူများတွေတော့ မသိ၊ မိမိ ပြုံးမိသည်။ "သံသေတ္တာကြီး ချာချာလည်၊ ရန်ဖြစ်ချင်လို့ လာပါတယ်" ဟူသော စကားကို သတိရလိုက်မိသည်။

နောက်ပြီး မိမိ၏ရေးသားချက်ကို အသုံးပြုထားပုံကလည်း ဆရာတက်တိုးစကားနှင့် ပြောရလျှင် "အရမ်း ဘာသာပြန်ထားခြင်းပင်"

ရှိစေတော့။ သည်ကြော်ငြာကို မလုကျော့ လီနင်ဂရက်မှ ရေးပို့

လိုက်သည်တော့ မဟုတ်တန်ရာ။

ဘာပဲဖြစ်ဖြစ် **သမုဒ္ဒရာနှင့် ရေတစ်စက်** စာအုပ်တစ်အုပ်ကို သူမ၏ မိတ်ဆွေတစ်ဦးက လက်ဆောင်ပေးသဖြင့် လက်ခံရရှိပါသည်။ ကျေးဇူးတင်ပါသည်။ ဖတ်ရှုလေ့လာရပါသည်။

မြန်မာဝတ္ထုများဖြစ်ကြသော **မောင်ရင်မောင် မမယ်မ၊ ချဉ်သေါင်ရွက်သည် မောင်မှိုင်း၊ ရွှေပြည်စိုး၊ မှာတော်ပုံ၊ နေညိုညို၊ ဈေးချိုသူ** နှင့် ဘောတို့ကို လေ့လာဆန်းစစ်ထားသည်။

ယင်းလေ့လာ ဆန်းစစ်ချက်များကို မိမိတို့မိတ်ဆွေကြီး နွယ်သစ်က ဝေဖန်ကောင်း ဝေဖန်လိမ့်မည် ဖြစ်သဖြင့် မိမိအနေနှင့် ချိုသည် ခါးသည် မပြောလိုတော့ပါ။

သူ့ခမျာ စေတနာနှင့် ရေးရှာတာပဲ၊ အရိုးများများ၊ ချေးခါးခါးပေါ့။ တကယ်တော့ သူမသည် ဘွဲ့တစ်ခုအတွက် သင်အံလေ့ကျက်နေရသော ကျောင်းသူကလေး တစ်ယောက်မျှသာ မဟုတ်ပါလား။ ရေခဲပြင်ထင်းရှူးရိပ်မှ လာရောက်ရသူတစ်ဦး မဟုတ်ပါလား။

ယခုတစ်ကြိမ်တွင် မိမိစိတ်ဝင်စားသည်က မလုကျော့၏ စာကိုယ်ကို မဟုတ်ဘဲ၊ သူမ၏ မိတ်ဆွေတစ်ဦး ရေးသောအမှာနှင့် ထုတ်ဝေသူ၏ အမှာတို့ပင် ဖြစ်သည်။

သူတို့၏ အမှာများသည် မိုးကြိုးပစ်ရာ ထန်းလက်ကာသည်ဟု မဆိုလိုသော်လည်း "ယူသော်ရကောင်းရ၏"များ ဖြစ်နေကြပါသည်။

"သူမ၏ မိတ်ဆွေတစ်ဦး" ဆိုသူသည် သူမကို လွန်ခဲ့သော ဆယ်နှစ်ခန့်ကပင် ဆိုဗီယက်ယူနီယံ လီနင်ဂရက်မြို့တွင် တွေ့ဆုံခဲ့သည်ဟု ဆိုသည်။ မြန်မာပြည်သို့ မလုကျော့ ရောက်လာသောအခါတွင် မိတ်ဆွေကောင်းတို့ ဝတ္တရားနှင့်အညီ တတ်စွမ်းသမျှ ကူညီသည်ကို တွေ့ရသည်။ မြန်မာစာပေအကြောင်း၊ မြန်မာစာရေးဆရာများအကြောင်း ရှင်းပြသည်။ အထောက်အထား၊ စာအုပ်စာတမ်းများ ရှာပေးသည်။ မလုကျော့

တွင် ထိုသူနှင့် အလားတူသော အခြားမိတ်ဆွေများလည်း ရှိပေသေးသည်။ မလှကျော့သည် သူမ၏ လေ့လာရေးလုပ်ငန်းနှင့် ရေးသားပြုစုရေးလုပ်ငန်းတို့တွင် ထိုမိတ်ဆွေတစ်စု၏ အကူအညီပေါ်တွင် အများကြီး ရပ်တည်နေရပေသည်။

ထိုမိတ်ဆွေများ သိသမျှ သူမလည်း သိရသည်။ ထိုမိတ်ဆွေများ မသိသည်ကို သူမလည်း မသိနိုင်ပေ။ အကြောင်းကြောင်းကြောင့် ထိုမိတ်ဆွေများက ပြောမပြဖြစ်သော အထောက်အထား အချက်အလက်များမှာလည်း သူမအဖို့ နီးလျက်နှင့်ဝေး ဖြစ်ရသည်။

တကယ်တော့ မိမိတို့၏ ချစ်လှစွာသော ရုရှားမကလေးသည် ညီလာခံတွင် မှူးမတ်များ လျှောက်ထားသမျှကိုသာ ကြားသိရသော မင်းတရားကြီးနှင့် တူချေတော့သည်။

**သမုဒ္ဒရာနှင့် ရေတစ်စက်**သည် "ညီလာခံမှ အမိန့်တော်များ" ဟု ဆိုမည်ဆိုက ဆိုနိုင်အံ့ထင်သည်။ ထိုအထဲတွင် **မောင်ရင်မောင်မမယ်မ** ကိစ္စမှာလို "တစ်ချက်လွှတ်အမိန့်တော်" ထုတ်ပြန်မိပါက သူမအတွက် "ကြော်ငြာ" ရရှိလေတော့သည်။ မိမိတို့က "ကြော်ငြာ" ရေးပေးရသူများ ဖြစ်ရတော့သည်။

❒

# မိမိနှင့် လူထု (မန္တလေး-၅)

ပဉ္စမ သင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး တည်ထောင်ခဲ့သော ရတနာပုံ မန္တလေးရွှေမြို့တော်ကြီးမှ စာရေးဆရာကြီးများနှင့် စာပေရဲဘော်များ၊ စာပေမိတ်ဆွေများ၏ အသွန်အသင် အဆုံးအမ အကူအညီ အတွဲအဖက်ဖြင့် "နတ်နွယ်" ဟူသော ကလောင်အမည် ရပ်လုံးပေါ်ခဲ့ရသည့် အကြောင်းများကို **တောအကြောင်း တောင်အကြောင်း** တွင် ပြန်ပြောင်းရေးသားခဲ့သည်မှာ လေးလမျှရှိခဲ့ပြီ ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း အတန်ကြာကတည်းကစ၍ မိမိစာအုပ်တစ်အုပ်ရေးရန် ကြော်ငြာထည့်ခဲ့ပါသည်။ **စာရေးဆရာအဖြစ်သို့** ဟူ၍ ဖြစ်ပါသည်။ မိမိ စာပေဝါသနာ ထုံလာရပုံ၊ စာဖတ်ပုံ၊ စာရေးပုံ၊ စာပေလောကထဲ ဝင်ရောက်ပုံ၊ စာပေလောကအတွင်း ကျင်လည်ရပုံများကို မှတ်တမ်းမှတ်ရာလည်းဖြစ်စေ၊ စာပေဝါသနာရှင် လူငယ်များနှင့် ကလောင်သစ်များလည်း ဘဝချင်း၊ ရုန်းကန်ရပုံချင်း နှိုင်းယှဉ်စေရန်လည်း ဖြစ်စေဟူသော သဘောဖြင့် ရေးရန်စိတ်ကူးမိခြင်း ဖြစ်ပါသည်။ ယင်းစာအုပ်သည် မိမိ၏ စာပေရေးရာ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ ဖြစ်နိုင်ပါသည်။ ဆိုစာအုပ်ကို မိမိကိုယ်တိုင်လည်းရေးရန် အင်မတန် စိတ်အားထက်သန်**ပါ**သည်။ ရဲဘော်များ၊ မိတ်ဆွေများကလည်း ရေးရန်တိုက်တွန်း အားပေး

ကြပါသည်။ သို့သော် အဆင်မသင့်သေးသဖြင့် ယနေ့တိုင် စာအုပ်ဖြစ်မလာသေးပါ။

သို့သော် မရည်ရွယ်ဘဲနှင့် မိမိ၏ စာပေဘဝ တစ်စိတ်တစ်ဒေသများသည် **တောအကြောင်း တောင်အကြောင်း** တွင် ရောင်ပြန်ဟပ်နေပါသည်။ ရှေ့တွင်လည်း မိမိ၏အနှစ်နှစ်ဆယ်ကျော် စာပေလောက အတွေ့အကြုံများသည် ဤကဏ္ဍတွင် နေရာဝင်၍ ယှက်ကြပေဦးမည်။ ထိုအခါ **စာရေးဆရာအဖြစ်သို့** ဟူသော စာအုပ်တစ်အုပ်သည် မရည်ရွယ်ဘဲနှင့် စော်ကဲမင်း ဖြစ်လာနိုင်ပါသည်။

ယခုမူ မိမိသည် စာပေနှင့်ဆိုင်သော မိမိနှင့် မန္တလေးအကြောင်းကို ဆက်လက်ရေးသား သွားပါမည်။ ဤသို့ရေးသားရာတွင် အချို့သော အကြောင်းအရာနှင့် အချက်အလက်များသည် ခြွင်းချန်မထားစကောင်းသည် ဖြစ်၍ လူတစ်ဦးကိုသော် လည်းကောင်း၊ လူတစ်စုကိုသော် လည်းကောင်း ထိခိုက်နစ်နာကောင်း ထိခိုက်နစ်နာနိုင်ပါသည်။ ထိုသို့ ဖြစ်ရသည့်အတွက် မိမိ စိတ်မကောင်းမိပါ။ မိမိ တောင်းပန်ပါသည်။ မည်သူ့ကို သာစေ၊ မည်သူ့ကို နာစေ၊ မည်သူ့ကို ထိခိုက်စေဟူသော ဆန္ဒဖြင့် ရေးခြင်းမဟုတ်ကြောင်း ပြောလိုပါသည်။ မိမိတွင် ပုဂ္ဂိုလ်ရေး အာဃာတမရှိပါ။ လူတန်းစား အာဃာတသာ ရှိပါသည်။ လူကို မတိုက်ပါ။ မှုကိုသာ တိုက်ပါသည်။

ယခင် မန္တလေးအကြောင်းများတွင် ဘိတ်အင်ကျောင်း၊ ဆရာကြီးမြမျိုးလွင်နှင့် ရွှေဥဒေါင်း၊ ဒီဘိုးကိုးတာ စာကြည့်သင်း၊ အထက်မြန်မာနိုင်ငံ ကလောင်သစ် လူငယ်အဖွဲ့များအကြောင်း ရေးခဲ့ပါပြီ။

ကလောင်သစ် လူငယ်အကြောင်းပြီးလျှင် **လူထု** အကြောင်း ပြောရပါမည်။ မန္တလေးစာပေ အဝန်းအဝိုင်းသည် **လူထု** နှင့် မကင်းသလို၊ မိမိလည်း **လူထု** နှင့် မကင်းပါ။ မန္တလေးနှင့် အထက်မြန်မာနိုင်ငံမှ လူငယ်များသည် **လူထု** တွင် ရေးသားရင်း စာပေလောကထဲသို့ တိုးဝင်ကြရသူများ

များပါသည်။ ထိုအထဲတွင် မိမိလည်း အပါအဝင် ဖြစ်ပါသည်။

မိမိ၏ စာပေခရီးကိုကြည့်လျှင် **လူထု** ဂျာနယ်နှင့် **စုံထောက်** မဂ္ဂဇင်းတွင် တစ်ပြိုင်တည်းရေးသားရင်း နတ်နွယ်ဟူသောအမည် စာပေလောကတွင် တဖြည်းဖြည်းချင်း "ထင်" လာရခြင်း ဖြစ်ပါသည်။

လူထုဂျာနယ်တွင် မိမိ (၂၆)လမျှ ပါဝင်ရေးသားခဲ့ပါသည်။ သို့သော် (၂၆)ပုဒ်ဟူ၍တော့ မဟုတ်ပါ။ "ပထမ ရုရှားတော်လှန်ရေး" ဟူသော ဘာသာပြန်ဆောင်းပါးသည် အခန်းဆက် အဖြစ် (၄)ပတ်ခွဲ၍ ထည့်ရသဖြင့် (၂၃)ပုဒ် ပါဝင်ရေးသားခဲ့သည်ဟု ဆိုပါသည်။

လူထုဂျာနယ်တွင် မိမိပထမဆုံး ရေးသားခဲ့သော စာမူမှာ ၁၉၅၁ ခု၊ ဒီဇင်ဘာလထုတ် အမှတ် (၂၀)တွင် ပါရှိသော "နိုင်ငံရေးလုပ်ကြလော့" ဆောင်းပါးဖြစ်ပြီး၊ နောက်ဆုံးရေးသော စာမူက ၁၉၅၈ ခု၊ မေလထုတ် အမှတ် (၉၇)တွင် ပါရှိသော "ဧရာဝတီငိုသံ တို့ကြားရသည်" ဆောင်းပါးဖြစ်ပါသည်။ ထို့ကြောင့် လူထုဂျာနယ်တွင် မိမိ ခုနစ်နှစ်ကာလပတ်လုံး "စာပေပါရမီ" ဖြည့်ခဲ့သည်ဟုလည်း ပြောနိုင်မည်ဖြစ်ပါသည်။

မိမိစာစတင် ရေးသားသည်မှစ၍ ယနေ့အထိ မိမိရေးခဲ့သော စာမူများကို စာရင်းပြုလုပ်ထားပါသည်။ မည်သည့်စာနယ်ဇင်းတွင် ပါဝင်သည်၊ အတွဲအမှတ်နှင့် လ ရက် အတိအကျ၊ စာမူခ မည်မျှရသည်၊ မည်သည့် ဂယက်ဖြစ်ပေါ်သည် စသည်ဖြင့် –

သို့ဖြင့် လူထုဂျာနယ်တွင် မိမိရေးခဲ့သော စာမူစာရင်းကို ပြန်လည်တွက်စစ်ကြည့်သောအခါ စိတ်ဝင်စားစရာအချို့ တွေ့ရှိရပါသည်။ စာမူ (၂၃)ပုဒ် ရေးသားရာတွင် ဝတ္ထု (၁၀)ပုဒ်၊ ဆောင်းပါး (၁၃)ပုဒ် ဖြစ်သည်ကို တွေ့ရသည်။ ဆောင်းပါး (၁၃)ပုဒ်အနက် စာပေဆောင်းပါး (၃) ပုဒ်သာ ပါရှိပြီး၊ ကျန် (၁၀)ပုဒ်မှာ ကျောင်းသားလူငယ်၊ ငြိမ်းချမ်းရေး၊ အဘိဓမ္မာရေးနှင့် နိုင်ငံရေးဆောင်းပါးများ ဖြစ်ပါသည်။

နောက်တစ်ခုက ခုနစ်နှစ်ကာလအတွင်း (၂၆)လ ပါဝင်ရေးသားခဲ့ရာတွင် ၁၉၅၁ တွင် (၁)လ၊ ၁၉၅၂ တွင် (၄)လ၊ ၁၉၅၃ တွင် (၃)လ၊ ၁၉၅၄ တွင် (၆)လ၊ ၁၉၅၅ တွင် (၇)လ၊ ၁၉၅၆ တွင် (၁)လ၊ ၁၉၅၇ တွင် (၁)လနှင့် ၁၉၅၈ တွင် (၃)လ ဖြစ်ပါသည်။ ၁၉၅၁ တွင် (၁)လ တည်းပါသည်ကတော့ မဆန်းပါ။ ဒီဇင်ဘာလမှ စတင်ရေးသားသောကြောင့် ဖြစ်ပါသည်။ ၁၉၅၆ နှင့် ၅၇ ခုနစ်များတွင် (၁)လစီသာ ပါသည်ကတော့ အနည်းငယ် ဆန်းပါသည်။ အကြောင်းတစ်ခုခု ရှိပါလိမ့်မည်။ ယခုမူ စဉ်းစား၍မရပါ။ မိမိအများဆုံး ရေးခဲ့သည်မှာ ၁၉၅၅ ဖြစ်ပါသည်။

မိမိ လူထုတွင် ပထမဆုံး စတင်ရေးသားသောအခါ မိမိ၏ ကလောင်သက် (၆)လမျှရှိပြီဟု ဆိုနိုင်ပါသည်။ မိမိ၏ ပထမဆုံး ပုံနှိပ်စာမူမှာ ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ (၂၈)နေ့ထုတ် ဟံသာဝတီသတင်းစာ မဂ္ဂဇင်းကဏ္ဍတွင် ပါရှိသော “ကျောင်းသူမ” အမည်ရှိသော ကဗျာကလေး ဖြစ်ပါသည်။ စာမူ အရေအတွက်အားဖြင့်လည်း လူထုတွင် မရေးမီ (၅) ပုဒ်မျှ ပုံနှိပ်ပါရှိပြီး ဖြစ်ပါသည်။ ဟံသာဝတီသတင်းစာ၊ ကလောင်စုံမဂ္ဂဇင်း၊ စုံထောက်မဂ္ဂဇင်းနှင့် ကလောင်သစ်စာစောင်တို့တွင် ရေးသားခဲ့ပါသည်။ ဘယ်ကမှတော့ စာမူခ မရသေးပါ။ လူထုမှလည်း မရပါ။ မိမိ ပထမဆုံး စာမူခရဖူးခြင်းမှာ စုံထောက်မဂ္ဂဇင်းမှ ဖြစ်ပါသည်။

စာရင်းအင်းတွေကိုထားပြီး မိမိနှင့် လူထုဆက်စပ်တွေ့ထိမှုအပိုင်းကို အနည်းငယ် ရေးလိုပါသည်။ ပထမဆုံး ပြောရမည်မှာ ဦးလေးလှနှင့် တွေ့ဆုံခြင်းပင် ဖြစ်ပါသည်။

မိမိတို့သည် တစ်မြို့တည်း အတူနေထိုင်ကြသော်လည်း အကြောင်းမတိုက်ဆိုင်သဖြင့် လူချင်းမသိကြပါ။ မိမိအနေနှင့်ကတော့ ဦးလေးလှနှင့် ဒေါ်ဒေါ်တို့ကို အဝေးက မြင်တွေ့သိရှိနေခဲ့သည်မှာ ကြာပါပြီ။ လူထုတိုက်သို့ စာအုပ်အဝယ်အခြမ်း ရောက်ခိုက်များတွင် ဦးလေးလှနှင့် ဒေါ်ဒေါ်တို့

ကို မြင်တွေ့ရသောအခါ စိတ်ထဲမှ ကြည်နူးမိပါသည်။ သို့သော် လူချင်းသိအောင် ဖန်တီးခွင့်မကြုံပါ။

တွေ့မယ့်တွေ့ပြီး သိမယ့်သိတော့လည်း ခပ်ဆန်းဆန်းပင်။ ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလတွင် မိမိခရီးတစ်ခုထွက်ရင်း ဦးလေးလှ၏ မိတ်ဆွေဟောင်းများနှင့် တွေ့ဆုံခဲ့ရပါသည်။ မိမိအပြန်တွင် သူတို့က ဦးလေးလှထံ စာတစ်စောင် ရေးပေးလိုက်ပါသည်။ မန္တလေးသို့ ရောက်သောအခါ လူထုတိုက်သို့ မိမိ ခရီးရောက်မဆိုက် သွားပါသည်။ အပြင်ဘက်စာအုပ်အရောင်းဌာနတွင် ပိန်ပိန်ဖြူဖြူ လူတစ်ယောက် (ဦးလေးလှ၏တူ ကိုမောင်မောင်)ကို ဦးလေးလှနှင့် တွေ့လိုကြောင်း ပြောပါသည်။ ထိုသူကလိုက်ပို့သဖြင့် စာအုပ်အရောင်းခန်းနှင့် ကပ်နေသော ဦးလေးလှ၏အခန်းသို့ ရောက်ရှိရပါသည်။ ဦးလေးလှ၏အခန်းတွင် ဦးလေးလှ၏ စာရေးစားပွဲနှင့် ဧည့်သည်များထိုင်ရန် ကုလားထိုင်ဝိုင်းရှိပါသည်။ ဒေါ်ဒေါ်နှင့် ဦးဆန်းထွန်းတို့က အတွင်းဘက်အခန်းတွင် ဖြစ်ပါသည်။

အသက် (၁၈)နှစ်အရွယ် သူစိမ်းလူငယ်တစ်ဦးကို ဦးလေးလှက ပြုံးချိုသောမျက်နှာ၊ ပျူငှာဖော်ရွေသော အမူအရာနှင့် ခရီးဦးကြိုဆိုပါသည်။ လာရင်းကိစ္စကို တိုးညင်းအေးဆေးသော လေသံဖြင့် မေးပါသည်။ ဤလို ရင်းနှီးဖော်ရွေမှုမျိုးကို မိမိတစ်သက်တာတွင် အကြိမ်အနည်းငယ်မျှသာ ရရှိခဲ့ဖူးပါသည်။

နာမည်ကျော် စာရေးဆရာကြီး၊ သတင်းစာဆရာကြီး တစ်ဦးက မိမိလို အညတရလူငယ်တစ်ဦးကို ဤသို့ လိုလားဖော်ရွေစွာ လက်ခံတွေ့ဆုံသောအခါ မိမိ ရင်ခုန်ရပါသည်။ ဝမ်းသာကြည်နူးမှုဖြင့် လက်များမသိမသာတုန်နေသည်ဟု ထင်ပါသည်။

ရပ်ဝေးမှ ပေးလိုက်သောစာကို ထုတ်ပေးပါသည်။ ဦးလေးလှသည် စာကို စေ့စေ့စပ်စပ် ဖတ်ပြီးနောက် မိတ်ဆွေများအကြောင်း မေးမြန်းပါသည်။ ထို့နောက် မိမိအကြောင်း စုံစမ်းပါသည်။ မိမိကိုယ်မိမိ

မိတ်ဆက်ပေးလိုက်ပါသည်။ မိမိကို မန္တလေးမှ သာမန်ကျောင်းသားက လေး တစ်ယောက်မျှသာဖြစ်ကြောင်း အတိအကျ သိရှိသွားရသောအခါတွင် လည်း သူ၏ ပျူငှာသော ဖော်ရွေမှုသည် အနည်းငယ်မျှ လျော့ပါးမသွား ပါ။ ယင်းအတွက်ပင် မိမိသည် စိတ်အားတက်လာသည်။ ယူဆောင်လာ သော ဆောင်းပါးကို ဦးလေးလှ လက်ထဲသို့ ထည့်ခဲ့ပါသည်။

နိုဝင်ဘာအလယ်ပိုင်းတွင် ပေးခဲ့သော ဆောင်းပါးကို ဒီဇင်ဘာလ ထုတ် ဂျာနယ်တွင် တွေ့မြင်ရသောအခါ မိမိမည်မျှဝမ်းသာမည်ကို မှန်းဆ ကြည့်နိုင်ကြပါသည်။

မောင်သာနိုးနှင့်အတူ လူထုတိုက်သို့ မေတ္တာလက်ဆောင် စာအုပ်များယူရင်း ဒေါ်ဒေါ်နှင့် ဦးဆန်းထွန်းတို့ကို လူချင်းတွေ့ဆုံ သိ ကျွမ်းခဲ့ရပါသည်။

မိမိ၏ ပထမဆောင်းပါးကို ဦးလေးလှကိုယ်တိုင် ဖတ်ရှုပြီး ဂျာနယ် တွင် ထည့်သွင်းခဲ့သည့်နည်းတူ မိမိ၏ ဒုတိယဆောင်းပါးကို ပုံနှိပ်ရန် စာစီပြီး စက်ပေါ်ရောက်နေမှပင် ဦးလေးလှကိုယ်တိုင် ပြန်လည်ဖြုတ် ထုတ်ခဲ့ပါသည်။

ဒုတိယဆောင်းပါး သွားပေးစဉ်က ဦးလေးလှ မရှိပါ။ ဦးဆန်းထွန်း နှင့် တွေ့သဖြင့် ပေးခဲ့ပါသည်။ ထိုဆောင်းပါးကို ဦးဆန်းထွန်း ဖတ်ရှုပြီး ကြိုက်နှစ်သက်သဖြင့် ဂျာနယ်တွင် ထည့်သွင်းရန် စာစီသမားတို့ လက်သို့ ချပေးခဲ့ပါသည်။ စာစီပြီး၊ ဖောင်ဖွဲ့ပြီး၊ ပရုဖ်ပြင်ပြီး စက်ပေါ်တွင် ရိုက်နှိပ် စပြုနေသော ကာလတွင် ထိုဆောင်းပါးကို ဦးလေးလှ တွေ့ရှိသွားသည်။ ဖတ်ကြည့်ပြီး မထည့်သင့်ဆိုကာ ဆောင်းပါး၏ နောက်ပိုင်းတစ်ဝက်ကို ချန်ထားခဲ့ပါသည်။

ထိုအခါ မိမိဆောင်းပါးသည် အဓိပ္ပာယ် မပြည့်စုံ၊ ဆိုလိုရင်း မထိမမိဖြင့် ပုံနှိပ်စာမူ ဖြစ်သွားရပါသည်။ မိမိဆောင်းပါး၏ လိုရင်း အချက်မှာ လက်နက်ကို အများပြည်သူတွေအတွက် ကိုင်ရန်ဖြစ်ပါသည်။

သို့သော် ထိုအချိန်က ပျူစောထီးနှင့် ပုဒ်မငါး စခန်းထနေချိန်ဖြစ်၍ အရှည်ကို မြော်မြင်တွေးခေါ်တတ်သော ဦးလေးလှက ဖြုတ်ထားခဲ့သည်မှာ ယနေ့ မိမိ မိုးဝေစာပေမဂ္ဂဇင်းတွင် အယ်ဒီတာလုပ်ရသောအခါ နည်းယူ ချိန်ဆရန် အကြောင်းဖြစ်လာပါသည်။

လူထုဂျာနယ်အတွက် မိမိရေးသားပေးပို့သော စာများကို စိတ်ရှည် လက်ရှည် ဖတ်ရှုတည်းဖြတ်ခဲ့သူများမှာ ဦးလေးလှ၊ ဒေါ်ဒေါ်၊ ဦးဆန်းထွန်း နှင့် သူရ (ရှမ်းပြည်)တို့ ဖြစ်ကြပါသည်။ ဦးဆန်းထွန်း အလုပ်ထွက်သွား သည့် နောက်ပိုင်းတွင် သူရ (ရှမ်းပြည်)က လူထုတိုက်တွင် တာဝန်ရှိ စာတည်းအဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ပါသည်။

လူထုသတင်းစာတွင်မူ မိမိဆောင်းပါးတစ်ပုဒ်သာ ရေးဖူးပါသည်။ ၁၉၅၅ ခုနှစ်က မြန်မာနိုင်ငံသို့ ယူဂိုဆလပ်ဗီးယားနိုင်ငံမှ ယဉ်ကျေးမှု အဖွဲ့တစ်ဖွဲ့ လာရောက်ပြီး ပြည်လမ်း စာပေဗိမာန် လေဟာပြင်ဇာတ်ရုံ၌ ရိုးရာအကများ တင်ဆက်ကပြပါသည်။ ယင်းကပွဲအကြောင်း ရေးသား ချက်ကို "ယူဂိုကပွဲ" အမည်ဖြင့် (၂၀၊ ၁၀၊ ၅၅)ထုတ် သတင်းစာတွင် ပါရှိခြင်းဖြစ်ပါသည်။ ရန်ကုန်တိုက်ခွဲမှတစ်ဆင့် ပေးပို့ခြင်းဖြစ်သည်။ ဦး တင်မောင်ထံမှ စာမူခ (၁၅)ကျပ် ထုတ်ယူရရှိပါသည်။

ဂျာနယ်တွင်ပါရှိသော စာမူများအတွက်မူ ဝတ္ထုဖြစ်စေ၊ ဆောင်းပါး ဖြစ်စေ၊ မည်သူ့ကိုမဆို (၂၀)ကျပ်စီ ပေးပါသည်။

လူထုတွင် (၂၆)လ ရေးခဲ့သည့်အနက် (၆)လအတွက် စာမူခ မရရှိခဲ့ပါ။ လ (၂၀)အတွက် စုစုပေါင်း စာမူခ (၄၀၀) ရရှိခဲ့ပါသည်။ (၁၉)လကို ရန်ကုန်တိုက်ခွဲမှ ထုတ်ယူပြီး (၁)လကို မန္တလေးတိုက်မှ ထုတ်ယူခြင်း ဖြစ်ပါသည်။

သည်တွင် ဆန်းတာကလေးတစ်ခုတော့ ပြောရဦးမည်။ လူထု ဂျာနယ်အတွက် ရန်ကုန်တိုက်ခွဲမှ ရန်ကုန်ရှိ စာရေးဆရာများထံမှ စာမူ များ တောင်းခံပြီး ပေးပို့ခဲ့သည်။ စာမူခကိုလည်း ရန်ကုန်တိုက်ခွဲမှ

ထုတ်ပေးခဲ့သည်။ သို့သော် မန္တလေးရှိ ပင်မတိုက်နှင့် ဆက်သွယ်သော မန္တလေးမှ စာရေးဆရာများကား စာမူခ မရရှိကြပေ။ မန္တလေးတိုက်မှ စာမူခမပေးဟု သိရပါသည်။ ထို့ကြောင့်ပင် မိမိမန္တလေးတွင် ရှိစဉ်က (၅)လအတွက် စာမူခ မရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်သို့ ရောက်ရှိပြီး ရန်ကုန်တိုက်ခွဲမှတစ်ဆင့် ပို့သောအခါ ရန်ကုန်မှ အခြားစာရေးဆရာများနည်းတူ မိမိလည်း စာမူခရပါသည်။

ထိုအကြောင်းကို သိသောအခါ မောင်သာနိုးနှင့် တက္ကသိုလ်ဝင်းတို့ မိမိအပေါ် မနာလိုဖြစ်ကြသည်။ သူတို့လည်း မိမိနှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို လူထုတွင် ရေးနေကြသူများပင် ဖြစ်သည်။ သူတို့က မန္တလေးမှ ရေးနေကြသဖြင့် စာမူခ မရရှိကြချေ။

စာမူခပြဿနာက သည်မျှမကချေ၊ ကြားထဲ၌ မိမိစာမူခ တစ်လ မရဘဲ ဖြစ်လိုက်သည်မှာလည်း မန္တလေးတွင်ရေးပြီး မန္တလေးတိုက်နှင့် တိုက်ရိုက် ဆက်သွယ်မိသောကြောင့် မရရှိခြင်းဖြစ်သည်။

၁၉၅၅ ခုနှစ်တွင် မိမိအိမ်ထောင်ကျပြီး မိဘများရှိရာ မန္တလေးသို့ ပြန်ပြီးနေသည်။ ယင်းသို့ နေထိုင်စဉ်အတွင်း ဆောင်းပါးရေးပြီး လူထုတိုက်သို့ ပို့ပါသည်။ စာမူခမရ။ ရန်ကုန်တိုက်ခွဲမှ စာမူခပေးသည်ကို သူတို့မသိ။ မန္တလေးတိုက်မှတော့ မပေးဟုဆိုသည်။ ဘယ်လိုမှ ပြော၍ မရ။

သည်တော့ မိမိက တစ်မျိုးလုပ်သည်။ မိမိအိမ်နှင့် လူထုတိုက်သည် လေးငါးပြဘဲ ဝေးသည်။ ဆယ်မိနစ်လောက် လမ်းလျှောက်လိုက်လျှင် ရောက်သည်။ သို့သော် မိမိစာမူကို ရန်ကုန်ပို့လိုက်သည်။ ရန်ကုန်ရှိ မိတ်ဆွေ စာရေးဆရာများက လူထုတိုက်ခွဲသို့ ပို့ပေးသည်။ လူထုတိုက်ခွဲက မန္တလေးသို့ ပို့ပေးပါသည်။ ရန်ကုန်မှ မိတ်ဆွေများက လူထုတိုက်ခွဲမှ စာမူခထုတ်ပြီး မိမိထံ တစ်ဆင့်ပို့ပေးသည်။ နည်းနည်းတော့ ကြာတာပေါ့။ နည်းနည်းတော့ လက်ဝင်တာပေါ့။

သည့်အကြောင်းကို မိမိမန္တလေးမှ မိတ်ဆွေများ၊ ရဲဘော်များကိုလည်း ပြောပြသည်။ အယ်ဒီတာ သူရ (ရှမ်းပြည်)ကိုလည်း ပြောပြသည်။ သူ ခေါင်းကုတ်သည်။ ထို့နောက် ဒေါ်ဒေါ်နှင့် ခေါင်းချင်းရိုက်သည်။ နောက်စာမူပေးလျှင် သူ့ကိုပင်ပေးရန် ပြောသည်။ မိမိ သူပြောသည့်အတိုင်း ပေးသည်။ သူ့ထံမှတစ်ဆင့် စာမူခ (၂၀)ကျပ် ရရှိသည်။

သည်နောက်တွင်ကား ထိုပြဿနာ မပေါ်တော့။ မိမိ ရန်ကုန်ပြန်ရောက်သွားသည်။ ရန်ကုန်တိုက်ခွဲနှင့် ဆက်သွယ်ရသည်။

မိမိနှင့် **လူထု**အကြောင်း အခုတော့ ဒါလောက်ပဲပေါ့။

❐

## အညာစာရေးဆရာများ (မန္တလေး-၆)

စာဆိုတော် ခရီးသွားဆောင်းပါး ရေးနေသဖြင့် တောအကြောင်း တောင် အကြောင်း သုံးလေးလမျှ ပြတ်သွားသည်။ စိတ်ကူးပေါက်သဖြင့် လစဉ်လို ရေးနေသော မန္တလေးအကြောင်းလည်း "မိမိနှင့် လူထု" အပြီးတွင် ထုံ့ပိုင်း တုံ့ဆိုင်းသွားရတော့သည်။

တစ်လောက အနော်ရထာလမ်းနှင့် (၃၄)လမ်းထိပ်တွင် မန္တလာက အညာစာရေးဆရာ သုံးဦးနှင့်တွေ့သည်။ မောင်မိုးသူ၊ မိုးကြည်နှင့် ဦး မောင်မောင် (မဟာဝိဇ္ဇာ)။

ထွေလာကေလာ ပြောကြသည်။ သို့သော် မိမိနှင့် ဦးမောင်မောင်တင် ကို မည်သူကမျှ မိတ်ဆက်မပေး။ မိမိလည်း မန္တလေး၊ ဦးမောင်မောင်တင် လည်း မန္တလေးကမို့ မိမိတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိ ကြလိမ့်မည်ဟု မောင်မိုးသူနှင့် မိုးကြည်တို့က တွက်ဆထားပုံရသည်။ နောက်ပြီး သူတို့ပြောချင်ရာ ပြောနေရလျှင် အခြားသူများကို ဂရုစိုက် လေ့မရှိသော ဝသီအတိုင်း မိမိတို့နှစ်ယောက် ကြောင်အမ်းအမ်း ဖြစ်နေ သည်ကိုလည်း ဂရုပြုမိကြဟန်မရှိ။ သို့ဖြင့် လူချင်းခွဲကြသောအခါ မိမိ ဘယ်သူဘယ်ဝါဆိုသည်ကိုပင် ဦးမောင်မောင်တင် သိချင်မှ သိပေလိမ့် မည်။ မိမိကသာ သူ့ကို မြင်ဖူးနေခြင်း ဖြစ်သည်။

မိမိ မန္တလေးတွင် ခုနစ်နှစ်တာကာလ နေထိုင်ခဲ့ပြီး စာပေနှင့် ယဉ်ကျေးမှုလောကတွင် ကျင်လည် ကျက်စားခဲ့သော်လည်း မိမိ မသိသော စာပေနှင့် အနုပညာရှင်ပေါင်းမှာ မြောက်မြားစွာဖြစ်သည်။

တကယ်တော့ ဤအဖြစ်သည် မဆန်းချေ။ ရန်ကုန် စာပေလောကတွင် မိမိ ခြေချခဲ့သည်မှာ အနှစ်နှစ်ဆယ်နီးပါးမျှ ရှိပြီဖြစ်သည်။ စာနယ်ဇင်းတိုက်များ၊ စာအုပ်ဆိုင်များ၊ စာပေနှင့်ဆိုင်သော အခမ်းအနားများ၊ ပွဲသဘင်များသို့ အတော်ကလေး များများစားစား နှံ့နှံ့စပ်စပ် ထိတွေ့ပတ်သက်ခဲ့သော်လည်း၊ စာပေရဲဘော်နှင့် မိတ်ဆွေအမြောက်အမြား ရှိခဲ့ပြီဖြစ်သော်လည်း ယနေ့ထက်တိုင် မိမိ မမြင်ဖူးသေးသော စာရေးဆရာ၊ မိမိမြင်ဖူးသော်လည်း မသိကျွမ်းသော စာရေးဆရာ၊ တစ်ကြိမ်နှစ်ကြိမ်သာ တွေ့ဆုံဖူးသဖြင့် သိသလိုလို၊ မသိသလိုလို စာရေးဆရာ အများအပြားပင် ရှိနေပေသေးသည်။

ပုံစံပြရလျှင် ကြပ်ကလေး၊ ကြူမွေး၊ ကြည်အေး၊ ယုဝတီမာလာသိန်း၊ ယုဝတီကြည်ဝေတို့ကို ဖြူသလား မည်းသလား မိမိမမြင်ဖူးပါ။ နောက်ပြီး ရှိသေးသည်။ ဝင်းဦးဆိုလျှင်လည်း ပိတ်ကားပေါ်နှင့် ဓာတ်ခဲ့ပေါ်မှာသာ မြင်ဖူးသည်။ လူစင်စစ်အတိုင်း မမြင်ဖူးပါ။ နောက်ပြီး ရှိသေးသည်။ ခင်ဆွေဦးဆိုလျှင် မိုးဝေမှာရေးသည်။ သူမ၏ စာအုပ်များကို လက်မှတ်ရေးထိုးပြီး မေတ္တာလက်ဆောင် ပေးပို့သည်။ သို့သော် မိမိကို မြင်ဖူးမည်မထင်။ မိမိကတော့ တစ်ကြိမ်နှစ်ကြိမ် မြင်ဖူးသည်။ နောက်တစ်မျိုးကတော့ မသိသလိုလို သိသလိုလိုများ။ ခင်နှင်းယု၊ သာဂဒိုးတို့ကို မိမိဘယ်လို ဆက်ဆံရမှန်းမသိ။ သူတို့နှင့် တွေ့ဖူးသည်။ မိတ်ဆက်သူကလည်း ဆက်ပေးသည်။ မိမိလည်း ကောင်းကောင်း မှတ်မိသည်။ သို့သော် သူတို့က မှတ်မိပုံမရ။ လမ်းမှာတွေ့လျှင် စိမ်းစိမ်း၊ သည်တော့ မိမိမှာ အပြုံးတစ်ဝက် ဖြစ်ရသည်။

အပြန်အလှန်အားဖြင့် သူတို့ကသိပြီး၊ သူတို့က မှတ်မိပြီး မိမိက

မသိသော၊ မမှတ်မိသော စာရေးဆရာများလည်း ရှိသေးသည်။ အကြောင်းဆုံသောအခါ အားနာစွာဖြင့် တောင်းပန်ရသည်။

ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်သည့်အခါတိုင်း စာပေလောကမှ ရဲဘော်များ၊ မိတ်ဆွေများအကြောင်း စဉ်းစားမိသည်။ အချို့က ခင်မင်ရင်းနှီးသူများ၊ အချို့က မေးထူးခေါ်ပြောမျှသာ။ အချို့နှင့်မူ အကြောင်းအားလျော်စွာ ပြဿနာကလေးများ၊ အဖုအထစ်ကလေးများ ဖြစ်ရသည်။

အချို့ကို ဘယ်အချိန်က စသိသည်၊ ဘယ်လိုသိသည်၊ ဘယ်နေရာမှာ သိသည်ဟု အသေးစိတ် မှတ်မိနေတတ်သည်။ ပုံစံပြရလျှင် ၁၉၅၃ ခုနှစ်က မိမိတစ်ယောက်တည်း ကွန်တီနင်တယ်မုန့်တိုက် (ပြည်သူ့မုန့်တိုက်) မှ ပလေဒီယံရုံ (ပပဝင်း) ရှေ့ပလက်ဖောင်းဆီသို့ ကန့်လန့်ဖြတ်ကူးစဉ် တင့်ထူး (ကွယ်လွန်)နှင့် လမ်းမှာတွေ့သည်။ တင့်ထူးက မိမိကို သူနှင့်ပါလာသူနှင့် မိတ်ဆက်ပေးသည်။ မင်းကျော်။

အချို့ကျတော့ ခင်မင်ရင်းနှီးသူသာ ဖြစ်လာသည်။ ဘယ်အချိန်က ဘယ်လိုသိလာမှန်း မသိ။ ဥပမာ မောင်နေဝင်း။ သူ့ကို မိမိ ပြည်တော်သစ်ဂျာနယ်တိုက်မှာ တွေ့သလား၊ စာရေးဆရာအသင်း အစည်းအဝေးမှာ တွေ့သလား၊ ဒါမှမဟုတ် အခြားဘယ်နေရာမှာ တွေ့သလဲ၊ မိမိ မမှတ်မိ။

ယင်းသို့ပင်။

မိမိ မန္တလေးတွင် ရှိစဉ်ကလည်း ခင်မင်ရင်းနှီးသော စာရေးဆရာများရှိခဲ့သလို မသိကျွမ်းသော စာပေသမားများလည်း ရှိခဲ့သည်။ မသိသလိုလို၊ သိသလိုလိုများလည်း ရှိခဲ့သည်။ လုံးဝ မမြင်မတွေ့ဖူးသူများလည်း ရှိပါသည်။

မိမိတို့ စာပေလောကသို့အဝင် ၁၉၅၀ ဝန်းကျင်က မန္တလေးမြို့တွင် ထင်ရှားသော စာရေးဆရာကြီးများမှာ ရွှေဥဒေါင်း၊ မြမျိုးလွင်၊ ကုသ၊ ဦးဆန်းထွန်း၊ ဦးလှ၊ ဒေါ်အမာ၊ ကြည်မြ၊ နှင်းဦး၊ မာလာ၊ ရဲဘော်နေအောင်၊ ဦးမောင်မောင်တင်၊ ရွှေမန်းဝင်းမြင့်၊ သူရ (ရှမ်းပြည်)

တို့ ဖြစ်ကြသည်။ ဦးဘိုးသင်းနှင့် ရွှေကိုင်းသားတို့က စစ်ကိုင်းတွင် ဖြစ်သည်။

စာဝေလောကသို့ တိုးဝင်စ လူငယ်များမှာ မောင်သိင်္ဂါ (မောင်သာနိုး)၊ တက္ကသိုလ်ဝင်း၊ စစ်ကိုင်းအေးလွင်၊ တက္ကသိုလ် မောင်ထွန်းဝေ၊ ညွန့်ဝေ (မင်းသူရိန်) စသူတို့ ဖြစ်ကြသည်။

မောင်သိန်းနိုင်၊ မောင်သစ်လွင် (လူထု) စသူတို့သည် မိမိရန်ကုန်ရောက်ပြီး နောက်ပိုင်းတွင် မန္တလေးစင်မြင့်သို့ တက်ရောက်ကြသူများ ဖြစ်ကြသည်။

မိမိတို့ခေတ်က မန္တလေး စာပေလောကတွင် ထိပ်တန်းနေရာများမှ ထင်ရှားစွာ တွင်ကျယ်စွာ လှုပ်ရှားခဲ့သူများမှာ စာပေဝါသနာရှင် အမြောက်အမြား ရှိသေးသည်။ အချို့က သတင်းစာလောကမှ ဖြစ်သည်။ အချို့က ကျောင်းသားလူငယ်များ ဖြစ်ကြသည်။ အချို့က မြို့မိမြို့ဖများ ဖြစ်ကြသည်။ သို့သော် သူတို့သည် အကြောင်းကြောင်းတို့ကြောင့် စာပေလောကတွင်းသို့ နက်ရှိုင်းစွာ၊ ကြာမြင့်စွာ ရောက်မလာကြချေ။ တဖြည်းဖြည်းနှင့် စာပေစင်မြင့်ပေါ်မှ ပျောက်ကွယ်သွားကြသည်။ ထိုအထဲတွင် အချို့ဆိုလျှင် အတော် နှမြောစရာကောင်းသည်။ စာအဖတ်များသည်။ စာအရေးကောင်းသည်။ စာအရေးများသည်။ အလားအလာကောင်းသည်။ သို့သော် ဖြစ်မလာ။ အချို့ကတော့ ပေါ်ပင်သမားများသာ ဖြစ်ကြသည်။ ထင်ရှားမှုအတွက် နေရာတက်ယူကြခြင်းသာ ဖြစ်သည်။ ထားတော့။ သူတို့ အကြောင်းကတ္တာ ထားလိုက်တော့။

စာပေလောကတွင် ထင်ရှားပြီးမှ ထင်ရှားလာသူများအကြောင်းသာ ပြောကြရအောင်။ လူကြီးများက အရင်စရအောင်။

ရွှေဥဒေါင်း၊ မြမျိုးလွင်၊ ဦးဆန်းထွန်း၊ ဦးလှ၊ ဒေါ်အမာနှင့် သူရ (ရှမ်းပြည်)တို့အကြောင်းတော့ အရင်ဆောင်းပါးများတွင် အထိုက်အလျောက် ရေးခဲ့ပြီး ဖြစ်ပါသည်။ သူတို့ အတ္ထုပ္ပတ္တိကို ရေးသည်မဟုတ်ဘဲ မိမိနှင့်

ထိတွေ့မှုကိုသာ ရေးသည်ဖြစ်၍ သဘောလောက်ပဲ ရှိပါစေတော့။

အဲ့သြဲ့စရာကောင်းသည်က မန္တလေးတက္ကသိုလ်တွင်ရှိသော ဆရာကြီး ဦးတိုးအောင် (ကုသ)ကို မိမိတွေ့ခွင့် မကြုံလိုက်ပါ။ ကုသ အိမ်တွင်နေပြီး ကုသ၏တူတော်သော ကိုဉာဏ်စန်းနှင့် မိမိသည် တစ်တန်း တည်းသမားများ ဖြစ်သော်လည်း ကုသကို မိမိ မြင်ပင်မမြင်ဖူးပါ။

နောက်ထပ် အံ့သြဲ့စရာတစ်ခုကတော့ စာရေးဆရာမကြီး ဒေါ်မာလာ နှင့် မသိကျွမ်းခြင်းပင် ဖြစ်သည်။ ဒေါ်မာလာ၏အိမ်သည် မြို့လယ်ကောင် ဖြစ်သော (၈၄)လမ်း၊ ကျောက်သွေးတန်းပင် ဖြစ်သည်။ မိန်းမစီးစက်ဘီး တစ်စီးနှင့် သွားလာနေသော ဒေါ်မာလာကို မိမိ နေ့စဉ်လောက်ပင် မြင် တွေ့နေရသည်။ ဒေါ်မာလာ၏ တူမဂ္ဂလေးများသည် မိမိထက် အတန်း ငယ်သော်လည်း တစ်ကျောင်းတည်းသမားများ ဖြစ်ကြသည်။ မိမိ၏ စာပေမိတ်ဆွေများကလည်း ဒေါ်မာလာနှင့် သိကျွမ်းသည်။ အဘယ် ကြောင့်မှန်းမသိ၊ မိမိတစ်ယောက်သာ စာရေးဆရာမကြီးနှင့် မသိဘဲ ဖြစ် နေသည်။ ပြောစမှတ် ဖြစ်တာပေါ့။

ထိုသို့ မသိကျွမ်း မဆက်စပ်မိသူများတွင် ဦးမောင်မောင်တင် တစ်ယောက်လည်း အပါအဝင်ဖြစ်ပါသည်။

နောက်ပြီး စစ်ကိုင်းနှင့် မန္တလေးသည် အိမ်ဦးနှင့်ကြမ်းပြင် ဖြစ် သည်။ မန္တလေးကို အခြေပြုသော အထက်မြန်မာနိုင်ငံ စာပေအဖွဲ့အစည်း များတွင် စစ်ကိုင်းမှပုဂ္ဂိုလ်များ ပါဝင်ကြသည်။ သို့သော် မိမိသည် ဆရာ ကြီး စစ်ကိုင်းဦးဘိုးသင်းကို ရင်းနှီးစွာ ခင်မင်သိကျွမ်းသော်လည်း ဆရာ တော် ဦးသောဘိတ (ရွှေကိုင်းသား)ကိုမူ မသိကျွမ်းပါ။ လူထုတိုက်တွင် ဆရာတော်နှင့် ကြိမ်ဖန်များစွာ ကြုံတွေ့နေရသော်လည်း ဆရာတော်က မိမိကို အသိအမှတ် ပြုမိပုံမရှိပါ။

ကြည်မြ၊ နှင်းဦး၊ ရဲဘော်နေအောင်နှင့် ရွှေမန်းဝင်မြင့်တို့ကား လူလတ်ပိုင်းများ ဖြစ်ကြသည်။ နိုင်ငံရေးအယူအဆများ မတူညီကြသော်

လည်း ကျောင်းသားလူငယ် စာပေဝါသနာရှင်များနှင့် ရင်းနှီးပွင့်လင်းစွာ ပေါင်းသင်းဆက်ဆံသည်။ တတ်နိုင်သည့် အကူအညီများကို ပေးကြသည်။ မိမိတို့ ထုတ်ဝေသော ကလောင်သစ်မဂ္ဂဇင်း၊ ဗလစမဂ္ဂဇင်းများအတွက် စာမူ ရေးပေးကြသည်။ ကြည်မြနှင့် နှင်းဦးကို သူတို့ထံ စာမူသွားတောင်း ရင်းနှင့် စတင်သိကျွမ်းရခြင်း ဖြစ်သည်။

ကြည်မြသည် ပထမပိုင်းတွင် တိုင်းချစ်ကျောင်း၌ ဆရာလုပ်သည်။ နောက် **မြန်မာ့လမ်းစဉ်** သတင်းစာတွင် အယ်ဒီတာလုပ်သည်။ သူ့ကို အကြောင်းပြုပြီး မြန်မာ့လမ်းစဉ်တွင် မိမိ စာပေဆောင်းပါးတစ်ပုဒ် ရေး ဖူးသည်။

မိမိရန်ကုန်ပြောင်းသွားပြီး များမကြာမီတွင် သူ့ထံမှ စာတစ်စောင် မမျှော်လင့်ဘဲ ရရှိသည်။ သူများကိစ္စနှင့် ရေးသားခြင်းဖြစ်သည်။ **ချစ်သောကြောင့်** ကို ထုတ်ဝေရန် ကြော်ငြာထည့်လိုက်သည်။ ကြော်ငြာတွင် မန္တလေးဈေးချိုကို အခြေခံသည့်အကြောင်း၊ နိဗ္ဗိန္ဒလက်ဖက်ရည်ဆိုင်၊ ငပိတန်းလက်ကြား၊ ညီအစ်မနှစ်ယောက်၊ အလယ်ပေါက်တွင် ကားတင်ခြင်း စသည်များပါသည်။ ထိုအခါ ယင်းဝတ္ထုကို တကယ့်အဖြစ်အပျက်ဟု ထင် မှတ်ကြသည်။ သူတို့အကြောင်း ဖြစ်လိမ့်မည်ဟု အထင်ရှိသော ညီအစ်မ နှစ်ဦးက မနေတတ် မထိုင်တတ်ဖြစ်ပြီး ယင်းဝတ္ထုကို မထုတ်ဝေလျှင် ငွေပေးမည့်အကြောင်း၊ သို့မဟုတ် စာအုပ်များအားလုံးကို သူတို့ဝယ်မည့် အကြောင်း၊ မိမိ နှင့် နီးစပ်ရာလူများထံ ကမ်းလှမ်းသည်။ မန္တလေးမှ သူငယ်ချင်းများက မိမိထံ စာရေးကြသည်။ ကြည်မြ၏စာမှာလည်း ထိုညီအစ်မ၏ ကိစ္စပင်ဖြစ်သည်။ မိမိက သူတို့အကြောင်း မဟုတ်ကြောင်း၊ မိမိ၏စိတ်ကူးသာဖြစ်ကြောင်း စာပြန်လိုက်သည်။

တစ်ခါက မန္တလေးပြန်သွားတော့ ကိုကြည်မြက မိမိဓာတ်ပုံတောင်း သည်။ မိမိ နားမလည်နိုင် ဖြစ်ရသည်။ သည်တော့မှ သူက တီးတိုးစကား ဆိုသည်။ ဗိုလ်ခင်မောင်ကလေးက သူနှင့်တွေ့တော့ မိမိအကြောင်း မေး

မြန်း စုံစမ်းသည်။ မိမိ ဓာတ်ပုံရနိုင်လျှင် ရှာပေးဖို့ပြောသည်။ သူ့လက်အောက်ရှိ အထူးထောက်လှမ်းရေးဌာနသည် မိမိ ရန်ကုန်တွင် ရှိမှန်းသိသော်လည်း ဘယ်မှာနေမှန်းမသိ။ မိမိ ဓာတ်ပုံလည်းမရှိ။ အောက်တိုဘာကျောင်းတစ်လပိတ်ရေး တိုက်ပွဲအပြီးတွင် လူတော်တော်များများ ဖမ်းထားပြီးဖြစ်သည်။ မီးခိုးကြွက်လျှောက်ပင် ဖြစ်သည်။ မိမိတစ်ယာက်သာကျန်တော့သည်။

အမှန်တော့ မိမိလည်း ဘယ်ကိုမှ ရှောင်မနေပါ။ ရန်ကုန်မြို့အတွင်းလျှို့ဝှက်စွာ သွားလာလှုပ်ရှားနေခြင်း မဟုတ်ပါ။ အလုံကွင်းကျောင်းလမ်းရှိ ကိုတင့်ဆန်း အိမ်တွင်နေသည်။ ဘရိတ်ကင်းလမ်းရှိ စုံထောက်မဂ္ဂဇင်းတိုက်တွင် တစ်နေ့နှစ်ကျပ်စား အယ်ဒီတာလုပ်သည်။ ရန်ကုန် တက္ကသိုလ်တွင် တစ်နေ့ တစ်ကြိမ်နှစ်ကြိမ် မှန်မှန်ကျောင်းတက်သည်။ (မိမိ အဖမ်းခံရသည့်အချိန်က စာမေးပွဲဖြေရင်း တန်းလန်းကြီးဖြစ်သည်) တစ်ခုတော့ရှိသည်။ တစ်ခါတော့ မိမိကိုလာရှာသော စုံထောက်ကို ကိုမိုးဝေ နောက်လိုက်မိသည်။ စုံထောက်မဂ္ဂဇင်းတိုက် ရှေ့ခန်းတွင် စားပွဲနှစ်လုံး ဆက်ပြီးချထားသည်။ စားပွဲများ၏ ဟိုဘက်သည်ဘက်တွင် ကုလားထိုင်များချထားသည်။ ကိုမိုးဝေ၊ မိမိ၊ ခင်နွယ်တင်တို့ ခေါင်းချင်းဆိုင်ပြီး စာရေးနေကြသည်။ ကိုတင့်ဆန်းနှင့် အခြားတစ်ယောက် နှစ်ယောက် စကားပြောနေကြသည်။ ထိုစဉ်တွင် အထူးထောက်လှမ်းရေးဌာနမှ အရာရှိတစ်ယောက်ဝင်လာသည်။ မိမိဘေးတွင် ကပ်ပြီးထိုင်သည်။ ပြီးတော့ မိမိအကြောင်းကိုမိုးဝေထံ မေးသည်။ မိုးဝေက ဘယ်မှာနေမှန်း မသိကြောင်း၊ စာမူကိုစာတိုက်မှပေးပို့ကြောင်း ပြောလိုက်သဖြင့် စုံထောက်အရာရှိလည်းညည်းညူပြီး ပြန်သွားသည်။ ထိုအရာရှိနှင့် ရင်းနှီးသူများ ဖြစ်ကြသဖြင့်ကိုမိုးဝေက နောက်လိုက်ခြင်းဖြစ်သည်။

ပြည်ထဲရေးဝန်ကြီး ကိုယ်တိုင်က မိမိအကြောင်း မေးမြန်းစုံစမ်း

နေကြောင်း ကြားသိရသောအခါ မိမိပြုံးမိသည်။ ကိုကြည်မြလည်း ပြုံးသည်။

နှင်းဦးကမူ ရှင်းသည်။ သူ့အလုပ်က စုံထောက်။ သို့သော် မိမိတို့နှင့် ဆက်ဆံသောအခါ စာပေသမားအဖြစ်သာ ဆက်ဆံသည်။ မိမိတို့ကလည်း တစ်ပိုင်း တစ်ကန့်စီ ဆက်ဆံသည်။ သူ့ကို ဝါရင့်စာရေးဆရာတစ်ဦးအဖြစ် လေးစားသည်။

ရွှေမန်းဝင်းမြင့်သည် ထိုစဉ်က ဝင်းလိုက်ရုပ်ရှင်ရုံတွင် စာအုပ်ဆိုင်တစ်ဆိုင် ဖွင့်ထားသည်။ စာနိုင်ငံ။ သူ့ဆိုင်သည် မိမိတို့လူစုရာ ဒေသတစ်ခု ဖြစ်သည်။ သူက စာမူရေးပေးရုံသာမက ကလောင်သစ်လူငယ်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ပင် ဝင်ရောက်ဆောင်ရွက်သည်။

ရဲဘော်နေအောင်က ဗဟိုစည်သတင်းစာမှာ လက်သံပြောင်နေချိန်ဖြစ်သည်။ သူ၏ "စိန်ပြောင်းကြီး" အခန်းသည် ဩဇာကြီးလှသည်။ ထို့ပြင် သူသည် အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ အတွင်းရေးမှူးလည်းဖြစ်သည်။ တစ်ခုပဲရှိသည်။ ထိုစဉ်က သူအသောက်အစားများသည်။ သူ့ကြည့်လိုက်လျှင် အမြဲတမ်း မူးနေသည်။ အမြဲတမ်းလိုပင် ကွမ်းဝါးနေသည်။ သို့သော် သူသည် မည်သူ့ကိုမျှ စိတ်အနှောင့်အယှက်ဖြစ်အောင်မလုပ်။ ထိုမျှမက မိမိတို့ ကလောင်သစ်များကို လှိုက်လှိုက်လှဲလှဲ အားပေးသည်။ ကူညီသည်။

မောင်သာနိုး၊ တက္ကသိုလ်ဝင်း၊ စစ်ကိုင်းအေးလွင်နှင့် မိမိတို့လူစုသည် နေ့စဉ် လက်ဖက်ရည်ဆိုင်တွင် ဆုံကြသည်။ မနက် (၇)နာရီလောက်ကနေ ထမင်းစားချိန် (၁၁)နာရီလောက်အထိ ဖြစ်သည်။ တက္ကသိုလ်မောင်ထွန်းဝေ၊ မင်းသူရိန်တို့မှာမူ အစည်းအဝေးပွဲများနှင့် ကြုံကြိုက်သောအခါများတွင်မှ ဆုံမိသည်။

မောင်သိန်းနိုင်နှင့် မောင်သစ်လွင် (လူထု) တို့ကိုမူ နောက်ပိုင်းအခေါက်များတွင်မှ တွေ့ဆုံရင်းနှီးရပါသည်။ မိမိ မန္တလေးသို့ တစ်ခေါက်

သွားတိုင်း စာပေမိတ်ဆွေ တစ်ဦးနှစ်ဦး တိုးပါသည်။ နောက်ထပ် သွားလျှင်လည်း နောက်ထပ် တိုးပါလိမ့်ဦးမည်။

အကြောင်းမှု မန္တလေးသည် စာပေအင်အားသစ်များကို အဆက်မပြတ် မှန်မှန်ကြီး မွေးထုတ်ပေးနေ၍ ဖြစ်ပါသည်။

စာပေအင်အားသစ်များကသာ သမိုင်းပေးတာဝန်၊ စာပေတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်မည် မနိုင်မည်ကို ...။

❒

## ကျွန်းပြန်ဆရာကြီးများ (ဇန်းမော်တင်အောင်၊ မြသန်းတင့်)

ဖေဖော်ဝါရီလကုန်ပိုင်းက အင်းစိန်ထောင်ရှိမှာ ဥပုသ်ရက်ရှည် စောင့်နေတဲ့ ပုဂ္ဂိုလ်တွေ နိဗ္ဗာန်ကူးတို့ကြုံလို့ ကိစ္စမြားမြောင် လူတို့ဘောင်ကို ပြန်လာကြတယ်။ အဲဒီအထဲမှာ စာရေးဆရာ ဇန်းမော်တင်အောင်နဲ့ မြသန်းတင့်တို့လည်းပါတယ်။ သူတို့နှစ်ယောက်ဟာ စာဖတ်ပရိသတ်နဲ့ နှစ်ကာလအတန်ကြာ ကင်းကွာနေကြသူများဖြစ်တယ်။ စာဖတ်သူများက သူတို့စာတွေကို ဖတ်ချင်နေတယ်။ သူတို့ကို မျှော်လင့်နေကြတယ်။ ဟော–အခု သူတို့လွတ်လာပြီ။ သူတို့စာတွေ ဖတ်ရတော့မယ်လို့ မျှော်လင့်အားထားကြတယ်။ ဝမ်းသာကြည်နူးနေကြတယ်။ ဒါပေမဲ့ သူတို့လွတ်တာ နှစ်လကျော်သွားပြီ။ ဘာစာမှ ထွက်မလာဘူး။ ဒီတော့ ပရိသတ်က မေးကြတယ်။ သူတို့ ဘာလို့ စာမရေးကြတာလဲ။ စက္ကူမပေးလို့ လုံးချင်းတွေ မထွက်တောင် မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေမှာ ရေးဖို့ကောင်းတယ်လို့ ပြောကြတယ်။

သူတို့နှစ်ယောက်နဲ့ ခင်မင်ရင်းနှီးတဲ့ မိမိတို့အသိုင်းအဝိုင်းကလည်း ဒီလိုပဲ ယူဆမျှော်လင့်ကြတာပါပဲ။ သူတို့နှစ်ယောက် လွတ်လာတဲ့အတွက် မိမိတို့လူစု အထူးပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရတယ်။ ပထမတစ်ကြောင်းက "ရေးအား" တိုးလာလို့ဖြစ်ပြီး၊ နောက်တစ်ကြောင်းက "ဟောအား"

တိုးလာလို့ ဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရ ဆယ်နှစ်တာ ခရီးမှာ မိမိတို့လူစု နယ်ထွက်ပြီး ပြည်သူလူထုကို ချဉ်းကပ်ကာ ဟော ပြောခြင်း၊ ဆွေးနွေးခြင်း၊ စည်းရုံးခြင်း၊ လေ့လာခြင်း တာဝန်တွေကို မပျက်မကွက် ထမ်းဆောင်နေတာဟာ သူတို့နှစ်ဦးအပါအဝင် စာပေ ရဲဘော်များ တည်ထောင်ခဲ့တဲ့ စာရေးဆရာ စာပေကလပ်နဲ့ စာရေးဆရာ သမဂ္ဂရဲ့မူပါပဲ။ သူတို့နှစ်ယောက်ဟာ စာပေဟောပြောပွဲ လှုပ်ရှားမှုမှာ အစကနဦးနဲ့ အစဉ်တစိုက် ခေါင်းဆောင်ခဲ့ကြသူများ ဖြစ်ပါတယ်။ လွန် ခဲ့တဲ့ ဆယ်နှစ်ကျော် ကာလတုန်းကဆိုရင် မိမိတို့ဟာ လူငယ်တွေသာ ဖြစ်ကြပါတယ်။ အသက်လည်း ငယ်တယ်၊ ဝါလည်းငယ်တယ်၊ သူတို့က အသက်လည်း ကြီးတယ်၊ ဝါလည်း ကြီးတယ်၊ ထင်ရှားကျော်ကြားမှု အရှိန်အဝါလည်း ကြီးမားတယ်။ အစဉ်အလာလည်း ရှိတယ်။ အဲဒီတော့ အဖွဲ့အစည်း လုပ်ငန်းတွေမှာ မိမိတို့ဟာ စုပေါင်းခေါင်းဆောင်မှုစနစ် ကို ကျင့်သုံးပေမဲ့ အသက်ကြီးသူ၊ ဝါကြီးသူ၊ အတွေ့အကြုံ ရင့်ကျက်သူ၊ အစဉ်အလာ ကြီးမားသူတွေကို ရှေ့တန်းမှာ ထားပါတယ်။ မိမိတို့က သူတို့နဲ့ တွဲဖက်လေ့ကျင့်ရပါတယ်။ သူတို့ဆီက နည်းနာယူရပါတယ်။

နယ်က ဖိတ်ကြားတဲ့အခါမှာ နာမည်ကြီး ပုဂ္ဂိုလ်များကိုသာ ရယူချင်ကြပါတယ်။ သူတို့ကိုဆိုရင် ဟိုနယ်က လာစေချင်၊ ဒီနယ်က လာစေချင်ပါပဲ။ ဒါပေမဲ့ သူတို့ဟာ အဖွဲ့အစည်းက ချမှတ်ထားတဲ့မူကို လေးစားသောအားဖြင့် ဘယ်နယ်ကိုတော့ သွားချင်တယ်၊ ဘယ်နယ်ကို တော့ မသွားချင်ဘူးရယ်လို့ မရှိပါဘူး။ ဘယ်သူနဲ့တော့ အတူသွားချင် တယ်၊ ဘယ်သူနဲ့တော့ အတူမသွားချင်ဘူးရယ်လို့လည်း မရှိပါဘူး။ အမှုဆောင်အဖွဲ့က တာဝန်ချပေးတဲ့ နေရာကို မဆိုင်းမတွ သွားပါတယ်။

ဗန်းမော်တင်အောင်နဲ့ မြသန်းတင့်တို့ဟာ ထင်ရှားကျော်ကြားတဲ့ စာရေးဆရာကြီးများပီပီ၊ အရေးကောင်းကြပေမဲ့၊ သူတို့နှစ်ယောက်စလုံး ဟာ လူထုလူတန်းစား အဖွဲ့အစည်းလုပ်ငန်းတွေမှာ ပါဝင်လုပ်ဆောင်

ခဲ့ကြပေမဲ့၊ တရားဟောစင်မြင့်ပေါ်ကို အကြိမ်ကြိမ်အခါခါ တက်ကြဖူးပေမဲ့ အပြောကောင်း၊ အဟောကောင်းများတော့ မဟုတ်ကြပါ။

ဗန်းမော်တင်အောင်သည် လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ "မြန်မာစာပေသမိုင်း" ဟူသော ခေါင်းစဉ်ဖြင့် ပုဂံခေတ်မှ မျက်မှောက်ခေတ်အထိ စာပေရေးရာ ပြဿနာများကို တစ်ပြေးညီသော လေသံဖြင့် တစ်နာရီခွဲ နှစ်နာရီကြာမျှ ဟောပြောတတ်ပါသည်။ သူသည် ပြက်လုံးမထုတ်ပါ။ ကြားဖြတ်ပြီး သီချင်းမဆိုပါ။ ကြားညှပ်ပြီး ပုံမပြောပါ။ သို့သော် သူ့ကို ပရိသတ်က စိတ်ဝင်စားစွာ နားထောင်ကြသည်။ သူ၏စာကို လေးစားသောကြောင့် ဖြစ်သည်။ မြသန်းတင့်ကိုလည်း ထို့အတူပင်။

သူတို့ အင်းစိန်တောရမှ ပြန်လာသည့်နေ့က မတ်လထုတ် မိုးဝေအပြီးမသတ်သေး။ လက်စသတ်နိုင်ရန် အပူတပြင်း ကြိုးပမ်းနေရချိန်ဖြစ်သည်။ များသောအားဖြင့် မိမိသည် အလုပ်တိုက်တွင် သုံးနာရီထက်ကျော်ပြီး မနေတတ်။ ထိုနေ့ကတော့ ညနေခြောက်နာရီလောက်အထိနေမည် စိတ်ကူးထားသည်။

သို့သော် သုံးနာရီလောက်တွင် ပုဂံစာအုပ်တိုက်ပိုင်ရှင်ထံမှ တယ်လီဖုန်းလာသည်။ ကနေ့ ထောင်ခါသည်။ ဗန်းမော်တင်အောင်တို့၊ မြသန်းတင့်တို့ပါသည်။ ယခု မြသန်းတင့်ထံ သွားမည်ဟု ဆိုသည်။ မိမိလည်း လိုက်မည်။ ဝင်ခေါ်ပါဟု ပြောလိုက်သည်။

လေးနာရီထိုးဖို့ ဆယ့်ငါးမိနစ်အလိုတွင် စမ်းချောင်းရှိ မြသန်းတင့်အိမ်သို့ မိမိတို့ရောက်သွားကြသည်။ ယခင်အိမ်မဟုတ်။ နောက်မှ ပြောင်းသော အိမ်ဖြစ်သဖြင့် အတော်ကလေး မေးစမ်းရသည်။

အိမ်တွင် မြသန်းတင့်၏ ဇနီးမရှိ။ ဈေးသွားနေသည်။ သမီးနှစ်ယောက်သာ ရှိသည်။ ဆယ်နှစ်၊ ဆယ့်နှစ်နှစ်အရွယ်များ ဖြစ်ကြသည်။ ဂါဝန်ဖြူကလေးများနှင့် စာကျက်နေကြသည်။ မနက်ဖြန် စာမေးပွဲကြီး ဖြေကြရတော့မည် ဖြစ်သည်။ အမေနှင့်တူ၍ အသားဖြူကြသည်။

မြသန်းတင့်ကို အဆင်သင့်မတွေ့ရသဖြင့် မိမိတို့ရရှိသော သတင်းကို အနည်းငယ် သံသယဖြစ်မိကြသည်။ သတင်းကတော့ မမှားတန်ရာ၊ သတင်းစာတိုက်မှရသော သတင်းဖြစ်သည်။ အင်းစိန်ထောင်ကြီးသို့ ဓာတ်ပုံရိုက်ရန်၊ သတင်းယူရန် သတင်းထောက်များ သွားကြပြီဖြစ်သည်။ ထိုသတင်းသည် သတင်းစာလောက တစ်ခုလုံးတွင် ပြန့်နေပြီဖြစ်သည်။ လျှို့ဝှက်သတင်း မဟုတ်တော့။ အတည်ပြုပြီး၊ ထုတ်ပြန်ပြီးသတင်း ဖြစ်သည်။

သို့သော် မြသန်းတင့်လည်း မရောက်လာသေး၊ သူ့ဇနီးလည်း အိမ်တွင်မရှိ။ "နင်တို့အဖေကနေ့ လွတ်မယ်" ဟု မိမိတို့ပြောသည်ကို ကလေးမနှစ်ဦးက ယုံကြည်ဟန်မပြ။ သူတို့အဖို့ ဒီသတင်းမျိုး ကြားရဖန်များနေဟန်ရှိသည်။

မကြာမီ မြသန်းတင့်ဇနီး ပြန်လာသည်။ မိမိတို့ ကြားရသော သတင်းကို ပြောသည်။ သိပ်ပြီး ယုံပုံမရ။ ထိုစဉ်မှာပင် အိမ်ရှေ့တွင် ကားတစ်စီး ထိုးဆိုက်သည်။ မြသန်းတင့်ကို လိုက်ပို့သော ကားဖြစ်သည်။ သည်တော့မှ အမျိုးသမီးသည် ဝမ်းသာအားရ လက်ခုပ်တီးပြီး အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ သူတို့ငှားနေသောအခန်းက နှစ်ထပ်အိမ် အပေါ်ခန်း ဖြစ်သည်။

ကားပေါ်တွင် အခြားသူများပါသည်ကို တွေ့သောအခါ အမျိုးသမီး လှေကားရင်းတွင် ခြေလှမ်းတုံ့သွားသည်။ မြသန်းတင့်က လှမ်းခေါ်ရသည်။ မိမိတို့လည်း နောက်မှ ဆင်းလိုက်သွားကြသည်။

မိမိ ပထမဆုံး စာပေဟောပြောပွဲ ခရီးထွက်ဖူးတာဟာ ဗန်းမော်တင်အောင်နဲ့ပါပဲ။ ဗန်းမော်တင်အောင်၊ တင့်ဆန်းနဲ့ မိမိတို့ဟာ ၁၉၆၀ ပြည့်နှစ်မှာ မအူပင်၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်းနဲ့ ဘိုကလေးမြို့များသို့ ခရီးတစ်ဆက်တည်း သွားခဲ့ကြပါတယ်။ မြသန်းတင့်နဲ့တော့ ၁၉၆၂ ခုနှစ် မှာ ကျုံကဒွန်းကို သွားခဲ့ကြပါတယ်။ တင့်ဆန်းလည်း ပါပါတယ်။

အဲဒီ အကြောင်းကို မိုးဝေမှာ "ထို့နောက်" အမည်နဲ့ ဝတ္ထုရေးခဲ့ဖူးပါတယ်။ ကားပေါ်တွင် ပါလာကြသူများမှာ ကေတီ ဦးကျော်တင့်၊ ပဲခူး ကိုစိုးသိမ်း၊ ကိုခင်မောင်မြင့်နှင့် ဗုံပေါက်သာကျော်တို့ ဖြစ်ကြသည်။ သူတို့နှင့် နှုတ်ဆက်ကြရသည်။ သူတို့က ကျွန်တော့်ကို တွေ့တွေ့ချင်းပင် မိုးဝေအကြောင်း ပြောသည်။ ကိုကိုးကျွန်းတွင် မိုးဝေဖတ်ရသည်ဟု ဆိုသည်။ လစဉ်တော့ မဟုတ်၊ လေး ငါး အုပ်။

မြသန်းတင့်ကို ကြည့်ပါ။ ချည်ကြမ်းလုံချည် အဝါသည် ဟောင်းမြည့် ပေါက်စုတ်လျက်ရှိသည်။ ဖျင်ကျဲအင်္ကျီ လက်တိုအဖြူသည် လက်နီးစုတ်ပမာ ဖြစ်သည်။ ဆံပင်များ နီကြောင် ထိုးထောင်နေသည်။ ကျွဲကော်ကိုင်းမျက်မှန်သည် ကျိုးအက်လျက်ရှိသည်။ အသားက မည်းမည်းဝါဝါ၊ အရိုးပေါ် အရေတင်။

သမီးနှစ်ယောက်သည် ဖခင်ကိုမြင်တွေ့သော်လည်း ကြောင်အမ်းအမ်းပင် ရှိနေကြသည်။ သူတို့ဖခင် ထောင်ထွက်ကြီးကို တအံ့တသြငေးမောနေကြသည်။ အမှန်တော့ သူတို့သည် ဖခင်ကို မမြင်ဖူးကြဟု ဆိုရမည်။ သူတို့ဖခင် အဖမ်းခံရသည့်အချိန်က သမီးအကြီးက လေးနှစ်၊ အငယ်က နှစ်နှစ်၊ အငယ်ဆုံးသားက နို့စို့။ ရှစ်နှစ်ကျော်ကြာမှ ပြန်တွေ့ကြသောအခါ ဘယ်မှာ မှတ်မိနိုင်တော့မည်နည်း။ မြသန်းတင့် လွတ်မြောက်ချိန်က သားအငယ် အိမ်မှာမရှိ။ အဘွားဆီ ရောက်နေသည်။

ထိုနေ့ ညစာကို မိမိတို့ "ဟိုက်စွမ်" ဟိုတယ်တွင် သွားစားကြသည်။ ကျော်အောင်ကို ဝင်ခေါ်သည်။ ဟိုက်စွမ်တွင် သတင်းဂျာနယ်မှ ကိုလှအောင်တို့ လူစုနှင့် တွေ့သည်။ မောင်ကိုယုက ကဗျာပြည်တွင်းစစ် အကြောင်း စကားစသည်။

မြသန်းတင့်သည် ထောင်ကထွက်မှပင် ဘင်္ဂလားဒေ့(ရှ်)အကြောင်း၊ နစ်ဆင်နှင့် မောင်စီတုံး လက်ဆွဲနှုတ်ဆက်သည့် အကြောင်းများကို သိသည်။ ရှစ်နှစ်အတွင်း ကမ္ဘာကြီးသည် အမျိုးမျိုး ပြောင်းလဲလျက်ရှိသည်။

သူသိချင်သည်များကို မေးသည်။ မိတ်ဆွေများအကြောင်း၊ ရဲဘော်များအကြောင်း၊ ပြည်တွင်းပြည်ပအကြောင်း။ မိမိတို့ကလည်း သူမရှိစဉ်အတွင်း ဖြစ်ပျက်သည်များကို ပြောပြသည်။ သို့သော် တစ်ထိုင်တည်းပြောရုံနှင့်ကား ဘယ်မှာ လုံလောက်ပါမည်နည်း။ တစ်ခါနှစ်ခါ ပြောရုံနှင့်အဘယ်မှာ လုံလောက်ပါမည်နည်း။ တစ်ရက်နှစ်ရက် တစ်လနှစ်လ လေ့လာရုံနှင့် အဘယ်မှာ ပြည့်စုံနိုင်ပါမည်နည်း။

နောက်တစ်နေ့ ညနေတွင် မိမိရယ်၊ တင့်ဆန်းရယ်၊ မင်းသစ်ရယ် တောင်ဥက္ကလာပရှိ ဗန်းမော်တင်အောင်အိမ်သို့ သွားကြသည်။

ဗန်းမော်တင်အောင်သည် ယခုမှ အသက် (၅၄)နှစ်သာ ရှိသေးသည်။ သို့သော် တကယ့်အဘိုးကြီး ဖြစ်နေပေပြီ။ သူ၏ ထောင်မောင်းသော အရပ်ကြီးသာလျှင် ပုဝင်သွား၍ မဖြစ်နိုင်သဖြင့် ရှည်မြဲ ရှည်ကျန်ရစ်သည်။ အသားအရေများကား မရှိတော့ချေ။ အဆိုးဆုံးကား သွားများမရှိတော့ခြင်းဖြစ်သည်။ အဖတ် မဝါးနိုင်၊ မစားနိုင်။ အရည်ကျဲသာသောက်နေရသည်။ သို့ဖြင့် သူတို့နှစ်ဦးသည် ပြင်ပကမ္ဘာသို့ ပြန်ရောက်ရောက်ချင်း အရေးတကြီး ဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်မှာ ကျန်းမာရေးနှင့် လေ့လာရေးပင်ဖြစ်သည်။

ဘာမျှမသိဘဲနှင့် ဘာကိုမျှရေး၍ မဖြစ်နိုင်ပါ။ ယခုအထိတော့ သူ တို့သည် သိသင့်သည်များကို သိအောင် လေ့လာနေဆဲ။ မှတ်သားနေဆဲ၊ ကြိုးစားနေဆဲ။

❒

# မိုးဝေဘာလဲ၊ မိုးဝေဘယ်လဲ - ၁

(က)

ပညာရေးတက္ကသိုလ်မှ မိုးဝေမိတ်ဆွေများက ပြောပါသည်။ ရန်ကုန်မြို့တွင် အပြောင်းအလဲအများဆုံးက ဘတ်စကားမှတ်တိုင်နှင့် မိုးဝေ မဂ္ဂဇင်းဟု ဆိုပါသည်။ သူတို့ပြောမည်ဆိုလည်း ပြောစရာပင်။ မိုးဝေသည် လွန်ခဲ့သည့် (၈)လအတွင်း (၅)ကြိမ် (၅)နေရာ ပြောင်းရွှေ့ခဲ့ရပါသည်။ ကြာတော့ ကျွန်တော်တို့လူစုကို "ပြောင်းရွှေ့ရေးဝန်ကြီးဌာန" ဟုပင် ပြောရမလို ဖြစ်နေတော့သည်။

တပြောင်းတည်း ပြောင်းနေကြရသည်မှာ အကြောင်းမရှိတော့ မဟုတ်၊ ခိုင်လုံသောအကြောင်း ရှိပါသည်။ မိုးဝေတွင် ကိုယ်ပိုင်နေရာ မရှိပါ။ ကိုယ်ပိုင်ပုံနှိပ်တိုက် မရှိပါ။ ကိုယ်ပိုင်အရင်းအနှီးလည်း မရှိသလောက်ပင်။ သည်တော့ မိမိတို့အခြေအနေသည် ဘယ်မှာတည်ငြိမ်ပါတော့မည်နည်း။

လက်ထဲတွင် ဘာမျှမရှိဘဲနှင့် နှစ်ကျပ်တန်မဂ္ဂဇင်း တစ်စောင်ကို လပေါင်း၊ နှစ်ပေါင်းများစွာ ထုတ်ဝေနေနိုင်သည်ကို လူတော်တော်များများကပင် အံ့သြနေကြသည်။ အချို့က သဘောမပေါက်နိုင်၊ မယုံကြည်နိုင် ရှိကြသည်။

သို့သော် မိမိတို့တွင် ဘာမျှမရှိဘူးတော့ မဟုတ်ပါ။ ရှိပါသည်။ အရေးကြီးဆုံး တစ်ခုရှိပါသည်။ အသိုင်းအဝိုင်း။

အသိုင်းအဝိုင်း သို့မဟုတ် ရဲဘော်များနှင့် မိတ်ဆွေများ၊ မှန်ပါသည်။ မိုးဝေသည် ရဲဘော်များနှင့် မိတ်ဆွေများနှင့် ရပ်တည်နေခြင်း ဖြစ်ပါသည်။

သည်အကြောင်းကို ပြောရမည်ဆိုလျှင် စောစောပိုင်းကိစ္စများကို အနည်းငယ် ပြန်ကောက်မှဖြစ်မည်။

## (ခ)

ယခုတစ်လော ဆောင်းပါးသုံးလေးစောင်တွင် လှို့ဝှက်သည်းဖို ဝတ္ထုရေးသူများ၊ စုံထောက်ဝတ္ထုရေးသူများက ဘဝသရုပ်ဖော်ဝတ္ထုများ ရေးလာသည်ကို၊ တော်လှန်သော အတွေးအခေါ်များ လက်ခံလာသည်ကို သို့မဟုတ် မိမိတို့ဘက်သို့ ရောက်လာမည်ကို မလိုလားဟန်ဖြင့် "သင်းတို့ ဟာ အခုတော်လှန်တိုးတက်တဲ့ ဝတ္ထုတွေကို ရေးလာကြပေမဲ့ ဟိုတုန်း က အပေါစားဝတ္ထုရေးသူတွေ၊ အခုလည်း ဒီအငွေ့အသက်တွေ မကုန် သေးဘူး" ဟု ရှုတ်ချပုတ်ခတ်လျက် ရှိသော်လည်း မိုးဝေစာပေမဂ္ဂဇင်း သည် စုံထောက်ဝတ္ထုမဂ္ဂဇင်းမှ မြစ်ဖျားခံလာသည်ဖြစ်၍ စုံထောက်မဂ္ဂဇင်း အကြောင်းကိုပင် အရင်ပြောရပါမည်။

ယနေ့ကာလတွင် မောင်လေးအောင်၊ မောင်သင်းခိုင် အစရှိသော "တော်လှန်ကဗျာ အင်အားစု" သည် မိုးဝေမဂ္ဂဇင်းကို အခြေပြုလျက် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးနှင့် ဆိုရှယ်လစ်ရေး၊ နိုင်ငံတကာကဗျာ လှုပ်ရှားမှုတွင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ပါဝင်ပတ်သက်နေကြသလို လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်ကလည်း နေသွေးနီ၊ မြင့်သြ၊ ကြည်ညို အစရှိသော "ကဗျာမြို့တော် အင်အားစု" သည်လည်း စုံထောက်မဂ္ဂဇင်းကို အခြေပြုလျက် စာရေးဆရာအသင်း

လှုပ်ရှားမှု၊ ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှု၊ ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှုနှင့် ကျောင်းသားလူငယ် လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ပတ်သက်ခဲ့ကြသည်။

ဟိုတုန်းက မိမိတို့ "ရွှေဗမာ လက်ဖက်ရည်ဆိုင်" တွင် ဆုံမိကြသည်။ နေ့စဉ်လိုပင် လူနှစ်ဆယ်၊ အစိတ်ခန့် ဆုံမိကြသည်။ စားပွဲသုံးလေးခုဝိုင်းရသည်။ ထိုမှပင် မဂ္ဂဇင်းကဗျာများ၊ ကဗျာစာအုပ်များနှင့် ကဗျာအဖွဲ့အစည်းများ ပေါက်ဖွားခဲ့သည်ဆိုလျှင် မှားမည်မဟုတ်ပေ။

ထိုစဉ်က စာရေးဆရာအသင်းတွင် မဲခွဲဆုံးဖြတ်ကြရသောအခါ မိမိတို့ဘက်တွင်ရှိသော အမာခံမဲများ၏ အများစုသည် စုံထောက်ကို အခြေပြုသော လူငယ်ကဗျာဆရာများပင် ဖြစ်ကြောင်း၊ ဝင်းဝင်းရုံတွင် ပြဇာတ်ကပြကြသောအခါတွင် အချို့သောသူများက အကြမ်းပတမ်းနည်းကို အသုံးပြုရန် ကြိုးစားလာသောအခါတွင် အသက်ကိုစွန့်လွှတ်ပြီး ခုခံကာကွယ်ရန် အားထုတ်သူများမှာလည်း ဤလူငယ်စုပင် ဖြစ်ပါသည်။ နောက်ဆုံး ကမ္ဘာအေးစာပေ ညီလာခံတွင် ဒဂုန်တာရာကို ကိုယ်ထိလက်ရောက်ပြုရန် အားထုတ်လာသော အခါတွင်လည်း ရှေ့မှလူလုံးဖြင့် ဝင်ရပ်ခဲ့သူများမှာလည်း ဤလူငယ်စုပင် ဖြစ်ပါသည်။

ဆည်းဆာသည်ပင် မှုန်ရီညို့မှိုင်းချေပြီကော။

## (ဂ)

လူထုဂျာနယ်နှင့် စုံထောက်မဂ္ဂဇင်းတွင် တစ်ပြိုင်တည်းရေးသားရင်းနတ်နွယ်ဟူသော ကလောင်အမည် တဖြည်းဖြည်း ဖြစ်တည်လာကြောင်းပြောခဲ့ပြီးပါပြီ။

စုံထောက်မဂ္ဂဇင်းကို ၁၉၅၁ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင်စတင်ထုတ်ဝေခဲ့ပါသည်။ စုံထောက်မဂ္ဂဇင်းကို ခေတ်ပြင်စာပေမှ ဆင့်ပွားခြင်း ဖြစ်ပါသည်။ ခေတ်ပြင်စာပေကို ဦးဆန်နီ၊ မိုးဇေဝနှင့် မင်းလတ်

ရဲခေါင်တို့က တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ "ခေတ်ပြင်စာပေ" ဟူသောအမည်ကို မင်းလတ်ရဲခေါင်ကပင် ပေးခဲ့ပါသည်။

ထိုစဉ်က ဦးဆန်နီသည် ယခုနေထိုင်သော စုံထောက်မဂ္ဂဇင်း အပေါ်ထပ် တိုက်ခန်းကို ခေတ်ပြင်ရဲဘော်များအား သော့ပါအပ်ထား ပါသည်။ ထို့ပြင်မက ဂျစ်ကားတစ်စင်းလည်း ပေးထားပါသည်။ ငွေကြေး အပြည့်အစုံလည်း ပေးထားပါသည်။

အောက်ထပ်တွင် ပုံနှိပ်စက်ရှိသည်။ အပေါ်ထပ်တွင် ရဲဘော်များ အိပ်ကြသည်။ ခေတ်ပြင်စာပေ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးသည် ဂျူးလီယက် ဖူးချစ်၏ ကြိုးစင်ပေါ်မှ မှတ်စုများကို ဘာသာပြန်နေသည်။ စာရေးဆရာ မိုးဝေသည် စတာလင်၏ လက်ရွေးစင်ကျမ်းတစ်ခုကို ဘာသာပြန်နေသည်။ အောက်ထပ်တွင် ဂီတနက်သန် ကိုစောညိန်း၏ ဝတ္ထုတစ်ပုဒ်ကို စက်တင် နေသည်။ စာရေးဆရာကျော်အောင်နှင့် တကသ၊ ဗကသ ကျောင်းသား ခေါင်းဆောင်အချို့သည် သူတို့ပုံနှိပ်ခိုင်းထားသော ကြေညာစာတမ်းများကို မှောင်ရီဆည်းဆာတွင် ထုတ်ယူသွားရန် ရှိနေကြသည်။

ရန်ကုန်မြစ်ကို ဖြတ်သန်းလာသော မိုးသက်လေသည် ခပ်ကြမ်း ကြမ်းကလေး တိုက်ခတ်လာသည်။

ဗောတံတား အမှောင်ရိပ်တွင် လူသုံးလေးယောက်သည် တစ်စုံ တစ်ခုကို တိုင်ပင်လျက်ရှိကြသည်။ သူတို့၏ အနားတွင် ဆာလောင် မွတ်သိပ်သဖြင့် ငိုယိုနေသော ကလေးငယ်များ၏ အသံကို ကြားယောင် နေကြဟန်ရှိ၏။

ဓာတ်တိုင်ရင်းဝယ် အမျိုးသမီးတစ်ယောက် မယောင်မလည်နှင့် ရှိနေသည်။ သူမ၏မျက်နှာတွင် ပေါင်ဒါများ ဖွေးဖွေးဖြူနေသည်။ ကား တစ်စင်း ရောက်လာသည်။ အမျိုးသမီးသည် ကားမောင်းသူနှင့် စကား အနည်းငယ်ပြောပြီးနောက် ကားပေါ်သို့ တက်လိုက်သွားသည်။

မလှမ်းမကမ်းတွင် ရှိနေသော ခေတ်မီအဆောက်အအုံမှ အနောက်တိုင်းတေးသံများ လွင့်ပျံ့လာသည်။

ညသည် တဖြည်းဖြည်း နက်ရှိုင်းလာသည်။ အုတ်နံရံများတွင် သပိတ်မှောက် ပိုစတာများ။

အနောက်တိုင်းတေးသံ ရပ်သွားသည်။ မီးများ ပိတ်သွားသည်။ တိတ်တဆိတ် တိုင်ပင်နေကြသူ သုံးဦးသည် ယင်းတိုက်ဆီသို့ ရောက်သွားကြသည်။

မိုးသက်လေသည် မုန်တိုင်းငယ်အဖြစ်သို့ ပြောင်းလဲစပြုနေသည်။

ခေတ်ပြိုင် စာပေအင်အားစုသည် မဂ္ဂဇင်းတစ်စောင် ထုတ်ဝေရန် ဆုံးဖြတ်လိုက်ကြသည်။ အရင်းရှင်စနစ်ရှိလျှင် ယင်းစနစ်၏ အသီးအပွင့်များဖြစ်သော ငတ်မွတ်မှုနှင့် ဒုစရိုက်မှုများလည်း ရှိပေလိမ့်မည်။ ထိုအခါ ယင်းဒုစရိုက်မှုများကို ဆန့်ကျင်တိုက်ခိုက်သော စာပေလည်း ရှိရပေလိမ့်မည်။

## (ဃ)

"မှောင်ခိုစနစ်ဆိုးဝါးမှုကို ဖော်ထုတ် တိုက်ခိုက်ကြရာတွင် မှောင်ခိုသူများကြောင့် ဆေးဝါးမလုံလောက်သဖြင့် အရွယ်ကောင်းသူတစ်ဦး မသေသင့်ဘဲ သေသွားရပုံကို ဘဝသရုပ်ဖော်ဝတ္ထုအဖြစ် ရေးသား၍လည်းကောင်း၊ မှောင်ခိုဂိုဏ်းနှင့် ယင်းဂိုဏ်းကို နှိမ်နင်းနေသော ရဲအဖွဲ့ကြားသို့ မအူမလည် ရောက်ရှိသွားသူ တစ်ယောက်အကြောင်းကို ဟာသဝတ္ထုရေး၍လည်းကောင်း၊ မှောင်ခိုအမျိုးသမီးတစ်ဦးနှင့် ခရီးသွားရင်း တွေ့ဆုံချစ်ကြိုက်မိသော အစိုးရအမှုထမ်း တစ်ဦး၏အကြောင်းကို အချစ်ဝတ္ထုအဖြစ် ဖွဲ့နွဲ့၍လည်းကောင်း၊ လေ့လာရေးခရီးထွက်သော ကျောင်းသူ၊ ကျောင်းသားတစ်စု ဂူကြီးတစ်ခုအတွင်းသို့ အမှတ်မထင် ရောက်ရှိသွားပြီး မှောင်ခိုဂိုဏ်းကို ဖမ်းမိခဲ့ပုံအကြောင်း လျှို့ဝှက်သည်းဖိုဝတ္ထုရေးသား၍လည်းကောင်း ဆန့်ကျင်တိုက်ခိုက်နိုင်ပေသည်။ သို့ဖြင့် ဝတ္ထုတစ်ပုဒ်နှင့်

တစ်ပုဒ်သည် ပုံသဏ္ဍာန် ခြားနားကြစေကာမူ ဘ၀သရုပ်ဖော်၊ ဟာသ၊ အချစ်၊ လှို့ဝှက်သည်းဖိုဟု အမည်တပ်ကြစေကာမူ ယင်း၀တ္ထုအားလုံး၏ ဦးတည်ချက်ကား တစ်ခုတည်းပင်ဖြစ်သည်။ မှောင်ခိုစနစ် ဆန့်ကျင်ရေး ပင်ဖြစ်သည်။

ယင်းသို့ဆိုလျှင် ကျွန်ုပ်တို့သည် ၀တ္ထုတစ်ပုဒ်၏ အကောင်းအဆိုး ကို ကြည့်လိုလျှင် ယင်း၏ဦးတည်ချက်ကိုသာ အရင်ကြည့်ရပေမည်။ ဦးတည်ချက် မှန်မမှန်၊ ခေတ်နှင့် ညီမညီကိုသာ စစ်ကြောရပေမည်။ ဘ၀သရုပ်ဖော်ဖြစ်၍၊ ဟာသဖြစ်၍၊ အချစ်၀တ္ထုဖြစ်၍၊ လှို့ဝှက်သည်းဖို ဖြစ်၍ တန်ဖိုးမရှိ၊ စာပေမမြောက်ဟု မပြောသင့်ပေ။ ဆိုလိုသည်မှာ ပုံသဏ္ဍာန်ကိုကြည့်၍ ကောက်ချက်မချသင့်ပေ။

ဦးတည်ချက်မှန်ဖို့သာ အရေးကြီးပေသည်" ဟု ၁၉၆၈ ခုနှစ်တွင် ထုတ်ဝေသော မောင်သိန်းဆိုင်၏ "ပုဂံမြို့သူ" ပထမနိပ်တွင် မိမိ အမှာ ရေးခဲ့ပါသည်။

အပေါစား စုံထောက်၀တ္ထုများ မရှိမဟုတ် ရှိပါသည်။ ရာဇ၀တ်မှု အားပေးသော၊ အညှီအဟောက်များသော ဒိန်းဒိန်းဒိုင်းဒိုင်းများ မရှိမဟုတ် ရှိပါသည်။ ပုံစံပြရလျှင် အညံ့စားဟာသ၀တ္ထုရှိသလို၊ အနိမ့်စား သရုပ်ဖော် ၀တ္ထုများ ရှိသလိုပင် ဖြစ်ပါသည်။ အမျိုးသားလွတ်မြောက်ရေး၊ ဆိုရှယ် လစ်ရေး ဦးတည်ချက်ဖြင့် အလုပ်သမား၊ လယ်သမားတို့၏ ဘ၀ကို သရုပ်ဖော်သည်ဆိုတိုင်း ပြည်သူ့စာပေအဆင့်တွင် ရှိနေသည်မဟုတ်ပါ။ အံချော်တတ်ပါသည်။ သွေဖည်သော၀တ္ထုတစ်ပုဒ် ဖြစ်နိုင်ပါသည်။

အမှန်တော့ ၀တ္ထုတစ်ပုဒ် ကောင်းသည်၊ မကောင်းသည်၊ အပေါစား ဖြစ်သည်၊ အရှားစားဖြစ်သည်ဆိုသည်မှာ အမျိုးအစားပေါ်တွင် မတည်ပါ။ စာရေးဆရာပေါ်တွင် တည်ပါသည်။ ၀တ္ထုတစ်ပုဒ်ချင်းပေါ်တွင် တည်ပါ သည်။ ရုရှားစာရေးဆရာကြီး ဒေါ်တော့ယက်စကီ၏ ၀တ္ထုများကို အပေါစား စုံထောက်၀တ္ထု၊ လှို့ဝှက်သည်းဖို၀တ္ထုများဟု မသတ်မှတ်ကြပါ။ ဂန္ထ၀င်

မြောက်သော စိတ္တဗေဒဝတ္ထုများဟု မှတ်ယူကြပါသည်။ သူ၏အယူအဆကို ကြိုက်သည်၊ မကြိုက်သည်က တစ်ပိုင်းဖြစ်သည်။

ယင်းကြောင့် ဝတ္ထုတစ်ပုဒ်ကို ကြည့်ရာတွင် အရေးကြီးသည်က ဦးတည်ချက်ပင် ဖြစ်ပါသည်။ အသုံးပြုထားသော ပုံသဏ္ဌာန်အမျိုးအစား မဟုတ်ပါ။ ဝတ္ထုတစ်ပုဒ် ကောင်းသည်၊ မကောင်းသည်က ဦးတည်ချက်နှင့်လည်း မဆိုင်ပါ၊ ပုံသဏ္ဌာန် အမျိုးအစားနှင့်လည်း မဆိုင်ပါ။ စာရေးဆရာ၏ ဖန်တီးမှုအတတ်ပညာနှင့် ဆိုင်ပါသည်။

စုံထောက်ဝတ္ထုမဂ္ဂဇင်းတွင် အယူသီးမှု အားပေးသော စုန်းတစ္ဆေများ မပါရှိပါ။ ယင်းကိုဆန့်ကျင်သော တင့်ဆန်း၏ ကပ္ပိယစုံထောက်ကြီးသာ ပါရှိပါသည်။ စုံထောက်ဝတ္ထုမဂ္ဂဇင်းတွင် ပါရှိသော ဝတ္ထုအများစုသည် ဒုစရိုက်မှုကို ဆန့်ကျင်ရုံသာမက ဒုစရိုက်မှုအစုစုတို့သည် အရင်းရှင်စနစ်၏ အသီးအပွင့်များ ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြသပေးသည်။

စုံထောက်မဂ္ဂဇင်းတွင် မိုးဝေ၊ တင့်ဆန်း၊ လင်းယုန်သစ်လွင်၊ ဂျာနယ်ကျော်တင့်ဆွေ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ တင်စိုး၊ လင်းယုန်နီ၊ ပါရဂူစသူတို့နှင့်အတူ နေသွေးနီတို့၊ မိမိတို့ လူငယ်အင်အားစုများလည်း အလုံးအရင်းနှင့် ပါဝင်ရေးသားခဲ့ကြပါသည်။

ယင်းသို့ မိမိတို့လူစု စုံထောက်မဂ္ဂဇင်းတွင် ပါဝင်ရေးသားနေကြသည်ကို တိုးတက်သော စာရေးဆရာအချို့က နှာခေါင်းရှုံ့ကြပါသည်။ သို့သော် သူတို့ကိုယ်တိုင်ကမူ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ပြည်သူ့ဆန့်ကျင်ရေး စာနယ်ဇင်းများတွင်လည်းကောင်း၊ ဒေါ်လာ အထောက်အပံ့ခံ စာနယ်ဇင်းများတွင်လည်းကောင်း၊ စာမူခ တနင့်တပိုးယူလျက် မြိန်ရေရှက်ရေ ရေးသားနေကြသည်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်က အယူအဆသည် ယနေ့တိုင် မပြယ်သေးပေ။ ယင်းကြောင့်ပင် မေလထုတ် ရှုမဝမဂ္ဂဇင်းအမှတ် (၃၀၀) ပြည့်တွင် စာပေသစ်လက်ဟောင်းကြီး ဒဂုန်တာရာက သူ၏စာပေ ဆည်း

ဆာဆောင်းပါးတွင် အောက်ပါအတိုင်း ရေးထားခြင်းဖြစ်ပါသည်။

စာဖတ်သူ ဆိုလိုသည်မှာ တစ်ဖက်က တိုးတက်သော၊ တော်လှန်သော၊ ပြည်သူအကျိုးပြုသောစာပေ စသည်များ သုံးနှုန်းကြွေးကြော်ပြီး၊ လှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုများ ရေးနေရသလာဟူသည့် သဘောပင် ဖြစ်ပါသည်။

မေလထုတ် ပြည်သူ့ကြယ်တွင် ပါရှိသော ဆောင်းပါးနှစ်ပုဒ်မှာလည်း လှို့ဝှက်သည်းဖို အရေးအသား ဆန့်ကျင်ရေးပင် ဖြစ်ပါသည်။ ဆောင်းပါးသုံးပုဒ်သည် မတိုင်ပင်ဘဲ ညှိထားသည့်အလား တစ်လေတည်း၊ တစ်သံတည်း ဖြစ်ပါသည်။ တစ်ယောက်တည်းကရေးသလား သို့မဟုတ် တစ်ယောက်တည်းက ညွှန်ကြားလေသလားဟုပင် အောက်မေ့ရသည်။

## (င)

၁၉၅၁ ခု၊ နိုဝင်ဘာလထုတ် အမှတ် (၉)မှစ၍ စုံထောက်မဂ္ဂဇင်းတွင် မိမိပါဝင် ရေးသားခဲ့သည်။ ဝတ္ထုတိုဖြစ်သည်။ နောက်ထပ်ဝတ္ထုတိုတစ်ပုဒ်ရေးပြီးနောက် မဂ္ဂဇင်းဝတ္ထုရှည် နှစ်ပုဒ်ရေးခဲ့သည်။ ထို့နောက် ဝတ္ထုတို နှစ်ပုဒ်ရေးသည်။ ယင်းကာလအတွင်းတွင် မိမိသည် စုံထောက်မဂ္ဂဇင်း အယ်ဒီတာများဖြစ်သော မိုးဝေ၊ ဝင်းနိုင်၊ ခင်ဝင်း၊ တင့်ဆန်းတို့နှင့် စာချင်းအဆက်အသွယ် ရခဲ့သည်။ သူတို့၏ အားပေးမှုကို ရရှိခဲ့သည်။ အခွင့်သာသည့် တစ်နေ့တွင် ရန်ကုန်သို့သွားရန် မိမိဆုံးဖြတ်ထားသည်။ စုံထောက်မဂ္ဂဇင်းကို အခြေပြုပြီး စာပေလောကသို့ ဝင်ရောက်ရန်ဖြစ်သည်။

မိမိ မျှော်လင့်စောင့်စားနေသော အခွင့်အရေးကို ၁၉၅၃ ခုနှစ် နှစ်ဦးပိုင်းတွင် ရရှိသည်။

မိမိတို့သည် ဆွေးနွေးမှုများ၊ ညှိနှိုင်းပြင်ဆင်မှုများ မပြတ်ပြုလုပ်နေကြရသည်။

သည်ကြားထဲကပင် မိမိသည် မိုးသည်းသော တစ်ညနေတွင် အ

မှတ် (၂၉)၊ ဘရွတ်ကင်းလမ်း (ယခု ဘိုကလေးဈေးလမ်း)ရှိ စုံထောက်မဂ္ဂဇင်းတိုက်သို့ ကျောက်မဲခုံဖိနပ်ကြီး တဒေါင်ဒေါင်ဖြင့် ရောက်ရှိသွားပါသည်။

"ကျွန်တော်က ခင်ဗျားလာနိုင်ဦးမယ် မထင်ဘူး၊ ခင်ဗျားတို့ ညီလာခံ အတော်ပြင်းထန်နေတယ် မဟုတ်လား၊ အခြေအနေ ဘယ်လိုလဲ"

မိုးဝေက မေးပါသည်။ မိမိက ရယ်မောလျက် ...

"ကျွန်တော်တို့က ဖဆပလ ဩဇာခံတွေကို ဘာ့ကြောင့် မတိုက်နိုင်ရမှာလဲ"

စုံထောက်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့က မိမိကို ညစာကျွေးကြသည်။ မိမိက ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်ရင်း စာပေလောကသို့ ဝင်လိုကြောင်း ပြောသောအခါ သူတို့က တတ်နိုင်သည့်ဘက်မှ ကူညီမည်ဖြစ်ကြောင်း ကတိပြုကြသည်။ အားပေးကြသည်။

သည်တော့ ပြင်းထန်သော တိုက်ပွဲများကြားဝယ် တောက်ပသော အပြုံးတစ်ခု လင်းလက်ရတော့သည်။

❐

# မိုးဝေဘာလဲ၊ မိုးဝေဘယ်လဲ - ၂

## (၈)

ရန်ကုန်မှ အပြန်တွင် ချက်လက်မှတ်တစ်စောင် ရရှိလာသည်။ စုံထောက်ဦးဆန်နီက မန္တလေးရဲရင့်စာပေတွင် ငွေတစ်ရာထုတ်ယူရန် ငွေလွှဲစာပေးလိုက်ခြင်းဖြစ်သည်။ ပထမဆုံးရရှိဖူးသော စာမူခပင် ဖြစ်သည်။ ယင်းငွေတစ်ရာကိုပင် လမ်းစရိတ်ပြုပြီး ရန်ကုန်သို့ ပြန်ခဲ့သည်။

အိမ်ကမူ ရန်ကုန်သွားသည်ကို သဘောမတူ၊ ကျောင်းနေလိမ့်မည်ဟုမထင်။ စာပေလောကထဲ ဝင်လိမ့်မည်၊ နိုင်ငံရေးလောကထဲ ဝင်လိမ့်မည်ဟု တွက်ထားသည်။

တွက်ထားသည့်အတိုင်းပင် မိမိကျောင်းနေသည်ဆိုခြင်းက မည်ကာမတ္တ၊ မိမိဘဝသည် တကသတွင် တစ်ဝက်၊ စုံထောက်မဂ္ဂဇင်းတိုက်တွင် တစ်ဝက်။

ရန်ကုန်ရောက်ရောက်ချင်း ဗိုလ်ချုပ်ဈေးအတွင်းရှိ ရန်ကုန်ခရိုင်ဗလစရုံးခန်းတွင် စတည်းချသည်။ အခန်းကျဉ်းကလေးတွင် ကျောင်းသားလူငယ်များ ပြည့်သိပ်နေသည်။ တစ်ပတ်ခန့်အကြာတွင် ကျားကူးကွက်သစ်ရှိ လင်းယုန်သစ်လွင်၏ အခန်းသို့ ပြောင်းသည်။ ထိုမှတစ်ဖန် အလုံရှိ တင့်ဆန်း၏အိမ်သို့ ရောက်ရသည်။

မနက် ခုနစ်နာရီ ကျောင်းသွားသည်။ သို့သော် စာသင်ခန်းတွင် အရှိနည်းသည်။ ကျောင်းဆောင်များနှင့် တကာသအစည်းအဝေးများတွင် အနေများသည်။ သို့သော် နေ့ခင်းနှစ်ချက်လောက်ဆိုလျှင် မြို့ထဲဆင်းသည်။ စုံထောက်မဂ္ဂဇင်းသို့ ဖြစ်သည်။ မိမိတွင် အခြားဘယ်မှ သွားစရာမရှိ။

စုံထောက်မဂ္ဂဇင်းတိုက်သည် မိမိ၏ ညနေပိုင်းကမ္ဘာဖြစ်သည်။ မိမိ၏ စာပေအခြေခံစခန်း ဖြစ်သည်။ စာရေးဆရာ၊ ပန်းချီဆရာများနှင့် တွေ့ဆုံရင်းနှီးရသည်။ စာအကြောင်း၊ ပေအကြောင်း နှီးနှောလေ့လာခွင့် ရသည်။ ပုံနှိပ်လုပ်ငန်းနှင့် မဂ္ဂဇင်းလုပ်ငန်း၊ စာအုပ်လုပ်ငန်းကို ထိတွေ့ရသည်။

ကိုမိုးဝေ၊ ကိုတင့်ဆန်းနှင့် ဦးဆန်နီတို့က မိမိကို အစစအရာရာ ကူညီကြသည်။ သင်ကြား ပြသပေးကြသည်။ ထိုမျှမက တစ်နေ့တွင် သူတို့က ...

"ကျွန်တော်တို့ ရုပ်ရှင်ဝတ္ထု မဂ္ဂဇင်းထုတ်မလို့"

"အဲဒီမှာကော ကျွန်တော် ဝင်ရေးရမလား"

"ဝင်ရေးရမှာ မဟုတ်ဘူး၊ အယ်ဒီတာလုပ်ရမှာ"

"ဘုရားရေ"

သို့သော် တကယ်ပင် မိမိ ရန်ကုန်ရောက်ပြီး လပိုင်းအတွင်းမှာပင် ပြုစုပျိုးထောင်သူတို့၏ အတင်းတွန်းတင်မှုဖြင့် မဂ္ဂဇင်းတစ်စောင်တွင် အယ်ဒီတာ ဖြစ်ရတော့သည်။ ကိုမိုးဝေ၊ ကိုတင့်ဆန်းနှင့် ဦးဆန်နီတို့က အတိုင်ပင်ခံ အယ်ဒီတာများအဖြစ် ဘေးမှ ထိန်းပေးကြသည်။ အဓိက တာဝန်ခံ၍ လုပ်ကြရသူများမှာ မိမိနှင့် ခင်နွယ်တင်ဖြစ်သည်။ တင့်ထူး၊ သူရိန်နှင့် မင်းဒင်တို့လည်း အယ်ဒီတာ အဖွဲ့ဝင်များအဖြစ် ဝိုင်းဝန်း လုပ်ဆောင်ကြသည်။

သို့သော် တာဝန်ခံအယ်ဒီတာသည် အိပ်မက်မျှသာဖြစ်သည်။ ရုပ်ရှင် ဝတ္ထု၊ မဂ္ဂဇင်းသည် နှစ်လသာထွက်ပြီး ရပ်သွားသည်။ လူထု ဒေါ်အမာ

၏ ဆက်သွယ်ပေးမှုဖြင့် အရှေ့ဥရောပနိုင်ငံများမှ ရုပ်ရှင်စာစောင်များ၊ ဓာတ်ပုံများ၊ စာအုပ်စာတမ်းများ အမြောက်အမြား ရောက်ရှိလာသည်။ ထိုအခါ ယင်းဆောင်းပါးများ၊ ဓာတ်ပုံများကို စုံထောက်မဂ္ဂဇင်းမှပင် အသုံးပြုကြရသည်။ အရှေ့ဥရောပနိုင်ငံများမှ တိုးတက်သော ရုပ်ရှင်လုပ်ငန်းနှင့် ရုပ်ရှင်များအကြောင်းကို စုံထောက်မဂ္ဂဇင်းတွင် တခမ်းတနား ဖော်ပြနေသောအခါ အချို့က အံ့ဩသည်။ အချို့က ဘာဆိုင်လို့လဲဟု ပြောချင်ပုံရသည်။ ရုပ်ရှင်လောကသို့ ခြေတစ်ဖက် လှမ်းစပြုနေသော စာရေးဆရာကြီးတစ်ဦးကမူ "အဲဒီဆောင်းပါးတွေ အဲဒီမဂ္ဂဇင်းထဲမှာ ပါနေတာ နာတယ်ဗျာ။ သူတို့နဲ့ ဘာဆိုင်လို့လဲ၊ သူတို့အလုပ်က ဒိန်းဒိန်း ဒိုင်းဒိုင်းပဲ" ဟု ဆိုသည်။

## (ဆ)

ရုပ်ရှင်ဝတ္ထုမဂ္ဂဇင်း ရပ်သွားသောအခါ မိမိနှင့် ခင်နွယ်တင်သည် စုံထောက်မဂ္ဂဇင်းတွင် အယ်ဒီတာအဖွဲ့ဝင်များ ဖြစ်လာကြသည်။ ပုရုဖ်ပြင်ရသည်။ စာမူ ဖတ်ရသည်။ ပင်တိုင် ရေးရသည်။ မိမိက တစ်နေ့နစ်ကျပ်ရသည်။ ခင်နွယ်တင်ကတော့ ဘဲလ်အဲယားကားကြီးနှင့် သူဌေးသမီးမို့ ကိုယ့်ထမင်းကိုယ်စား။

အရင်က စုံထောက်မဂ္ဂဇင်းတွင် ကဗျာမထည့်။ ကိုတင့်ဆန်း ရောက်လာမှ ကဗျာထည့်ခြင်း ဖြစ်သည်။ စုံထောက်မဂ္ဂဇင်းတွင် ကဗျာထည့်သည်ကိုလည်း ပြောကြသည်။ ထိုမျှမက လူငယ်တွေ၏ ငြိမ်းချမ်းရေးနှင့် တိုက်ပွဲကဗျာများ ပါလာသောအခါ နှာခေါင်းရှုံ့ကြသည်။ ဘယ်သူတွေ ဘာပြောပြော စာတည်းအဖွဲ့က ကဗျာတွေကို အသာပေး၍ ဖော်ပြသည်။ သုံးရောင်ခြယ် သရုပ်ဖော်ပုံများနှင့် တန်ဆာဆင်သည်။ ကဗျာတင်မက စာညွှန်များလည်း ထည့်သည်။ မြတ်လေး၏ ငြိမ်းချမ်းရေးတေးများကိုလည်း မဂ္ဂဇင်းတွင် တွေ့ရသည်။

သည်မှုမက။

ရာဟုလာသံကိစ္စည်း၏ "ကွန်မြူနစ်ဝါဒသာလျှင် အဘယ့်ကြောင့်" ဟူသော ဆောင်းပါးရှည်ကြီးကို ပါရဂူမြန်မာပြန်၍ လစဉ်ဖော်ပြသော အခါ၊ "စွန်ချောင်မှ ဒိုင်ယာရီ" ကို လင်းယုန်နီက လစဉ်ပြန်ဆို ရေးသား သောအခါ စုံထောက်မဂ္ဂဇင်း "နီ" သွားပြီဟု ပြောသူက ပြောလာကြသည်။ ခွေးပါးစပ်က နတ်စကားထွက်သည်ဟု ဆိုသူက ဆိုကြသည်။

မိမိတို့ကမူ ကိုယ့်လမ်း ကိုယ်သွားကြသည်။ ကိုယ်ယုံကြည်သည်ကို ကိုယ်တတ်နိုင်သမျှ လုပ်ဆောင်ကြသည်။

## (၈)

စုံထောက်မဂ္ဂဇင်း စာတည်းအဖွဲ့တွင် နေသွေးနီရောက်နေသည်ကို တွေ့ရသည်။ အခြားတိုးတက်သော စာရေးဆရာများလည်း ပါဝင်ရေးသား နေကြသည်။

မိမိပြန်ရောက်ပြီး ရက်ပိုင်းအတွင်းမှာပင် ကိုတင့်ဆန်း ဆေးရုံ တက်ရသည်။ ထိုအခါ မိမိက ကိုတင့်ဆန်း၏ တာဝန်များကို ခေတ္တလွှဲ ယူရသည်။ တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်ရသည်။

မိမိလုပ်ချင်သည်များကို ကိုမိုးဝေနှင့် ဦးဆန်နီတို့ကို တင်ပြသည်။ သူတို့က သဘောတူသည်သာ များသည်။ စုံထောက်မဂ္ဂဇင်းတွင် ခေါင်းကြီး ပါလာသည်။ စာပေပြဿနာများကို တင်ပြသည်။ ဘဝသရုပ်ဖော် ဝတ္ထု များနှင့် စာပေအနုပညာ ဆောင်းပါးများ ပိုမိုပါဝင်လာသည်။

သည်အချိန်တွင် ကမ္ဘာကျော် ဒိန်ဗင်ဖူးတိုက်ပွဲ၊ ဂျီနီဗာစာချုပ်၊ သမ္မတဟို။

မိုးဝေ၊ နေသွေးနီနှင့် မိမိတို့သုံးယောက် ပေါင်းပြီး "ဗီယက်နမ် ပြည်သူများ၏ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲ" အကြောင်း စာအုပ် တစ်အုပ်ရေးသားပြီး ခေတ်ပြင်စာပေမှ ထုတ်ဝေသည်။ ဗီယက်နမ်ပြဿနာ

သည် လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်ကတည်းကပင် စုံထောက်မဂ္ဂဇင်းတွင် ရောင်ပြန်ဟပ်ခဲ့သည်။

(၅)

ကိုတင့်ဆန်း ဆေးရုံမှဆင်းသောအခါ မိမိမန္တလေးသို့ ခေတ္တပြန်သည်။ မန္တလေးမှ ပြန်လာသောအခါ စုံထောက်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့မှ ထွက်ပြီး ကိုတင်စိုး၏ ငြိမ်းစာပေတွင် လုပ်သည်။ နေသွေးနီလည်း ငြိမ်းစာပေသို့ ရောက်လာသည်။ မိမိက အပြာ၊ သူက လှိုင်။

ထို့နောက် ကိုတင့်ဆန်းလည်း "ငြိမ်း" သို့ ရောက်လာသည်။ မိမိတို့ "ဆန္ဒ" ဂျာနယ် ထုတ်ကြသည်။

စုံထောက်တွင် ကိုစောလင်းက တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ မိမိတို့ စုံထောက်သို့ မကြာမကြာ ရောက်သည်။ ကြိုကြား ကြိုကြား ရေးသည်။

သို့သော် ဆန္ဒဂျာနယ်နှင့် ငြိမ်းစာပေရပ်သွားပြီး မိမိတို့လူစု ကိုတင်အောင်–မစန်းစာပေတွင် စုဝေးမိကြသောအခါ ပြားခြောက်ဆယ်တန်ခေတ်နှင့် ကြုံသဖြင့် တစ်လ တစ်အုပ်၊ နှစ်အုပ် ရေးနေကြရသဖြင့် စုံထောက်တွင် စာရေးကျဲသွားကြသည်။

တစ်ဖန် လျှို့ဝှက်သည်းဖို မဂ္ဂဇင်းကို လုပ်မိကြသောအခါ ပို၍ မအားမလပ်ဖြစ်ပြီး၊ စုံထောက်နှင့် အဆက်ပြတ်သလောက် ရှိနေကြသည်။

စုံထောက်မဂ္ဂဇင်းမှာလည်း ၂၉၊ ဘရွတ်ကင်းလမ်း (ဘိုကလေးဈေးလမ်း)မှလမ်း ၃၀ သို့ ရောက်သွားပြီ ဖြစ်သည်။ ဦးဆန်နီသည် ကိုယ်ရေးကိုယ်တာ ကိစ္စများဖြင့် မအားမလပ်သဖြင့် မဂ္ဂဇင်းလုပ်ငန်းကို မိုးဝေနှင့် တက္ကသိုလ် နန္ဒမိတ်တို့သို့ လွှဲထားသည်။ မဂ္ဂဇင်း၏ ထုတ်ဝေဖြန့်ချိမှု လုပ်ငန်းရပ်များကို တက္ကသိုလ်နန္ဒမိတ်က တာဝန်ယူလုပ်ဆောင်သည်။

ကိုမိုးဝေသည် စုံထောက်မဂ္ဂဇင်းမှာရော၊ လျှို့ဝှက်သည်းဖို မဂ္ဂဇင်းမှာပါ စာတည်းချုပ် အမည်ခံထားသော်လည်း ဘယ်မဂ္ဂဇင်းမှာမှ ကိုယ်ထိလက်ရောက် လုပ်ဆောင်ခြင်း မရှိချေ။ စာမူရေးပေးသည်။ အကြံဉာဏ်ပေးသည်။ နှီးနှောတိုင်ပင်သည်။ ဒါပဲ။

သည်လိုနှင့်ပင် လျှို့ဝှက်သည်းဖိုမှ မိမိထွက်ပြီး အမျိုးသားသတင်းစာသို့ ရောက်သွားသည်။ လျှို့ဝှက်သည်းဖိုတွင် မောင်သက်နောင်၊ မောင်သိန်းဆိုင်၊ စစ်ကိုင်းအေးလွင်၊ လူအောင် စသူတို့ စုဝေးကြသည်။

အမျိုးသား သတင်းစာမှ ထွက်ပြီးနောက် မိမိ ဘယ်မှာမှမလုပ်ဘဲ စာပဲရေးသည်။ လုံးချင်း အရေးများသည်။

သည်စဉ်တွင် စုံထောက်မဂ္ဂဇင်းကို မြစာပေမှ တာဝန်ယူလုပ်ဆောင်မည်ဟု စာပေလောကတွင် သတင်းထွက်လာသည်။ သတင်းစာများတွင် ကြော်ငြာပါလာသည်။

## (ည)

ထိုစဉ်က မြစာပေသည် ထိပ်တန်းစာအုပ်တိုက် ဖြစ်သည်။ မြစာပေ၏အရှိန်အဝါသည် ကြီးမားလှသည်။ မြစာပေက စုံထောက်မဂ္ဂဇင်းကို အင်နှင့်အားနှင့် လုပ်မည်ဖြစ်သည်။

ကိုမိုးဝေကိုယ်တိုင် အယ်ဒီတာစားပွဲတွင် ပြန်ထိုင်သည်။ အယ်ဒီတာအဖွဲ့သည် တောင့်တင်းလှသည်။ မိုးဝေ၊ တက္ကသိုလ်နန္ဒမိတ်၊ လေးမြင့်။

မဂ္ဂဇင်းကို တစ်လရပ်နားပြီး အင်နှင့်အားနှင့် ထွက်ရန်တာစူနေစဉ် တစ်ရက်တွင် စုံထောက်မဂ္ဂဇင်းတည်ရာ မြစာပေတိုက်သို့ မိမိရောက်သွားသည်။ မိမိကို မြင်သောအခါ ကိုမိုးဝေက ဝမ်းသာအားရနှင့် ...

"ခင်ဗျားလာတာ အတော်ပဲ"

"ဘာပြုလို့လဲ"

"ခင်ဗျား စုံထောက်မှာ ပြန်လုပ်ပါ"

"ခင်ဗျား အယ်ဒီတာအဖွဲ့က အတောင့်ပဲ၊ လူလိုသေးလို့လား"

"လိုတာပေါ့၊ ကိုလေးမြင့်က အစိုးရအလုပ် လုပ်သွားပြီ၊ ပုံနှိပ်တိုက်က တောင်ဥက္ကလာမှာ၊ ကျွန်တော်တို့က ဒီမှာထိုင်ရတာ၊ ဟိုမှာလုပ်ဖို့ လူငယ်နှစ်ယောက် ထားတယ်၊ ဒါပေမဲ့ သူတို့က အတွေ့အကြုံမရှိသေးတော့ ကျွန်တော်နဲ့ ဦးတင်အောင်ကြီး (နန္ဒမိတ်) တောင်ဥက္ကလာပြေးလိုက်၊ ဒီပြန်လာလိုက် လုပ်နေရတယ်"

သို့ဖြင့် မိမိသည် စုံထောက်မဂ္ဂဇင်းနှင့် ပြန်လည် ရေစက်ဆုံရသည်။ မိမိအလုပ်ဝင်သည့် အချိန်တွင် အသစ်ထွက်မည့် မဂ္ဂဇင်းအမှတ် (၁)သည် ၅ ဖောင်သာ ပြီးသေးသည်။

မိမိနှင့်အတူ တွဲဖက်လုပ်ရမည့် လူငယ်နှစ်ဦးမှာ အောင်ကျော်နှင့် ရဲကျော်ဖြစ်သည်။ သူတို့နှစ်ယောက်ကို မိမိ အရင်ကမသိ။ သူတို့က လမ်း (၃၀)ရောက်မှ ကိုလေးမြင့်နှင့်ပတ်သက်ပြီး ရောက်လာသူများဖြစ်သည်။

တစ်လ နှစ်လအကြာတွင် ရဲကျော် ထွက်သွားသည်။ နောက်တစ်ဖန် တက္ကသိုလ်နန္ဒမိတ်သည် ဇနီးဆုံးပြီး သံတွဲသို့ ပြန်သွားသဖြင့် စာတည်းအဖွဲ့တွင် မိုးဝေ၊ မိမိနှင့် အောင်ကျော်တို့သုံးယောက်သာ ကျန်ရစ်သည်။

စောစောပိုင်းက မိမိတာဝန်မှာ ပုံနှိပ်တိုက်တွင်သာ ရှိသည်။ စာမူများကို နန္ဒမိတ်က ဒိုင်ခံဖတ်သည်။ နန္ဒမိတ် မရှိသောအခါ စာမူဖတ်သောအလုပ်သည် မိမိခေါင်းပေါ်သို့ ရောက်လာသည်။

ထိုမျှမက။

တစ်နှစ်ခန့် လုပ်မိသောအခါ မြစာပေသည် အကြောင်းကြောင်းကြောင့် မဂ္ဂဇင်းကို ဆက်လက်၍ မလုပ်နိုင်တော့ချေ။ ထိုအခါ မိုးဝေနှင့် မိမိတို့ မဂ္ဂဇင်း ဆက်လက်ထွက်ရှိရေးအတွက် နည်းလမ်းရှာကြရသည်။ နောက်ဆုံးတွင် ကိုတင်အောင်–မစန်းစာပေနှင့် သဘောတူညီမှု ရကြသည်။ ကိုတင်အောင်–မစန်းစာပေမှ မဂ္ဂဇင်းတစ်အုပ်လုံး ပြီးသည်အထိ

ငွေစိုက်ပြီး ရိုက်နှိပ်ပေးသည်။ ထို့နောက် ဖြန့်ချိပေးသည်။ သူတို့စိုက်ထားသော ငွေကိုနုတ်ပြီး မိမိတို့ကို ပေးသည်။ ထိုငွေကို မိမိတို့က အယ်ဒီတာခ၊ စာမူခ၊ ပန်းချီခအဖြစ် ခွဲဝေရမည်ဖြစ်သည်။

ယင်းလုပ်ငန်းများ အားလုံးလိုကို မိုးဝေက မိမိနှင့်လွှဲထားသဖြင့် မိမိ တာဝန်ခံအယ်ဒီတာလုပ်ငန်းအပြင် တိုက်အုပ်လုပ်ငန်းကိုလည်း ထမ်းဆောင်ရတော့သည်။

ယင်းသည်ပင် မိုးဝေမဂ္ဂဇင်း ထုတ်လုပ်မှု ပုံသဏ္ဌာန်အစနှင့် မိမိ ဂဏန်းတွက်ရခြင်း အစတို့ပင်ဖြစ်တော့သည်။

မိုးဝေဘာလဲ၊ မိုးဝေဘယ်လဲဟူသာ မေးခွန်းအပြင် နတ်နွယ်ဘာလဲ၊ နတ်နွယ်ဘယ်လဲဟူသော မေးခွန်းသည်လည်း တစ်ချိန်တည်းမှာပင် ထွက်ပေါ်လာရတော့သည်။

❒

## မိုးဝေဘာလဲ၊ မိုးဝေဘယ်လဲ - ၃

### (၄)

မြစာပေနှင့် လမ်းခွဲခဲ့ပြီးနောက် ကိုတင်အောင်–မစန်းစာပေနှင့် တွဲဖက်လုပ်ကိုင်သည့် အချိန်မှစတင်ပြီး မိမိ ဂဏန်းတွက်ခဲ့ရသည် ဆိုသော်လည်း စာရင်းသိပ်မရှုပ်သေး၊ ခေါင်းသိပ်မခြောက်ရသေး။

ကိုတင်အောင်–မစန်းစာပေနှင့် တစ်လတစ်ကြိမ် စာရင်းရှင်းရသည်။ တစ်ဦးကိုတစ်ဦး နားလည်မှုရှိသဖြင့် အခက်အခဲမရှိ။ စာရင်းရှင်းပြီး ရရှိသောငွေကို ပြန်လည်ခွဲဝေ၍ သုံးကြရာတွင်လည်း မိမိနှင့်ကိုမိုးဝေကြားတွင် ဘာပြဿနာမှမပေါ်။

မြစာပေမှ ပြောင်းစက မိမိတို့ (၉၆)လမ်း၊ ဘင်္ဂါလီစု၊ သီရိမင်္ဂလာ ပုံနှိပ်တိုက်တွင် ရုံးဖွင့်သည်။ ထို့နောက် (၃၉)လမ်း၊ စိန်ပုံနှိပ်တိုက်သို့ ပြောင်းသည်။ တိုက်ရှင်က မိမိတို့ကို ပုံနှိပ်လုပ်ငန်းရော၊ တိုက်ခန်းပါ လွှဲထားသဖြင့် မိမိတို့ စိတ်တိုင်းကျ လုပ်ဆောင်ခွင့်ရှိသည်။ အလုပ်သမားများနှင့်လည်း နားလည်ညီညွတ်မှုရှိသဖြင့် လုပ်ရကိုင်ရသည်မှာ စိတ်ချမ်းသာလှသည်။

တစ်ဖက်တွင်။

ကိုမိုးဝေသည် အများသိပြီး ဖြစ်သည့်အတိုင်း တစ်လလျှင် လုံးချင်း

နှစ်ပုဒ် သုံးပုဒ်ထွက်သည်။ ကလောင်ဖျားတွင် ငွေသီးနေသည်။ ရသည့် ငွေကို မိတ်ဆွေ အပေါင်းအသင်းများနှင့်အတူ ဘားတကာလှည့်ပြီး ကုန်အောင်သုံးပစ်သည်။ ခင်မင်ရင်းနှီးသူများက အသုံးအစွဲလျှော့ရန် ပြောသော်လည်း သူက ခေါင်းခါသည်။ အပေါင်းအသင်းများပေါ်တွင် သံယောဇဉ် ကြီးလှသည်။ သူ့လောက်ဝင်ငွေ မရှိသူများကိုလည်း သူကပဲ တိုက်သည်။ သူနှင့် တန်းတူဝင်ငွေ ရှိသူများကိုလည်း သူကပဲ တိုက်သည်။ သူ့ထက်ဝင်ငွေ ရှိသူများကိုလည်း သူကပဲ တိုက်သည်။ မည်သူ့ကိုမျှ သူက မငြူစူပါ။

ထိုအချိန်တွင်။

မိမိကလည်း လုံးချင်းဝတ္ထုများ ခပ်စိပ်စိပ် ရေးထုတ်နေသည့် ကာလဖြစ်သည်။ ကိုယ့်မဂ္ဂဇင်းမှာလည်း အခန်းဆက်ဝတ္ထုရှည် ရေးသည်။ "မြန်မာပြည်မြောက်ပိုင်း" နှစ်တွဲကိုလည်း ယင်းကာလမှာပင် ရေးခဲ့သည်။ "ကျောက်ဘီလူး" တို့ "အကြွေ့တစ်ထောင်" တို့လို ဝတ္ထုများကို ခုနစ်ရက်နှင့် အပြီးရေးသည်။ စာရေးဆရာ စာပေကလပ်၊ စာရေးဆရာသမဂ္ဂ၊ အမျိုးသားစာပေညီညွတ်ရေး ကော်မတီ လှုပ်ရှားမှုများတွင်လည်း တတ်နိုင်သည့် အတိုင်းအတာမှ ပါဝင်လုပ်ဆောင်နေသည်။

မိမိတို့သည် မဂ္ဂဇင်း၊ လုံးချင်းနှင့် အဖွဲ့အစည်း လှုပ်ရှားမှုများတွင် သုံးနှစ်တာမျှ သံသရာလည်ခဲ့ပြီးနောက် ...။

အကြောင်းကြောင်းကြောင့် စာပေအဖွဲ့အစည်း လုပ်ငန်းများလည်း မရှိတော့ပြီ။ စာဆိုတော်ကာလတွင်သာ စာဖတ်သူများနှင့် ထိတွေ့ရတော့သည်။

ကိုတင်အောင်–မစန်းစာပေကလည်း သူ့အကြောင်းနှင့်သူမို့ မဂ္ဂဇင်းထုတ်လုပ်မှုအပိုင်းကို ပြန်အပ်သည်။

သည်တွင် ကိုမိုးဝေနှင့် မိမိတို့ တိုင်ပင်ကြသည်။ မဂ္ဂဇင်းကို တခြားငွေကြေး စိုက်ထုတ်သူများလက်သို့ မပြောင်းတော့ဘဲ ကိုယ့်ဟာ

ကိုယ်ပင် ဖြစ်သည့်နည်းနှင့် လည်ပတ်သွားကြရန်ဖြစ်သည်။

သည်အချိန်မှာပင် ကိုမိုးဝေ ကွယ်လွန်သည်။

သို့ဖြင့်။

မဂ္ဂဇင်းထုတ်ဝေသူ အမည်ကို ဦးခင်မောင်ကြီး (မိုးဝေ)မှ ဒေါ်ခင်ညွန့် (မိုးဝေ၏ဇနီး)သို့ ပြောင်းရသည်။

မဂ္ဂဇင်းအမည်ကို စုံထောက်မဂ္ဂဇင်းမှ မိုးဝေမဂ္ဂဇင်းသို့ ပြောင်းသည်။

မဂ္ဂဇင်း ထုတ်လုပ်မှုအပိုင်းကို ဒေါ်ခင်ညွန့်၊ မိမိနှင့် အောင်ကျော်တို့ ပူးပေါင်းတာဝန်ယူသည်။ "တင်မောင်ဆွေနှင့် မိုးစန္ဒာ" အတွက် ရုပ်ရှင်ကုမ္ပဏီမှ ရသောငွေသည် စက္ကူထုပ်ဖိုး ဖြစ်သွားသည်။ မိမိ လုံးချင်းရေး၍ ရထားသော မူးစုပဲ စုကလေးများသည် မင်ဖိုး၊ ဘလောက်ဖိုး ဖြစ်သွားသည်။

မဂ္ဂဇင်းဖြန့်ချိရေးကို သမဂ္ဂစာပေမှ တာဝန်ယူသည်။ မောင်နေဝင်း၊ မင်းကျော်နှင့် မိမိတို့သည် စာရေးဆရာများပိုင် သမဂ္ဂစာပေကို ၁၉၆၉ ခု၊ မေလတွင် စတင်တည်ထောင်ခဲ့သည်။ "တော်လှန်စာပေ" ကို ပထမဆုံး ထုတ်ဝေဖြန့်ချိခဲ့သည်။

စာရေးဆရာ အများပိုင်ဆိုသော စကားလုံးကို အချို့က ဘဝင်ကျဟန်မရှိ။ သို့သော် သမဂ္ဂစာပေသည် စာရေးဆရာ တစ်ဦးတစ်ယောက်ပိုင်တော့ မဟုတ်ချေ။ သမဂ္ဂစာပေကို စာရေးဆရာများ၏ သမဝါယမစာပေလုပ်ငန်းတစ်ခုဖြစ်လာရန် မိမိတို့ ဦးတည်ခဲ့ပါသည်။ သမဂ္ဂစာပေလုပ်ငန်းကို ရဲဘော်ရဲဘက် စာရေးဆရာ အတော်များများ ပူးပေါင်းလုပ်ဆောင်ခဲ့ပါသည်။ အချို့က သမဂ္ဂစာပေသည် စာရေးဆရာသမဂ္ဂ၏ ကွင်းဆက်ဟုဆိုပါသည်။

ယခု ဆောင်းပါးသည် သမဂ္ဂစာပေအကြောင်း ရေးရန်မဟုတ်ပါ။ မိုးဝေမဂ္ဂဇင်း ဖြန့်ချိရေးလုပ်ငန်းနှင့် စပ်လျဉ်းသလောက်သာ ဖော်ပြရခြင်းဖြစ်ပါသည်။

သမဂ္ဂစာပေအကြောင်းကို မရေးဟုဆိုသော်လည်း မိမိတို့သည် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သမဂ္ဂစာပေကို လုပ်ခဲ့မိသည့်အတွက် တစ်နှစ်ကျော်တွင် ကိန်းဂဏန်းများနှင့် နပန်းလုံးနေရပြီး စာအထွက်နည်းခဲ့ကြောင်းလောက်တော့ ပြောရပေမည်။ နောက်ဆုံးတွင် မိမိတို့သည် သမဂ္ဂစာပေကို ရပ်နားခဲ့ကြသည်။

သမဂ္ဂစာပေ မရှိတော့သောအခါ မဂ္ဂဇင်းဖြန့်ချိရေး လုပ်ငန်းသည် မိမိနှင့် အောင်ကျော်၏ ခေါင်းပေါ်တွင် ပြဿနာဦးခေါင်းကြီးအဖြစ်နှင့် ကျန်ရစ်ခဲ့တော့သည်။

နောက်ဆုံးတော့။

မိမိတို့သည် "ထုတ်ဝေသူ" ဟူသော အမည်ကို ခံယူလိုသည်ဖြစ်စေ၊ မခံယူလိုသည်ဖြစ်စေ လက်တွေ့တွင်မူ မဂ္ဂဇင်းတည်းဖြတ်မှု လုပ်ငန်းအပြင် ပုံနှိပ်ထုတ်လုပ်မှု အပိုင်းကိုရော၊ ဖြန့်ချိမှုအပိုင်းကိုပါ တာဝန်ယူ လုပ်ဆောင်နေကြတော့သည်။

## (၄)

အမှန်အတိုင်းဆိုလျှင် မိမိသည် စာရေးသူဖြစ်ပြီး၊ စာရေးဆရာသာ ဖြစ်ချင်ပါသည်။ ထုတ်ဝေသူ မဖြစ်ချင်ပါ။ အခြားလုပ်ငန်းများကိုလည်း မလုပ်လိုပါ။ ဖြစ်နိုင်သမျှတော့ စာရေးပြီး အသက်မွေးဝမ်းကျောင်း လိုပါသည်။ ကမ္ဘာမီးလောင်၍ သားကောင်ချနင်းရလျှင်မူ မပြောတတ်ပါ။

မိမိ၏ကိုယ်ပိုင် ထုတ်ဝေခွင့် လုပ်ငန်းတစ်ခုဖြစ်သော နွယ်နီစာပေကို ယနေ့အထိ ဘာမျှမလုပ်သေးသည့် အကြောင်းကို တောအကြောင်း တောင်အကြောင်း အမှတ်–၁ (မတ်၊ ၁၉၇၁)တွင် ရေးခဲ့ပြီး ဖြစ်ပါသည်။

သို့နှင့်တိုင်။

ဤမဂ္ဂဇင်းလုပ်ငန်းကို ပြဿနာပေါင်း သောင်းခြောက်ထောင်ကြားတွင် ခေါင်းရှုပ်ခံ၍ လုပ်နေရသည်မှာ ကိုယ်စတင်ထားသော လုပ်ငန်း၊

ကိုယ်ပုံသွင်းထားသော အကြမ်းထည်တစ်ခု ဖြစ်နေသောကြောင့်ပင်။

အကယ်၍သာ ဤမဂ္ဂဇင်းကို မိုးဝေမဂ္ဂဇင်းအဖြစ် မပြောင်းလဲဘဲ နဂိုရှိရင်းစွဲ စုံထောက်မဂ္ဂဇင်းအတိုင်းသာ ဖြစ်ခဲ့လျှင် စာရင်းတွက်ရသည့် လုပ်ငန်းကို အစောကြီးကတည်းကပင် စွန့်လွှတ်မိမည် ဖြစ်ပါသည်။

စုံထောက်မဂ္ဂဇင်းဆိုလျှင် လုပ်ရသည်လည်း လက်မဝင်ပါ။ အရောင်းရလည်း တွင်ကျယ်ပါသည်။ မိမိတို့ ရေးချင် ထည့်ချင်တာတွေလည်း ရေးနိုင် ထည့်နိုင်ပါသည်။ သည်လိုမှမဟုတ်လည်း လက်ပြောင်းလက်လွှဲ လုပ်မည့်သူတွေ အများကြီးရှိပါသည်။

ယခုအထိလည်း ဤမဂ္ဂဇင်းကို သဲဖိုစုံထောက်မဂ္ဂဇင်း ပုံစံသို့ ပြောင်းလျှင် သို့မဟုတ် အများကြိုက်မဂ္ဂဇင်းအဖြစ် ပြောင်းမည်ဆိုလျှင်၊ ငွေလုံးကြေးလုံးနှင့် ပူးပေါင်းလုပ်ဆောင်လိုသူများ ဒုနဲ့ဒေး ဖြစ်ပါသည်။ မိမိကိုယ်တိုင်လည်း လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုများကို ရေးခဲ့သည့် အလျောက်၊ စုံထောက်မဂ္ဂဇင်းနှင့် လျှို့ဝှက်သည်းဖို မဂ္ဂဇင်းတို့ကို ဦးစီး လုပ်ကိုင်ခဲ့ဖူးသည့်အလျောက် ဝင်ငွေကောင်းသော၊ အရောင်းသွက်သော အများကြိုက် မဂ္ဂဇင်းလုပ်လျှင် ဘယ်ပုံအောင်မြင်နိုင်သည်၊ ဘယ်ပုံအကျိုး ရှိနိုင်သည်ကို သိပါသည်။

သို့သော် ...။

ထိုလမ်းကြောင်းကို မလျှောက်လို၍ ဤစုံထောက်မဂ္ဂဇင်းမှ မိုးဝေ မဂ္ဂဇင်းသို့ ပြောင်းလဲခဲ့ပြီး ဖြစ်ပါသည်။

မဂ္ဂဇင်း နာမည်ပြောင်းသည့်ကိစ္စတွင် ရည်ရွယ်ချက် နှစ်ခုရှိပါ သည်။ တစ်ခုက ကွယ်လွန်သူ စာရေးဆရာမိုးဝေကို ဂုဏ်ပြုလို၍ ဖြစ်ပါ သည်။ သူ၏ စွမ်းဆောင်စိုက်ထုတ်မှု အများကြီးပါရှိသော မဂ္ဂဇင်းကို သူ၏အမည်ဖြင့် တည်ရှိစေလိုပါသည်။ နောက်ပြီး စာရေးဆရာမိုးဝေကို စုံထောက်ဝတ္ထုရေးဆရာလို့ လူသိများနေကြသည်။ သူ၏ စုံထောက်ဝတ္ထု များ အောင်မြင်ကျော်ကြားလှသောကြောင့် ဖြစ်သည်။ အလွတ်စုံထောက်

တင်မောင်ဆွေ ထင်ရှားလှသောကြောင့် ဖြစ်သည်။ ဇော်ဗလကို လူသိများလွန်းသောကြောင့် ဖြစ်သည်။

သို့သော် သူရေးသောစာများကို စာရင်းချုပ်ကြည့်သောအခါ စုံထောက်ဝတ္ထုပေါင်း မြောက်မြားစွာ ရေးခဲ့သလို ဘဝသရုပ်ဖော် ဝတ္ထုပေါင်းများစွာကိုလည်း ရေးခဲ့သည်။ ဂန္ထဝင်ဝတ္ထုပေါင်း မြောက်မြားစွာကိုလည်း ဘာသာပြန်ခဲ့သည်။

ယင်းကြောင့် မိုးဝေအမည်ဖြင့် ထုတ်ဝေသောမဂ္ဂဇင်းသည် စုံထောက်ဝတ္ထု နယ်တစ်ခုတည်းတွင်သာ ရပ်တည်မနေဘဲ ရသစာပေမျိုးစုံ ပါဝင်သော စာပေမဂ္ဂဇင်းတစ်ခု ဖြစ်သင့်သည်ဟု ထင်မြင်မိခြင်း၊ အားထုတ်မိခြင်း ဖြစ်ပါသည်။

သို့ဖြင့် မိုးဝေမဂ္ဂဇင်းအဖြစ် စတင်ထုတ်ဝေသော ၁၉၆၈ ခု၊ ဖေဖော်ဝါရီလထုတ် ခေါင်းကြီးတွင် –

**"မိုးဝေမဂ္ဂဇင်းသည် ခေတ်၏ သဘောသကန်များနှင့် လူတန်းစားတိုက်ပွဲ ရေိုက် သဘာဝများကို မှန်ကန်ရဲရင့်စွာနှင့် ကြည်လင်ပြတ်သားစွာ ဆက်စပ်ဖော်ပြမည့် ကြေးမုံပြင်တစ်ချပ် ဖြစ်ကြောင်း"**

## (၃)

မိုးဝေမဂ္ဂဇင်းအဖြစ် ပြောင်းလဲရသည့် ဒုတိယအကြောင်းရင်းမှာ မိမိနှင့် မိမိ၏ရဲဘော်များသည် စာပေမဂ္ဂဇင်းတစ်စောင် ထုတ်ဝေရန် စိတ်အားထက်သန်လျက် ရှိကြသောကြောင့် ဖြစ်သည်။

မိမိတို့သည် လုံးချင်းများအပြင် စာနယ်ဇင်းများတွင်လည်း ဆောင်းပါးများ၊ ဝတ္ထုများ ပါဝင်ရေးသားကြသည်။ သို့သော် စာနယ်ဇင်းတိုင်းတွင်တော့ ရေးကြသည်မဟုတ်။ စာရေးဆရာတစ်ဦးစီတွင် သူ၏ကိုယ်ပိုင်နိုင်ငံရေးအယူအဆနှင့် ကိုယ်ပိုင်စာပေ အယူအဆများရှိသလို ဂျာနယ်နှင့် မဂ္ဂဇင်းများတွင်လည်း သက်ဆိုင်ရာပေါ်လစီများ ရှိကြပါသည်။

ရံခါတွင် မိမိတို့၏ ဝတ္ထုများ၊ ဆောင်းပါးများသည် သက်ဆိုင်ရာ ဂျာနယ်၊ မဂ္ဂဇင်းတို့၏ ပေါ်လစီနှင့် မကိုက်ညီသဖြင့် စာဖတ်သူများထံ တင်ပြခွင့်မရပါ။ ရံခါတွင် မိမိတို့သည် ကိုယ်ရေးသားမည့် ဂျာနယ်၊ မဂ္ဂဇင်းတို့၏ ပေါ်လစီကိုကြည့်ပြီး ဆင်ခြင်ရ၊ ထိန်းချုပ်ရ၊ လျှော့ပေါ့ရသည်များ ရှိပါသည်။ ထိုအခါ အားမရခြင်း၊ မကျေနပ်ခြင်းများ ဖြစ်ကြရသည်။

ထိုအခါ မိမိတို့သည် ကိုယ်ပိုင်မဂ္ဂဇင်းတစ်စောင် ထုတ်ဝေလိုစိတ် ဖြစ်ကြရသည်။ စုံထောက်မဂ္ဂဇင်းသည် အမည်က ထိန်းချုပ်ထားသဖြင့် မိမိတို့ တင်ပြလိုသမျှကို မတင်ပြနိုင် ရှိပါသည်။ ဘောင်ကျဉ်းနေသည်ကို တွေ့ကြရသည်။

မိမိတို့သည် စာရေးဆရာ စာပေကလပ်မှ ထုတ်ဝေသော “စာပေ”၊ မဂ္ဂဇင်းကို တာဝန်ခံ လုပ်ဆောင်ခဲ့ကြရသည်။ ယင်းကဲ့သို့သော စာပေမဂ္ဂဇင်း မျိုး ထုတ်လိုစိတ်ရှိသည်။ သို့သော် ထပ်တူမျိုးတော့ မဟုတ်။ အဖွဲ့အစည်းမှ ထုတ်ဝေသော စာပေမဂ္ဂဇင်းနှင့် တစ်သီးပုဂ္ဂလထုတ်ဝေသော စာပေမဂ္ဂဇင်း တို့သည် ခြားနားမှုများ ရှိရပေမည်။ မိမိတို့ထုတ်မည့် စာပေမဂ္ဂဇင်းသည် စီးပွားရေးဈေးကွက်ထဲတွင် ရှိနေသည်။ အပြန့်ကျယ်သော ပရိသတ်ကြား တွင် ရှိနေသည်။

မည်သို့ဆိုစေ မိမိတို့သည် စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေသမိုင်း၊ စာပေသတင်း စသည်တို့ကို ပြည့်ပြည့်ဝဝ ဖော်ပြနိုင်သော စာပေမဂ္ဂဇင်းတစ်စောင် ထုတ်ဝေလိုကြသည်ကား အမှန်ပင်။

မိမိတို့သည် နာမည်ကြီး မဂ္ဂဇင်းတစ်စောင်ကို လွှဲပြောင်းထုတ်ဝေ နိုင်ရန် နှစ်ကြိမ်တိုင်တိုင် စီစဉ်ခဲ့ကြသည်။ နောက်ဆုံးတွင် နာမည်ကြီး မဂ္ဂဇင်းဘက်မှ နောက်ဆုတ်သွားသဖြင့် မထုတ်ဖြစ်ခဲ့ချေ။

ယခုအကြိမ်တွင်မူ မိမိတို့သည် အခွင့်အခါကောင်း ရသည်ဖြစ်၍ မိုးဝေမဂ္ဂဇင်းကို စာပေမဂ္ဂဇင်းအဖြစ် ထုတ်ဝေရန် စိုင်းပြင်းစီစဉ်ရသည်။ စာပေနှင့် အနုပညာရဲဘော်များ၊ မိတ်ဆွေများ၏ အင်အားကို ယုံကြည်

စိတ်ချရသောကြောင့် ဖြစ်သည်။

တကယ့်တကယ် ထုတ်ဝေသောအခါတွင်လည်း စာပေရဲဘော်များ၊ မိတ်ဆွေများထံမှ စာမူများ၊ အကြံဉာဏ်များ၊ အကူအညီများ ရရှိပါသည်။ အခြားယဉ်ကျေးမှု အနုပညာရှင်များကလည်း ဝိုင်းဝန်းကူညီကြပါသည်။ စာပေမြတ်နိုးသူများကလည်း ဝိုင်းဝန်းအားပေးကြပါသည်။ ဝေဖန်ကြပါသည်။ အကြံဉာဏ် ပေးကြပါသည်။

ယင်းကြောင့်လည်း "မိုးဝေ" သည် စာပေမဂ္ဂဇင်းတစ်စောင် အဖြစ်နှင့် သုံးနှစ်ကျော် လေးနှစ်ခရီးကို ဖြတ်သန်းချီတက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

## (ပ)

သို့သော် မိုးဝေဖြတ်သန်းခဲ့သော ခရီးသည် ဖြောင့်တန်းချောမွေ့ခြင်းတော့ မရှိပါချေ။ အခက်အခဲပေါင်းများစွာ၊ ပြဿနာပေါင်းများစွာ ကြုံတွေ့ ကျော်လွှားခဲ့ရပါသည်။

အဓိက အခက်အခဲမှာ ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ကိုယ်ပိုင်နေရာ မရှိခြင်း၊ ကိုယ်ပိုင်ပုံနှိပ်တိုက် မရှိခြင်း၊ ကိုယ်ပိုင်အရင်းအနှီး ပြည့်စုံလုံလောက်အောင် မရှိခြင်းတို့ပင် ဖြစ်ပါသည်။

ယင်းအခက်အခဲကြောင့် မဂ္ဂဇင်း အချိန်မီမထွက်နိုင်ခြင်း၊ မဂ္ဂဇင်းကို စိတ်ကြိုက်မစီစဉ်နိုင်ဘဲ ဖြစ်သလိုဖန်တီးရခြင်း၊ မဂ္ဂဇင်းအယ်ဒီတာတို့သည် ကိုယ်စိတ်မဝင်စားသော၊ ကိုယ်မကျွမ်းကျင်သော ဖြန့်ချိရေးလုပ်ငန်းများတွင် ဗျာများနေရသဖြင့် တည်းဖြတ်မှုအပိုင်းတွင် လစ်ဟင်းရခြင်းများ ရှိလာသည်။

ရံခါတွင် ကျစ်လျစ်သိပ်သည်းသော စာမူများအစား ဖွာလန်ကျဲသော စာမူများ ရောထွေးပါရှိသွားသည်လည်း ရှိတတ်သည်။ ပါသင့်ပါထိုက်သော စာမူများ၊ အခန်းကဏ္ဍများကို မစီစဉ် မထည့်သွင်းနိုင်ခြင်းများလည်း ရှိရသည်။

မဂ္ဂဇင်း၏ အဓိအင်အားတစ်ခုအဖြစ် ယူဆထားသော ကလောင်သစ်များ၏ စာမူကို စနစ်တကျဖတ်ရှုပြီး အလေးအနက် ဝေဖန်ဆွေးနွေးရမည့်အစား စောင်ရေစာရင်း တွက်နေရသည်လည်း ရှိတတ်သည်။

ယင်းကြောင့် မိမိသည် မဂ္ဂဇင်းထုတ်လုပ် ဖြန့်ချိရေးကို ပခုံးပြောင်းရန် ကြိမ်ဖန်များစွာ ကြိုးစားခဲ့သည်။ သို့သော် မဂ္ဂဇင်းလိပ်စာ ပြောင်းသည်ပဲ အဖတ်တင်သည်။ အကြောင်းမှာ မိုးဝေသည် စီးပွားရေးပုံသဏ္ဌာန်လည်းမကျ၊ အဖွဲ့အစည်းပုံစံလည်း မကျသောကြောင့် ဖြစ်ပါသည်။

ယင်းသို့ဆိုလျှင် ...

မိမိတို့သည် မိုးဝေကို စာပေမဂ္ဂဇင်း တစ်စောင်အဖြစ်နှင့် ဆက်လက်၍ ပုံဖော်သွားလိုလျှင် ...

လုပ်သင့်လုပ်ထိုက်ပြီး လုပ်ရမည့်အလုပ် မှန်သမျှကို လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ လုပ်ဆောင်သွားကြရမည်သာ ဖြစ်သည်။

## (ဏ)

အခက်အခဲ၊ အကျဉ်းအကျပ်နှင့် ပြဿနာတို့သည် မိမိတို့အတွက် တန်ဖိုးကြီးမားသော သင်ခန်းစာများပင် ဖြစ်ပါသည်။

စာပေရဲဘော်များ၊ စာပေမိတ်ဆွေများ၊ စာပေမြတ်နိုးသူများသည် မိမိတို့အတွက် တန်ဖိုးကြီးမားသော အရင်းအနှီးများပင် ဖြစ်ပါသည်။

(မိုးဝေ၊ မတ် ၁၉၇၁ မှ ဩဂုတ် ၁၉၇၂)

❒

## မန္တလေးမှာ အနှစ် ၇၀ (မန္တလေး-၇)

တကယ်တော့ မန္တလေးမှာ မိမိနေခဲ့သည်မှာ ခုနစ်နှစ်မျှသာဖြစ်သည်။ ဒေါ်ဒေါ် (လူထုဒေါ်အမာ)၏ "မန္တလေးသူ မန္တလေးသားများ" စာအုပ်ကို ဖတ်ပြီးမှ မန္တလေးတွင် အနှစ် (၇၀)နေရသလို ခံစားမိရသည်။

ခုနှစ်နှစ်ဆိုသည်မှာ လက်တွေ့ဖြတ်သန်းနေစဉ်က အကြာကြီးဖြစ်သော်လည်း အနှစ် (၄၀)ခန့်အကြာတွင် ပြန်ပြောင်းကြည့်လိုက်သောအခါတွင်ကား ခုနစ်လခန့်ဟုသာ ထင်ရသည်။ အနှစ် (၄၀၀)ခန့်အကြာသမိုင်းအမြင်နှင့် ကြည့်လျှင်မူ ခုနစ်ရက်၊ ခုနစ်နာရီခန့်ပင် ရှိမည်မထင်။

ယခုပင် မိမိ၏အတ္ထုပ္ပတ္တိအကျဉ်းကို ပြန်ရေးလျှင် "မန္တလေးမြို့"တွင် ၁၉၄၆ မှ၊ ၁၉၅၃ ခုနှစ်အထိ ခုနစ်နှစ်တာမျှ နေထိုင်ခဲ့သည်။ ဗုဒ္ဓသာသန နုဂ္ဂဟအထက်တန်းကျောင်း (ဘီတင်အင်)တွင် အခြေခံပညာသင်ကြားခဲ့ပြီး၊ စာပေအနုပညာများ လေ့လာလိုက်စားသည်ဟု နှစ်ကြောင်းလောက်မျှ ရေးသားရမည်ဖြစ်သည်။ သို့သော် ထိုခုနစ်နှစ်က မိမိ၏အခြေခံ လေ့ကားထစ်ဖြစ်ပြီး အသိအမြင်နှင့် အတွေးအခေါ်များကို လမ်းပွင့်ပေးခဲ့သည်ကိုကား တစ်သက်လုံး အောက်မေ့နေရမည် ဖြစ်သည်။

မိမိသည် မန္တလေးတွင် နေထိုင်စဉ်အတွင်း တစ်ယောက်တည်းသော်လည်းကောင်း၊ အပေါင်းအသင်းများနှင့် သော်လည်းကောင်း၊ ခြေကျင်

သော်လည်းကောင်း၊ စက်ဘီးဖြင့်သော်လည်းကောင်း ရွှေမြို့တော်လေးပြင်လေးရပ်သာမက အနီးဝန်းကျင်ဖြစ်သော ပြင်ဦးလွင် (မေမြို့)၊ အမရပူရ (တောင်မြို့)၊ စစ်ကိုင်း၊ အင်းဝ၊ တံတားဦး၊ ကျောက်ဆည် နယ်မြေတစ်ခွင် ပြံပြံစင် လှည့်လည်ခဲ့ပါသည်။

သို့သော် အသက် (၁၀)နှစ်ကျော်၊ နှစ်ဆယ်အောက် အရွယ်သာဖြစ်သဖြင့် ရှေးဟောင်း ကျောင်းတိုက်ကြီးများသို့ ရောက်ရှိရာတွင် ပေပုရပိုက်များ၊ စာချွန်များ၊ ကမ္မည်းကျောက်စာများထက် ခင်မကန်ကျောင်းတိုက်၊ ကျွန်းသေတ္တာကြီး သုံးလုံးအတွင်းရှိ ဒဂုန်မဂ္ဂဇင်းနှင့် စစ်ကြိုခေတ်စာနယ်ဇင်းများတွင်သာ မွေ့လျော်မိခဲ့ပါသည်။

မန္တလေးမြို့၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ယဉ်ကျေးမှု အနုပညာရှင်များကို ရိပ်ခနဲ ဖြတ်သန်းစဉ်အတွင်း လှစ်ခနဲမျှသာ မြင်တွေ့ခဲ့ပါသည်။ ယခု ဒေါ်ဒေါ်၏စာအုပ်ကို ဖတ်ရမှ မိမိနေခဲ့သော မန္တလေးကို ထင်လင်းစွာ မြင်တွေ့ရပါသည်။

ဒေါ်ဒေါ်၏စာအုပ်တွင် ဆောင်းပါး (၁၄)ပုဒ်ပါရှိရာ (၁၁)ပုဒ်မှာ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လမှစပြီး ခနမဂ္ဂဇင်းတွင် လစဉ်ဆက်တိုက်လောက် ရေးသားခဲ့သော ဆောင်းပါးများဖြစ်သည်။ အမှန်တော့ ဒေါ်ဒေါ်၏ဆောင်းပါးများ အားလုံးလောက်ကိုပင် မိမိဖတ်ဖူးပြီးဖြစ်သည်။ သို့သော် ပြတ်တောင်းပြတ်တောင်း ဖြစ်သည်။ ယခုလို စာအုပ်အဖြစ် စုပြီးစဉ်ပြီး ဖတ်လိုက်ရမှ မန္တလေးမြို့သူမြို့သားများ၏အသွင်က ပိုမိုပေါ်လွင်လာခြင်းဖြစ်သည်။ မိမိ၏စိတ်အာရုံတွင် မန္တလေးမြို့၏ အနှစ်(၇၀)ကျော် ပုံရိပ်များ တစ်ခုပြီးတစ်ခု ထင်ဟပ်လာတော့သည်။

ပထမဆုံး ထင်ဟပ်လာသော ပုံရိပ်က ပန်းကန်သည် ဒေါ်မြ။

ပန်းကန်သည် ဒေါ်မြအကြောင်း ရေးဖွဲ့ရာမှာ ဒေါ်ဒေါ်က ပထမဆုံး ဈေးချိုနှင့် ဈေးချိုသူတွေအကြောင်း ရှန်းရှန်းဝေအောင် ရေးဖွဲ့ထားပါသည်။ ဈေးချိုဟာ မိမိတို့ငယ်ငယ်က ကျက်စားခဲ့ရာ နေရာဖြစ်ပါသည်။

အကြောင်းမှာ ဈေးချိုသည် မန္တလေးမြို့၏ အလှအပများ စုဝေးရာလည်း ဖြစ်သည်။ ဈေးချို၏ ရောင်းဝယ်မှုလုပ်ငန်းများကို မိမိတို့ နားမလည်ပါ။ သို့သော် ဘယ်ရုံတွင် ဘယ်မိန်းကလေး အလှဆုံးဆိုသည်ကိုကား မိမိတို့ သိကြပါသည်။ ဈေးချိုတွင် ရွှေခြေချင်း ဘယ်နှရန်ရှိကြောင်း သိသည်ဟု ဆိုလျှင် လွန်မည်ဟု မထင်ပါ။ အကြောင်းမှာ သူငယ်ချင်းတစ်ယောက်သည် ဘယ်ခြေချင်းကအတု၊ ဘယ်ခြေချင်းကအစစ်၊ ဘယ်ခြေချင်းက ခေါင်းပွဟု ပြောနိုင်သောကြောင့် ဖြစ်သည်။ နောက်ပြီးတော့ သင်္ကြန်ကျလျှင် ဘယ်ရုံက ဘယ်မိန်းကလေးက ဘယ်အဖွဲ့မှာပါသည်ကိုလည်း လက်တန်း ပြောဆိုနိုင်ကြပါသည်။ ထိုမိန်းကလေးများ ယခုအခါ အဘွားကြီးတွေ ဖြစ်ကုန်လောက်ပေပြီ။

မိမိတို့သည် အလယ်ပေါက်ကို မဏ္ဍိုင်ထားပြီး ဈေးချို (၁၂)ရုံကို သာမက နာရီစင်ကြီးကို ဖြတ်သန်းပြီး၊ တိုက်တန်းများတွင်လည်း လမ်းသလားခဲ့ပါသည်။ ပန်းကန်သည် ဒေါ်မြရှိသော အရှေ့ဘက်တိုက်တန်းနှင့် မြောက်ဘက်တိုက်တန်းတို့ ဖြစ်သည်။ ပြီးမှ အနောက်ဘက်တန်းက စန်းသော်တာ စာအုပ်ဆိုင်၊ ဝက်သားတန်းက လက်ဖက်ရည်ဆိုင်နှင့် ရုံတော်ကြီးက ဦးငွေးစာအုပ်ဆိုင်ကို စားကျက်ဖြန့်ကြပါသည်။

ပန်းကန်သည် ဒေါ်မြကိုဖတ်ရာတွင် မြန်မာတို့၏ အယူဓလေ့ကို အောက်မေ့ရသည်။ ရန်ကုန်တွင် မင်္ဂလာဆောင် လက်ဖွဲ့ခြင်းနှင့် အသုဘကူခြင်းလောက်သာ ရှိသည်။ မန္တလေးနှင့် အညာမှာ အလှူကိုလည်း ကူကြသည်။ ယင်းသို့ အလှူကူသည်ကို အလှူရှင်က အကူပြန်သည်။ မင်္ဂလာဆောင် လက်ဖွဲ့ရာတွင်လည်း လက်ဖွဲ့ပြန်သည်။ ရန်ကုန်မှာလို “ကျေးဇူးတင်ပါသည်” ဟူ သောကတ်ပြားနှင့် စီးကရက်တစ်လိပ်လောက်မျှသာ မဟုတ်။ ဟိုတုန်းက တစ်ထည်ကို (၃၀)ကျပ်ပေးရသော ဘန်ကောက်လုံချည်အထိ လက်ဆောင်ပြန်ကြသည်။ အကူပေးရာတွင်လည်း အလှူသာမဟုတ်။ ကလေးမွေး၍ မီးနေသွားမေးလျှင်လည်း ကူကြသည်။

မန္တလေးမှာ မေတ္တာအတုံ့အပြန်တွေက များလှသည်။ တစ်ရပ်ကွက် ပွဲရှိ၍ သွားကြည့်လျှင် ယင်းရပ်ကွက်မှ မိတ်ဆွေများက အလှူအတန်း သဖွယ် ညှော်ခံကြသည်။ ဆိုင်တစ်ဆိုင်မှာ ဈေးသွားဝယ်လျှင်လည်း လက် ဖက်ရည်နှင့် ကိတ်မုန့် အရင်ရောက်လာသည်။ မန္တလေးမှာ ကွမ်းဆေး လက်ဖက်နှင့် ညှော်ခံသည်က ဘယ်နေရာ ဘယ်အရပ်သွားသွား၊ အဲ … ဈေးချိုနှင့်ပတ်သက်ပြီး နိဂုံးချုပ်ပြောရလျှင်တော့ ဆိုင်တစ်ဆိုင်ရှေ့တွင် ညောင်းလို့မှ ခြေလှမ်းမတုံ့ရဲပါ။ ဆိုင်ရှေ့မှာ ရပ်မိသလို ဖြစ်သွားလျှင်ပင် ဆိုင်ရှင်၏ ဖော်ရွေမှုနှင့် အတတ်ပညာဖမ်းစားမှုကြောင့် တစ်ခုခုမဝယ်ဘဲ ပြန်မထွက်နိုင်ပါ။

နောက်ပုံရိပ်က သူဌေး ဦးသက်ရှည်နှင့် သား ဦးကျော်။

ဒီဆောင်းပါးကို ဖတ်ရတော့ မစိုးရိမ်ကြီးကို လွမ်းမိသည်။ မစိုးရိမ် တိုက်ကြီးထဲက ကျောင်းကြီး (၁၆)ကျောင်း၊ နာရီစင်ကြီး၊ ဆွမ်းစား ကျောင်းများ၊ မီးတင်းကုပ်များနှင့် နာမည်ကျော် မစိုးရိမ်အုတ်တံတိုင်းကို သူဌေး ဦးသက်ရှည်က လှူဒါန်းခဲ့ကြောင်းကို ဒေါ်ဒေါ်ရဲ့ဆောင်းပါးကို ဖတ်မှ အမှတ်ရမိပါသည်။

မစိုးရိမ်တိုက်ကြီးကတော့ မန္တလေးမြို့၏ အဓိက မဏ္ဍိုင်ကြီးတစ် ခု ဖြစ်သည်။ စာပေပရိယတ္တိတွင် ထင်ရှားသလို မန္တလေးမြို့သူမြို့သား များ ခိုလှုံရာလည်း ဖြစ်ပါသည်။ ၁၉၄၉ ခုနှစ်၊ မန္တလေးကို ကရင်များ သိမ်းစဉ်က ဤကျောင်းတိုက်တွင် လူအများ ခိုလှုံခဲ့ကြရသည်။ ကျောင်းဝင်း ကြီး၏ တံတိုင်းများက မန္တလေးနန်းမြို့ရိုးကဲ့သို့ ခိုင်မာလုံခြုံလှသည်။ ထို့အပြင် မိမိသည် မန္တလေးမြို့၊ ပြည်ကြီးပျော်ဘွယ် အရှေ့ပိုင်းတွင် နေ ခဲ့စဉ် တစ်လျှောက်လုံး မစိုးရိမ်တိုက်မှ တုံးခေါက်သံကို နံနက်တိုင်း နာခံ ခဲ့ရသည်။

ပြီးတော့ ရတနာပုံဆီစက် ဦးသိမ်း။

သည်ဆောင်းပါးကို ဖတ်ရတော့ ဆီကို ချစ်သူတစ်ဦးလို လွမ်းမိ

သည်။ မိမိ၏ဇနီး ရန်ကုန်သူသည် မိမိနှင့် မန္တလေးတွင် တစ်နှစ်ခန့် လိုက်နေစဉ် အတတ်ပညာတစ်ခု တတ်ကျွမ်းလာသည်။ ဆီကို စဉ့်အိုးထဲ ထည့်ပြီး မှုတ်နှင့် ခြင်သုံးသည့်ဓလေ့။ ယခုအခါ ပုလင်းထဲတွင် ခဲနေသော စားအုန်းဆီကို သုံးရသောအခါ မန္တလေးကို လွမ်းသည်ဟု ပြောပါသည်။ သို့သော် မန္တလေးတွင် ဆီကို စဉ့်အိုးနှင့် မှုတ်နှင့် သုံးကြဆဲ ဟုတ်မဟုတ်ကား မိမိတို့ မသိပါ။

နဂါး ဒေါဦး။

နဂါးတိုက်သည် လူထုတိုက်နှင့် မျက်စောင်းထိုးဖြစ်သည်။ (၈၄) လမ်းတွင် ဖြစ်သည်။ နေ့စဉ်နှင့်အမျှ ဖြတ်သန်းနေရာ ဖြစ်သည်။ ထိုမျှမက ဒေါ်ဒေါ်ဦးနှင့်လည်း လူချင်းသိသည်။ မန္တလေးမြို့အနှံ့ရှိသော အထူးသဖြင့် မြောက်ပြင်ရှိ ဆေးလိပ်ခုံကိုလည်း ရံဖန်ရံခါ ရောက်ဖူးသည်။ မိမိတို့ အရပ်ထဲတွင်လည်း နဂါးက ဆေးလိပ်သမတွေ ရှိသည်။ သို့သော် ဒေါ်ဒေါ်၏ ဆောင်းပါးကိုဖတ်ရမှ နဂါးဆေးလိပ်လုပ်ငန်းနှင့် ဒေါ်ဒေါ်ဦး အကြောင်းကို တိတိပပသိရသည်။ အံ့သြရသည်။ ချီးကျူးရသည်။ ဂုဏ်ယူရသည်။

မိုက်သမား မိုက်ဆရာကြီး။

မိမိငယ်စဉ်ဘဝ မြစ်ကြီးနားမှာနေတုန်းက ပန်းထိမ်ဖိုကို သတိမပြုမိခဲ့ပါ။ ပန်းထိမ်နှင့် မနီးစပ်လျှင် မိုက်လုပ်ငန်းနှင့်လည်း ဝေးရော။ သို့သော် မိမိဆယ်နှစ်ကျော်ကျော်တွင် မိဘများ ရွှေ့ပြောင်းသဖြင့် စစ်ကိုင်းမြို့၊ လင်းဇင်းရပ်ကို ရောက်ရှိရသည်။ ဂျပန်ခေတ်ဖြစ်သည်။ ဖခင်သည် ခေါင်းဆောင်တစ်ဦး ဖြစ်သဖြင့် စစ်ပြေးအင်္ဂလိပ် အစိုးရကလည်း ဝရမ်းထုတ်ထားသည်။ ဂျပန်ကင်ပေတိုင်ကလည်း တစ်ကြိမ်ဖမ်းပြီးပြီ။ မြစ်ကြီးနားတွင် နေမဖြစ်တော့သဖြင့် မိသားစုပါ ရွှေ့ပြောင်းခဲ့ရခြင်း ဖြစ်သည်။ လင်းဇင်းကလူများ မြစ်ကြီးနားသို့ ကုန်ကူးလာကြရင်းနှင့် မိမိတို့ ခင်မင်ခဲ့ရခြင်းဖြစ်သည်။

လင်းဇင်းရပ်မှာ ငါးထပ်ကြီးဘုရား၏ အောက်ဘက်တွင် ဖြစ်သည်။ အလယ်တွင် ချောင်းငယ်တစ်ခု ဖြတ်နေသည်။ မိုးတွင်းတွင် မြစ်ရေဝင်သည်။ လင်းဇင်းမှာ သုံးပိုင်းရှိသည်။ တစ်ပိုင်းက သဘင်ပညာရှင်များ။ ထိုမှာပင် မိမိသည် အမေဗလပျံနှင့် ရင်းနှီးခဲ့ရသည်။ အမေနှင့်အတူ အိပ်ခဲ့ရသည်။ အလယ်ပိုင်းက ပန်းထိမ်ဖိုများ၊ တောင်ပိုင်းက ဆေးလိပ်ခုံများ၊ ဤမှာ မိမိသည် ပတ္တလားတီးလည်း သင်ခဲ့ရသည်။ ဆေးလိပ်အစိတ်ကို လက်နှစ်ဖက်ဖြင့်ဆုပ်ပြီး ရေတွက်သည့်အတတ်လည်း တတ်ခဲ့သည်။ ပန်းထိမ်ဖိုတစ်ခုတွင်လည်း ဖိုဆွဲ နန်းဆွဲခဲ့ရသည်။ သည်မှာပင် မိုက်ထုတ်ခြင်းကို မိတ်ဆက်ခဲ့သည်။ ပန်းထိမ်ဖိုပိုင်ရှင်က ကိုယ်တိုင်စိုက်ဇာတ်သဖြင့် တူးရဆွရ ရေဆေးကြရသည်။ သည်မှာပင် အခြားမြို့နယ်များကို လှည့်လည်ပြီး မိုက်ထုတ်ရသည့် မိုက်သမားကိုလည်း တွေ့ရသည်။

မဟာမုနိဘုရားကြီး၏ မိုက်ထုတ်သည့်လုပ်ငန်းကို ဖတ်ရသောအခါ ရင်သပ်ရှုမောဖွယ်ရာ ဖြစ်သည်။ ဒေါ်ဒေါ် ရေးသားထားသည်က ပြည့်စုံလှသည်။ ရွှေအကြောင်း၊ မိုက်အကြောင်း၊ မိုက်ဆရာကြီးအကြောင်း။

ဟော–မန္တလေးက ပွဲကတော်ကြီးတွေ။

မိမိ မန္တလေးတွင် နေစဉ်က ပွဲကတော်ကြီး အုပ်ဆေးနှင့်လည်း ရင်းနှီးခဲ့ရသည်။ ပွဲရုံတစ်ခုတွင်လည်း နှစ်နှစ်၊ သုံးနှစ်ခန့် နေခဲ့ဖူးသည်။ ရွှေတချောင်းဆောက ပွဲစားတန်းကိုလည်း ကြုံသလိုလိုက်ပြီး လက်ဖက်ရည်သောက်ဖူးသည်။ ချောင်းဘေးမှာ နေပူဆာ လှုံလိုက်ကြ၊ လက်ဖက်ရည်ဆိုင်မှာ ရေနွေးကြမ်း သောက်လိုက်ကြ၊ လက်ထဲတွင် ဆုပ်ယူလာသော ပဲစေ့များကို ပြလိုက်ကြ၊ မိမိ သိသမျှတော့ သည်မျှပဲ။ သည်လိုနှင့် သူတို့တွေ ကားတွေဝယ်လိုက်ကြ၊ တိုက်တွေဆောက်လိုက်ကြ ဖြစ်သွားသည်။

ဒေါ်ဒေါ်၏ဆောင်းပါးကို ဖတ်ရတော့မှ ပွဲစားလုပ်ငန်းဆိုတာ

သည်လိုပါလားဟု သိရသည်။ မိမိ၏ခုတင်ဘေးမှ ဆေးပုပ်ကြီးများကို မြင်မိသည်။ တကယ်တော့ မိမိက ဆေးဂိုဒေါင်ထဲတွင် သွားအိပ်ခြင်း ဖြစ်သည်။ ပထမတော့ ဆေးမွှန်သည့်ဒဏ်ကို မခံနိုင်။ နောက်တော့ မွေး သွားသည်။

လာပြီ ဟသ်ပဒါးကျော်။

ဒီဆောင်းပါးအကြောင်း ရေးရမှာတော့ မိမိရှက်မိသည်။ မိမိသည် ဤအသက်အရွယ်အထိ ဟသ်ပဒါးဆိုသည်မှာ ဘာမှန်း မသိပါ။ ဘယ်က ဖြစ်မှန်း မသိပါ။ ဟသ်ပဒါးဆိုသည်မှာ အနီရောင်ဟုလောက်သာ သိခဲ့ သည်။ ဟသ်ပဒါးကို ဟင်းရိုင်းကရကြောင်း ဒေါ်ဒေါ်၏ဆောင်းပါးကို ဖတ်မှပဲ သိတော့သည်။ အံ့သြရသည်။

ဆိုက်ကားဆရာကြီး ဦးငွေအကြောင်းကို ဖတ်ရသည်ကတော့ စိတ်ချမ်းသာလှပါသည်။ ဒေါ်ဒေါ်က "လူသာစုခေါ်၊ နတ်သာစုခေါ် ပုဂ္ဂိုလ်ကြီး" လို့ အမည်ပေးထားပါသည်။ အများတကာ အေးချမ်းအောင်၊ သူစိုက်တဲ့အရပ်မှာ အရိပ်ရအောင် ဆိုက်ကားဆရာကြီးတစ်ဦးက ပရ ဟိတလုပ်ငန်းအဖြစ် မန္တလေးမြို့တစ်ခွင်မှာ သစ်ပင်တွေ လိုက်စိုက်တဲ့ အကြောင်းပါပဲ။

ကျောက်စာဝန်ဟောင်း ဦးမြကတော့ မြန်မာပညာရှင်တစ်ဦး၏ တစေ့တစောင်း ရုပ်ပုံလွှာပင်ဖြစ်သည်။ စံထားလောက်သော သုတေသီကြီး တစ်ဦးဖြစ်သည်။

"ကျားဘညိမ်းတို့အကြောင်း" ကို ဖတ်ရသောအခါ မိမိစိတ်မလုံ ဖြစ်လာသည်။ ကိုဘညိမ်းအကြောင်း စာတစ်ပုဒ်ရေးမည်ဟု မိမိစိတ်ကူး ထားခြင်းမှာ ကြာပြီဖြစ်သော်လည်း ယခုအထိ မရေးဖြစ်သေး။ ကိုဘညိမ်း၏ သားများနှင့်လည်း ရန်ကုန်မှာ မကြာခဏဆိုသလို တွေ့နေရသည်။ ဒေါ်ဒေါ် က အကြွေးကျေသွားပြီ ဖြစ်သော်လည်း မိမိမှာ ပေးဆပ်ရဦးမည်။

ကိုဘညိမ်းကို မိမိမန္တလေးမှာကတည်းက သိခဲ့သည်။ ဟိုစပ်စပ်

သည်စပ်စပ်နိုင်သော မိမိသည် ကိုဘညိမ်းနှင့် ကိုမျိုးသန့်တို့၏ လက်ဝှေ့သင်တန်းများသို့ တက်ခဲ့ဖူးသည်။ မိမိ ရန်ကုန်ရောက်၍ စုံထောက်မဂ္ဂဇင်းတွင် အလုပ်လုပ်နေသောအခါ သူလည်း ရန်ကုန်ရောက်လာပြီး လက်ဝှေ့လည်း ထိုးသည်။ စာလည်း ရေးသည်။ ကိုမိုးဝေနှင့်လည်း ခင်သဖြင့် စုံထောက်မှာ လက်ဝှေ့ဆောင်းပါးများ ရေးသည်။ ကိုမိုးဝေက လက်ဝှေ့ဝါသနာပါသည်။ ကိုမိုးဝေနှင့် မိမိတို့သည် လက်ဝှေ့ပွဲရှိတိုင်း သွားကြည့်လေ့ရှိသည်။ ကိုမိုးဝေက အော်ဟစ်ပြီး အားပေးလေ့ရှိသည်။ ထို့အပြင် ကိုဘညိမ်းက မြန်မာအမျိုးသား လက်ဝှေ့ဖော်ထုတ်ဖို့ စုံထောက်တိုက်မှာ ပြောသည့်အခါ မိမိတို့ အားရပါးရ ထောက်ခံကြသည်။ ဘယ်လိုဘယ်ပုံ လုပ်သင့်သည်ဟု အကြံပေးကြသည်။ ယင်းကြောင့်ပင် (နာမည်အတိအကျတော့ မမှတ်မိပါ) မြန်မာ့လက်ဝှေ့ဖော်ထုတ်ရေး ကောင်စီဖွဲ့သောအခါ မိုးဝေ၊ ဒေါင်းနွယ်ဆွေနှင့် မိမိတို့ကို ကောင်စီလူကြီးများထဲတွင် ထည့်ထားပေးသည်။ ဒေါင်းကလည်း လက်ဝှေ့ဝါသနာပါသည်။

တကယ်တော့ ရယ်စရာပင်။ မိမိက အဲဒီတုန်းက မြန်မာ့လက်ဝှေ့ဟူ၍ တစ်ခါသာ ကြည့်ဖူးသည်။ မန္တလေးမှာနေတုန်းက ရတနာ့ဂူနတ်ပွဲတွင် ကြည့်ဖူးခြင်းဖြစ်သည်။ ယခုအထိလည်း မိမိသည် မြန်မာ့လက်ဝှေ့ပွဲ နှစ်ခါသာ ကြည့်ဖူးလေသည်။ နောက်တစ်ကြိမ်က ကိုဘညိမ်း ကြီးကြပ်စီစဉ်သော တွံတေးရွှေဆံတော် ဘုရားပွဲတွင် ကိုဘညိမ်းက လိုက်ကြည့်ပါဟု ဆိုသဖြင့် မိမိသည် ဇနီးသည်နှင့် ဆယ်နှစ်အောက် သားနှစ်ယောက်ကိုခေါ်ပြီး တစ်ခါမျှမရောက်ဖူးသော တွံတေးသို့ ရောက်သွားသည်။ သားနှစ်ရောက်ကိုလည်း မြန်မာ့လက်ဝှေ့ ပြချင်၍ဖြစ်သည်။

တွံတေး ရွှေဆံတော် လက်ဝှေ့ပွဲက တကယ်ပီသပါသည်။ ကြိုးဝိုင်းထဲတွင် (စင်မြင့်ကြိုးဝိုင်းကို စတင်ဇာတ်သွင်းနေခြင်းဖြစ်သည်) လက်ဝှေ့သမားချင်း စိန်ခေါ်ရုံသာမက အောက်က ပွဲကြည့်ပရိသတ်ကလည်း ထပြီးစိန်ခေါ်ကြသဖြင့် တစ်ရုံလုံး လက်ပန်းပေါက်ခတ်သံတွေ မိုးလုံးညံ

သွားပြီး မြန်မာ့လက်ဇာ့ ကောင်စီလူကြီး မောင်နတ်နွယ်နှင့် သားနှစ်ယောက် ကံကောင်း၍ ပြေးပေါက်မများကြသည်။

ကိုဘညိမ်းအကြောင်း ဒေါ်ဒေါ်ရေးခြယ်သည်မှာ ပီပြင်လှသည်။ ကိုဘညိမ်း၏ စိတ်ဓာတ်နှင့် ကိုဘညိမ်း၏ ဟာသတို့ ပေါ်လွင်လှသည်။ မိမိပင် အကြွေးဆပ်စရာ မကျန်တော့ဟု ထင်ရသည်။

ဗန္ဓုလ ဦးဆိုင်။

စားတန်းမှာ မိမိသူငယ်ချင်း တစ်ယောက်ရှိသဖြင့် စားတန်းဘက်သို့ နေ့တိုင်းရောက်သည်။ တစ်ခါတစ်ရံ တစ်နေ့လုံး သုံးလေးခေါက် ရောက်သည်။ စားတန်းကိုသွားတိုင်း ဗန္ဓုလတိုက်ကို ဖြတ်ရသည်။ မိမိ၏ ဖခင်နှင့် ဦးဆိုင်သိကျွမ်းသဖြင့် မိမိသည် နှစ်ခါ၊ သုံးခါ ဖခင်နှင့် လိုက်ပါဖူးသည်။ မိမိမန္တလေးတွင် နေစဉ်က ဗန္ဓုလသင်္ကန်းထက် ဗန္ဓုလစောင်နှင့် ရင်းနှီးရသည်။ မိမိ ရန်ကုန်ရောက်သည်အထိ ဆောင်းတွင်းဆိုလျှင် သိပ်ပြီးမအေးလှသော်လည်း နွေးထွေးလှသော ဗန္ဓုလစောင်ကို စွဲစွဲမြဲမြဲ ခြုံသည်။

မိမိတို့ မြစ်ကြီးနားခြံထဲတွင် သီတင်းပင်ကြီး တစ်ပင်ရှိသည်။ သီတင်းသီး သေးသေးကလေးများ သီးသည်။ ဘာလုပ်ရသနည်းဟု မိမိက မေးသောအခါ သင်္ကန်းဆိုးရသည်ဟု လူကြီးများက ပြောသည်။ အရောင်မှာ နီညိုရောင်ဖြစ်ပြီး၊ မိမိ မြစ်ကြီးနားမှာ မြင်ဖူးသော သင်္ကန်းက အဝါရောင်ဖြစ်သဖြင့် ထပ်မေးသောအခါ သုဓမ္မာက အဝါဝတ်ပြီး၊ ရွှေကျင်က သီတင်းရောင်ဝတ်သည်ဟု ဆိုသည်။

ဒေါ်ဒေါ်က သင်္ကန်းအကြောင်း၊ သင်္ကန်းအရောင်အကြောင်း၊ သင်္ကန်းဆိုးဆေးအကြောင်း ဖတ်ရသည်မှာ ပြီးပြည့်စုံလှသည်။ ဦးဆိုင်၏ အားထုတ်မှုနှင့် ကျွမ်းကျင်မှုတို့ကလည်း အတုယူဖွယ် ကောင်းလှသည်။

ဗိသုကာဆရာဆိုင်အကြောင်း ဖတ်ရပြန်တော့လည်း မြန်မာ့ဗိသုကာနှင့် ပတ်သက်ပြီး ဂုဏ်ယူရသည်။ ဤဆောင်းပါးမှာ ဒေါ်ဒေါ်က

မန္တလေးမြို့၏ ရုပ်ဝတ္ထုပုံသဏ္ဍာန် ပြောင်းလဲမှုကို နိဒါန်းဖွဲ့ထားသည်။ မိမိအဖို့မူ တစ်နစ်က မန္တလေးသို့ ရောက်ရှိသွားရခြင်းသည် နိုင်ငံခြားသို့ ရောက်နေသလားဟု အောက်မေ့မိသည်။ မြန်မာ့ဗိသုကာလက်ရာများ ထိန်းသိမ်းဖို့ အရေးကြီးကြောင်း သဘောပေါက်ရသည်။

"ကျက်သရေရှိလှသော လူသား" ကား ကျောင်းအမကြီး ဒေါ်ဦးဖွန်း အကြောင်း ဖြစ်သည်။ ရုပ်ကွက် ဆွမ်းတော်ကြီးတင်ပွဲမှ မုန့်များကို မင်းကွန်းလူအိုရုံသို့ သွားရောက် လှူဒါန်းသောအခါ မိမိအနေနှင့် ဒေါ်ဦးဖွန်း ၏ လူအိုရုံကို ပထမဆုံး တွေ့ဖူးရတော့သည်။ အဘိုးအဘွားများကို လှူဒါန်း ရခြင်းသည် ကြည်နူးစရာ ကောင်းလှသည်။ မြန်မာအမျိုးသမီး တစ်ဦးအနေနှင့် ဤကဲ့သို့ လူအိုရုံ (ဘိုးဘွားရိပ်သာ) ဆောက်လုပ် လှူဒါန်းခြင်းသည် မြန်မာတွင်သာမက ကမ္ဘာတွင်ပါ မှတ်တမ်းတင်ထားသင့်ပေသည်။

ဒေါ်ဒေါ်၏စာအုပ်တွင် နောက်ဆုံးဖော်ပြထားသော ဆောင်းပါးမှာ "ရွှက်ပုန်းသီး သူတော်စင်ကြီး" ဖြစ်သည်။ မန္တလေးမြို့တွင် လူထူး လူဆန်းကြီး၊ လူ့ခွစာကြီးဟု ထင်ရှားသော၊ စည်းကမ်းကြီးလှသော၊ အသားစား ရှောင်ကြဉ်ရေးသမားကြီးဖြစ်သူ၊ မန္တလေးဘိုးဘွားရိပ်သာ ဖြစ်မြောက်ရေးကို စတင်ခဲ့သူ၊ မန္တလေးမြို့မှာ မီးသဂြိုဟ်စက် လှူဒါန်းခဲ့သူဖြစ်သည်။ မိမိ မန္တလေးမှာ ရှိစဉ်ကတည်းက ဦးကျော်လှအကြောင်း ကြားဖူးခဲ့ပြီး၊ ဦးကျော်လှ၏မြေး ဒေါ်ယဉ်ယဉ် (အငြိမ်းစားပထဝီဝင်ကထိက ပြင်ဦးလွင်စစ်တက္ကသိုလ်)က မိမိနှင့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သည်။ စတုတ္ထတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ဖြစ်သည်။ တစ်လောက မိမိဆီကို ယဉ်ယဉ်ဖုန်းဆက်တော့ "ကျွန်မအခု ဆံပင်တွေဖြူနေပြီ" ဟုဆိုသည်။ မိမိကိုမြင်လျှင် သူအံ့သြချေမည်လား။ မိမိ၏ဆံပင်များက ပိတုန်းရောင်လို နက်မှောင်နေသည်။ သို့သော် ကိုကျော်အောင်ကမူ မိမိဆေးဆိုးထားကြောင်း သူ့ထမင်းသူစားပြီး လူတကာ လိုက်ပြောနေသည်။

ထားတော့။

ဆိုခဲ့သည့်အတိုင်းပင် ဒေါ်ဒေါ်၏စာအုပ်ကို ဖတ်လိုက်ရတော့ မိမိ မန္တလေးမှာ အနှစ် (၇၀)နေခဲ့ရသည်ဟု ထင်မှတ်မိပါသည်။

(ရွှေဝတ်မှုန်၊ ဖေဖော်ဝါရီ ၁၉၉၂)

❒

# မိမိနှင့် စာရေးဆရာများ

## ပြန်လည်ဆုံတွေ့ကြရာဝယ် (ဇဝန)

ရုံဖန်ရုံခါတွင် အမှတ်မထင် ဆုံတွေ့ရခြင်းများသည် နောက်ဆုံးအကြိမ် ဆုံတွေ့ခြင်းများ ဖြစ်တတ်သည်။ ရုံဖန်ရုံခါတွင်တော့လည်း နောက်ဆုံးအကြိမ် ဖြစ်မည်မို့လားမသိ။ ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင် မှတ်မှတ်ရရ တွေ့ဆုံမိတတ်ကြသည်။ မည်သို့ဆိုစေ လူတွေသည်နောက်ဆုံး တွေ့ရှိခြင်းများကို အမှတ်ရနေတတ်ကြသည်။

များမကြာမီ တစ်နေ့ကပင် ဖြစ်သည်။ မိမိထံသို့ မောင်နေဝင်း ဖုန်းဆက်သည်။

"ဆရာဇဝနက မိုးဝေအတွက် စာအုပ်တစ်အုပ် ဘာသာပြန်ပေးမယ် လို့ ပြောတယ်"

"The Ture Story of Sherlock Holmes"

"ပိုပြီး ကောင်းတာပေါ့"

မိုးဝေတွင် ရှားလော့ဟုမ်းဝတ္ထုကို မြသန်းတင့်က အစီအစဉ်အတိုင်း အစဉ်မပြတ် ပြန်ဆိုဖော်ပြနေသည်များကို ဆရာဇဝနက သတိမူမိသဖြင့် "ရှားလော့ဟုမ်း" အဖြစ်မှန်စာအုပ်ကို မိုးဝေသို့ ပြန်ဆိုရေးသားပေးရန် အမှတ်ရခြင်း ဖြစ်ပေလိမ့်မည်။

"ကျွန်တော့်ကို စာအုပ်ထုတ်ပြတယ်။ ကိုနင်ဒွိုင်းရေးတဲ့ ရှားလော့ ဟုမ်းဝတ္ထုတွေဟာ စာရေးဆရာက စိတ်ကူးဖန်တီးတာတွေ မဟုတ်ဘဲ

တကယ်ဖြစ်ပျက်ခဲ့တဲ့ ဇာတ်လမ်းတွေ ဖြစ်တဲ့အကြောင်း အဲဒီစာအုပ်မှာ ရေးထားတယ်"

"ဟုတ်ပြီလေ၊ ဘယ်ပုံဘယ်နည်း ထည့်မယ်ဆိုတာ ပြောကြရအောင်၊ ဆရာဇဝနဆီကို ခင်ဗျားနဲ့ကျွန်တော် သွားကြတာပေါ့"

"ဘယ်တော့သွားမလဲ"

"ဒီရက်ပိုင်းအတွင်းပေါ့၊ ခင်ဗျားဆီကို ကျွန်တော် လာခဲ့ပါ့မယ်၊ ဥတ္တရအလင်းဆရာဆီကိုလည်း ဝင်ကြရအောင်"

ဆရာဇဝနနှင့် ဥတ္တရအလင်းဆရာတို့သည် ကြေးမုံတွင် အတူလုပ်ခဲ့ကြသည်။ နေတော့လည်း လမ်းသစ်ရိပ်သာတွင် မလှမ်းမကမ်း။

သို့သော် မိမိသည် သည်ရက်ပိုင်းအတွင်းတွင် ဟိုအလုပ် သည်အလုပ် များနေသဖြင့် ဥတ္တရအလင်းဆရာထံသို့လည်း မရောက်ခဲ့ပါ။ ဆရာဇဝနထံသို့လည်း မရောက်ခဲ့ပါ။

မတ်လထုတ် မိုးဝေမဂ္ဂဇင်း မတ်လ (၇)ရက်နေ့တွင်မှ ရန်ကုန်မြို့တွင် ဖြန့်ချိနိုင်သည်။ နယ်သို့ပို့ဖို့ ထုပ်ပိုးရသည်။ ထိုနေ့က တနင်္လာနေ့ဖြစ်သည်။

မိမိထံသို့ မောင်နေဝင်း ဖုန်းဆက်သည်။

"မိုးဝေ ထွက်ပလား"

"ထွက်ပါပြီ"

"ခင်ဗျားမြို့ထဲ ရောက်ဦးမလား၊ ကျွန်တော့်အတွက် မိုးဝေဆွဲခဲ့ပါ"

"ဘယ်မှာ ပေးရမလဲ"

"၃၃ လမ်းပေါ့"

"ဒီလိုလုပ်ဗျာ၊ (၃၉)လမ်းမှာ ဆုံရအောင်၊ (၄)နာရီလောက်ပေါ့"

(၃၉)လမ်းဆိုသည်မှာ ဇမ္ဗူအေးဘလောက်တိုက်ကို ဆိုလိုခြင်းဖြစ်သည်။ (၃၃)လမ်းဆိုသည်က စာပေလောက၊ (၃၇)လမ်းဆိုသည်က ဘဝတက္ကသိုလ် စာပေ၊ ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း)ဆိုသည်က

စန္ဒာမဂ္ဂဇင်း၊ မိမိတို့ ဆုံတတ်သောနေရာများ။

"ကောင်းပြီ၊ ကျွန်တော် လာခဲ့မယ်၊ နည်းနည်းနောက်ကျချင် နောက်ကျမယ်၊ ဆရာဇဝနဆီ ခဏဝင်လိုက်ဦးမယ်"

သည်တော့မှ ဆရာဇဝနထံသို့သွားရန် မိမိတို့ ချိန်းထားသည်ကို အမှတ်ရသဖြင့် ...

"ဆရာဇဝနဆိုရင် ..."

မိမိစကားကို ဆုံးအောင် မပြောရပါ၊ တစ်ဖက်မှ ဖုန်းချသွားပြီ ဖြစ်သည်။

သို့ဖြင့် ညနေ (၄)နာရီတွင် မိမိတို့ ဇမ္ဗူအေးတွင် ဆုံကြသည်။

"ဆရာဇဝနအိမ် သွားမယ်ဆိုရင် ကျွန်တော့်ကို ပြောရောပေါ့"

မိမိက မောင်နေဝင်းကို တွေ့သောအခါ အပြစ်တင်စကား ပြောလိုက်သည်။

"အိမ်မဟုတ်ဘူးဗျာ၊ ဆေးရုံ"

"ဟိုက် ဘာဖြစ်လို့လဲ"

"သောကြာနေ့ကတည်းက ဆေးရုံတင်ထားရတယ်"

"ဘာဖြစ်လို့လဲ"

"ဦးနှောက်သွေးကြော ပိတ်သွားတာပဲ"

"တနင်္လာနေ့က လက်နှိပ်စက်ရိုက်နေရင်း လက်မတစ်ဖက် လှုပ်မရဘဲ ဖြစ်သွားတယ်"

နောက်ဆုံးအကြိမ်အထိ စာရေးခဲ့သည်။ စာရေးနေရင်းမှာပင် ဝေဒနာဖိစီးခြင်း ခံရသည်။

"အခု ဘယ်လိုနေသလဲ"

"ကျွန်တော် ရောက်သွားတော့ သတိမရတော့ဘူး၊ ကိုးမားဖြစ်သွားပြီ"

ခေါင်းကို ယမ်းခါလိုက်မိသည်။ မေ့မြောသွားခြင်းသည် ဦးနှောက်

သေဆုံးသွားခြင်းပင် ဖြစ်သည်။ ကိုးမားအကြောင်း ရေးသည့်ဝတ္ထုကို မိမိဘာသာပြန်ဖူးသည်။

"သူ့မွေးနေ့တုန်းက ကျွန်တော်တို့ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ကြတယ်၊ အဲဒါ နောက်ဆုံးပုံများ ဖြစ်နေမလား မသိဘူး"

မောင်နေဝင်း တိုးညင်းစွာ ပြောသည်။

ဆရာဇဝန၏ မွေးနေ့က ဇန်နဝါရီတွင် ဖြစ်သည်။ သူ့မွေးနေ့အကြောင်း သူဆောင်းပါး ရေးခဲ့သည်။ မိမိလည်း မတ်လထုတ် တောအကြောင်း တောင်အကြောင်းတွင် ထည့်ရေးမိသည်။

"ဒေါ်အမာလည်း ကနေ့ရောက်မယ် ပြောတယ်"

မိမိ၏ စိတ်အစဉ် လွင့်ပျံ့ရတော့သည်။

နောက်တစ်နေ့တွင် မိမိမြို့ထဲထွက်တော့ (၃၃)လမ်းတွင် တည်ကြည်နှင့် အရင်ဆုံးတွေ့သည်။

"ဆရာနတ် ဆရာဇဝနအကြောင်း ကြားပလား"

"အင်း ဟုတ်တယ် ဆေးရုံတက်နေရတယ်ဆိုတာ မနေ့ညကမှ ကြားတယ်"

"မဟုတ်ဘူး၊ သူဆုံးပြီ"

"ဘယ်တုန်းကလဲ"

"ကနေ့ မနက် (၁၀)နာရီကပဲ"

မိုးဝေသို့ ရောက်သောအခါ ဆရာဇဝန ကွယ်လွန်သည့်သတင်းကိုအုန်းစိန်ကို ပြောလိုက်သည်။

"ကျွန်တော် အခုပဲ သောင်းပြောင်းထဲက သူ့ဆောင်းပါးကို ဖတ်နေတယ်၊ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်"

မိမိ ခေါင်းညိတ်လိုက်သည်။

သူ့ဆောင်းပါးကို မိမိဖတ်ပြီး ခေါင်းထဲတွင် မှတ်မိနေသည်။ များလည်း အများကြီးပင် ဖြစ်သည်။ သူက နာရေးကြော်ငြာများကို ဖတ်သည့်အကြောင်း ရေးသည်။

"... ကိုယ့်အလှည့်မတိုင်မီ ဘယ်သူတွေများ ကြွေလွင့်ကြလေဦး
မလားဟု သိလိုစိတ်ဖြင့် နာရေးသတင်းများကို ဖတ်မိလေသည်"
ယခုတော့ ကြွေလွင့်သူက သူဖြစ်နေတော့သည်။

မိမိစဉ်းစားနေမိသည်။ သူနှင့် နောက်ဆုံးအကြိမ်အဖြစ် ဘယ်တုန်းကများ တွေ့ခဲ့ချေသနည်း။ မတွေ့တာကြာပြီ။ တစ်လ၊ နှစ်လ၊ သုံးလ၊ မိမိထပ်ပြီး စဉ်းစားသည်။ နောက်ဆုံးအကြိမ် ဘယ်တုန်းကနည်း။

မဟုတ်သေးပါဘူး၊ သူ့ကို မိမိတွေ့ခဲ့သည်မှာ မကြာသေးပါ။ ဘယ်မှာတွေ့သနည်း။ ဟုတ်ပြီ၊ မှတ်မိပြီ။ ဂျာနယ်ကျော် တင့်ဆွေ၏ အသုဘတုန်းက ဖြစ်သည်။

ဂျာနယ်ကျော် တင့်ဆွေသည် မြောက်ဥက္ကလာပတွင် ကွယ်လွန်ခဲ့သည်။ မြို့ထဲကလူတွေ၏ အမြင်နှင့်ဆိုလျှင် မြောက်ဥက္ကလာပသည် အဝေးကြီး၊ တော်ရုံတန်ရုံနှင့် မြောက်ဥက္ကလာပကို မလာချင်ကြ။ သူတို့စိတ်ထဲတွင် ယူဇနာတစ်သောင်းလောက်များ ဝေးသည်ဟု ထင်နေကြသလား မသိ။

သို့သော် ဂျာနယ်ကျော် တင့်ဆွေ၏ အသုဘကိုမူ မြို့ထဲမှ လူကြီးများ အတော်များများ လာရောက်ကြသည်။ လူကြီးများဆိုသည်မှာ အသက်အရွယ် ကြီးရင့်သူများကို ဆိုလိုခြင်းဖြစ်သည်။ ဆရာကြီး ဦးလှထွန်းဖြူလည်း လာသည်။ ဆရာကြီး ဦးသန်းတင့် (ရွှဝံ)လည်း လာသည်။ ဆရာဇဝနလည်း လာသည်။ အခြားပုဂ္ဂိုလ်ကြီးများလည်း လာကြသည်။ သူတို့က လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသည်။ ငတ်ဖော်ငတ်ဖက်များ ဖြစ်ကြသည်။

မြို့ထဲမှ လာကြသူများထဲတွင် လူငယ်ကလေး တစ်ယောက်ကိုလည်း တွေ့ရသည်။ မောင်မိုးဟိန်း၊ သူဘာလုပ် လာသနည်း။ သူက ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဂျာနယ်ကျော် မမလေးတို့၏ သား၊ ဂျာနယ်ကျော် တင့်ဆွေ၏ အသုဘကို မလာ၍ ဖြစ်ပါ့မလား။ သူ့အဖေလည်း မရှိ

တော့၊ သူ့အမေလည်း မရှိတော့။ ဒေါ်မမလေးရှိလျှင် လာချေမည်မှာမလွဲ။

ဂျာနယ်ကျော် တင့်ဆွေ၏ အသုဘကို ကြံတောသုသာန်အထိ လိုက်လံပို့ဆောင် ပြီးသောအခါ မိမိတို့လူစုသည် အုတ်ဂူများ၊ မြေပုံများ ကိုဖြတ်ကျော်ကာ သင်္ချိုင်းထဲမှ ထွက်ခဲ့ကြသည်။ ထို့နောက် နေပူကျဲကျဲတွင် လမ်းလျှောက်ပြီး သွားကြသည်။ မိနစ်နှစ်ဆယ်ကျော်ကျော် လျှောက် သောအခါ စမ်းချောင်း ချမ်းသာလမ်းသို့ ရောက်ရှိကြသည်။ နောက်ထပ် အသုဘတစ်ခုသို့ သွားရောက်ကြခြင်းဖြစ်သည်။ ဆရာကြီးဇေယျက ဂျာနယ်ကျော်တင့်ဆွေနှင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ တစ်ယောက်က အောက်တိုဘာလ (၃)ရက်၊ တစ်ယောက်က အောက်တို ဘာလ (၄)ရက်။

နေဦး၊ အောက်တိုဘာလဆိုတော့ ကြာတော့ ကြာသွားပြီ။ ငါးလ ကြီးများတောင် ရှိသွားပြီ။ သို့သော် မိမိစိတ်ထဲတွင် ဘာမျှကြာသေးဟု ထင်သည်။ မနေ့တစ်နေ့ကဟုပင် ထင်နေသည်။

သေတဲ့လူတွေကတော့ သွားပြီ။ မိမိတို့ကမူ ဟိုအလုပ် သည်အလုပ် တွေ ရှုပ်ယှက်ခတ်နေပြီ။ သည်နေ့လည်း မအားနိုင်၊ ဟိုနေ့လည်း မအား နိုင်။ ကုန်သွားသည့် အချိန်တွေကိုလည်း ဘာမျှမကြာလိုက်သည်ဟု မထင်။

ဟော ယခုပဲ ဆရာဇဝန ဆုံးပြန်ချေပြီ။

ဂျာနယ်ကျော် တင့်ဆွေ အသုဘမှ ဆရာဇေယျ၏ အသုဘသို့ နေပူကျဲကျဲတွင် ဆုံခဲ့သူများ ဆရာဇဝန၏ အသုဘတွင် ပြန်လည်ဆုံမိ ကြသည်။ ဘတ်စကားတစ်စီးတည်းမှာပင် လိုက်ပါပို့ဆောင်မိကြသည်။

မည်သူတွေနည်း။ ဦးအုံးမြင့် (ကျော်လင်း)၊ မြသန်းတင့်၊ မောင် နေဝင်း၊ မင်းကျော်နှင့် မိမိတို့ ဖြစ်ကြသည်။

နောက်တစ်ကြိမ် ဘယ်မှာ ဆုံကြရဦးမည်နည်း။

**(မိုးဝေ၊ ဧပြီ ၁၉၈၃)**

❒

# ကိုမြတ်ခိုင်ကောင်းတာလေးတွေ

## (အထောက်တော် လှအောင်၊ မြတ်ခိုင်)

ကိုမြတ်ခိုင်ဆိုတာကတော့ **မဟောသီ** တို့၊ **ရနံ့သစ်** တို့မှာ ပင်တိုင်ဆောင်းပါးတွေရေးနေတဲ့ **ကြီးပွားရေးလမ်းညွှန်ဂျာနယ်** အယ်ဒီတာချုပ် မြတ်ခိုင်ပဲပေါ့။ သူကလွဲရင် ဘယ်သူဖြစ်ရဦးမှာလဲ။

အဲ ကိုမြတ်ခိုင် ကောင်းတာလေးတွေဆိုတော့ သူမကောင်းတာတွေ ရှိနေတယ်ဆိုတဲ့ အဓိပ္ပာယ်များ ထွက်နေသလားပဲ။ အခု ဆောင်းပါးမှာတော့ အဲဒီလိုမျိုး မရည်ရွယ်တာ အမှန်ပါပဲ။

နောက်ပြီး အခုတစ်လော မိမိအနေနှင့် ကောင်းတာလေးတွေပဲ ရေးချင်ပါတယ်။ သူတစ်ပါးမကောင်းတာတွေကို မရေးချင်ပါဘူး။ အသက်ကြောင့်လား၊ အတွေ့အကြုံကြောင့်လားတော့ မသိဘူး။ အတွေ့အကြုံနည်းပါးစဉ် ငယ်ငယ်တုန်းကတော့ သူများနားရွက် တံတွေးဆွတ်ရတာ ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီးလိုပဲ။ ဘယ်သူ့ကိုဖြင့် ဆောင်ပလော်တီးလိုက်ပြီပေါ့။

အင်းလေ စာပေလောကမှာ ဒါမျိုးတွေ တစ်ယောက်မဟုတ် တစ်ယောက်က အမြဲတမ်း ရှိနေမှာပါ။ နရာကနေ ရင့်လာကြရတာ မဟုတ်လား။

အဲဒါတွေ ထားပါတော့။ ဒီဆောင်းပါးမှာတော့ ကိုမြတ်ခိုင် ကောင်းတာလေးတွေကို တကယ်ရေးမလို့ပါ။

အမှန်တော့ ဒီလမှာ ကိုလှအောင် (အထောက်တော်လှအောင်) အကြောင်း ရေးရကောင်းမလားလို့ စိတ်ကူးနေတာ။ အဲဒီလို စိတ်ကူးမိတာကလည်း မဆန်းပါဘူး။ သတင်းမဂ္ဂဇင်းတွေ မှိုလိုပေါက်လာပြီး မဂ္ဂဇင်းတိုင်းမှာလည်း ဟိုသတင်း၊ သည်သတင်းတွေချည်း ဖြစ်နေတော့ **သတင်းဂျာနယ်** ထုတ်ဝေသူနဲ့ အယ်ဒီတာကို ဘယ်မှာ သတိမရဘဲ ရှိပါ့မလဲ။ သတင်းမဂ္ဂဇင်းတွေ များတာကတော့ အမှန်ပါပဲ။ ကောလင်းမှာ ရွှေထွက်တယ်ကြားလို့ လိုက်တူးကြတဲ့အတိုင်းပါပဲ။ ဒါမှမဟုတ် ကျောက်စိမ်းတွင်းဒေသမှာ မှော်သစ်တစ်ခု တွေ့သလိုပေါ့။ အဲ ကျောက်အောင်သူတွေရော၊ ငှက်ဖျားမိသူတွေရောပေါ့။

ရှေးသရောအခါကပဲ ဆိုပါတော့၊ (၃၃)လမ်းထိပ်မှာ ကိုလှအောင်နဲ့ မိမိနဲ့ ဘွားခနဲတွေ့မိကြတယ်။ "ရွှေကြည်အေး" မှာ ထိုင်ကြတယ်။ အဲဒီတုန်းက မိမိက **"မိုးဝေ"** ကို ထုတ်နေစဉ် သူက တစ်နေရာမှာ ခရီးလွန်နေရာမှ ပြန်အလာ လက်ငုတ်လက်ရင်းမဲ့။ ကျန်းမာရေးကြောင့် အသားကလည်း ခပ်ဝါဝါ။ လူကလည်း ခပ်နွမ်းနွမ်း။ ဒါပေမဲ့ သူ့ရဲ့စိတ်ကတော့ သန်မာလန်းဆန်းနေတယ်။

"ကျွန်တော် ဂျာနယ်တစ်စောင် ထုတ်မလို့ဗျာ၊ တစ်ပတ်တစ်ကြိမ်"

"ဘာဂျာနယ်လဲ၊ စာပေလား၊ နိုင်ငံရေးလား"

မိမိက စူးစမ်းလိုက်သည်။

"သတင်းဂျာနယ်"

မိမိခေတ္တမျှ စဉ်းစားနေမိပြီ။

"ကောင်းတယ်၊ ဒါပေမဲ့ လုပ်တော့ လုပ်ရလိမ့်မယ်"

"ကြိုးစားကြရမှာပေါ့ဗျာ၊ ခင်ဗျားလည်း စာပေမဂ္ဂဇင်းတစ်စောင် လုပ်နေတာ အများကြီး ကြိုးစားရတယ်ဆိုတာ ကျွန်တော် နားလည်ပါ

တယ်၊ မိုးဝေအတွက် ကျွန်တော် ဝတ္ထုတစ်ပုဒ် ရေးထားတယ်၊ ကနေ့ ပါမလာဘူး၊ မနက်ဖြန်ကျရင် (၃၉)လမ်းကို လာပို့မယ်”

နောက်တစ်လ နှစ်လအကြာတွင် **သတင်းဂျာနယ်** ထွက်လာတယ်။ တစ်ပတ် တစ်ကြိမ်ထုတ်၊ တစ်စောင် ပြားငါးဆယ်။

ပထမထုတ်စာစောင်ကို သူလက်မှတ်ရေးထိုးပြီး မိမိကို လက်ဆောင်ပေးတယ်။ စောင်ရေဘယ်လောက် ရှိတယ်ဆိုတာကိုလည်း မိမိတို့ သိပါတယ်။ အကြောင်းကတော့ အဲဒီတုန်းက **မိုးဝေ** ခေတ္တကွန်းခိုရာ နံ့သာ ပုံနှိပ်တိုက်မှာ သတင်းဂျာနယ်စီပြီး စာဖောင်တွေကို ခွဲရိုက်လို့ပဲဖြစ်ပါတယ်။ စောင်ရေများလွန်းတဲ့အတွက် စက်တွေခွဲပြီး ရိုက်ရပါတယ်။ ကိုတင်အောင်–မစန်းပုံနှိပ်တိုက်မှာလည်း ရိုက်တယ်။ ဖွဲ့မှာလည်းရိုက်တယ်။

တစ်ခါတော့ သတင်းဂျာနယ်တိုက်မှာ စားကြသောက်ကြရင်း မိမိက –

“ခင်ဗျားဂျာနယ်က ဒီအတိုင်းဆိုရင် ပတ်လည်စက်ကြီးတွေနဲ့ ရိုက်မှပဲဖြစ်တော့မယ်”

“အခုလည်း ပတ်လည်စက်ပဲဗျာ၊ (၃၉)လမ်းကနေ (၃၃)လမ်းကို ပတ်ပြီး သွားလိုက်တာ (၁၀၇)လမ်း ရောက်ရောပဲ၊ ခြောက်လုံးတွဲ ပတ်လည်စက်ကြီးပေါ့”

သူ့ထုံးစံအတိုင်း အသံကျယ်ကျယ်နဲ့ အားရပါးရ ရယ်မောပြီး ပြောပါတယ်။

အဲဒီတုန်းက သတင်းဂျာနယ်ရိုက်ခကို တစ်ပတ်တစ်ခါရှင်းပေးတော့ ကိုသန်းဆွေနဲ့ မိမိလည်း သတင်းဂျာနယ်တိုက်ကို အနည်းဆုံး တစ်ပတ်တစ်ကြိမ်လောက် ရောက်ရပါတယ်။ စားကြသောက်ကြ ရယ်ကြမောကြ ပြောကြဆိုကြပေါ့။

နောက် ဗြုန်းဆို **သတင်းဂျာနယ်** ရပ်လိုက်ရတယ်။ ဒါပေမဲ့ လူချင်း အတွေ့အပျက်ကြပါဘူး။ **မိုးဝေ** မှာ သူဝတ္ထုတိုလေးတွေ ရေးတယ်။

တစ်နေ့တော့ မိမိက –

"ကိုလှအောင် **မိုးဝေ** မှာ **သတင်းဂျာနယ်** ထည့်ပါလား"

"ဘယ်လို ထည့်ရမှာလဲ"

"ဂျာနယ်ကဏ္ဍပေါ့ဗျာ၊ ကျွန်တော် လေးဖောင်ပေးမယ်၊ အဲဒီ လေးဖောင်ကို ခင်ဗျား ကြိုက်သလိုကိုင်"

"ကိုနတ်ကြီးပြောတာ ကျွန်တော် နားလည်ပြီ၊ ကျွန်တော် စဉ်းစားမယ်"

အဲဒီတုန်းက နာမည်ကြီး ရုပ်ပြကာတွန်း ထုတ်ဝေသူတစ်ဦးက မိမိကို ကမ်းလှမ်းခဲ့တယ်။ ခေတ္တရပ်ဆိုင်းထားရတဲ့ (စောင်ရေ သောင်းကျော်ထုတ်ရတဲ့) သူ့ရဲ့ရုပ်ပြကာတွန်းကို **မိုးဝေ** မှာ ထည့်မယ်။ အကျိုးအမြတ်တစ်ဝက်စီ။ မိမိ လက်မခံခဲ့။ စောင်ရေသောင်းကျော်မှာ မှန်သော်လည်း စာပေမဂ္ဂဇင်းကို ရုပ်ပြက လွှမ်းမိုးသွားမှာကို မိမိ လက်မခံနိုင်။

နောက်တစ်ယောက် ရှိသေးတယ်။ သူက ဟိုလိုသည်လိုနှင့် အရမ်းချမ်းသာသွားတဲ့ စာရေးဆရာတစ်ယောက်။ **မိုးဝေ** မှာ သူ့အခန်းဆက်ဝတ္ထုရှည် ထည့်ချင်သည်။ ပိုက်ဆံ ကြိုက်သလောက်ယူ။ မိမိ ငြင်းလိုက်သည်။

ဒါပေမဲ့ ကိုလှအောင်ကိုတော့ မိမိကပဲ ကမ်းလှမ်းခဲ့တယ်။ ကိုလှအောင် စဉ်းစားတယ်။ သူရယ်၊ ကိုသန်းဆွေရယ်၊ မိမိရယ် ဆွေးနွေးကြတယ်။ ဒါပေမဲ့ အလုပ်မဖြစ်ဘူး။ အကြောင်းကတော့ "**သောင်းပြောင်းထွေလာ**" ကို လုပ်ဖို့ ဆုံးဖြတ်လိုက်လို့ပဲ။ သူ့လက်ထဲမှာ "**သောင်းပြောင်းထွေလာ**" အထူးအောင်မြင်တာလည်း ပြောဖို့မလိုတော့ပါဘူး။

နောက် သောင်းပြောင်းထွေလာကို သူလက်လွှတ်လိုက်ရတယ်။ သူ ကလောမှာ သွားနေတယ်။ ရန်ကုန်ကို ပြန်လာတယ်။ ဒီအတွင်းမှာ **မိုးဝေ** ကို ဘာသာပြန် ဝတ္ထုတိုကလေးတွေ ပေးတယ်။

**နွယ်နီ** ထွက်ပြီး အရှိန်ရစပြုနေချိန်မှာ သူနဲ့ တစ်ခါတွေ့တယ်။

သူ့ကျန်းမာရေး ချွတ်ယွင်းစပြုနေပြီ။ ဒါပေမဲ့ သူ့စိတ်ကတော့ မာနေဆဲပဲ။

"ကိုလှအောင် ခင်ဗျားလည်း မဂ္ဂဇင်းတစ်စောင် လုပ်သင့်နေပြီ"

မိမိက သူ့ကို **နွယ်နီ**မှာ ရေးဖို့ မပြောပါ။ သူကိုယ်တိုင် **မဂ္ဂဇင်းလုပ်ဖို့သာ** တိုက်တွန်းမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူလုပ်ရင် အောင်မြင်မှာ သေချာလို့ပါပဲ။

"ကျွန်တော် အချိန်နည်းနည်းလေး စောင့်နေတယ်"

သို့သော် အချိန်က သူ့ကိုမစောင့်ပါ။ သတင်းမဂ္ဂဇင်းတွေ အောင်မြင်နေကြချိန်မှာ သူမရှိတော့ပါ။

အဲဒီလို သူ့အကြောင်းရေးဖို့ စိတ်ကူးနေချိန်မှာပဲ **ကြီးပွားရေးလမ်းညွှန်ဂျာနယ်** အတွဲ (၃)၊ အမှတ် (၄)ကို ဖတ်ရတယ်။ ၁၉၉၄ ခုနှစ် ထုတ်ပဲ။ ဇန်နဝါရီလထုတ်ပဲနဲ့ တူပါတယ်။ ဖေဖော်ဝါရီထုတ်တော့ မဖြစ်တန်ကောင်းပါဘူး။ ကိုမြတ်ခိုင် လက်မှတ်ထိုးပြီး ပေးလိုက်တာပဲ။

ဒီမှာ တစ်ခါ ကိုလှအောင်ကို သတိရပြန်တယ်။ "အထောက်တော်လှအောင် အထူးကူညီခဲ့သည်" ဆိုတဲ့ ကြီးပွားရေးတောင် ဘယ်လောက်အောင်မြင်နေသလဲ။ ကိုမြတ်ခိုင်ဟာ ကိုလှအောင်ရဲ့ လက်ကျလက်နကို အတော်ကလေး လိုက်မိတဲ့လူပဲ။ (ဒီလိုပြောလို့တော့ ကိုမြတ်ခိုင် စိတ်မဆိုးတန်ကောင်းပါဘူး)

ကဲ အဲဒီတော့ ကိုမြတ်ခိုင် ကောင်းတာလေးတွေ ပြောရအောင်။ တခြား မဟုတ်ပါဘူး။ "**ကြီးပွားရေးကုသိုလ်**" ကိစ္စပါပဲ။ **ကြီးပွားရေး**မှာ ပညာရေးထူးချွန်သူ ဂုဏ်ထူးရှင်ကလေးတွေအကြောင်း ဖော်ပြတဲ့အတွက် ပညာရေးကုသိုလ်ပြုသူများ ပေါ်ထွန်းလာပြီး ပညာထူးချွန်သူကလေးတွေ ဆက်လက် ပညာသင်ကြားနိုင်တဲ့ အကြောင်းပါပဲ။

ရေနံချောင်းမှ လေးဘာသာ ဂုဏ်ထူးရှင်ကလေးအကြောင်း ဖော်ပြထားတာ အထူးစိတ်ထိခိုက် ခံစားရပါတယ်။ ပညာရေး ကုသိုလ်ပြုသူများ ပေါ်လာတဲ့အတွက်လည်း ဝမ်းသာရပါတယ်။ အဲဒီမှာ ကဗျာဆရာ နီမောင်

ကလည်း စာတစ်စောင် ပေတစ်ဖွဲ့နဲ့ သာစုခေါ်ထားပါတယ်။

မိမိကလည်း သာစုခေါ်လိုက်ပါတယ်။ ကိုမြတ်ခိုင် ကောင်းတာလေးတွေ ဆက်ပြီး လုပ်နိုင်ပါစေ။

**(ရွှေဝတ်မှုန်၊ မတ် ၁၉၉၄)**

❒

# မိမိနှင့်မြတ်လေး

## (၁)

ထုံးစံအတိုင်းပါပဲ။ ကိုမြတ်လေး ဆုံးပြီဆိုတဲ့သတင်းကို ကြားလိုက်ရတော့ တုန်လှုပ်သွားတယ်။ မယုံကြည်နိုင် ဖြစ်ရတယ်။

"ဘယ်လိုဖြစ်တာလဲ၊ တစ်လောကပဲ ကိုယ် သူနဲ့ လမ်းထိပ်မှာ တွေ့လိုက်သေးတယ်" လို့ သတင်းပေးလာသူ မောင်သွေးသစ်ကို ပြောလိုက်မိတယ်။

လမ်းထိပ်ဆိုတာက နွယ်နီတည်ရှိရာ (၃၄)လမ်းထိပ်၊ ဗိုလ်ချုပ်လမ်းပေါ်မှာ။ မိမိတို့ရပ်ပြီး စကားပြောဖြစ်ကြသေးတယ်။ သူနဲ့ ဒီလိုပဲ လမ်းပေါ်မှာ မကြာခဏဆိုသလို တွေ့ရတယ်။ သူက ဟိုတုန်းကတည်းက လမ်းပေါ်မှာ ဟိုငေးဒီငေး လျှောက်နေတတ်တယ်။

၈၉–၉၀ လောက်တုန်းက ဆိပ်ကမ်းသာလမ်းက သူတစ်ယောက်တည်းနေတဲ့အခန်းမှာ မိမိတို့ မကြာမကြာဆုံဖြစ်ကြတယ်။ မိမိတို့ဆိုတာက ကျော်အောင်၊ မြသန်းတင့်၊ မောင်နေဝင်း၊ မင်းကျော်တို့ပဲပေါ့။ အားလုံး ပြောမနာ ဆိုမနာမို့ စားကြသောက်ကြ ငြင်းကြခုံကြပေါ့။ အခုတော့ မိမိတစ်ယောက်ကလွဲလို့ အားလုံး မရှိကြတော့ဘူးပေါ့။

အဲဒီတုန်းက သူက ဗီဒီယိုကားတစ်ကား ပုဂံမှာ သွားရိုက်ဖို့ လုပ်

နေတယ်။ သူက တစ်နေ့မှာ မိမိကိုပြောတယ်။

"ဒီမှာ ကိုနတ်နွယ်၊ ခင်ဗျားဝတ္ထု ကျွန်တော် ဗီဒီယိုပြန်ရိုက်ချင်တယ်"

"ဟာ ဘယ်ဝတ္ထုလဲ၊ ကျွန်တော်က ဝတ္ထုတစ်ပုဒ်တည်း ရေးတဲ့လူကျနေတာပဲ"

"ဟိုဝတ္ထုဗျာ၊ ကျွန်တော်တို့ ရုပ်ရှင်ဇာတ်လမ်းတင်တာ မကျတဲ့ဝတ္ထု၊ အခု ဗီဒီယိုဆိုရင်တော့ ရမယ်ထင်တယ်၊ နည်းနည်းတော့ ပြင်ရမှာပေါ့"

မိမိဝတ္ထုနာမည်ကို မိမိ မေ့သလိုလို ရှိနေသဖြင့် စဉ်းစားနေရာ –

"ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာဗျာ"

"ဟုတ်ပါတယ်"

မိမိက လျော့တော့တော့ ပြန်ပြောလိုက်တယ်။ ဒီဝတ္ထုကို သူတော်တော် ဖွဲလမ်းပုံရတယ်။ ခဏခဏ ပြောတယ်။ ဇာတ်ကလည်း သူနဲ့လိုက်တယ်။ အဲဒီဝတ္ထုကိုရေးစဉ်က မိမိ၏ မသိစိတ်အာရုံတွင် သူ၏လှုပ်ရှားဟန်များ ငြိတွယ်နေသလားမသိ။

"နာမည် ဘာပေးရရင် ကောင်းမလဲ၊ နာမည်တော့ ပြောင်းလိုက်ရင်ကောင်းမယ်"

မိမိက တစ်စုံတစ်ခုကို သတိရသဖြင့် –

"လှည်းနေလှေအောင်း မြင်းဧောင်းမကျန်၊ ဘဝင်ညံ့သော လက်ခုပ်သံများ"

သူ မျက်ခုံးတွန့်သွားပြီး –

"ရှည်လိုက်တာဗျာ"

"ခင်ဗျား ရှည်ရှည်ကြိုက်တတ်လို့"

"အင်း ဟုတ်ပြီ၊ ဘဝင်ညံ့သော လက်ခုပ်သံများဆိုရင် ကောင်းတယ်၊ မြန်မာလူထုကြီးတစ်ရပ်လုံးက ကောင်းချီးသြဘာပေးတဲ့ သဘောပဲ"

မိမိက မပြုံးတပြုံးဖြင့်

"မင်္ဂလာဒုံက လက်ခုပ်သံများကို သတိရလို့ ကျွန်တော် လွှတ်ခနဲ ပြောလိုက်တာ"

"အေး ဟုတ်တယ်၊ မင်္ဂလာဒုံက လက်ခုပ်သံများ။ အဲဒီတုန်းက ခင်ဗျားတို့ ကျွန်တော်တို့ ပင်ပန်းလိုက်ကြတာ။ ဦးဆန်နီတိုက်မှာ တစ်ည လုံးရေး၊ တစ်ညလုံး သွင်းကြရတာ။ ဘယ်သူမှ မအိပ်ကြရဘူး"

သူက ပြတင်းပေါက်ဆီသို့ ကြည့်လိုက်သည်။ လမ်းတစ်ဖက်က တိုက်ခန်းတွေကို သူမြင်မည်မဟုတ်။ အတိတ်ကို ငေးမောနေခြင်းပင်။

မိမိ၏ စိတ်အာရုံတွင်းမှာလည်း အတိတ်က အတင်းပြေးဝင်လာတော့သည်။

## (၂)

အဲဒီတုန်းက ၁၉၅၀ အလွန်စောစောပိုင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့ လာတယ်။ မင်္ဂလာဒုံလေဆိပ်မှာ စာရေးဆရာနှင့် အနုပညာရှင်တွေလည်း ကြိုဆိုခဲ့ကြတယ်။

ပြီးတော့ ကန်တော်ကြီး အိုးရီးယင့်ကလပ်မှာ ညှိခံပွဲလုပ်ခဲ့ကြတယ်။ အဲဒီ ညှိခံပွဲမှာ ညှိခံသီဆိုဖို့ သီချင်းတစ်ပုဒ် စပ်ကြတယ်။ ဘရွတ်ကင်းလမ်း (ဘိုကလေးဈေးလမ်း) ဦးဆန်နီရဲ့ စုံထောက်မဂ္ဂဇင်းတိုက်မှာ တစ်ညလုံး သီချင်းရေးကြ၊ သံစဉ်ရှာကြ၊ သီချင်းတိုက်ကြ၊ အသံသွင်းကြနဲ့ တစ်ညလုံးပါပဲ။

ပြောရရင် ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာ မဟုတ်ပါဘူး။ အဲဒီသီချင်းဟာ တော်တော်ကောင်းတယ်။ လက်ခုပ်သံတွေက မာန်ပါတယ်။ နှလုံးသားထဲကလာတဲ့ လက်ခုပ်သံတွေပဲ။

သြော် ... သြော် အဲဒီတုန်းက မင်္ဂလာဒုံက လက်ခုပ်သံများကို ဖန်တီးကြသူတွေက ကိုမြတ်လေး၊ ကိုချစ်ဆွေ (စန္ဒရားချစ်ဆွေ)၊ ကိုမင်းနောင်၊

ကိုခင်မောင်လွင်နဲ့ ကဗျာဆရာတွေ၊ စာရေးဆရာတွေပဲပေါ့။

သူတို့ဟာ အဲဒီအချိန်တုန်းက အဲဒီလိုပဲ ချစ်ကြည်ရေး၊ ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးသီချင်းတွေကို ရေးခဲ့ကြ၊ ဆိုခဲ့ကြတယ်။

"မြတ်လေးရဲ့ တေးကဗျာများ" ဆိုတဲ့ စာအုပ်ကို မြတ်လေးရဲ့ မျက်နှာဖုံးပုံနဲ့ ငြိမ်းစာပေက ၁၉၅၆ မှာ ထုတ်ခဲ့တယ်။ နောက်ပြီးတော့ ကိုမြတ်လေးတို့ ကခဲ့ကြတဲ့ အရိပ်ပြဇာတ် တစ်ပုဒ်ကိုလည်း ငြိမ်းစာပေကပဲ ထုတ်ဝေခဲ့တယ်။

ကိုမြတ်လေးရဲ့ တေးသီချင်းတွေနဲ့ အရိပ်ပြဇာတ်တွေဟာ လူငယ်တွေရဲ့ရင်မှာ စွဲငြိခဲ့ကြရတယ်။ အားမာန်တွေ ပေါက်ဖွားရတယ်။

ဂိုယာရမ့်တို့၊ မော့ဝီစကီတို့ကတော့ တစ်မျိုးပေါ့။

မြတ်လေးဆိုရင် ငြိမ်းချမ်းရေး အနုပညာရှင်လို့ ပြည်သူတွေက လက်ခံခဲ့ကြတယ်။ နောက်ပြီး သူ့ရဲ့ ရုပ်ရှင်ကားတွေကကော။

ကိုမြတ်လေးဟာ အနုပညာရှင်တစ်ဦးအနေနဲ့ သူ့ရဲ့ အနုပညာလက်ရာတွေဟာ ဘယ်တုန်းကမှ သွေဖည်သွားတာ မရှိဘူး။ သူ့ရဲ့ဖန်တီးမှုတွေဟာ ပြည်သူတွေကြားမှာပဲ ရှိခဲ့တယ်။

## (၃)

မိမိ ရန်ကုန်ရောက်ကတည်းကပဲ ကိုမြတ်လေးနဲ့ သိခဲ့တယ်။ စာပေစိတ်၊ အနုပညာစိတ်နဲ့ လက်တွဲခဲ့ကြတယ်။

နောက် သူမန္တလေးကို အလုပ်နဲ့ ပြောင်းသွားတယ်။ ရန်ကုန်မှာ မိမိလက်ထပ်တော့ မန္တလေးက မိမိမိဘတွေက လက်ဖွဲ့လိုက်တဲ့ဆွဲကြိုးကို ကိုမြတ်လေးပဲ ရန်ကုန်ကို ယူလာပေးတယ်။ မန္တလေးက မိမိတို့ရဲ့ မိတ်ဆွေများ၊ ရဲဘော်များနဲ့ သူရင်းနှီးသလို မိမိ၏မိဘများနှင့်လည်း ရင်းနှီးပါတယ်။

မိမိ မန္တလေးသွားလည်တဲ့အခါမှာ သူနဲ့မိမိဟာ မိမိတို့ ထိုစဉ်က

ထိုင်နေကျ ကျုံးထောင့်မြက်ခင်းပြင်မှာ ညပေါင်းများစွာ ထိုင်ခဲ့ကြတယ်။ အဲဒီမှာပဲ ထုံးစံအတိုင်း ပြောကြဆိုကြ ဆွေးနွေးကြ ငြင်းကြပေါ့။

သူက ဘဏ်မှာ အလုပ်လုပ်နေပေမဲ့ ရန်ကုန်မှာပဲဖြစ်စေ၊ မန္တလေးမှာပဲဖြစ်စေ ကျောင်းသားလူငယ်တွေကြားမှာပဲ ရှိနေတယ်။ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ဟာ သူ့ရဲ့မွေးရပ်ဇာတိလိုပဲ။ သူကျင်လည်ရာ အရပ်တွေပဲ။

သူ ရပ်ရှင်ထဲရောက်သွားပြီး အောင်မြင်တဲ့ အချိန်ကာလမှာလည်း မိမိတို့က သူ့ကို မင်းသားတစ်ယောက်လို သဘောမထားခဲ့ဘူး။ လုပ်ဖော်ကိုင်ဖက် ရဲဘော်တစ်ယောက်လိုပဲ သဘောထားခဲ့တယ်။

သူက ရုပ်ရှင်မှာ စကားများများပြောသလို အပြင်မှာလည်း တကယ်ပြောတာပဲ။ ဒါပေမဲ့ သူများပြောတာကိုလည်း တလေးတစား နားထောင်တယ်။ တစ်ခါတလေမှာ သူမသိလိုက်တဲ့ အကြောင်းအရာတွေရှိရင် သူကိုယ်တိုင်က မေးတယ်။

"သူငယ်ချင်း၊ အဲဒီကိစ္စက ဘယ်လိုဖြစ်တာတုံး၊ ပြောစမ်းပါဦး"

စာပေလောကမှာ သူမသိလိုက်သော အတွင်းရေးများကို ရှင်းပြလျှင် သူတိတ်ဆိတ်စွာ နားထောင်နေတတ်တယ်။ အဲဒီအခါမျိုးမှာ သူဝေဖန်ချက် ပေးလေ့မရှိဘူး။

နောက်ပြီးတော့ သူက အသိုင်းအဝိုင်းနဲ့လုပ်ရမယ့် အလုပ်တစ်ခုကို တစ်ယောက်တည်း လုပ်လေ့မရှိဘူး။ တစ်ခါက နိုင်ငံခြားသား လုပ်ငန်းရှင်ကြီးတစ်ဦးက သူ့ကို ကားတစ်ကားအပ်တယ်။ ဇာတ်လမ်းပေးတယ်။ ဇာတ်လမ်းအကျဉ်းချုပ်ပေါ့။ အင်္ဂလိပ်လို ရေးထားတယ်။ အဲဒီဇာတ်လမ်းအကျဉ်းချုပ်ကို ဇာတ်ညွှန်းခွဲရမယ်၊ ပြီးတော့ ရုပ်ရှင်ရိုက်ရမယ်ပေါ့။ အဲဒီ အင်္ဂလိပ်လိုရေးထားတဲ့ ဇာတ်လမ်းအကျဉ်းချုပ်ကို မိမိကို ဘာသာပြန်ခိုင်းတယ်။ ပြီးတော့မှ အဲဒီဘာသာပြန်ကို တခြားတစ်ယောက်ကို

ဇာတ်ညွှန်းခွဲခိုင်းတယ်။

မိမိက ဘာသာပြန် သုံးထောင်တောင်းတဲ့အခါမှာ နိုင်ငံခြားသား လုပ်ငန်းရှင်ကြီး မျက်လုံးပြူးသွား တယ်။

"ဒါကလေးက တိုတိုကလေးပဲ၊ ပြီးတော့ မခက်ပါဘူး"

"မခက်ရင် ခင်ဗျားတို့ပြန်လေ"

ကိုမြတ်လေးက ချက်ချင်း ပြန်ပြောလိုက်တယ်။

အဲဒီကားဟာ နောက်ဆုံးအဆင့်ရောက်မှ ဈေးမတည့်လို့ မရိုက်ဖြစ် ဘူး၊ နာမည်က "တောင်အကွယ်က ကွေ့လာသောကား" လို့ ထင်တယ်။

"သူငယ်ချင်း ကိုယ်တို့ဟာ ယုံကြည်ချက်အရ ပွဲတော်တစ်ခုမှာ ကိုယ့်စရိတ်နဲ့ကိုယ် နေ့မအိပ် ညမအိပ် သွားလုပ်ပေမဲ့ လုပ်ငန်းနဲ့ ပတ်သက်လာရင်တော့ ဘယ်တော့မှ တန်ရာတန်ဖိုးကို လျှော့မပေးနဲ့"

ဒီနေရာမှာ သူနှင့်မိမိ သဘောထား တူညီပါတယ်။

သြော် ... တစ်ခုပြောရဦးမယ်။ သူက မိမိထက် အသက်နည်းနည်း ကြီးတယ်။ (မြန်မာသက္ကရာဇ်နဲ့ဆိုရင် လေးနှစ်၊ ခရစ်နှစ်နဲ့တွက်ရင် ငါးနှစ်ကြီးတယ်) ဒါပေမဲ့ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ပြောသလို တစ်ခါတလေ ကျတော့လည်း နင်နဲ့ငါနဲ့ ပြောကြတယ်။

## (၄)

၁၉၉၈ ခုနှစ်က ဘုတလင်ခရီးဟာ မိမိတို့မိတ်ဆွေတွေ၊ ရဲဘော် တွေအတွက် တကယ့်အမှတ်တရ ခရီးတစ်ခုပဲ။ ဆရာ ဦးသိန်းဖေမြင့် ကွယ်လွန်ခြင်း အနှစ်နှစ်ဆယ်ပြည့်လေ။ ဆရာ့ရဲ့မိသားစုက ဆရာ့ရဲ့ မွေးရပ်မြေမှာ ကျင်းပတာကို ဆရာ့ရဲ့မိတ်ဆွေ စာရေးဆရာတွေ၊ မိတ်ဆွေ တွေ၊ ရဲဘော်ရဲဘက်ဟောင်းတွေ တော်တော်များများ စုံစုံညီညီ တက်ရောက် ခဲ့ကြတယ်။

အကြောင်းတစ်ခုလို့ပဲ ဆိုရမယ်။ အဲဒီမှာ အချို့ဟာ အခုအချိန်မှာ

မရှိကြတော့တဲ့အတွက် အချင်းချင်း နောက်ဆုံးအကြိမ် တွေ့ကြရခြင်းမျိုး လည်း ဖြစ်ခဲ့ရတယ်။ ဥပမာ မိမိနဲ့မြသန်းတင့် နောက်ဆုံးသွားခဲ့တဲ့ခရီး။ အဲဒီမှာပဲ မြတ်လေးနဲ့လည်း နောက်ဆုံးကြုံရတဲ့ခရီး ဖြစ်ရတယ်။ ဒါပေမဲ့ ကိုမြသန်းနဲ့ ကိုမြတ်လေးတို့က လမ်းကြောင်းတစ်ခု၊ မိမိတို့က လမ်းကြောင်း တစ်ခု။ ဘုတလင်မှာ ခေတ္တပေါင်းဆုံမိတာမို့ သိပ်ပြီးစကားမပြောဖြစ် ကြဘူး။

ဘုတလင်ရောက်ပြီး နောက်တစ်နေ့ (၁၅–၁–၉၈) နံနက်လမ်း လျှောက်ကြရာမှာ သူနဲ့ စကားနည်းနည်းပဲ ပြောရတယ်။

"ကျွန်တော်က ညကဟောပြောပွဲကို ခင်ဗျားလာမယ်ထင်တာ။ ဟောပြောပွဲကော်မတီကလည်း ခင်ဗျားကို မျှော်နေကြတာ"

"ကျွန်တော် ဟောပြောပွဲ မလိုက်တာကြာပြီ"

"ကျွန်တော် မသိဘူး၊ ဒါပေမဲ့ ကိုမြသန်းက သိတယ်၊ နတ်နှုယ် လာမှာ မဟုတ်ဘူးတဲ့"

မိမိ ဘာမှပြန်ပြောသည်မရှိ။

"ညကလည်း ခင်ဗျားတည်းတဲ့နေရာကို ကိုမြသန်းက သွားမလို့၊ ကျွန်တော့်ကိုလည်း အဖော်စပ်နေတယ်၊ ကျွန်တော်ကလည်း လိုက်မလို့ပဲ၊ ဒါပေမဲ့ သိပ်မိုးချုပ်နေလို့ မလာဖြစ်တာ"

"ကျွန်တော်ကတော့ မနက်ကျရင် လမ်းလျှောက်ရင်း တွေ့မှာဆိုပြီး ခင်ဗျားတို့ဆီ မလာတာ၊ ပြီးတော့ လူကြီးတွေနဲ့ စကားပြောနေတာလည်း မပြတ်လို့"

"အေးလေ၊ ရန်ကုန်ရောက်မှ တွေ့ကြသေးတာပေါ့"

ရန်ကုန်ရောက်တော့လည်း ဟုတ်တိပတ်တိ မတွေ့ဖြစ်ပါ။ လမ်းပေါ် မှာ ဟိုနေရာ သည်နေရာမှာ။ သူက လမ်းလျှောက်တာ မဟုတ်ဘူး။ လမ်းတွေပေါ်မှာ လျှောက်သွားနေတာ။

နောက်ဆုံးတွေ့တာကတော့ (၃၃)လမ်းထိပ်၊ ဗိုလ်ချုပ်လမ်းပေါ် မှာ။

နေပူကြီးထဲမှာ။

အရိပ်ထဲကိုမဝင်ဘဲ ဒီတိုင်းရပ်ပြီး စကားပြောကြတယ်။

ဒီဇင်ဘာလကုန်ပိုင်း၊ ဒါမှမဟုတ် ၁၉၉၉ နှစ်ကုန်ပိုင်း၊ ဒါမှမဟုတ် ရာစုနှစ် နှစ်ကုန်ပိုင်း၊ ဒါမှမဟုတ် ထောင်စုနှစ်ကုန်ပိုင်း တစ်နေ့ပေါ့။

"ခင်ဗျား ကျန်းမာရေးတော့ ကောင်းတယ် မဟုတ်လား"

သူက မိမိပခုံးကို လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ပြီး မေးတယ်။

"ဒီလိုပါပဲ"

"မဂ္ဂဇင်းအခြေအနေကော ကောင်းတယ် မဟုတ်လား"

"ဒီလိုပါပဲ"

"ဂရုစိုက်" ဟုပြောပြီး ထွက်သွားသည်။

ဘာကို ဂရုစိုက်ခိုင်းတာလဲ။ မိမိရဲ့ ကျန်းမာရေးလား၊ မဂ္ဂဇင်းရဲ့ အခြေအနေလား။ ဘာပဲဖြစ်ဖြစ် သူ့ပူပူပန်ပန် ရှိနေတယ်။

ယခု သူ မရှိပြီ။

## (၅)

သူ၏ အသုဘနေ့က ရေဝေးကိုသွားတော့ မိမိ၏ဇနီးသည်လည်း နေမကောင်းသည့်ကြားက လိုက်ပို့တယ်။ ကိုမြတ်လေး၏ မျက်နှာကို နောက်ဆုံးသွားကြည့်တယ်။ မိမိ သွားမကြည့်ပါ။ ယခုတစ်လော ထွက်ခွာသွားသော မိတ်ဆွေများ၏ နောက်ဆုံးမျက်နှာကို မိမိမကြည့်ပါ။ မိမိ စိတ်မခိုင်၍ပဲလားမသိ။

မြသန်းတင့်၏ အသုဘတုန်းက မြတ်လေးကို တစ်နေရာမှာမြင်တော့ မိမိ သွားနှုတ်ဆက်တယ်။

"ကျုပ် ငိုနေတယ်"

သူက အဝေးကိုကြည့်ရင်း ပြောတယ်။

မိမိ ဘာပြန်ပြောရမည်မသိ။

ရုပ်ရှင်ရိုက်နေသည်တော့ မဟုတ်။
သူ တကယ်ငိုနေတယ်။
ငို၍ရယ်၍ မရသော မျက်နှာမဟုတ်။
ထိုနေ့က ရေဝေးမှာ မိမိမငိုပါ။
ဒါပေမဲ့ စိတ်ထဲမှာတစ်မျိုးကြီးပဲ။ ဘယ်လိုခံစားနေရသည် မသိ။

## (၆)

သူငယ်ချင်းရဲ့ လုပ်ရပ်တွေကို ဂုဏ်ပြုပါတယ်။ ကိုယ်တို့ရဲ့ ဂုဏ်ပြု လက်ခုပ်သံတွေဟာ တိုးသဲ့နေသေးတယ်ဆိုရင်လည်း ငြိမ်းချမ်းသောဘုံမှာ ရောက်နေတဲ့ သူငယ်ချင်း ကြားနိုင်ပါစေသား။

မြေကမ္ဘာက ငြိမ်းချမ်းရေး လက်ခုပ်သံများပါ။

**(နွယ်နီ၊ စွန် ၂၀၀၀)**

❐

# မိမိနှင့် ပန်းချီဆရာများ

## ဦးကိုလေး

တစ်နေ့မှာ ဗိုလ်ချုပ်ဈေးကို ရောက်သွားပါတယ်။ ဗိုလ်ချုပ်ဈေးကို မရောက်တာ ကြာပါပြီ။ မိမိနဲ့ ပတ်သက်တဲ့ကိစ္စ သိပ်မရှိလို့ပါပဲ။ ဒါပေမဲ့ အဲဒီနေ့ကတော့ ဗိုလ်ချုပ်ဈေးမှာ ကြည့်စရာတစ်ခုရှိတာနဲ့ ရောက်သွားပါတယ်။ စာနယ်ဇင်း သရုပ်ဖော် ပန်းချီဆရာများရဲ့ ပန်းချီပြပွဲပဲပေါ့။ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းက ရိုးရာပန်းပညာရှင်များ အစည်းအရုံး အရောင်းပြခန်းမှာပါ။

အဲဒီ အရှေ့ဘက်တန်းက ပန်းချီပြပွဲကိုတော့ အရင်က မကြာမကြာ ရောက်ဖူးပါတယ်။ ဟိုတုန်းက ပန်းချီပြပွဲတွေ လုပ်တုန်းကပေါ့။ အခု နောက်ပိုင်းမှာတော့ အဲဒီမှာ ပန်းချီပြပွဲလုပ်တာ သိပ်မတွေ့ရဘူး။ အမှန်အားဖြင့်တော့ နှစ်ပတ်လည် ပန်းချီပြပွဲကြီးတွေ နှစ်စဉ်မှန်မှန်ရှိနေဖို့ ကောင်းပါတယ်။ ပန်းချီဝါသနာရှင်များဟာ ထင်ရှားတဲ့ ပန်းချီပြပွဲကြီးတွေကို စောင့်ပြီး ကြည့်တတ်ကြပါတယ်။ ပန်းချီဆရာတွေ အနေနဲ့ကလည်း အဲဒီလို ပန်းချီပြပွဲကြီးတွေမှာ ပါဝင်ခွင့်ရတာကိုက နည်းတဲ့အခွင့်အရေး မဟုတ်ပါဘူး။

အခုဟာကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ဒါမှမဟုတ် ရန်ကုန်မှာရှိတဲ့ ပန်းချီဆရာအားလုံးပါဝင်တဲ့ ပြပွဲမဟုတ်ပါဘူး။ ပန်းချီဆရာတွေထဲမှာ

အစိတ်အပိုင်း တစ်ခုသာဖြစ်တဲ့ စာနယ်ဇင်း သရုပ်ဖော်ပန်းချီဆရာများရဲ့ ပြပွဲပါ။

အစတုန်းကတော့ စာနယ်ဇင်း သရုပ်ဖော် ပန်းချီဆရာများဆိုတဲ့ စကားလုံးကို သိပ်ပြီး ဘဝင်မကျချင်လှဘူး။ ပန်းချီဆရာဟာ ပန်းချီဆရာ ပဲပေါ့။ ဒါပေမဲ့ ဟုတ်တော့လည်း ဟုတ်ပါတယ်။ သူတို့က ကနေ့ မဂ္ဂဇင်း တွေမှာ သရုပ်ဖော်ပန်းချီရေးနေတဲ့ ပန်းချီဆရာတွေပဲ။

တကယ်တော့ စာနယ်ဇင်းတွေမှာ သရုပ်ဖော်ပန်းချီရေးရတဲ့ လုပ်ငန်း ဟာ ပန်းချီဆရာစစ်စစ်ရဲ့ လုပ်ငန်းတော့ မဟုတ်ဘူး။ စီးပွားရေးလုပ်ငန်း တစ်ခု ဖြစ်နေတယ်။ အနုပညာနဲ့ဈေးကွက် တွဲဖက်နေတယ်။ နောက်ပြီး တော့ အကန့်အသတ်တွေလည်း ရှိနေတယ်။ သက်ဆိုင်ရာ စာနယ်ဇင်း အယ်ဒီတာတွေနဲ့ ဆက်စပ်နေရတယ်။ ပန်းချီဆရာတစ်ယောက်ဟာ မိမိ အမြင်၊ မိမိအတွေး၊ မိမိခံစားမှုကို ပုံဖော်တာဖြစ်ပေမဲ့ စာနယ်ဇင်း သရုပ်ဖော်ပန်းချီကျတော့ မိမိမူပိုင်စိတ်ကူးထက် စာရေးဆရာတစ်ယောက်၊ ကဗျာဆရာတစ်ယောက်ရဲ့ အတွေးကို တစ်ဆင့် ပုံဖော်ပေးရတာဖြစ်တယ်။ နောက်ပြီးတော့ အယ်ဒီတာကလည်း တစ်ရောင်ဆွဲပါ၊ နှစ်ရောင်ဆွဲပါ၊ လေးရောင်ဆွဲပါ၊ မျက်နှာပြည့်ဆွဲပါ၊ မျက်နှာဝက်ဆွဲပါ၊ နှစ်မျက်နှာ ခွဖောင် ဆွဲပါ ဆိုတာတွေကလည်း ရှိသေးတယ်။ တစ်ခါတစ်ခါ အယ်ဒီတာက သူ့စိတ်ကူး သူ့အငွေးကိုပါ ထည့်ပြီး ပြောတတ်သေးတယ်။

ယခု ပန်းချီပြပွဲမှာကတော့ သူတစ်ပါးကို ကိုယ်စားပြုရတာတွေ၊ အကန့်အသတ်တွေမရှိဘဲ သူတို့ရဲ့ ခံစားမှု၊ သူတို့ရဲ့ ဒဿနတွေကို ပုံဖော် ထားကြတာဖြစ်တယ်။ ဒါတောင် တချို့ဟာ ဈေးကွက်ကိုကြည့်ပြီး နိုင်ငံ ခြားသားတွေကြိုက်မယ့် အကြောင်းအရာမျိုးတွေကို ရေးထားတာ တွေ့ရ တယ်။ ဘာပဲဖြစ်ဖြစ် မြန်မာပန်းချီဆရာတစ်စုရဲ့ စိတ်ကူးအခင်းအကျင်း တွေကို တွေ့ရတာတော့ အမှန်ပဲ။ တချို့က ဖွဲ့စည်းပုံကို အားပြုတယ်။ တချို့က အရောင်ကို အားပြုတယ်။ ခဏနေဦး။ ဒီဆောင်းပါးက ပန်းချီ

ဝေဖန်ရေးလုပ်ဖို့ မဟုတ်ပါဘူး။ ပြပွဲကို မိမိသွားတာကလည်း ဝေဖန်ရအောင် မဟုတ်ပါဘူး။ ပန်းချီကားတွေကို ခံစားကြည့်ရှုဖို့ပါပဲ။ အမှန်ပြောရရင် ဆောင်းပါးတစ်ပုဒ်ရေးဖို့တောင် ကြိုတင်စိတ်ကူးထားခြင်း မရှိပါဘူး။

ဒါပေမဲ့ ပြခန်းကို ရောက်သွားတဲ့အခါမှာ အဲဒီမှာရှိနေတဲ့ လူငယ်ပန်းချီဆရာတွေနဲ့ တွေ့ရတယ်။ သူတို့အားလုံးက မိမိကို သိကြတယ်။ မိမိကလည်း သူတို့အားလုံးကို သိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က စာနယ်ဇင်း သရုပ်ဖော် ပန်းချီဆရာတွေ ဖြစ်နေပြီး မိမိက စာနယ်ဇင်း အယ်ဒီတာ တစ်ယောက်ကိုး။

မိမိရဲ့ အယ်ဒီတာသက်တမ်း အနှစ်လေးဆယ်အတွင်းမှာ စာနယ်ဇင်း သရုပ်ဖော်ပန်းချီဆရာတွေ အားလုံးလောက်နဲ့ပဲ သိကျွမ်းခဲ့ရတယ်။ ၁၉၅၃ ခုနှစ် မိမိရန်ကုန်ရောက်စဉ်ကစပြီး ကနေ့ ၁၉၉၃ ခုနှစ်အထိပဲ ဆိုပါတော့။ **စုံထောက်မဂ္ဂဇင်း** ကနေ ကနေ့ **နွယ်နီမဂ္ဂဇင်း** အထိပဲ ဆိုပါတော့။

နောက်တစ်ခါ ပြခန်းမှာ ဦးဘရင်ကလေး၊ ဦးဘလုံလေး၊ ဗဂျီအောင်စိုး စတဲ့ သရုပ်ဖော် ပန်းချီဆရာကြီးများရဲ့ ပန်းချီကားများကို တွေ့ရတဲ့အခါမှာ မိမိရဲ့ အယ်ဒီတာဘဝ၊ မိမိနဲ့ ပန်းချီဆရာများရဲ့ ထိတွေ့မှုတွေကို အမှတ်ရမိပါတယ်။

၁၉၅၃ ခုနှစ်မှာ ရန်ကုန်ကို မိမိရောက်တယ်ဆိုရင်ပဲ ကိုမိုးဝေ၊ ကိုတင့်ဆန်းနဲ့ ခေတ်ပြင် ဦးဆန်နီတို့ရဲ့ အားပေးကူညီမှုနဲ့ **စုံထောက်မဂ္ဂဇင်း** မှာ အယ်ဒီတာအဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ရတယ်။ **စုံထောက်မဂ္ဂဇင်း** မှာ လုပ်ကိုင်ရင်း မဂ္ဂဇင်းအတွက် မျက်နှာဖုံးနဲ့ သရုပ်ဖော်ပန်းချီပုံတွေကို အပ်ရင်း ဦးကိုလေး၊ ဦးဘလုံလေး၊ ဦးအုန်းလွင်၊ ဦးစန်းလွင်၊ ဗဂျီအောင်စိုး၊ ပန်းချီ မောင်ငွေထွန်း၊ ဦးလှစိုးလေး၊ ဦးဘလွင်၊ ဦးပေါ်ထွန်း စတဲ့ ပန်းချီဆရာ တွေနဲ့ သိကျွမ်းရင်းနှီးခဲ့ရပါတယ်။

အဲဒီတုန်းက စာနယ်ဇင်း သရုပ်ဖော် ပန်းချီလောကမှာတော့ ဆရာဦးကိုလေးဟာ ထိပ်ဆုံးကပဲလို့ ဆိုရပါလိမ့်မယ်။ အဲဒီတုန်းက ထွက်နေတဲ့ မဂ္ဂဇင်းမျက်နှာဖုံးတွေနဲ့ ဝတ္ထုမျက်နှာဖုံးတွေမှာ ဦးကိုလေးရဲ့ပုံတွေပဲ များပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးကိုလေးရဲ့ ပုံတွေက လှလို့ပါပဲ။ မိန်းကလေးတွေ ချောလို့ပါပဲ။ မိန်းမရုပ်ချောချော ကလေးတွေက ရောင်းပန်းလှတယ် မဟုတ်လား။

ဆရာဦးကိုလေးရဲ့ ပုံတွေက နုပြီးညက်နေတယ်။ အရောင်တွေက စိုပြီးတောက်နေတယ်။ ဒါတောင် အဲဒီတုန်းက အော့ဖ်ဆက်ခေတ် မဟုတ်သေးဘူး။ ဘလောက်ခေတ်ပဲ ရှိသေးတယ်။ ဘလောက်မှာတောင် လိုင်း (၁၀၀)နဲ့ လေးရောင်ကို လုပ်ကာစပဲ ရှိသေးတယ်။ အဲဒီတုန်းက နာမည်ကြီး ဘလောက်တိုက်တွေက နယူးဘားမားနဲ့ ကမ္ဘာ့သစ်ဘလောက်တိုက်တို့ပဲ ဖြစ်တယ်။ မျက်နှာဖုံးနဲ့ ရောင်စုံပုံတွေရိုက်တဲ့ ပုံနှိပ်တိုက်ကတော့ ကာလာမောင်ဝင်းပဲပေါ့။

အဲဒီတုန်းက ရောင်စုံပုံတွေကို ဝါနီပြာသုံးရောင်ပဲ ရိုက်နေတဲ့ခေတ်ဆိုတော့ ဦးကိုလေးက လေးရောင်ရိုက်ဖို့ သူ့ဆီကို အလုပ်အပ်တဲ့လူတွေ အားလုံးကို တိုက်တွန်းတယ်။ ဝါနီပြာ သုံးရောင်ထပ်ထားတဲ့ အနက်က တကယ်တော့ သိပ်မနက်ဘူး။ အညိုရင့်ရင့်ပဲ ဖြစ်တယ်။ ဖွယ်တယ်တယ်ပဲ ဖြစ်တယ်။ ဆံပင်တွေမှာဆိုရင် အပြောက်အပြောက်တွေ ဖြစ်နေတယ်။ အနက်တစ်ရောင် ထပ်လိုက်မှ ငြိမ်သွားတယ်။ သိပ်သွားတယ်။ တောက်လာတယ်။ ဒါပေမဲ့ အနက်မကောင်းရင်လည်း ပုံဟာတစ်ခါတည်း ပျက်တာပဲ။ ဒါကြောင့် ပန်းချီဆရာရဲ့ပုံကို မီအောင် ဘလောက်တိုက်နဲ့ ပုံနှိပ်တိုက်တွေက အထူးကြိုးစားကြရတယ်။ အပေးအယူ မတည့်တဲ့အခါမှာတော့ တစ်ယောက်ကိုတစ်ယောက် အပြစ်ပုံချကြတော့တာပဲ။ အခု အော့ဖ်ဆက်ခေတ်အထိလည်း အဲဒီအတိုင်းပါပဲ။ ဖလင်နဲ့စက် လက်ညှိုးထိုးနေကြတုန်းပါပဲ။

မိမိ စုံထောက်တိုက်ကိုရောက်ပြီး မကြာခင်မှာပဲ မဂ္ဂဇင်းမျက်နှာဖုံး အပ်ဖို့ရှိတာနဲ့ ကျောက်မြောင်းက ဦးကိုလေးအိမ်ကို ရောက်သွားပါတယ်။ အယ်ဒီတာချုပ်မိုးဝေ၊ တာဝန်ခံအယ်ဒီတာတင့်ဆန်း၊ ထုတ်ဝေသူ ဦးဆန်နီနဲ့ မိမိတို့ဟာ စုံထောက်တိုက်က ဂျစ်ကားကလေးနဲ့ သွားကြပါတယ်။ အယ်ဒီတာတပ်ဖွဲ့လို့ ဆိုပါတော့။ မဂ္ဂဇင်းအဖုံးက အရေးကြီးတယ် မဟုတ်လား။ အဖုံးလှမှ ရောင်းရတယ် မဟုတ်လား။ မိမိတို့နဲ့အတူ နိုင်ငံခြားမဂ္ဂဇင်း နှစ်စောင် သုံးစောင် ပါသွားတယ်။ အဲဒီအထဲကပုံတွေကို ဦးကိုလေးကို ပြကြတယ်။ ဘယ်ပုံတွေကို အဖုံးလုပ်ရင်ကောင်းမလဲလို့ တိုင်ပင်ကြတယ်။ ဦးကိုလေးက အဲဒီပုံတွေကို မကြိုက်ဘူး။ သူရှာထားတဲ့ ပုံတစ်ပုံကိုပြတယ်။ အဲဒီပုံက လှတယ်။ စုံထောက်မဂ္ဂဇင်းနဲ့ လိုက်တယ်။ စုံထောက်မဂ္ဂဇင်း ဆိုတော့ မျက်နှာဖုံးပေါ်က မိန်းကလေးက သေနတ်ကိုင်ရင်ကိုင်၊ ဒါမှမဟုတ် ထိတ်လန့်နေရမယ်။ ဒါမှမဟုတ် ကလူ၏သို့ မြူ၏သို့ ဖြစ်ရမယ် မဟုတ်လား၊ ဦးကိုလေးပြတဲ့ ပုံကိုပဲ ရွေးလိုက်ကြတယ်။ နောက်ပြီးတော့ အရောင်ကလည်း ငါးရောင်ဖြစ်သွားတယ်။ လေးရောင်နဲ့တင် မလုံလောက်ဘူး။ နောက်ခံ တစ်ရောင်သတ်သတ် ရိုက်ရတယ်။ ငွေစိမ်းနဲ့တူတယ်။ အဲဒီတုန်းက ရွှေရောင် ငွေရောင် ထပ်ရိုက်ကြပုံကတော့ တစ်မျိုးပေါ့။

ထုံးစံအတိုင်းပဲ ကိုမိုးဝေတို့က မိမိကို ဦးကိုလေးနဲ့ မိတ်ဆက်ပေးတယ်။ မန္တလေးကပေါ့။ ကျောင်းသားပေါ့။ စုံထောက်မှာ စာရေးတယ်ပေါ့။ ဦးကိုလေးက မိမိရဲ့ ကလောင်နာမည်ကို မှတ်မိနေပါတယ်။ ပြီးခဲ့တဲ့လက စုံထောက်မဂ္ဂဇင်းမှာပါတဲ့ မဂ္ဂဇင်းဝတ္ထုရှည်ပုံကို သူဆွဲပေးခဲ့တာကိုး။ နောက်ပြီးတော့ သူက မိမိရဲ့ဝတ္ထုကိုလည်း ဖတ်ထားပါတယ်။

“ဩော် ကိုနတ်နွယ်က ငယ်ငယ်ပဲ ရှိသေးတာပဲ၊ ကျောင်းသားကိုး၊ ကျွန်တော်က ရဲအရာရှိတစ်ယောက် ထင်နေတာ၊ ကိုနတ်နွယ်ရဲ့ဝတ္ထု ကောင်းတယ်၊ ကလောင်သစ် တစ်ယောက်ကို မဂ္ဂဇင်းဝတ္ထုရှည် ပေးထားတော့ ဘယ်လိုလဲဆိုပြီး ကျွန်တော် ဖတ်ကြည့်တာ”

အဲဒီနောက် ဦးကိုလေးက မျက်နှာဖုံးပြီးမည့်နေ့ကို ရက်ချိန်းပေးပါတယ်။ အဲဒီနေ့ကို ပြက္ခဒိန်မှာ ရေးမှတ်ထားပါတယ်။ ဦးကိုလေးဟာ အလုပ်များပေမဲ့ ရက်ချိန်းပျက်တယ်လို့ မရှိဖူးပါ။ ချိန်းသည့်နေ့မှာ ပြီးအောင်ဆွဲပေးလေ့ ရှိပါတယ်။

အဲဒီနောက်မှာတော့ ဦးကိုလေးအိမ်ကို မိမိ မကြာမကြာ ရောက်ပါတယ်။ အဖုံး သွားအပ်တဲ့နေ့၊ အဖုံး သွားယူတဲ့နေ့၊ အရောင်ခွဲယ်ရန် ပြန်ပို့တဲ့နေ့၊ အရောင်ခွဲယ်ပြီး ပုံပြန်ယူတဲ့နေ့ စသည်ဖြင့်ပေါ့။ အဲဒီတုန်းက အော့ဖ်ဆက်ခေတ်လည်း မဟုတ်သေးဘူး။ ဒါရိုက်ကာလာခေတ်လည်း မဟုတ်သေးဘူး။ ဘလောက်တိုက်တွေက အရောင်ပြည့်ပုံကို ဘလောက် မလုပ်နိုင်ကြသေးဘူး။ ပန်းချီဆရာက ပထမ စီပီယာနဲ့ တစ်ရောင်တည်း ဆွဲပေးရတယ်။ အဲဒါကို ဘလောက်တိုက်က မှန်ရိုက်တယ်။ မှန်ရိုက်ပြီးမှ စီပီယာပုံကို အရောင်ခွဲယ်ရတယ်။ အဲဒီတော့ ပန်းချီဆရာအိမ်ကို ပုံတစ်ပုံ အတွက် သွားရတာ အခေါက်ခေါက်ပေါ့။ ရက်ချိန်းမမှန်ရင် သေရောပေါ့။ သိပ်အရေးကြီးတဲ့ အခါတွေဆိုရင်တော့ အရောင်ခွဲယ်တာကို ထိုင်စောင့်ပြီး ယူတယ်။ တစ်ခါတစ်ခါကျတော့လည်း ပန်းချီဆရာက စီပီယာပုံပေါ်မှာ စက္ကူပါးကပ်ပြီး ခဲတံနဲ့အရောင်တွေ ရေးပေးလိုက်တယ်။ ဘယ်နေရာမှာ ဘာအရောင်ပေါ့။ ဘာအရောင်နဲ့ ဘာအရောင် ထပ်ပါပေါ့။

နောက်ပိုင်းမှာ မိမိဟာ လုံးချင်းထုတ်ဝေတဲ့ တိုက်တွေမှာ စီစဉ်သူ အဖြစ် လုပ်ရတဲ့အခါမှာလည်း ဦးကိုလေးဆီကို မိမိရဲ့ လုံးချင်းတွေအတွက် သာမက တခြားစာရေးဆရာတွေရဲ့ မျက်နှာဖုံးတွေကို သွားအပ်ရတယ်။

ဦးကိုလေးနဲ့ ဆက်ဆံရတာ အင်မတန် စိတ်ချမ်းသာရတယ်။ ဦးကိုလေးက မျက်နှာချိုတယ်။ စကားပြောလည်း ချိုတယ်။ ဆက်ဆံရေးက လည်း ပြေပြစ်တယ်။ ဘယ်တော့မဆို ပြုံးပြုံး ပြုံးပြုံးနဲ့။ တစ်ဖက်လူရဲ့ ဆန္ဒကိုလည်း တတ်နိုင်သမျှ လိုက်လျောတတ်တယ်။

မိမိရဲ့ လုံးချင်းဝတ္ထု မျက်နှာဖုံးတွေ ဦးကိုလေးဆီမှာ အများအပြား

အပ်ခဲ့တဲ့အနက် ဝတ္ထုနှစ်ပုဒ်ကို အထူးရေးဆွဲပေးဖို့ မေတ္တာရပ်ခံခဲ့ဖူးတယ်။ ဦးကိုလေးကလည်း မိမိစိတ်ကြိုက်ဖြစ်အောင် အထူးကြိုးစားပေးခဲ့တယ်။ အဒါကတော့ "အပြာ" နဲ့ "တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ" တို့ပဲ။

**အပြာ** ကို ၁၉၅၆ ခုနှစ်မှာ ထုတ်တယ်။ ဒါပေမဲ့ အဖုံးကို ၁၉၅၅ လောက်ကတည်းက အပ်ခဲ့တယ်။ ဦးကိုလေး ဆွဲနေကျအတိုင်း မိန်းကလေး လုလု တစ်ကိုယ်လုံးပုံ မဟုတ်ဘဲ အပြာရောင် နောက်ခံထဲမှာ မိန်းကလေး မျက်နှာကလေးပဲ ရေးဆွဲပေးဖို့ မေတ္တာရပ်ခံခဲ့တယ်။ ဦးကိုလေးက နောက်ခံအရောင်ထဲက မိန်းကလေးမျက်နှာပုံကို ဆွဲပေးတယ်။ ဒါပေမဲ့ အရောင်ကိုတော့ အပြာမထားဘဲ အနက်ရောင် ပေးထားတယ်။ အနက်ထဲမှာ အဝါစာလုံးတွေက တောက်နေတယ်။ "အပြာ" မျက်နှာဖုံးဟာ အဲဒီတုန်းက လုံးချင်း မျက်နှာဖုံးတွေထဲမှာ တစ်မျိုးထူးခြားနေတယ်။

**တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ**ကို ၁၉၆၂ ခုနှစ်မှာ ထုတ်တယ်။ စာအုပ်နာမည်ကလည်း ထူးခြားနေတယ်။ "**ပြင်ပကမ္ဘာ**" ဆိုတဲ့ စကားလုံးကိုလည်း အစောဆုံးလောက် သုံးထားတယ်။ အဖုံးကို ဝတ္ထုရဲ့ ဦးတည်ချက်နဲ့လည်း လိုက်လျောအောင် ထူးထူးခြားခြား ဖြစ်အောင်လည်း ဦးကိုလေးကို အပူကပ်ခဲ့ရတယ်။ ဦးကိုလေးက ဟန်တစ်မျိုးနဲ့ ရေးဆွဲပေးပါတယ်။

စာအုပ်က နည်းနည်းထူတယ်။ သုံးကျပ်တန်ခေတ် အစောဆုံးမှာ ပဲပေါ့။ နှစ်ဖက်ဖုံး။ အဲဒီမှာတော့ နောက်ခံအရောင်က စိမ်းပြာပဲဆိုပါတော့။ အပြာနုနဲ့ အနက် နှစ်ရောင်တည်းလားလို့တောင် အောက်မေ့ရတယ်။ စာလုံးတွေကို အဝါပေးထားတယ်။ အနီမပါဘူး။ အဝါရယ်၊ အပြာနုရယ်၊ အနက်ရယ် သုံးရောင်တည်းပေါ့။ အထူးသဖြင့် နောက်ကျောဖုံးက ဝတ္ထုရဲ့ဦးတည်ချက်ကို ဖော်ပြထားတယ်။ တက္ကသိုလ်နဲ့ ပြင်ပကမ္ဘာကြားမှာ ရုန်းကန်နေရတဲ့ လူငယ်တစ်ယောက်ပဲပေါ့။

"အပြာ" ရော "တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ" ရော သူ့အတိုင်း အတာနှင့်သူ အောင်မြင်ခဲ့ကြပါတယ်။ ဦးကိုလေးရဲ့ ကျေးဇူး မကင်းပါ။

ဦးကိုလေးကို နောက်ထပ် အောက်မေ့စရာတစ်ခုကတော့ ရွှေတောင်ခေါက်ဆွဲ ဖြစ်ပါတယ်။ သူ့အိမ်မှာ ရွှေတောင်ခေါက်ဆွဲ မကြာခဏ စားခဲ့ရပါတယ်။ သူက ရွှေတောင်သား မဟုတ်လား။

❐

# ဦးစန်းလွင်၊ ဦးအုန်းလွင်

စစ်ပြီးစမှသည် ၁၉၆၀ ဝန်းကျင်အထိ စာနယ်ဇင်းမျက်နှာဖုံးများကို လွှမ်းမိုးထားသူနှစ်ဦးမှာ ဦးကိုလေးနှင့် ဦးစန်းလွင်တို့ပဲ ဖြစ်ပါတယ်။ ဦးကိုလေးက အလှလို့ဆိုရင် ဦးစန်းလွင်ကို သဘာဝလို့ ပြောရပါမယ်။ ဦးကိုလေးရဲ့ ပုံတွေကလှတယ်။ ဦးစန်းလွင်ကတော့ သဘာဝမှာ ပိုပြီး လှတယ်။ ဦးစန်းလွင်ရဲ့ မိန်းကလေးတွေက မြန်မာဆန်တယ်။ မျက်နှာလေးတွေက ရိုးသားတယ်။ နောက်ပြီး အသက်ကြီးကြီးပုံတွေက သဘာဝကျတယ်။ အထူးသဖြင့် အဘိုးကြီး၊ အဘွားကြီးတွေရဲ့ မျက်နှာတွေဟာ ပေါ်လွင်ပြီး အားရှိတယ်။ အကြောပြိုင်းပြိုင်းကျနေတဲ့ ပုံတွေကို အသက်ပါအောင် ဆွဲနိုင်တယ်။

နောက်တစ်ခု ဦးစန်းလွင်ကောင်းတာက နောက်ခံပဲ။ အထူးသဖြင့် မိုးတိမ်တွေနဲ့ မိုးရွာနေတဲ့ပုံတွေ၊ မိုးကြိုးပစ်ပြီး လျှပ်စီးလက်နေတဲ့ပုံတွေ ဆွဲရင် စာအုပ်အဖုံးနဲ့မတူဘဲ ပန်းချီကားတစ်ချပ်နဲ့ တူနေတယ်။ တိမ်အရောင် ရင့်ရင့်တွေကြားက တိမ်ရောင်နုနုကလေးတွေကို ဆွဲတတ်တယ်။ ဆန့်ကျင်ဘက် အရောင်တွေအားလုံး ပေါ်လွင်နေတယ်။ အနုအရင့် အလင်းအမှောင် တွေပေါ့။

ကျေးလက်ရှုခင်းနဲ့ ဆင်းရဲသား အလုပ်သမား၊ လယ်သမားတွေ

ဆိုရင် ဦးစန်းလွင်ကို ပုံအပ်လေ့ရှိကြတယ်။ အထက်လွှာက မိန်းကလေး လှလှတွေနဲ့ မြို့ပြရှုခင်းဆိုရင် ဦးကိုလေးကို အပ်ကြတယ်။

မိမိရဲ့ ပထမဆုံးလုံးချင်း **မိုးထဲလေထဲ** မျက်နှာဖုံးကို ဦးစန်းလွင် ရေးဆွဲတာဖြစ်တယ်။ ၁၉၅၄ ခုနှစ်လောက်ကဆိုတော့ အခုဆိုရင် အနှစ် (၄၀) ပြည့်တော့မယ်ပေါ့။ အဲဒီတုန်းက **စုံထောက်မဂ္ဂဇင်း** မျက်နှာဖုံးတွေ ကို ဦးကိုလေးကို အအပ်များပေမဲ့ ဦးစန်းလွင်ကိုလည်း အပြောင်းအလဲ အဖြစ် အပ်လေ့ရှိပါတယ်။ မဂ္ဂဇင်းအတွင်းပုံတွေကိုတော့ လစဉ်အပ် တယ်။ ဒါကြောင့် မိမိဟာ ဦးစန်းလွင်အိမ်ကိုလည်း လစဉ်ဆိုသလို ရောက် ဖြစ်တယ်။ ဦးစန်းလွင်က ပုဇွန်တောင်၊ ရေကျော်၊ နှင်းပန်းလမ်း မှာနေတော့ သွားရလာရတာ နီးတယ်၊ လွယ်တယ်။

ဦးစန်းလွင်ကလည်း ဦးကိုလေးလိုပဲ။ ပိန်ပိန်ပါးပါးပဲ။ ဒါပေမဲ့ အရပ်အမောင်း ကောင်းတယ်။ အသားနည်းနည်း ညိုတယ်။ ဦးစန်းလွင်ရဲ့ မျက်လုံးကြီးတွေက အားကောင်းတယ်၊ ရိုးသားပွင့်လင်းမှုကို ဖော်ပြနေ တယ်။ စကားပြောရင် လေသံတိုးတယ်။ ဒါပေမဲ့ ပြတ်တယ်၊ တိကျတယ်၊ သဘောကောင်းတယ်။ တစ်ခါတစ်ရံမှေ့ပြီး ပိုက်ဆံမပါသွားလို့ရှိရင် “ရပါတယ်၊ နောက်မှပေးပါ” လို့ လေအေးလေးနဲ့ ပြောလေ့ရှိတယ်။ ဒါနဲ့ စကားစပ်လို့ ပြောရဦးမယ်။ အဲဒီတုန်းက မျက်နှာဖုံးတစ်ပုံအတွက် ညဏ်ပူဇော်ခက (၆၀)ကျပ်။ နောက်တော့ (၇၅)ကျပ်။ နောက်မှ (၁၀၀)ကျပ်။ အခုတော့ ဘယ်နှထောင် ဖြစ်နေပြီလဲ မသိဘူး။ အဲ အတွင်းသရုပ်ဖော်က (၂၅)ကျပ်။ ခွဖောင်ဆိုရင် (၄၀)ပေါ့။

ဦးစန်းလွင်ဟာ တစ်ယောက်တည်း နေလေ့ရှိတယ်။ သူ့ကို လက် ဖက်ရည်ဆိုင်မှာလည်း တစ်ယောက်တည်းပဲ တွေ့ရတယ်။ မိမိတို့ဝိုင်းတွေ ကို ဝင်ပါပြောရင် “နေပါစေ” ဆိုပြီး လက်ကာပြ လေ့ရှိတယ်။ အဖျော်ယမကာဆိုင်မှာလည်း တစ်ယောက်တည်းပဲ။ ဘယ် ဝိုင်းနဲ့မှ မရောဘူး။ အရက်ကို တဖြည်းဖြည်းချင်း အချိန်ဆွဲပြီး သောက်

လေ့ရှိတယ်။ ဆေးပေါ့ လိပ်ကြီးကို ဖွာရင်း ငေးနေတတ်တယ်။ သူ့ဆီ က ဘာသံမှ မကြားရဘူး။ သူဟာ အမြဲတမ်း တွေးနေတဲ့ပုံမျိုးပဲ။

ဦးစန်းလွင်ကို ကြည့်ရတာ အမြဲတမ်းပဲ ကျန်းကျန်းမာမာ ပြည့်ပြည့် ဖြိုးဖြိုး ဖြစ်ပါတယ်။ ရေချိုးခန်းထဲမှာ ချော်လဲရာက မေးခိုင်ပိုးဝင်ပြီး ကွယ်လွန်ကြောင်း ကြားရတော့ အထူးပဲ စိတ်မကောင်း ဖြစ်ရပါတယ်။ နှင်းပန်းလမ်းအတွင်း ရှေ့မျက်နှာစာမှာ ရှပ်အင်္ကျီ လက်ရှည်အဖြူဆံပင်တွေ ထိုးထိုးထောင်ထောင်နဲ့ ပန်းချီဆွဲနေတဲ့ ဆရာ့ကို မြင်ယောက်မိပါတော့တယ်။

❊

မဂ္ဂဇင်းဆိုတာ အမျိုးအစားစုံစုံ၊ အကြောင်းအရာစုံစုံ စီစဉ်ရတာမို့ စာမူမျိုးစုံ ပါဝင်ပါတယ်။ ဆောင်းပါးမျိုးစုံ၊ ဝတ္ထုမျိုးစုံပေါ့။ အယ်ဒီတာဟာ စာမူတွေကိုသာ မျိုးစုံအောင်၊အကြောင်းအရာစုံအောင် ဖန်တီးရတာ မဟုတ်ပါဘူး။ ပန်းချီဒီဇိုင်းတွေကိုလည်း လှုစုံအောင်၊ လက်ရာစုံအောင် စီစဉ်ရပါတယ်။ နောက်ပြီးတော့ အကြောင်းအရာနဲ့လိုက်ဖက်မယ့် ပန်းချီဆရာ ဆီမှာပဲ အပ်ရပါတယ်။

**စုံထောက်မဂ္ဂဇင်း**ဟာ စာမူတွေကိုဖြန့်ပြီး အပ်တဲ့နေရာမှာ ဦးအုန်းလွင်ဆီကိုလည်း လစဉ်တစ်ပုဒ်အပ်ရပါတယ်။ အဲဒါကတော့ ဆရာတင့်ဆန်းရဲ့ ကပ္ပိယစုံထောက်ပါပဲ။ ကျေးလက်ကို အခြေခံတဲ့ မြန်မာ့ထောက်လှမ်းရေးသမားအကြောင်းကို ရေးဆွဲဖို့ နိုင်ငံခြားမဂ္ဂဇင်းတွေက ကော်ပီကူးယူစရာ ပုံမရှိပါဘူး။ ဒါကြောင့် မြန်မာ့ရှုခင်း၊ မြန်မာ့ဘဝကို သရုပ်ဖော်နိုင်တဲ့ ဦးအုန်းလွင်ဆီကို သွားရပါတယ်။

ဦးအုန်းလွင်ကလည်း ပုဇွန်တောင်မှာဘဲ နေပါတယ်။ လိပ်ကန်လမ်းမှာပေါ့။ ပိုပြီးတိကျအောင် ပြောရရင်တော့ အမှတ် (၁၃)၊ လိပ်ကန်လမ်းပေါ့။ ဘာဖြစ်လို့ အိမ်နံပါတ်ကို မှတ်မိနေသလဲဆိုတော့ မိမိတို့ စာပေ

အစည်းအဝေးတွေ၊ ငြိမ်းချမ်းရေး အစည်းအဝေးတွေလုပ်ရင် အဲဒီအိမ်မှာ လုပ်လေ့ရှိလို့ပါပဲ။ ရေနံချေးအထပ်ထပ် သုတ်ထားတဲ့ နှစ်ထပ်ပျဉ်ထောင် အိမ်မည်းကြီးပေါ့။

ဆရာကြီး ဦးအုန်းလွင်အိမ်ကို မိမိပထမဆုံး ရောက်သွားတော့ သတိထားမိရတာကတော့ ကြောင်တွေပါပဲ။ ကြောင်တွေ အများကြီးပါပဲ။ ကြောင်ကြီးတွေရော၊ ကြောင်ကလေးတွေရော၊ ကြမ်းပေါ်မှာရော၊ ကုလား ထိုင်ပေါ်မှာရော။ တစ်ခန်းလုံး ကြောင်တွေ ပြည့်နေတာပါပဲ။

ဦးကိုလေးနဲ့ ဦးစန်းလွင်တို့ကို အင်္ကျီလက်ရှည်အဖြူနဲ့ တွေ့ရတတ် ပေမဲ့ ဆရာကြီး ဦးအုန်းလွင်ကိုတော့ စွပ်ကျယ်နဲ့သာ အတွေ့ရများပါ တယ်။

ဆရာကြီးလည်း စကားပြောရာမှာ အသံတိုးပါတယ်။ ခပ်ဖြည်း ဖြည်း ခပ်လေးလေး ပြောလေ့ရှိပါတယ်။ ဆရာကြီးရဲ့ ဦးခေါင်းကတော့ ပညာရှိခေါင်းပါ။ ပါမောက္ခခေါင်းပေါ့။ ဆံပင်နည်းနည်းပဲ ရှိတယ်လေ။

ဆရာကြီးကို ရိုးရိုးမဂ္ဂဇင်းတွေက မျက်နှာဖုံးအပ်လေ့ မရှိပါဘူး။ ဆရာကြီးရဲ့ပညာကို လေးစားပေမဲ့၊ ဆရာကြီးရဲ့လက်ရာကို ကြိုက်ပေမဲ့ ဈေးကွက်သဘောက ရှိနေသည် မဟုတ်လား။ စောစောပိုင်းက ဆရာကြီးရဲ့ မျက်နှာဖုံးပုံတွေနဲ့ မှန်မှန်ထွက်နေတဲ့ မဂ္ဂဇင်းတစ်စောင်ကတော့ **တာရာ မဂ္ဂဇင်း** ပဲပေါ့။ မဂ္ဂဇင်းထုတ်ဝေသူနဲ့ အယ်ဒီတာက ဆရာကြီးနဲ့ ရင်းနှီး တာလည်းပါတယ်။ ဆရာကြီးရဲ့ ပန်းချီလက်ရာကို နှစ်သက်တာလည်း ပါမယ်ပေါ့။ မြန်မာ့ရိုးရာ အနုပညာလေ။

နောက်ပြီး ဆရာကြီးရဲ့ မျက်နှာဖုံးပုံတွေကို တွေ့နိုင်တဲ့ အခြား မဂ္ဂဇင်းတွေကတော့ စာရေးဆရာအသင်းက ထုတ်ဝေတဲ့ စာပေမဂ္ဂဇင်းနဲ့ တက္ကသိုလ်က ထုတ်ဝေတဲ့ မဂ္ဂဇင်းတွေပဲပေါ့။

အဲဒီတုန်းက လုံးချင်းဝတ္ထုတွေမှာလည်း ဆရာကြီးရဲ့ မျက်နှာဖုံး တွေကို အတွေ့ရနည်းပါတယ်။ ဒါပေမဲ့ ရယ်စရာလား၊ တိုက်ဆိုင်တာ

လားတော့မသိဘူး။ အဲဒီတုန်းက ထုတ်ဝေနေတဲ့ စုန်းတစ္ဆေဝတ္ထုမျက်နှာဖုံး တွေမှာတော့ ဆရာကြီးရဲ့ ပုံတွေချည်းပဲ။

ဆရာကြီးက တိမ်တောင် တိမ်လိပ်တွေ၊ နဂါးတွေ၊ ဘီလူးတွေ၊ သရဲသဘက်တွေ ဆွဲတဲ့နေရာမှာတော့ လက်ဖျားခါလောက်တယ် မဟုတ်လား။ အဲဒီတုန်းက ဆရာကြီးမြစကြာရဲ့ ဝတ္ထုတွေက သိပ်ပြီးရောင်းလို့ ကောင်းတယ်။ တစ်လကို နှစ်အုပ်ထွက်တယ်။ ဦးဘရီနဲ့သမီးများ စာပေက လဆန်း (၁)ရက်နေ့တိုင်း တစ်အုပ်ထွက်ပြီး ကိုတင်အောင် မစန်းစာပေက လဆန်း (၁၅)ရက်နေ့တိုင်း တစ်အုပ်ထွက်တယ်။ အဲဒီ စာပေတိုက် နှစ်ခုစလုံးက ဆရာကြီးဆီမှာ အပ်ကြတယ်။

ကိုတင်အောင်–မစန်းစာပေမှာ မိမိရှိနေတုန်းက မြစကြာအဖုံးအပ်တဲ့အခါတွေမှာ ကိုတင်အောင်နဲ့ ပါသွားလေ့ရှိပါတယ်။ တစ်ခါတော့ မိမိက–

"ဆရာလည်း စုန်းကဝေ ပန်းချီဆရာဖြစ်နေပြီ" လို့ပြောတော့–

"ခင်ဗျားတို့ကလည်း ရသ (၁၀)ပါးပေါ်အောင် ရေးရတာပဲ၊ ကျုပ်တို့လည်း ရသ (၁၀)ပါးပေါ်အောင် ဆွဲရတာပဲ" လို့ ဆရာကြီးက ပြန်ပြောတာကို မှတ်သားရပါတယ်။

နောက်ပိုင်းမှာ ဆရာကြီးတို့ မိသားစု မြောက်ဥက္ကလာ ကျောက်ရေတွင်းကို ပြောင်းလာပါတယ်။ ဆရာကြီးရဲ့ ကျန်းမာရေးလည်း အတော်ကလေး ချွတ်ယွင်းနေပါပြီ။ အထူးသဖြင့် မျက်စိမကောင်းတော့ဘူးပေါ့။ ဒါပေမဲ့ ဆရာကြီးဟာ အလုပ်မပျက်ပါဘူး။ ကနေ့ပုံသွားအပ်ရင် မနက်ဖြန်မှာ ပြီးအောင် ရေးဆွဲပေးလေ့ ရှိပါတယ်။

မိမိနေတဲ့ (ဃ)ရပ်ကွက်နဲ့ ကျောက်ရေတွင်းဟာ လမ်းလျှောက်သွားရင် ရတဲ့အတွက် မိမိဟာ မနက်ပိုင်းမှာ ဆရာကြီးရဲ့အိမ်ကို လျှောက်သွားပြီး ပုံအပ်ပါတယ်။ ဒီမှာကျတော့ ကြောင်တွေ မဟုတ်တော့ဘူး။ ခွေးတွေဖြစ်နေပြီ။ တစ်ခြံလုံး ခွေးတွေချည်းပဲ။ ခြံနားကပ်သွားတာနဲ့ ခွေးဟောင်

သံတွေ ဆူညံသွားတာပဲ။

ဆရာကြီးက မိမိကို အားနာဟန်တူပါတယ်။ ပုံပြီးလို့ရှိရင် သူ့သမီးနဲ့ မိမိအိမ်ကို ပို့ခိုင်းပါတယ်။ မိမိကလည်း မိမိစီစဉ်ဆောင်ရွက်ရတဲ့ မဂ္ဂဇင်းတိုင်းမှာပဲ ဆရာကြီးရဲ့ပုံ အနည်းဆုံး တစ်ပုံ နှစ်ပုံပါအောင် ထည့်ပါတယ်။

နောက်ပိုင်းမှာ ဆရာကြီးရဲ့ သရုပ်ဖော်ပုံတွေကို မှန်မှန်ဖော်ပြသွားတာ မိမိစီစဉ်ထုတ်ဝေတဲ့ မဂ္ဂဇင်းတွေပဲ ဖြစ်မယ်လို့ထင်ပါတယ်။

ဆရာကြီး ဦးအုန်းလွင်ဟာ ထင်ရှားကျော်ကြားတဲ့ မြန်မာပန်းချီဆရာကြီးတစ်ဦးဖြစ်သလို ကွယ်လွန်ခါနီး နောက်ပိုင်းနှစ်တွေအထိ မဂ္ဂဇင်းတွေမှာ ရေးဆွဲသွားတဲ့ သရုပ်ဖော် ပန်းချီဆရာကြီးတစ်ဦးလည်း ဖြစ်ပါတယ်။

ဆရာကြီးရဲ့ အနုပညာကို မှတ်တမ်းတင် ဂုဏ်ပြုမယ်ဆိုရင်တော့ သီးခြားဆောင်းပါးတစ်ပုဒ် ရေးရပါလိမ့်မယ်။

❒

## ဦးဘရင်ကလေး

မန္တလေးမှာ မိမိရှိစဉ်ကတည်းက အထူးအာရုံစိုက် စိတ်ဝင်စားမိတဲ့ ပန်းချီဆရာနှစ်ဦး ရှိပါတယ်။ အဲဒီအချိန်က မိမိဟာ ရန်ကုန်စာပေလောကနဲ့ ကျွမ်းဝင်ဖို့ မပြောနဲ့၊ ရန်ကုန်မြို့ကိုတောင် မရောက်ဖူးသေးတဲ့ အချိန်ပေါ့။ အချိန်ကာလအားဖြင့်ဆိုလျှင် ၁၉၄၆ နဲ့ ၅၃ ခုနှစ်အကြား စာရေးဖို့ကြိုးစားနေတဲ့ စာဖတ်သူတစ်ဦးပေါ့။ ရန်ကုန်ကရောက်လာတဲ့ ဝတ္ထုစာအုပ်တွေနဲ့ မဂ္ဂဇင်းစာအုပ်တွေကို သဲကြီးမဲကြီး ဖတ်နေတဲ့အချိန်ပဲ။ ဘယ်ဝတ္ထုမှ မလွတ်ဘူး။ ဖတ်တာပဲ။ ဘယ်ရုပ်ပုံမှ မလွတ်ဘူး။ သေသေချာချာ ကြည့်တာပဲ။ အဲ စာရေးချင်သလို ပန်းချီဆွဲချင်တဲ့စိတ်ကလေးကလည်း ရှိတယ်မဟုတ်လား။

အဲဒီလို အကုန်ဖတ်၊ အကုန်ကြည့်တဲ့အချိန်မှာ ကြိုက်တာတွေတွေ့ရသလို မကြိုက်တာတွေလည်း ရှိတယ်ပေါ့။ အဲဒီအချိန်တုန်းကတော့ မကြိုက်တာတွေကို ဘာမှ မပြောဘူး။ အသာဘေးဖယ်ထားလိုက်ပြီး ကြိုက်တာတွေကို အထူးဂရုစိုက် လေ့လာတယ်။

မိမိကြိုက်တဲ့ စာရေးဆရာတွေရဲ့ ဝတ္ထုတွေကို မလွတ်တမ်းဖတ်တယ်။ အဲဒီလိုပဲ မိမိကြိုက်တဲ့ ပန်းချီဆရာတွေရဲ့ ပုံတွေကိုလည်း အထူးဂရုပြုပြီးကြည့်တယ်။ ပြီးတော့ သူတို့အကြောင်းတွေကိုလည်း လေ့လာ

တယ်။ စာကိုချစ်ရင် စာရေးဆရာရဲ့အကြောင်းကို သိချင်တာ၊ ပန်းချီကို ချစ်ရင် ပန်းချီဆရာရဲ့အကြောင်းကို သိချင်တာ သဘာဝပဲ။

အဲဒီမှာပဲ မိမိအထူးနှစ်သက်တဲ့ ပန်းချီဆရာနှစ်ဦးကို တွေ့လာရပါတယ်။ သူတို့ လက်ရာတွေကလည်း တစ်မူခြားနားပြီး သူတို့ရဲ့ အယူအဆတွေကလည်း အစဉ်အလာက ရုန်းထွက်နေလို့ပဲပေါ့။ အဲ သူတို့နှစ်ဦးကတော့ ဆရာဦးဘရင်ကလေးနဲ့ ဆရာဗဂျီအောင်စိုးတို့ပါပဲ။

၁၉၅၀ ခုနှစ်များ အစောပိုင်းမှာ အင်မတန်ထူးခြားတဲ့ ဝတ္ထုနှစ်ပုဒ် ရှေ့ဆင့်နောက်ဆင့် ဆိုသလို ထွက်လာပါသည်။ အဲဒီဝတ္ထုနှစ်ပုဒ်က စာထူးခြားသလို မျက်နှာဖုံးတွေကလည်း ထူးခြားပါတယ်။ အမှန်အတိုင်း ပြောရရင်တော့ စာထူးခြားတာက ဖတ်ကြည့်မှ သိရတယ်။ နောက်မှ သိရတယ်။ မျက်နှာဖုံးပုံ ထူးခြားတာက စာမဖတ်ခင် စာအုပ်ကို မြင်မြင်ချင်း သိရတယ်။ အဲဒီမျက်နှာဖုံးပုံကြောင့်လည်း စာအုပ်ကို စိတ်ဝင်စားစေပါတယ်။ မျက်နှာဖုံးရဲ့ ဆွဲဆောင်မှု၊ ဒါမှမဟုတ် ပန်းချီဆရာရဲ့ လှုံ့ဆော်မှုပဲ ဆိုပါတော့။ အဲဒီဝတ္ထုနှစ်ပုဒ်ကတော့ **တင်စိုး** ရဲ့ **သစ္စာမဏ္ဍိုင်** နဲ့ **သခင်မြသန်း** ရဲ့ **မမိုးဇွေ** တို့ပဲ ဖြစ်ပါတယ်။

ဝတ္ထုနှစ်ပုဒ်စလုံးဟာ ပထမဆုံး လုံးချင်းတွေပါပဲ။ ဒါမှမဟုတ် စာရေးဆရာအသစ်တွေရဲ့ ဝတ္ထုတွေပါပဲ။ သူတို့ရဲ့ ဝတ္ထုတွေကို စာဖတ်သူတွေ ပထမဆုံး စိတ်ဝင်စားရတာ ထူးခြားတဲ့ မျက်နှာဖုံးတွေပါပဲ။ အဲဒီဝတ္ထုနှစ်အုပ်စလုံးရဲ့ အဖုံးကို ရေးဆွဲသူကတော့ ဦးဘရင်ကလေးပေါ့။

တကယ်တော့ ဦးဘရင်ကလေးဆိုတဲ့ ပန်းချီဆရာကိုလည်း အဲဒီတုန်းက စာဖတ်သူတွေက မသိကြသေးပါဘူး။ သူတို့သိတာက ဦးကိုလေးနဲ့ ဦးစန်းလွင်တို့ပဲပေါ့။ ဒါပေမဲ့ အဲဒီဝတ္ထုနှစ်ပုဒ်စလုံးရဲ့ မျက်နှာဖုံးတွေက ထူးခြားဆွဲဆောင်လွန်းတော့ "ဘရင်ကလေး" ဆိုတဲ့ ပန်းချီဆရာရဲ့ လက်မှတ် တွန့်တွန့်ရှည်ရှည်ကလေးကို သတိမပြုမိဘဲ မနေနိုင်ကြဘူးပေါ့။

အဲဒီနှစ်ပုဒ်မှာ တင်စိုးရဲ့ သစ္စာမဏ္ဍိုင်က အရင်ထွက်ပါတယ်။ ၁၉၅၁ ခုနှစ်မှာပေါ့။

သစ္စာမဏ္ဍိုင် မျက်နှာဖုံးကို မြင်လိုက်ရတဲ့အခါမှာ ထိတ်လန့်တုန်လှုပ်သွားကြရတာ အမှန်ပါပဲ။ အနီရောင်နဲ့ အဝါရောင်တွေ ထင်းနေပြီး ဖြုန်းခနဲကြည့်လိုက်ရင် ဘာပုံကြီးမှန်းမသိတဲ့ ပုံကြီးပေါ့။ အမျိုးသမီး လှလှ ပုံတွေကြားမှာ သရဲခြောက်လိုက်သလား အောက်မေ့ရတယ်။ သေသေချာချာ ကြည့်တဲ့အခါမှ ဝတ်လစ်စလစ် အမျိုးသမီးတစ်ယောက်ရဲ့ ပုံဆိုတာ သိရတယ်။ ဝတ်လစ်စလစ်ဆိုပေမဲ့ တဏှာရာဂကို နှိုးဆွတဲ့ ပုံမျိုး မဟုတ်ဘူး။ အရုပ်ဆိုးပြီး ကြောက်လန့်စရာကောင်းတဲ့ အမျိုးသမီးပဲ။ စုတ်ချက်ကြမ်းတယ်။ အရောင်ရဲတယ်။ အရင်းရှင် အိမ်ထောင်ရေးစနစ်ကို ဖော်ညွှန်းထားတာပဲ။

မျက်နှာဖုံးကို စိတ်ဝင်စားလို့ ဝတ္ထုကို ဖတ်ကြည့်တဲ့အခါမှာလည်း ပိုပြီး စိတ်ဝင်စားကြရပါတယ်။ ဝတ္ထုက အရေးအသား ဆန်းသစ်တယ်။ တင်ပြပုံလည်း ဆန်းသစ်တယ်။ အတွေးအခေါ် အယူအဆလည်း တိုးတက်တယ်။

အဲဒီတုန်းက စာဖတ်သူတွေဟာ သစ္စာမဏ္ဍိုင်ဝတ္ထု ထွက်လာတဲ့အတွက် တင်စိုးဆိုတဲ့ စာရေးဆရာနဲ့ ဘရင်ကလေးဆိုတဲ့ ပန်းချီဆရာကို စိတ်ဝင် စားကြရပါတယ်။ စိတ်ထဲမှာ မှတ်သားထားကြရပါတယ်။

သစ္စာမဏ္ဍိုင်ထွက်ပြီး နောက်တစ်နှစ်မှာပဲ သခင်မြသန်းရဲ့ မမိုးဇွေ ထွက်လာပါတယ်။ သခင်မြသန်းဆိုတာလည်း လူသစ်ပေါ့။ စာရေးဆရာ အသစ်ပေါ့။ နောက်ပြီး သူ့ရဲ့ကလောင်နာမည်က “သခင်” ပါနေတဲ့အတွက် နည်းနည်းလေး “မိုက်” တယ်လို့လည်း ဆိုရမှာပေါ့။ ဝတ္ထုရေးဆရာက သူနိုင်ငံရေးသမားပါဆိုတာကို ကြေညာပြီး ထွက်လာတာပဲ။ သာမန် အပျော်ဖတ်ပရိသတ်အဖို့ သခင်မြသန်းဆိုတဲ့နာမည်နဲ့တင် တွန့်သွားနိုင်ပါတယ်။ ဝတ္ထုနာမည်ကတော့ လှလည်းလှတယ်။ ဆန်းလည်း

ဆန်းတယ်လို့ ပြောရမယ်။ မမိုးဇွေဆိုတာ မြန်မာဆန်ပေမဲ့ ရှားပါးတဲ့ နာမည်တစ်ခုပဲ။

အဖုံးအကြောင်း ပြောရအောင်။ မမိုးဇွေဆိုတဲ့အတိုင်း မိုးရေထဲမှာ ပြေးနေတဲ့ မိန်းကလေးတစ်ယောက် ပုံပါပဲ။ ဒါပေမဲ့ ပုံက စာအုပ်အဖုံး တစ်ခုနဲ့မတူဘဲ ပန်းချီကားတစ်ချပ် ထောင်ထားတာနဲ့ တူနေတယ်။ အဖြူရောင်တွေက ဖမ်းစားနေတယ်။ စောင်းရွေပြီးဆင်းနေတဲ့ အဖြူရောင်မိုးစက်တန်းတွေက မမိုးဇွေရဲ့အဓိပ္ပာယ်ကို ဖော်ပြနေတယ်။ အဲဒီမိုးစက်တွေက မမိုးဇွေရဲ့ဘဝကို လိုက်လံတိုက်ခိုက် နေကြသလိုပဲ။ "ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာ" ဆိုတဲ့ မြန်မာစကားပုံကို ဒီဝတ္ထုမျက်နှာဖုံးက ပေါ်လွင်အောင် ဖော်ထားတာပဲ။

နောက်တစ်ခု ထူးခြားတာကတော့ စာအုပ်က သာမန်ဝတ္ထုအရွယ် မဟုတ်ဘဲ မဂ္ဂဇင်းအရွယ် ဖြစ်နေတယ်။ အရွယ်ကြီးတဲ့အတွက်လည်း ပုံအားက ပိုကောင်းနေတာပဲ။

ထပ်ပြီးပြောရရင်တော့ အတွင်းမှာလည်း ဦးဘရင်ကလေးရဲ့ ဝတ္ထုသရုပ်ဖော်ပုံ ငါးပုံ ပါရှိပါတယ်။

နေဦး။ ပြောစရာတစ်ခု ရှိသေးတယ်။ ဒီဝတ္ထုကို ထုတ်ဝေတဲ့သူက တခြားလူမဟုတ်ဘူး၊ ဆရာဦးဘရင်ကလေး ကိုယ်တိုင်ပဲ။

သခင်မြသန်းဟာ ပုဒ်မ (၅)နဲ့ အဖမ်းခံရစဉ် မန္တလေးထောင်ထဲမှာ မမိုးဇွေကို ရေးခဲ့တာပဲ။ ၁၉၄၉ ခုနှစ်မှာ ထောင်ကလွတ်တော့ မမိုးဇွေ စာမူကြီးကို ပိုက်လို့ပေါ့။ ဒါပေမဲ့ သုံးနှစ်လုံးလုံး သူ့ဝတ္ထုကို ထုတ်ဝေမယ့်သူ မရှိခဲ့ဘူး။

၁၉၅၂ ခုနှစ်ကျမှ သခင်မြသန်းရဲ့ဝတ္ထုကို ပန်းချီဦးဘရင်ကလေးက ထုတ်ဝေခဲ့တယ်။ နေဦး။ ဦးဘရင်ကလေးရဲ့ စာအုပ်တိုက်အမည်က ဘာလဲ၊ သိလား။ "စာပန်းချီ" တဲ့။ စာပေနဲ့ ပန်းချီကို ပေါင်းစပ်တဲ့ အဓိပ္ပာယ်ပဲ။

ဦးဘရင်ကလေးကိုယ်တိုင် စိစဉ်ထုတ်ဝေတာမို့ မျက်နှာဖုံးနဲ့ အတွင်းသရုပ်ဖော်ပန်းချီ ငါးပုံပါရုံတင်မကဘူး၊ စာအုပ်အပြင်အဆင် ကလည်း ပန်းချီဆန်တယ်။ နောက်ပြီး ရှိသေးတယ်။ "စာပန်းချီ" ဆိုတဲ့ နာမည်အတိုင်း မမိုးစွေဝတ္ထုမှာ ပန်းချီဆောင်းပါးနှစ်ပုဒ်နဲ့ ပန်းချီဆရာတွေ ရဲ့ ဆီဆေး၊ ရေဆေးပန်းချီကား ရှစ်ကားပါတယ်။ ဒီမှာတင်ပဲ မိမိတို့ဟာ ဦးဘရင်ကလေးရဲ့ စိတ်ကူးနဲ့ စေတနာတွေကို ခန့်မှန်းမိခဲ့ရတယ်။

နောက်တစ်ခါ မန္တလေးမှာ မိမိရှိစဉ်ကတည်းကပဲ ဦးဘရင်ကလေး ရဲ့ လက်ရာတွေနဲ့ ရင်းနှီးရတာကတော့ **လူထုဂျာနယ်** မှာပါတဲ့ ဆရာရဲ့ တိုင်းရင်းသား သရုပ်ဖော် ပန်းချီကားတွေပါပဲ။

ဒါကြောင့်လည်း မိမိအနေနဲ့ ရန်ကုန်ရောက်ရောက်ချင်း တကူး တကန့် သွားတွေ့တဲ့ ပန်းချီဆရာဟာ ဦးဘရင်ကလေးပဲ ဖြစ်ပါတယ်။ ကျန်တဲ့ပန်းချီဆရာတွေက စုံထောက်တိုက်မှာ အလုပ်လုပ်ရင်း အလုပ်နဲ့ ပတ်သက်ပြီး ထိတွေ့သိကျွမ်းခဲ့ရတာ ဖြစ်ပါတယ်။

မိမိကို ဦးဘရင်ကလေးအိမ်သို့ လိုက်ပို့တဲ့သူကတော့ သစ္စာမဏ္ဍိုင် ရေးတဲ့ စာရေးဆရာ တင်စိုးပါပဲ။ အဲဒီတုန်းက ဦးဘရင်ကလေးဟာ တိရစ္ဆာန်ဥယျာဉ်ကြီးအနီးက ဖဆပလကွက်သစ်မှာ နေပါတယ်။

အားလုံးသိတဲ့အတိုင်းပဲ ကွက်သစ်တန်းလျားတွေက ကျဉ်းကျဉ်း ကျပ်ကျပ်ကလေးတွေပဲ။ အဲဒီ အခန်းကျဉ်းကျဉ်းကလေးထဲမှာ ဆေးစက် တွေပေနေတဲ့ ကြမ်းပြင်ပေါ်မှာ ပန်းချီကားတွေနဲ့ ပန်းချီဆရာကို တွေ့ရပါတယ်။ ပန်းချီဆရာကတော်ကလည်း တိုင်းရင်းသူတစ်ဦးဖြစ်ပြီး အသံဝဲဝဲ အသားနီစပ်စပ်နဲ့ ဖော်ရွေလှပါတယ်။

ဦးဘရင်ကလေးကတော့ အသားညိုညို ပိန်ပိန်ပါးပါးနဲ့ ထုံးစံ အတိုင်း စကားသံတိုးတိုးပေါ့။

ဆရာ ဦးဘရင်ကလေးဟာ ပညာတော်သလောက် အင်မတန် မာန်မာနကင်းပါတယ်။ အထူးသဖြင့် လူငယ်တွေကို လေးစားမှုနဲ့

ဆက်ဆံတတ်တာ တွေ့ရပါတယ်။ ဆရာဦးဘရင်ကလေးဟာ ငြိမ်းချမ်းရေးကို မြတ်နိုးပြီး တိုးတက်တဲ့ အတွေးအခေါ်ရှိသူတစ်ဦးမို့ ကျောင်းသားလူငယ်တွေ အပူကပ်ဆရာ ပန်းချီဆရာတစ်ဦး ဖြစ်ပါတယ်။

နောက်ပိုင်းမှာ မိမိဟာ အဖွဲ့အစည်းများနဲ့ ပတ်သက်တာကော မိမိကိုယ်တိုင် ထုတ်ဝေတဲ့ မဂ္ဂဇင်းတွေအတွက်ကော ဦးဘရင်ကလေးကို အပူကပ်ခဲ့ပါတယ်။ အယ်ဒီတာတစ်ယောက်ရဲ့ ထုံးစံအတိုင်း "မြန်မြန် မြန်မြန်" ပေါ့။ ဦးဘရင်ကလေးကလည်း မိမိတို့ထုတ်ဝေတဲ့ ဂျာနယ်တွေအတွက် ခေါင်းစီးစာလုံးတွေကို မမောတမ်း မပန်းတမ်း ရေးဆွဲပေးခဲ့ပါတယ်။ ဉာဏ်ပူဇော်ခ ပေးနိုင်တဲ့အခါလည်း ရှိပါတယ်။ ဒါပေမဲ့ "အလှူခံ" တဲ့အခါက များပါတယ်။ အဲဒီအခါက ဂျာနယ်တွေနဲ့ ဆရာရဲ့ လက်ရေးစာလုံးက အံကျပဲလို့ဆိုရပါမယ်။

နောက်ပိုင်းမှာ မိမိဟာ ဆရာနဲ့ အတွေ့ကျဲသွားပြီး သရုပ်ဖော် ပန်းချီဆရာများ နှစ်စဉ်ပြုလုပ်တဲ့ ပန်းချီဆရာကြီးများ ကန်တော့ပွဲ ကျမှပဲ တစ်နှစ်တစ်ခါဆိုသလို တွေ့ရပါတော့တယ်။

နောက်ဆုံး တစ်ခါတွေ့တဲ့အခါမှာ ဆရာက –

"ကိုနတ်နွယ်၊ အခု ဘာလုပ်နေသလဲ"

"ကျွန်တော် အခု မဂ္ဂဇင်းတစ်စောင်ထုတ်ဖို့ လုပ်နေတယ်၊ ဘာလဲ၊ ဆရာ ရေးပေးဦးမလို့လား"

မိမိက ရယ်ရယ်မောမော မေးလိုက်ရာ –

"ဟာ ရေးပေးရမှာပေါ့ဗျာ၊ ကျွန်တော့်စိတ်ထဲမှာ စိတ်ကူးကလေး တစ်ခုရှိနေတယ်"

ထိုစိတ်ကူးကလေးကို မိမိ မသိလိုက်ရတော့ပါ။

❒

# ဗဂျီအောင်စိုး

ဗဂျီအောင်စိုးဟာ စိတ်ဝင်စားစရာ ကောင်းတာကတော့ အမှန်ပါပဲ။ ပန်းချီဆရာအနေနဲ့လည်း စိတ်ဝင်စားစရာကောင်းတယ်။ လူအနေနဲ့လည်း စိတ်ဝင်စားစရာကောင်းတယ်။ ပင်ကိုသဘာဝလား၊ တမင်လုပ်တာလားဆိုတာတော့ အငြင်းပွားစရာပါပဲ။ ဒါပေမဲ့ အသေအချာ ပြောနိုင်တာကတော့ ဗဂျီအောင်စိုးရဲ့ လက်ရာတွေဟာ အနုပညာမြောက်လက်ရာတွေဖြစ်ပြီး လူပုဂ္ဂိုလ်တစ်ဦးအနေနဲ့လည်း အင်မတန် ချစ်စရာကောင်းတာပါပဲ။

မိမိမဂ္ဂလေးမှာ ရှိစဉ်ကတည်းက အထူးအာရုံစိုက် စိတ်ဝင်စားမိတဲ့ ပန်းချီဆရာ နှစ်ဦးရှိကြောင်း၊ ၄င်းတို့မှာ ဆရာ ဦးဘရင်ကလေးနှင့် ဗဂျီအောင်စိုးတို့ဖြစ်ကြောင်း ရေးခဲ့ပြီးပြီ။

ထိုစဉ်က မိမိတို့လူငယ်များ စိတ်ဝင်စားတဲ့ "**တာရာ**" မဂ္ဂဇင်းမှာ ပင်တိုင်ပန်းချီဆရာ နှစ်ယောက်ရှိပါတယ်။ ဦးအုန်းလွင်နဲ့ ကိုအောင်စိုးတို့ပဲ ဖြစ်ပါတယ်။ ဒါမှမဟုတ် တာရာမဂ္ဂဇင်း တစ်အုပ်လုံးမှာ ပါတဲ့ပုံတွေကို သူတို့နှစ်ယောက်ပဲ ဒိုင်ခံဆွဲတယ်လို့ ပြောနိုင်ပါတယ်။

ကိုအောင်စိုးရဲ့ ပုံတွေက တကယ့်သရုပ်ဖော် ပုံတွေပါပဲ။ မိန်းကလေးလှလှပုံတွေနဲ့ ဆန့်ကျင်ဘက်ပါပဲ။ ပုံတွေက ကြမ်းတမ်းအကျည်းတန်တယ်။ ဒါပေမဲ့ စိတ်ဝင်စားစရာကောင်းတယ်။ သူက ပုံတွေအများကြီး

ဆွဲတဲ့အတွက် လက်မှတ်ထိုးတဲ့နေရာမှာ "အောင်စိုး" လို့လည်း အပြည့်အစုံ ထိုးတယ်။ "စိုး" ဒါမှမဟုတ် "ဆိုး" ဆိုပြီးတော့လည်း အတိုကောက်ထိုး တယ်။

သူ့ပန်းချီကို "စိတ္တဗေဒပန်းချီ"၊ "စိတ္တဇပန်းချီ"၊ "မော်ဒန် ပန်းချီ"၊ "လက်ဝဲပန်းချီ" လို့အမျိုးမျိုးပြောကြတယ်။ သူ့ကိုလည်း "တိုးတက်သော ပန်းချီဆရာ"၊ "စိတ္တဇပန်းချီဆရာ"၊ "လက်ဝဲပန်းချီဆရာ" လို့ အမျိုးမျိုး ကင်ပွန်းတပ်ကြတယ်။

တကယ်တော့ ကိုအောင်စိုးဟာ အမျိုးသားပန်းချီကို အခြေခံတဲ့ မော်ဒန်ပန်းချီဆရာ တစ်ယောက်ပါပဲ။ မိမိရဲ့ရင်ထဲမှာ ခံစားရတာကို စုတ်ချက်နဲ့ ဖော်ထုတ်တဲ့ ပန်းချီဆရာ တစ်ယောက်ပါပဲ။

နောက်ပြီး သူ့ကို ရည်စူးပြီးရေးထားတဲ့ စာရေးဆရာမိုးဝေရဲ့ ဝတ္ထုတစ်ပုဒ်ကလည်း စိတ်ဝင်စားစရာပါပဲ။ **တာရာ** မဂ္ဂဇင်းမှာ ရေးထား တာပါပဲ။ ဝတ္ထုနာမည်က "ပန်းချီဆရာနှင့် အလှ"။ ပြီးတော့မှ "ကိုအောင် စိုးသို့" ဆိုပြီး ရည်ညွှန်းထားတယ်။

သရုပ်ဖော်ပန်းချီဆရာ စိုးမောင်ဟာ ကလေးငိုနေတဲ့အတွက် ပုံ ဆွဲလို့ မရဘူး။ ကလေးဘာလို့ ငိုနေတာလဲ။ အမေက ကလေးကို ကြိမ်း မောင်းနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ မုန့်ကျွေးစရာမရှိလို့ပဲ။ အဲဒီ အချိန်မှာ နာမည်ကြီး မဂ္ဂဇင်းကြီးတစ်စောင်က ထုတ်ဝေသူအယ်ဒီတာ တစ်ယောက် ရောက်လာတယ်။ ကဗျာသရုပ်ဖော်ပုံ တစ်ပုံအပ်တယ်။ စိုးမောင်က ကဗျာကို ဖတ်ကြည့်တယ်။ ကဗျာဆရာက သူ့ချစ်သူကို သာယာတဲ့ နံနက်ခင်း၊ အေးမြတဲ့ စန္ဒာလဝန်း၊ တသွင်သွင် စီးဆင်းနေတဲ့ ချောင်းရေတို့နဲ့ တင်စားထားတယ်။ ဒါနဲ့ သူက အဲဒီကဗျာအတွက် သရုပ် ဖော်ပုံ ရေးမပေးနိုင်ဘူးဆိုပြီး ပြန်ပေးလိုက်တယ်။

မိုးဝေရဲ့ဝတ္ထုဟာ ကိုအောင်စိုးရဲ့ ဘဝနဲ့ ကိုအောင်စိုးရဲ့ ပန်းချီ အနုပညာကို တိုတိုတုတ်တုတ်နဲ့ ထိမိအောင် ဖော်ပြထားနိုင်ပါတယ်။

နောက်ပြီး ကိုအောင်စိုးဟာ စင်္ကာပူက မကြာခင် ပြန်လာတယ်ဆိုတဲ့ အတွက်လည်း ပိုပြီး စိတ်ဝင်စားရပါတယ်။

အဲဒါကြောင့်ပဲ ရန်ကုန်ရောက်တဲ့အခါမှာ ကိုအောင်စိုးနဲ့ မိတ်ဆက်ပေးဖို့ ကိုမိုးဝေကို ပြောရတယ်။

"ခင်ဗျား ကိုအောင်စိုးနဲ့ တွေ့ချင်လို့ကတော့ ဘယ်မှသွားစရာမလိုဘူး။ ကျွန်တော်တို့တိုက်ကို သူမကြာမကြာ လာပါတယ်။ ကနေ့လည်း သူလာစရာရှိတယ်။ ကျွန်တော်တို့ကို ပုံတစ်ပုံပေးဖို့ ချိန်းထားတယ်"

**စုံထောက်** မဂ္ဂဇင်းမှာ ကိုအောင်စိုးရဲ့ပုံတွေ လစဉ်ပါနေတာကို မိမိ သိရှိပြီး ဖြစ်ပါတယ်။ သည်းထိတ်ရင်ဖိုဝတ္ထု၊ အထူးသဖြင့် စိတ္တဗေဒ ဝတ္ထုတွေဟာ သူ့လက်ရာနဲ့ အင်မတန်လိုက်ပါတယ်။

အဲဒီနေ့က အတော်ကလေး နေစောင်းချိန်အထိ သူရောက်မလာတဲ့အတွက် မိမိက ကိုမိုးဝေကို မေးမိပြန်တယ်။

"ကိုအောင်စိုး ကနေ့လာမှ လာပါတော့မလား"

"လာပါတယ်ဗျ၊ သူက လာမယ်ဆိုရင် လာတာပဲ။ ဘယ်တော့မှ ကတိမပျက်တတ်ပါဘူး။ တစ်နေရာရာဝင်နေလို့ နောက်ကျနေတာ ဖြစ်မှာပါ"

မကြာခင်မှာပဲ သူရောက်လာပါတယ်။ သူမှန်းမိမိ သိပါတယ်။ အရပ်ရှည်ရှည်၊ အသားဖြူဖြူ၊ ကော်ကိုင်းမျက်မှန်နဲ့ လူတစ်ယောက် သထင်းစာနဲ့ ညှပ်ထားတဲ့ ကတ်ပြားကြီးတစ်ချပ်ကို ချိုင်းမှာညှပ်ပြီး တိုက်ထဲကို ခပ်ကုန်းကုန်း ဝင်လာပါတယ်။

"ဟာ ကိုအောင်စိုး၊ ခင်ဗျား နောက်ကျလှချေလား"

"အေးဗျာ၊ ရေဝတ်တာနဲ့ အီကော်နောမစ်မှာ ဝင်မော့နေလို့"

"ဒီလာပြီးမှ သွားရောပေါ့ဗျာ၊ ကျွန်တော်လည်း လိုက်မှာပေါ့"

"ဒါက နောက်တစ်ခေါက်ပေါ့ဗျာ"

"ကျွန်တော့်အတွက် ပုံပါလား"

"ပါ ပါတယ်၊ ဒီမှာ"

သူက ချိုင်းကြားမှာ ညှပ်ထားတဲ့ ကတ်ပြားကြီးကို စားပွဲပေါ် ချလိုက်ပြီး၊ အပေါ်က သတင်းစာကို ဖယ်လိုက်တယ်။ ပန်းချီကားတစ်ချပ်ကို မိမိ ပြက်ခနဲတွေ့လိုက်ရတယ်။ ထုံးစံအတိုင်း အနီနဲ့အနက် နှစ်ရောင်ရေးထားတာပဲ။ ပုံက အကြီးကြီးပဲ။ မိမိက ဘယ်လိုပုံလဲလို့ ကြည့်မယ်လို့ ရှိသေးတယ် သူက ဖြုန်းဆို ပန်းချီကားကြီးကို ဖြန်းခနဲ နှစ်ခြမ်းဆုတ်ပစ်လိုက်တယ်။ အနားမှာရှိတဲ့ လူတွေအားလုံး ဟာခနဲ ဖြစ်သွားကြတယ်။

"ဟေ့လူ၊ ဘယ်လိုလုပ်တာလဲ"

ကိုမိုးဝေက ထိတ်ထိတ်ပျာပျာ မေးလိုက်တယ်။

အဲဒီအခါမှာ သူက နှစ်ခြမ်းကွဲသွားတဲ့ ပန်းချီကားကြီးကို တစ်ဖက်တစ်ချက် ပြန်ဆက်လိုက်တယ်။ အလယ်က ကွဲကြောင်းဖြူဖြူဟာ လျှပ်စီး လက်သလို ဖြစ်နေတယ်။

"ဒီပုံက ဒါမှ ပိုပြီး သဘာဝကျမှာဗျ"

မှန်ပါတယ်။ ပန်းချီကားကြီးဟာ ပိုပြီး သဘာဝကျသွားတာ အမှန်ပါပဲ။ အလယ်ကောင်မှာ ဆေးအဖြူနဲ့လိုက်ရေးရင် ဒီလို သဘာဝမကျနိုင်ပါဘူး။

ဒါ ကိုအောင်စိုးနဲ့မိမိ ပထမဆုံး တွေ့ရခြင်းပါပဲ။

ကိုမိုးဝေဟာ မိမိကို ကိုအောင်စိုးနဲ့ မိတ်ဆက်ပေးပါတယ်။ ပြီးတော့ ထုံးစံအတိုင်း အီကော်နောမစ်ကို သွားကြပါတယ်။

အီကော်နောမစ်ဘားက အနော်ရထာလမ်း (ဖရေဇာ)နဲ့ ဆိပ်ကမ်းသာလမ်း (လွှတ်စ္စလမ်း) ထောင့်မှာပေါ့။ အခုလည်း ရှိပါတယ်။ နာမည်တော့ ပြောင်းထားတယ်။ "စီးပွားရေး" တဲ့။ **စုံထောက်** မဂ္ဂဇင်းတိုက်က ဘိုကလေးဈေးလမ်း (ဘရွတ်ကင်း)မှာဆိုတော့ အီကော်နောမစ်နဲ့က နီးတယ်လေ။

အီကော်နောမစ်ကျတော့ သူတို့နှစ်ယောက်က ထုံးစံအတိုင်း ရမ်အသေးတစ်လုံးမှာတယ်။ ဟိုတုန်းက ရမ်အကြီးအသေးရှိတယ်။ အခုတော့

"တစ်ပိုင်း" ပေါ့။ ဒါပေမဲ့ တစ်ပိုင်းက ခြောက်ပက်တည်းရယ်။ ဒါတောင် ပြည့်ချင်မှပြည့်တာ။ ရမ်အသေးပုလင်းက ခြောက်ပက်ခွဲ ကျော်ကျော် ရှိတယ်။

မိမိက မသောက်ဘူး၊ မသောက်တတ်သေးဘူး ဆိုပါတော့။

ဒီမှာ ကိုအောင်စိုးက "အရက်မသောက်လည်း တစ်ခုခုသောက်ပေါ့၊ ဟော့ ဆိုဒါတစ်လုံးယူခဲ့"

ဆိုဒါကိုလည်း မိမိ မသောက်ဖူးပါ။

အမြှုပ်ကလေးတွေ ပလုံစီနေတဲ့ ဘော်ငွေရောင်ဆိုဒါကို နှုတ်ခမ်းစုံ မှာတေ့ပြီး နည်းနည်းကလေး မြည်းကြည့်လိုက်တယ်။ အားပါး ဖွယ်တယ် တယ် ရှုတတကြီး။ ဘာမှ အရသာ မရှိပါကလား။

မိမိမျက်နှာ ရှုံ့သွားတာကို ကြည့်ပြီး ကိုမိုးဝေက –

"ဟာ ဒီလူကလည်း ဆိုဒါသောက်တာ ရှုံ့မဲ့နေတာပဲ"

ကိုအောင်စိုးက –

"ဟုတ်တယ် ကိုမိုးဝေ၊ ဆိုဒါက အရသာ မရှိဘူးဗျ၊ ခင်ဗျားက ဆိုဒါချည်းပဲ တစ်ခါမှ မသောက်ဘူးလို့၊ နေဦး ကျွန်တော်ပြမယ်၊ သောက်လို့ကောင်းသွားအောင် ဆိုဒါထဲကို ဘရန်ဒီနည်းနည်း ထည့်ပေးရတယ်၊ ဟော့ ဘရန်ဒီ ဟတ်ပက်ယူခဲ့၊ ဘီးဟိုက်ပေးဟော့၊ ဘီးဟိုက် ချိုတယ်၊ ပျားအုံပဲ ချိုတာပေါ့"

စားပွဲထိုးက ဖန်ခွက်ဖြူဖြူနဲ့ လိမ္မော်နုရောင် ဘီးဟိုက် ဘရန်ဒီ လက်တစ်လုံးခန့် ယူလာပါတယ်။ မိမိ နမ်းကြည့်တယ်။ အနံ့ကတော့ မွှေးတယ်။

ကိုအောင်စိုးက ဆိုဒါဖန်ခွက်ထဲကို ဘရန်ဒီ လောင်းထည့်လိုက် တယ်။

"သောက်ပါဗျ၊ ဘာမှ မဖြစ်ပါဘူး၊ ဘီးဟိုက်ဆိုတာ မိန်းမတွေ မီးတွင်းမှာသောက်တဲ့ ဆေးပဲ"

မိမိ သောက်ကြည့်တယ်။ ချိုတိုတို သင်းတင်းတင်းကလေး။

အဲဒီအချိန်ကစပြီး ဘီးဟိုက် ဘရန်ဒီ လက်တစ်လုံးနဲ့ ဆိုဒါ တစ်ဖန်ခွက်ရောပြီး မိမိ သောက်တတ်သွားပါတယ်။

အရောင်ကလည်း လိမ္မော်ရောင်နုနုကလေး၊ ကြည့်လို့လှတယ်။

နောက်ပြီးတော့ အရက်သောက်တာ မဟုတ်ဘူးလေ။ အနံ့အရသာနဲ့ အရောင်အဆင်းကောင်းအောင် ဆိုဒါထဲကို အရက်နည်းနည်း ရောတာလေ။ အရက်ထဲကို ဆိုဒါရောတာ မဟုတ်ဘူး။

ပန်းချီဆရာမှာ အနီထဲကို အဖြူရောတာနဲ့ အဖြူထဲကို အနီရောတာ မတူသလိုပေါ့။

ကိုမိုးဝေ ပြောသလိုပဲ၊ ကိုအောင်စိုးဟာ **စုံထောက်** မဂ္ဂဇင်းတိုက်ကို မကြာမကြာ လာပါတယ်။ မဂ္ဂဇင်းအတွက်လည်း ပုံတွေလစဉ် မှန်မှန် ရေးဆွဲပေးပါတယ်။ မိမိသိသလောက်တော့ သူက ပန်းချီ နည်းတာများတာကို ဘယ်တော့မှ မပြောပါဘူး။ ပေးသလောက် ယူတာပဲ။

ကိုအောင်စိုး မဂ္ဂဇင်းတိုက်ကိုလာရင် ပျော်ပါတယ်။ သူက စကားပြောကောင်းတယ်။ စကားများများလည်း ပြောတယ်။ တစ်ခါတစ်ခါမှာ ရယ်စရာတွေ ပြောတတ်ပေမဲ့ တစ်ခါတစ်ခါကျတော့လည်း လေးနက်တဲ့ ဒဿနတွေနဲ့ ပန်းချီသဘောတရားတွေကို ပြောတတ်ပါတယ်။

ပြီးရင် ထုံးစံအတိုင်း ဆိုင်တစ်ဆိုင်ဆိုင်ကို သွားကြပါတယ်။ ကိုမိုးဝေက လူချစ်လူခင်များတယ်။ များသောအားဖြင့် သူပါတဲ့ဝိုင်းတွေဟာ လူများတယ်။ စာရေးဆရာတွေရော၊ ပန်းချီဆရာတွေရော၊ စာပေဝါသနာရှင် သူ့မိတ်ဆွေတွေရောပေါ့။

မိမိက သူတို့နဲ့ အမြဲတမ်း လိုက်ပါလေ့ရှိပေမဲ့ ဘယ်တော့မှ ဝိုင်းပြီးအောင် မနေပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မိမိက အရက်မူးတဲ့ လူတွေကို ကြောက်တယ်။ ကနေ့အထိပါပဲ။

ဒါကြောင့် အရက်ဝိုင်း တစ်ဝက်လောက်ကျိုးလာပြီး ဝိုင်းထဲက

လူတွေ မူးစပြုလာရင် မိမိလစ်တာပဲ။ အထူးသဖြင့် ဝိုင်းထဲမှာ မူးရင် ရစ်တတ်တဲ့လူ၊ ရမ်းတတ်တဲ့လူပါရင် စောစောလစ်တာပဲ။

ကိုအောင်စိုးဟာ မမူးတဲ့အချိန်မှာ အင်မတန် ချစ်စရာကောင်းပေမဲ့ မူးရင် နည်းနည်းဆိုးတယ်လို့ မိမိကြားဖူးထားပါတယ်။ ဒါကြောင့် သူမူးတဲ့အထိ မိမိဘယ်တော့မှ မနေပါဘူး။ ဒါပေမဲ့ မိမိဟာ သူနဲ့ ဘယ်တော့မှ အဆက်အသွယ်မပြတ်ဘူး။

ရန်ကုန်စာပေလောကမှာ အနှစ်လေးဆယ်ကျော် ကျင်လည်ခဲ့တဲ့ အချိန်ကာလအတွင်းမှာ မိမိက အယ်ဒီတာလုပ်တဲ့ကာလ အတော်ကလေး များပါတယ်။ မိမိတာဝန်ခံ လုပ်ကိုင်ရတဲ့ မဂ္ဂဇင်းတိုင်းလောက်မှာလည်း ကိုအောင်စိုးရဲ့ လက်ရာတွေ ပါပါတယ်။

မိမိက သူ့ကို ဂရုတစိုက် အလေးထားပြီး ပုံအပ်သလို သူကလည်း အပြန်အလှန် လေးစားမှုနဲ့ ပုံဆွဲပေးတတ်ပါတယ်။ ပြီးတော့ မိမိရှိတဲ့ မဂ္ဂဇင်းတိုက်ကိုလည်း သူကိုယ်တိုင် ရောက်အောင်လာလေ့ရှိပါတယ်။

သူက ပန်းချီခ နည်းတာများတာကို ဘယ်တော့မှ မပြောပေမဲ့ သူ့ကို ပုံမအပ်ရင်တော့ မကျေမနပ် ပြောတတ်ပါတယ်။

"ဘယ်လိုလဲဗျ၊ ကိုနတ်နွယ်၊ ကျွန်တော့်ကို ပုံမအပ်တော့ဘူးလား၊ ကျွန်တော့်ကို အပ်စမ်းပါ၊ ကျွန်တော် ကောင်းကောင်းဆွဲ ပေးမယ်၊ ကျွန်တော်အခုတစ်လော ပုံဆွဲလို့ သိပ်ကောင်းနေတယ်၊ အခုတစ်လော ပုံဆွဲရတာ အားရှိတယ်ဗျ"

သူက ပန်းချီဆွဲဖို့ မွေးဖွားလာဟန် ရှိပါတယ်။ သူက ပန်းချီဆွဲရရင် ပျော်နေပုံရတယ်။ သူ့ရင်ထဲက ခံစားမှုကလေးတွေကို စုတ်ချက်နဲ့ ဖော်ထုတ်လိုက်ရရင် လွတ်လပ်သွားပုံရတယ်။

အံ့ဩစရာကောင်းတာကတော့ သူက ဘယ်လောက်ပဲ အရက်မူးမူး၊ ဘယ်လောက်ပဲ အသက်ကြီးလာလာ သူ့ပုံတွေက ပိုကောင်းလာတာပါပဲ။ ပြီးတော့ သူ့ပုံစံလည်း မပျက်ဘူးပေါ့။ ပန်းချီပုံစံလည်း မပျက်ဘူး။

လူပုံစံလည်း မပျက်ဘူး။

မိမိလုပ်တဲ့မဂ္ဂဇင်းမှာ သူနောက်ဆုံး သရုပ်ဖော်ပုံ ရေးဆွဲပေးခဲ့တာကတော့ ၁၉၈၈ ခုနှစ် ဩဂုတ်လထုတ် **နွယ်နီ** မဂ္ဂဇင်း အမှတ် (၁)မှာပဲပေါ့။ အဲဒီ **နွယ်နီ**က အခု **နွယ်နီ** မဟုတ်ဘူး။ ပထမ **နွယ်နီ**ပဲ ဆိုပါတော့။ စာပေမဂ္ဂဇင်း အမှတ် (၅)အထိ ထွက်ခဲ့တယ်။ ပြီးတော့ ခဏရပ်နားထားခဲ့ရတယ်။ ပြန်ထွက်တဲ့အခါကျတော့ အခု **နွယ်နီ** ပုံစံကို ပြောင်းလိုက်တယ်။

**နွယ်နီ** မဂ္ဂဇင်းအတွက် ကဗျာသရုပ်ဖော်ပုံတွေ အပ်ရမယ်ဆိုတော့ သူ့ကိုပဲ အရင်ဆုံး သတိရမိတယ်။ ဒါနဲ့ ကဗျာအယ်ဒီတာ အောင်ဝေးကို ပုံအပ်ဖို့ ကျောက်မြောင်းက သူ့အိမ်ကိုလွှတ်လိုက်တယ်။ အခုတစ်ခေါက် မအားလပ်၍ မိမိကိုယ်တိုင် မလာနိုင်ကြောင်း၊ နောက် မိမိကိုယ်တိုင် လာခဲ့မည်ဖြစ်ကြောင်း စာတိုကလေးတစ်စောင် ရေးပေးလိုက်ပါတယ်။

အောင်ဝေးပြန်လာတဲ့အခါကျတော့ သူ့ဆီက စာရှည်ကြီးတစ်စောင်ပါလာပါတယ်။ သူ့စာကို "စာရှည်ကြီး" လို့ ပြောလိုက်တာကတော့ အလွယ်ပြောလိုက်တာပဲ။ အမှန်တော့ ဘယ်လိုပြောရမလဲ မသိဘူး။ "ရောမစာကြီး" လို့ ပြောရမလား မသိဘူး။

သူ့စာကို လက်မ (၂၀)၊ လက်မ (၃၀)အရွယ်ရှိတဲ့ ပုံနှိပ်စက္ကူကြီးနဲ့ ရေးပေးလိုက်တာပဲ။ စားပွဲတစ်ကွက်စာလောက်ရှိတဲ့ စာရွက်ကြီးပေါ်မှာ ဟိုနားမှာတစ်ကွက်၊ ဒီနားမှာတစ်ကွက် လျှောက်ရေးထားတာပဲ။ ဟိုက္ကူကဗျာလေးတွေလား အောက်မေ့ရတယ်။ စာရွက်ကြီးကို ဟိုလှည့်ဒီလှည့်နဲ့ သူ့စာကို မနည်းပဲ ဆက်စပ်ဖတ်ရတယ်။

စာရဲ့ အဓိပ္ပာယ်ကတော့ ပုံအပ်တဲ့အတွက် ကျေးဇူးတင်ကြောင်း၊ ရက်ချိန်းပေးလိုက်ကြောင်း၊ ချိန်းတဲ့နေ့မှာ ဆက်ဆက်ပေးလိုက်မည် ဖြစ်ကြောင်း။ မိမိ မလာအားတဲ့အတွက် အရေးမကြီးကြောင်း၊ သူလာခဲ့မည်

ဖြစ်ကြောင်း။ ယခု သူနေမကောင်း၍ အပြင်မထွက်နိုင်သေးကြောင်းနဲ့ မိမိကို ကျန်းမာရေးဂရုစိုက်ဖို့ သတိပေးထားပါတယ်။

အဲဒီ "မဟာစာကြီး" ကို တစ်နေ့ကျရင် အသုံးဝင်မှာပဲဆိုပြီး မိမိ သေသေချာချာ သိမ်းထားပါတယ်။ ဒါပေမဲ့ အခုရှာတော့ အသိမ်းလွန်နေလို့ ရှာလို့ မတွေ့ပါဘူး။ ရှိတော့ ရှိပါတယ်။ တစ်နေ့ကျရင် ပန်းချီပြပွဲ တစ်ခုမှာတောင် တင်ပြနိုင်ပါတယ်။ အဲဒီစာထဲမှာ ပုံကလေးတွေလည်း သူရေးဆွဲထားပါတယ်။

သူနဲ့ လူချင်းနောက်ဆုံး တွေ့ရတာကတော့ အဲဒီစာထက်စာရင် နည်းနည်းနောက်ကျတယ်။ တိတိကျကျနဲ့ မှတ်မှတ်ရရပြောရရင်တော့ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့က ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်း လောကနတ်ခန်းမမှာ ကျင်းပတဲ့ စာနယ်ဇင်းသရုပ်ဖော် ပန်းချီဆရာ များရဲ့ ပန်းချီဆရာကြီးများ ကန်တော့ပွဲမှာပါပဲ။

မတွေ့ရတာကြာတဲ့ ပန်းချီဆရာကြီးများကို ဂါရဝပြုချင်တာနဲ့ အဲဒီကန်တော့ပွဲကို မိမိတမင်တကာ သွားခဲ့ပါတယ်။ အကန်တော့ခံ ပန်းချီဆရာကြီး (၁၀)ဦးအနက် မိမိနဲ့ရင်းနှီးတဲ့ ဆရာဦးအုန်းလွင်၊ ဦးဘ ရင်ကလေး၊ ဦးစိန်၊ ကိုအောင်စိုးနဲ့ ကိုသောင်းဟန်တို့ကို တစ်ယောက်ချင်း တွေ့ပြီး စကားပြောခဲ့ပါတယ်။

အဲဒီအကြောင်းကို ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလထုတ် ချယ်ရီမဂ္ဂဇင်း "တောအကြောင်း တောင်အကြောင်း" ကဏ္ဍမှာ "လောကနတ်၊ မိုးကောင်း ဘုရား၊ မြို့တော်ခန်းမ" ဆိုတဲ့ ခေါင်းစဉ်နဲ့ မိမိ ဆောင်းပါးရေးခဲ့ပါတယ်။

အဲဒီဆောင်းပါးမှာ ကိုအောင်စိုးနဲ့ ပတ်သက်ပြီး မိမိရေးထားတာ ကို ပြန်လည်ဖော်ပြလိုက်ပါတယ်။

> ဆရာ ဦးအုန်းလွင်၏ ကျန်းမာရေးအခြေအနေ အတော်ကလေး ချို့တဲ့နေသည်ကို တွေ့ရသည်။ ကိုအောင်စိုးမှာမူ မုတ်ဆိတ်မွေး တွေနှင့် နှုတ်ခမ်းမွေးတွေနှင့်ဖြစ်သဖြင့် နိုင်ငံခြား ပန်းချီဆရာကြီး

တစ်ဦးဟု ထင်ရသည်။ သို့မဟုတ် ဂုရုကြီးနှင့် တူသည်ဟုလည်း အောက်မေ့ရသည်။ ကိုအောင်စိုးက မိမိကို တွေ့သောအခါ

"ခင်ဗျားရေးတဲ့ စာတွေကို ဖတ်ရတယ်၊ တောအကြောင်း တောင်အကြောင်း၊ အဲဒီအထဲမှာ ကျွန်တော်တို့ ပန်းချီဆရာတွေအကြောင်း မပါ သေးဘူး။ နောင် ရေးစမ်းပါဦး"

"မပူပါနဲ့ 'မိမိနဲ့ ပန်းချီဆရာများ' ကို ရေးချင်နေတာ လက်ကို ယားနေပြီ၊ အဲဒီအခါကျမှ ဟုတ်တာတွေရေးလို့ စိတ်မဆိုးနဲ့နော်"

"မိမိနှင့် ပန်းချီဆရာများ" ကို ၁၉၉၃ ခု၊ ဇူလိုင်လထုတ် **ရွှေဝတ်မှုန်** မှာစပြီး ရေးခဲ့ပါတယ်။ အခုလမှာ သူမဖတ်ရတော့ပါ။ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၆)ရက်နေ့က သူ ကွယ်လွန်ခဲ့ပါပြီ။

တကယ်လို့ ဒီစာကို သူဖတ်ရရင်လည်း စိတ်ဆိုးမည်မဟုတ်ကြောင်း၊ တစ်စုံတစ်ခု အမှားအယွင်းပါခဲ့ရင်လည်း ခွင့်လွှတ်မှာဖြစ်ကြောင်း မိမိယုံကြည် စိတ်ချမိပါတယ်။

❒

## လှစိုးလေး၊ ပေါ်ထွန်း၊ မြမောင်၊ ပန်းချီမောင်ငွေထွန်း၊ ဘလွင်

၁၉၅၃ မှ ၁၉၅၅ အတွင်း စုံထောက်မဂ္ဂဇင်းတွင် မိမိရှိနေစဉ် အယ်ဒီတာ အလုပ်ကို သင်ကြားနေစဉ်အတွင်း ရင်းနှီးခင်မင်ခဲ့ရတဲ့ ပန်းချီဆရာများတွင် လှစိုးလေး၊ မောင်ငွေထွန်း၊ ဘလွင်၊ ပေါ်ထွန်း၊ မြမောင်တို့ ပါဝင်ပါတယ်။ သူတို့တစ်တွေဟာ စုံထောက်မဂ္ဂဇင်းမှာ အများဆုံးရေးဆွဲပြီး မဂ္ဂဇင်းတိုက်ကိုလည်း နေ့စဉ်လောက် လာနေကြသူများဖြစ်လို့ အယ်ဒီတာအဖွဲ့နဲ့ ပြောမနာဆိုမနာ ရင်းနှီးကြသူများ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ဟာ လက်ဖက်ရည်ဝိုင်းမှာသာ ထိုင်ကြပြီး ယမကာဝိုင်းကိုတော့ လိုက်ပါမလာကြပါဘူး။ အခုတော့ သူတို့တစ်တွေဟာ ပန်းချီလောကမှာ မရှိကြတော့ ရုံမျှသာမက လူ့လောကကြီးကလည်း ထွက်ခွာသွားကြပါပြီ။ မဂ္ဂဇင်းအဟောင်းတွေကို ပြန်ကြည့်တဲ့အခါမှာ အတိတ်ကိုပြန်လည် စဉ်းစားမိတဲ့အခါများမှာ သူတို့ကို သတိရရပါတယ်။

**လှစိုးလေး**

မိမိ မန္တလေးမှာ ရှိတုန်းက အောင်စိုးနဲ့ လှစိုးလေးကို တစ်ယောက်တည်းလို့တောင် ထင်မိပါတယ်။ နှစ်ယောက်စလုံးဟာ အလှနှင့် သဘာဝများ မဟုတ်ကြဘဲ စိတ်အာရုံသရုပ်ဖော်သမားတွေ ဖြစ်လို့ပါပဲ။ သူတို့ရဲ့

စိတ်အာရုံမှာ ထင်မြင်ခံစားမိရတာတွေကို ဖော်ပြထားကြပါကြပါတယ်။ ပုံတွေက နုမနေဘဲ ကြမ်းနေပါတယ်။

လူချင်းတွေ့တဲ့အခါမှာ ကိုလှစိုးလေးဟာ အင်မတန် ချစ်စရာကောင်းပါတယ်။ စကားလည်း အင်မတန်ပြောတယ်။ စကားပြောလည်း အင်မတန် ကောင်းပါတယ်။ တစ်နေ့တစ်နေ့မှာ သူတွေ့လာတဲ့အကြောင်းတွေကို စီကာပတ်ကုံး ပြောတတ်ပါတယ်။

သူ့ရဲ့ ပန်းချီကားတွေကို မိမိမြင်ရတာ ဆေးရောင်စုံလွင်ပြင်ကြီးတစ်ခုကို မြင်ရသလိုပါပဲ။ ဟိုနားမှာ အနီရောင် လွင်ပြင်တစ်ကွက်၊ ဒီနားမှာ အဝါရောင် လွင်ပြင်တစ်ခု။ အဝေးတစ်နေရာမှာ အနက်ရောင် လွင်ပြင် ရှည်မျောမျော။

သူ့ရဲ့ ပန်းချီကားက ပြာနေတယ်။ ဒါပေမဲ့ အဲဒီပြာနေတဲ့လွင်ပြင်ကြီးတွေက အလိုလို ကွဲတက်နေကြပြန်တယ်။ သူက အနက်ပြင်ကြီးတွေကို သုံးတဲ့နေရာမှာ ရက်ရောတယ်။ ရဲတယ်။

သူ ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်သွားတာ နှမြောစရာပါပဲ။

## ပေါ်ထွန်း

သူ့နာမည်က ပေါ်ထွန်းပါ။ စာရေးဆရာ မောင်ပေါ်ထွန်း မဟုတ်ပါဘူး။ ပန်းချီဆရာ ပေါ်ထွန်းပါ။ သူက ရုံးမှာလည်းလုပ်တယ်။ သူက အရပ်ထောင်ထောင်မောင်းမောင်း၊ အသားဖြူဖြူ၊ မျက်နှာက လေးထောင့်ကျကျ၊ သဘောကောင်းတယ်။

အံ့ဩစရာကောင်းတာကတော့ သူ့လက်ရာတွေဟာ ဆရာဦးအုန်းလွင်တို့လို၊ ဆရာဦးစန်းလွင်တို့လိုလည်း သဘာဝကျပြီး ကောင်းတယ်။ ကိုအောင်စိုးတို့၊ ကိုလှစိုးလေးတို့လိုလည်း ခေတ်သစ်ဆန်တယ်။ ရိုးရာနဲ့ ခေတ်သစ် တွဲနေတဲ့သဘောပဲ။ အကျိုးဆက်ကတော့ သူ့ပန်းချီတွေက အားရှိတယ်။ ပေါ်လွင်တယ်။

မိမိတို့နဲ့ သွားအတူ လာအတူပဲ။

သူလည်း ပန်းချီလောကမှာ သိပ်မကြာလိုက်ဘူး။ အခုသူတို့တစ်တွေဟာ ပန်းချီလောကမှာ မရှိကြတော့သလို လူ့လောကကြီးကလည်း ထွက်ခွာသွားကြပြီး စာရင်းမှာ ကိုပေါ်ထွန်းကို ထည့်လိုက်ပြီး တစ်နှစ်ခန့်အကြာမှာ နွယ်နီမဂ္ဂဇင်းတိုက်ကို သူရောက်လာပါတယ်။ "ကျုပ်မသေသေးပါဘူးဗျ၊ နယ်ရောက်နေတာပါ" ဟု ရယ်ရယ်မောမော ပြောပါတယ်။ မိမိအားနာလို့ တောင်းပန်လိုက်ရတာ။

## မြမောင်

သူကတော့ စုံထောက်မဂ္ဂဇင်းနဲ့ ခေတ်ပြိုင်စာပေတိုက်ရဲ့ ပင်တိုင်ပန်းချီဆရာလို့တောင် ပြောနိုင်တယ်။ သူက တိုက်မှာ အနေများတယ်။ သူ့ကို လူချစ်လူခင်များကြတယ်။ သူက ရိုးတယ်။ အေးတယ်။ လူက အေးသလို သူ့ပန်းချီတွေကလည်း အေးတယ်။ သူ့ပုံတွေက အနောက်ဆန်နေတယ်။ အထူးသဖြင့် လူပုံတွေက မြန်မာနဲ့ မတူကြဘူး။

အမှန်အတိုင်း ပြောရရင်တော့ သူ့ရဲ့လက်ရာကို ခင်တာထက် သဘောကောင်းတဲ့ သူ့ကို ပိုပြီးခင်ရပါတယ်။

## ပန်းချီမောင်ငွေထွန်း

မောင်ငွေထွန်းရဲ့ လက်ရာတွေကို **ရှုမဝ** မှာ အရင်တွေ့ပြီး သဘောကျခဲ့ရပါတယ်။ တစ်နေ့မှာ သူတစ်ယောက်တည်း စုံထောက်ကို ရောက်လာပြီး သူ့ဟာသူ မိတ်ဆက်ပါတယ်။ သူ့ကို ပုံအပ်ဖို့ ပြောပါတယ်။ မိမိတို့က ဝမ်းသာအားရပဲ ပုံအပ်လိုက်ပါတယ်။

မောင်ငွေထွန်းဟာ လူငယ်တစ်ယောက်ဖြစ်ပြီး အမူအရာ ယဉ်ကျေးသိမ်မွေ့တယ်။ စကားပြော တိုးညင်းတယ်။ ဒါပေမဲ့ ပညာမာနကြီးတယ်။ သူ့ရဲ့ပုံနဲ့ ပတ်သက်ပြီး ပြင်စရာရှိရင် အကြိတ်အနယ် ပြောရတယ်။ သူ

သဘောတူပြီဆိုလျှင်လည်း တိုက်မှာပဲ တစ်ထိုင်တည်း ပြင်ပေးသွားတယ်။ တစ်ခါတစ်ခါမှာ ကဗျာသရုပ်ဖော်ပုံတွေကို တိုက်မှာပင် ရေးဆွဲပေးသွားတတ်တယ်။

မိမိတို့ရဲ့ ပုံတူပုံကြမ်းတွေကိုလည်း ရေးဆွဲပေးတယ်။ မိုးဝေရယ်၊ တင့်ဆန်းရယ်၊ မိမိရယ်ပေါ့။ သူရေးဆွဲတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ကွမ်းအစ်ကြီးနဲ့ပုံတူက အထင်ကရ မဟုတ်လား။

ဒီမှာ စကားစပ်မိလို့ ပြောရရင် မိမိရဲ့ ပုံတူပုံကြမ်းတွေကို မောင်ငွေထွန်းအပြင် ကိုအောင်စိုး၊ ကိုဘလွင်၊ ကိုပေါ်ဦးသက်၊ ကိုစံတိုးတို့က လည်း ရေးဆွဲပေးခဲ့ကြပါတယ်။ အဲဒါတွေကို မိမိသေသေချာချာ သိမ်းထားပါတယ်။ ဒါပေမဲ့ ဘယ်နေရာမှာ အသိမ်းလွန်နေသလဲ မသိဘူး။ အခု ပြန်ရှာတဲ့နေရာမှာ မတွေ့လို့ မဖော်ပြရဘူး။

ဘလွင်

သူက မိမိထက် အသက်ကြီးပါတယ်။ မိမိက သူ့ကို ကိုဘလွင်လို့ပဲ ခေါ်ပါတယ်။

သူ့ပုံတွေ စုံထောက်မှာ အတော်များများ ပါပါတယ်။ ဘာဖြစ်လို့ လဲဆိုတော့ သူက မြန်မြန်ဆွဲ ပေးလို့ပါပဲ။

အဲဒီတုန်းက သူက ရွှေ့ပြင်ရယ်ရုပ်ရှင်ရုံမှာ ပိုစတာဆွဲပါတယ်။ ညနေ (၃)နာရီလောက်ဆိုရင် သူက စုံထောက်ကို ရောက်လာပါတယ်။ သူလည်း ပဲ စကားပြောကောင်းသူ တစ်ယောက်ဖြစ်ပါတယ်။ အထူးသဖြင့် ရယ်စရာ တွေ ပြောတတ်တယ်။ အင်မတန် သဘောကောင်းတယ်။ သူ့ကို စလို့ နောက်လို့လည်းပဲ စိတ်မဆိုးတတ်ဘူး။

တစ်ခါက သူ့ကို ကဗျာသရုပ်ဖော်ပုံ တစ်ပုံအပ်လိုက်တယ်။

ဗေဒါအကြောင်းပဲ။

သူဆွဲလာတဲ့ပုံက ဗေဒါနဲ့ မတူဘူး။

ကိုတင့်ဆန်းက –

"ခင်ဗျားဟာက နိုကိုဥကြီးပဲ"

ထိုအခါ သူက ရယ်မောပြီး –

"ဟုတ်လား၊ ကျွန်တော် ဗေဒါမမြင်ဖူးဘူး"

ဒါပေမဲ့ ဗေဒါမမြင်ဖူးတာကလွဲလို့ သူရဲ့ပုံတွေက မြန်မာဆန်ပါတယ်။ ဂန္ဓဝင် ဆန်ပါတယ်။

သူက ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို အင်မတန် လေးစားတယ်။

ဆရာကြီးရဲ့ ရာပနမှာ မိမိတို့အခမ်းအနားပြင်ဆင်ရေး လုပ်နေတဲ့ အချိန်မှာ ဆရာဇော်ဂျီက ဆရာကြီးရဲ့ စာပေကောက်နုတ်ချက်တွေကို ရေးပြီး မဏ္ဍပ်ထဲမှာ ချိတ်ဖို့ပြောတယ်။

မိမိတို့က ကတ်ဘုတ်တွေပေါ်မှာ ရေးဖို့ စိတ်ကူးမိကြတယ်။

သူက –

"စက္ကူပေါ်မှာ မရေးနဲ့၊ တိုင်တွေမှာချိတ်လို့ မကောင်းဘူး၊ ကျွန်တော့်ဆီမှာ သုံးထပ်သားတွေရှိတယ်၊ အချပ် (၅၀)လောက် ရှိတယ်၊ အားလုံး အောက်ခံအရောင်တွေ သုတ်ထားတယ်၊ အပြာရောင်တွေပဲ၊ အဲဒါ ကျွန်တော် ယူလာမယ်"

သူက အဲဒီသုံးထပ်သားတွေကို အလုံမှာရှိတဲ့ သူ့အိမ်ကနေပြီး သူ့စရိတ်နဲ့သူ စမ်းချောင်း ပဒုမ္မာကွင်းကို ယူလာပေးပါတယ်။ ပြီးတော့ သူကိုယ်တိုင်လည်း ဆရာကြီးရဲ့ စာပေကောက်နုတ်ချက်တွေကို သုံးထပ်သားတွေပေါ်မှာ အခြားပန်းချီဆရာများနဲ့အတူ ဝိုင်းကူပြီး ရေးပေးပါတယ်။ အဲဒီညက တစ်ညလုံးရေးလိုက်ကြတာ မနက်မိုးလင်းမှပဲ ပြီးပါတယ်။

သူက –

"ကိုယ်တိုင်ရေးရတော့မှ ဆရာကြီးရဲ့ စာတွေကောင်းမှန်း တကယ် သိရတော့တယ်"

အပြာရောင် သုံးထပ်သားပေါ်မှာ သူ့ရဲ့လက်ရေးနက်နက်များက သွက်လက်လှပါတော့တယ်။

အခုတော့လည်း ငြိမ်းချမ်းတဲ့ အပြာရောင်ကမ္ဘာကြီးထဲကို ရောက်နေပါပြီ။

သူ့ကို နောက်ဆုံး တွေ့လိုက်ရတဲ့အချိန်က သူ့ခေါင်းက ဆံပင်တွေက ဖွေးလို့။

မိမိက –

"ခင်ဗျား တစ်ခေါင်းလုံး ဖြူနေပြီ"

"အင်းလေ၊ စိတ်ထားဖြူစင်တော့ ဆံပင်တွေကလည်း ဖြူတာပေါ့ဗျာ"

ကိုဘလွင်တစ်ယောက် အပြာရောင်ကမ္ဘာထဲမှာ ထာဝစဉ် ဖြူစင်ပါစေ။

**(ရွှေဝတ်မှုန်၊ ဇူလိုင် ၁၉၉၃ မှ ဇန်နဝါရီ ၁၉၉၄)**

❐

# နုတ်နွယ်

## မိမိနှင့်စာပေလှိုင်းဂယက်များ

(တောအကြောင်း၊ တောင်အကြောင်း-၂)